www.burmeseclassic.com

# The Second Sex

by Simone de Beauvoir

# မိန်းမတို့အကြောင်း

## မြသန်းတင့်

ဒုတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၂၂ / ၂၀၀၁ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၁ / ၂၀၀၂ (၄)

❖

**ဒီဇိုင်းသူ**
ကိုမြင့်ထွန်း

❖

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ် - (၂၀၀၂၊ ဇူလိုင်)
အုပ်ရေ - (၁၀၀၀)

❖

မျက်နှာဖုံးပန်းချီ - ဇော်မောင်
ကာလာခွဲ - Alpha
ကွန်ပျူတာစာစီ - Quality
အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲအောင်စာပေတိုက်) (၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၁၈၀၀ ကျပ်

BURMESE CLASSIC .com

## မြန်မာပြန်သူ၏ အမှာ

ကျောင်းသားတုန်းက ဆီမွန်ဒီဗူးဗွား၏ဝတ္ထုတိုကလေးများကို နည်းနည်းပါးပါးဖတ်ခဲ့ဖူးသည်။ ဝတ္ထုတိုဆိုသော်လည်း သိပ်တော့မတိုလှ၊ ဝတ္ထုလတ်ဟုခေါ်ရမည်ထင်သည်။ တစ်ပုဒ်က 'အဖျက်ဆီးခံရသည့်မိန်းမ' ဆိုသည့်ဝတ္ထု၊ နေ့စဉ်မှတ်တမ်းပုံစံဖြင့် ရေးထားသဖြင့်ဖတ်ရလွယ်သည်။ အရေးအသားက ဆန်းသစ်သည်။ အတွေးအခေါ်ကလည်း ထူးခြားသည်။ ဒီဗူးဗွားသည် မိန်းမတို့၏အတွင်းစိတ်ကို ရေးရာတွင်တော်တော်အသေးစိတ်သည်။ ဖတ်တုန်းက အမှတ်မဲ့ဖတ်လိုက်မိသော်လည်း ဖတ်ရင်း သူ့ဝတ္ထုကိုစွဲသွားသည်။ ထိုအထဲမှာပင် ဝတ္ထုလတ်သုံးပုဒ်ပါသဖြင့် ဆက်တိုက်ဖတ်ဖြစ်သွားသည်။ နောက်တစ်ပုဒ်မှာ 'ရင့်မှည့်ချိန်' ဆိုသည့် ဝတ္ထုဖြစ်ပြီး နောက်တစ်ပုဒ်မှာ 'တစ်ကိုယ်တော်စကားပြောခန်း' ဆိုသည့်ဝတ္ထုဖြစ်သည်။

'ဖျက်ဆီးခံရသောမိန်းမ'မှာ ချစ်သူခင်သူတို့က လျစ်လျူပြုခံထားရသော မိန်းမတစ်ယောက်အကြောင်းဖြစ်ပြီး၊ 'ရင့်မှည့်ချိန်'မှာ ဇရာဘက်သို့ ချဉ်းလာသော မိန်းမတစ်ယောက်၏ ခံစားချက်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ 'တစ်ကိုယ်တော် စကားပြောခန်း'မှာလည်း အထီးကျန်နိုင်လှသော မိန်းမတစ်ယောက်၏ ဘဝကို ရေးခြယ်ပြထားခြင်း ဖြစ်သည်။

ဝတ္ထုသုံးပုဒ်စလုံးမှာ မိန်းမတို့၏စရိုက်ကို အသေးစိတ်ဖွဲ့ထားသည်။

ကျွန်တော်သည် ဒီဗူးဗွား၏ဝတ္ထုလတ်သုံးပုဒ်ကို စွဲလမ်းသွားပြီးနောက် သူ့စာအုပ်များကို စွဲစွဲမြဲမြဲဖတ်ဖြစ်သွားသည်။ 'အတူနေရန် သူမလာသည်' ဆိုသည့် ဝတ္ထုထဲက သူ့ချစ်သူကို လုယူသွားသော ဇေဗီယဲးကို လက်



www.burmeseclassic.com

www.burmeseclassic.com



စားချေသည့် ဖရန်ဆွာ၏အချစ်ဆိပ်သည် အနံ့အသက်ကိုရှူလိုက်ရရုံဖြင့် မူးမေ့သွားလောက်အောင် ပြင်းထန်သည်။ ဖရန်ဆွာသည် သူ့ချစ်သူကိုလုယူသွားသော ဇေဗီယေးကို ကလဲ့စားချေသွားခဲ့သည်။ ထိုဝတ္ထုမှာ သူနှင့် ဒဿနဆရာ ယန်းပေါလ်ဆာ့တ်တို့နှစ်ယောက်၏ဆက်ဆံရေးကို ကမောက်ကမ ဖြစ်သွားအောင်လုပ်ခဲ့သည့် မိန်းမတစ်ယောက်ကို ကလဲ့စားချေသည့်အနေဖြင့် ရေးခြင်းဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က ဆိုကြသည်။ 'မန်ဒရင်း' မှာ စစ်ပြီး ခေတ်ပါရီရှိ စာပေ၊ နိုင်ငံရေးနှင့် ပညာတတ်အသိုင်းအဝိုင်းကို နောက်ခံပြုရေးထားသည်။ ဝတ္ထုရှေ့တွင် ဤဝတ္ထုထဲမှဇာတ်ကောင်များသည် မည်သူ့ကိုမျှရည်ရွယ်ရေးသားခြင်းမဟုတ်ပါ၊ တူညီချက်တစ်စုံတစ်ရာရှိလျှင် တိုက်ဆိုင်မှု သာဖြစ်ပါသည်' ဟု ရေးကတည်းက တစ်စုံတစ်ယောက်ကို ရည်ရွယ်မှန်း သိသာနေသည်။ ဇာတ်ဆောင်နှစ်ဦးမှာ ထိုစဉ်က သက်ရှိထင်ရှားရှိသော ပုဂ္ဂိုလ်နှစ်ဦးကို ရည်ရွယ်ရေးထားခြင်း ဖြစ်သည်ဟု ပါရီစာပေ အသိုင်းအဝိုင်းက ဆိုကြသည်။

သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကျမ်းများကား ဖတ်၍ အကောင်းဆုံးပင်။ ယင်းတို့မှာ 'တာဝန်ကျေသော သမီးတစ်ယောက်၏ မှတ်တမ်း'၊ 'ဘဝစန်းပွင့်ချိန်' နှင့် 'ပတ်ဝန်းကျင်၏ တွန်းအား' ဆိုသည့် စာအုပ်များဖြစ်သည်။

ဒီဗူဗွားသည် ၁၉၀၈ ခုနှစ်တွင် ပါရီ၌ မွေးဖွားခဲ့သည်။ (သူမွေးသည့်နေရာမှာ ပါရီမြို့ အနုပညာရပ်ကွက်ရှိ အနုပညာရှင်တို့စုဝေးရာ 'ရိုတွန်းကဖေး' အပေါ်ထပ် အခန်းတစ်ခန်းတွင်ဖြစ်သည်။) သူ့အဖေက အယူသည်းသည့် ဗရင်ဂျီဘာသာဝင် ရှေ့နေတစ်ဦးဖြစ်သည်။ ထို့နောက် နာမည်ကျော်ဆိုရဘွန်းတက္ကသိုလ်သို့တက်ရောက်ပြီး ထူးဆန်းသည့် ဘာသာတွဲနှစ်ခုကိုယူခဲ့သည်။ ယင်းမှာ အနုပညာစာပေနှင့် သင်္ချာဖြစ်သည်။ သို့ရာတွင် ၁၉၂၉ ခုနှစ် ဘွဲ့ရသည့်အခါတွင်ဒဿနိကဗေဒဖြင့်ဘွဲ့ရခဲ့သည်။ ထိုစဉ်က ဒဿနဆရာယန်းပေါလ်ဆာ့တ်က ပထမရပြီး သူက ဒုတိယရခဲ့သည်။ သူတို့နှစ်ယောက်သည် နောင်တွင် ခိုင်မြဲသည့်မိတ်ဆွေများ ဖြစ်လာခဲ့ကြသည်။ ဒုတိယ ကမ္ဘာစစ်ပြီးသည့်အခါတွင် သူတို့နှစ်ဦးသည် ဒဿနလှုပ်ရှားမှုတစ်ခုဖြစ်သော ဖြစ်တည်မှုပဓာနဝါဒကို ဦးဆောင်ခဲ့သူများအဖြစ် ထင်ရှားလာခဲ့ကြသည်။

*

ယခု ဒီဗူးဗွား ရေးသည့် 'ဒုတိယအမျိုးအစား' ဆိုသောစာအုပ်ကိုကား တော်တော်နောက်ကျမှ ဖတ်ရခြင်းဖြစ်သည်။ မိန်းမတွေအကြောင်းကို ရေးထားသဖြင့် သာမန်မိန်းမစိတ်ကျမ်းတစ်စောင်ဖြစ်မှာပဲဟု ထင်လိုက်သည်။ ကြိုးစား၍ ဖတ်ကြည့်လိုက်သည့်အခါတွင် ဒီဗူးဗွား၏ အရေးအသားက ကျွန်





တော့်ကို ဆွဲခေါ်သွားသည်။ မိန်းမများ၏ အတွင်းစိတ်ကိုရေးရာတွင် ဤမျှအတွင်းကျသောစာအုပ်မျိုးကို ကျွန်တော် တစ်ခါမျှမဖတ်ဖူးသေး။ သူ့စာအုပ်သည် မိန်းမတို့၏ လျှို့ဝှက်ချက်မှန်သမျှကို ဖွင့်ပြသွားသကဲ့သို့ရှိသည်။ အိမ်တွင် အစ်ကိုများ မောင်များ၏ အနိုင်ခံရသော မိန်းကလေး၊ စိတ်ကူးတိမ်တိုက်တွေကိုစီးကာ အိပ်မက်တိုင်းပြည်သို့သွားနေသော အပျိုဖော်ဝင်စ၊ လောကအကြောင်းကို အနည်းနှင့်အများနားလည်စပြုလာသောအပျိုစင်၊အချစ်ဖြင့် ရွှန်းလဲ့ ဝင်းပနေသောချစ်သူ၊ လွတ်လွတ်လပ်လပ်နေချင်သောမိန်းမ။ ယောကျ်ားလျာ၊ ပြည့်တန်ဆာမ၊ အိမ်ထောင်သည်ရှင်၊ မြေးတို့၏အဘွား စသည်ဖြင့် မွေးလာသည်မှသေသည်အထိ၊ နုနယ်ပျိုမျစ်ရွယ်မှ ဆံဖြူသွားကြေ ရွယ်အထိ မိန်းမတို့၏အတွင်းစိတ်ကို စေ့စပ်စွာ ရေးပြသွားသည်။

ယခု ဆောင်းပါးများမှာ 'မြွားနတ်မောင်' မဂ္ဂဇင်းတွင် လစဉ် ဖော်ပြခဲ့သော ဆောင်းပါးများ ဖြစ်သည်။ ဆောင်းပါးများကို လစဉ်ဖော်ပြပေးခဲ့သည့် မြွားနတ်မောင် မဂ္ဂဇင်းကို ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

မြသန်းတင့်

၁၅ – ၅ – ၁၉၉၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမနဲ့ အချစ်

အချစ်ဆိုတဲ့ စကားလုံးကို နားလည်ကြရာမှာ မိန်းမနဲ့ ယောက်ျား မတူကြဘူး။ ဒါဟာ မိန်းမနဲ့ ယောက်ျားကြားမှာ တစ်ဦးနဲ့တစ်ဦး နားမလည်မှုကို ဖြစ်စေတဲ့ အကြောင်းရင်းတစ်ခုပါ။ ကဗျာဆရာဘိုင်ရွန်က

'ယောက်ျားအချစ်၊ ဖွင့်လှစ်ပြဆို၊ အပိုမရ၊ သူ့ဘဝ၏၊ တစ်စ တစ်ပိုင်း၊ ဆစ်အပိုင်းတည့်။ မိန်းမအချစ်၊ သူ့အဖြစ်ကား၊ ဘဝလုံးစုံ၊ အားလုံး ခြုံ၍' လို့ ဆိုဖူးပါတယ်။ သဘောကတော့ ယောက်ျားရဲ့အချစ်ဟာ သူ့ဘဝရဲ့ အစိတ်အပိုင်းမျှသာတဲ့။ မိန်းမရဲ့အချစ်ကတော့ သူ့ဘဝတစ်ခုလုံးပဲတဲ့။

ဒါနဲ့ပတ်သက်လို့ ဂျာမန်ဒဿနဆရာ နစ်ရှေးကလည်း အလားတူ သဘောမျိုး ပြောခဲ့ဖူးပါသည်။

'အချစ်ဆိုသော စကားလုံးတစ်လုံးသည် မိန်းမနှင့်ယောက်ျားတို့အဖို့ အနက်အဓိပ္ပာယ်တစ်မျိုးစီ ဆောင်လျက်ရှိ၏။ မိန်းမက နားလည်သော အချစ်၏ အဓိပ္ပာယ်သည် ရှင်း၏။ မိန်းမအဖို့ အချစ်ဆိုသော အရာသည် ဦးထိပ်ထား ခြင်းဖြစ်ရုံမျှမက ကိုယ်ခန္ဓာကိုရော ဝိညာဉ်ကိုပါ ဘာကိုမျှ ဂရုမထား၊ ခြွင်းချက် မရှိ၊ ယုံမှတ် ပုံအပ်ထားခြင်းဖြစ်၏။ သို့ဖြင့် မိန်းမ၏ ခြွင်းချက်မထားသော အချစ်သည် မိန်းမ၏ကိုးကွယ်ယုံကြည်မှု ဖြစ်လာခဲ့၏ ကိုးကွယ်ယုံကြည်မှု ဆို၍ မိန်းမတွင် ထိုတစ်ခုသာရှိ၏။ ယောက်ျားတစ်ယောက်အဖို့မူ မိန်းမတစ် ယောက်ကို ချစ်ပြီဆိုသည်နှင့် သူလိုချင်သောအရာမှာ မိန်းမ၏အချစ်ဖြစ်၏။ ယောက်ျားတို့အဖို့မူ မိန်းမထံမှ အချစ်ကို တောင်းဆိုသော်လည်း ထိုအချစ်မျိုး ကိုမူ မိန်းမအားမပေးလိုပေ၊ မိန်းမချစ်သော အချစ်စိတ်နောက်သို့ ကောက်

www.burmeseclassic.com



ကောက်ပါအောင် လိုက်သွားသော ယောကျ်ားများရှိခဲ့သည်ဆိုလျှင် ထိုသူသည် ယောကျ်ားမဟုတ်တော့ဟုပင် ဆိုရချေတော့မည်။'

ယောကျ်ားတွေရဲ့ ဘဝတစ်ချိန်ချိန်မှာ အမူးအရူး ချစ်ခဲ့တာတွေ ရှိကောင်းရှိနိုင်တယ်။ ဒါပေမယ့် နှစ်နှစ်ကာကာချစ်တဲ့ အချစ်ကြီးသူရယ်လို့တော့ ယောကျ်ားတွေထဲမှာ တော်တော်ရှားမယ်ထင်ပါတယ်။ အလွန် အရူးအမူး ဖြစ်နေတဲ့အချိန်မှာတောင် သူတို့ဟာ လုံးလုံးလျားလျား အလျှော့ပေးချစ်တာမျိုး မရှိပါဘူး။ သူတို့ဟာ ချစ်သူ့တစ်ယောက်ရှေ့မှာ ဒူးထောက်ချင်ထောက်မယ်၊ ကိုယ်ချစ်သူကို ပိုင်ဆိုင်စိတ်တွေပြင်းထန်ကောင်း ပြင်းထန်မယ်၊ ဒါပေမယ့် သူတို့စိတ်ထဲမှာတော့ သူတို့ကိုယ်သူတို့ဘုရင်တွေလို့ ထင်နေကြဆဲပါ။ သူတို့ ချစ်လှချေရဲ့ဆိုတဲ့ ချစ်သူဟာ အခြားသော အဖိုးတန် အရာတွေထဲက တစ်ခုသာ ဖြစ်နေပါတယ်။ သူတို့ဟာ ချစ်သူတွေကို သူတို့ ဘဝထဲကို ပေါင်းစည်းပေမယ့် မိန်းမတစ်ယောက်အတွက်၊ ချစ်သူတစ်ယောက်အတွက် ဘဝကိုတော့ အပျက်မခံကြပါဘူး။ မိန်းမသားကတော့ ဒီလိုမဟုတ်ဘူးလေ။ မိန်းမချစ်လာပြီဆိုရင် အရှင်သခင်အတွက် အရာရာကို စွန့်လွှတ်ပစ်တော့တာပဲ။ ချစ်မိတဲ့ မိန်းမတစ်ယောက်ဟာ သူ့ရဲ့အတ္တကို စွန့်လွှတ်ပစ်လိုက်ရမယ်၊ ဒါဟာ သဘာဝနိယာမတရားတဲ့၊ မိန်းမဟာ သခင်မရှိရင် မတည်ရှိနိုင်ဘူးတဲ့၊ သခင်မရှိရင် သူဟာပြန့်ကျဲနေတဲ့ ပန်းကုံးတစ်ကုံးနဲ့ တူတယ်တဲ့။

အမှန်ကတော့ ဒါဟာ သဘာဝတရားနဲ့ ဘာမှမဆိုင်ဘူးလို့ ထင်ပါတယ်။ အချစ်နဲ့ပတ်သက်လို့ မိန်းမနဲ့ ယောကျ်ား အမြင်တစ်မျိုးစီကွဲပြားခြားနားနေကြတာဟာ မိန်းမနဲ့ယောကျ်ား အခြေအနေချင်းမတူ ကွဲပြားခြားနားနေကြလို့ပဲလို့ ထင်ပါတယ်။ ယောကျ်ားဆိုတဲ့သတ္တဝါဟာ အစဉ်အလာအရ အမိုအခိုကင်းတယ်၊ လွတ်လပ်တယ်။ ဒီအထဲမှာ ယောကျ်ားတံခွန်ကို လွှင့်ထူနိုင်ပြီး လူ့ရည်ချွန်က မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲတမ်းဆိုတဲ့ စာဆိုတွေရှိခဲ့တယ်။ ဒါကြောင့် ယောကျ်ားဟာ ကမ္ဘာလောကကြီးကို လွှမ်းမိုးဖို့ ကြိုးစားတယ်၊ ယောကျ်ားဟာ မျှော်မှန်းချက် ကြီးမားတယ်၊ အဲဒီမျှော်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားတယ်။ မိန်းမသားကျတော့ အားနည်းသူဖြစ်ခဲ့ရလေတော့ ဒီမျှော်မှန်းချက်တွေကို အကောင်အထည်ပေါ်အောင် ကြိုးစားခြင်း မပြုနိုင်ပေဘူးပေါ့။ မိန်းမသားဟာ ငယ်စဉ်ကတည်းက မိဘမောင်ဖွားတွေနဲ့ပိတ်လှောင်နေခဲ့တယ်။ ငယ်စဉ်ကတည်းက ယောကျ်ားထက်တစ်ပန်းရှုံးခဲ့တယ်။ ယောကျ်ားဆိုတာ မြတ်တဲ့သတ္တဝါဆိုတဲ့ အစဉ်အလာအောက်မှာ ကြီးပြင်းလူလားမြောက်ခဲ့ရတယ်။ဒါပေမယ့် သူ့စိတ်ထဲမှာတော့





သူဟာလည်း ယောကျ်ားတွေလိုပဲ မိန်းမတံခွန်ကို ထူချင်တယ်။ သူတို့လိုပဲ ခွမ်းစွမ်းတမံ လုပ်ပြချင်တယ်။ ဒီတော့ သူဘာလုပ်သလဲ၊ သူအထင်ကြီးတဲ့ သူ့အရှင်သခင်လို့ ယူဆတဲ့ ယောကျ်ားသားဆီမှာ သူ့ခန္ဓာကိုယ်၊ သူ့ဝိညာဉ်၊ သူ့ဘဝကို ပုံအပ်လိုက်တာပါပဲ။ သူ့မှာဒီနည်းတစ်နည်းပဲရှိတော့တာကိုး။ မိန်းမဟာ ဘဝပေးကြောင့် အမြဲတမ်းမှီခိုနေရသူ၊ အားနည်းသူဖြစ်ခဲ့ရလေတော့ မိဘတို့၊ လင်ယောကျ်ားတို့၊ အုပ်ထိန်းသူတို့စတဲ့ ပဒေသရာဇ်မင်းတွေရဲ့အမိန့်ကို နာခံရတာထက် နတ်တစ်ပါး ချစ်သူတစ်ယောက်ကိုပဲ အလုပ်အကျွေးပြုချင်တယ်။ ဒီလိုအလုပ်အကျွေးပြုဖို့ ရွေးခဲ့တယ်။

ဒီလို ကျွန်ခံဖို့ ရွေးချယ်ခွင့်ရှိတာကိုပဲ မိန်းမသားရဲ့ လွတ်လပ်ခွင့်လို့ ထင်နေရှာတယ်။ ဒီနည်းအားဖြင့် မိန်းမသားဟာ အရေးမကြီးတဲ့သတ္တဝါအဖြစ်က သူ့ကိုယ်သူရုန်းထွက်ဖို့ ကြိုးစားပြတယ်။ သူဟာ သူ့ခန္ဓာကိုယ်၊ သူ့ခံစားချက်၊ သူ့အပြုအမူတွေကို လှူဒါန်းပူဇော်ပြီး ယောကျ်ားကို သူ့ရဲ့တန်ခိုးရှင်၊ သူ့ရဲ့အထွတ်အမြတ်အဖြစ် ရာဇပလ္လင်ပေါ်မှာတင်ကိုးကွယ်တော့တာပဲ။ဒီနည်းအားဖြင့် အချစ်ဟာမိန်းမတစ်ယောက်အဖို့ကိုးကွယ်ရာဖြစ်လာခဲ့တယ်။ ဘာသာတရားတစ်ခု ဖြစ်လာခဲ့တယ်။

မိန်းမဟာ အရွယ်ရောက်လာတာနဲ့ တစ်ပြိုင်နက် သူ့ကိုယ်သူ ယောကျ်ားကလေးတွေနဲ့ တန်းတူဖြစ်ချင်တယ်။ သူတို့ကို အားကျတယ်။ ဒါပေမယ့် ပြိုင်လို့မရတဲ့အခါကျတော့ ယောကျ်ားလေးတွေရဲ့ ယောကျ်ားပီသမှုကို ရလိုတဲ့အတွက် ယောကျ်ားလေးတစ်ယောက်အချစ်ကို လက်ခံလိုက်တာပါပဲ။ ဒီလိုလက်ခံတဲ့နေရာမှာ ဘယ်သူ့ကိုမှ၊ ဘယ်ဝါ့ကိုမှ သဘောကျလို့ရယ်မဟုတ်ပါဘူး။ ဘယ်သူ့သဘောကျလို့၊ ဘယ်ဝါ့ကို သဘောကျရယ်လို့ရယ် မဟုတ်ပါဘူး။ ဘယ်ယောကျ်ားလေးကိုဖြစ်ဖြစ် သူကချစ်လိုက်တော့တာပါပဲ သူ့ရဲ့နုနယ်စိတ်ကို ဖြေဖျောက်ပစ်ဖို့၊ သူ့ကို တခြားယောကျ်ားတွေနဲ့ ယှဉ်ပြိုင်နိုင်စေဖို့အတွက် လက်ခံလိုက်ခြင်းဖြစ်ပါတယ်။

စာရေးဆရာမ အိုင်းရင်းရှုဝီလီယော့တီက 'အသင်ပုရိသ ယောကျ်ားတို့၊ အသင်ပုရိသတို့ကို ကျွန်မ ချစ်ပါအံ့၊ အသင်တို့ကို စောင့်မျှော်လျက်သာ ရှိပါ၏၊ မကြာမီ သင်တို့နှင့် ကျွမ်းရတော့မည်ကို တွေးမိတိုင်း ကျွန်မ ပျော်ရွှင်ကြည်နူးခြင်း ဖြစ်ရပါ၏' လို့ ရေးခဲ့ဖူးပါတယ်။

အမှန်ကတော့ မိန်းမနဲ့ ယောကျ်ားဆိုတာ သူလိုကိုယ်လို လူသားချည်းပါပဲ။ ဒါပေမယ့် ယောကျ်ားဟာ မိန်းမရဲ့အထင်ကြီးမှုကို ခံယူချင်ရင်တော့ သူဟာ လူသားတစ်ယောက် ဖြစ်ရပါလိမ့်မယ်။ ဆိုလိုတာက မိန်းမရဲ့စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူစာရင်း အသွင်းခံရသူ ဖြစ်ရပါလိမ့်မယ်။ ကိုလိုနီအရာရှိကြီး တစ်ယောက်ရဲ့ သမီးတစ်ယောက်အဖို့ အာဖရိကတိုင်းရင်းသား တစ်ယောက်ဟာ လူသား တစ်ယောက်လို့ မယူဆဘူး။ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ထက်နိမ့်ကျတဲ့သူတစ်ယောက်ဆီ မှာ သူ့ကိုယ်သူ ပုံအပ်လိုက်တယ်ဆိုရင် သူဟာအချစ်နဲ့ ထိုက်တန်ခြင်း မရှိတော့ဘူးလို့ သူ့ကိုယ်သူ ယူဆတဲ့အတွက် သူ့ကိုယ်သူ နှိမ့်ချပစ်လိုက်ခြင်းသာ ဖြစ်ပါတယ်။

ထုံးစံအားဖြင့်တော့ မိန်းကလေးဟာ မဟာဖို ကြီးစိုးမှုရှိတဲ့သူ၊ ယောကျ်ားပီသတဲ့သူ၊ ကိုယ်နဲ့မတူ ခြားနားတဲ့ ဗလငါးတန်ပြည့်စုံသူတို့ကိုသာ ရှာဖွေလေ့ရှိပါတယ်။ တချို့က ကာယဗလကောင်းတဲ့သူ၊ တချို့က ဂုဏ်အဆင့်အတန်းရှိတဲ့သူ၊ ယဉ်ကျေးသိမ်မွေ့တဲ့သူ၊ တချို့ကဥစ္စာရှိတဲ့သူ၊ တချို့က ထက်မြက်တဲ့သူ စသဖြင့် ကိုယ်ထက်သာတာကိုပဲ ရွေးလေ့ရှိကြပါတယ်။ ဒါပေမယ့် ဒါတွေ ဘယ်လိုပဲပြည့်စုံသည်ဖြစ်စေ သူ့ချစ်သူဟာ ယောကျ်ားပီသရမယ် ဆိုတာကိုတော့ အမြဲစဉ်းစားကြတယ်။

မိန်းမတွေနဲ့ ရင်းနှီးစွာ နေထိုင်ခြင်းဟာ ယောကျ်ားတွေရဲ့ ဂုဏ်သိက္ခာကို ပျက်စီးစေနိုင်ပါတယ်။ နေ့စဉ်ပေါင်းသင်း ဆက်ဆံရာမှာဖြစ်စေ၊ ပထမဆုံး နမ်းပြီးတဲ့နောက်မှာဖြစ်စေ၊ မင်္ဂလာဦးည လွန်မြောက်သွားတဲ့အခါမှာဖြစ်စေ ယောကျ်ားရဲ့ ဂုဏ်သိက္ခာဟာ ပြိုလဲကျသွားတော့တာပါပဲ။ ဒါပေမယ့် အဝေးကနေ ချစ်တယ်ဆိုတာမျိုးကလည်း ရှိခဲ့သားကလား။ ဒါမျိုးဆိုတာ စိတ်ကူးယဉ်သက်သက်ပဲ ဖြစ်မှာပေါ့။ အချစ်ဟာ တဏှာပေမအချစ် ဖြစ်လာတယ် ဆိုတာ ဖို–မဆက်ဆံမှသာ ဖြစ်လာတာပါ။ ပြောင်းပြန်ပြောရရင် တဏှာပေမ အချစ်ဓါတ်ဆိုတာ ဖို–မ ဆက်ဆံပြီးမှ ပေါ်လာတာပါ။

တစ်ခါတလေလည်း ရှိတတ်သေးတယ်။ မိန်းမတစ်ယောက်ဟာ သူသိတဲ့ ယောကျ်ားတွေထဲမှာ ဘယ်သူ့ကိုမှ အထင်ကြီးလို့မရ၊လေးစားကြည်ညိုလို့ မရတာမျိုးတွေ။ အမှန်ကတော့ မိန်းမရဲ့ဘဝမှာ အချစ်ဟာ ထင်နေကြသလောက် အရေးမကြီးတဲ့ အခန်းကဏ္ဍမှာ ပါရှိနေတတ်ပါတယ်။ မိန်းမတွေဟာ လင်ကိစ္စ၊ အိမ်ကိစ္စ၊ ပျော်ရွှင်မှုကိစ္စ၊ လူမှုရေးကိစ္စ၊ ကြီးပွားရေးကိစ္စတွေနဲ့ အလုပ်များ နေတတ်ပါတယ်။ မိန်းမအများစုဟာ အသည်းနှင့်အောင် ချစ်ချင်သူတွေ ဖြစ်လိုကြပါတယ်။ ဒါပေမယ့် သူတို့အများစုဟာ ဒီလို မဖြစ်ခဲ့ကြရပါဘူး။ ငယ်ငယ်တုန်းက အသည်းနှင့်အောင် ချစ်ခဲ့ဖူးသလိုလို ထင်ခဲ့ကြပေမယ့် ဒါတွေဟာ အမှန်ကတော့ တစ်စိတ်တစ်ပိုင်း၊ မပြည့်မစုံ ရယ်စရာကောင်းတဲ့ ပုံသဏ္ဌာန်မျိုးနဲ့ ပေါ်ခဲ့ကြတာပါပဲ။ တကယ်မှာတော့ သူတို့ဘဝမှာ ဒီလို





အသည်းနှင့်အောင် ချစ်ခဲ့ရတာမျိုးတွေ သိပ်ရှားပါတယ်။ နှစ်နှစ်ကာကာချစ်တတ်တဲ့ မိန်းမများဟာ ငယ်ငယ်တုန်းက ချစ်သူတို့ဘာတို့ မထားခဲ့ဖူး၊ မရှိခဲ့ဖူးတဲ့ မိန်းမတွေ ဖြစ်လေ့ရှိပါတယ်။ သူတို့ဟာ ပထမမှာ မိန်းမတို့ရဲ့ ဝတ္တရားတွေဖြစ်တဲ့ သားကိစ္စ၊ လင်ကိစ္စ၊ အိမ်ထောင်မှုကိစ္စတွေကို ဦးစားပေးသူများ ဖြစ်လေ့ရှိပါတယ်။ ဒါမှမဟုတ်ရင်လည်း အိမ်ထဲမှာ တစ်ယောက်ထီးတည်း နေခဲ့ရတဲ့ မိန်းမတွေ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း အနည်းနဲ့ အများဆိုသလို အောင်မြင်မှုမရှိတဲ့ အလုပ်ကိုလုပ်နေကြရတဲ့ မိန်းမတွေ ဖြစ်နေတတ်ပါတယ်။ အဲဒီမှာ သူတို့ရဲ့ စိတ်ပျက်စရာ ကောင်းတဲ့ ဘဝကို ပြန်တည်ဆောက်ဖို့အတွက်၊ နှစ်သိမ့်မှု ရှာဖွေဖို့အတွက် အားကိုးရစရာ လူတစ်ယောက်ကို တွေ့တာနဲ့ သူတို့ဟာ အဲဒီလူအပေါ်မှာ ပုံပြီးချစ်တတ်ကြပါတယ်။ မဒမ်အာစီအဒမ်ရိုနေးနဲ့ မဒမ်အာဂိုးတို့ဟာ အချစ်ကို စတင်တွေ့ရှိတော့ အသက်သုံးဆယ်အရွယ် ရောက်နေကြပါပြီ။ မဒမ်ကလာပင်နာဆီ ဆိုလို့ရှိရင် အသက်လေးဆယ် နားတောင်ကပ်နေပါပြီ။ သူတို့အဖို့ အချစ်သာလျှင် မွန်းကျပ်နေတဲ့ဘဝက လွတ်ကြောင်း ထွက်ပေါက်ဖြစ်နေပါတယ်။

လွတ်လပ်ပြီး အမှီအခိုကင်းပါတယ်ဆိုတဲ့ အမျိုးသမီးတွေမှာတောင် အချစ်ဟာသူတို့အဖို့ စွဲလမ်းစရာကောင်းတဲ့ ထွက်ပေါက်ဖြစ်နေပါတယ်။ မိန်းမတစ်ယောက်အဖို့ သေတစ်ပန် သက်တစ်ဆုံးတာဝန်တွေ၊ အိမ်မှုကိစ္စတွေကို လုပ်သွားရတယ်ဆိုတာ တော်တော်စိတ်ဆင်းရဲစရာ ကောင်းနေပါတယ်။ မိန်းမကို မဆိုထားနဲ့ ယောကျ်ားကလေးတွေတောင်မှပဲ လူပျိုပေါက်အရွယ်မှာဆိုရင် ကိုယ့်ထက် အသက်ကြီးတဲ့ မိန်းမတွေကို သဘောကျပြီး သူတို့ရဲ့ အကြံဉာဏ်၊ သူတို့ရဲ့ လမ်းညွှန်မှု၊ သူတို့ရဲ့ ဆုံးမပဲ့ပြင်မှု၊ သူတို့ရဲ့ အမေလို ပြုစုယုယမှုကို လိုချင်ကြတယ် မဟုတ်လား။ ဒါပေမယ့် ယောကျ်ားဆိုတဲ့ သမားရိုးကျထားခဲ့တဲ့မာန၊ သူရဲ့ ပညာအရည်အချင်း၊ သူရဲ့ ကိုယ်ပိုင်မာနတို့ကြောင့်သာလျှင် ကိုယ့်ထက်အသက်ကြီးတဲ့မိန်းမရဲ့ လမ်းညွှန်မှုကို အဆုံးထိအောင် မခံယူတော့ဘဲ လမ်းခွဲသွားတာပါ။ သူ့အဖို့တော့ ကိုယ့်ထက်အသက်ကြီးတဲ့ မိန်းမနဲ့ချစ်ခဲ့တာဟာ အဆင့်တစ်ခုလို့ပဲ အောက်မေ့ပြီး မေ့ပျောက်ထားလိုက်နိုင်ပါတယ်။ ယောကျ်ားတွေဟာ ကလေးဘဝမှာရော၊ လူလားမြောက်တဲ့ဘဝမှာရော ခက်ခဲပင်ပန်းတဲ့လမ်းတွေကို လျှောက်ခွင့်ရတာဟာ သူတို့အဖို့ ကံကောင်းတယ်လို့ ဆိုရမယ်ထင်ပါတယ်။ မိန်းမတွေမှာတော့ သူတို့ပတ်ဝန်းကျင်မှာ မြူးမြူးဖြူးဖြူးယောင်း နေတဲ့အရာတွေနဲ့ ဝန်းရံခြင်းခံနေရပါတယ်။ ဒါဟာ မိန်းမတွေအဖို့ ကံဆိုးတာပဲ။ သူ့ဘေးမှာရှိတဲ့ လွယ်ကူသက်သာတဲ့ လမ်းတွေကို ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာဖို့ သူ့ကိုအရာရာက ဖိတ်ခေါ်မြူဆွယ်နေကြတယ်။ ကိုယ်သွားရမယ့်လမ်းကို ခုတ်ထွင်ရှင်းလင်းဖို့မလိုဘဲ ရှိပြီးသား နှင်းဆီခင်းတဲ့လမ်းတွေမှာ အသာအယာ လျှောက်လာဖို့ ဖြားယောင်းကြတယ်။ ဒီလိုနဲ့ သူလျှောက်လာခဲ့တယ်။ ဒါပေမယ့် သူလျှောက်လာခဲ့တဲ့လမ်းဟာ လွယ်ကူသက်သာတဲ့လမ်း၊ နှင်းဆီခင်းထားတဲ့လမ်း၊ တံလှပ်တွေထနေတဲ့ လမ်းကြီးပါကလား တံလှပ်ကို ရေထင်ခဲ့ပါပကောလားလို့သတိရလိုက်တဲ့အချိန်မှာတော့ သူ့အဖို့ အချိန်နှောင်းသွားပါပြီ။ ဒီလမ်းကိုလျှောက်ခဲ့ရတာနဲ့ပဲ သူ့မှာ ခွန်အားတွေက ကုန်းခန်းသွားခဲ့ပါပြီ။

စိတ်သရုပ်ခွဲပညာရှင်တွေ ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိသေးတယ်။ မိန်းမဟာ သူ့ချစ်သူထံ အဖေရဲ့ ကိုယ်ပွားကို ရှာတတ်သတဲ့လေ ဒီလိုဖြစ်ရတာဟာ အဖေတော်လို့ ဒီလိုဖြစ်ရတာ မဟုတ်ပါဘူး။ ယောကျ်ားတစ်ယောက်ဖြစ်လို့ ဒီလိုဖြစ်ရတာပါ။ သူ ကလေးမလေးဘဝတုန်းက အဖေဟာ သူတို့မျက်စိထဲမှာ အရောင်တွေတောက်ပြီး အထင်ကြီးစရာ ဖြစ်နေခဲ့တယ်လေ။ ဒီပဥ္စလက်တန်းခိုးဟာ ယောကျ်ားတိုင်း ပိုင်ဆိုင်တဲ့ ပဥ္စလက်တန်းခိုး မဟုတ်လား။

အမှန်ကတော့ မိန်းမဟာ လူတစ်ယောက်ကို အခြားလူတစ်ယောက်ထဲမှာ လူ့ဝင်စားဖြစ်တာကို အလိုမရှိပါဘူး။ ဒါပေမယ့် သူတွေ့ဖူးတဲ့ အခြေအနေတစ်ခုကိုတော့ ပြန်လည် တည်ဆောက်တတ်လေ့ ရှိပါတယ်။

သူ ကလေးမကလေးတုန်းက တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ကြီးပျင်းလာတဲ့အခါမှာ ပြန်လည်ဖွဲ့စည်း တည်ဆောက်ယူတဲ့ သဘောပါ။ မိန်းကလေးဟာ အိမ်နဲ့မကွဲမကွာ ရှိနေခဲ့ရတယ်။ မိသားစု တစ်လျှောက်လုံး အတူနေခဲ့ရတယ်။ ဆိတ်ငြိမ်အေးချမ်းတဲ့ အရသာကို သူကောင်းကောင်း နားလည်းတယ်။ အချစ်ဝင်လာတဲ့အခါကျတော့ သူ့မှာအဖေအစားပြန်ရလာတယ်။ ဆုံးရှုံးလွန်မြောက်သွားတဲ့ ကလေးဘဝ အစားပြန်ရလာတယ်။ သူဟာ သူ့ခေါင်းပေါ်မှာ အမိုးကလေးပြန်လိုချင်တယ်။ သူ့တစ်ကိုယ်တည်း လုံခြုံအောင်ကာကွယ်ဖို့နံရံကလေးပြန်လိုချင်လာတယ်။ သူ့ရဲ့ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးမယ့် အခွင့်အာဏာပိုင်သူကို သူလိုချင်တယ်လေ။ မိန်းမတော်တော် များများမှာ ကလေးဘဝက စိတ်ကူးတွေ အမြဲလိုလို ခြောက်လှန့်နေတတ်ကြတယ်။ သူတို့ကို ကလေးရယ်၊ ကလေးမရယ်လို့ ခေါ်ရင် သဘောကျတတ်ကြတယ်။ ဒီစကားလုံးတွေဟာ မိန်းမတွေရဲ့နှလုံးသားကို ကိုင်လှုပ်တဲ့စကားလုံးပါပဲ။ မိန်းမတွေဟာ အသက်ကြီးလာတာကို တော်တော်စိတ်ဆင်းရဲကြတယ်။ ဒါ





ကြောင့်မို့ ကလေးဘဝကို သက်တမ်းရှည်စေလို့တဲ့ သဘောနဲ့ သူတို့ အဝတ်အစားမှာ၊ အပြုအမူမှာ ကလေးဆန်နေကြခြင်းဖြစ်တယ်။ ဒီအထဲမှာ ကိုယ့်ချစ်သူရဲ့ရင်ခွင်ထဲမှာ ကလေးဆန်လိုက်ရပြီဆိုရင်တော့ သူတို့မှာ ပျော်လို့မဆုံးနိုင်တော့ဘူးပေါ့။

www.burmeseclassic.com

## နွမ်းလျစျေးဟော ငေးမောနေသော လုံမလေး

ကလေးဘဝတစ်လျှောက်လုံးမှာ မိန်းကလေးဟာ အနိုင်ကျင့်ခံရတယ်။ ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုပြီး ချုပ်ချယ်ခံရတယ်။ ဒါပေမယ့် သူဟာလည်း ကိုယ်ပိုင်လွတ်လပ်မှုရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သူ့စိတ်ထဲမှာ ထင်နေတယ်လေ။ မိသားစုနဲ့ ဆက်ဆံရာမှာ၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဆက်ဆံရာမှာ၊ စာသင်ခန်းထဲမှာ၊ ကစားပွဲမှာ သူ့ကိုယ်သူ အားကိုးကျော်လွှားနိုင်တဲ့ သတ္တဝါတစ်ခုလို့ ထင်နေတာပါပဲ။ အပျိုဘော်ဝင်ရင် တည်တည်ငြိမ်ငြိမ်-ဗိုင်းကောင်းကျောက်ဖိနေရမယ်ဆိုတဲ့ အတွေးဟာ သူ့အဖို့ ဝေးလံတဲ့ အိပ်မက်တွေပဲ ဖြစ်နေသေးတယ်။

အဲ အပျိုဘော်လည်းဝင်ရော အနာဂတ်ဟာ သူ့အနားကို ချဉ်းကပ်လာရုံသာ မဟုတ်တော့ဘဲ၊ ခန္ဓာကိုယ်ထဲကို အတင်းဝင်ရောက်ပြီး တိုက်အိမ်ဆောက်နေတော့တာပါပဲ။ တကယ့်အမှန်ဘဝကို စတွေ့တော့တာပါပဲ။ လူပျိုဘော်ဝင်စ ယောက်ျားကလေးများကတော့ သူတို့ လူပျိုဘဝကို ရဲရဲကြီး ပြေးတွေ့တယ်။ အဲဒီဘဝထဲကို သွက်လက်စွာ လှမ်းဝင်သွားကြတယ်။ ဒါပေမယ့် မိန်းကလေးများမှာတော့ မမြင်နိုင်တဲ့ ဘဝသစ်၊ ကမ္ဘာသစ် ပွင့်လာမည့်အချိန်ကို ရင်တထိတ်ထိတ်နဲ့ စောင့်စားနေကြရတယ်။ ဒီအချိန်မှာ မိန်းမဘဝဇာတ်လမ်းဟာ အစပြုပြီး အချိန်က သူ့ကို အဲဒီဇာတ်စင်ဆီကို သယ်ဆောင်သွားတော့တယ်။ မိန်းကလေးဟာ ကလေးဆန်တဲ့ အတိတ်က လွတ်မြောက်သွားပါပြီ။ ဒါပေမယ့် ပစ္စုပ္ပန်ဟာ သူ့အဖို့ အကူးအပြောင်းကာလ ဖြစ်နေသေးတယ်။ ဒီကာလမှာ ခိုင်မာတဲ့ မျှော်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေ မရှိသေး





ဘူး။ ထွေရာ စိတ်ကူးတွေပဲ ရှိသေးတယ်။ သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ နံပျိုတဲ့ သူ့ဘဝဟာ စောင့်ဆိုင်းရတဲ့ကာလထဲမှာ ရောက်နေတယ်။ သူဟာ ယောက်ျားသားကို စောင့်ဆိုင်းနေပြီပေါ့။

လူပျိုပေါက်ကလေးဟာလည်း မိန်းမကို အိပ်မက်မက်တယ်။ မိန်းမအကြောင်းကိုတွေးတယ်။ ဒါဟာ ဘာမှ သံသယရှိစရာ မလိုပါဘူး။ လူပျိုပေါက်ဟာ မိန်းမကို တမ်းတာပေမှာပဲ။ ဒါပေမယ့် အပျိုမကလေးက သူ့ဘဝထဲက အစိတ်အပိုင်းတစ်ခုထက်တော့ ပိုမှာ မဟုတ်ဘူး။ အပျိုမလေးဟာ သူ့ကံကြမ္မာကြီးတစ်ခုလုံးကိုလည်း လွှမ်းခြုံလာမှာ မဟုတ်ဘူး။ ဒါပေမယ့် မိန်းကလေးတွေကျတော့ ဒီလိုမဟုတ်တော့ဘူး။ လွတ်လပ်စွာ ကြီးပြင်းလာရသည်ဖြစ်စေ၊ အုပ်ထိန်းမှုတွေ အောက်မှာ ကြီးပြင်းလာရသည်ဖြစ်စေ၊ မိန်းကလေးတွေကျတော့ ယောက်ျားလေးတစ်ယောက်ကို ထွက်ပေါက်အဖြစ်၊ အားကိုးအားထားရာအဖြစ်၊ ခိုလှုံရာအဖြစ် ယူဆခဲ့ကြတယ်။ သူဟာ ပါးဆီးယတ်(စ်) ဒါမှမဟုတ် စိန့်ဂျော့ရဲ့ တောက်ပဝင်းလက်နေတဲ့ မျက်နှာ။ သူဟာ ကယ်တင်သူ။ သူဟာ ချမ်းသာပြီး တန်ခိုးအာဏာရှိတဲ့သူ။ လက်ထဲမှာ ပျော်ရွှင်မှု ဘဏ္ဍာတိုက်ကိုဖွင့်ဖို့ သော့တွေကို ကိုင်ထားတဲ့သူ။ သူဟာ ရွှေမင်းသားကလေး။ သူ့ရဲ့ အယုအယ၊ အချော့အမြှူ၊ အတွေးအပိုက်ကို ခံလိုက်ရတယ်ဆိုရင် ကျယ်ပြန့်လှတဲ့ ဘဝရေစီးကြောင်းကြီးထဲမှာ တငြိမ့်ငြိမ့်မျောပါသွားလိမ့်မယ်လို့ မိန်းကလေးထင်ခဲ့တယ်။ သူငယ်ငယ်က အမေ့ရင်ခွင်မှာ ခိုမှီခဲ့ရသလိုပေါ့လေ။ သူ့ချစ်သူနဲ့ နူးညံ့ချိုသာတဲ့ အမိန့်ပေးမှု၊ အာဏာပိုင်မှုအောက်မှာ သူစေလိုရာစေ၊ နိုင်းလိုရာခိုင်း မငြိုမငြင်လုပ်မယ်လို့တွေးခဲ့တယ်။ သူငယ်ငယ်က အဖေ့လက်မောင်းကြားမှာ၊ ရင်အုပ်ကြားမှာ နေခဲ့ရတုန်းက လုံခြုံစိတ်ချစွာနေရတယ်လို့ ခံစားရသလိုပေါ့။ ပဥ္စလက်ဆန်တဲ့ အကြည့်တွေ၊ ပဥ္စလက်ဆန်တဲ့ အပွေ့အဖက်တွေကြောင့် ရင်တဖိုဖိုဖြစ်ရပြီး သူ့ရဲ့ကိုးကွယ်ရာဖြစ်လာပြန်ရော။ မိန်းကလေးဟာ ဖိုရဲ့သာလွန်မှု၊ ဖိုရဲ့မြင့်မြတ်မှုကို အမြဲလိုလို အထင်ကြီးနေတတ်တယ်။ ဖိုသတ္တဝါတွေမှာ ဒီလို သာလွန်မှုရှိတယ်။ ဂုဏ်သိက္ခာရှိတယ်လို့ မိန်းကလေးစိတ်ထဲမှာ ထင်တာဟာ ငယ်ငယ်ရွယ်ရွယ် ရူးရူးနှမ်းနှမ်း စိတ်ကူးတစ်ခု မဟုတ်ဘူး။ ဒီလိုထင်လာရတာဟာ စီးပွားရေးနဲ့ လူမှုရေးအကြောင်းတွေရှိတယ်။ ယောက်ျားဆိုတာ ကမ္ဘာလောကရဲ့ အရှင်သခင် မဟုတ်လား။ ဒီတော့ အဲဒီအရှင်သခင်ရဲ့ ကျေးကျွန်ဖြစ်ရတာဟာ အကောင်းဆုံးဖြစ်တယ်ဆိုတာ ရှိသမျှအရာတိုင်းက မိန်းကလေးကို နှိုးဆော်သတိပေးတာပေါ့။ သူ့မိဘတွေကလည်း တိုက်တွန်းကြတယ်။ အဖေကလည်း သမီးရဲ့အောင်မြင်မှုကိုကြည့်ပြီး ဂုဏ်ယူနေတယ်။ အမေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တောက်ပတဲ့ အနာဂတ်ကို မြင်နေတယ်။ မိတ်ဆွေသူငယ်ချင်းတွေက အားကျကြတယ်။ မနာလိုတိုရှည်ဖြစ်ကြတယ်။ ကိုယ့်သူငယ်ချင်းဟာ ယောက်ျားအပီသဆုံး ဂရုစိုက်မှုကို ခံရတာကိုမြင်တော့ သဘောကျကြတယ်။ အားကျကြတယ်။ ဒါကြောင့်မို့ အမေရိကန်ကောလိပ်ကျောင်းတွေမှာ လုံမလေးတစ်ယောက်ရဲ့ လူမှုအဆင့်အတန်းကိုကြည့်ရင် သူတွဲခဲ့တဲ့ အတွဲအရေအတွက်နဲ့ တိုင်းထွာကြတာပေါ့။

အိမ်ထောင်ပြုတာဟာ ဂုဏ်ယူအပ်တဲ့ကိစ္စတစ်ခုပါ။ ပြီးတော့ တခြားကိစ္စများလောက် ဗဟုသုတကိစ္စများတဲ့ အလုပ်လည်း မဟုတ်ပါဘူး။ မိန်းမရဲ့ ဂုဏ်သိက္ခာကို အစွန်းအထင်းမရှိအောင် လုပ်ပေးနိုင်တဲ့အရာ၊ မိန်းမရဲ့ ချစ်သူအဖြစ်၊ မိခင်အဖြစ် တောင့်တတဲ့ စိတ်ဗီဇကို ဖြည့်စွမ်းပေးနိုင်တာဆိုလို့ အိမ်ထောင်ပြုတဲ့ ကိစ္စတစ်ခုပဲ ရှိပါတယ်။ ဒီအချက်ကို မိန်းကလေးရဲ့ အသိုင်းအဝိုင်းကလည်း သဘောပေါက်လေ့ ရှိကြတယ်။ မိန်းကလေးကိုယ်တိုင်ကလည်း သဘောပေါက်တတ်ပါတယ်။ ဒါကြောင့်မို့ မိန်းကလေးတစ်ယောက်အဖို့ အိမ်ထောင်ပြုခြင်းဟာ အရေးကြီးတဲ့ လုပ်ငန်းကြီးတစ်ရပ်လို့ ယူဆထားကြတာပဲမဟုတ်လား။ မိန်းမရဲ့အမြင်မှာ ယောက်ျားဟာ အခြားသူတစ်ယောက်ကို ပြန်ဝင်စားထားတဲ့သူ။ သူဟာလည်း ယောက်ျားအဖို့ အခြားသူတစ်ယောက်က ပြန်ပြီးဝင်စားထားတဲ့သူ။ အဲဒီ လူဝင်စားတဲ့ အခြားတစ်ယောက်ဟာ သူ့အဖို့ အရေးကြီးတယ်လို့ မိန်းမက ထင်တယ်။ သူကတော့ အဲဒီဝင်စားသူနဲ့စာရင် ဘာမှအရေးမကြီးဘူးလို့ ယူဆတယ်။ မိဘရဲ့ရင်အုပ်အောက်က လွတ်မြောက်ပြီလေ။ အမေရဲ့ အုပ်ထိန်းမှုအောက်က လွတ်မြောက်ပြီလေ။ သူ့အနာဂတ်ကို သူဖွင့်လှစ်ရတော့မယ်။ အပေါ်စီးရတဲ့ အောင်မြင်မှုတော့ မဟုတ်ပါဘူး။ အရှင်သခင်ရဲ့ လက်ထဲကို ဝကွက်အပ်လိုက်ရတဲ့ အောင်မြင်မှုမျိုးပါ။

မကြာခဏ ပြောလေ့ရှိကြတဲ့ စကားတစ်ခွန်းရှိတယ်။ ဒီလို အိမ်ထောင်ပြုပြီး လင်ရဲ့သြဇာခံဖြစ်သွားတာနဲ့ မိန်းကလေးဟာ ယောက်ျားလေးတွေထက် ရုပ်ဝတ္ထုအရာမှာရော၊ စိတ်ဓာတ်ရေးအရာမှာရော နိမ့်ကျသွားပြီတဲ့၊ တစ်ပန်းရှုံးသွားပြီတဲ့။ သူတို့နဲ့ ယှဉ်ပြိုင်ခြင်းမပြုနိုင်တော့ဘူးတဲ့။ ဒီလိုနဲ့ သူဟာ ယှဉ်ပြိုင်ပွဲက ထွက်သွားပြီး သူ့အစား သူတို့နဲ့ ယှဉ်ပြိုင်ဖို့ ယောက်ျားကလေးထဲက တစ်ယောက်ကို ရွေးချယ်တယ်တဲ့။ ဒီနည်းအားဖြင့် မိန်းကလေးဟာ ပျော်ရွှင်မှုကို ရရှိတယ်လို့ ဆိုလေ့ရှိကြတယ်။ သူဒီလို ယှဉ်ပြိုင်ပွဲက ထွက်သွားရတာ၊ ယောက်ျားတစ်ယောက်ယောက်ဆီမှာ အရှုံးပေးလိုက်ရတာဟာ သူ့ပင်ကိုက သိမ်ငယ်မှုကြောင့် မဟုတ်ပါဘူး။ သူကြီးပြင်းလာခဲ့တဲ့ ပတ်ဝန်းကျင် အခြေ





အနေ၊ ကလေးမလေးဘဝတုန်းက တွေ့ခဲ့ရတဲ့ အနိုင်ကျင့်ခံရမှုတွေကြောင့်သာလျှင် သူဒီလို သိမ်ငယ်သွားရခြင်းပါ။

တစ်ခုတော့ ရှိတာပေါ့လေ။ အရွယ်ရောက်လာတာနဲ့ အပျိုဖော်ဝင်လာတာနဲ့ လုံမလေးရဲ့ခန္ဓာကိုယ် အနေအထားမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်လာခဲ့တာတော့ရှိတယ်။ သူ့ခန္ဓာကိုယ်ဟာ အရင်တုန်းကထက် နုနယ်လာတယ်။ အမျိုးသမီးတို့ရဲ့ ခန္ဓာအစိတ်အပိုင်းများဟာလည်း ထိလွယ်ခိုက်လွယ်ဖြစ်လာပြီး သူတို့လုပ်ငန်းတွေဟာလည်း ပိုပြီး သိမ်မွေ့ရှုပ်ထွေးလာကြတယ်။ ထူးဆန်းပြီး စိတ်ညစ်စရာကောင်းတဲ့ သူ့ရင်အုံကိုက ဝန်ထုပ်ကြီးတစ်ခုလိုဖြစ်လာတယ်။ အပြင်းအထန် ကိုယ်လက်လှုပ်ရှားတဲ့ အခါများဆိုရင် ရင်သားက တုန်ယင်ပြီး နာတဲ့အတွက် သူရှိကြောင်း မိန်းကလေးကို သတိပေးနေသလိုတောင် ထင်ရတယ်။ မိန်းမဟော်မုန်းဓာတ်တွေ၊ မညီမျှမှုကြောင့် အာရုံကြောအားနည်းပြီး တုန်တုန်ယင်ယင် ဖြစ်တာတို့၊ စိတ်ကယောက်ကယက် ဖြစ်တာတို့ ဖြစ်လာတတ်တယ်။ ရာသီပန်းပွင့်ရတာဟာလည်း တော်တော်ပင်ပန်း ဆင်းရဲတဲ့ အလုပ်တစ်ခုပါ။ ခေါင်းကိုက်တယ်။ အလွန်အမင်း ပင်ပန်းအားကုန်တယ်။ ဗိုက်နာတယ်။ နေ့စဉ်လုပ်ရိုးလုပ်စဉ်ကိစ္စတွေ လုပ်ရတာကို သိပ်ပင်ပန်းနေတယ်။ ဒါမှမဟုတ်ရင်လည်း မလုပ်ချင်မကိုင်ချင် ဖြစ်နေတယ်။ စိတ်ဓာတ်ရေးရာ အခက်အခဲတွေ ပေါ်လာတယ်။ အာရုံကြော အားနည်းတာများရင် စိတ်တိုတာတွေများရင် မိန်းမတစ်ယောက်ဟာ တစ်ပိုင်းရူးသွပ်တဲ့ ရောဂါတောင် ယာယီဖြစ်သွားနိုင်တယ်။ အာရုံကြောဖွဲ့စည်းမှုစနစ်ဟာ ကိုယ်ခန္ဓာကိုဖြစ်စေ၊ စိတ်ဓာတ်ဆိုင်ရာကိုဖြစ်စေ၊ ထိန်းချုပ်နိုင်စွမ်းနည်းလာတယ်။ သွေးလှည့်ပတ်သွားလာမှုမှာလည်း အခက်အခဲတွေရှိလာတယ်။ မူးဝေတတ်ပြီး သူ့ခန္ဓာကိုယ်ကြီးဟာ မိန်းမဘဝနဲ့ ကမ္ဘာလောကကြီးကို ပိုင်းခြားကာရံထားတဲ့ ပိတ်ကားကြီးလို ဖြစ်နေတယ်။ သူ့ပတ်ဝန်းကျင်မှာ နှင်းတွေ ရီဝေမှုန်မှိုင်းနေတယ်လို့ ထင်လာရတယ်။ သူဟာ မွန်းကျပ်ပြီး ကမ္ဘာလောကကြီးနဲ့ အဆက်ပြတ်သွားတော့တယ်။ မိန်းကလေးဟာ ကြောက်လန့်ပြီး စကြဝဠာကြီးတစ်ခုလုံးဟာ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီး၊ သူမထမ်းနိုင်လောက်အောင် လေးလံတဲ့ အရာကြီးလို့ ထင်လာတယ်။ သူဟာ ဝန်ထုပ်ကြီးအောက်မှာ ပိနေတယ်။ ပြားနေတယ်။ လုံမလေးဟာ ကမ္ဘာလောကကြီး တစ်ခုလုံးနဲ့ သူစိမ်းတစ်ရုံး(ဖြစ်)နေတဲ့အတွက် သူကိုယ်တိုင်နဲ့လည်း သူ့ဘာသာသူ လူစိမ်းတစ်ယောက်လို ခံစားနေရတယ်။ သူ့ဘဝရဲ့ ပေါင်းစပ်မှုတွေဟာ ပြိုကွဲပျက်စီးသွားကြတယ်။ အချိန်ကာလတွေဟာ တစ်ခုနဲ့တစ်ခု အဆက်အစပ်မရှိဘဲ တခြားစီဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ လူတွေကို မှတ်မိပေမယ့် သတိကင်းစွာနှင့် မှတ်မိနေတာမျိုးဖြစ်နေတယ်။ တကယ်လို့ သူ့အတွေးအခေါ်ဉာဏ်နဲ့ စဉ်းစားနိုင်တဲ့ဉာဏ်ဟာ ပျက်ပြားမသွားသေးဘူးဆိုရင်လည်း ဒီစဉ်စားဉာဏ်တွေဟာ ကိုယ်ခန္ဓာပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာတဲ့ ခံစားမှုတွေကို အကျိုးပြုဖို့ပဲ ဖြစ်တော့တယ်။ လုံမလေးရဲ့ အပျိုဘော်ဝင်စအရွယ်မှာ ဖြစ်လေ့ရှိတဲ့ ဒီအချက်တွေဟာ တော်တော်အရေးကြီးတဲ့ အချက်တွေပါ။ ဒါပေမယ့် ဒီထက်အရေးကြီးတာကတော့ ဒီအချက်တွေကို လုံမလေး ဘယ်လိုသဘောထားသလဲ။ ဘယ်လိုမြင်သလဲဆိုတဲ့အချက်ပါ။

ဆယ့်သုံးနှစ်အရွယ်ဟာ ယောကျာ်းကလေးတွေအဖို့ အစမ္မမှုကို သင်ကြားချင်တဲ့အရွယ် ဖြစ်ပါတယ်။ ဒီအချိန်ဟာ သူတို့ သွေးသားဆူဖြိုးစပြုတဲ့ ပထမဆုံးအဆင့်ပေကိုး၊ ဒီအရွယ်ဟာ သူတို့ရဲ့ သွေးဆူစအချိန်ကိုး၊ အနိုင်ယူချင်စိတ် အားကြီးတဲ့အချိန်၊ ပြိုင်ချင်ဆိုင်ချင်၊ နိုင်ချင်တဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအရွယ်မှာပဲ လုံမလေးဟာလည်း ငယ်ငယ်က ကစားခဲ့တဲ့ ကြမ်းကြမ်းတမ်းတမ်း ကစားနည်းတွေကို မကစားတော့ဘဲ ရပ်စဲလိုက်တဲ့အချိန် ဖြစ်ပါတယ်။

တကယ်ကစားချင်ရင် လုံမလေးအဖို့ အားကစားနည်းတွေ အများကြီးရှိပါသေးတယ်။ ဒါပေမယ့် သိကြတဲ့အတိုင်း အားကစားဆိုတာ တမင်ဖန်တီးပြုလုပ်ထားတဲ့ စည်းကမ်းတွေအောက်မှာ အထူးလေ့ကျင့်ရတဲ့ အလုပ်မျိုး၊ ဒီစည်းကမ်းကို လိုက်နာရတဲ့ အလုပ်မျိုးဖြစ်ပါတယ်။ ဒီတော့ အားကစားဟာ မလွတ်လပ်ဘူး။ စည်းကမ်းကလနားတွေ များတယ်။ ဘဝမှာ အပိုလိုဖြစ်နေတယ်။ အားကစားပွဲတစ်ခုကနေ လောကကြီးအကြောင်းကို ဘာမျှပိုမို သိနားလည်နိုင်လာတာ မဟုတ်ဘူး။ ကိုယ်အတ္တအကြောင်းကို ပိုပြီးနားလည်လာတာ မဟုတ်ဘူး။ တစ်ယောက်ချင်း ယှဉ်ပြိုင်တာ၊ မမျှော်လင့်ဘဲ တောင်အတက်ကို တက်လိုက်ရတာကမှ လောကကြီးအကြောင်းကို နားလည်လာနိုင်သေးတယ်။ အားကစားအမျိုးသမီးတစ်ယောက်ဟာ ပြိုင်ဘက်က မြေကြီးပေါ်တွန်းလှဲပစ်နိုင်ခဲ့တဲ့ ဆယ့်သုံးနှစ်သား ယောကျာ်းလေးတစ်ယောက်ရဲ့ ဂုဏ်ယူဝင့်ကြွားမှုကို ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ ခုခေတ်တိုင်းပြည် တော်တော်များများမှာလည်း အမျိုးသမီးတွေ အားကစားမှာ သိပ်ပြီးဝါသနာမထုံကြတော့ပါဘူး။ နပန်းတို့၊ တောင်တက်တို့စတဲ့ အားကစားတွေကို အမျိုးသမီးများအတွက် တားမြစ်ထားလေတော့ သူတို့ခန္ဓာကိုယ်ဟာ ဆင်းရဲပင်ပန်းတယ်။ ထိခိုက်တယ်ဆိုရင်လည်း သက်သာတဲ့ပုံသဏ္ဍာန်မျိုးနဲ့တွေ့ရတာတွေလောက်ပဲ ရှိပါတော့တယ်။





ငယ်ငယ်တုန်းကလို နေရာတကာမှာပါဝင်ခြင်း၊ လှုပ်ရှားလုပ်ခြင်း မရှိတော့ဘဲ အခြေအနေပေးသလောက်သာ ပါဝင်လှုပ်ရှားကြပါတော့တယ်။ လုံမလေးတွေဟာ စူးစမ်းခြင်းမပြုဖို့၊ ရှာဖွေခြင်း မပြုဖို့၊ စွန့်စားခြင်း မပြုဖို့၊ ဖြစ်နိုင်တဲ့နယ်နိမိတ်ကို ကျော်လွန်မသွားဖို့ တားမြစ်ပိတ်ပင်ခြင်း ခံလာခဲ့ကြရတယ်။ အထူးသဖြင့် ယောကျာ်းကလေးတွေအဖို့ မရှိမဖြစ်တဲ့အရေးပါမှုနဲ့ ယှဉ်ပြိုင်မှုစိတ်ဓာတ်ကို သူတို့နားမလည်နိုင်ကြဘူး။ ဟုတ်ပါတယ်။ မိန်းမ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် နှိုင်းယှဉ်ကြည့်ကြတာတွေရှိပါတယ်။ ဒါပေမယ့် တစ်ယောက်နှင့်တစ်ယောက်က ဒီလိုနှိုင်းယှဉ်ကြည့်ကြတာဟာ စောစောက ပြောခဲ့တဲ့ ယှဉ်ပြိုင်မှု၊ စိန်ခေါ်မှုဆိုတာမျိုးတွေနှင့် မတူပါဘူး။

လူနှစ်ယောက် ကမ္ဘာကြီးကို စိုးမိုးဖို့ ယှဉ်ပြိုင်ကြတယ်။ ဒါမှမဟုတ်သေးရင် သူငယ်ချင်းနှစ်ယောက် လက်လှဲကြတယ်။ ဒါတွေဟာ ယေဘုယျအားဖြင့် ပြောရရင် ကိုယ်က အနိုင်ရချင်၊ ကိုယ်က ပိုင်စိုးချင်တဲ့သဘောကို ပြတဲ့အရိပ်လက္ခဏာတွေပါ။ ဒီလိုပြိုင်ပွဲမျိုး၊ ဒီလိုဗိုလ်လုချင်တဲ့ သဘောမျိုးဟာ လုံမလေးရဲ့ စရိုက် မဟုတ်ပါဘူး။ အထူးသဖြင့် အကြမ်းပတမ်းသဘောပါလာရင် ပိုပြီးတောင် ဝေးပါသေးတယ်။

အရွယ်ရောက်ပြီးသားသူတွေရဲ့ လောကမှာ အကြမ်းပတမ်းမှုကို အမြဲသုံးနေကြတာ မဟုတ်ပါဘူး။ တစ်ခါတစ်လေမှသာ ရှိတတ်တာမျိုးပါ။ ဒါပေမယ့် အကြမ်းပတမ်းမှုဟာအရွယ်ရောက်သူတွေရဲ့လောကကို အမြဲခြောက်လှန့်နေတတ်တယ်လေ။ ဖိုရဲ့အပြုအမူအများအပြားဟာအကြမ်းပတမ်းလုပ်ချင်တဲ့ စိတ်သဘောထားအခြေအမြစ်ကနေ ပေါ်ထွက်လာတာဖြစ်တယ်။ လမ်းထောင့်တိုင်းမှာ ရန်ပွဲဟာ အမြဲတမ်းစောင့်ပြီး ခြိမ်းခြောက်နေတတ်တာကိုး။ စောင့်ဆိုင်းနေတဲ့ အတိုင်းလည်း ရန်ပွဲတွေဟာ မကြာခဏဖြစ်တတ်တယ်။ ဒီအခါမှာ ယောကျာ်းဟာ သူ့ရဲ့ယောကျာ်းဗီဇကို အခိုင်အမာပြဖို့ ဆန္ဒကို လက်သီးဆုပ်ထဲက သူ့ကိုယ်စားရုပ်ကို သွားတွေ့တဲ့အခါမှာ ယောကျာ်းလေးဟာ သူ့ကိုယ်သူ ယုံကြည်မှုရှိသွားပြီး သူ့ရဲ့ စိုးပိုင်မှုကိုလည်း ယုံကြည်မှုရှိသွားတတ်ပါတယ်။ သူ့ကို စော်ကားလာတာနဲ့ သူ့ကို အနိုင်ကျင့်ဖို့ ကြိုးစားလာတာနဲ့ ဖိုသတ္တဝါဟာ လက်သီးကို အားကိုးလာတော့တာပဲ။ ဒီအခါမှာ သူကိုယ်တိုင်ဟာလည်း လက်သီးတွေရဲ့ အန္တရာယ်ကြားထဲမှာ ရောက်သွားရတော့တာ တခြားလက်သီတွေက သူ့လက်သီးကို မလွှမ်းနိုင်အောင် သူကြိုးစားတယ်။ သူတစ်ပါး အနိုင်မခံရအောင် သူလုပ်တယ်။ သူ့နှလုံးသားဟာ ယောကျာ်းစိတ် ပေါက်လာတယ်။ အကြမ်းဖက်မှုဟာ လူတိုင်းအဖို့ သူ့ကိုသူ သစ္စာရှိသလား



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလားဆိုတာကို ပြသတဲ့ သက်သေသာဓကတစ်ခု ဖြစ်လာတယ်။ မိမိခံစားချက်ကို ဖော်ပြတဲ့ သက်သေအမှတ်အသား ဖြစ်လာတယ်။ ဖိုသတ္တဝါမှာ ဒီလို အကြမ်းဖက်ချင်တဲ့ ဆန္ဒမျိုး လုံးဝမရှိပါဘူးလို့ ပြောခြင်းဟာ တကယ်ရှိနေတဲ့ အမှန်တရားကို ဖုံးကွယ်ငြင်းဆိုတာပဲ ဖြစ်တယ်။ ဖိုသတ္တဝါတိုင်းရဲ့ ကြွက်သားအစိုင်အခဲတိုင်းမှာ ဒေါသကိန်းအောင်းနေတယ်။ မခံချင်စိတ် ကိန်းအောင်းနေတယ်။ ဖိဆန့်လိုစိတ် ကိန်းအောင်းနေတတ်တယ်။ မရှိဘူးဆိုရင် ဒါဟာ စိတ်ကူးယဉ်သက်သက်သာဖြစ်လိမ့်မယ်။ စိတ်အထင် သက်သက်သာဖြစ်လိမ့်မယ်။ ကိုယ့်ခံစားချက်တစ်ခုခုကို ကမ္ဘာလောကကြီးရဲ့ မျက်နှာပြင်ပေါ်မှာ မှတ်သားရေးချနိုင်ခြင်း မရှိရင် ဒါဟာ လူဖြစ်ရှုံးတာနဲ့ အတူတူပဲ။

လူပျိုဘော်ဝင်စ ယောကျ်ားလေးဟာ သူ့မှာ ခွန်အားရှိတယ်။ အကြမ်းပတမ်းကို လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို ပြသဖို့ အခွင့်ရှိတယ်။ အပျိုဘော်ဝင်စ မိန်းကလေးများကျတော့ ဒါမျိုးတွေ ပြသခွင့်မရှိဘူး။ လူပျိုဘော်ဝင်စ ယောကျ်ားလေးဟာ ကမ္ဘာလောကကြီးကို မေးခွန်းတွေ တမေးတည်းမေးနေတယ်။ သူ မကျေနပ်ရင် ဘယ်သူ့ကိုမဆို ဆန့်ကျင်နိုင်တဲ့ အခွင့်အရေးရှိနေတယ်။ ဒီအခွင့်အရေးကိုလည်း သူ အသုံးပြုတယ်။ အတည်ပြုတယ်။ ဒါပေမယ့် မိန်းကလေးကတော့ လိုက်လျောရတယ်။ အရှုံးပေးရတယ်။ ကမ္ဘာကြီးမှာ သူမရှိလို့လည်း ဘာမှမဖြစ်ဘူး။ ကမ္ဘာလောကကြီးဟာ သူ မပါဘဲနဲ့၊ ဘယ်ပုံသဏ္ဌာန်မျိုးကိုမဆို သူယုံကြည်ခြင်းမရှိဘူး။ မိန်းကလေးဟာ မစွန့်စားရဲဘူး၊ မဖီဆန်ရဲဘူး၊ မတီထွင်ရဲဘူး။ ကြီးပြင်းလူလားမြောက်လာကတည်းက ငြိမ်ငြိမ်သက်သက်၊ ဝေးဝေးကွာကွာနေခဲ့ရပြီး နောင်မှာလည်း လူ့အဖွဲ့အစည်းမှာ သူ့အတွက် သီးသန့်လုပ်ပေးထားတဲ့ နေရာကလေးတစ်ခုမှာပဲ အချိန်ကုန်သွားခဲ့ရတယ်။ ရှိနေတဲ့အရာတွေဟာ ပြောင်းလဲနေတယ်လို့ သူမထင်ဘူး။ သူတစ်ခါ တွေ့ဖူးမြင်ဖူးတဲ့အရာတွေ ရှိနေတဲ့အရာတွေဟာ ဒီလိုပဲ သေတစ်ပန်သက်တစ်ဆုံး ဖြစ်သွားကြမှာလို့ သူထင်နေတယ်။

# မိန်းကလေးငယ်ငယ်

မိန်းမတစ်ယောက်က ပြောဖူးတယ်။ သူငယ်ငယ်တုန်းက သူ့ရဲ့ကိုယ်ခန္ဓာအားနည်းချက်ကို သူကောင်းကောင်းသိခဲ့သည့်တိုင် ငါ့မှာ အားနည်းချက်မရှိဘူးလို့ မျက်စိစုံမှိတ်ပြီး ငြင်းခဲ့ဖူးတယ်တဲ့။ ဒီအားနည်းချက် ကို အသိအမှတ်ပြုလိုက်ရင် လုပ်စရာရှိတဲ့ နိုင်ငံရေးလုပ်ငန်းတို့၊ ပညာရေးလုပ်ငန်းတို့ကို လုပ်ရဲတဲ့သတ္တိကုန်ပျောက်သွားမှာစိုးလို့တဲ့။ ဒါကြောင့်မို့ ယောကျ်ားလေးတစ်ယောက်လို နေလာတဲ့မိန်းကလေးတစ်ယောက်ကို တွေ့ဖူးသေးတယ်။ အားလည်းကောင်းတယ်။ သူ့ကိုယ်သူယောကျ်ားတစ်ယောက်လို အားသန်တယ်လို့သူထင်တယ်။ ဒါပေမယ့် သူ့ရုပ်က ယောကျ်ားကလေးရုပ်မဟုတ်ဘူး။ ချောတယ်။ ပြီးတော့လည်း လစဉ် ရာသီပန်းပွင့်တဲ့အတွက်ဝေဒနာလည်းခံရတယ်။ သို့တိုင် သူ့ကိုယ်သူ မိန်းမပါကလားဆိုတာကို သူ သတိမပြုဘူး။ ပြောစရာရှိရင်လည်း ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်တာပဲ။ လုပ်စရာရှိရင်လည်း ဖြုန်းဖြုန်းဒိုင်းဒိုင်း လုပ်ပစ်လိုက်တာပဲ။ တစ်ခုခုလုပ်တယ်ဆိုရင်လည်း ယောကျ်ားလေးများအတိုင်း သူကရှေ့ဆုံးက။ နေတာထိုင်တာကလည်း ယောကျ်ားကလေးလို ခပ်ကြမ်းကြမ်းပဲ။ လမ်းထဲမှာ ကလေးတစ်ယောက်ယောက်ကို မတရားအနိုင်ကျင့်နေတာမြင်ရင်၊ သက်ရွယ်ကြီးတဲ့သူတွေကို သရော်မော်ကားလုပ်နေတာမြင်ရင် ဆိုင်ဆိုင် မဆိုင်ဆိုင် အစော်ကားခံရသူဘက်ကနေ လက်သီးနဲ့ ဝင်ထိုးပစ်တာပဲ။ ဒါပေမယ့် အတွေ့အကြုံ တစ်ခုနှစ်ခုလောက်ကြောင့် ခွန်အားတစ်နည်းပြောရရင် လက်ရုံးရည်ဟာ သူ့ဘက်မှာမဟုတ်ဘူး။ ဖိုသတ္တဝါတွေဘက်မှာသာရှိတယ်ဆိုတာ သူသိသွားခဲ့တယ်။ သူက ခန္ဓာကိုယ်စွမ်းအား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်နည်းတယ်။ အားနွဲ့သူဖြစ်တယ်ဆိုတာလည်း သိရော စောစောက ရှိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှုတို့၊ သေချာမှုတို့ဆိုတာတွေလည်း ပျောက်ကွယ်သွားတော့တာပါပဲ။ အဲဒီလောက်ကစပြီး သူဟာ မ လောကထဲကို ပြန်ရောက်လာခဲ့ပြီး တခြားမိန်းမတွေလို မိန်းမရဲ့ မှီခိုမှုနဲ့ငြိမ်သက်မှုကို လက်ခံခဲ့ပါတယ်။ တကယ်တော့ ကိုယ်ခန္ဓာကိုယ်ကို ယုံကြည်စိတ်ချခြင်း မရှိတော့တာနဲ့ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုလျော့ပါးသွားတော့တာပါပဲ။ ဒါကြောင့် ကာယဗလကောင်းတဲ့ လူငယ်တွေ၊ လူတွေရှေ့မှာ သူတို့ ကြွက်သားအဖုအထစ်တွေကို ညွှစ်ထုတ်ပြတာဟာ ဘာကြောင့်လဲလို့စဉ်းစားလိုက်ရင် လူတိုင်းဟာ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ့်စိတ်ရဲ့ဖော်ပြချက်၊ အခြေအနေရဲ့ ဖော်ပြချက်လို့ ယူဆကြတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ကာယဗလတောင့်တင်းတဲ့ ယောကျ်ားလေးဟာ သူ့ခန္ဓာကိုယ်ကို ကြည့်ပြီး ဂုဏ်ယူတယ်။ တစ်နည်းပြောရရင် သူ့ကိုယ်သူ ကြည့်ပြီး ယောကျ်ားမာနကို အတည်ပြုတယ်။ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တဲ့အခါမှာ သူတစ်ပါးထက်သာတယ်။ သူတစ်ပါးထက် ခွန်အားရှိတယ်လို့ မြင်တယ်။ မိန်းကလေးမှာလည်း ဆန္ဒစိတ်ပေါ်လာတာကို သိပါတယ်။ ဒါပေမယ့် သူ့ဆန္ဒစိတ်မှာ အရှက်ကဖုံးနေတယ်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးဟာ ရှက်စရာတွေချည်း ဖြစ်နေတယ်။ သူငယ်ငယ် ကလေးဘဝတုန်းက သူ့ရဲ့အတွင်းပစ္စည်းများနဲ့ ပတ်သက်လို့ သူမယုံမရဲ ဖြစ်ခဲ့ရတာ၊ သူရှက်ခဲ့ရတာတွေဟာ အရွယ်ရောက်လာလို့ ရာသီပန်းပွင့်တဲ့အခါမှာလည်း ပြန်ပေါ်လာကြတယ်။ ဒါကြောင့်မို့သာလျှင် မိန်းကလေးများဟာ ရာသီပန်းပွင့်တာကို တစ်ဘက်မှာ ငါအပျိုဖော်ဝင်ပြီလို့ ဂုဏ်ယူဝင့်ကြွားကြသော်လည်း တစ်ဘက်မှာ ငယ်ငယ်တုန်းက အစွဲကြောင့် ရှက်နေကြခြင်း ဖြစ်တယ်။ ရာသီပန်းပွင့်ရတယ်ဆိုတဲ့ စိတ်ဓာတ်ကြောင့် မိန်းမဟာ အားငယ်ပြီး ရာသီပန်းပွင့်တာကို ရှက်ရွံ့စိုးရိမ်နေကြတယ်။ တစ်ခါတစ်လေမှာ ရာသီပန်းပွင့်တာကို ဘယ်အထိစိတ်ညစ်ရသလဲဆိုရင် သွားစရာ လာစရာရှိတာကိုလည်း မသွားချင်၊ မလာချင်။ ပျော်စရာရှိတာတွေကိုလည်း မပျော်ချင်တော့ဘဲ သူ့ကိစ္စအတွက်ကိုပဲ စိုးရိမ်ပူပန်နေတာမျိုး၊ လူတွေထဲမှာ အရှက်ကွဲတော့မှာပဲဆိုတဲ့ စိုးရိမ်မှုမျိုးတွေ အမြဲဝင်လာတတ်ပါတယ်။ အဲဒီလို စိုးရိမ်စိတ်တွေပေါ်လာတဲ့အတွက်ကြောင့် သူ့ခန္ဓာကိုယ်ဖွဲ့စည်းမှုထဲမှာ တုံ့ပြန်မှု၊ ရိုက်ခတ်မှုတွေပေါ်လာပြီး နဂိုက ရာသီပန်းပွင့်လို့ စိတ်ဆင်းရဲဖြစ်နေချိန်မှာ အဲဒီ ခန္ဓာကိုယ်အတွင်းက တုံ့ပြန်မှုတွေကြောင့် ပိုပြီး စိတ်ညစ်လာရပြန်ပါတယ်။ စောစောကတုန်းက မိန်းမစိတ်ရဲ့ ထူးခြားတဲ့ လက္ခဏာတွေကို ပြောခဲ့ပါတယ်။





အဲဒီထဲမှာ အာရုံကြောအလုပ်လုပ်မှုစနစ်နဲ့ အင်ဒိုကရင်းအရည်များ တစ်ခုနဲ့တစ်ခု နီးကပ်စွာ ဆက်သွယ်နေတယ်ဆိုတဲ့အကြောင်းကို ပြောခဲ့ဖူးတယ်။

သူတို့နှစ်မျိုးဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဩဇာသေးနေကြတယ်။ အပြန်အလှန် အထောက်အကူပြုနေကြတယ်ဆိုတာကိုလည်း ပြောခဲ့ဖူးတယ်။ မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်၊ အထူးသဖြင့် မိန်းကလေးရဲ့ ခန္ဓာကိုယ်ဟာ ဟာစွတီးရိုးယားဆန်တဲ့ ခန္ဓာကိုယ်ဖြစ်တယ်။ တစ်နည်းပြောရရင် မိန်းကလေးရဲ့ စိတ်ဓာတ်ဆိုင်ရာ ဘဝနဲ့ ဇီဝကမ္မဗေဒဆိုင်ရာ ဖြစ်ပျက်မှုတို့အကြားမှာ ကွဲပြားမှုရယ်လို့မရှိဘဲ ရောထွေးနေကြတယ်။ အပျိုဖော်ဝင်စမှာ စိတ်ကယောက်ကယက် ဖြစ်တာတို့၊ ဘာတို့ဟာ တခြားကြောင့် မဟုတ်ဘူး။ ရာသီပန်းပွင့်လာခြင်း စတဲ့ ခန္ဓာကိုယ်ပြောင်းလဲမှုတွေကို တွေ့ရှိလာတဲ့အခါမှာ သူ့ကိုယ်သူ သံသယဖြစ်တယ်။ နောက်တော့ ထိတ်လန့်စိုးရွံ့လာတယ်။ သူ့ကိုယ်သူ နေမကောင်းဖြစ်တာလို့ ထင်လာတယ်။ မိန်းကလေးရဲ့ ခန္ဓာကိုယ်ဟာ သိမ်မွေ့ရှုပ်ထွေးလေတော့ အဲဒီလို အပြောင်းအလဲတွေကြောင့် ကိုယ်ခန္ဓာအစိတ်အပိုင်းမှာလည်းပဲ သရီးသရီဖြစ်တာတွေ၊ နေထိုင်မကောင်းဖြစ်တာလည်း အမှန်ပါပဲ။ ဒါပေမယ့် သူတို့ရဲ့ ဆယ်ပုံလျှင် ကိုးပုံသော လူနာများဟာ နေမကောင်းဘူးလို့ ထင်နေသူများသာ ဖြစ်တယ်လို့ မီးယပ်နဲ့ သားဖွားပါရဂူများက ပြောလေ့ရှိကြပါတယ်။ စမ်းသပ်ကြည့်လိုက်တဲ့အခါကျတော့ သူတို့မှာ ဇီဝကမ္မဗေဒဆိုင်ရာ အခြေခံအားဖြင့် ကြည့်လျှင် ဘာရောဂါမျှ ရှာမတွေ့ဘဲ ဖြစ်နေတယ်။ ဒါမှ မဟုတ်ရင်လည်း တွေ့ရှိတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းဆိုင်ရာ ကိုယ်လက်မအီမသာ ဖြစ်ရတာဟာ စိတ်ဓာတ်ကြောင့်ဖြစ်တယ်ဆိုတာကို တွေ့ရတယ်။ အမှန်ကတော့ စိတ်ရောဂါသက်သက်ပဲ ဆိုပါတော့။ မိန်းမရဲ့ ကိုယ်ခန္ဓာကို ဖျက်ဆီးနေတဲ့အရာဟာ တခြားမဟုတ်ပါဘူး။ မိန်းမဖြစ်ရလေခြင်းဆိုတဲ့ စိုးရိမ်ပူပန်မှုပဲ ဖြစ်ပါတယ်။

ဒီတော့ မိန်းမရဲ့ ဇီဝကမ္မဗေဒဆိုင်ရာ အခြေအနေဟာ အတားအဆီး ဖြစ်ခဲ့ရတယ်ဆိုရင် ဒါဟာ အခြေအနေအရပ်ရပ်ကြောင့်သာ ဖြစ်တယ်ဆိုတာ တွေ့နိုင်တယ်။ သူ့မှာ ရောဂါဝေဒနာရယ်လို့ မရှိခဲ့ရင် မိန်းမရဲ့အာရုံကြောနဲ့ ဘာစက်မော်တာ မငြိမ်မသက်ဖြစ်မှုတို့ဟာ ယောကျ်ားတွေနဲ့ သိပ်မထူးလှပါဘူး။ အတူတူလောက်ပါပဲ။ ယောကျ်ားတွေမှာလည်း စိတ်အပြောင်းအလဲမြန်တာ၊ စိတ်တိုတာတွေ မကြာခဏ ရှိနေကြတာပဲ။ တစ်လမှာ တစ်ရက်နှစ်ရက်လောက် ကိုယ်လက်မအီမသာ ဖြစ်တာကလေးဟာ ဘာမျှပြောပလောက်တဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ တချို့မိန်းမတွေဆိုရင် ရာသီပန်းပွင့်တာတွေကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှု မဖြစ်တော့ဘဲ သွားလာမပျက်၊ အလုပ်အကိုင်မပျက် နေတတ်ထိုင်တတ်အောင် ရှိနေကြပါပြီ။

အထူးသဖြင့် ရာသီပန်းပွင့်တဲ့ကိစ္စဟာ အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေတဲ့ မိန်းမများဖြစ်တဲ့ အားကစားမယ်များ၊ ခရီးသွားသူများ၊ ကချေသည်များ၊ အလုပ်ပင်ပင်ပန်းပန်းလုပ်ရသူများ ဆိုရင် ရာသီပန်းပွင့်တဲ့ကိစ္စကို သာမန်လောက်ပဲသဘောထားပြီး အသွားအလာမပျက် နေတတ်ထိုင်တတ်နေကြပါပြီ။ သက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာလည်း မိန်းမတွေ မလုပ်နိုင်တဲ့ လုပ်ငန်းရယ်လို့ မရှိလှတော့ပါဘူး။ အားကစားမှာဆိုရင် အဆုံးစွန်သော ပန်းတိုင်ဟာ အားကစားပစ္စည်း စသည်တို့မပါဘဲ လူလုံးသက်သက် စွမ်းရည်ပြဖို့ မဟုတ်ပါဘူး။ သူ့ပစ္စည်းနှင့်သူ၊ သူ့အားကစားနယ်ပယ်နှင့်သူ ဘယ်လောက်ကစားနိုင်သလဲ၊ ဘယ်လောက်အရည်အချင်းရှိသလဲ ဆိုတာကို ပြနိုင်ဖို့သာ အရေးကြီးပါတယ်။ ဖယ်သာဝိတ်လက်ဝှေ့ချန်ပီယံတွေဟာလည်း ဟဲဗီးဝိတ်တန်းက လက်ဝှေ့ချိန်ပီယံလို ချန်ပီယံပါပဲ။ အမျိုးသမီး ရေခဲလျှောစီးချန်ပီယံဟာလည်း သူ့ထက်မြန်တဲ့ အမျိုးသား ရေခဲလျှောစီးချန်ပီယံထက် မနိမ့်ကျပါဘူး။

သူတို့နှစ်ဦးဟာ တူမှမတူကြတာ။ ဘယ်မှာသွားပြီး နှိုင်းယှဉ်လို့ရမှာလဲ။ အမှန်ကတော့ အမျိုးသမီးအားကစားနည်းတွေကို ကစားတဲ့ အမျိုးသမီး အားကစားမယ်များဟာ အမျိုးသားအားကစားသမားတွေထက်တောင် အတားအဆီး အနှောင်အဖွဲ့ နည်းပါသေးတယ်။ ဒါပေမယ့် မိန်းမရဲ့ ပင်ကိုခန္ဓာအားနွဲ့မှုကြောင့် အကြမ်းပတမ်းတွေကိုတော့ လုပ်လို့မရနိုင်ဘူးပေါ့။

သို့တိုင်အောင် မိန်းမရဲ့ ခန္ဓာကိုယ်အလှနဲ့ မျက်နှာအလှတို့ကို တခြားနည်းလမ်းများနဲ့ အသုံးချတတ်တယ် ဆိုရင်တော့ ကိုယ်ခန္ဓာ အားနွဲ့မှုကို မေ့ပျောက်သွားနိုင်အောင် ကိုယ်ခန္ဓာအားနည်းချက်ကို အစားထိုးနိုင်မှာပါ။ တကယ်လို့ တချို့မိန်းမတွေဟာ ရေကူးခြင်း၊ တောင်တက်ခြင်း၊ လေယာဉ်မောင်းခြင်း၊ ရာသီဥတုကြမ်းတွေးထဲမှာ အကြမ်းပတမ်းခံခြင်း၊ စွန့်စားမှုများကို ပြုလုပ်ခြင်း စသည်တို့ကို လုပ်လာနိုင်ရင်လည်း စောစောကပြောခဲ့တဲ့ စိုးရိမ်မှုဆိုတာတွေဟာ အလိုလို ပြေပျောက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မိန်းကလေးဆိုပြီး သိမ်ငယ်စိတ်ဝင်ရတာဟာ အများအားဖြင့်တော့ အထွေထွေ အခြေအနေတွေနဲ့ ဆိုင်တယ်လို့ ထင်ပါတယ်။ မိန်းကလေးဆိုတဲ့ သိမ်ငယ်စိတ်ကလေးဟာ ငယ်ငယ်တုန်းကတော့ ရှိခဲ့တာမှန်ပါရဲ့။ ဒါပေမယ့် အရွယ်ရောက်လာလို့ အထွေထွေလူမှုအခြေအနေတွေနဲ့ ကြုံတွေ့လိုက်ရတဲ့အခါမှာတော့ ငယ်ငယ်က ရှိခဲ့ဖူးတဲ့သိမ်ငယ်စိတ်တွေကို





ပြီးလေးနက်အောင် လုပ်ပေးနေသလို ဖြစ်တတ်ပါတယ်။ ကလေးဘဝက ရခဲ့တဲ့ သိမ်ငယ်စိတ်ဟာ အတန်ကြာပျောက်ကွယ်နေပြီး အပျိုဘော်ဝင်ခါမှာ ပြန်ပြီးပေါ်လာတတ်တယ်။ ဒီလိုပြန်ပေါ်လာတာနဲ့ မိန်းကလေးရဲ့ အသိဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးမှုဟာလည်း နှေးကွေးသွားရတာပါပဲ။ အပျိုဘော်ဝင်ပြီးတဲ့နောက်မှာ မိန်းကလေးများမှာ အသိဉာဏ်ပညာနဲ့ အနုပညာဆိုင်ရာ ဖွံ့ဖြိုးမှုတို့ အားနည်းသွားတတ်ကြတယ်လို့ မကြာခဏပြောလေ့ရှိတယ်။ ဒီလိုဖြစ်သွားရတာကတော့ အကြောင်းတွေအမျိုးမျိုးရှိပါတယ်။ အများအားဖြင့် တွေ့ရတတ်တဲ့ အကြောင်းကတော့ အပျိုဘော်ဝင်စ မိန်းကလေးမှာ သူ့အစ်ကိုတွေ၊ သူ့မောင်တွေကရတဲ့ အားပေးမှုမျိုးကို မရခဲ့တဲ့အချက်ပါပဲ။ မိန်းကလေးဟာ မိန်းမပီသရမယ်။ ဗိုင်းကောင်းကျောက်ဖိဖြစ်ရမယ်လို့ ပြောတတ်ကြတယ် မဟုတ်လား။ ဒီအထဲမှာ မိန်းကလေးပီပီ အိမ်မှုကိစ္စတာဝန်တွေကလည်းများတော့ သူ့မှာ အနုပညာတို့၊ အသိဉာဏ်ပညာတို့ကို လေ့လာလိုက်စားဖို့ အချိန်မရတော့ဘူးပေါ့။

ဒါနဲ့ပတ်သက်လို့ အမျိုးသမီးသင်တန်းကျောင်း အမျိုးသမီးဒါကိုဘာတစ်ဦးက ပြောဖူးတာရှိတယ်။ မိန်းကလေးဟာ အလုပ်အကိုင်ရပြီး သူ့လစာနဲ့ သူ့အလုပ်နဲ့သူ ဖြစ်လာတာနှင့် တစ်ပြိုင်နက် လူရာဝင်စပြုလာတယ်။ အိမ်မှုကိစ္စတွေကို မလုပ်ချင်တော့ဘဲ ဖြစ်လာတယ်။ ဒါပေမယ့် ခက်တာက ဒီအလုပ်တွေက ထွက်ပြေးတိမ်း ရှောင်လို့လည်း မရပြန်ဘူး။ အလုပ်ကနေပြီး ညနေ အိမ်ပြန်လာတော့ ဖတ်ဖတ်မောလှပြီ။ ခေါင်းထဲမှာ အလုပ်ကိစ္စတွေကလည်း ပါသင့်သလောက် ပါလာသေးတယ်။ အိမ်ရောက်တော့ သက်သာမယ်ထင်သလား။ ဘယ်မှာ သက်သာလို့လဲ။ အမေကခိုင်းလို့ ဝင်လုပ်ပေးရတာရှိတယ်။ မနက်တုန်းက တန်းလန်းထားပစ်ခဲ့တဲ့အိမ်အလုပ်တွေ ရှိသေးတယ်။ သူ့အဝတ်ဗီရိုကို ရှင်းစရာရှိသေးဘယ်။ ဒီတွင် စိတ်ညစ်လာပြီ၊ မောလာပြီ။ အိမ်အလုပ်တာဝန်တွေ ဘာမျှမရှိတဲ့ သူ့မောင်တွေ၊ အစ်ကိုတွေကတော့ဇိမ်ပေါ့။ ဒီတွင် မိန်းကလေးဟာ မကျေမနပ်ဖြစ်လာတော့တာပဲလို့ ပြောဖူးပါတယ်။

အမေတွေကလည်း အိမ်မှုကိစ္စတွေ၊ အိမ်ထောင်ထိန်းသိမ်းရေး ကိစ္စတွေကို မိန်းကလေးတွေအပေါ်မှာ လွှဲလေ့ရှိကြတယ်။ စစ်ကာလအတွင်းတုန်းကဆိုရင် ကျွန်မအတန်းမှာ တက်နေတဲ့ ကျောင်းသူတပည့်မ တော်တော်များများဟာ ကျောင်းစာအပြင် အိမ်အလုပ်တွေလည်း ကျုံးလုပ်ရလေတော့ မောပန်းပြီး ရောဂါတွေရကုန်ကြတယ်။ အမေကလည်း အမေပဲ။ ဆူပူကြိမ်းမောင်းတယ်။ သားငယ်ရဲ့ လှုပ်ရှားမှု၊ သားငယ်ရဲ့ လွတ်လပ်မှုတွေကို ပေးစားအထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြီး ကြည်ဖြူသလောက် သမီးငယ်ရဲ့ လှုပ်ရှားမှုတွေကိုတော့ စောင့်ကြည့်တတ်တယ်။ အိမ်ထဲမှာပဲ နေစေတယ်။ သမီးငယ်ကိုယ်တိုင် ပျော်ရွှင်မှုရှာတာတို့ သမီးငယ်ကိုယ်တိုင် အပျင်းဖြေတာတို့ကို ခွင့်မပြုဘူး။

ပညာသင်ကြားမှု စနစ်တွေကြောင့် မိန်းကလေးမှာ လွတ်လပ်ခွင့်နဲ့ နည်းပါးရတဲ့အထဲမှာ ရှေးထုံးအစဉ်အလာတွေကလည်း မိန်းကလေးရဲ့ လွတ်လပ်မှုကို အတားအဆီး အနှောင့်အယှက် ပြုကြတာတွေ ရှိသေးတယ်။ ညနေလမ်းမမှာ လျှောက်လည်ကြည့်ရင် ဝိုင်းကြည့်တာခံရတယ်။ နောက်က လိုက်ကြည့်တာခံရတယ်။ ခြေလှမ်းကျဲကြီး လှမ်းသွားရင်၊ သီချင်းဆိုရင်၊ စကားပြောရင်၊ ခပ်ကျယ်ကျယ်ရယ်ရင် လမ်းမှာ လူတွေက ဝိုင်းအကြည့်ခံရတယ်။ ဘဝမှာ အပူအပင်ကင်းမဲ့ပြီး ဘယ်သူ့ကိုမှ ဂရုမထားဘဲ လွတ်လွတ်လပ်လပ် ပျော်ရွှင်ခွင့်ရယ်လို့ မရှိသလောက်ပဲ။ ချုပ်တည်းရတာတို့ စောင့်စည်းရတာတို့ များလွန်းတဲ့အတွက် ချုပ်တည်းမှုဟာ သူ့ရဲ့ဒုတိယဒုစရိုက်ဖြစ်လာခဲ့တယ်။ ဒါနဲ့အတူ သူ့ရဲ့အလိုအလျောက် သဘာဝကျကျ နေထိုင်မှုဟာလည်း ပျောက်ကွယ်သွားတော့တယ်။ ရွှင်လန်းမြူးထူးမှုဟာ ပျောက်ကွယ်သွားပြီး စိတ်ကျဉ်းကျပ်မှုနဲ့ စိတ်ထွေပြားမှုတွေကိုသာ ပေါ်လာခဲ့တယ်။

မိန်းကလေးတွေ စိတ်ထွေပြားပုံဟာ တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်။ မိန်းကလေးများဟာ သူငယ်ချင်းချင်းပေါင်းသင်းရာမှာ တစ်ယောက်ကို တစ်ယောက် မကြာခင်မှာ ငြီးငွေ့သွားလေ့ရှိတတ်ကြတယ်။ မိန်းကလေးတွေဟာ အချင်းချင်း ကြာရှည်ပေါင်းသင်းလေ့မရှိကြဘူး။ ယောကျ်ား ကလေး အဖော် များကို ရှာဖွေလာတာဟာ အဲဒီလို မိန်းကလေးအချင်းချင်း ကြာရှည်အပေါင်းအသင်း မလုပ်နိုင်လို့ဖြစ်တယ်။ ဒီလို ကိုယ့်မှာ ပြည့်စုံခြင်းမရှိဘူးဆိုတာကို သိလာတာနဲ့ သူ့မှာ အကြောက်တရားဟာ သူ့ဘဝတစ်လျှောက်လုံး သူ့လုပ်ငန်းတွေအားလုံးမှာ ကြီးစိုးသွားတော့တာပါပဲ။ ကြီးကျယ်ထင်ရှားတဲ့ အောင်မြင်မှုကြီးတွေဟာ သူတို့အတွက် မဟုတ်ဘူး။ ယောကျ်ားကလေးတွေရဲ့ အတွက်လို့သာ ထင်လာတယ်။ ဒီလိုနဲ့ မိန်းကလေးဟာ ရည်မှန်းချက်ကြီးကြီးထားရမှာကို ကြောက်လာတယ်။ ၁၄ နှစ်အရွယ် ကလေးမလေးတွေဟာ သူတို့နဲ့ ရွယ်တူယောကျ်ားလေးတွေနဲ့ ယှဉ်လိုက်တာနဲ့ သူတို့က ယောကျ်ားကလေးဆိုပြီး ယှဉ်ပြိုင်ရဲတဲ့ စိတ်ပျောက်ကွယ်သွားကြတယ်။ ဒါနဲ့ ကြီးပြင်းလာတဲ့အခါမှာတော့ အဲဒီစိတ်ဓာတ်ကြောင့် မိန်းကလေးဟာ ပျင်းရိသွားပြီး အလယ်အလတ် သာမန်အရည်ချင်းရှိတဲ့အထဲက ဖြစ်သွားတယ်။ ထက်ထက်မြက်မြက် ဖြစ်မလာတော့ဘူး။ မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားကလေး





တစ်ယောက်ကို သူရဲဘောကြောင်တယ်လို့ ဝေဖန်ပေမယ့် သူရဲဘောကြောင်တယ်လို့ သူ့ကိုသွားပြောရင် ငါကတော့ မိန်းကလေးဆိုပြီး ပြန်ဖြေမှာပဲ။ ဒါဟာ ကလေးဘဝကတည်းက အခြေအနေများကြောင့် မိန်းကလေးရဲ့ ရင်ထဲမှာ စွဲသွားတဲ့ မိန်းမစိတ် ဖြစ်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အပျိုပေါက်နှင့် နာစစ်ဆပ်ပဝါဒ

အလျင်တုန်းကပြောခဲ့သလို အပျိုဘော်ဝင်စ မိန်းကလေးဟာ အရှုံးပေးဝါဒ ဝင်နေတတ်တယ်။ ဒီလို အရှုံးပေးဝါဒ ဝင်ရတဲ့ အဓိကအကြောင်းကတော့ သူ့အနာဂတ်အတွက် သူ့ကိုယ်သူ တာဝန်ရှိတယ်လို့ မယူဆလို့ဘဲ ဖြစ်ပါတယ်။ မိန်းမရဲ့ ကံအကြောင်းတရား မိန်းမရဲ့ နောင်ရေးဟာ သူ့ကိုယ်တိုင်အားထုတ်မှုပေါ်မှာ မတည်၊ ဖိုသတ္တဝါရဲ့ရှေ့ဆောင်မှု၊ ဖိုသတ္တဝါရဲ့ လမ်းညွှန်မှုအပေါ်မှာသာ တည်တယ်လို့ ငယ်ငယ်ကလေးကတည်းက စွဲခဲ့လေတော့ အပျိုဘော်ဝင်စ မိန်းကလေးဟာ ကိုယ့်ရဲ့အရှုံးပေးဝါဒကို ချက်ချင်း မသိသေးဘူး။ ငယ်ငယ်တုန်းက ယောက်ျားကလေးတွေနဲ့ ကစားခဲ့ရာမှာ လုပ်သလို အနိုင်ယူချင်တာမျိုး၊ ဒိုးဒိုးဒေါက်ဒေါက်၊ ဆိုးဆိုးဆတ်ဆတ် လုပ်ချင်ပြောချင်တာမျိုးတွေ ရှိတယ်။ ဒါပေမယ့် ဒီလိုအပြုအမူတွေဟာ အဲဒီမိန်းကလေးအဖို့ ကျဆုံးဖို့လမ်းစပျိုးတာနဲ့ အတူတူပါပဲ။

သိပ်ပြီး စိတ်ထားနူးညံ့တဲ့ မိန်းကလေးကအစ သိပ်ပြီး စိတ်ထားကြမ်းတမ်းတဲ့ မိန်းကလေးအထိပဲ ဒီအပျိုဘော်ဝင်စ အရွယ်ရောက်လာတာနဲ့ သူတို့ဟာ သူတို့ရဲ့ကလေးဘဝက အပြုအမူတွေကို စွန့်ပစ်ခဲ့ရတော့မယ်လေ။ ယောက်ျားကလေးတွေနဲ့ ဆက်ဆံရာမှာ အရင်တုန်းကလို ဒိုးတူပေါင်ဖက် ဆက်ဆံခြင်းမပြုဖို့၊ အတင့်မရဲဖို့၊ မိန်းကလေးပီပီ သိုသိုသိပ်သိပ် ဆက်ဆံဖို့ အမေတွေကလည်း အဲဒီအရွယ်အရောက်မှာ ဆုံးမလာခဲ့ကြတယ်။ တကယ်လို့ အဲဒီအရွယ်မှာ ယောက်ျားကလေးတွေနဲ့ မိတ်ဆွေသူငယ်ချင်းလိုပဲ ပေါင်းသင်းတာမျိုးဖြစ်ဖြစ်၊ ရည်းစားထားတာမျိုးပဲဖြစ်ဖြစ် ကိုယ်ကစတာမျိုးမဖြစ်ဖို့ လို





တယ်။ ယောက်ျားတွေဟာ စာတို၊ ကဗျာတို့ တတ်တဲ့မိန်းကလေးတို့၊ ဦးနှောက်ကောင်းတဲ့ မိန်းကလေးတို့ကို သိပ်သဘောကျလှေ့မရှိဘူး။ အဲဒီလိုမိန်းမမျိုးတွေကို ယောက်ျားတွေက လန့်တတ်ကြတယ်။ ဂျော့အဲလီယော့ ပြောသလို ဝတ္ထုတွေထဲမှာ ဇာတ်လိုက်ချင်း အရည်အချင်းပြိုင်ကြပြီဆိုရင် ယောက်ျားဆန်တဲ့ယောက်ျားကို ဉာဏ်ရည်ရှိတဲ့မိန်းမက အမြဲလိုရှုံးပြီး၊ သိပ်ပြီး အတွေးအခေါ်မရှိတဲ့ မိန်းမမျိုး၊ သိပ်ပြီး ပညာမတတ်တဲ့ မိန်းမမျိုးက အနိုင်ရသွားလေ့ရှိကြတယ်။

ဂျော့အဲလီယော့ရဲ့ "မြစ်ကမ်းဘေးက စက်ရုံလေး" ဆိုတဲ့ ဝတ္ထုမှာ ဉာဏ်ကောင်းပြီး ပညာတတ်တဲ့ မဂ္ဂီဟာ သူ့ဘဝလမ်းကြောင်းကို ပြောင်းအောင် တစ်လျှောက်လုံး ကြိုးစားခဲ့ပေမယ့် နောက်ဆုံးမှာ ကွယ်လွန်သွားခဲ့ရပြီး ဉာဏ်သိပ်မရှိတဲ့ ရုပ်ချောတဲ့ လုစီကသာ စတီဖင်နဲ့ ပေါင်းသင်းသွားရပါတယ်။ "မိုဟီကန်တို့၏ နောက်ဆုံး" ဆိုတဲ့ ဝတ္ထုမှာလည်း ရဲရင့်တဲ့ ကလဲရာက ဇာတ်လိုက်နဲ့ ပေါင်းမသွားဘဲ မိုက်မဲတဲ့အဲလစ်က ဇာတ်လိုက်တဲ့ ပေါင်းသွားရပါတယ်။ "မိန်းမငယ်များ" ဆိုတဲ့ ဝတ္ထုမှာလည်း ဒီအတိုင်းပဲ။ ချစ်စရာကောင်းတဲ့ ဂျိုးဟာ ဇာတ်လိုက်လော်ရီရဲ့ ကလေးဘဝ ကျောင်းသွားဖော်၊ ကစားဖော်သာ ဖြစ်ခဲ့ပြီး၊ ခပ်ပေါ့ပေါ့ အေမီနဲ့ သူ့ဆံပင်ကောက်ကလေးတွေကိုသာ အရူးအမူးဖြစ်နေပြီး သူ့ကို ချစ်သွားပါတယ်။

မိန်းမဆန်ဖို့ဆိုရင် အားနွဲ့တဲ့ပုံမျိုး ရှိနေရမယ်။ နိုကိုးရာမဲ့နေတဲ့ ပုံမျိုးလေးရှိနေရမယ်။ နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့လေး ဖြစ်နေရမယ်။ သူ့ကိုယ်သူ အလုခြယ်သဖို့တွင် မကဘူး။ ဆွတ်ရင်ညွတ်တော့မယ် ပုံမျိုးရှိနေရမယ်။ ဒါပေမယ့် ကိုယ့်ထက် အသက်ကြီးသူတွေက သင်ပေးထားတဲ့အတိုင်း ဒီတိမ်းလွယ်ညွတ်လွယ်တဲ့ သဘောကလေးကို မိန်းမတို့ရဲ့ ဏ္ဍြေသိက္ခာနဲ့ ဖုံးကွယ်ထားတတ်ရမယ်။ ဒီလိုမှ မဟုတ်ဘဲ ငါမိန်းမပဲ၊ ဘယ်သူပဲဆိုတဲ့ ကိုယ့်ကို ဘဝင်မြင့်တဲ့ ဟိတ်ဟန်မျိုးနဲ့ဆိုရင် မိန်းမတို့ရဲ့ စွဲမက်စရာလေးတွေဟာ ပျောက်ကွယ်သွားနိုင်တယ်။ လုလင်ဟာလည်း လူ့ဘဝကြီးထဲကို လျှောက်လှမ်းပြီး ဝင်ရတာပဲ။ ဒါပေမယ့် သူတို့နှစ်ယောက် လျှောက်လှမ်းဝင်ကြရတဲ့ ခရီးကတော့ မတူကြဘူး။ လုလင်ဟာ လောကကြီးထဲကို လျှောက်လှမ်းတဲ့နေရာမှာ လူတစ်ယောက်အနေနဲ့လည်း လျှောက်လှမ်းရတယ်။ ဖိုသတ္တဝါတစ်ယောက်အနေနဲ့လည်း လျှောက်လှမ်းရတယ်။ လုံမငယ်ဟာလည်း လူ့ဘဝထဲကို လျှောက်လှမ်းတဲ့နေရာမှာ လူတစ်ယောက်အနေနဲ့လည်း လျှောက်လှမ်းရတယ်။ တစ်ပြိုင်နက်တည်းမှာ မသတ္တဝါတစ်ယောက်အနေနဲ့လည်း လျှောက်လှမ်းရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် လုလင်အဖို့ လူတစ်ယောက်အနေနဲ့ လျှောက်လှမ်းရခြင်းနဲ့ ဖိုသတ္တဝါတစ်ယောက်အနေနဲ့ လျှောက်လှမ်းရခြင်းမှာ ကွာခြားချက်မရှိဘူး။ ကွာဟချက် မရှိဘူး။ ဒါပေမယ့် လုံမငယ်အဖို့ကျတော့ ဒီလိုမဟုတ်တော့ဘူး။ သူ့အဖို့ လူသတ္တဝါတစ်ယောက်အနေနဲ့ လောကကြီးထဲကို လျှောက်လှမ်းဝင်ရခြင်းနဲ့ မသတ္တဝါတစ်ယောက်အနေနဲ့ လောကကြီးထဲကို လျှောက်လှမ်းဝင်ရခြင်းကြားမှာ ထပ်တူထပ်မျှ ဖြစ်မနေတော့ဘူး။ ကွာဟချက်ရှိနေတယ်။ ခြားနားချက်ရှိနေတယ်။ ကလေးဘဝတောင်မှပဲ သိပ်သိသာတဲ့ ခြားနားချက်ဖြစ်တယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ လွတ်လပ်မှုနဲ့ အမိုးခိုကင်းမှုတို့ကြောင့် လုလင်ဟာ လူမှုရေးအရ တန်ဖိုးကြီးလာပြီး ဖိုသတ္တဝါဆိုတဲ့ ဂုဏ်သိက္ခာကိုလည်း ရရှိလာခဲ့တယ်။ ရည်မှန်းချက်ကြီးမားတဲ့ စာရေးဆရာ ဘားလ်ဇက်တို့၊ ရက်စတီညက်စသည်တို့ဟာ စည်းစိမ်ဥစ္စာ၊ ကျော်ကြားမှုနဲ့ ချမ်းသာတဲ့ မိန်းမတွေကိုရဖို့ မျှော်မှန်းခဲ့ကြတယ်။ သူတို့ဘဝမှာ သူတို့ဖြစ်ချင်တာက မိန်းမတွေကလည်း မြတ်နိုးရမယ်၊ စည်းစိမ်ဥစ္စာလည်း ရှိရမယ်။ တန်ခိုးအာဏာလည်း ရှိရမယ်ဆိုတဲ့ လူစားမျိုးတွေဖြစ်ပါတယ်။ ဒါပေမယ့် လုံမငယ်တို့အဖို့တော့ ဒီလိုမမျှော်မှန်းနိုင်ရှာပါဘူး။ သူ့ရဲ့ လူသတ္တဝါအဖြစ်နဲ့ မသတ္တဝါအဖြစ် ကြားထဲမှာ ကွာခြားချက်ရှိနေတယ်။ ပဋိပက္ခ ရှိနေတယ်။ လုံမလေးအဖို့ အပျိုဖော်ဝင်စအရွယ်ဟာ ဘာကြောင့် ခက်ခဲတဲ့အရွယ်လဲ၊ ဘာကြောင့် ဒီလောက်အရေးကြီးတဲ့ အပိုင်း ဖြစ်လာရသလဲဆိုတာ ဒီအချက်ကိုကြည့်လိုက်ရင် သိပါတယ်။ အဲဒီအချိန်ထိ အပျိုဖော်ဝင်စအရွယ်အထိ လုံမလေးဟာ ကိုယ်ပိုင်လွတ်လပ်မှုရှိတဲ့သူ၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတဲ့သူ ဖြစ်တယ်။ ဟော ခု အပျိုဖော်ဝင်လာပြီလည်းဆိုရော သူ့ရဲ့အချုပ်အခြာအာဏာ၊ သူ့ရဲ့သီးခြားလွတ်လပ်ခွင့်၊ သူ့ရဲ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တို့ကို စွန့်လိုက်ရတော့တယ်။ မိန်းကလေးဟာ အတိတ်နဲ့ အနာဂတ်တို့ရဲ့ အကြားမှာ ရောက်သွားပြီး ဝေခွဲမရဖြစ်နေရတော့တယ်။ နာတတ်တဲ့ ဝေဒနာကို ခံစားရင်း အတိတ် ကလေးဘဝကိုပဲ လွမ်းရမလား။ ရှေ့မှာရောက်တော့မယ့် အနာဂတ်ကို ကြောက်ရမလားဆိုတဲ့ အသိကြားမှာ စိုးရွံ့ရုံတင်မကဘူး။ သူ့ရင်ထဲမှာ ပဋိပက္ခလည်း ပေါ်လာခဲ့တယ်။ အဲဒီ ပဋိပက္ခကတော့ သူ့ကိုယ်သူ လူရာဝင်တယ်လို့ ထင်တဲ့အထင်နဲ့ လူကြီးမိဘတွေက သူ့ကို လူရာမသွင်းတော့ဘဲ ကြပ်ကြပ်မတ်မတ် အုပ်ထိန်းတာကို မကျေနပ်မှု၊ အဲဒီအထင်နဲ့ အဲဒီ မကျေနပ်မှုကြားက ပဋိပက္ခပါပဲ။ အဲဒီပဋိပက္ခကတော့ သူဟာလည်း လူတစ်ယောက်၊ သူဟာလည်း ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သူတစ်ယောက်၊ လွတ်လပ်တဲ့ လူတစ်ယောက်ဆိုတဲ့ ငယ်ငယ်တုန်းက ရခဲ့တဲ့အသိနဲ့ မိန်းမ





သဘာဝပေါ်လာတဲ့ သဘာဝစိတ်၊ ပတ်ဝန်းကျင်လောကက သူ့ကို ငြိမ်သက်တဲ့ ဝတ္ထုပစ္စည်းလိုသဘောထားပြီး သူ့ကိုဒီလိုနေထိုင်ဖို့ ဖိအားပေးမှုတို့ ကြားက ပဋိပက္ခပဲဖြစ်ပါတယ်။ သူ့ရဲ ပင်ကိုသဘာဝကတော့ သူ့ကိုယ်သူ အရေးကြီးတဲ့ သူတစ်ယောက်အဖြစ် သူ့ကိုယ်သူသဘောထားဖို့ သူ့စိတ်ကို ဘယ်လိုယုံမလဲ။ အဲဒါဟာ အပျိုဖော်ဝင်စ မိန်းကလေးရဲ့ စိတ္တဗေဒဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ ငါ့ရဲ့အတ္တစိတ်ကို ဘယ်လိုဖော်ပြရမလဲ။ ဒါဟာ အပျိုဖော်ဝင်စ မိန်းကလေးရဲ့ ကြုံတွေ့ရတဲ့ စိတ္တဗေဒဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ ဆန္ဒနဲ့ စိတ်ပျက်မှု၊ မျှော်လင့်ချက်နဲ့ အကြောက်၊ ကလေးငယ်ရဲ့ လွတ်လပ်မှုနဲ့ အပျိုဖော်ဝင်စအရွယ်ရဲ့ မလွတ်လပ်မှု၊ အဲဒီအရာတွေရဲ့ကြားမှာ သူ ဝေခွဲမရဖြစ်နေတယ်။ ဒီလို မရေမရာမပြတ်မသား ဖြစ်နေတဲ့ကြားက လုံမငယ်က အရွယ်ရောက်လာခဲ့ရတယ်။ ဒါကြောင့်ပဲ အပျိုဖော်ဝင်စ လုံမလေးက စိမ်းနေတဲ့ သစ်သီးတစ်လုံးရဲ့ အရသာကိုပဲ ချဉ်စူးစူး ဖြစ်နေတတ်တယ်။

ဒီလိုအခြေအနေမျိုးကို တုံ့ပြန်ရာမှာ ကလေးဘဝက သူ့ရဲ့စိတ်နေသဘောထားကိုလိုက်ပြီး အမျိုးမျိုးတုံ့ပြန်တတ်ကြတယ်။ ငယ်ငယ်တုန်းက မိခင်စိတ်မျိုးရှိတတ်တဲ့ သူနာပြုဆရာမစိတ်မျိုးရှိတတ်တဲ့ လုံမလေးဟာ အဲဒီလို သူ့ရဲ့ ဘဝအရွယ်ကူးပြောင်းမှုကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်တတ်ပါတယ်။ ဒါပေမယ့် တစ်ဘက်မှာ မိခင်စိတ်ရှိခဲ့တဲ့အတွက် အမိန့်ဩဇာပေးချင်တဲ့ ဗီဇရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ဖိုသတ္တဝါရဲ့ ဖိနှိပ်မှုကို တွန်းလှန်ဖိဆန်တာမျိုးလည်း ရှိပါတယ်။ ဒီမှာတင် သူဟာ အမိန့်ကို နာခံခြင်းမပြုတဲ့သဘော၊ အရာရာ ဆရာလုပ်ချင်တဲ့ သဘောတွေ လွှမ်းမိုးလာတတ်ပါတယ်။ ပြင်းထန်လာရင် မိန်းမစိတ်တောင်ပျောက်သွားပြီး ယောက်ျားလျာစိတ်တောင် ပေါက်လာတတ်ပါတယ်။ အထူးသဖြင့် ငယ်ငယ်က ဘာတာဝန်မှမယူခဲ့ရတဲ့ အစ်မကြီးတွေမှာ ဒီလိုစိတ်ထားမျိုး ပေါ်လေ့ရှိပါတယ်။ ဒါပေမယ့် အများအားဖြင့်တော့ လုံမငယ်ဟာ ကိုယ့်ရဲ့ မသဘာဝကို လက်ခံကြတာပဲ များပါတယ်။ ခုခံမှုကတော့ နည်းနည်းပါးပါးတော့ ရှိတာပေါ့လေ။

အပျိုဖော်ဝင်စ လုံမငယ်မှာ နောက်တစ်ချက် စိတ်ဝင်စားစရာကောင်းတာ ရှိသေးတယ်။ အဲဒါကတော့ လုံမငယ်ရဲ့ လိင်စိတ်နိုးကြားမှု သူ့အလှပြင်မှုပဲ။ လိင်စိတ်နိုးကြားမှုနဲ့ ပြင်ဆင်မွမ်းမံသွားမှု၊ တစ်နည်းပြောရရင် မိမိကို ယောက်ျားကလေးတွေ ဂရုစိုက်လာအောင် ဖြားယောင်းမှုဆိုပါတော့။ ဒီနှစ်ခုဟာ ဆက်စပ်နေကြတယ်။ မိန်းကလေးဟာ လိင်စိတ်နိုးကြားခြင်း မရှိသေးရင် သူ့ကိုယ်သူလည်း အလှပြင်လေ့မရှိဘူး။ ဒီအချက်ကို ဆေးပညာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ပြီး ဖြစ်ပါတယ်။ သိုင်းရှိုက် အကျိတ်အားနည်းနေတဲ့သူတွေကို သိုင်းရှိုက်ဟော်မုန်း ထိုးပေးတဲ့အခါမှာ သူတို့ဟာ ပြုံးရယ်လာကြတယ်။ အလုပ်ပြင်လာကြတယ်။ ပျော်ရွှင်လာကြတယ်။ ရုပ်ဝါဒ အဘိဓမ္မာကို လက်ခံတဲ့ စိတ်ပညာရှင်တွေကတော့ ဖြားယောင်းသွေးဆောင်ခြင်း၊ အလုပြင်ဆင်ခြင်းဟာ သိုင်းရှိုက်အကျိတ်တွေက ထုတ်လုပ်ပေးလိုက်တဲ့ "ပကတိစိတ်" လို့တောင် ဆိုကြပါတယ်။

လုံမလေးတို့အဖို့ အချစ်စိတ်၊ သို့မဟုတ် လိင်စိတ်နိုးကြားစိတ်က သူ့ရည်ရွယ်ချက်တွေကို အောင်မြင်ဖို့ အသုံးချတဲ့အရာ ဖြစ်လာခဲ့ပါတယ်။ ဒါကို သူကိုယ်တိုင်တော့ သိတာမဟုတ်ပါဘူး။ လုံမလေးဟာ အပျိုဘော်ဝင်စမှာ ဖွံ့ဖြိုးလာတဲ့ သူ့ခန္ဓာကိုယ်ကိုကြည့်ပြီး တအံ့တသြဖြစ်နေပါတယ်။ သူ့ခန္ဓာကိုယ်ဟာ ခါတိုင်းထက် နှစ်ဆကြီးထွားဖွံ့ဖြိုးလာတယ်လို့တောင် သူထင်လိုက်ပါသေးတယ်။ လုံမလေးဟာ အပျိုဘော်ဝင်လာတာနှင့် သူ့ခန္ဓာကိုယ်နဲ့ သူဟာ တစ်ထပ်တည်းမရှိတော့ဘဲ တစ်ယောက်စီ ဖြစ်လာတယ်လို့ သူ့ကိုယ်သူ ထင်ပါတယ်။ သူဟာ ပြင်ပက လူတစ်ဦးရယ်လို့ ထင်လာပါတော့တယ်။ ဒါကြောင့်မို့ ရိုဇမွန်းလေးပန်ရဲ့ဝတ္ထုဖြစ်တဲ့ "ကမ္ဘာသို့ဖိတ်ကြားချက်" ဆိုတဲ့ ဝတ္ထုမှာ သူ့ကိုယ်သူ မသိတော့တဲ့ အော်လီဗီယာအကြောင်းကို ရေးထားပါတယ်။ အဲဒီထဲမှာ အော်လီဗီယာက သူ့ကိုယ်သူ မှန်ထဲကို ပြန်ကြည့်လိုက်တော့ သူမသိဘဲ လူစိမ်းတစ်ယောက်ကို မြင်နေရပါတယ်။ အဲဒီမှန်ထဲက သူမြင်လိုက်ရသူဟာ သူ့ကို ရင်ဆိုင်လိုက်တဲ့ အတ္တပါပဲ။

အဲဒီဝတ္ထုထဲက အော်လီဗီယာက မှန်ထဲမှာ သူ့ရုပ်ပုံကိုမြင်လိုက်တော့ အံ့အားသင့်နေတယ်။ အံ့အားသင့်တာက တခြားကြောင့်မဟုတ်ပါဘူး။ ကလေးဘဝတုန်းက သူလှချင်ပချင်တဲ့ မိန်းမပျိုတစ်ယောက်ကို မျှော်မှန်းကြည့်ခဲ့တယ်။ ခု အဲဒီမိန်းမပျိုဟာ သူကိုယ်တိုင်ဖြစ်နေလို့ပါ။ အော်လီဗီယာဟာ ကလေးဘဝက စိတ်ကူးမျှော်မှန်းချက်ကို မှန်ထဲမှာ တွေ့လိုက်ရလို့ ကြည်နူးရုံတင်မကဘူး။ သူ့အလှကို ပြန်ကြည့်ပြီးတော့လည်း ကျေနပ်သွားတယ်။ သူ့ရင်ညွန့်ကလေးကို လက်နှင့်ပွတ်မိတယ်။ ပြည့်ဝိုင်းတဲ့ သူ့ပခုံးသားအိအိကလေးတွေကို ဖိနယ်စမ်းသပ်မိတယ်။ လုံးဝန်းတဲ့ သူ့လက်မောင်းတွေကို ငုံ့ကြည့်မိ တယ်။ သူ့ရင်အုံ၊ သူ့ခြေထောက်တွေကို ငုံ့ကြည့်မိတယ်။ ဒီမှာတင် သူ့ကိုယ်သူ ကျေနပ်နှစ်သက်သွားတယ်။ သဘောကျသွားတယ်။ အပျိုဘော်ဝင်စမိန်းကလေးဟာ သည်လိုနဲ့ နာစစ်ဆပ်ဝါဒလို့ခေါ်တဲ့ ကိုယ့်ကိုယ်ကို စွဲလန်းနှစ်သက်တဲ့ နာစစ်ဆပ်ဝါဒနဲ့ အခြားတစ်ပါးသော ယောကျ်ားတစ်ယောက်ထံမှာ သူ့ခန္ဓာကိုယ်ကို အပ်နှင်းလို





တဲ့ လိင်နိုးကြားမှုတို့ဟာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဖီလာဖြစ်နေတတ်ပါတယ်။ ဒီဆန္ဒနှစ်ခုဟာ အပျိုဘော်ဝင်စ မိန်းကလေးရဲ့ရင်ထဲမှာ အမြဲလိုလို လွန်ဆွဲနေတတ်ပါတယ်။ လိင်အရ ရင့်ကျက်မှုရှိလာတဲ့အခါမှသာလျှင် မိန်းကလေးရဲ့ ရင်ထဲမှာရှိတဲ့ နာစစ်ဆပ်ဝါဒဟာ ပျောက်ကွယ်သွားတတ်ပါတယ်။

စာရေးဆရာမ ကက်သရင်းမင်းစဖီးကလည်း သူ့ရဲ့ "နိဒါန်း" ဆိုတဲ့ ဝတ္ထုညဲမှာ အပျိုဘော်ဝင်စ မိန်းကလေးရဲ့ နာစစ်ဆပ်ဝါဒ အစွဲအလမ်းနဲ့ မိန်းကလေးရဲ့ စိတ်ကူးယဉ်ဆန္ဒဟာ အမြဲလိုလို ရောထွေးနေတတ်ကြတယ်ဆိုတာကို ရေးခဲ့ဖူးပါတယ်။

သူက အဲဒီဝတ္ထုမှာ ဒီလိုရေးခဲ့ပါတယ်။

"မီးဖိုခန်းတွင်းရှိသည့် မီးလင်းဖိုမှ မီးတောက်အရောင်ထဲတွင် ဘယ်ရယ်သည် ကြိုးပုခက်ကလေး တစ်လုံးပေါ်တွင် ထိုင်ကာ ဂစ်တာတီး၍ သီချင်းဆိုနေခြင်းမှာ သူ့ကိုယ်သူ ဖျော်ဖြေဖို့ဖြစ်သည်။ မီးတောက်မှ မီးရောင်သည် သူ့ဖိနပ်ပေါ်၊ နီရဲသည့် ဂစ်တာအိုးပေါ်နှင့် ဖြူဖွေးသည့် သူ့လက်ချောင်းများပေါ်သို့ ဖြာကျနေကြသည်။

"ပြတင်းပေါက်အပြင်ဘက်ရပ်ပြီး ငါ့ကိုယ်ငါ ပြန်ချောင်းကြည့်လိုက်ရင် တော်တော်အံ့သြစရာကောင်းနေမှာပဲ" ဟု သူ တွေးနေသည်။ ဘယ်ရယ်သည် ဂစ်တာကို ပို၍ ခပ်ဖွဖွကလေး တီးနေသည်။ သို့ရာတွင် သီချင်းဆိုခြင်း မပြုတော့။ သူ့ဂစ်တာသံကို နားထောင်နေခြင်းသာ ဖြစ်သည်။

"ကြည့်စမ်း ဘယ်ရယ်။ နင့်ကို ငါပထမဆုံးသတိထားမိခဲ့တုန်းက နင်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ နင်မသိခဲ့ပါကလား။ ခြေတံလှလှကလေးတွေကို ကြိုးပုခက်ပေါ်မှာ လွှဲတင်ထားပြီး ဂစ်တာတီးနေလိုက်တာ၊ ဒီရှူးခင်းကလေးကို ငါဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး ဟု တွေးနေလေ၏။ ထို့နောက် ဘယ်ရယ်သည် ခေါင်းကိုငေ့ယမ်းကာ နောက်သီချင်းတစ်ပုဒ်ကို ဆိုနေပြန်လေ၏။

"ထိုစဉ် အပြင်ဘက်မှ ကျယ်လောင်သည့် ဖာခါးခေါက်သံ ပေါ်လာသည်။ အိမ်ဖော်ကလေး၏ နီရဲသော မျက်နှာ ပေါ်လာလေ၏။ ဘယ်ရယ်သည် အရေးကောင်းတုန်း လာနှောင့်ယှက်သဖြင့် စိတ်တိုသွားသည်။ ဘယ်ရယ်သည် မည်းမှောင်နေသည့် ဧည့်ခန်းထဲသို့ ပြေးထွက်လာခဲ့ရာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အို သူ့စိတ်တွေ ဘယ်လိုဖြစ်နေပါလိမ့်။ မီးဖိုခင်ပေါ်တွင် မှန်တစ်ချပ်ရှိသည်။ သူသည် နာရီခုံပေါ်တွင် လက်ထောက်ပြီး ဖျော့တော့သော သူ့မျက်နှာကို မှန်ထဲတွင် ကြည့်လိုက်သည်။ ကြည့်စမ်း မှု ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



လှလိုက်ပါသလဲ။ သို့ရာတွင် ထိုအလှကို ကြည့်မည့်သူ မရှိ။ မည်သူမျှမရှိ။ ဘယ်ရယ်သည် ပြုံးလိုက်၏။ သူ့အပြုံးသည် တကယ်နှစ်လိုဖွယ်အပြုံး၊ တကယ် ချစ်စရာအပြုံး၊ ထို့ကြောင့် နောက်တစ်ကြိမ် ပြုံးလိုက်ပြန်သည်။

သူ့ခန္ဓာကိုယ်ကို ကိုးကွယ်မှုဟာ သူ့ခန္ဓာအလှကို ကျေနပ်လို့ ကိုးကွယ်တာ သက်သက် မဟုတ်ပါဘူး။ သူ့ကိုယ်သူ ပိုင်ဆိုင်လိုတဲ့ သူ့အတ္တတစ်ခုလုံးကို ကိုးကွယ်လိုက်တာပဲ ဖြစ်တယ်။

## အိပ်မက်ထဲက ချစ်သူ

ဒီလိုနဲ့ မိန်းကလေးဟာ သူ့ခန္ဓာကိုယ်နဲ့ သူ့အတ္တကို ကိုးကွယ် ဆည်းကပ်လာခဲ့တယ်။

အချို့မိန်းကလေးတွေမှာ သူတို့ ကိုယ်ရေးကိုယ်တာ၊ သူတို့ စိတ်ကူးတွေကို ရေးမှတ်ထားတဲ့ မှတ်တမ်းကလေးတွေ၊ မှတ်စုကလေးတွေ ထားလေ့ရှိကြတယ်။ ဒါဟာ တခြားကြောင့် မဟုတ်ဘူး။ စောစောကပြောခဲ့တဲ့ သူတို့ရဲ့ စိတ်ကူးတွေ၊ သူတို့ ခံစားချက်တွေကို ထုတ်ဖော်ချင်လို့ဖြစ်တယ်။

မိန်းကလေးငယ်များဟာ သူတို့ငယ်ငယ်တုန်းက ယမင်းရုပ်ကလေးတွေနဲ့ စကားပြောခဲ့သလို သူတို့မှတ်စုစာအုပ်ကလေးတွေနဲ့ စကားပြောကြတယ်လေ။ သူတို့အဖို့ အဲဒီမှတ်စုစာအုပ်ကလေးတွေဟာ မိတ်ဆွေသူငယ်ချင်းလည်း ဟုတ်တယ်။ တိုးတိုးဖော် တိုင်ပင်ဖက်ဆိုရင်လည်း မှန်တယ်။ အဲဒီမှတ်စုစာအုပ်ကလေးတွေဟာ လူတစ်ယောက်လို သဘောထားပြီး သူ့ခံစားချက်တွေကို ထုတ်ဖော်ပြောတယ်။ မေးခွန်းတွေမေးတယ်။ ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ ဆရာတွေ ဆရာမတွေကို ထုတ်ဖော်မပြောတဲ့ လျှို့ဝှက်ချက်တွေ၊ အတွေးတွေကို အဲဒီမှတ်စုစာအုပ် စာမျက်နှာတွေပေါ်မှာ ထုတ်ရေးခဲ့တယ်။ အသက် ၁၂ နှစ်အရွယ်ကစပြီး အသက် ၂၀ လောက်အထိ မှတ်စုစာအုပ်ကလေးထားပြီး ရေးလေ့ရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မှတ်စုစာအုပ် အဖွင့်မှာ ဒီလို ရေးထားတာကို တွေ့ရတယ်။

"ငါဟာ မင်းရဲ့ မှတ်စုစာအုပ်ကလေးပါကွယ်။

လှပသေသပ်ပြီး လျှို့ဝှက်ထားတတ်တဲ့ မှတ်စုစာအုပ်ကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ လျှို့ဝှက်ချက်တွေကို ပြောပြပါလေ။

ငါဟာ မင်းရဲ့ မှတ်စုစာအုပ်ကလေးရယ်ပါ"

တချို့ မိန်းကလေးတွေကျတော့လည်း သူတို့ရဲ့ မှတ်စုစာအုပ် ရှေ့မှာ ဒီလိုရေးထားတာကို တွေ့ရတယ်။

"ကျွန်မကွယ်လွန်မှ ဖတ်ပါ" လို့ ရေးထားတတ်တယ်။ ဒါမှမဟုတ်ရင်လည်း "ကျွန်မ ကွယ်လွန်တဲ့အခါမှာ မီးရှို့ပစ်ပါ" လို့ ရေးထားတတ်တယ်။

ဒါကိုထောက်ရင် မိန်းကလေးဟာ အပျိုဘော်မဝင်ခင် ကတည်းက လျှို့ဝှက်တတ်တဲ့သဘော ရှိတယ်။ ဒီလျှို့ဝှက်တတ်တဲ့သဘောဟာ အပျိုဘော်ဝင်တဲ့အခါမှာ ပိုလို့ ကြီးမားလာတယ်ဆိုတာသိနိုင်တယ်။ သူဟာ ငေးမောတွေးတောရင်း တစ်ယောက်တည်းအချိန်ကုန်နေတတ်တယ်။ ပြီးတော့ လျှို့ဝှက်ထားတဲ့ သူ့အတွက်ကို သူ့ဘောပတ်ဝန်းကျင်က လူတွေကို ထုတ်ဖော်ပြသလေ့မရှိဘဲ ဖုံးကွယ်ထားတတ်တယ်။ မိန်းကလေးဟာ အဲဒီသူ့ရဲ့အတွက်ကို အစစ်အမှန်လို့ ထင်နေတယ်။ တကယ်ကတော့ သူ့အတွက်ဟာ သူ့စိတ်ကူးထဲမှာ၊ သူ့ မျှော်မှန်းချက်ထဲမှာ ရှိတဲ့ ရုပ်ပုံလွှာသာ ဖြစ်တယ်။

မိန်းကလေးဟာ သူ့စိတ်ကူးထဲမှာ သူ့ကိုယ်သူ ဇာတ်လိုက်မင်းသမီးကလေး တစ်ယောက်လို့ ထင်နေတယ်။ အမှန်ကတော့ အများကမြင်တဲ့ သူနဲ့ သူ့စိတ်ကူးထဲမှာ ရှိတဲ့ ဇာတ်လိုက်မင်းသမီးရုပ်ပုံဟာ တော်တော်ခြားနားပါတယ်။ ဒါပေမယ့် မိန်းကလေးဟာ သူ့စိတ်ကူးထဲက ဇာတ်လိုက်မင်းသမီးရုပ်ပုံလွှာကို ကြည့်ပြီး သူ့ကိုယ်သူတော့ ကျေနပ်နေတာပဲ။ မိန်းကလေးဟာ သူ့ကိုယ်သူ သူများတွေထက်သာတယ်လို့ ထင်တယ်။ သူများနဲ့မတူ တစ်မူထူးခြားတယ်လို့ ထင်တယ်။ သူဟာ သာမန်ထဲက မဟုတ်ဘဲ ခြွင်းချက်ထဲမှာပါတယ်လို့ ထင်တယ်။ ခု သူ့မှာ သာမန်ရှက်ကြမ်းရေကျိုဘဝမှာ ရှိနေပေမယ့် တစ်နေ့မှာ သူဟာ အများနဲ့မတူ ထူးခြားတဲ့သူဖြစ်လာမယ်လို့ သူ့ကိုယ်သူ မျှော်လင့်ထားတယ်။ ကျဉ်းမြောင်းပြီး ငြီးငွေ့စရာကောင်းတဲ့ သူရဲ့ ကမ္ဘာလောကကလေးထဲကနေပြီး သူဟာ စိတ်ကူးယဉ် အိပ်မက်တွေထဲကို ထွက်ပြေးတယ်။

ဟုတ်တယ်။ မိန်းကလေးဟာ အမြဲတမ်းလိုလို စိတ်ကူးယဉ်အိပ်မက်တွေထဲမှာ နေချင်တယ်။ အပျိုဘော်ဝင်စပြုလာတဲ့ အခါကျတော့ မိန်းကလေးရဲ့ စိတ်ဟာ ပိုပြီးတောင် စိတ်ကူးယဉ် အိပ်မက်တွေထဲမှာ နေချင်လာသေးတယ်။

အရွယ်ရောက်လာတာနဲ့ မိန်းကလေးဟာ သူ့ကို ခြောက်လှန့်နေတဲ့ ကမ္ဘာကြီးကို ကဗျာဆန်တဲ့ အသွေးအရောင်တွေနဲ့ မှုန်မှိုင်ခြယ်လှယ်ကြည့်ကြတော့တာပါပဲ။





ဖိုသတ္တဝါကို ကြည့်မြင်တဲ့အခါမှာလည်း အဲဒီဖိုသတ္တဝါရဲ့ ဘေးတော်လည်မှာ လရောင်ရွှန်းလဲ့ဖြာကျနေတယ်လို့ ထင်လာတယ်။

ချစ်သူတို့ရဲ့ ပတ်ဝန်းကျင်ဟာ ပန်းနုရောင်တိမ်တိုက်တွေ လွှင့်မျောနေတယ်လို့ ထင်ရတယ်။

သူတို့ရဲ့ ညဟာ ကဗျာပါညတွေလို့ ထင်လာတယ်။

မိန်းကလေးဟာ သူ့ခန္ဓာကိုယ်ကို ကျောက်ဖြူခန်းဆောင်၊ ကနုကမာပုံလို့ ထင်လာတယ်။ သူဟာ လှပတဲ့ နတ်သမီးပုံပြင်တွေလို သူ့ကိုယ်သူ ပြောပြတယ်။ မိန်းကလေးဟာ ဒီလိုအဓိပ္ပါယ်မရှိတဲ့ လေလွင့်မှုထဲမှာ မျောပါနေတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန် အဲဒီအရွယ်မှာ သူ့အဖို့ လောကကြီးမှာ တွယ်ရာမဲ့ ဖြစ်နေတာကိုး။ နားခိုစရာ၊ မှီတွယ်စရာမရှိဘဲ ဖြစ်နေတာကိုး။ အဲဒီအချိန်မှာ မိန်းကလေးကို လက်တွေ့လုပ်ငန်းတွေ အလုပ်ခိုင်းကြည့်ရင်လည်း ဘာကိုမှ မှန်မှန်ကန်ကန် လုပ်တတ်မှာ မဟုတ်ဘူး။ အမှားမှားအယွင်းယွင်း ဖြစ်နေမှာပဲ။ နှင်းမြူထဲမှာနေရသလို ဝိုးတိုးဝါးတားပဲ ဖြစ်နေမှာပါပဲ။

လုလင်ပျိုတစ်ယောက်ဟာကော အိပ်မက် မမက်ဘူးလား၊ စိတ်ကူးမယဉ်ဘူးလားလို့ မေးစရာရှိတယ်။ အရွယ်ဝင်စ လုလင်ပျိုဟာလည်း စိတ်ကူးယဉ်ပါတယ်။

အိပ်မက် မက်တတ်ပါတယ်။ ဒါပေမယ့် သူ့အိပ်မက်က မိန်းကလေးရဲ့ အိပ်မက်နဲ့ မတူ ပါဘူး။ အိပ်မက်ထဲမှာ လုလင်ပျိုဟာ တက်ကြွတဲ့အခန်းကပါတယ်။ စွန့်စားတဲ့အခန်းက ပါတယ်။

မိန်းကလေးကတော့ စွန့်စားရတာထက် အုံ့ဩရတာကို ပိုနှစ်သက်တယ်။ စွန့်စားစရာထက် အုံ့ဩစရာကို ပိုပြီးသဘောကျတယ်။

မိန်းကလေးဟာ သူ့ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေ အရာဝတ္ထုတွေကို ညှိလက်မီးအိမ်နဲ့ မီးရောင်ထဲမှာ ကြည့်သလို မြင်နေတယ်။ အရာအားလုံးကို လှပနေတယ်လို့ ထင်နေတယ်။ မိန်းကလေးဟာ ကိုယ်က လှုပ်ရှားတက်ကြွတဲ့ အခန်းကဏ္ဍက မပါရတဲ့သည့်တိုင် ကိုယ်မှာ အစွမ်းသတ္တိရှိတယ်ဆိုတာကို ပြချင်တယ်။ အစွမ်းသတ္တိလိုချင်တယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ်အလှကို ပြပြီး ယောကျ်ားတွေကို ထမ်းပိုးတပ်ချင်တယ်။ သူ့ဩဇာအောက်မှာ ထားချင်တယ်။

ဒီမှာတင် မိန်းကလေးဟာ စိတ်ကူးယဉ်တော့တာပါပဲ။ အိပ်မက်ကမ္ဘာထဲမှာ နေထိုင်တော့တာပါပဲ။ လက်တွေ့ကမ္ဘာကြီးကို သူ့မေ့ပစ်ချင်တယ်လေ။ စာရေးဆရာမ မားဂရက်အီးဗာတ်ရေးတဲ့ "အပျိုဘော်ဝင်စ" ဆိုတဲ့ စာအုပ်မှာ သူက ဒီလိုရေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲသို့ရောက်လျှင် ကျွန်မသည် စာကို စိတ်မဝင်စားနိုင်ဘဲ ကျွန်မစိတ်များသည် တခြားသို့ ရောက်နေကြပါသည်။ အတောင်ပေါက်ပြီး အိပ်မက်တိုင်းပြည်သို့ ပျံသန်းသွားကြပါသည်။ ထိုအခါမျိုးတွင် ကျွန်မသည် ကျွန်မကိုယ်ကို ကျွန်မ သတိမရတော့ပါ။ အတန်းထဲတွင် ရှိနေသည်ကို သတိရလာသည့်အခါတွင်မှသာ ကျွန်မသည် ကျွန်မအတန်းထဲက ထိုင်ခုံတွင် ရှိနေသည်ကို ပြန်၍ သိလာပါသည်။

ဒါကတော့ လက်တွေ့ဘဝကို မေ့နေတဲ့ မိန်းကလေးတစ်ယောက် အကြောင်းကို မိန်းမစိတ်ကျမ်းပြုဆရာက ရေးသွားတာပါ။ အပျိုဖော်ဝင်စ မိန်းကလေးဟာ စိတ်လေပြီး သူ့စိတ်ကူးအိပ်မက်ထဲမှာ နေတတ်တယ်ဆိုတဲ့ သဘောပါ။ တစ်ခါတစ်ရံမှာတော့ စိတ်ကူးယဉ်တာဟာ သိပ်ကို လွန်သွားပြီး စကီဇိုဖရီးနီးယားလို့ခေါ်တဲ့ စိတ်ကစဉ့်ကလျားရောဂါတောင် ဖြစ်တတ်သေးတယ်လို့ စိတ်ကုဆရာဝန်များက ဆိုကြပါတယ်။ စိတ်ကုဆရာဝန်တစ်ဦး ဖြစ်တဲ့ မင်ကိုးစကီးက သူ့ကျမ်းတစ်စောင်မှာ မိန်းကလေးတစ်ယောက် အကြောင်းကို ဒီလိုရေးခဲ့ပါတယ်။

"မာရီသည် ထက်မြက်၍ စိတ်ကူးယဉ်တတ်သော မိန်းကလေး တစ်ယောက်ဖြစ်သည်။ သူမသည် ဆယ့်လေးနှစ်အရွယ်တွင် အပျိုဖော်ဝင်စ ပြုသည်။ စိတ်တင်းကျပ်မှုများနှင့် ကြုံတွေ့ရပြီး တစ်ခါတစ်ရံတွင် သူ့ကိုယ်သူ ကြီးကြီးကျယ်ကျယ် အထင်ရောက်တတ်သည်။ စိတ်ထသည့်အခါများတွင် သူ့ကိုယ်သူ စပိန်ဘုရင်မကြီးဟု ပြောသည်။ အမိန့်တွေပေးတတ်သည်။ သီချင်းဆိုသည်။ မာရီသည် ဓမ္မတာလာခါနီးတိုင်း ထိုသို့ဖြစ်တတ်သည်မှာ နှစ်နှစ်လောက်ကြာသည်။ ထို့နောက် ရှစ်နှစ်လောက် ပျောက်သွားသည်။ ထိုအတောအတွင်း မာရီကိုကြည့်ရသည်မှာ ငေးငေးငိုင်ငိုင် ဖြစ်နေပြီး အမြဲတမ်းလိုလို စိတ်ကူးယဉ်နေကာ တွေဝေငေးမောနေတတ်သည်။ သူ့ဘဝကိုသူ မကျေမနပ် ဖြစ်နေသည်။ နာကြည်းနေသည်။ အသက် နှစ်ဆယ့်သုံးနှစ်လောက် အရောက်တွင် မာရီ၏အခြေအနေမှာ ပိုဆိုးလာသဖြင့် ဆေးရုံတစ်ခုတွင် တက်ရောက်ကုသသည်။ အိမ်ပြန်ရောက်သည့်အခါတွင်လည်း ဘာမျှကူညီလုပ်ကိုင်ပေးခြင်း မရှိချေ။ သို့ဖြင့် မာရီသည် သူ့မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လာခဲ့သည်။

နောက်ဆုံးတွင် မာရီကို စိတ်ကုဆေးရုံသို့ ပို့လိုက်ရတော့သည်။ မာရီသည် ဘာကိုမျှလည်း စိတ်ဝင်စားဟန် မတူတော့ပြီ။ သို့ရာတွင် တစ်ခါတစ်ရံတွင်ကား (ယင်းမှာ ဓမ္မတာလာချိန်ဖြစ်ဟန် တူသည်။) အဝတ်အစားတို့





ကို လှပစွာဝတ်သည်။ အနီးသို့ ရောက်လာသည့် ဆရာဝန်များကို ပြုံးပြသည်။ အများအားဖြင့် မြူဆွယ်သွေးဆောင်သည့် အပြုံးမျိုးဖြစ်သည်။

ထို့နောက်တွင်မူ မာရီသည် ပြန်၍ ငြိမ်သက်သွားကာ သူ့အိပ်မက် ကမ္ဘာထဲသို့ ပြန်ရောက်သွားလေတော့သည်။ သူ့ပုံပန်းသဏ္ဌာန်ကိုလည်း ဂရုမစိုက်တော့ပြီ။ ဖြစ်သလိုဝတ်စားလျက်။ တစ်ခါတစ်ရံတွင် အဝတ်အစားများကို ချွတ်ပစ်တတ်သည်။ တစ်ခါတစ်ရံတွင်လည်း ဆန်းဆန်းကြယ်ကြယ် လက်ဝတ်ရတနာများကို ဝတ်ဆင်တတ်သည်။ မုန့်သေတ္တာပုံးထဲက သံဖြူပြားကလေးကို လိပ်ခွေပြီး ခေါင်းပေါ်မှာ မကိုဋ်လုပ်ဝတ်သည်။ ဖဲကြိုးတွေကို လက်ဝတ်ရတနာအဖြစ်ဝတ်သည်။

တစ်ခါတစ်ရံတွင်လည်း သူ့ဘဝအကြောင်းကို ပြန်ပြောကာ သူသည် ယမင်းရုပ်ကလေးများနှင့် ကစားနေသောကလေးငယ်တစ်ယောက်ဖြစ်ကြောင်း၊ သို့မဟုတ် စိတ်ကူးယဉ်ကမ္ဘာကြီးထဲတွင်နေသော ဓာတ်လိုက်မင်းသမီး တစ်ယောက်ဖြစ်ကြောင်း၊ သူသည် ဘဝများစွာ နေထိုင်နေသည်ဟု ထင်ကြောင်း၊ အသွင်အမျိုးမျိုး ပြောင်းလဲနေသည်ဟု ထင်ကြောင်း၊ ဘုရင်မ ဖြစ်လိုက်၊ သူတောင်းစားဖြစ်လိုက်၊ ဓာတ်လိုက်မင်းသမီး ဖြစ်လိုက်၊ ကလေးမကလေး တစ်ယောက်ဖြစ်လိုက်ဖြင့် ဘဝအမျိုးမျိုးတွင် ရောက်နေသည်ဟု ထင်ကြောင်း။ သူ့တွင် ကြီးကျယ်ခမ်းနားသော အိမ်ကြီးတစ်လုံးရှိပြီး ထိုအိမ်ကြီးထဲတွင် ဧည့်ခံပွဲများ မကြာခဏ ကျင်းပတတ်ကြောင်း၊ သူ့တွင် ယောကျ်ားများစွာရခဲ့ဖူးကြောင်း။ သူနှင့်ရသည့် ယောကျ်ားများမှာ ရေတွက်ခြင်းပင် မပြုနိုင်တော့ကြောင်း၊ သူ့တွင် တစ်ခါက မိတ်ဆွေတွေ အများကြီးရှိခဲ့ကြောင်း၊ ပန်းတွေ၊ ရေမွှေးတွေ၊ သားမွှေးအကျီတွေ၊ အဖိုးတန် ရတနာတွေ လက်ဆောင်ပေးကြကြောင်းဖြင့် ပြောတတ်သည်။

တစ်ခါတစ်ရံတွင်လည်း မာရီက စိတ်ကုဆေးရုံမှ ဆရာဝန်များသည် သူ့ယောကျ်ားများဖြစ်ကြောင်း၊ သူ့တွင် ကလေးတွေ အများကြီးရှိကြောင်း၊ ကလေးတစ်ယောက်၏ အဖေမှာ ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း ဖြင့်လည်း ပြောတတ်သည်။ ဤသို့ဖြင့် မာရီသည် သူ့စိတ်ထဲတွင် ရှိသည့် စိတ်ကူးတွေကို တကယ် အဟုတ်လုပ်ပြီး တွေ့ရာတွေကို ပြောနေတတ်သည်။

အထက်ဖော်ပြပါ အချက်တွေကတော့ တကယ့်ဘဝကြီး တကယ့် အဖြစ်အပျက်တွေကို ရင်မဆိုင်ရဲတဲ့၊ သူ့ရဲ့ နာစစ်ဆပ်ဝါဒ ဥခွံကလေးထဲမှာ ကိန်းအောင်းနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပေါက်တတ်ကရ အတွေးတွေ စိတ်ကူးတွေ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မာရီရဲ့ အဖြစ်အပျက်ကတော့ အဆုံးစွန်ရောက်သွားတဲ့အတွက် စိတ်ကုဆေးရုံကို ရောက်သည်အထိ ဖြစ်သွားတတ်ပါတယ်။

မိန်းကလေးဟာ သူ့ခန္ဓာကိုယ်ကို သူတစ်ယောက်တည်းကသာ စွဲလန်းရုံတင်မကဘူး တခြားသူတွေကလည်း စွဲလန်းစေချင်တယ်။ ဒီတော့ သူဟာ သူ့အပေါင်းအသင်း၊ သူငယ်ချင်းတွေဘက်ကို လှည့်လာတော့တယ်။ ငယ်ငယ်တုန်းကဆိုရင် သူ့မိသားစုအပြင် သူချစ်တဲ့ သူငယ်ချင်းတစ်ယောက်ယောက်ကို ရှာပြီး အချစ်ဆုံးသူငယ်ချင်းရဲ့ ချစ်ခင်စွဲလန်းမှုကို ကြည့်ပြီး သူကျေနပ်တယ်။ အထူးသဖြင့် သူရဲ့ လိင်နှင့်ပတ်သက်တဲ့ ကိစ္စတွေမှာ တိုင်ပင်ဖော်တိုင်ပင်ဖက်တွေ ဖြစ်လာကြတယ်။ မိန်းကလေးဟာ သူ့အတွက်ကိုသာမက သူ့သူငယ်ချင်းရဲ့ ကိစ္စတွေကိုလည်း စိတ်ဝင်စားလာခဲ့တယ်။ သူ့ဘဝပြဿနာများကို ကိုယ့်ဘဝပြဿနာများနဲ့ ချိန်ထိုးကြည့်တတ်လာခဲ့တယ်။

"ယူနီဖောင်းဝတ်ထားတဲ့ မေဒီလျှံ" ဆိုတဲ့ ဘော်ဒါကျောင်းသူကလေးတွေ အကြောင်းကို ရေးထားတဲ့ ဝတ္ထု၊ ကိုးလက်ရဲ့ "ကလော်ဒီနေး" ဝတ္ထုတို့မှာ ဖတ်ကြည့်ရင် ဒီသဘောတွေကို ပိုပြီး ထင်ရှားစွာ မြင်ရပါလိမ့်မယ်။

## မိန်းမဏ္ဍာငြွေ

ယောက်ျားလေးဟာ သူ့ကို ပြုံးပြက်တောက်ပစေတယ်။ အရောင်တောက်စေတယ်လို့ မိန်းကလေးထင်တယ်။ တစ်ပြိုင်တည်းမှာပဲ သူ့ကို စိုးရိမ်ထိတ်လန့်စေတယ်။ ယောက်ျားလေးတွေက ဂရုစိုက်တဲ့အတွက် သူ သဘောကျတယ်၊ ဂုဏ်ယူတယ်။ ဒါပေမယ့် တစ်ပြိုင်တည်းမှာပဲ သူတို့ကို ကြောက်နေတယ်။ ဒီခံစားချက်နှစ်ခုဟာ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နေတဲ့ ခံစားချက်တွေဖြစ်တယ်။ ဒီဆန့်ကျင်ဘက်ဖြစ်နေတဲ့ ခံစားချက်နှစ်ခုနဲ့ မိန်းကလေးဟာ ယောက်ျားလေးကို တုံ့ပြန်တယ်။ ယောက်ျားကလေးရဲ့ ခန္ဓာကိုယ်ထဲက သူ့ကိုခြောက်လှန့်နေတဲ့ ဖိုဓာတ်ကို သူ ခပ်ဝေးဝေး ခပ်ကင်းကင်းနေတယ်။ သူ တိတ်တိတ်ပုန်း သဘောကျနေတဲ့ ယောက်ျားလေးရဲ့ အရှိန်အဝါကိုတော့ သူ ဆီးကြိုလက်ခံတယ်။ ဒီနှစ်ခုကို တစ်ကန့်စီ သူခွဲထားလေ့ရှိတယ်။ ယောက်ျားလေး သူငယ်ချင်းအပေါင်းအဖော်အတွေနဲ့ ဆက်ဆံရမှာ မိန်းကလေးဟာ ရှက်တတ်တယ်။ ပြတ်တောင်းတယ်။ ဒါက ယောက်ျားလေးရဲ့ ကိုယ်ခန္ဓာထဲက ဖိုဓာတ်ကို ကြောက်လို့ ဒီလိုဆက်ဆံတာ။ ဒါပေမယ့် တစ်ပြိုင်တည်းမှာပဲ အဲဒီ ဖိုသတ္တဝါဆိုတဲ့ ရွှေမင်းသားလေးကို သူ့အိပ်ရာဘေးမှာ ချိတ်ထားတဲ့ ရုပ်ရှင်ပိုစတာထဲက ဓာတ်လိုက်မင်းသားလို့ ထင်တယ်။ သူ့ သူရဲကောင်းလို့ ယူဆတယ်။ ဒါပေမယ့် အဲဒီရွှေမင်းသားလေးဟာ သူနဲ့ အလှမ်းကွာနေတယ်လို့ ထင်တယ်။ သူနဲ့ သူစိမ်းတစ်ရံဆံ ဖြစ်နေတယ်လို့ ထင်တယ်။ ဒီလို အချစ်စိတ်ကူးယဉ်တာမျိုးက ဘာမှုတော့ ပြဿနာ မရှိလှပါဘူး။ ဒါပေမယ့် တစ်ခါတစ်လေမှာ ဖြစ်တတ်တာက မိန်းကလေးဟာ ဒီလို ကိုယ်နဲ့ရွယ်တူ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသားလေးကို စိတ်ကူးယဉ်တာမျိုး မဟုတ်ဘဲ ရုပ်လည်းမချော၊ ပညာဂုဏ်အဆင့်အတန်းဂုဏ် ကွာခြားတဲ့ ကိုယ့်ထက်အသက်ကြီးတဲ့လူတစ်ယောက်ယောက်ကို စိတ်ကူးယဉ်ပြီး ချစ်နေတတ်တယ်။

တကယ်တော့ ကိုယ့်ထက်အသက်ကြီး ယောကျ်ားလေးတွေဟာ အပျိုဘော်ဝင်စ မိန်းကလေးရဲ့ကမ္ဘာလောက မဟုတ်ဘူးလေ။ သူ့ကမ္ဘာလောကရဲ့ အပြင်ဘက်ကလူတွေ မဟုတ်လား။ ဒီတော့ မိန်းကလေးဟာ အဲဒီလို လူတွေကို သိပ်ကြည်ညိုပြီး အဝေးကနေ တိတ်တိတ်ပုန်း ချစ်နေတတ်တယ်။ သူ့ကို အထင်ကြီးလေးစား ကိုးကွယ်နေတတ်တယ်။ အဲဒီအချစ်မှာ တဏှာပေမ သဘော မပါတဲ့အတွက် သိပ်တော့ရှက်စရာ မရှိပါဘူးလေ။ သူရွေးချယ်ကြည်ညိုလေးစားပြီး ချစ်နေတဲ့ သူဟာ ရိုးသားတတ်တဲ့လူ၊ နိမ့်ချတတ်တဲ့လူ ဆိုရင် မိန်းကလေးအဖို့ အန္တရာယ်တောင် ကင်းသေးတယ်။ ဒီလို မဖြစ်နိုင်တဲ့လူ၊ ကိုယ်နဲ့ အလှမ်းကွာတဲ့လူကို ရွေးချယ်ပြီး စိတ်ကူးယဉ်တဲ့အတွက်မိန်းကလေးဟာ အချစ်ကို ဒြပ်မဲ့တဲ့အရာ၊ ဝေးလံတဲ့အရာ၊ စိတ်ကူးယဉ်တဲ့ အတွေ့အကြုံတစ်ရပ်အဖြစ် သဘောထားနိုင်ပြီး၊ သူ့အဖို့လည်း အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရတယ်။ ဒီလို စိတ်ကူးယဉ်မှုကြောင့် သူ့မှာကျိတ်ဆွေးရတာ၊ တိတ်တခိုးမျှော်လင့် ရတာ၊ စိတ်နာရတာ၊ စိတ်ကောက်ရတာကလေးတွေတော့ရှိတယ်။ဒါပေမယ့် ဒါက သူတကယ်ဖြစ်တာမဟုတ်ဘဲ ကိုယ့်ဘာသာ ကျိတ်ဖြစ်နေတာမျိုး။

အံ့ဩစရာကောင်းတာကတော့ သူ့ဇာတ်လိုက်ဟာ သူနဲ့အနေဝေးလေလေ မိန်းကလေးအဖို့ ပိုပြီးစိတ်ကူးယဉ်စရာ၊ စွဲမက်စရာကောင်းလေလေ ဖြစ်နေတတ်တဲ့အချက်ပဲ။ ကိုယ့်ကို နေ့တိုင်း စန္ဒရားသင်ပေးနေတဲ့ စန္ဒရားဆရာကို အမှတ်ပြုပြီး စိတ်ကူးနှင့် မြင်ထားတဲ့ သူ့ဇာတ်လိုက်၊ သူ့သူ့ရဲ့ကောင်းကတော့ သည့်ထက်အများကြီး ချောမောခံ့ညား နေတတ်တယ်။ သည်ထက်ပိုပြီး ယောကျ်ားပီသနေတတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရေးကြီးတာကတော့ သူ့ရဲ့စိတ်ကူးယဉ်မှုထဲမှာ လိင်သဘော၊ သွေးသားတောင့်တမှုသဘောတွေ ကင်းဝေးနေတတ်တယ်။ ဒီနည်းအားဖြင့် လိင်စိတ်ကင်းတဲ့ နာစစ်ဆပ်သဘောဟာ အချိန်တော်တော်ကြာ တည်ရှိနေတတ်တယ်။

အပျိုဘော်ဝင်စ မိန်းကလေးဟာ သည်နည်းအားဖြင့် တကယ့်အတွေ့အကြုံကို ရှောင်ရှားနေခြင်း ဖြစ်တယ်။ တကယ့်ဘဝကို ရင်မဆိုင်ဘဲ စိတ်ကူးထဲမှာ ချစ်သူရှာပြီး တကယ့်ဘဝက ထွက်ပြေးနေတယ်။ သည်နည်းအားဖြင့် စိတ်ကူးယဉ်ပြီး တစ်ခါတစ်လေမှာ စိတ်ကူးနဲ့ လက်တွေ့ဘဝကိုတောင် ခွဲခြားမသိတော့ဘဲ ရောထွေးသွားတတ်တာတွေလည်း ရှိတယ်။





ကိုယ့်ထက် အသက်ကြီးပြီး ကိုယ်တစ်ခါမျှ စကားမပြောဖူးတဲ့ ယောကျ်ားတစ်ယောက်ကို ဒီလို စိတ်ကူးယဉ် အိပ်မက်ပြီး သဘောကျနေတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို ဟိန်းရစ်ဒိုက်ထရစ်ချ်က ရေးဖူးတယ်။

အဲဒီမိန်းကလေးဟာ သူနဲ့ အဲဒီအမျိုးသားတွေ့ကြပုံ၊ စကားပြောကြပုံ၊ တစ်ယောက်နဲ့တစ်ယောက် ပြန်ခေါ်ကြပုံကို နေ့စဉ်မှတ်တမ်းရေးထားတယ်။ အဲဒီ ယောကျ်ားလေးရဲ့ ပြန်စာတွေကိုလည်း ကိုယ်တိုင်ပြန်ရေးတယ်။

သူဟာ ဒါတွေကို ဘာဖြစ်လို့ လုပ်နေသလဲ။ တကယ့်အတွေ့အကြုံကို ကြောက်လို့ အဲဒီအတွေ့အကြုံကို ရှောင်ရှားချင်တာနဲ့ ဒီလိုလုပ်ခြင်းဖြစ်တယ်။ သူ့အဖြစ်ကတော့ နည်းနည်းလွန်တာပေါ့လေ။ ဒါကြောင့် သူ့အဖြစ်မျိုးကို ရောဂါတစ်မျိုးလို့တောင် ဆိုရမယ် ထင်တယ်။ ဒါပေမယ့် ဒီအဖြစ်မျိုးကတော့ ဖြစ်ရိုးဖြစ်စဉ်ပါ။ အနည်းနဲ့အများပဲ ကွာခြားပါတယ်။ ဟိန်းရစ်ဒိုက်ထရစ်ချ်ရေးပြတဲ့ မိန်းကလေးမျိုးကိုတော့ လွန်လွန်းသနော်လို့ပြောရမယ့်အစားထဲမှာပါတာပေါ့။

နာစစ်ဆပ်ဝါဒလို့ခေါ်တဲ့ ကိုယ့်ကိုယ်ကို နှစ်သက်စွဲလမ်းမှုကြောင့် အပျိုဘော်ဝင်စမှာ ဒီလိုစိတ်ကူးယဉ်အိပ်မက်တွေထဲမှာ နေကြတဲ့ မိန်းကလေးတွေရှိသလို ပိုပြီး လက်တွေ့ကျတဲ့ မိန်းကလေးတွေလည်း ရှိတယ်။ သူတို့ဟာ မိဘမောင်ဖွားရဲ့ အုပ်ထိန်းမှုစောင့်ရှောက်မှုက ရုန်းထွက်လာခဲ့ကြပြီး သူတို့ဘာသာ လွတ်လပ်မှုရှာကြတယ်။ သူတို့သဘောအနေနဲ့ သူတို့လမ်းပြသူကို ရှာကြတယ်။ ဆရာကိုရှာကြတယ်။ ဒါပေမယ့် သူတို့ဟာ အဲဒီလွတ်လပ်မှုကို မှားယွင်းစွာ အသုံးပြုတာပဲများပါတယ်။ စိတ်အလိုကိုလိုက်မိပြီး ဒီလွတ်လပ်ခွင့်ကို လက်လွတ်စပယ် သုံးမိတတ်ကြတယ်။

ဒါကြောင့်မို့ ထင်ပါရဲ့။ အများကြိုက် ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက ဇာတ်လမ်းကိုကြည့်လိုက်ရင် ကောင်မလေးက ရည်းစားများများ၊ ခပ်ပေါ့ပေါ့၊ ဘယ်သူ့စကားကိုမှ နားမထောင်ဘူး။ သူလုပ်ချင်ရာ လုပ်တယ်။ နောက်တော့ ဥာဏ်အမြော်အမြင်ရှိတဲ့ လူတစ်ယောက်နဲ့တွေ့ပြီး သူ့ကို ဆုံးမကြ ဒါကတော့ ကလီရှေးလို့ခေါ်တဲ့ သမားရိုးကျ ဖော်စပ်နည်းကားနဲ့ရေးတဲ့ ဝတ္ထုတွေမှာ တွေ့ရတတ်တာမျိုး။

ဥပမာအားဖြင့် မဒမ်ဒီဆေးဂါးရဲ့ ဝတ္ထုတစ်ပုဒ်ကိုပဲ ကြည့်ပါ။ ဝတ္ထုထဲက ဇာတ်လိုက်ဖြစ်တဲ့ မိန်းကလေးဟာ အဖေက သိပ်အလိုလိုက်လွန်းတော့ အဖေကို စိတ်ပျက်တယ်။ အဖေနဲ့နေရတာမပျော်ဘူး။ ဒါနဲ့ အလွန်ဩကမ်းကြီးတဲ့ ကြီးတော်ကိုသဘောကျပြီး ခင်တွယ်သွားတယ်။ ဂျူလီယန် ဆို



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနဲ့ မိတ်ဆွေဖြစ်ကြတယ်။ ဂျူလီယန်က အမှန်တရားတွေကို ချည် ပြောတတ်တယ်။ ဒီတော့ ကောင်မလေးက စိတ်ဆိုးတယ်၊ မခံချင်ဘူး။ ဒါပေ မယ့် ဂျူလီယန်ကတော့ သူ့အပေါ်မှာ သဘောထားမှန်မှန်နဲ့ သူ့ကို ပြုပြင်ဖို ကြိုးစားတယ်။ နောက်တော့ ကောင်မလေးက အကျင့်ပျက်နေတဲ့ လူချမ်းသာ တစ်ယောက်နဲ့ ရသွားတယ်။ ကောင်မလေးဟာ မပျော်ဘူး။ ဂျူလီယန်ကို အမှတ်ရနေတယ်။ နောက်ဆုံးတော့ အဘိုးကြီးသေပြီး မုဆိုးမဖြစ်တော့မှ သူ့ရဲ့လမ်းပြ၊ သူ့ရဲ့ဆရာဖြစ်တဲ့ ဂျူလီယန်ရဲ့ အချစ်ကိုလက်ခံပြီး ချစ်သူ နှစ်ယောက် ပေါင်းကြရတယ်။

လာလူစီအဲလကောရဲ့ "မယားကောင်း" ဆိုတဲ့ ဝတ္ထု ရှိသေးတယ်၊ အဲဒီဝတ္ထုက ဂျိုးဆိုတဲ့ မိန်းကလေးက ဇွတ်တရွတ် ထင်မိထင်ရာ လုပ်တတ် တယ်။ နောင်မှာ သူနဲ့ လက်ထပ်မည့် သူ့ချစ်သူကို သူချစ်တယ်။ တစ်ခါတော့ ဂျိုးရဲ့ အမှားတစ်ခုနဲ့ပတ်သက်ပြီး သူ့ချစ်သူက သူ့ကို အပြစ်ဆိုတယ်။ အမှန်က အမေရိကန်အမျိုးသမီးဟာ တော်တော်ခေါင်းမာလေ့ရှိတယ်။ တော်တော်တန် တန်ကို အရှုံးမပေးတတ်ဘူး။ အလျှော့မပေးတတ်ဘူး။ ဒါပေမယ့် ဟောလိဝုဒ် ရုပ်ရှင်တွေထဲမှာတော့ ဒီလိုခေါင်းမာတဲ့ကောင်မလေးကို သူ့ရည်းစားကဖြစ် ဖြစ်၊ သူ့ယောကျ်ားကဖြစ်ဖြစ် ဆုံးမပဲ့ပြင်လို့ လမ်းမှန်ရောက်သွားတဲ့ပုံမျိုး ပြ လေ့ရှိတယ်။ မိန်းမကို တစ်ချက်နှစ်ချက် ရိုက်လိုက်တာ၊ ဒါမှမဟုတ် တင်ပါးကို ခတ်ဆတ်ဆတ်ကလေး ရိုက်လိုက်တာဟာ အချစ်စခန်းဖွင့်တဲ့သဘောလို့ ဒါရိုက်တာဆရာများ ထင်ကြလေသလား မသိဘူး။

ဒါပေမယ့် အမှန်မှာတော့ စံပြအချစ်၊ စိတ်ကူးယဉ်အချစ်ကနေပြီး တဏှာပေမအချစ်၊ လိင်အချစ်ကို ကူးပြောင်းရတဲ့ ကိစ္စဟာ သူတို့ရုပ်ရှင်တွေထဲ မှာ ရိုက်ပြသလောက် လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။

မိန်းမတော်တော်များများဟာ သူတို့စိတ်ထဲမှာ ကျိတ်ပြီး ကြိုက်နေတဲ့ လူ၊ ချစ်ခင်နှစ်သက်တဲ့သူကို သတိထားပြီး ချဉ်းကပ်လေ့ရှိပါတယ်။ တစ်နည်း ပြောရရင် ခပ်ဝေးဝေးနေလေ့ရှိပါတယ်။ တစ်နည်းပြောရရင် တခြားကြောင့် မဟုတ်ပါဘူး။ အဲဒီ သူအထင်ကြီးနေတဲ့ ယောကျ်ားလေးက သူ့ကို လိမ်လည် လှည့်ဖြားသွားမှာ စိုးလို့ပါ။ အကယ်၍ ဇာတ်လိုက်၊ သူ့ရွှေမင်းသားလေးက သူ့အချစ်ကို တုံ့ပြန်ပြီး လက်တွေ့အတွေ့အကြုံအဖြစ် ပြောင်းလဲပစ်တယ်ဆို ပါစို့။ အဲဒီအခါမှာ မိန်းကလေးဟာ သူ့ကို လန့်သွားပြီး သူ့စိတ်ကူးတဲ့ဇာတ် လိုက်ဟာ ဇာတ်လိုက်မဟုတ်တော့ဘဲ သူလိုကိုယ်လိုသာ သာမန်ယောကျ်ား တစ်ယောက်ဖြစ်သွားပြီ။ အိုင်တွေ့ရင် ခြေဆေး၊ မိန်းကလေးတွေ့ရင်ငမ်းချင်





တဲ့ သာမန်ဖိုသတ္တဝါတစ်ယောက်ဖြစ်သွားပြီ၊ ဒါနဲ့အတူ သူ့စိတ်ကူးအိပ်မက် ဟာလည်း ပျက်ပြယ်ပြီး မိန်းကလေးဟာလည်း သူ့ကို စက်ဆုပ်မုန်းသွားတတ် တယ်။မှန်ပါတယ်။ တချို့မိန်းကလေးများကျတော့လည်း ပြီတီတီနိုင်လွန်း တယ်။ ကလူ၏သို့ မြူ၏သို့ မူရာတွေများလွန်းတယ်။ သူတို့ကတော့ သူတို့ စိတ်ဝင်စားစရာကောင်းတယ်လို့ ထင်တဲ့ယောကျ်ားလေးတွေကို ဆွဲဆောင်ဖို့ပဲ စိတ်ကူးကြတယ်။

သူတို့သဘောကျတဲ့ ယောကျ်ားလေးက အချစ်ကို လက် တွေ့ပြတာ ကို ကြောက်လည်း မကြောက်ဘူး။ မုန်းလည်း မမုန်းဘူး။ ဒါပေမယ့် သူတို့က လည်း စိတ်ဝင်စားတဲ့ ယောကျ်ားကလေးက သူတို့ကို ပိုပြီး စိတ်ဝင်စားဟန်ပြ လာရင် သူတို့လည်း စိတ်ပျက်သွားတတ်ကြတယ်။ အဲဒီ ယောကျ်ားကလေးကို သူစိတ်ဝင်စားတာက တခြားကြောင့်မဟုတ်ဘူး။ အဲဒီ ယောကျ်ားကလေးဟာ သူနဲ့ကွာလှမ်းတယ်။ ဝေးကွာတယ်လို့ ထင်တဲ့အတွက် သူစိတ်ဝင်စားတာ၊ ခုတော့ အဲဒီယောကျ်ားကလေးက သူ့ကို ပိုပြီးစိတ်ဝင်စားနေတာကို မြင်ရတော့ သူအထင်ကြီးတဲ့ယောကျ်ားလေးဟာလည်း တခြား ယောကျ်ားကလေးလိုပါပဲ ဆိုပြီး အထင်သေးသွားတတ်ကြတယ်။

နောက် ဖြစ်တတ်တာတစ်ခု ရှိသေးတယ်။ အမြင့်ကို မျှော်မှန်းတဲ့ မိန်းကလေး၊ မဖြစ်နိုင်တာကို မျှော်မှန်းတဲ့ မိန်းကလေးဟာ လိုတာမရဖြစ်ပြီး မလိုတာကို ရတတ်တယ်။ ဆိုလိုတာက ကိုယ်မျှော်မှန်းထားတဲ့သူနဲ့ မချစ်ဘဲ ကိုယ့်သူငယ်ချင်းကို ပိုးနေတဲ့၊ ကိုယ့်သူ့ငယ်ချင်းကို စိတ်ဝင်စားနေတဲ့သူနဲ့ ဖြစ်သွားတတ်တယ်။ မိန်းကလေးဟာ မိန်းမစွဲသူ ဒွန်ဝှန်းလို လူတွေကို သဘော ကျတတ်တယ်။ အဲဒီလိုလူမျိုးတွေကို ချစ်တတ်တယ်။ ပြီးတော့ အဲဒီလိုမျိုးကို သူတို့ အကြာကြီးအုပ်စိုးထားပြီး တခြားမိန်းမတွေ ကြာကြာမလွှမ်းမိုးနိုင်တဲ့သူ ကို လွှမ်းမိုးထားနိုင်တဲ့အတွက် မိန်းမတွေကြားထဲမှာ ဂုဏ်ယူတတ်ကယ်။ ကိုယ် အောင်မြင်ဘူးဆိုတာ သိပေမယ့် အဲဒီလိုလူ ခြေငြိမ်သွားအောင်၊ ယဉ်ပါးသွား အောင်လုပ်နိုင်တယ်လို့ သူမျှော်လင့်ထားတယ်။

မိန်းကလေးရဲ့ နာစစ်ဆပ်ဝါဒက (ကိုယ့်ကိုယ်ကို နှစ်သက်စွဲလမ်းမှု) နဲ့ သူ့ရဲ့ လိင်အတွေ့အကြုံတို့ဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဖီလာဖြစ်နေကြ တယ်။ နာစစ်ဆပ်ဝါဒ(ကိုယ့်ကိုယ်ကို စွဲလမ်းနှစ်သက်မှု)ကြောင့် မိန်းကလေး ဟာ တစ်ဖက်မှာ သူ့ကို ကြွေရုပ်ကလေးလို အလှထားချင်တယ်။ သူ့အလှကို သူတွေက ပိုင်းဝန်းအမြတ်တနိုးထားတာကို သဘောကျနေတယ်။ ယောကျ်ား တွေက သူ့ကို စိတ်ဝင်စားတာကို သဘောကျနေတယ်။ ဒါပေမယ့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိင်သဘောအရ ဆက်ဆံတာ၊ သူ့ကို ကစားစရာ အရုပ်ကလေးအဖြစ် သဘောထားတာမျိုးကိုတော့ သူ မကြိုက်ဘူး။

မိန်းကလေးဟာ အပျိုဖော်ဝင်လာတာနဲ့ အရှက်ကို နားလည်လာပြီ။ အဲဒီအရှက်နှင့်အတူ ယောကျ်ားမြင်ရင် မူရာမာယာလုပ်ချင်တာ၊ မာနကြီးချင်တာ စတဲ့ ခံစားချက်တွေ ရောထွေးနေတတ်တယ်။ ယောကျ်ားကလေးတွေက သူ့ကို စိုက်ကြည့်ရင် ဘဝင်လည်းမြင့်သွားတယ်။ တစ်ပြိုင်နက်တည်းမှာ ရှက်ပြီး ဘယ်လိုနေရထိုင်ရမှန်းမသိ ဖြစ်သွားတတ်တယ်။ မိန်းကလေးဟာ သူမြင်စေချင်တာကိုပဲ မြင်စေချင်တယ်။ သူပြတာကိုပဲ လူမြင်စေချင်တယ်။

မျက်လုံးဆိုတာကလည်း အခက်သားကလား၊ မြင်တတ်ကြတယ် မဟုတ်လား။ ဒီတော့ သူ မပြချင်တာ၊ သူမမြင်စေချင်တာကိုမြင်တော့ သူရှက်တယ်။ ဥပမာ ပါးမှာရှိနေတဲ့ အမာရွတ်ကလေးကို သူမမြင်စေချင်ဘူး။ ဒါကို သူ့မွှမ်းမံဖုံးအုပ်ထားတယ်။ ဒါပေမယ့် ကြည့်တဲ့လူက မြင်သွားတယ်။ ဒီတော့ မိန်းကလေးမှာ ရှက်ရပြန်တယ်။ ဒါကြောင့်မို့ အကြည့်ခံရတဲ့ မိန်းကလေးတစ်ယောက် တစ်ပြိုင်နက်တည်းမှာ ကျေနပ်ပြီး တစ်ချိန်တည်းမှာ ရှက်နေတာကို တွေ့ရင် ဘာကြောင့်လည်းဆိုတာ ယောကျ်ားကလေးတွေ နားမလည်နိုင်အောင် ဖြစ်ကြတယ်။

မိန်းကလေးဟာ အင်္ကျီလက်ပြတ်ကလေးကို ဝတ်ပြီး ပခုံးသားကို လှစ်ပြတယ်။ ထဘီတိုတိုကလေးဝတ်ပြီး ခြေသလုံးသားနဲ့ ခြေထောက်တွေကို ပြတယ်။ သူတို့ပြထားတာကို တခြားသူတွေက ကြည့်ရင် မျက်နှာကလေး နီရဲသွားတယ်။ ရှက်သွားတယ်။ တစ်ချိန်တည်းမှာပဲ ယောကျ်ားတွေကို ဖမ်းစားနိုင်တဲ့အတွက် သူကြည်နူးတယ်၊ ကျေနပ်တယ်။

ဒါပေမယ့် ဒီလို ပခုံးသားနဲ့ သူ့ခြေထောက်တွေ၊ ခြေသလုံးတွေကို ပြလိုက်တဲ့အတွက် မြင်ရသူ ယောကျ်ားတွေရဲ့ စိတ်မှာ ရမ္မက်ကိုနှိုးဆွတဲ့ သဘောမျိုးရောက်သွားတယ်ဆိုရင်တော့ မိန်းကလေး နောက်ပြန်ဆုတ်တယ်။ ပြန်ငုပ်သွားတယ်။ ကြောက်လည်းကြောက်တယ်။ စက်ဆုပ်သွားတယ်။ ယောကျ်ားတို့ရဲ့ ရမ္မက်ဟာ မိန်းကလေးအဖို့ တစ်ခါတလေမှာ လက်ဆောင်ဖြစ်ပြီး တစ်ခါတလေမှာ ကျူးလွန်မှုတစ်ခုဖြစ်တယ်။ ယောကျ်ားတစ်ယောက်ကို ဖမ်းစားချင်ရင် ဖမ်းစားနိုင်တယ်လို့ စဉ်းစားမိတိုင်း မိန်းကလေးဟာ သူ့အောင်မြင်မှုအတွက် ဂုဏ်ယူတယ်။ ဒါပေမယ့် အဲဒီယောကျ်ားတွေ မက်မောတဲ့ အရာဟာ သူ့မျက်နှာ၊ သူ့ခန္ဓာကိုယ်၊ သူ့အသား၊ သူ့ရုပ်ရည်ပါကလားလို့ သတိရသည်အထိ သူ့အောင်မြင်မှုကို သူကျေနပ်နေတတ်တယ်။





ဒီအပိုင်းကစပြီး မိန်းမတို့ရဲ့ ဣန္ဒြေဆိုတာ ဝင်လာပြီး ဣန္ဒြေဆိုတာမျိုးဟာ အရဲတင်းဆုံးဆိုတဲ့ မိန်းမတွေ၊ ပယောပယီလုပ်တတ်တယ်ဆိုတဲ့ မိန်းမမျိုးတွေကိုတောင် လိုက်ပြီး ဟန့်တားနှောင့်ယှက်တတ်တဲ့အရာ ဖြစ်တယ်။ မိန်းကလေးငယ်ငယ် ကလေးတစ်ယောက်ဟာ မသိနားမလည်လို့ ရဲတင်းလွန်းတတ်တယ်ဆိုပါတော့။ နောက်မှ သူပြုမူလိုက်ပုံဟာ ရဲတင်းလွန်းလှပါကလား၊ မိန်းကလေးဆိုတာ ဒီလိုလုပ်ဖို့ မကောင်းပါကလားဆိုတာ သိသွားတယ် ဆိုပါစို့၊ ဒီလိုသိသွားတာနဲ့ သူဟာ ထိတ်လန့်သွားပြီး ရှက်သွားပြီ။

မျက်လုံးအကြည့်လောက် ထက်မြက်ပြီး အဓိပ္ပါယ်ပါတဲ့အရာမရှိဘူး။ မျက်လုံးအကြည့်ဟာ အဝေးမှာရှိတယ်။ အဝေးကနေပြီး ကြည့်နေတုန်းမှာတော့ သိက္ခာရှိတယ်။ ဣန္ဒြေရှိတယ်လို့ ထင်ရတယ်။ ဒါပေမယ့် အဝေးမှာရှိတဲ့ မျက်လုံးအကြည့်ဟာ အကြည့်ခံရတဲ့ အရာဝတ္ထုကို တဖြည်းဖြည်း ဝါးမျိုလာတယ်။ ဒီမှာတင် အတွေ့အကြုံမရှိသေးတဲ့ မိန်းကလေး၊ ရင့်ကျက်ခြင်း မရှိသေးတဲ့ မိန်းကလေးဟာ အဲဒီမျက်လုံးအကြည့်ရဲ့ ညွှတ်ကွင်းက လွတ်အောင်ရုန်းထွက်တယ်။ ရုန်းထွက်လို့ မရတဲ့အခါကျတော့ လက်လျှော့ပြီး အကြည့်ခံလိုက်တယ်။ ဒါပေမယ့် ချက်ချင်း သတိပြန်ထိန်းလိုက်ပြီး သူ့အကြည့်ခံလိုက်ရတဲ့အတွက် သာယာတဲ့ စိတ်ကို ပြန်ထိန်းတယ်။

မိန်းကလေးရဲ့ ခန္ဓာကိုယ်ထဲမှာ ပွေ့ဖက်ချော့မြူတဲ့ အတွေ့တစ်မျိုးကို ခံစားရသလို ထင်လာမိတယ်။ ဒီအတွေ့ဟာ တစ်ခါတစ်ခါမှာ သာယာသလိုလိုရှိပြီး တစ်ခါတစ်ခါမှာလည်း ကြောက်စရာကောင်းသလို စိတ်ထဲမှာ ထင်လာတယ်။ သူ့စိတ်ထဲမှာ ယားကျိကျိ ဖြစ်လာတယ်။ ရယ်ချင်လာတယ်။ ယောကျ်ားကလေးတစ်ယောက်နဲ့ တွေ့လိုက်ရတဲ့အခါမှာလည်း ဒီဖြစ်စဉ်အတိုင်းပါပဲ။ ပထမ အနမ်းခံလိုက်ရတော့ လန့်သွားတယ်။ နောက်တော့ ရယ်ချင်လာတယ်။ သူ့ကို အလျှော့ပေးလိုက်တယ်။ ဒါပေမယ့် အလျှော့သာပေးလိုက်ရတယ် တစ်ဆင့်ပြီးတစ်ဆင့် အလျှော့ပေးလိုက်ရတိုင်း အလွယ်တကူတော့ မဟုတ်ဘူး။ ကိုယ့်ဘာသာကို ငြင်းဆန်ပြီးမှ အလျှော့ပေးလိုက်ရတာဖြစ်တယ်။ အနမ်းခံလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အပျံသင်စ

မိန်းကလေးတွေဟာ အညာလွယ်တယ်လို့ ပြောလေ့ရှိကြတယ်။ အညာလွယ်တယ်လို့ဆိုပေမယ့် အဲဒီ "မမှည့်သေးတဲ့ သစ်သီး" (အပျိုဘော်ဝင်စ မိန်းကလေး)ဟာ ဖိုသတ္တဝါတွေရဲ့ ရန်ကတော့ သူ့ကိုယ်သူ ကာကွယ်တတ်ပါတယ်။ အပျိုဘော်ဝင်စ မိန်းကလေးကို တချို့က "တစ်ပိုင်းရိုင်းတစ်ပိုင်းယဉ်" နေတဲ့ သတ္တဝါကလေးလို့ တင်စားခေါ်လေ့ရှိကြတယ်။ ဥပမာအနေနဲ့ ကိုးလတ်ရဲ့ ဝတ္ထုတွေထဲမှာ တွေ့နိုင်တယ်။ ကိုးလတ်ရဲ့ ဝတ္ထုတစ်ပုဒ်မှာ ဗင်ကာဆိုတဲ့ ဓာတ်လိုက်မင်းသမီးကလေးတစ်ယောက်ပါတယ်။

ဝတ္ထုထဲက ဗင်ကာဆိုတဲ့ကောင်မလေးဟာ ပတ်ဝန်းကျင်ကို စိတ်ဝင်စားတယ်။ ဉာဏ်ထက်မြက်တယ်။ ပတ်ဝန်းကျင်ကို ဇကရီတစ်ပါးလို သူလွှမ်းမိုးနိုင်တယ်။ အပေါင်းအသင်းတွေ အပေါ်မှာ ဩဇာရှိတယ်။ အရည်အချင်းရှိတယ်။ လုပ်ရည်ကိုင်ရည်လည်း ရှိတယ်။ ဒါပေမယ့် တစ်ဘက်မှာ ဘယ်လိုပဲ သူ့ပတ်ဝန်းကျင်ကို လွှမ်းမိုးနိုင်တယ်ဆိုပေမယ့် အခြားတစ်ဘက်မှာတော့ ဗင်ကာဟာ ဖိုသတ္တဝါကို စိတ်ဝင်စားတယ်။ ယောကျ်ားကလေးတွေ အကြောင်းကို သိချင်တယ်။ ယောကျ်ားကလေးတွေအကြောင်းကို စပ်စုတယ်။ ဖိုသတ္တဝါနဲ့ ပတ်သက်လို့ စိတ်ကူးယဉ်ချင်တယ်။ ဗင်ကာဟာ ဆူးချုံထဲကို လိမ့်ကျဖူးတယ်။ သစ်ပင်ပေါ်တက်ဖူးတယ်။ ပုစွန်လိုက်ဖမ်းဖူးတယ်။ ဒါပေမယ့် သူ့နဲ့ကစားဖက် ဖိုးလ်က လက်ကို ပထမဆုံးလာကိုင်တဲ့အခါမှာတော့ ဗင်ကာဟာ ရင်တွေခုန်နေတယ်။ ဆူးချုံထဲကို လိမ့်ကျခဲ့ဖူးတဲ့ သူ့ခန္ဓာကိုယ်ဟာ ဖိုသတ္တဝါရဲ့ အတွေ့ အထိခံလိုက်ရတဲ့အခါမှာ ခန္ဓာကိုယ်သက်သက် မဟုတ်တော့ဘဲ အသွေးအသား





တွေနဲ့ ဖွဲ့ထားတဲ့ ပစ္စည်းအစုအပေါင်းဖြစ်တယ်ဆိုတာကို သိသွားတယ်။ ဘယ်လိုပဲ အကြမ်းခံနိုင်ခံနိုင် မိန်းမဟာ မိန်းမပဲဆိုတာကို သဘောပေါက်သွားတယ်။ ဒီတွင် သူ့မှာ လိင်စိတ်နိုးကြားလာပြီး လှချင်ပချင်လာတယ်။ မိန်းမဆန်ချင်တယ်။ ဆံပင်ကို အလှထုံးဖွဲ့တယ်။ မျက်နှာကို နံ့သာခြယ်တယ်။ အလှအပတွေကို ဝတ်ဆင်တယ်။ တစ်ခါတစ်လေမှာ ဖိုသတ္တဝါကျအောင် မူနွဲ့ဟန်ဆွေတောင် လုပ်ပြသေးတယ်။ ဒါပေမယ့် တစ်ခါတလေကျတော့လည်း သူဟာ သူ့အတွက် အသက်ရှင်နေတာ ဖြစ်ပြီး တခြားသူအတွက် အသက်ရှင်နေတာ မဟုတ်ဘူးလို့ ပြောသလိုလို လှလှပပဝတ်ဆင်ခြင်း မပြုတော့ပြန်ဘူး။ အဲဒီ အချိန်မျိုးမှာ ဗင်ကာဟာ သူနဲ့မလိုက်တဲ့ ကိုးရိုးကားရားအကျႌကြီးတွေကိုဝတ်၊ ညစ်တီးညစ်ပတ် နေပြန်ရော။ ဖိုသတ္တဝါတွေ သဘောကျအောင် နေတာဟာ အရှုံးပေးတယ်လို့ ထင်မိပြန်ရော၊ ခုလိုထင်လာတော့ သူ့လက်ချောင်းတွေမှာ မင်တွေစွန်းပေနေအောင်လုပ်တယ်။ ကပိုကရို ညစ်တီးညစ်ပတ်ဝတ်စားပြီး ဖြစ်သလိုနေတယ်။ ဒီလို ဂျစ်ကန်ကန် သဘောထားကိုမြင်တော့ သူ့ဘာသာသူ မစဉ်းစားတတ်အောင် ဖြစ်နေတယ်။

ဘာကြောင့်များ ဖိုသတ္တဝါတွေ စိတ်ဝင်စားအောင် သူ့ကိုယ်သူ အလှပြင်ခဲ့တာပါလိမ့်လို့လည်း နားမလည်နိုင်အောင် ဖြစ်နေတယ်။ အဲဒီအဆင့်မှာ အပျိုဘော်ဝင်စ မိန်းကလေးဟာ ကလေးငယ်ငယ်တစ်ယောက် ပြန်မဖြစ်ချင်တော့ဘူး။ ဒါပေမယ့် ကလေးငယ်ငယ်တစ်ယောက် မဖြစ်ချင်လို့ အရွယ်ရောက်တဲ့ လူကြီးတစ်ယောက် ဖြစ်ချင်သလားဆိုတော့ ဒီလိုလည်း မဟုတ်သေးပြန်ဘူး။ အပျိုဘော်ဝင်စမိန်းကလေးဟာ ကလေးစိတ်ဝင်လိုက်၊ လူကြီးစိတ်ဝင်လိုက်။ တစ်နည်းပြောရရင် ကလေးမလိုဖြစ်လိုက်၊ အပျိုမကလေးလိုဖြစ်လိုက်နဲ့ သူ့စိတ်ဟာ ပြောင်းလဲနေပါတယ်။ သူဟာ အမြဲလိုလို ကိုယ့်ကိုယ်ကို အားမရ မကျေနပ် ဖြစ်နေတယ်။ ကိုးလတ်ရဲ့ ဝတ္ထုထဲက ဗင်ကာဟာ အဲဒီလိုစိတ်အခြေအနေမှာ ရောက်နေတာကို တွေ့ရတယ်။ ဒီစိတ္တဗေဒဟာ အပျိုဘော်ဝင်စ မိန်းကလေးတို့မှာ တွေ့ရတဲ့ စိတ္တဗေဒပါပဲ။ အပျိုဘော်ဝင်စ မိန်းကလေးတွေရဲ့ အပြုအမူကို သိချင်၊ နားလည်ချင်ရင် အဲဒီအချက်ကိုသိနားလည်ရေးဟာ သော့ချက်ဖြစ်ပါတယ်။ အပျိုဘော်ဝင်စ မိန်းကလေးဟာ သဘာဝကြီးနဲ့ လူ့အဖွဲ့အစည်းက သူ့ကို ပေးထားလိုက်တဲ့ ကံကြမ္မာကို လက်မခံဘူး။ ဒါပေမယ့် လက်မခံလို့ လုံးလုံးပစ်ပယ်နိုင်သလားဆိုတော့ ဒီလိုလည်း မပစ်ပယ်နိုင်ပြန်ဘူး။ သူ့မှာ ကလေးစိတ်တစ်လှည့်၊ အပျိုစိတ်တစ်လှည့် ဝင်နေတော့ ကမ္ဘာလောကကြီးကို ခုခံဖို့ စည်းလုံးတဲ့ ခွန်အားမရှိတော့ဘူး။ တစ်ခါတလေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးစိတ်ဝင်တယ်။ ဒါပေမယ့် သူဖြစ်ချင်တာက အပျိုကြီး၊ တစ်ခါတလေမှာ အပျိုကြီးစိတ်ဝင်နေတယ်။ ဒါပေမယ့် သူက အရွယ်မရောက် တရောက် ကလေးသာသာအရွယ် ဖြစ်နေတယ်။ ဒါကြောင့်မို့ အပျိုကြီးဆန်တာကို ဆန့်ကျင်ဖို့ သူ့မှာ ကလေးစိတ် အပြည့်မရှိဘူး။ အလားတူပဲ ကလေးဆန်တာကို ဆန့်ကျင်ဖို့အတွက်လည်း သူ့မှာ အပျိုကြီးစိတ် အပြည့်မရှိဘူး ဖြစ်နေတယ်။ ကျိုးမမည်၊ ကြက်မရောက် အောက်ကလိအာ ဖြစ်နေတာပေါ့။ ကလေးစိတ်ပဲ ပေါ်ပေါ်၊ အပျိုကြီးစိတ်ပဲပေါ်ပေါ် သူ့မှာစိုးရိမ်မှုတော့ ရှိတာချည်းပဲ။ မိန်းကလေးဟာ သူ့အတိတ်နဲ့ လမ်းခွဲရမှာကို ကြောက်နေတယ်။ မိန်းကလေးဟာ ဖိုသတ္တဝါကို တောင့်တတယ်။ လိုချင်တယ်။ ဒါပေမယ့် အဲဒီဖိုသတ္တဝါက သူ့ကို သားကောင်ကလေးတစ်ကောင်အဖြစ် သဘောထားတာ၊ အသုံးချတာမျိုးကို မခံနိုင်ဘူး။ ဆန္ဒရှိတယ်။ ဒါပေမယ့် ကြောက်တယ်။ ဒါပေမယ့် ဆန္ဒရှိတယ်။

ဒီလိုနဲ့ မိန်းကလေးဟာ အကြောက်ပိုပြီး မာယာတွေများလာတယ်။ မရိုးသားမှုတွေပေါ်လာတယ်။ ဒီလိုနဲ့ မိန်းကလေးဟာ ငြင်းဆန်တတ်လာတယ်။ ကြောက်ခြင်းနဲ့ စိုးရိမ်ခြင်းကြားမှာ ဝေခွဲမရ ဖြစ်နေတတ်တယ်။

လှောင်ပြောင်ရယ်မောခြင်းဟာ အရွယ်ရောက်စ မိန်းကလေးတို့ရဲ့ တိုက်ပွဲမှာ သုံးလေ့ရှိတဲ့ လက်နက်တစ်ခု ဖြစ်ပါတယ်။ ကျောင်းသူကလေးတွေနဲ့ အလုပ်သမကလေးတွေဟာ တစ်ခါတလေမှာ စိတ်ကူးယဉ်ဇာတ်လမ်းကလေးတွေ၊ အချစ်ဇာတ်လမ်းကလေးတွေကို ပြောပြီး တခစ်ခစ် ရယ်မောနေကြတာကို တွေ့ဖူးကြလိမ့်မယ် ထင်ပါတယ်။ အနားမှာ ဖိုသတ္တဝါတစ်ယောက်ဖြတ်သွားရင် ဒါမှမဟုတ် ချစ်သူအတွဲတွေကိုတွေ့ရင် တခစ်ခစ်နဲ့ ခပ်လှောင်လှောင် ရယ်မောတာကလေးတွေကိုလည်း တွေ့ဖူးကြပါလိမ့်မယ်။ မိန်းမရဲ့ ကိုယ်ခန္ဓာကို ပြောင်လှောင်တာ၊ ဖိုသတ္တဝါတွေကို လှောင်ပြောင်တာ၊ အချစ်ဝင်နေတဲ့ သူတွေကို ကြည့်ပြီး ရယ်တာ၊ အဲဒီရယ်သံတွေထဲမှာ ဖိုသတ္တဝါကို ပမာမခန့် ပြုတဲ့သဘောတွေ ပါပါတယ်။ ကိုယ့်ကိုယ်ကို ရှက်ရွံ့ဖုံးကွယ်တာလည်း ပါပါတယ်။

အဲဒီအရွယ်မှာ မိန်းကလေးတွေဟာ အပြောအဆို နည်းနည်းကြမ်းပြီး ရယ်ရင်လည်း ကျယ်ကျယ်လောင်လောင် ရယ်တတ်လာကြတယ်။ တချို့မိန်းကလေးတွေဆိုရင် စကားတွေဟာ ကြမ်းတမ်းသလို လူကြီးတချို့မှာ မကြားဝံ့သလိုတောင် ဖြစ်တတ်ပါသေးတယ်။ သူတို့ကတော့ ဘာမျှကောင်းကောင်း နားမလည်ကြသေးတော့ ဒါတွေကို ဒီလောက်အရေးထားကြတာ မဟုတ်ပါဘူး။ တချို့ဆိုရင် သူငယ်ချင်း လိင်ကိစ္စအကြောင်းတွေကို ပြောတတ်ကြပါ





သေးတယ်။ ဒီလိုပြောတာဟာ သူတို့မှာပေါ်လာတဲ့ စိတ်ကို ဖြေဖျောက်ဖို့ ပြောကြတာဖြစ်ပါတယ်။ ဒါပေမယ့် စကားလုံးကြမ်းတာတွေဟာ ရယ်တာတို့၊ လှောင်ပြောင် တာတို့ကို လောကကြီးကို ခုခံတဲ့လက်နက်တော့ မဟုတ်ပါဘူး။ ဒါဟာ အရွယ်ရောက်သူတို့ရဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။ အပြစ်ကျူးလွန်ခြင်း ဖြစ်ပါတယ်။ စိတ်ဖောက်ပြန်မှု ဖြစ်ပါတယ်။

ဒီလိုနဲ့ အရွယ်ရောက်စ မိန်းကလေးဟာ လူ့အဖွဲ့အစည်းနဲ့ ပတ်ဝန်းကျင်ကို စိန်ခေါ်ပါတယ်။ တစ်ခါတလေမှာလည်း ထူးဆန်းတဲ့ စားသောက်မှုတွေ၊ အစားအသောက်အလေ့အကျင့်တွေနဲ့ ပြတတ်ပါတယ်။ ဥပမာ ခဲတံကခဲဆန်ကို စားပစ်တာမျိုးတို့၊ ဝေဖာမုန့်တို့ကို စားတာမျိုးတို့၊ ပုစွန်ကို အရှင်စားပစ်တာတို့၊ အက်စပရက်တွေ အများကြီးစားတာမျိုးတို့ကို လုပ်ပြတတ်ပါတယ်။ ဒါတွင်မကဘူး။ သကြားခဲတို့၊ ရှာလကာရည်တို့ကိုလည်း မြည်းကြည့်ပါတယ်။ မကြာခဏဆိုသလို မိန်းကလေးဟာ ညစ်ညစ်ပတ်ပတ် သဘောကျတတ်တယ်။ စိတ်ဝင်စားတတ်တယ်။ လူကြည့်လိုက်တော့ ကောင်မလေးချောချောကလေးရယ်။ ဒါပေမယ့် တစ်ခါတလေ စိတ်ရိုင်းဝင်လာရင် ပိုးမွှားကလေးတွေကို သတ်ချင် သတ်ပစ်တတ်တယ်။ ပုရွက်ဆိတ်ကလေးကို နင်းပြီး ခြေပစ်တတ်ကြတယ်။ တစ်ခါတလေမှာ စိတ်ရိုင်းကလေးတွေဝင်လာရင် ပါးစပ်ကရသဝါစာကို ထွက်ချင်တာ၊ ရက်စက်ချင်တာ၊ ကြမ်းတမ်းချင်တာကလေးတွေဟာ အပျိုဘော်ဝင်စမှာ တွေ့ရတတ်တဲ့ လက္ခဏာတွေဖြစ်ပါတယ်။ အပျိုဘော်ဝင်စမိန်းကလေးဟာ သူ့ရဲ့ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုး လာတာ မမွေတာဆင်းတာ၊ ယောကျ်ားလေးတွေကို ကြောက်ရွံ့မုန်းတီးလာတာ၊ လိင်စိတ်နိုးကြားလာပြီး သဘာဝတွေ ပြောင်းလာတာကို သူ မကျေနပ်၊ နားမလည်နိုင်ဘူး။ စက်ဆုပ်တယ်။ ဒီမှာတင် ဒီခံစားချက်ကို စောစောကပြောခဲ့တဲ့ အမူအရာတွေ၊ ညစ်တီးညစ်ပတ်ပြောတာတွေ၊ ဖရုသဝါစာပြောတာတွေ၊ ရက်စက်ချင်တာတွေ ပေါ်လာပြီး အဲဒီအပြုအမူတွေကို လိုက်လုပ်တော့တာပါပဲ။

ဒီနည်းအားဖြင့် မိန်းကလေးဟာ သူ့အပျိုဘော်ဝင်စဘဝလို မဟုတ်ဘူး။ ငါဟာ ပြောင်းလဲခြင်းမရှိဘူး။ အလျှင်တုန်းကလိုပဲဆိုပြီး အတင်းငြင်းဆန်ကြည့်တဲ့ သဘောပါပဲ။ ငါဟာ လစဉ်သွေးဆင်းရမှာဆိုတော့ ဒီသွေးကို ဘာကြောက်စရာလိုလဲ။ ငါဟာ သွေးကို မကြောက်ဘူး။ ခြစ်မိ ကုတ်မိလို့ သွေးထွက်တဲ့ ဒဏ်ရာက ထွက်လာတဲ့သွေးကို စုပ်ပြရဲတယ်။ လစဉ်သွေးဆင်းတဲ့ကိစ္စကြီးကို ငါဘာဖြစ်လို့ကြောက်ရမှာလဲလို့ ကိုယ်ဘာ သာကိုယ် အတင်းတဲ့ သဘောနဲ့ ဒီအပြုအမူကို လုပ်နေခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အပျိုဘော်ဝင်စအရွယ်မှာ မိန်းမတို့ရဲ့ကိစ္စကြီးကို ကြောက်ကြတယ်။ အံ့သြကြတယ်။ ထိတ်လန့်ကြတယ်။ ဒီတော့ ဒီအကြောက်၊ ဒီအံ့သြမှု၊ ဒီထိတ်လန့်မှုကို ဖြေဖျောက်တဲ့သဘောနဲ့၊ အားတင်းတဲ့သဘောနဲ့ ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်တဲ့ နည်းတွေကို လုပ်လေ့ရှိကြပါတယ်။ ကိုယ့်ပေါင်ကို ဘရိတ်ဓားနဲ့ ခြစ်ပစ်တာ၊ ကိုယ်အရေပြားကို စီးကရက်မီးနဲ့ တို့ကြည့်တာတို့ကို လုပ်လေ့ရှိပါတယ်။ အမှန်တော့ ဒီနည်းတွေကို သုံးရတာက တော့ စောစောကပြောခဲ့သလို လိင်အတွေ့အကြုံကို တောင့်တနေလို့ဖြစ်ပြီး၊ တစ်ဘက်ကတော့လည်း အဲဒီအတွေ့အကြုံကို သူဆန့်ကျင် ကန့်ကွက်နေတာ ဖြစ်ပါတယ်။

မိန်းကလေးဟာ တစ်ဆယ့်ခြောက်နှစ်အရွယ်ကို ရောက်လာရင်ပဲ သူ့မှာကျော်ဖြတ်ခဲ့တဲ့ စမ်းသပ်စစ်ဆေးမှုကြီးတွေက အများကြီးရှိနေပါပြီ။ အပျိုဘော်ဝင်လာတာ၊ လစဉ်မေ့တာပေါ်တာ၊ လိင်စိတ်နိုးကြားလာတာ၊ ပထမဆုံးသွေးသားတောင့်တလာတဲ့ ဆန္ဒပေါ်လာတာ၊ ပထမဆုံးအာသာဆန္ဒဖြစ်ပေါ်လာတာ၊ အဲဒီဆန္ဒကို ကြောက်လန့်တာ ၊ စက်ဆုပ်တာ၊ နားမလည်နိုင်တာစတဲ့ အဆင့်တွေကို ဖြတ်သန်းခဲ့ရပါတယ်။ ဒီအဆင့်တွေကို ကျော်ဖြတ်ခဲ့ရတာကို သူဘယ်သူ့ကိုမှ မပြောပါဘူး။ သူ့နှလုံးသားထဲမှာ လျှို့ဝှက်ထားခဲ့ပါတယ်။ ဒီလိုနဲ့ပဲ သူဟာ သူရဲ့ လျှို့ဝှက်ချက်တွေကို ဂရုတစိုက် သိမ်းဆည်းထားတတ်လာခဲ့ပါတယ်။ မိန်းကလေးဟာ ဒီလိုနဲ့လျှို့ဝှက်တတ်လာခဲ့တယ်။ ဟန်ဆောင်တတ်လာခဲ့တယ်။ လိမ်ညာပြောတတ်လာခဲ့တယ်။ ဒါတွေဟာ သူ့ကို မိန်းမဘဝက သင်ကြားပေးလိုက်တဲ့ အရာတွေပါပဲ။ ဥပမာအားဖြင့် သူ့ဓမ္မတာကိစ္စကို သူဖုံးကွယ်ဖို့၊ ဟန်ဆောင်ဖို့၊ လိမ်ညာဖို့ ဖြစ်လာရတာဟာ မိန်းမဘဝက ဖန်တီးပေးလိုက်လို့သာပဲ ဖြစ်ပါတယ်။ ဓမ္မတာလာစဉ်မှာသုံးတဲ့ ဂွမ်းလိပ်ကို ဝှက်ရတာ၊ သူ့ရဲ့ မိန်းမကိစ္စကို ဖုံးဖိရတာတွေဟာ သူ့ကိုလိမ်ညာတတ်အောင်၊ ဟန်ဆောင်တတ်အောင်၊ ဖုံးကွယ်တတ်အောင် သင်ပေးလိုက်တာနဲ့ အတူတူပါပဲ။ စာရေးဆရာမကြီး ကတ်သရင်းအန်းပေါ်ထားရဲ့ 'ကျင့်ဝတ်ဟောင်း' ဆိုတဲ့ ဝတ္ထုတိုကလေးထဲမှာ ၁၉၉၀ ပြည့်နှစ်တစ်ဝိုက်က အမေရိကန်ပြည်တောင်ပိုင်းမှာရှိတဲ့ မိန်းမပျိုလေးတွေအကြောင်းကို ရေးသားပါတယ်။ အဲဒီမှာ မိန်းကလေးတွေ ကပွဲကို သွားစရာရှိတယ်။ သွားလည်းသွားချင်တယ်။ ဒါပေမယ့် ခက်တာက ဓမ္မတာကလည်းလာနေတယ်။

ဒီတော့ သူတို့ဘာလုပ်ကြသလဲ။ ကပွဲတက်နေရင်း ဓမ္မတာမလာအောင် ကာကွယ်တဲ့အနေနဲ့ ရှောက်ရည်နဲ့ဆားကို ဖျော်သောက်ထားရပုံ၊ သူတို့





မျက်လုံးတွေ၊ မျက်ကွင်းတွေ ညိုနေတာကို လူပျိုလေးတွေမြင်သွားပြီး ရိပ်မိသွားမှာကို စိုးရိမ်ပုံ၊ အနံ့အသက်ရမှာကို စိုးရိမ်ပုံ စတာတွေကို ရေးထားပါတယ်။ အဲဒီကပွဲတက်တုန်းမှာ မိန်းကလေးဟာ သူ့ကိုယ်သူ ရွှေမင်းသမီးကလေးလို ထင်စေချင်တယ်။ ယောက်ျားတွေ ဝိုင်းဝိုင်းလည်နေတဲ့ အဖြစ်မျိုးကိုခံချင်တယ် နတ်သမီးကလေးလို့ ထင်စေချင်တယ်။ ဒါပေမယ့် စောစောကပြောခဲ့တဲ့ ဓမ္မတာကိစ္စကို တွေ့သွားသိသွားရင် သူတို့ အထင်သေး သွားမှာ၊ စိတ်ပျက်သွားမှာကို သူစိုးရိမ်တယ်။

မိန်းကလေးတွေမှာ လိမ်ညာတတ်တဲ့သဘော ဝင်လာရပုံကလည်း ဒီလိုပါ။ မိန်းကလေးက သူ့ကိုယ်သူ အများကအာရုံစိုက်တဲ့ပစ္စည်း၊ အထူးသဖြင့် ရွှဲလမ်းစရာကောင်းတဲ့ အရာတစ်ခုအဖြစ် သူ့ကိုယ်သူ အမြဲဖန်တီးထားရမယ် မဟုတ်လား။ ဒါပေမယ့် သူ့ကိုယ်သူ စိတ်မချဘူး။ သူ့မှာ ချို့ယွင်းချက်တွေရှိတယ်။ ဝက်ခြံတွေ သိပ်များနေတယ်၊ မှဲ့ခြောက်တွေထင်းနေတယ်။ အသားအရေကလည်း တစ်မျိုးဖြစ်နေတယ် စသဖြင့်ပေါ့လေ။ ဒီလို အခါမျိုးမှာ မိန်းကလေးဟာ သူ့ကိုယ်သူပြုပြင်ရတယ်။ ဒါကြောင့်မို့ မိတ်ကပ်တို့၊ ဆံပင်တုတို့၊ ရင်တုတို့၊ တင်တုတို့ အခုအခံတွေ လုပ်ရတယ်။ တကယ်တော့ ဒါတွေဟာ လိမ်ညာထားတာတွေပဲ မဟုတ်ဘူးလား။ မျက်နှာထားကိုလည်း တမင်ချိုထားရတယ် မဟုတ်လား။ ရယ်ချင်လည်း တကယ် စိတ်ပါလက်ပါ ရယ်တယ်ထင်ရအောင်၊ ပြုံးရင်လည်း တကယ်ပြုံးတယ်လို့ ထင်ရအောင် လုပ်တတ်ရမယ် မဟုတ်လား။ မိန်းကလေးဟာ အဆင်သင့်ဖြစ် နေတဲ့ ပန်းကလေးတစ်ပွင့်ပုံမျိုး ဖြစ်နေရမယ်။ ဆွတ်ရင်အဆင်သင့်ညွှတ်ပေးမယ် သစ်သီးမှည့်ကလေး တစ်လုံးလို သဏ္ဌာန်မျိုး ဖြစ်နေရမယ်။

ယောက်ျားသားဆိုတာမျိုးကလည်း အဲဒီလို အမြူကလေးတွေကို သဘောကျတတ်ပေသကိုး။ ယောက်ျားဆိုတဲ့သတ္တဝါဟာအမြူခံချင်တယ်လေ။ ကလူ၏သို့ မြူ၏သို့ လုပ်တာမျိုးတွေကို သဘောကျတယ်လေ။မမူတတ်၊ မနွဲ့တတ်တဲ့ မိန်းကလေးမျိုးကို ယောက်ျားကလေးက စိတ်မဝင်စားကြဘူးလေ။ အမူအနွဲ့ကလေးတွေရှိတဲ့ သူကိုမှ၊ အဲဒီလို ညွှတ်ကွင်းကလေးတွေရှိမှ မိန်းကလေးဟာ ဆွဲဆောင်မှုရှိတယ်လို့ ယောက်ျားတွေက ထင်တတ်ကြတယ်။ မိန်းကလေးဟာ အဲဒီလိုဗန်းပြနေသော်လည်း သူဟာသူ့အတွက် သားကောင်တစ်ကောင်ကို ချောင်းနေတာဖြစ်တယ်။ မိန်းကလေးဆိုတာ သားကောင်ကို ဖမ်းအုပ်ရတဲ့ အမျိုးအစား မဟုတ်တော့ ကိုယ်ထောင်ချောက်ထဲ ကိုယ်ရောက်အောင် အသာပဲ စောင့်နေရတယ်။ ကိုယ့်ရဲ့ ညွှတ်ကွင်းကို အားကိုးရတယ်။ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



လေးကို ချစ်တာတောင်မှ ချစ်တယ်ဆိုပြီး စတင်ပြောနိုင်တဲ့ အခွင့်အရေးမရှိဘူး။ ဒီတော့ ကိုယ်က ချစ်လာပြီဆိုရင် စောစောကပြောသလို ညွှတ်ကွင်းကို ပြင်ရတယ်။ မြှုးထောင်ရတယ်။ ငါးကိုစောင့်ရတယ်။ အဲဒီမှာတင် မိန်းမ ဆိုတာ ကောက်ကျစ်တတ်တယ်၊ သစ္စာမဲ့တယ်၊ မာယာများတယ်၊ ဘာဖြစ်ညာဖြစ်တယ် ဆိုပြီး ယောကျ်ားတွေက စွပ်စွဲလာကြတော့တာပါပဲ။

## မိန်းကလေးနှင့် ပန်းမျှင့်မိုးဟိမ်

မိန်းကလေးဟာ လျှို့ဝှက်တတ်တယ်။ စိတ်လှုပ်ရှားလွယ်တယ်။ ပြင်းထန်တဲ့ အတွင်းပဋိပက္ခတွေရဲ့ သားကောင် ဖြစ်တယ်ဆိုတာ အထက်တစ်နေရာမှာ ပြောခဲ့ပြီ။ ဒါပေမယ့် အဲဒီ ဆန်းကြယ်ရှုပ်ထွေးမှုတွေဟာ မိန်းကလေးကို ကြွယ်ဝ ရင့်သန်လာစေတယ်။ ဒါကြောင့် သူ့ရဲ့ အတွင်းသဏ္ဍာန်ဟာ သူ့မောင်ငယ်၊ သူ့အစ်ကိုငယ်တွေထက် ပိုပြီးနက်ရှိုင်းစွာ ဖွံ့ဖြိုးလာခဲ့တယ်။ သူမဟာ သူမရဲ့ ခံစားချက်တွေကို ယောကျ်ားကလေးတွေထက် ပိုပြီးအာရုံစိုက်တယ်။ ပိုပြီးသတိထားတယ်။ ယောကျ်ားကလေးတွေကတော့ အပြင်ပန်း စိတ်ဝင်စားရာတွေကို စိတ်ဝင်စားနေသလောက် မိန်းကလေးကတော့ အပြင်ပန်း အရာဝတ္ထုတွေကို စိတ်ဝင်စားခြင်းမရှိဘဲ သူ့ရဲ့အတွင်းစိတ်ကိုပဲ စိတ်ဝင်စားနေတတ်တယ်။ လောကကြီးကို မကျေနပ်တဲ့စိတ်တွေ ပိုပြီးများလေ့ရှိတယ်။ မိန်းကလေးဟာ သူ့ရဲ့အတွင်းသန္တာန်၊ သူ့စိတ်ကို သူပြန် ကြည့်တယ်လို့ဆိုပေမယ့် အလွန့်အကျူး လေးလေးနက်နက် တွေးတောတာမျိုးတွေကိုတော့ ရှောင်တယ်။ သူ့အပေါင်းအသင်းတွေက သူ့ကို လိမ်တာ ညာတာတွေကို သူအလိုလို သိနေတတ်တယ်။

မိန်းကလေးဟာ နေ့စဉ်နှင့်အမျှ စိတ်နှစ်ခွ ဖြစ်နေတာကို သူ့အာသာသိတယ်။ ယောကျ်ားကလေးများလို ရဲလွန်း၊ ပျော်လွန်းလို့လည်းမဖြစ်၊ တစ်ပြိုင်တည်းမှာ သူ့ကိုချုပ်ချယ်နေတဲ့ ပတ်ဝန်းကျင်နဲ့ အစဉ်အလာတွေကိုလည်း တော်လှန်ဆန့်ကျင်ချင်တဲ့ စိတ်ကလည်းရှိနေတော့ သူ့အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ဟာ နှစ်ခွဖြစ်နေတယ်။ မိန်းကလေးဟာ ဒီလိုသူ့ရဲ့မရေရာတဲ့ နှစ်ခွ အနေအထားကို သူ နေ့တိုင်း ခံစားနေမိတယ်။ ဒီတော့ သူ့မှာ စိတ်ထဲက ကျိတ်ပြီး ကန့်ကွက်ဆန့်ကျင်နေရတာပဲ တတ်နိုင်တော့တယ်။

မိန်းကလေးဟာ ဒီလောက်လွတ်လပ်လွန်းတော့ ဒီလွတ်လပ်မှုကို မကောင်းတဲ့ဘက်မှာ အသုံးပြုသွားနိုင်တယ် ဆိုတာကို သတိထားဖို့ လိုတယ်။ ဒါပေမယ့် မိန်းကလေးရဲ့ တည်ငြိမ်မှု၊ မိန်းကလေးပီပီ ဗိုင်းကောင်းကျောက်ဖိနေတတ်မှုဟာ အလွန်အဖိုးထိုက်တန်တယ် ဆိုတဲ့ သူ့ရဲ့ ခံယူတတ်တဲ့ အစွမ်းကို ထက်မြက်လာစေပါတယ်။ ဒီနည်းအားဖြင့် မိန်းကလေးဟာ အနစ်နာခံတတ်ကြတယ်။

ရိုဇမွန်လဲမင်းရဲ့ ဝတ္ထုတွေထဲက အမျိုးသမီးဇာတ်ဆောင်တွေဟာ ရက်ရောသဘောထားကြီးတဲ့အတွက် တော်တော်ကင်ရှားကြတယ်။ "ဝေါ့စ်ကပွဲသို့ ဖိတ်ခေါ်ခြင်း" ဆိုတဲ့ သူ့ရဲ့ဝတ္ထုထဲမှာ ဇာတ်ဆောင်ဖြစ်တဲ့ အော်လီဗာဟာ အပျိုပေါက်ကလေး။ ကပွဲကို ရောက်သွားတော့ ခြေလှမ်း မလှမ်းတတ် လှမ်းတတ်နှင့် ရှက်ရွံ့ရွံ့ဖြစ်နေတယ်။

ကပွဲခန်းမကြီးထဲကိုရောက်တော့ မျက်လုံးကလေး ကလယ် ကလယ်နဲ့ သူဝင်ရမယ့်၊ ဖြတ်သန်းရမယ့် ကမ္ဘာလောကကြီးကို ရင်တခုန်ခုန်နဲ့ လှမ်းပြီး အကဲခတ်နေတယ်။ သူနဲ့ လာပြီးတွဲကတဲ့ ယောက်ျားပျိုတွေက စကားတွေ တတွင်တွင်ပြောနေတာကို သူဂရုစိုက် နားထောင်တယ်။ သူတို့ မေးတာတွေကိုလည်း ဖြေလိုက်ရသေးတယ်။ ဒီလိုနဲ့ အော်လီဗာဟာ သူတို့တစ်တွေ၊ ယောက်ျားပျိုတွေရဲ့ ပွဲတင်သံတစ်ခု ဖြစ်လာခဲ့ရ တယ်။ ယောက်ျားပျိုတွေ စကားကို သံယောင်လိုက်ပေးတဲ့ အသံတစ်ခု ဖြစ်ခဲ့ရ တယ်။

ရိုဇမွန်လဲမင်းရဲ့ "ဗုန်ထူသော အခြေ" ဆိုတဲ့ ဝတ္ထုထဲက ဇာတ်ဆောင် ဂျူးဒစ်ဟာလည်း ဒီအတိုင်းပါပဲ။ ကလေးဆန်တုန်းပဲ ရှိသေးတယ်။ ကလေးလို ပျော်ချင်ပါးချင် ရှင်မြူးချင်တုန်းရှိသေးတယ်။ ကလေးအကျင့်ကလေး မပျောက်ချင်သေးဘူး။ ဥပမာ ညဆိုရင် သူတို့ခြံနားက ဖြတ်စီးသွားတဲ့ ချောင်း ကလေးထဲမှာ ကိုယ်တုံးလုံးချွတ်ပြီးရေချိုးချင်တယ်။ တောတောင်ရေမြေ သဘာဝရှုခင်းတွေကိုချစ်တယ်။ စာအုပ်တွေကိုချစ်တယ်။ အလှအပတို့ကို မြတ်နိုးတတ်တယ်။ ဘဝကို ခုံမင်တယ်။ အတ္တမဆန်ဘူး။ မလိမ်တတ်ဘူး။ ယောက်ျားတွေက တစ်ဆင့် ကိုယ့်အတ္တကို ချီးမြှောက်ခြင်းမပြုဘူး။ ဂျူးဒစ်ဟာ ချစ်မိရင်လည်း ရိုးရိုးသားသား ရွှဲရွှဲမြဲမြဲချစ်တတ်တယ်။ သူသဘောကျတဲ့သူဆိုရင် ဂျူးဒစ်ဟာ ချစ်လိုက်မိတော့တာပဲ။ယောက်ျားကလေးရယ်လို့ မဟုတ်ဘူး။ ခင်သူအပေါ်မှာ





ရယ်လို့ မဟုတ်ဘူး။ သူငယ်ချင်းအပေါ်မှာလည်းဒီအတိုင်းပဲ။ ဒါပေမယ့် ဒီလို သူငယ်ချင်းတို့၊ ချစ်သူတို့ကို ချစ်ပေမယ့်၊ သူတို့ကို အလိုလိုက်ပေမယ့် ဂျူးဒစ်ဟာ သူ့ဘဝပန်းတိုင်ကို မျက်ခြေပြတ်မခံဘူး။

မာဂရက်ကင်နဒီရဲ့ "ပြောင်းလဲခြင်းမရှိသော နတ်မိမယ်" ဆိုတဲ့ ဝတ္ထုထဲက တက်ဇာကတော့ သူတို့နဲ့ ပြောင်းပြန်ပါ။ အစတုန်းကတော့ သူလည်း အင်မတန်ကိုရိုးပြီး အင်မတန် တစ်ဖက်သားကို ဦးစားပေးတတ်သူပါ။ ဒါပမယ့် နောက်ကျတော့ သူဟာ၊ သူ့ပင်ကိုစိတ်ဟာ တဖြည်းဖြည်း ပြောင်းသွားတယ်။ ကိုယ်က အနိုင်လိုချင်တယ်။ ဟန်ဆောင်တတ်လာတယ်။ အပေါ်ယံတွေကို သဘောကျလာတယ်။

မိန်းကလေးဟာ ယောက်ျားကလေးတွေထက် သဘာဝ အလှကို လည်း ပိုလို့ချစ်တတ်ပါတယ်။ ဒီအကြောင်းကို စာရေးဆရာမ ကိုးလတ်က သူ့ရဲ့ "ဆီဗို" ဆိုတဲ့ ဝတ္ထုမှာ ဒီလိုရေးခဲ့ပါတယ်။

"ကျွန်မသည် အရုဏ်ဦးများကိုလည်း ချစ်တတ်ပါသည်။ ထို့ကြောင့် ကျွန်မသည် ခြင်ထောင်ကလေးကို ဆွဲကာ သဲလမ်းကလေးအတိုင်း မြစ်ဆိပ်သို့ ဆင်းလာခဲ့ပါသည်။ မြစ်ကမ်းနားတွင် စထရော်ဘယ်ရီသီးများနှင့် ဆီးသီးများ ရှိပါသည်။ မနက် ၃ နာရီဆိုတော့ အရာအားလုံးသည် ပြာမှောင်ရီဝေလျက်ရှိပြီး ငိုစွတ်မှုန်ဝါးနေကြပါသည်။ ကျွန်မသည် ပိန်းပိတ်နေသည့် နှင်းတောတွေထဲသို့ ဖြတ်သန်းလာခဲ့ရာ ကျွန်မ၏ နားရွက်များနှင့် နှာသီးဖျားပေါ်တွင် နှင်းတွေ သီးနေပါသည်။ ထို့နောက်တွင်ကား ကျွန်မနှင့် ထိုက်တန်ရာကို ကျွန်မ ရလိုက်ပါပြီ။ ယင်းမှာ ပီတိတစ်မျိုး ဖြစ်ပါသည်။ မနက်ခင်း လေညင်း၊ ပထမ ဆုံးငှက်၊ တငြိမ့်ငြိမ့် ပေါ်ထွက်လာသော နေဝန်းကြီး။ ကျွန်မသည် စထရော်ဘယ်ရီများနှင့် ဆီးသီးများကို အားရပါးရစားပြီးနောက် စမ်းချောင်းကလေးထဲမှ ရေကို အဝသောက်လိုက်ပါသည်။ ထို့နောက် တောအုပ်တွေကြားထဲတွင် လျှောက်သွား ပြီးမှ အိမ်သို့ ပြန်လာခဲ့ပါသည်" လို့ ရေးထားပါတယ်။

မေရီဝက်ဗ်ကလည်း ကျေးလက်ရဲ့ ရှုခင်းကို တွေ့တဲ့အခါမှာ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်တွေ၊ ပီတိတွေကို ဒီလိုရေးပြခဲ့ပါသေးတယ်။

"အိမ်ကြီးတစ်အိမ်လုံး ဆူညံပွက်လောရိုက်လျက်ရှိပြီး သူ့အာရုံကြော များ ပြတ်ထွက်တော့မတတ် တင်းလာသည့်အခါ၌ အင်းဗားသည် တောင်ကုန်း အထက်က တောအုပ်ကလေးဆီသို့ တိတ်တဆိတ် ထွက်လာခဲ့သည်။ သူ့ စိတ်ထဲ၌ ဒေါ်မားသည် တရားဥပဒေဖြင့် အသက်ရှင်လျက်ရှိသလို သစ်တော



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်လည်း ဓာဖြင့် အသက်ရှင်နေသည်ဟု ထင်မိသည်။ အင်းဗားသည် သဘာဝကို ဖြည်းဖြည်းချင်း သတိထားလာမိရာက သဘာဝအလှတစ်မျိုးကို လည်း သဘောပေါက်လာခဲ့သည်။ သူ့အဖို့ သဘာဝကြီးသည် လှပသောအရာ တို့ မတော်တဆ လာရောက်ပေါင်းစည်းထားသည့် အရာကြီးတစ်ခု မဟုတ်။ စနစ်တကျ ပေါင်းစည်းထားသောအရာ၊ လေးနက်တည်ငြိမ်သော ကဗျာလင်္ကာ တစ်ပုဒ်ဟု ထင်လာခဲ့သည်။ ပတ်ဝန်းကျင်တွင် ဝင်းပနေသောအရာသည် ကြယ်ပွင့်များ မဟုတ်ဘဲ အလင်းဖြစ်သည်ဟု ထင်လာခဲ့သည်။ ပတ်ဝန်းကျင် တွင် မွှေးနေသောအရာသည် ပန်းပွင့်များမဟုတ်ဘဲ အလှတရား ဖြစ်သည်ဟု ထင်မိသည်။ ထိုသို့ စဉ်းစားလိုက်မိသည်နှင့် သူ့တစ်ကိုယ်လုံးသည် တုန်သွား ကာ ကြက်သီးတွေ တဖြန်းဖြန်းထလာခဲ့သည်။ သူ့စိတ်ထဲတွင် ဘာသာတရား ဆိုင်ရာ ထုံးတမ်းတစ်ခုကို လုပ်နေသည်ဟု ထင်မိသည်" တဲ့။

ဒီစာပုဒ်တွေကတော့ မိန်းကလေးဟာ သဘာဝကို ဘယ်လောက်ချစ်သလဲ။ သဘာဝကို ဘယ်လိုခံ့မင်မက်မောသလဲ ဆိုတာကိုပြတဲ့ စာပုဒ်တွေ ဖြစ်ပါတယ်။ သူတို့တွင် မကဘူး။ စာရေးဆရာကြီး အယ်မလီဗရွန်လီနှင့် အင်နာဒီမျူအီလီတို့ဟာလည်း ငယ်ငယ်လေးကတည်းက သဘာဝအလှကို ခံ့မင်မက်မောခဲ့ကြပါတယ်။ သူတို့ဟာ သေတစ်ပန်သက်တစ်ဆုံးပဲ သဘာဝအလှကို ခံ့မင်သွားခဲ့ကြတာပါပဲ။

မိန်းကလေးဟာ သဘာဝအလှကို ဘာဖြစ်လို့ ခံ့မင်မက်မောရတာလဲ။ ဘာဖြစ်လို့ အဲဒီအလှမှာ ကြည်မွေ့ရတာလဲ။ ဒါကတော့ လူသားတွေဟာ ဒီလိုချည်းပါပဲ။ သဘောဝအလှကို ချစ်တာဟာ ကျားရယ်၊ မရယ် ခွဲခြားနေလို့ ဘယ်ရမလဲလို့ ပြောစရာရှိတယ်။ ဒါပေမယ့် မတူပါဘူး။

မိန်းကလေးဟာ အုပ်ချုပ်မှုတွေ၊ အခွင့်အာဏာတွေရဲ့အောက်မှာ နေရတော့ ကျဉ်းကျပ်လှပါပြီ။ ဒါကြောင့် အဲဒီအကျဉ်းအကျပ်တွေက ထွက်ပြေးပြီး နိုလှုံရာတစ်ခုအနေနှင့် သဘာဝအလှကို ချစ်တာပါ။ အိမ်မှာ အမေရှိတယ်။ ထုံးစံဓလေ့တွေရှိတယ်။ စည်းကမ်းတွေရှိတယ်။ အိမ်အလုပ်တာဝန်တွေ ရှိတယ်။ မိန်းကလေးဟာ အဲဒါတွေအောက်မှာ ပိနေတယ်။ ဒီတော့ အဲဒီအတိတ်၊ အဲဒီဘဝက ထွက်ပြေးချင်တယ်။ သူ့ကိုယ်သူ ဧကရီဖြစ်ချင်တယ်။ မဟေသီဖြစ်ချင်တယ်။ ဒါပေမယ့် အိမ်မှာဆိုတော့ လူ့အဖွဲ့အစည်းနဲ့ နေရတယ်။ လူ့အဖွဲ့အစည်းရဲ့ စည်းကမ်းကို လိုက်နာရတယ်။ ဒါကြောင့် ဒီအရာတွေကို စွန့်ပယ်ပြီး သူ့လွတ်မြောက်ရေးကို ရှာတာဖြစ်တယ်။ သူ့လွတ်လပ်ခွင့်ကို ရှာတာဖြစ်တယ်။ တောအုပ်ထဲရောက်တော့ သစ်ပင်တွေ၊ ပန်းပွင့်တွေ၊ ငှက်တွေပဲ ရှိတော့တယ်။





လူရယ်လို့ သူပဲ ရှိတော့တယ် မဟုတ်လား။ သူဟာ မိသားစုက လွတ်မြောက် လာပြီ၊ ဖိုသတ္တဝါတွေဆီကလည်း လွတ်မြောက်လာခဲ့ပြီ။ ငှက်ကလေးတွေလို၊ ပန်းပွင့်ကလေးတွေလို၊ သစ်ပင်ကလေးတွေလို၊ မြက်ပင်ကလေးတွေလို လွတ်လပ်တဲ့ပစ္စည်းတစ်ခု ဖြစ်လာခဲ့ပြီ။ မိန်းကလေးဟာ တောအုပ်ထဲရောက်တော့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ချောင်းကလေးတွေကို တွေ့ရပါတယ်။ ဒီတော့ အထီးကျန် တိတ်ဆိတ်နေတဲ့ သူ့ဝိညာဉ်နဲ့ အတူတူပါကလားလို့ ထင်မိတယ်။ ကျယ်ပြန့်တဲ့ လွင်ပြင်ကိုရောက်ပြီး မိုးကုပ်စက်ဝိုင်းကြီးကို မြင်ရတဲ့အခါကျတော့ လွတ်လပ်ပြီး အတိုင်းအဆမရှိ ကျက်စားနိုင်တဲ့ သူ့ရဲ့စိတ်နဲ့ တူပါကလားလို့ ထင်မိတယ်။ သူကိုယ်တိုင်ဟာ အဲဒီလို အတိုင်းအဆမရှိတဲ့ နယ်ကြီးတစ်နယ်လို့ ထင်လာခဲ့မိတယ်။ အဝေးမှာ မိုးကုပ်စက်ဝိုင်းထဲကို ထိုးတက်နေတဲ့ တောင်ထွတ်တွေလို့ ထင်လာခဲ့မိတယ်။ သူဟာ အဲဒီလမ်းတွေအတိုင်း လျှောက်ပြီး မသိသေးတဲ့ အနာဂတ်ဆီသို့ သွားနိုင်တယ်။ တံခါးမ်တွေကိုစီးပြီး လိုရာကိုလွှင့်နိုင်တယ်။ မိန်းကလေးဟာ ရတနာအပေါင်းတို့ရဲ့ ဧကရီဖြစ်တယ်။ အလင်းရောင်အပြက်၊ ရေတံခွန်အဖြာကို ကြည့်ပြီး ပျော်နိုင်တယ်။ သူတစ်ခါမှ မတွေ့ဖူးသေးတဲ့၊ မခံစားဖူးသေးတဲ့ ပီတိကို ခံစားနိုင်တယ်။ ကန်ရေပြင်က လှိုင်းဂယက်ကလေးတွေ နေခြည်ပြောက်တိပြောက်ကျားတွေကို ကြည့်ပြီး နှလုံးသားက ကြည်လင်ချမ်းမြေ့ရပါတယ်။

အရောင်အသွေးနှင့် ရနံ့တွေဟာ ထူးဆန်းပြီး နားမလည်နိုင်တဲ့ ဘာသာစကားတစ်မျိုးကို ပြောလေ့ရှိကြတယ်။ ဒါပေမယ့် စကားတစ်လုံးကတော့ တော်တော်ကလေးကို ကြည်လင်ပီသတဲ့ အဓိပ္ပါယ်ကို ဆောင်လေ့ရှိပါတယ်။ အဲဒီစကားလုံးကတော့ တည်ရှိခြင်း၊ နေထိုင်ခြင်း၊ ရှင်သန်ခြင်း ဘဝဆိုတဲ့ စကားလုံးတွေပဲ။ ဒီစကားတွေဟာ စာအုပ်တွေထဲမှာ တင်ရှိတဲ့ ဒြပ်မဲ့တဲ့ စကားလုံးတစ်ခု မဟုတ်ပါဘူး။ ဒီစကားလုံးဟာ ကြွယ်ဝတဲ့ အဆီအတားပါတဲ့၊ အနာဂတ်ကိုပြောတဲ့ စကားလုံးဖြစ်ပါတယ်။ ဖွံ့ဖြိုးကြီးထွားလာတဲ့ ကိုယ်ခန္ဓာတစ်ခုကို ပိုင်ဆိုင်လာရတာဟာ ရှက်စရာကောင်းတဲ့ အပြစ်အနာ အဆာတစ်ခု မဟုတ်ဘူးဆိုတာ မိန်းကလေး အလိုလို သဘောပေါက်လာပါတယ်။ အစတုန်းကတော့ သူ့ကိုယ်လက်အင်္ဂါတွေ ကြီးထွားဖွံ့ဖြိုးလာတာကိုကြည့်ပြီး အပိုပေါက်မိန်းကလေးဟာ ရှက်ကြောက်နေတယ်။ မနေတတ် မထိုင်တတ် ဖြစ်နေတယ်။ ဒါပေမယ့် ခုလိုတော့ ရိပ်မြိုင်ခြေ သဘာဝအလှတွေကြားထဲကို ရောက်သွားတဲ့အခါမှာ သူ့ခန္ဓာဟာ ရှက်စရာတစ်ခု မဟုတ်တော့ဘဲ ဂုဏ်ယူစရာတစ်ခု ဖြစ်တယ်ဆိုတာကို မိန်းကလေးဟာ အလိုလိုသဘောပေါက်လာတယ်။ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ တောရပ်မြိုင်ခြေတွေထဲက သစ်ပင်တွေ၊ ပန်းပင်တွေမှာ သစ်ရွက်ကလေးတွေ နုဝေလာတာ၊ ပန်းပွင့်ကလေးတွေ ဖူးပွင့်လာတာကိုကြည့်ပြီး သူ့မှာလည်း ဒီလိုမျိုးပွားနိုင်တဲ့ အရည်အချင်းတွေ ရှိတယ်ဆိုတာကို သတိပြုမိလာတယ်။ သစ်ပင်တွေ၊ ပန်းပွင့်တွေ၊ သစ်ရွက်တွေဟာ သူ့လိုပဲ လူလောကကြီးကို စည်ပင်အောင် အကျိုးဆောင်နေကြတယ်ဆိုတာကို သူ့ကိုယ်သူ သတိထားမိလာတယ်။ သူဟာ ပန်းပွင့်လာရတော့မယ် ဆိုတာကို သူသိလိုက်တယ်။ အသွေးအသားဟာ ညစ်ညမ်းတဲ့အရာ တစ်ခုဖြစ်လာတယ်။ သူဟာ တောအုပ်၊ သစ်ပင်၊ ပန်းပင်၊ အကိုင်းအခက်တစ်ခု ဖြစ်သွားတယ်။ မြေကြီးနဲ့ အကန့်အသတ်မရှိတဲ့ သိစိတ်ထဲမှာ အမြစ်တွယ်သွားတဲ့ အရာတစ်ခု ဖြစ်သွားတယ်။

မိန်းကလေးဟာ သဘာဝကိုကျော်ပြီး ပိုပြီးဝေးလံ၊ ပိုပြီးတောက်ပတဲ့ အစစ်အမှန်တစ်ခုကို ရှာဖွေနေတယ်။ သူမဟာ လျှို့ဝှက်ဆန်းကြယ်တဲ့ ပီတိတွေ ထဲရောက်အောင် သူ့ကိုယ်သူ ဖြေလွှတ်လိုက်ချင်တယ်။

ဒီလိုနဲ့ မိန်းကလေးဟာ အပျိုဘော်ဝင်စမှာ စိတ်တွေထွေပြားပြီး လွင့်ချင်ရာလွင့်နေတယ်။ နောက်ဆုံးတော့ သူမဟာ အပျိုဘဝ၊ မိန်းမဘဝကို အသာတကြည်နဲ့ လက်ခံလိုက်ရတော့တယ်။

သို့တိုင်အောင် မိန်းကလေးဟာ အရွယ်ရောက်လာသည်အထိ အမေရဲ့ ဩဇာ၊ အမေရဲ့ တန်ခိုးအရှိန်အဝါအောက်ကတော့ မလွတ်နိုင်သေးဘူး။ တကယ်လို့ သူမကြိုက်ဘူး။ သူကိုယ်တိုင် မကြီးကြပ်ရတာကို မကျေနပ်ဘူး။ သူကိုယ်တိုင်က အိမ်ထောင်ကြီးတစ်ခုကို ထိန်းသိမ်းပြီး သားသမီးတွေကို မွေးမြူစောင့်ရှောက်ချင်တဲ့ ဆန္ဒဟာ မသိစိတ်ထဲမှာ ကိန်းဝပ်နေတာကိုး။ ဒီတော့ အမေက သူ့အပေါ် ဆရာလုပ်တာကို မကြိုက်ဘူးပေါ့။ ဒါပေမယ့် နောက်မှာတော့ အမေနဲ့ပြိုင်ရတာ၊ အမေ့ကို ယှဉ်ပြိုင်ရတာဟာ မကောင်းဘူးဆိုတာကို သူ့ဘာသာသူ သိလာတယ်။

အထူးသဖြင့် ကိုယ့်အောက်က မောင်လေးတွေ၊ ညီမလေးတွေ မွေးလာရင် သူစိတ်အနှောင့်အယှက်ဖြစ်တယ်။ အမေရဲ့ နေ့၊ အမေရဲ့အချိန်၊ အမေ့ရဲ့ခေတ်ဟာ ကုန်ဆုံးသွားပြီး သူ့ခေတ်၊ သူ့အချိန်ကို ရောက်ပြီလို့ သူထင်လာတယ်။ ပြီးတော့ ကလေးငယ်တွေကို အမေက မွေးမယ့်အစား သူကိုယ်တိုင် မွေးချင်လာတယ်။ အပြင်ကိုထွက် အလုပ်လုပ်ရတာကို သဘောကျလာတယ်။ အိမ်ကို ပြန်လာရတာကို သူစိတ်ပျက်လာတယ်။ သူ့ကိုယ်သူ လွတ်လပ်တဲ့၊ အမှီအခိုကင်းတဲ့ အမျိုးသမီးတစ်ယောက်အဖြစ် လူ့ပုံအလယ်မှာ ရပ်ပြချင်တယ်။





ဒီလိုနှင့် မိန်းကလေးဟာ တဖြည်းဖြည်း ရင့်ကျက်လာခဲ့ရတယ်။ ဒီလိုရင့်ကျက်လာတဲ့အခါကျတော့ ငယ်ငယ်တုန်းကလို စိတ်ကူးယဉ်မှုတွေ နည်းသွားပြီး အိမ်ထောင်ရေးကို စဉ်းစားတယ်။ လက်တွေ့ဘဝကို ပိုပြီးစဉ်းစားလာတယ်။ အချစ်တက် အိမ်ထောင်ရေးကို လက်တွေ့ကျကျ စဉ်းစားရမှာလည်း ငယ်ငယ်တုန်းကလို အရောင်ဝါတွေတောက်နေတဲ့ သူမျိုးမှ၊ ဘယ်လိုသူမျိုးမှ၊ ဘယ်လိုချမ်းသာမှ၊ ဘယ်လောက်ရုပ်ချောမှ၊ ဘယ်လောက်ပညာတတ်မှ ဆိုတဲ့ အရောင်အဝါတွေကို ထည့်မစဉ်းစားတော့ဘူး။ လက်တွေ့ကျကျ စဉ်းစားလာတယ်။ သူလိုချင်တာက လောကအလယ်မှာ တင့်တောင့်တင့်တယ် နေနိုင်ရေးပဲ။ သူ့ကို အမျိုးသမီးတစ်ယောက်၊ မိန်းမတစ်ယောက်၊ အိမ်ရှင်မတစ်ယောက်အဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ရေးပဲ။

စာရေးဆရာမ ဗာဂျီနီယာဝုဖ်ရဲ့ "လှိုင်းများ" ဆိုတဲ့ ဝတ္ထုမှာ ကျေးလက်က လူချမ်းသာရဲ့သမီး မိန်းကလေးတစ်ယောက်ရဲ့ အတွေး၊ မိန်းကလေးတစ်ယောက်ရဲ့ မျှော်မှန်းချက်ကို ဒီလိုရေးပြခဲ့တယ်။

"နေ့လယ်ကျရင် မောင် ရောက်လာတော့မယ်လေ။ ကြည့်စမ်း၊ ဘယ်လောက် ပျော်စရာ ကောင်းသလဲ။ ဟော်လီယော့ ပန်းပွင့်တွေကြားမှာ ပျားပိတုန်းတွေကဝဲလို့၊ သူက တောင်တမာပင်ကြီးအောက်မှာရပ်လို့။ သူက တစ်ခွန်းပြောရင် ငါကလည်း တစ်ခွန်းပြောမှာပေါ့။ ပြီးတော့မှ ငါ့ရင်ထဲမှာရှိတဲ့ စကားတွေကို ပြောရမယ်။ တို့နှစ်ယောက် အိမ်ထောင်ကျရင် သားသားလေး၊ မီးမီးလေးတွေ မွေးရမယ်။ အိမ်ဖော်တွေ ထားမယ်။ လယ်အတွက် မနောက်ထပ်လူတွေ၊ သူရင်းငှားတွေ ငှားမယ်။ သိုးကလေးတွေ နေထိုင်မကောင်းဖြစ်ရင် မီးကင်ပေးဖို့ မီးဖိုကလေးတစ်ဖိုလည်း လုပ်ရမယ်။ မီးဖိုထဲမှာ ဝက်ပေါင်ခြောက်တွေ ကင်ထားရမယ်။ ကြက်သွန်တွေကို အခြောက်လှန်းထားရမယ်။ အမေငယ်ငယ်က မီးဖိုထဲက အလုပ်များနေသလို ငါလည်း မီးဖိုထဲမှာ အလုပ်လုပ်ရမယ်"

မိန်းကလေးရဲ့ စိတ်ကူး၊ မိန်းကလေးရဲ့ အတွေးတွေပါ။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းကလေးနှင့် သူ့သူငယ်ချင်း

အိမ်ထောင်ရေးနှင့် ပတ်သက်လို့ မေရီဝက်ရဲ့ "အဖိုးတန်အရိုး" ဆိုတဲ့ စာအုပ်မှာ ပရုစမ်းဟာ ဒီလိုတွေးခဲ့ပါတယ်။

"ဘယ်တော့မှ အိမ်ထောင်မပြုဘဲ တစ်သက်လုံး အပျိုကြီးလုပ်နေရတော့မည် ဆိုသည့် အချက်သည် ကြောက်စရာကောင်းသလိုလိုတော့ ရှိသည်။ မိန်းကလေးများသည် အိမ်ထောင်ပြုကြ၏။ သူတို့ အိမ်ထောင်ပြုသည့်အခါတွင် အိမ်ကလေးတစ်လုံးရမည်။ သူတို့ အိမ်ဦးနတ်များ ပြန်လာသည့်အခါတွင် ကြိုဆိုရန်အတွက် မှန်အိမ်ကလေးတစ်လုံး ရှိရမည်။ ပြတင်းပေါက်တွင် တင်ထွန်းရန် ဖယောင်းတိုင်ကလေးဖြစ်ဖြစ် ရှိရမည်။

ထိုအခါတွင် အဝေးမှပြန်လာသည့် အိမ်ဦးနတ်သည် ပြတင်းမှ မီးရောင်ကို မြင်သည့်အခါတွင် "ကြည့်စမ်း၊ ငါ့မိန်းမက ဖယောင်းတိုင်ကလေးထွန်းပြီး ငါ့ကို ကြိုနေရှာတယ်" ဟု တွေးပေ လိမ့်မည်။ အဘွားအို ဘိဂိဒါသည် သူတို့ ကြင်စဦးဇနီးမောင်နှံအတွက် ကြိုးကုတင်ကလေးတစ်လုံးကို ရက်ပေးလိမ့်မည်။ တစ်နေ့တွင် ထိုကြိုးကုတင် ကလေးပေါ်တွင် သားသား၊ မီးမီးလေး ရောက်လာလိမ့်မည်။ နောက်တစ်နေ့တွင် ရိုသေလေးမြတ်စွာဖြင့် ကင်ပွန်းတပ်မင်္ဂလာ ဖိတ်စာကို ပေးပေလိမ့်မည်။ ပျားဘုရင်မအနီးတွင် ပျားတွေအုံနေသလို အိမ်နီးချင်းများသည် ရောက်လာကြကာ အမေ့အနီးတွင် ဝိုင်းအုံ နေကြလိမ့်မည်။ တစ်ခုခု အဆင်မပြေဖြစ်သွားခဲ့လျှင်တော့ "ကဲ ဘယ့်နှယ့်လဲ ပရုစမ်း၊ ဆတ်ဆော့တဲ့ကောင်မ၊ ခုတော့ သိပြီ မဟုတ်လား" ဟု ကိုယ့်ကိုယ်ကို မေးမိပေလိမ့်မည်" လို့ ရေးထားပါတယ်။





အလုပ်လုပ်သည် ဖြစ်စေ၊ အလုပ်မရှိသည် ဖြစ်စေ၊ အိမ်တွင်းပုန်းလုပ်သည်ဖြစ်စေ၊ လွတ်လွတ်လပ်လပ် သွားလာနေသည်ဖြစ်စေ၊ မိန်းကလေးဘော်တော်များများဟာ အရွယ်ရောက်လာတာနဲ့ ယောကျ်ားရဖို့ကိစ္စ၊ ဒါမှမဟုတ် သစ္စာရှိတဲ့ ချစ်သူရည်းစား တစ်ယောက်ရှိဖို့ကိစ္စဟာ အရေးကြီးလုပ်ငန်းတစ်ခု ဖြစ်လာတတ်ပါတယ်။ အဲဒီမှာ မိန်းကလေးသူငယ်ချင်းနှစ်ဦးဟာ တစ်ဦးကိုတစ်ဦး အပြစ်မြင်လာတတ်ကြပါတယ်။ ဒီလို စိတ်ထားမျိုးဟာ မိန်းကလေးအချင်းချင်းရဲ့ သူငယ်ချင်းစိတ်ဓာတ်ကို ပျက်ပြားစေတတ်ပါတယ်။ အချစ်ဆုံး သူငယ်ချင်းဟာ သူ့နေရာကို စွန့်လွှတ်ခဲ့ရပြီပေါ့။ မိန်းကလေးဟာ သူငယ်ချင်းကို အပေါင်းအဖော်လို့ မမြင်တော့ဘဲ ပြိုင်ဘက်လို မြင်လာခဲ့ပြီပေါ့။ မိန်းကလေးတစ်ယောက်ကို တွေ့ဖူးတယ်။ သူက ကဗျာလေးတွေ၊ စာညွှန့်ကလေးတွေရေးပြီး သူကိုယ့်သူ အထီးကျန်မင်းသမီးကလေးလို့ တင်စားသုံးနှုန်းပြီး သူ့သူငယ်ချင်းကို အလျှင်တုန်းကလို မချစ်တော့ဘူးတဲ့။ ကိုယ့်သူငယ်ချင်းက သူ့ချစ်သူကြားမှာ အတားအဆီး အနှောင့်အယှက် ဖြစ်လာတယ်။ အဲဒီ သူငယ်ချင်းက ရုပ်ချောပြီး ပါးနပ်ထက်မြက်ရင်လည်း အဲဒီသူငယ်ချင်းက သူ့ချစ်သူကို လုမှာကို စိုးရိမ်ကြောက်လန့်လာတယ်။ လောကမှာ သူ့ချစ်သူအကြောင်း၊ သူတို့နှစ်ယောက်ရဲ့အကြောင်းကိုပဲ စဉ်းစားနေတော့ မိန်းကလေးရဲ့ မိုးကုပ်စက်ဝိုင်းဟာလည်း တဖြည်းဖြည်း ကျဉ်းမြောင်းလာခဲ့တယ်။ မိန်းကလေးဟာ အတ္တဆန်လာပြီး ရိုင်းပျလာတတ်တယ်။ သူ့ချစ်သူ၊ သူမျှော်လင့်နေသူ၊ ရွှေမင်းသားကလေးက ပေါ်တော်မူလာခဲ့ရင်လည်း ငြီးငွေ့ပြီး စောင့်ရတာကြာလို့ နာကြည်းခါးသီးသွားတတ်တယ်။

မိန်းကလေးရဲ့ အပြုအမူ၊ စိတ်နေစိတ်ထားဟာ အခြေအနေပေါ်မှာတည်ပြီး ပြောင်းလဲသွားတတ်တယ်။ ဒါပေမယ့် ဒီနေ့ခေတ်မှာတော့ မိန်းကလေးဟာ သူ့နှောင်ရေးကို ယောကျ်ားတစ်ယောက်ရဲ့ လက်ထဲမှာ ပုံအပ်ထားရတာမျိုး သိပ်မရှိတော့ဘဲ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်တဲ့ အခြေအနေကို ရောက်လာပါပြီ။

မိန်းကလေးဟာ အားကစားတို့၊ စာပေတို့၊ ဂီတတို့၊ လူမှုရေး ကိစ္စတို့ကို စိတ်ဝင်စားလာခဲ့တယ်ဆိုရင်တော့ ယောကျ်ားတွေကို စိတ်ဝင်စားမှု လျော့နည်းသွားတတ်ပါတယ်။ စိတ်ကူးယဉ်တာတွေ၊ စိတ်လေတာတွေဟာ နည်းနည်းလျော့သွားတတ်ပါတယ်။ ဒါတောင်မှပဲ မိန်းကလေးဟာ ယောကျ်ားလေးတွေလောက် လွတ်လပ်မှု မရသေးတဲ့အတွက် ကိုယ့်ကိုယ်ကို ထိန်းသိမ်းရာမှာ ကိုယ့်ကိုယ်ကိုနားလည်သဘောပေါက်ရာမှာ အခက်အခဲရှိနေပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လွတ်လပ်ပါတယ်၊ ခေတ်မီပါတယ်၊ ပညာတတ်ပါတယ် ဆိုတဲ့ မိန်းကလေးတွေမှာတောင် သူ့ဘဝမှာ ချစ်သူအတွက်၊ အချစ်အတွက် နေရာကလေးတစ်နေရာကိုတော့ ချန်ပေးထားတတ်ပါတယ်။ ပြင်ပလုပ်ငန်းတွေကို သိပ်စိတ်ဝင်စားနေရင် အချစ်အကြောင်းကို လုံးဝ ခေါင်းထဲက ဖျောက်ထားရင် သူ့မှာ မိန်းမ မပီသဘူးလို့ မသိစိတ်ထဲမှာ ထင်နေတတ်ကြပါတယ်။ အဲဒီလို မိန်းမပီသချင်တဲ့စိတ်၊ လှပချင်တဲ့စိတ်တွေ ဝင်လာပြန်တော့ ကိုယ်လုပ်ရမယ့် အလုပ်၊ ကိုယ့်ပညာရေး၊ ကြီးပွားရေးမှာ နည်းနည်း အတားအဆီး ဖြစ်လာတတ်ပြန်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် အလုပ်လုပ်နေတဲ့ အမျိုးသမီး တစ်ယောက်ဟာ တစ်ဘက်မှာ ကိုယ့်အောင်မြင်ကြီးပွားမှုကို လုပ်နေရသလို၊ အခြားတစ်ဘက်မှာလည်း ကိုယ့်ကိုယ်ကို မိန်းမပီသအောင် မိန်းမတို့ရဲ့ အလှကျက်သရေ ညှိုးနွမ်းမသွားအောင်လည်း လုပ်ရသေးတယ်။ အလုပ်လုပ်နေတဲ့ မိန်းကလေးဟာ ကိုယ့်အလုပ်မှာလည်း တော်အောင်၊ ကျောင်းသူဆိုရင်လည်း ကျောင်းစာမှာတော်အောင်၊ လုပ်ရသလို တစ်ဖက်မှာလည်း ကိုယ့်အလှ၊ ကိုယ့် အသွင်အပြင်ကို ဂရုစိုက်ရပါတယ်။

ဥပမာ – ကျောင်းသားနဲ့ ကျောင်းသူ ဆိုပါတော့။ ကျောင်းသားတွေကတော့ တွေးချင်ရာ တွေးနေတယ်။ တခြားအရာတွေကို အာရုံဝင်စားချင်ရင် ဝင်စားနေနိုင်တယ်။ ဒါပေမယ့် ကျောင်းသူမှာတော့ ဒီလိုမဟုတ်ဘူးလေ။ မိန်းကလေးရဲ့ အတွေးဟာ သူ့ရုပ်ဆင်းသဏ္ဌာန်အကြောင်း တွေးနေတတ်တယ်။ ဒါမှမဟုတ် အချစ်အကြောင်း၊ ယောကျ်ားလေးတွေအကြောင်း တွေးနေတတ်တယ်။ ကျောင်းစာကို ကျက်တယ်ဆိုရင်လည်း တကယ်လိုအပ်တဲ့စာ၊ တကယ် အရေးကြီးတဲ့ စာမျိုးကိုပဲ ကျက်မှာပဲ။ ဒီလို ပြင်ပလုပ်ငန်းတွေကို ယောကျ်ားလေးတွေလောက် အာရုံမစိုက်နိုင်တာ၊ ယောကျ်ားလေးတွေလောက် အချိန်မပေးနိုင်တာဟာ ကိုယ်ခန္ဓာဖွဲ့စည်းမှုကြောင့် ဖြစ်ရတာ မဟုတ်ပါဘူး။ အားနွဲ့သူ မိန်းမသားမို့လို့ ဖြစ်ရတာ မဟုတ်ဘူး။ စောစောကပြောခဲ့သလို မိန်းမသားမှာ ကိုယ့်ရုပ်ဆင်းသွင်ပြင် လှပတင့်တယ်ရေးဆိုတဲ့ အခြားစိတ်ဝင်စားမှုတစ်ခု ရှိသေးလို့လည်း ဖြစ်တယ်။

အမျိုးသမီးတစ်ယောက် အိမ်ထောင်ပြုပြီးနောက်မှာ သူ့ဝါသနာပါတဲ့ ဂီတတို့၊ စာပေတို့၊ သက်မွေးမှုလုပ်ငန်းတို့ကို လုပ်ကိုင်လိုက်စားနိုင်သေးတယ် ဆိုရင်တော့ အဲဒီအမျိုးသမီးဟာ တော်တော်စွမ်းရည်ရှိတဲ့ အမျိုးသမီးလို့ဆိုရပေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အိမ်ထောင်တာဝန်တွေ များပြားလာပြီကိုး။ ဒါကြောင့်မို့ အမျိုးသားက အမျိုးသမီးအပေါ် ပိုပြီးအခွင့်အရေးတွေ သာ





နေသေးသရွေ့၊ မျိုးသမီးများ တကယ်တမ်းတူညီမျှမှုကို မရသေးသရွေ့ အမျိုးသားဟာ အမျိုးသမီးကို ဇနီးအနေနဲ့ဖြစ်စေ၊ အငယ်အနှောင်းအနေနဲ့ဖြစ်စေ၊ သက်ဝါးကြီးအုပ် အမြတ်ထုတ်နေသရွေ့ မိန်းကလေးဟာ သူ့ဘဝ တိုးတက်ရေးမှာ အတားအဆီး၊ အနှောင့်အယှက်တွေကို တွေ့နေဦးမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## မောင်တစ်ကျိပ်ပင် ရှိလင့်ကစား

လက်ထပ်ထိမ်းမြားခြင်းကိစ္စဟာ လူ့အဖွဲ့အစည်းကြီးက အမျိုးသမီးတွေကို အစဉ်အလာအားဖြင့် ပေးခဲ့တဲ့ ကံကြမ္မာတစ်ခု ဖြစ်ပါတယ်။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတဲ့ စကားလို ဘယ်အမျိုးသမီးဖြစ်ဖြစ် အရွယ်ရောက်ရင် အိမ်ထောင်ပြုကြတယ်။ အိမ်ထောင်ပြုလိုစိတ် ပေါ်ပေါက်လာကြပါတယ်။ အပျိုအအိုဆိုတဲ့ ခွဲခြားသတ်မှတ်မှုဟာ အိမ်ထောင်ပြုခြင်း မပြုခြင်းကို အစွဲပြုပြီး ခေါ်ဝေါ်ကြရခြင်း ဖြစ်ပါတယ်။ ကိုယ်က အိမ်ထောင်ပြုတာကို စိတ်ကုန်ခမ်းသည်ဖြစ်စေ၊ ပြုချင်လျက်နှင့် မပြုရတာကြောင့်ဖြစ်စေ၊ ဒါမှမဟုတ် လုံးဝကို အိမ်ထောင်ပြုချင်တဲ့ကိစ္စကို ဂရုမထားလို့ဖြစ်စေ၊ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် အပျိုအအိုဆိုတဲ့ ဝေါဟာရဟာ အဲဒီအိမ်ထောင်ပြုခြင်းကို အမှီပြုပြီး ခေါ်တဲ့စကား ဖြစ်ပါတယ်။ ဒါကြောင့် အိမ်ထောင်ပြုခြင်း၊ သို့မဟုတ် လက်ထပ်ထိမ်းမြားခြင်းအကြောင်းကို နည်းနည်း ဆွေးနွေးချင်ပါတယ်။

အလျင်တုန်းကတော့ မိန်းမဟာ ဖိုသတ္တဝါရဲ့ ကျွန်ပြုခံရတဲ့ သတ္တဝါတစ်ယောက် ဖြစ်ခဲ့ပေမယ့် စီးပွားရေးမှာ အမျိုးသမီး အခန်းကဏ္ဍဟာ အရေးကြီးတဲ့အခန်းကို ပါလာတာနဲ့အမျှ၊ စီးပွားရှာဖွေရာမှာ အမျိုးသမီးဟာ လွတ်လပ်ပြီး ရင်ပေါင်တန်းလာနိုင်သည်နှင့်အမျှ လက်ထပ်ထိမ်းမြားရေးစနစ်များ၊ သဘောထားများဟာလည်း ပြောင်းလဲသွားကြတယ်။ အလျင်တုန်းကတော့ အမျိုးသမီးဟာ စီးပွားရေးမှာ အရေးမပါတဲ့ကဏ္ဍ၊ တစ်နည်းပြောရရင် ကုန်ထုတ်လုပ်ရေးမှာ အရေးမပါတဲ့ ကဏ္ဍမှာရှိနေခဲ့တဲ့အတွက် သူဟာ ယောကျ်ားရဲ့ ခြယ်လှယ်ခံ၊ သွေးစုပ်ခံ၊ ကျွန်ပြုခံရတဲ့ အဆင့်မှာ ရှိခဲ့ပါတယ်။ လက်ထပ်ထိမ်း





မြားရေးမှာလည်း ယောကျ်ားကသာအသာစီးရပြီး အမျိုးသမီးကတော့ သူ့ရွေးချယ်ခံ၊ ရောင်းကုန်ပစ္စည်းဘဝမျိုးမှာသာ ရှိခဲ့တယ်။ ဒါပေမယ့် စီးပွားရေးကဏ္ဍမှာ အမျိုးသမီးဟာ ရှေ့တန်းကို ရောက်လာတာနဲ့အတူ လက်ထပ်ထိမ်းမြားရေးစနစ်ဟာလည်း ပြောင်းသွားခဲ့တယ်။ အလျင်တုန်းကလို ယောကျ်ားရဲ့ အရွေးချယ်ခံပစ္စည်း မဟုတ်တော့ဘဲ လက်ထပ်ထိမ်းမြားခြင်းဟာ လွတ်လပ်ပြီး တန်းတူညီမျှတဲ့ လူနှစ်ဦးရဲ့ သဘောတူညီချက်အရ လွတ်လပ်စွာ တွဲဖက်ထားတဲ့ ပေါင်းစည်းမှုတစ်ခု ဖြစ်လာခဲ့တယ်။ ပဋိညာဉ်ပြုထားတဲ့သူ နှစ်ဦးရဲ့တာဝန်နဲ့ အခွင့်အရေးတွေဟာ သူတို့နှစ်ဦးရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စများဖြစ်လာပြီး သူတို့နှစ်ဦးစလုံး အပြန်အလှန် လေးစားကြရမယ့်ကိစ္စတွေ ဖြစ်လာခဲ့တယ်။ ဖောက်ပြားမှုဟာ နှစ်ဖက်စလုံးအတွက် ပဋိညာဉ်ကို ဖောက်ဖျက်မှု ဖြစ်တယ်။ ပဋိညာဉ်ကို တစ်ဦးကဖောက်ဖျက်လာခဲ့ရင် ဖောက်ဖျက်ခံရသူဘက်က ကွာရှင်းပြတ်စဲခွင့် ရလာတယ်။ အလျင်တုန်းကတော့ အမျိုးသမီးဟာ လူမှုအဆင့်အတန်းမှာလည်း အောက်ကျကျန်ရစ်ခဲ့ပြီး သူ့ရဲ့အလုပ်ဟာ သားမွေးခြင်းဆိုတဲ့ ပြန်လည်ထုတ်လုပ်ရေး လုပ်ငန်းသာဖြစ်ခဲ့ပေမယ် နောက်ပိုင်းမှာတော့ အမျိုးသမီးရဲ့ လူနေမှုပညာ၊ အဆင့်အတန်း စသည်တို့ဟာ မြင့်မားလာခဲ့ပြီး သူ့ရဲ့ အလုပ်ဟာလည်း ပြန်လည်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုကိုသာ မကတော့ဘဲ ကုန်ထုတ်လုပ်ရေးလုပ်ငန်းမှာပါ အရေးပါလာခဲ့တယ်။

နိုင်ငံတော်အစိုးရတို့၊ အလုပ်ရှင်တို့က အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်စဉ် ကာလများမှာ စရိတ်စကတွေ ထောက်ပံ့ထားတဲ့အတွက် မီးမဖွားမီနဲ့ မီးဖွားပြီးချိန်တို့မှာ လစာအပြည့် ခွင့်ရက်တွေ ပေးထားတဲ့အတွက် ကုန်ထုတ်လုပ်ရေးမှာ သူ့အခန်းဟာလည်း အရေးကြီးတယ်ဆိုတာကို သက်သေပြပြီးသား ဖြစ်နေတယ်။ နောင်အနာဂတ်မှာ လက်ထပ်ထိမ်းမြားရေး ဘယ်ပုံသဏ္ဍာန်မျိုးတွေနဲ့ ပေါ်ပေါက်လာမလဲဆိုတာကတော့ နောင်ဖြစ်ထွန်းလာမယ့် လူ့အဖွဲ့အစည်းရဲ့ အပေါ်မှာလည်း မှီနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မဟာဖိုဝါဒ (ဝါ) ယောကျ်ားက မိန်းမအပေါ်မှာ ကြီးစိုးတဲ့ဝါဒကတော့ တဖြည်းဖြည်း ပျောက်ကွယ်လို့နေပါပြီ။ ဒါပေမယ့် မိန်းမတွေရဲ့ အမြင်နဲ့ပြောရရင် ဒီနေ့ခေတ်ဟာ မဟာဖိုဝါဒ လုံးဝပျောက်ကွယ်ခြင်းတော့ မရှိသေးပါဘူး။ တစ်ဖက်မှာ မဟာဖိုဝါဒက လွတ်မြောက်ရေးကို ရှေးရှုနေတဲ့ ကူးပြောင်းရေးကာလပဲ ဖြစ်ပါတယ်။ ထုတ်လုပ်ရေးမှာ အမျိုးသမီးရဲ့ အခန်းကဏ္ဍဟာလည်း လုံလုံလျားလျား ရှေ့တန်းကိုရောက်မလာသေးဘဲ တစ်စိတ်တစ်ပိုင်းပဲ ရှိနေပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ထိမ်းမြားရေးကိစ္စဟာ ယောက်ျားနှင့် မိန်းမအဖို့ အဓိပ္ပါယ်တစ်မျိုးစီထွက်ပါတယ်။ လက်ထပ်ထိမ်းမြားရေးနှင့် ပတ်သက်လို့ သူတို့နှစ်ဦးရဲ့ အမြင်များဟာ တစ်ခုနှင့်တစ်ခု မတူကြပါဘူး။ ရှေးအစဉ်အလာတွေ ကျန်နေသေးတဲ့အခါကျတော့ လက်ထပ်တဲ့ကိစ္စဟာ သူတို့နှစ်ဦးရဲ့ ကိုယ်ရေးကိုယ်တာ ပဋိညာဉ်ပြုတဲ့ကိစ္စလို့ဆိုသည့်တိုင် လုံးဝတန်းတူညီမျှမှုကိုတော့ မရကြသေးပါဘူး။ ပေါင်းသင်းဆက်ဆံရေးအရ၊ လူမှုရေးအရပြောရရင် ယောက်ျားဟာ လွတ်လပ်တဲ့၊ အမိအခိုကင်းတဲ့ လုံးဝပြည့်စုံတဲ့ သတ္တဝါတစ်ဦး ဖြစ်နေတယ်။ သူဟာ ကုန်ထုတ်လုပ်သူ ဖြစ်တယ်။ အစုအတွက် ထုတ်လုပ်ပေးတဲ့သူဖြစ်တဲ့အတွက် သူ့ကို အသိုင်းအဝိုင်းကလည်း အသိအမှတ်ပြုကြတယ်။ မိန်းမကတော့ ထုတ်လုပ်သူမဟုတ်ဘဲ ပြန်လည်ထုတ်လုပ်သူနဲ့ အိမ်တွင်းမှာ အောင်းရပြီး အလုပ်လုပ်ရသူဖြစ်လေတော့ သူ့အဆင့်အတန်း သူ့ဂုဏ်သိက္ခာဟာ ယောက်ျားရဲ့ အဆင့်အတန်း၊ ယောက်ျားရဲ့ ဂုဏ်သိက္ခာလောက် မြင့်မားခြင်းမရှိဘဲ နိမ့်ကျနေတယ်။ အချို့ ရှေးဟောင်းမူလ အဖွဲ့အစည်းတွေမှာဆိုရင် ကိုယ့်ဘဝရပ်တည်ရေးအတွက် ကုန်ထုတ်လုပ်ခြင်းမပြုနိုင်တဲ့ လူပျိုများသည် ပင်လျှင် လူ့အဖွဲ့အစည်းရဲ့ ဝိုင်းပယ်ခြင်းကို ခံကြရတယ်။ ဒါဟာ ထုတ်ကုန် (ဝါ) ထုတ်လုပ်ရေးစွမ်းဆောင်နိုင်သူကို လူ့အဖွဲ့အစည်းက ဘယ်လောက်အရေးတကြီးထားတယ်ဆိုတဲ့အချက်ကို ပြသနေတယ်။

ဒီတော့ ကုန်ထုတ်လုပ်ရေးမှာ ပါဝင်နေတဲ့ ယောက်ျားဟာ မိန်းမကို အလိုရှိတယ်။ တချို့ လယ်ယာစိုက်ပျိုးတဲ့ လူ့အဖွဲ့အစည်းတွေမှာဆိုရင် လယ်သမားတစ်ယောက်အဖို့ ဖြစ်နေတယ်။ ယောက်ျားအများစုဟာ ကိုယ်ထမ်းရွက်နေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသလို မိန်းမရဲ့ ခေါင်းပေါ်တင်ပြီး မျှဝေပေးလိုကြတယ်။ သွေးသားတောင့်တမှုအရ တည်ငြိမ်တဲ့ ဖို၊ မ ဆက်ဆံရေးဘဝကို လိုချင်ကြတယ်။ ကိုယ့်မျိုးဆက်ကို ထားပစ်ခဲ့ချင်ကြတယ်။ နိုင်ငံတော်ကလည်း သူ့ကိုမျိုးနွယ် တည်တံ့ပြန့်ပွားရေးအတွက် အလို ရှိတယ်။ ဒါပေမယ့် ယောက်ျားဟာ သူ့အမျိုးသမီးကို သူ့ဘာသာသူ ရွေးချယ် ခြင်း မပြုသေးဘူး။ သူ့ကိုယ်သူ လင်ယောက်ျားနဲ့ ဖခင်ရဲ့တာဝန်ကို ထမ်းဆောင်ဖို့အတွက် ဖိုသတ္တဝါတို့ရဲ့ အစုကနေပြီး သူ့ကို ပထမဆုံး ခွင့်ပြုလိုက်ခြင်း ဖြစ်တယ်။ ဒီမှာတင် မိန်းမဟာ လက်အောက်နှင့် ကျေးကျွန်အဖြစ် ဖခင် တွေနဲ့ ယောက်ျားတွေ ကြီးစိုးတဲ့ အိမ်ထောင်စုမှာ ပါဝင်လာရတော့တယ်။ မိန်းမဟာ ဖိုသတ္တဝါတစ်ဦး (ဖခင်)ကနေပြီး အခြားသော ဖိုသတ္တဝါတစ်ဦး (ခင်ပွန်းလောင်း)ရဲ့ လက်ထဲကို လွှဲပြောင်းပေးအပ်ခြင်းခံခဲ့ရတော့တယ်။ ရှေးဟောင်းလူ့အဖွဲ့အစည်းတုန်းကဆိုရင် အမျိုးသမီးဟာ ကုန်ပစ္စည်းတစ်ခုသဖွယ် ရောင်းချခြင်း၊ လဲလှယ်ခြင်း ခံခဲ့ရတယ်။ အစုတစ်စုနှင့်တစ်စု ဆက်ဆံကြတဲ့အခါ ရောင်းဝယ်ဖောက်ကားကြတဲ့အခါမှာ မိန်းမကို ကုန်ပစ္စည်းတစ်ခုလို ဆည့်သွင်းတွက်ချက်ပြီး လဲလှယ်ခြင်း ခံခဲ့ကြရတယ်။





ဒီသဘောနဲ့ အငွေ့အသက်ဟာ ဒီနေ့ ခေတ်ထိအောင် ကျန်ရှိနေသေးတာကို တွေ့နိုင်တယ်။ တခြားကို မကြည့်ပါနဲ့။ ယောက်ျားလေးကို ပစ္စည်းတင်တောင်းနိုင်တဲ့ အမျိုးသမီး။ ဒါမှမဟုတ် အမွေများများဆက်ခံရရှိတဲ့ အမျိုးသမီးဟာ လူ့အဖွဲ့အစည်းမှာ ဂုဏ်အဆင့်အတန်းရှိတဲ့ အမျိုးသမီးဖြစ်လာခဲ့တယ်။ ခေတ်စပ်တဲ့အခါမှာလည်း ဇနီးလောင်းနှင့် ခင်ပွန်းလောင်းတို့ကြားမှာ ပဋိညာဉ်ပြုရတာမဟုတ်ဘဲ သတို့သမီးရဲ့အဖေ ယောက္ခမလောင်းနဲ့ သမက်လောင်းတို့ရဲ့ကြားမှာ ပဋိညာဉ်ပြုရတာဖြစ်တယ်။

မိန်းကလေးရဲ့ လွတ်လပ်စွာ ရွေးချယ်ခွင့်ဟာ လွန်စွာကျဉ်းမြောင်းပြီး အကန့်အသတ်၊ အချုပ်အချယ်တွေ များလွန်းနေ တယ်။ အပျိုဆိုတဲ့ဂုဏ်၊ အထီးဆို ယင်ဖိုမှမသန်းသေးဆိုတဲ့ ဂုဏ်ဟာလည်း မြင့်မြတ်သန့်ရှင်းတဲ့ စရိုက်လက္ခဏာရှိသည့်တိုင် မိန်းကလေးကို ကပ်ပါး ပိုးမွှားလို လွတ်လပ်မှု ကင်းစေတယ်။ ဒီတော့ မိန်းကလေးတစ်ယောက်အဖို့ သူ့ ဘဝတည်ဖို့ကို သက်သေပြနိုင်ဖို့၊ သူ့လူဖြစ်ရကျိုးနပ်အောင်လုပ်ဖို့ လွတ်လပ်တဲ့သတ္တဝါတစ် ယောက်ဖြစ်တယ်ဆိုတာပြဖို့ တစ်နည်းပြောရရင် မိဘမောင်ဖွားတွေရဲ့ အုပ်ထိန်းမှု၊ လူ့အဖွဲ့အစည်းရဲ့ တင်းကျပ်တဲ့စည်းမျဉ်းတွေက လွတ်အောင် ရုန်းထွက်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းဟာ အိမ်ထောင်ပြုဖို့နည်းလမ်းပဲ ရှိတော့တယ်။ မိန်းကလေးဟာ အကြောင်းနှစ်ချက်ကြောင့် အိမ်ထောင်ပြုရတယ်။

ပထမအချက်ကတော့ မိန်းကလေးဟာ လူ့အဖွဲ့အစည်းကြီးအတွက် သားသမီးတွေ မွေးဖွားပေးရမယ်။ ရှေးခေတ်က စပါးတားနိုင်ငံလို၊ ခုခေတ်သစ်မှာ နာဇီနိုင်ငံတို့လို နေရာမျိုးမှာဆိုရင် မိန်းကလေးတိုင်းဟာ သားကောင်းမိခင်ဖြစ်ရမယ်လို့ နိုင်ငံတော်က တိုက်ရိုက်ကွပ်ကဲပြီး ချုပ်ကိုင်လာခဲ့ကြတယ်။ ရှေးခေတ် လူ့အဖွဲ့အစည်းမှာတော့ ဒီလိုဥပဒေတွေ၊ပညတ်ချက်တွေနဲ့ ထိန်းချုပ်ခြင်း မပြုသည့်တိုင် မိန်းမဟာ လင်ယောက်ျားရှိရမယ်လို့တော့ တောင်းဆိုခဲ့ကြတာချည်းပါပဲ။

ဒါကြောင့်မို့ တံခွန်မရှိသော ရထား၊ လင်မရှိသော မိန်းမတို့ အောင် တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းနှီးဆိုတဲ့ စကားတွေပေါ်ခဲ့တာပေါ့။ နောက်တစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



လူ့အဖွဲ့အစည်းက မိန်းမကို ပေးထားတဲ့ အဓိကတာဝန်ဟာ လင်ယောကျ်ားအပေါ်မှာ ပြုစုဖို့၊ မယားဝတ်ငါးပါး ကျေပွန်ဖို့ဖြစ်တယ်။ တကယ်တော့ မယားဝတ်ငါးပါးဆိုတာ လင်ယောကျ်ားက တောင်းဆိုတာမဟုတ်ဘူး။ လူ့အဖွဲ့အစည်းက တောင်းဆိုတာဖြစ်တယ်။ လူ့အသိုင်းအဝိုင်းက သတ်မှတ်ပေးတာဖြစ်တယ်။ အဲဒီဝတ်တွေကို ကျေပွန်ရင် လူ့အဖွဲ့အစည်းက အဲဒီဇနီးမယားကို မယားကောင်းတစ်ယောက်ရယ်လို့ အသိအမှတ်ပြုတာပဲ မဟုတ်လား။ ဒီတော့ မယားက သူ့တာဝန်ကို ကျေပွန်တဲ့အခါမှာ သူ့အဖို့ အခွင့်အရေးတွေကိုလည်း လူ့အဖွဲ့အစည်းကြီးက သတ်မှတ်ပေးခဲ့ပါတယ်။ ယောကျ်ားဟာ အိမ်ထောင်မှုပဋိညာဉ်ကို သူထင်တိုင်းချိုးဖောက်ခြင်းမပြုရပါဘူး။ အများပြည်သူဆိုင်ရာ အာဏာပိုင်များက ဆုံးဖြတ်ခွင့်ပြုမှသာလျှင် ယောကျ်ားဟာ ဇနီးကို ကွာရှင်းနိုင်တယ်။ သို့မဟုတ် ပစ်ပယ်နိုင်တယ်။ သို့တိုင်အောင် ယောကျ်ားဟာ လျော်ကြေးအဖြစ် မယားကို ငွေကြေးထောက်ပံ့ ကူညီရမယ်။ မယားစရိတ်ပေးတဲ့စနစ်၊ သို့မဟုတ် ထုံးတမ်းဟာ ရှေးခေတ်အီဂျစ်ပြည် ဘောခိုရီးမင်းလက်ထက်ကတည်းက ရှိခဲ့တာပဲ။

အဲဒီတုန်းက မယားအများယူတဲ့စနစ်ကို အနည်း နှင့်အများဆိုသလို လက်ခံခဲ့ကြတယ်။ ယောကျ်ားတစ်ယောက်ဟာ ကျွန်မတွေ၊ ကိုယ်လုပ်တော်တွေ၊ အငယ်အနှောင်းတွေ၊ ပြည့်တန်ဆာတွေနဲ့ အိပ်နိုင်တယ်။ ဒါပေမယ့် သူ့ရဲ့ တရားဝင်မယားရဲ့ ပိုင်ခွင့်ကိုတော့ လေးစားလိုက်နာရတယ်။ သူ့အပေါ်မှာ မတရားပြုမူခဲ့ရင်၊ မှားယွင်းခဲ့ရင် မိန်းမဟာ သူ့ဖခင်အိမ်ကိုပြန်နိုင်တယ်။ ကွာရှင်းခွင့်တောင်းနိုင်တယ်။

ဒီနည်းအားဖြင့် လက်ထပ်ထိမ်းမြားရေးဟာ မိန်းမနှင့် ယောကျ်ားနှစ်ဦးစလုံးတို့အတွက် ဝန်ထုပ်ဝန်ပိုးလည်း ဖြစ်နေတယ်။ တစ်ပြိုင်နက်တည်းမှာ အကျိုးခံစားခွင့်လည်းဖြစ်နေတယ်။ ဒါပေမယ့် လက်ထပ်ထိမ်းမြားတဲ့ကိစ္စဟာ မိန်းကလေးနဲ့ယောကျ်ားလေး နှစ်ဦးစလုံးမှာတော့ အဓိပ္ပါယ်တစ်မျိုးတည်း မဖြစ်နိုင်ပါဘူး။ လက်ထပ်ခြင်း၊ အိမ်ထောင်ပြုခြင်းဟာ မိန်းကလေးအဖို့ လူ့အဖွဲ့အစည်းနဲ့ ရောနှောပေါင်းသင်းခြင်းဖြစ်တယ်။ လက်ထပ်မယ့်သူ မရှိတဲ့ မိန်းကလေးဟာ လူမှုရေးအရကြည့်ရင် အကျိုးမဲ့ အချည်းနှီးဖြစ်မှုလို့ မြင်ကြပါတယ်။ ဒါကြောင့်မို့သာလျှင် အမေတွေဟာ သူတို့သမီးတွေအတွက် အိမ်ထောင်ဖက်ကိုရှာပြီး လိုက်စပ်နေကြတာပေါ့။ လွန်ခဲ့တဲ့ ရာစုနှစ်အတွင်းမှာ မိဘက လိုက်စပ်ပေးတဲ့ကိစ္စမျိုးဟာ တော်တော်ရှားသွားပါပြီ။

## မိဘတို့ ဝတ္တရားရှိသည်နှင့်အညီ

လွန်ခဲ့တဲ့ ရာစုနှစ်ကတော့ မိဘတွေဟာ သမီးကိုတောင် မတိုင်ပင်တော့ဘဲ သူတို့ရည်ရွယ်ထားတဲ့ ယောကျ်ားပျိုနဲ့ သမီးကို လွှတ်ပေးလေ့ရှိကြပါတယ်။ သမီးကို အသိမပေးခင်မှာ လူငယ်ချင်း တွေ့ဆုံပေးတဲ့သဘော ဆိုပါတော့။

ဒီလို ဓလေ့ထုံးစံ ထွန်းကားလာပုံကို အင်မလီဇိုလာရဲ့ ဝတ္ထုထဲက ဒီလို ရေးသားထားပါတယ်။

မဒမ်ဂျေဆာရန်းသည် ကုလားထိုင်ပေါ်သို့ ပစ်ထိုင်ချလိုက်ရင်း အလကားဖြစ်ကုန်ပါပြီအေ၊ အားလုံး အလကားဖြစ်ကုန်ပါပြီဟု ညည်းနေသည်။ ဖခင်ဖြစ်သူ မွန်စီယာဂျေဆာရန်းကမူ ဟင်းဟု သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

မဒမ်ဂျေဆာရန်းသည် မကျေနပ်နိုင်သေးဘဲ အသံစူးစူးဖြင့်

"နေစမ်းပါဦးအေ၊ ညည်းဒီလောက်မှ နားမလည်ဘူးလား၊ နဆိုရင် ညည်းကို ယောကျ်ားကလေး ခုနစ်ယောက်နဲ့ တွေ့ပေးပြီးပြီ၊ ခုနစ်ယောက်စလုံးနဲ့ အဆင်မပြေဘူးဆိုတော့ မင်္ဂလာပွဲခုနစ်ပွဲ ပျက်သွားတာနဲ့ အတူတူပဲအေ့"

မဒမ်ဂျေဆာရန်းသည် ဗိုလ်ချစိတ်တိုလာဟန်ဖြင့် သမီးဆီသို့ လျှောက်လာခဲ့ကာ ....

"ငါပြောနေတာ ကြားရဲ့လား၊ ခုကိစ္စကိုကော ညည်းဘယ်လို လုပ်လိုက်ပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာသာသည် မိမိပြောရမည့် အလှည့်ဟု သတိရလိုက်၏။

"ဒါကတော့ သမီး ဘယ်သိမလဲ မေမေရဲ့" ဟု ညည်းလိုက်သည်။

"ကောင်လေးက လက်ထောက်ညွှန်မှူးအေ့၊ အသက်ကလည်း သုံးဆယ်တောင်မရှိသေးဘူး၊ ရှေ့မှာလည်း တက်လမ်းတွေအများကြီးရှိတယ်။ လခဆိုရင် မှန်မှန်အပ်မယ့် ကောင်လေး၊ ပြီးတော့ လခကလည်း နည်းတဲ့လခမဟုတ်ဘူး။ မက်လောက်တဲ့လခ၊ မိုက်လိုက်တာအေ၊ အစတုန်းက ငါ့သမီးတော်လှတော်လှနဲ့ ခုတော့ ယောက်မငြင်းစီး ထွက်လာတယ်ပေါ့။ ညည်းလည်း တခြားကောင်မတွေနဲ့ ဘာထူးသေးလို့လဲ"

"မထူးရအောင် သမီးက ဘာတွေလုပ်နေလို့လဲ"

"ဘာတွေ လုပ်နေရမှာလဲ၊ ကောင်လေးနဲ့တွဲကနေတုန်းက ညည်းက ဆင်ဝင်ချည်ခန်းကလေးဘက်ကို ဘာဖြစ်လို့ ဝင်သွားပြီး ပျောက်သွားရတာလဲ"

ဘာသာက စိတ်ရှုပ်ဟန်ဖြင့် ...

"သြော် မေမေက ဒါပဲသိတာကိုး၊ သမီးနဲ့သူနဲ့ နှစ်ယောက်တည်း ဟိုချောင်ကလေးနားရောက်တော့ သူက လူကို နသားဘာယားလုပ်တာကိုး၊ သမီးကို ဒီလိုဒီလို အတင်းဖက်ပြီးနမ်းတော့ သမီးလည်း ကြောက်ကြောက်နဲ့ သူ့ကို ကုလားထိုင်တွေကြားထဲ တွန်းပစ်ခဲ့တာပေါ့"

အမေမှာ ပို၍ စိတ်ဆိုးလာလေပြီ။

"ဘာဖြစ်တယ်။ ညည်းက တွန်းပစ်ခဲ့တယ် ဟုတ်လား၊ မိုက်လှချည်လားအေ၊ ညည်းတော်တော် မိုက်ပါကလား"

"မေမေက တွန်းပစ်ခဲ့တာလောက်ကိုပဲ သိတာကိုး၊ သူက သမီးနောက်ကို တကောက်ကောက်လိုက်နေတာကိုတော့ ထည့်မပြောဘူး။

"ဟင် သူက တကောက်ကောက် လိုက်နေတယ် ဟုတ်လား၊ သေပါတော့အေ၊ ကြည့်စမ်းပါဦးတော်၊ ကျုပ်တို့ကဖြင့် သူ့ကို ပေါင်းသင်းဆက်ဆံရေး နားလည်အောင်ဆိုပြီး ဆော်ဒါကိုပို့ကျောင်းထားခဲ့တယ်။ ခုတော့ ဆော်ဒါကလည်း ဘာတွေများ





သင်လွှတ်လိုက်သလဲ မသိဘူး။ တံခါးနောက်ကွယ်မှာ ရည်းစားနဲ့ ချိန်းပြီး နမ်းဖို့လောက်ပဲ သင်လိုက်သလားမသိဘူး။ ခုလည်းမိဘာကို ဘာတွေလာပြောနေမှန်း မသိဘူး။ သူ့ကို အတင်းဖက်နမ်းတာတို့၊ ကောင်လေးကို ကုလားထိုင်တွေကြားထဲ တွန်းပစ်ခဲ့တာတို့ကိုလာပြောနေပြန်ပြီ၊ မင်္ဂလာပွဲကို လက်လွှတ်ပြန်ပြီပေါ့ ဟုတ်လား"

မဒမ်ဂျေဆာရန်သည် ဒေါသကို အနိုင်နိုင်ချုပ်တည်းကာ ဘာသာဘက်သို့ လှည့်လိုက်၏။

"ကဲ ခုတော့ ကိစ္စပြီးပြီမဟုတ်လား မရှေစာ၊ ညည်းလောက်မိုက်တဲ့ မိန်းကလေး တွေ့ဖူးပေါင်အေ၊ ညည်းမှာ ရတနာပုံဆိုက်မဲ့ကိန်းကြီး ကြုံနေပါလျက်နဲ့ လွှဲခဲ့တာကတော့ ညည်းထိုက်နဲ့ညည်းကံပဲ၊ ခုတော့ တခြားနည်းသုံးပေဦးတော့၊ ဒီမှာ သမီးရဲ့မေမေကလည်း ငယ်ရာကကြီးလာတာပဲ။ မိန်းကလေးတို့ရဲ့ အတတ်ပညာကို ပြောပြမယ် နားထောင်၊ ယောကျ်ားကလေးတွေနဲ့ ဆက်ဆံရာမှာ ကိုယ်က လိုက်လျောတဲ့သဘောကို ပြရမယ်။

သူ့ကိုကြည့်ရင်လည်း ကြင်နာမြတ်နိုးတဲ့အကြည့်မျိုးနဲ့ ကြည့်ရမယ်။ ကိုယ်ဘက်က လက် လွန်ခြေလွန် မလုပ်မိအောင် သတိပြုရမယ်။ သူက ထိကပါးရိကပါး လုပ်လာရင် မသိသလို အသာကလေးငြိမ်နေရမယ်။ စကားတစ်လုံးတည်းနဲ့ ပြောရရင် လင်တစ်ယောက်ကို မြှူးထောင် ဖမ်းရမယ်အေ့ သိရဲ့လား။ အခုန်ကတော့ ငါ့သမီးကို ပြောလို့သာ ပြောရတာပါ လေ ငါ့သမီးက ဒီလောက်ထုတဲ့အထဲက သမီးမဟုတ်ပါဘူး။ ကဲကဲ ငိုမနေနဲ့တော့ လာ မေမေ့အနားကို မော့ကြည့်စမ်း၊ ယပ်တောင်ကလေးကို အောက်ကိုချလိုက်၊ ဒီတော့ သူက ကုန်းကောက်ပေးလိမ့်မယ်။ ကိုယ်ကလည်း အကောက်၊ သူကလည်း အကောက် ခေါင်းချင်းဆိုင်မိလိမ့်မယ်။ လက်ချင်းထိမိလိမ့်မယ်။ ခါးကြီးကို တောင့်မထားနဲ့လေ၊ ခါးကလေးကို နွဲ့ပြီးလျှောက်၊ ယောကျ်ားဆိုတာ ရိုးရိုးကြီးကို မကြိုက်ဘူးအေ့၊ ပြီးတော့ သူက နယ်ကျူးတော့မယ်ဆိုရင် ဘယ်တော့မှ အူတူတူအတတ လုပ်မနေနဲ့ မှတ်ထား။ ယောကျ်ားဆိုတာ ကျူးလွန်ပြီးတာနဲ့ ကိုယ့်လက်ထဲ ရောက်ပြီးကိုယ်ပိုင်ပြီလို့ပဲ အောက်မေ့လိုက်တော့"

အမေက တစ်ညလုံး ဩဝါဒတွေပေးနေသော်လည်း ဘာ



www.burmeseclassic.com

www.burmeseclassic.com



> သာသည် ထိုစကားကို မကြားနိုင်၊ သူ့စိတ်သည် လေးလံထိုင်းမှိုင်း လျက်ရှိရာ ရှက်ကြောက်သည့်စိတ်ကသာ ကြီးစိုးလျက်ရှိလေ၏။

အဲဒီလို မိန်းကလေးမျိုးကျတော့ သူမဟာ တစ်လျှောက်လုံး စီမံရာကိုခံတဲ့ အမျိုးအစားထဲမှာ ပါလာတယ်။ သူ့ကို လူကြီးမိဘတွေက အိမ်ထောင်ချပေးပါတယ်။ ယောကျ်ားကလေးကလည်း လူကြီးစီမံတဲ့ဟာကိုနာခံပြီး မယားတစ်ယောက် ယူပါတယ်။ ဒီလို လူကြီးမိဘပေးစားပြီး လက်ထပ်ရတာမျိုးဟာ ချစ်လို့ ကြိုက်လို့ လက်ထပ်ရတာမျိုး မဟုတ်ပါဘူး။ သူတို့ရဲ့ဘဝတည်ရှိမှုကို အသိအမှတ်ပြုအောင် အကျယ်ချဲ့ယူတာ၊ အတည်ပြုချက်ယူရတာမျိုးပဲ ဖြစ်ပါတယ်။

အိမ်ထောင်ကျသွားတဲ့အခါမှာ မိန်းကလေးဟာ လူ့လောကကြီးမှာ သူ့ရဲ့ဝေစုကို ရရှိသွားပါတယ်။ ယောကျ်ားဟာ သူ့ကို ထင်သလို စွန့်ပစ်မထားနိုင်တော့ဘူး။ ဒီလို စွန့်ပစ်မသွားနိုင်အောင် သူ့ကို တရားဥပဒေက အကာအကွယ်ပေးထားတယ်။ အဲ တစ်ခုတော့ ရှိရဲ့။

မိန်းကလေးဟာ ယောကျ်ားရဲ့ လက်အောက်ခံဖြစ်သွားရတယ်။ သူတို့နှစ်ဦးရဲ့ ပူးတွဲအင်တာပရိုက်စ်လုပ်ငန်းမှာ ယောကျ်ားဟာ စီးပွားရေးအရ အကြီးအကဲ ဖြစ်သွားပေတာကိုး။ ဒါကြောင့်မို့ လူ့အဖွဲ့အစည်း၊ ပတ်ဝန်းကျင် အမြင်နှင့် ကြည့်ရင် ယောကျ်ားဟာ သူတို့နှစ်ဦးရဲ့ ပူးတွဲအင်တာပရိုက်စ်လုပ်ငန်းကို ခေါင်းဆောင်နေတယ်။ ကိုယ်စားပြုနေတယ်လို့ ဆိုနိုင်တယ်။ မိန်းကလေးဟာ ယောကျ်ားရဲ့အမည်ကို ခံယူရတယ်။ (မြန်မာအမျိုးသမီးများနှင့် ကွဲခြားချက်)။ ယောကျ်ားရဲ့ ဘာသာတရားကို ခံယူရတယ်။ ယောကျ်ားရဲ့ အတန်းအစား၊ ယောကျ်ားရဲ့အသိုင်းအဝိုင်းကို ဝင်ရတယ်။ ယောကျ်ားရဲ့ မိသားစုထဲကို ဝင်ရတယ်။ ဒီလိုနဲ့ မိန်းကလေးဟာ ယောကျ်ားရဲ့ ကိုယ်ခွဲဖြစ်လာတယ်။ ယောကျ်ားအလုပ်ရှိရာကို လိုက်နေရတယ်။ ယောကျ်ားရောက်တဲ့အရပ်ကို လိုက်နေရတယ်။ သျှောင်နောက်ဆံထုံးပါ ဆိုပါတော့။ မိန်းကလေးဟာ သူ့အတိတ်နဲ့ အနည်းအများဆိုသလို ပြတ်ပြတ်တောင်းတောင်း လမ်းခွဲရပြီး ယောကျ်ားရဲ့ စကြဝဠာကြီးထဲမှာ ဝင်ရောက်ရတယ်။ မိန်းကလေးဟာ ယောကျ်ားကို သူ့ခန္ဓာကိုယ်ကို ပုံအပ်ခဲ့ရတယ်။ သူ့ရဲ့ အပျိုစင်ဘဝကို ပေးခဲ့ရတယ်။ တင်းကျပ်တဲ့သစ္စာကို စောင့်စည်းခဲ့ရတယ်။ အပျိုစင်ဘဝက တရားဝင်ရခဲ့တဲ့ ပိုင်ခွင့်တွေ အားလုံးနီးပါး ဆုံးရှုံးခဲ့ရတယ်။ ရောမ တရားဥပဒေကဆိုရင် ဇနီးမယားဟာ လင်ယောကျ်ားရဲ့ လက်ထဲကို လုံးဝပုံအပ်ပြီး သမီးလို သဘော





ထားရတယ်။ ၁၈ ရာစုနှစ်အစတုန်းကဆိုရင် ခေတ်နောက်ပြန်ဆွဲတဲ့ စာရေးဆရာတစ်ဦးဖြစ်ခဲ့တဲ့ ဘိုနဲက ဇနီးမယားနှင့် လင်ယောကျ်ားရဲ့ ဆက်ဆံရေးဟာ ကလေးနဲ့ မိခင်ရဲ့ ဆက်ဆံရေးမျိုး ဖြစ်သင့်တယ်လို့တောင် တောင်းဆိုခဲ့သေးတယ်။ ၁၉၄၂ ခုနှစ် မတိုင်ခင်တုန်းကဆိုရင် ပြင်သစ်ဥပဒေအရ မိန်းမဟာ ယောကျ်ားကို လုံးဝသစ္စာစောင့်သိရိုသေရမယ်။ နာခံရမယ်လို့ တောင်းဆိုခဲ့တယ်။ ခုထက်ထိလည်း ထုံးတမ်းစဉ်လာအရ မိန်းမဟာ နေရာတော်တော်များများမှာ ပိုင်ခွင့်တွေ့ဆုံးရှုံးပြီး ယောကျ်ားရဲ့ လက်အောက်ခံပဲ ဖြစ်နေပါသေးတယ်။ အိမ်ထောင်ရေး ကိစ္စတွေမှာဆိုရင်တော့ မပြောနဲ့တော့။ ယောကျ်ားက အငယ်အနှောင်းတွေ ယူနေတာကို သည်းအတိုင်းပဲ လက်ပိုက်ကြည့်နေရတယ်။

ယောကျ်ားဟာ ထုတ်လုပ်သူ အလုပ်သမားဖြစ်လေတော့ သူဟာ မိသားစုအဝန်းအဝိုင်းအပြင်ဘက်နှင့် ဆက်သွယ်ရတယ်။ ပတ်ဝန်းကျင်ထဲကို သွားရတယ်။ သူ့အနာဂတ်အတွက် လူ့လောကကြီးထဲကို တိုးဝင်ရတယ်။ ဒါကြောင့်မို့ ယောကျ်ားဟာ အဆင့်မြင့်ကို ရောက်သူဖြစ်တယ်။ မိန်းမကတော့ အိမ်တွင်းမှာပဲ အဆင့်နိမ့်သတ္တဝါအဖြစ် တကုပ်ကုပ် အချိန်ကုန်ရတော့တယ်။

လူ့ဘဝဆိုတာ နိမ့်တဲ့အဆင့်နဲ့ မြင့်တဲ့အဆင့်ဆိုပြီး နှစ်ပိုင်းကွဲနေတယ်လေ။ လူတစ်ယောက်ရဲ့ဘဝမှာ တစ်ပြိုင်နက်တည်း နိမ့်တဲ့အဆင့်နဲ့ မြင့်တဲ့အဆင့်ကို ကြုံတွေ့နေရတတ်တယ်။ ရှေ့ကို တိုးတက်ဖို့အတွက် လက်ရှိဘဝကို တည်မြဲအောင် ထိန်းသိမ်းထားရတယ်။ အနာဂတ်ကိုသွားချင်ရင် အတိတ်နှင့် ပေါင်းစပ်ပေးရမယ်မဟုတ်လား။ အခြားသူများနဲ့ ဆက်ဆံပေါင်းသင်းချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကို အတည်ပြုချက်၊ တစ်နည်းကိုယ့်ကိုယ်ကို အတ္တအတွက် နေရဦးမယ်မဟုတ်လား။ ဒီတော့ ဘယ်သတ္တဝါတွေမှာပဲဖြစ်ဖြစ် သက်ရှိသတ္တဝါတိုင်းမှာ ဘဝတည်မြဲတိုးတက်မှုဆိုတဲ့ ဘက်နှစ်ဘက်ရှိတယ်။ ဒီဘက်နှစ်ဘက်ဟာ ခေါင်းနဲ့ပန်းလို ပေါင်းစည်းနေကြတယ်။ ဘဝတည်မြဲမှုနဲ့ တိုးတက်မှုဆိုတဲ့ အရာနှစ်ခု ပေါင်းစည်းနေတဲ့သဘောကို လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်ပြုခြင်းဆိုတဲ့ကိစ္စထဲမှာ အကျုံးဝင်ဖွဲ့စည်းနေတာကို သွားတွေ့တယ်။ ယောကျ်ားဟာ ပရလုပ်ငန်းတွေ၊ လူ့အဖွဲ့အစည်းတွေ ဆိုင်ရာလုပ်ငန်းတွေ၊ ထုတ်လုပ်ရေးလုပ်ငန်းတွေကိုလုပ်ရင်း အဆင့်မြင့်ဘုံထဲကို ရောက်သွားခဲ့ရတယ်။ ဒီနည်းအားဖြင့် သူဟာ အချိန်နဲ့ စကြဝဠာကြီးထဲမှာ ကိုယ့်ကိုယ်ကို တိုးချဲ့နေရတယ်ဆိုတာကို သဘောပေါက်တယ်။ ဒီလို တိုးချဲ့ရင်း၊ လှုပ်ရှားရင်း၊ ပင်ပန်းနွမ်းနယ်လာတဲ့အခါ သူဟာ နေအိမ်ကလေးတစ်ခုကို ရှာဖွေလာတယ်။ အဲဒီမှာ အပန်းဖြေတယ်။ နားခိုတယ်။ လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာ ကျောက်ဆူးချရပ်နားတယ်။ သူ့နေအိမ်ဟာ ဘဝပင်လယ်ကြီးမှာ ကျောက်ဆူးချ ရပ်နားတဲ့ ဆိပ်ကမ်းပဲပေါ့။ ညနေချမ်းအချိန်တွေမှာ သူဟာ ချစ်ဇနီးအနားမှာ ထိုင်လို့၊ ဇနီးသည်က ကလေးငယ်တွေကို ထိန်းလို့၊ သူတို့ဇနီးမောင်နှံ ရှာဖွေခဲ့တဲ့ပစ္စည်းတွေကို စောင့်ရှောက်လို့၊ ဇနီးရဲ့တာဝန်ဟာ ပြင်ပလုပ်ငန်း မရှိတဲ့အိမ်တွင်းမှာ အိမ်ကို စနစ်တကျဖြစ်အောင် စည်းကမ်းတကျရှိအောင် ပြုစုစောင့်ရှောက်ဖို့ပဲ မဟုတ်လား။ မိန်းမရဲ့ တာဝန်ဟာ နေအိမ်ကို စီစဉ်တကျဖစ်အောင်၊ စည်းကမ်းတကျဖြစ်အောင် စောင့်ရှောက်ဖို့ ဖြစ်တယ်။ သူ့တာဝန်ဟာ မျိုးနွယ်ကို အစဉ်ပြန့်ပွားအောင်လုပ်ဖို့ ဖြစ်တယ်။ နေ့ရက်တွေရဲ့ နာရီစည်းချက်ကို ဟန်ချက်ညီအောင် လုပ်ပေးဖို့ နေအိမ်ကို သာယာအောင် လုပ်ဖို့ အိမ်တံခါးကို သော့ပိတ်မပိတ် ကြည့်ဖို့ဖြစ်တယ်။ မိန်းမဟာ ယောကျ်ားမှတစ်ဆင့်သာလျှင် ပြင်ပလောကကြီးနဲ့ တွေ့ရသူဖြစ်တယ်။

ဒါဟာ အစဉ်အလာရှိခဲ့တဲ့ လက်ထပ်ထိမ်းမြားရေး ပုံသဏ္ဍာန်ဖြစ်တယ်။ အစဉ်အလာရှိခဲ့တဲ့ အိမ်ထောင်ရေးပုံသဏ္ဍာန်ဖြစ်တယ်။ ခုခေတ်အထိ နေရာတော်တော်များများမှာ ဒီလက္ခဏာအချက်တွေဟာ ကျန်နေသေးတယ်။

ပထမ အချက်အားဖြင့် ယောကျ်ားကလေးထက် မိန်းကလေးဟာ လက်ထပ်ဖို့ ကြင်ဖော်ကို ရွေးချယ်ဖို့ကိစ္စမှာ လူကြီးမိဘများရဲ့ စီမံမှု၊ အတင်းအကျပ်လုပ်မှုကို ခံနေရသေးတယ်။ ခုထက်ထိ မိန်းမတွေ ဝင်ဆံ့ခြင်းမပြုနိုင်တဲ့ အသိုင်းအဝိုင်းတွေ လူမှုအလွှာတွေ ရှိနေသေးတယ် .....။ ဥပမာအားဖြင့် လယ်ယာအလုပ်သမားတွေကြားထဲမှာ အိမ်ထောင်မရှိတဲ့ အမျိုးသမီးဟာ ခွေးဝင်စားဖြစ်နေသေးတယ်။ အမျိုးသမီးဟာ အဖေနှင့်အစ်ကိုတွေ မောင်တွေရဲ့ ကျေးကျွန်တစ်ယောက်ပဲ ဖြစ်နေသေးတယ်။ အဖေရဲ့အိမ်မှာ သူဟာ ကပ်ပါးပိုးမွှားတစ်ကောင်ပဲ ဖြစ်နေတယ်။

လက်ထပ်လိုက်တဲ့အခါမှာတော့ မိန်းကလေးဟာ ယောကျ်ားတစ်ယောက်ရဲ့ ကျေးကျွန်ဖြစ်သွားပေမယ့် နေအိမ်တစ်ခုရဲ့ အရှင်သခင်မတော့ ဖြစ်လာခဲ့တယ်။

ပြင်သစ်ပြည်မှာ လူကြီးမိဘက စီစဉ်ပေးတဲ့ အိမ်ထောင်ရေး၊ လူကြီးမိဘက နေရာချပေးတဲ့ လက်ထပ်ထိမ်းမြားရေးဟာ ယနေ့ထက်တိုင် တည်ရှိနေသေးတယ်။ အထူးသဖြင့် ရှေးဆန်တဲ့ ဘူဇွာလူတန်းစား ဂုဏ်ကြီးရှင် ကြေးရတတ်တွေကြားထဲမှာ ယခုထက်တိုင် ဒီစနစ်ဟာ တည်ရှိနေသေးတယ်။ အော်ပရာပြဇာတ်မှာ နပိုလီယန်ရဲ့ သင်္ချိုင်းဗိမာန်ဘေးက ပန်းခြံထဲမှာ၊ ဂီတပွဲမှာ၊ အပန်းဖြေ ပင်လယ်ကမ်းခြေမှာ၊ လက်ဖက်ရည်ပွဲမှာ မိန်းကလေးဟာ ဆံပင်ကို





သေချာစွာ ထုံးဖွဲ့ ကိုယ်ခန္ဓာကို အလှပြင်ပြီး သူ့အလှကို ဗန်းပြရတယ်။ မိဘတွေက သူတို့သမီးကို ပွဲထုတ်ကြတယ်။ သူ့သမီးနဲ့ တခြားယောကျ်ားပျိုတွေ ဆက်ဆံပုံကို အကဲခတ်ကြတယ်။ ညည်းကို ပွဲထုတ်ခဲ့ဖူးပေါင်းများလှပြီ။ နောင် ကိုယ့်ဘာသာကိုယ် အစွဲလည်းထုတ်ရသေးတယ်။ တို့ကိုချည်းပဲ အားကိုးမနေနဲ့၊ ညည်းကိုချည်းပွဲမထုတ်နိုင်တော့ဘူး။ တို့မှာ သမီးငယ်တွေရဲ့အလှည့်လည်း ရှိသေးတယ်လို့ မိဘတွေရဲ့ မျက်လုံးတွေက ပြောနေသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ထောင်ရှင် ဖြစ်ချင်ပေမယ့်

အမေက နောက်တစ်ခါဆိုရင်တော့ ညီမလေးရဲ့အလှည့်ပဲ။ သမီးအကြီး ဆုံးဖြတ်ပေးတော့လို့ ပြောတတ်တယ်။ ဒီလိုနှင့် သမီးကြီးဟာ တဖြည်းဖြည်း ဟိုင်းတာနဲ့အမျှ သူ့အဖို့ အခွင့်အရေးဟာလည်း တဖြည်းဖြည်း နည်းလာတော့တယ်ဆိုတာကို သိလာခဲ့ရတယ်။ ဟိုင်းလာပြီပေါ့။ ဟိုင်းလာတာနဲ့အမျှ သူ့ကို ချစ်ရေးဆိုဖွဲ့ခဲ့တဲ့သူ အရေအတွက်၊ ဒါမှမဟုတ် သူ့ကို လက်ထပ်ဖို့ ကမ်းလှမ်းသူ အရေအတွက်ဟာလည်း တဖြည်းဖြည်း နည်းလာတော့တယ်။ သူဟာ သိုးအုပ်တစ်အုပ်နဲ့ အလဲခံရတဲ့ အာရပ်တောင်ပေါ်သူ လုံမလေးတစ်ယောက်လို ရွေးချယ်ဖို့ အလွန်လမ်းနည်းပါးသွားပြီး သူများရွေးမှ သူများက စင်တော်ကောက်မှ ထင်ပေါ်မယ့်ဘဝမျိုး ရောက်သွားပြီပေါ့။ "စည်းစိမ်ဥစ္စာလည်း မရှိ၊ ဂုဏ်အဆင့်အတန်းလည်း မရှိတော့သော ထိုအပျိုဟိုင်းများအဖို့ သော်ကား ရေငုံနှုတ်ပိတ်လုပ်ကာ ပေါ်လာမည့် အခွင့်အရေးကို စောင့်ဖမ်းရန်သာ ရှိပေတော့သည်" လို့ စာရေးဆရာ ကိုးလတ်က ရေးခဲ့ပါတယ်။

အထက်တန်းလွှာအသိုင်းအဝိုင်းများမှာတော့ ဒီလောက်ပြောင်ပြောင်တင်းတင်းမကျဘဲ သိမ်သိမ်မွေ့မွေ့နဲ့ အိမ်ထောင်ဖက် ရွေးလေ့ရှိကြတယ်။ မိန်းကလေးများဟာ အမေတွေရဲ့ အကဲခတ်နေတဲ့ မျက်လုံးတွေ ရှေ့မှောက်မှာပဲ ယောက်ျားကလေးတွေနဲ့ တွေ့ဆုံခွင့်ရကြတယ်။ မိန်းကလေးတွေဟာလည်း နည်းနည်းပိုပြီး လွတ်လပ်မှုရကြတယ်လေ။ အပြင်ကိုတစ်ယောက်တည်းထွက်ခွင့်ရကြတယ်။ သင်တန်းတို့ဘာတို့ကိုတက်ခွင့်ရတယ်။ ပြီးတော့ ယောက်ျားလေးတွေနဲ့ ရင်ပေါင်တန်းလုပ်ရတဲ့လုပ်ငန်းတွေမှာ အလုပ်လုပ်ခွင့်ရှိကြတယ်။





၁၉၄၅ ခုနှစ်နှင့် ၁၉၄၇ ခုနှစ်ကြားမှာ မဒမ်လက်ပလေက ဘယ်လဂျီယံ လူလတ်တန်းစား မိန်းကလေးတွေထဲမှာ လွတ်လပ်စွာ အိမ်ထောင်ဖက်ရွေးချယ်ခွင့်ပြဿနာနဲ့ ပတ်သက်လို့ စစ်တမ်းတစ်စောင် ကောက်ပြီး သုတေသနပြုခဲ့တယ်။ သူ့ရဲ့ သုတေသနပြုချက်ကို နည်းနည်းကောက်နုတ်ဖော်ပြချင်ပါတယ်။ သူ့စစ်တမ်းအရ ၁၉၃၅ ခုနှစ်မတိုင်မီတုန်းက ဘယ်လဂျီယံ လူလတ်တန်းစားအမျိုးသမီးတွေထဲမှာ လူကြီးမိဘက စီစဉ်ပေးတဲ့ ထိမ်းမြားမှုတွေ အများကြီးရှိခဲ့ပေမယ့် ခုလေ့ဟာ ပျောက်ကွယ်သွားသတဲ့၊ သူတို့ဆီမှာတော့ ရိုမန်ကက်သလစ်ဘာသာဝင်တွေ ဖြစ်တဲ့အတွက် ခါတိုင်းဆိုရင် သူတို့ရဲ့ လက်ထပ်ထိမ်းမြားမှုကိစ္စတွေကို လူကြီးမိဘတွေကသော်လည်းကောင်း၊ ဗရင်ဂျီဘုန်းကြီးတွေကသော်လည်းကောင်း၊ စာပေးစာယူအဆက်အသွယ်ဖြင့်သော်လည်းကောင်း စီစဉ်လေ့ရှိကြပါတယ်။

နောက်ပိုင်းမှာတော့ သူတို့ လက်ထပ်ထိမ်းမြားရေးကိစ္စဟာ လူမှုဆိုင်ရာ ပဋိညာဉ်ပြုတဲ့ ကိစ္စတစ်ခုဖြစ်လာခဲ့ပါတယ်။ (မြန်မာဗုဒ္ဓဘာသာထုံးတမ်းဥပဒေတွင်မူ လက်ထပ်ထိမ်းမြားရေးကိစ္စသည် မူလကတည်းက လူမှုပဋိညာဉ်ဆိုင်ရာ ကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။) သူ့စစ်တမ်းအရ ဘယ်လဂျီယံ လူလတ်တန်းစားတွေထဲမှာ လူမှုပဋိညာဉ်တစ်ရပ်အနေနဲ့ အိမ်ထောင်ဖက်ရွေးချယ်သူဟာ ၄၄ ရာခိုင်နှုန်း၊ လုပ်ဖော်ကိုင်ဖက် ဒါမှမဟုတ် ကျောင်းသွားဖော် ကျောင်းသွားဖက်မို့လို့ အိမ်ထောင်ကျသွားကြတာ ၂၂ ရာခိုင်နှုန်း၊ အသိအကျွမ်းဖြစ်လို့၊ လည်ရင်းပတ်ရင်း ရင်းနှီးသွားလို့ အိမ်ထောင်ကျသွားတာက ၂၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

ကလေးဘဝကတည်းက ခင်မင်ရင်းနှီးခဲ့ပြီး အိမ်ထောင်ကျသွားတာတွေကတော့ အလွန်နည်းတယ်လို့ ဆိုပါတယ်။ ဒီအထဲမှာ အိမ်ထောင်ဖက်ပြုကြသူများရဲ့ ၃၀ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်းကြားကတော့ အများအားဖြင့် ငွေရေးကြေးရေးဟာ အဓိကအခန်းက ပါတယ်လို့ ဆိုကြပါတယ်။ မိဘတွေထဲမှာတော့ ၄၈ ရာခိုင်နှုန်းက သမီးတွေကို အိမ်ထောင်ပြုပေးချင်ကြပြီး ၁၇ ရာခိုင်နှုန်းကတော့ သူတို့သမီးတွေကို အပျိုဘဝမှာပဲ နေစေချင်ကြသတဲ့။ မိန်းကလေးတွေထဲမှာတော့ သိပ်အိမ်ထောင်ပြုချင်တာက ၃၈ ရာခိုင်နှုန်းရှိတယ်။ အောင်မြင်တဲ့ အိမ်ထောင်ရေး အမျိုးအစား တစ်ကိုယ်တည်း အပျိုကြီးလုပ်ချင်သူက ၂၇ ရာခိုင်နှုန်း ရှိတယ်လို့ ဆိုပါတယ်။

ဒါဟာ ဘယ်လဂျီယံပြည် လူလတ်တန်းစားတွေထဲက ကောက်ယူထားတဲ့ စစ်တမ်းဖြစ်ပါတယ်။ ပြင်သစ်ပြည်မှာတော့ ဒီလို လေ့သေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူထားတဲ့ စစ်တမ်းမျိုး မရှိသေးပါဘူး။ ဒါပေမယ့် ပြင်သစ်ပြည်က လူလတ်တန်းစားအခြေအနေတွေဟာ အတူတူလောက် ဖြစ်နေတာမို့ စာရင်းကောက်ယူရင်လည်း အလားတူအဖြေမျိုးပဲ ပေါ်ထွက်လာနိုင်တယ်လို့ မျှော်လင့်ရတယ်။ စေ့စပ်ကြောင်းလမ်းပြီး ဒါမှမဟုတ် စီစဉ်ပြီးမှ အိမ်ထောင်ပြုတဲ့ ကိစ္စတွေဟာ ပြင်သစ်ပြည်မှာ တော်တော်များပါတယ်။ ကမ္ဘာပေါ်မှာ ပြင်သစ်ပြည်ဟာ အများဆုံးတောင် ဖြစ်လိမ့်မယ် ထင်ပါတယ်။ ဒီလိုကိစ္စမျိုးမှာ အောင်သွယ်လုပ်ပေးနေကြတဲ့ ကလပ်တွေလည်း အများကြီးရှိပြီး တော်တော်လည်း စီးပွားလမ်းဖြောင့်ကြပါတယ်။ တခြားမကြည့်ပါနဲ့ သတင်းစာတွေထဲမှာ သတို့သမီး အလိုရှိသည်။ သတို့သား အလိုရှိသည်ဆိုတဲ့ ကြော်ငြာတွေကိုကြည့်ရင် ဒီအချက်ကို သိနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာလိုပဲ ပြင်သစ်ပြည်မှာလည်း မိခင်တွေ၊ အသက်ကြီးသူတွေ အမျိုးသမီး မဂ္ဂဇင်းတွေက မိန်းကလေးတွေကို ယင်ဖမ်းစက္ကူနှင့် ယင်ဖမ်းသလို "လင်ဖမ်းတဲ့ အတတ်ပညာ" ကို သင်ပေးကြပါတယ်။ အဲဒီအတတ်ပညာဟာလည်း ငါးမျှားတဲ့ အတတ်ပညာလို၊ အမဲလိုက်တဲ့အတတ်ပညာလို ကျွမ်းကျင်မှုရှိဖို့လိုတဲ့ အတတ်ပညာမျိုး ဖြစ်ပါတယ်။ အမျိုးသမီး မဂ္ဂဇင်းတွေက မိန်းကလေးတွေကို အကြံပေးလေ့ရှိတဲ့ စကားတွေရှိပါတယ်။ သိပ်အမြင့်ကို မလှမ်းပါနဲ့၊ သိပ်အနိမ့်ကိုလည်း မမှန်းပါနဲ့၊ လက်တွေ့ကျပါ၊ စိတ်ကူးမယဉ်ပါနဲ့၊ ဣန္ဒြေရမှုထဲမှာ ဆန္ဒတောင့်တမှုကိုလည်း နည်းနည်းဖွက်ပါ စတဲ့အကြံဉာဏ်မျိုးတွေ ဖြစ်ပါတယ်။

မိန်းကလေးများ သိပ်ပြီးလက်ထပ်ချင်လာရင်အဲဒါကိုယောကျ်ားတွေက သံသယဖြစ်လာတတ်ကြပါတယ်။ သိပ်ပြီးလက်ထပ်ချင်နေတဲ့ မိန်းကလေးတွေကို ယောကျ်ားလေးတွေက မယုံသင်္ကာဖြစ်လေ့ ရှိကြပါတယ်။ ယောကျ်ားကလေးတစ်ယောက်အဖို့ မိန်းကလေးရဲ့ အလိုက်ကိုခံရတာ၊ ထောင်ပြီးအမျှားခံရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိဘူးလို့ ဘယ်လဂျီယံ လူငယ်လေးတစ်ယောက်က ညည်းပြလိုက်တဲ့အကြောင်းကိုမဒမ်လက်ပလေရဲ့စစ်တမ်းထဲမှာ ဖော်ပြထားပါတယ်။ဟုတ်ပါတယ်။ ယောကျ်ားဟာ သူတို့ကို ညွှတ်ကွင်းထောင်ဖမ်းတတ်တာမျိုး ဘေးကလွတ်အောင် ကြိုးစားပြီး ရှန်းထွက်လေ့ရှိကြပါတယ်။ မိန်းကလေးတစ်ယောက်ရဲ့ ရွေးချယ်ပိုင်ခွင့်ဟာ တော်တော်လေး ကျဉ်းမြောင်း ပါတယ်။ သူဟာ လက်မထပ်ဘဲ လွတ်လပ်စွာ နေနိုင်တယ်ဆိုတဲ့ အချက်ကို သဘောပေါက်နားလည်မှ သူ့ရွေးချယ်မှုဟာလည်း လွတ်လပ်တဲ့ ရွေးချယ်မှု ဖြစ်နိုင်ပါလိမ့်မယ်။





မိန်းကလေးဟာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ စဉ်းစားတဲ့အခါမှာ ကိုယ့်ကိုယ်ကို စိတ်ပျက်တာရော၊ တွက်ချက်ရတာရော၊ သိက္ခာဆယ်ရတာတွေရော အများကြီး ကျော်ဖြတ်ရပါတယ်။ ဒီလို ကျော်ဖြတ်ပြီးမှ ယောကျ်ားတစ်ယောက်ကို လက်ထပ်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုချဖြစ်တာပါ။ လွယ်လွယ်နှင့်ချရတာမျိုး မဟုတ်ပါဘူး။ သူစဉ်းစားနေတဲ့ အမျိုးသားဟာ ကျန်းမာရေးအရ၊ ဂုဏ်အဆင့်အတန်းအရ တန်းဝင်ပြီဆိုရင် သူ့ကို လက်ခံလိုက်တော့တာပါပဲ။ ချစ်တာ၊ မချစ်တာတွေကို မစဉ်းစားနိုင်တော့ပါဘူး။

မိန်းကလေးဟာ လက်ထပ်ထိမ်းမြားရေးကို လိုချင်တောင့်တနေပေမယ့် တစ်ပြိုင်နက်တည်းမှာ အိမ်ထောင်ပြုရမှာကို ကြောက်နေတတ်တယ်။ အိမ်ထောင်ပြုတယ်ဆိုတာ ယောကျ်ားလေးထက် မိန်းကလေးမှာ ပိုပြီး အကျိုးများတဲ့ကိစ္စတစ်ရပ်ဖြစ်လေတော့ သဘောဝကျစွာပဲ မိန်းကလေးဟာ ယောကျ်ားကလေးတွေထက် ပိုပြီးလိုလားတောင့်တတတ်ကြတာပါပဲ။ ဒါပေမယ့် တစ်ပြိုင်နက်တည်းမှာပဲ အိမ်ထောင်ပြုတာဟာ မိန်းကလေးတွေအတွက် အကျိုးများသလို စွန့်လွှတ်လိုက်တာတွေလည်း အများကြီးပါ။ ဘာဖြစ်လို့လည်းဆိုတော့ အိမ်ထောင်ပြုလိုက်ခြင်းဟာ မိန်းကလေးကို သူ့အတိတ်ဘဝကြီးတစ်ခုလုံးနဲ့ လုံးဝအဆက်ပြတ်သွားစေလိုပါပဲ။ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း အပျိုဘော်ဝင်စ မိန်းကလေးများဟာ သူတို့ရဲ့ဖခင်အိမ်များကို ခွဲခွာသွားရမှာကို တော်တော်ဝန့်လေးတတ်ကြပါတယ်။ အိမ်ထောင်ပြုဖို့ရက် နီးကပ်လေလေ ဖခင်ရဲ့ အိမ်နဲ့ခွဲရမှာကို စိုးရိမ်ကြောင့်ကြတတ်လေလေ ဖြစ်လာတတ်ပါတယ်။ ညှူရိုးဆစ်ရောဂါ အစပြုတာဟာ အဲဒီအချိန်မျိုး ဖြစ်တတ်ပါတယ်။ ယောကျ်ားကလေးများအဖို့လည်း သူတို့မှာ တာဝန်သစ်တွေကို ထမ်းရတော့မယ်ဆိုပြီး အဲဒီအချိန်မှာ ဝန်လေးဆုပ်ဆိုင်းသလို ဖြစ်နေတတ်ကြပါတယ်။ ဒါပေမယ့် ယောကျ်ားတွေထက် မိန်းကလေးများမှာ ဒီစိုးရိမ်စိတ်၊ ကြောက်စိတ်ဟာ ပိုကဲတတ်ပါတယ်။

တစ်ခါတလေမှာလည်း မိန်းကလေးများ အိမ်ထောင်ပြုဖို့ ကြောက်တဲ့စိတ်ဟာ လိင်အတွေ့အကြုံတွေကို ကြောက်လို့၊ အပျိုဘော်ဝင်စမှာ ကိုယ်ခန္ဓာအပြောင်းအလဲ၊ သွေးသားအပြောင်းအလဲ ဖြစ်ခဲ့တာတွေကို စိုးရိမ်ပြီး အိမ်ထောင်ပြုရမှာကို ကြောက်တဲ့စိတ်တွေ ဖြစ်ပေါ်တတ်ပါသေးတယ်။ ဥပမာအားဖြင့် အပျိုရည်ပျက်မှာကို ကြောက်တတ်ပါတယ်။ ဒါပေမယ့် အများအားဖြင့်တော့ မိန်းကလေးတွေ အိမ်ထောင်ပြုရတာကို ကြောက်တာဟာ လူစိမ်းတစ်ယောက်ရဲ့ထံမှာ ဘဝကို ပုံအပ်လိုက်ရမှာမို့လို့၊ မိသားစုနှင့် ခွဲရတော့မှာမို့လို့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်သက်လုံး နေလာခဲ့ရတဲ့ အိမ်နဲ့ ခွဲရတော့မှာမို့လို့ ကြောက်နေကြတာက ပိုများပါတယ်။

တခြားရှောင်လွှဲစရာ အကြောင်းမရှိလို့ လက်ထပ်တာမျိုးပဲ ဖြစ်စေ၊ ဘေးပတ်ဝန်းကျင်က တိုက်တွန်းလို့ လက်ထပ်ရတာမျိုးပဲ ဖြစ်စေ၊ တခြားသောငွေရေးကြေးရေး၊ နေရေးထိုင်ရေးကိစ္စတွေကြောင့် မရှောင်မလွှဲသာ လက်ထပ်ရတာပဲဖြစ်စေ၊ ကိုယ့်ကိုယ်တိုင်က ဇနီးတစ်ယောက်နဲ့ မိခင်တစ်ယောက်နဲ့ အများသူငါ ဘဝမျိုးကို အားကျလို့ပဲဖြစ်စေ၊ ဘာကြောင့်ပဲ လက်ထပ်လက်ထပ် အိမ်ထောင်ကျတဲ့ မိန်းကလေးတိုင်းမှာ အိမ်ထောင်ပြုတာကို စိတ်ထဲက ကျိတ်ပြီး ဆန့်ကျင်နေတာ၊ သူ့ရဲ့ အတွင်းသန္တာန်မှာ ကျိတ်ပြီးဆန့်ကျင်နေတာမျိုးတော့ ရှိတတ်တယ်။ အဲဒီလိုရှိတာကို မမေ့ဖျောက်နိုင်ရင်တော့ အိမ်ထောင်ရေးမှာ ဘဝခရီးဟာ ခက်ခဲတဲ့ခရီး ဖြစ်လာနိုင်တယ်။ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းလို့မရတဲ့ တစ်ဘက်စောင်းနင်း အိမ်ထောင်ရေး ဖြစ်လာနိုင်တယ်ဆိုတာကိုတော့ သတိပြုဖို့ လိုပါတယ်။

အဲဒီတုန်းကတော့ အိမ်ထောင်ရေးဟာ အချစ်ပေါ်မှာ အခြေတည်ခဲ့ကြတာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ထင်ပါရဲ့ "ဖရွိုက်" က "လင်ယောကျ်ားတို့မည်သည် ကိုယ့်ချစ်သူ၏နေရာတွင် လူစားမျိုးသာဖြစ်၏။ ကိုယ့်ချစ်သူ မဟုတ်ပေ"လို့ ပြောခဲ့တာပဲထင်ပါရဲ့။ ကိုယ့်ချစ်သူမဟုတ်တဲ့ လူတစ်ယောက်နဲ့ အိမ်ထောင်ပြုခဲ့ရတာဟာလည်း မတော်တဆ ဖြစ်လာခဲ့တာ မဟုတ်ပါဘူး။ ကည်ဆဲလူနေမှုစနစ်ကြီးက ဒီအတိုင်းဖြစ်အောင် တွန်းပို့နေခဲ့တာကိုး။

ယောကျ်ားနဲ့ မိန်းမတို့ရဲ့လိင်မှုနဲ့ စီးပွားရေးအရ ပေါင်းပေါ်မှုဟာ လူ့အဖွဲ့အစည်းကြီး အတွက် အကျိုးဖြစ်ထွန်းစေလေတော့ ဒီအတိုင်းပဲ ဖြစ်လာခဲ့ကြရတာပေါ့။ ဒီနေ့ခေတ်တိုင်အောင် အဖအုပ်စိုးတဲ့ လူ့အဖွဲ့အစည်းမှာဆိုရင် မိန်းကလေးနဲ့ ယောကျ်ားကလေးတို့ဟာ တစ်ယောက်နဲ့တစ်ယောက် မြင်ဖူးမြင်ဖူးခဲ့ကြတဲ့ အဖရဲ့ ရွေးချယ်ပေးမှုအရ အိမ်ထောင်ပြုကြရဆဲပါ။ ဒီတော့ အချစ်ကို အခြေတည်တဲ့ အိမ်ထောင်ရေးဆိုလို့ ဘယ်မှာရှိနိုင်ပါတော့မလဲ။ ပြောစရာ မလိုတော့ဘူးပေါ့။

အဲဒီလို လူ့အဖွဲ့အစည်းများမှာတော့ ယောကျ်ားဟာ မိန်းမကို ယူတယ်။ (မိန်းမက ယောကျ်ားကိုယူတာ မဟုတ်ဘူး။) မိန်းမတွေ အများကြီးထဲကိုယ်ကြိုက်ရာကို ယောကျ်ားက ရွေးယူတာဖြစ်တယ်။ မိန်းမရဲ့ အကြိုက်ကိုရွေးတာ မဟုတ်ဘဲ ယောကျ်ားက သူ့အကြိုက်ကိုရွေးတာ ဖြစ်တယ်။



## ကြင်စဦး

ဆယ့်ကိုးရာစုနှစ်အတွင်းမှာတော့ ပြင်သစ်လူလတ်တန်းစားတွေရဲ့ သဘောထားအမြင်ဟာ နည်းနည်းပြောင်းလာခဲ့ပါတယ်။ လက်ထပ်ထိမ်းမြားရေးကို ထိန်းသိမ်းဖို့၊ ကာကွယ်စောင့်ရှောက်ဖို့ ကြိုးပမ်းမှုတွေရှိလာခဲ့ပါတယ်။ တစ်ဖက်မှာလည်း အတွေးအခေါ်မှာ ပုဂ္ဂလိကဝါဒ ထွန်းကားဖွံ့ဖြိုးလာခဲ့အတွက် ဖင်းမင်းနစ်ဇင်းလို့ခေါ်တဲ့ ကျားမတန်းတူဝါဒကို ချိုးနှိမ်ဖို့ဆိုတာ အခက်အခဲရှိလာခဲ့တယ်။ စိန့်ဆိုင်မွန်၊ ဖိုးရီးယား၊ ဂျော့ဆင်း စတဲ့ ရိုမန်းတစ်ဝါဒီ ဂိုဏ်းသားတွေဟာ လူတိုင်းမှာ ချစ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆကို ပြင်းပြင်းထန်ထန် ရှေ့တန်းတင် ကြွေးကြော်လာခဲ့တယ်။ လက်ထပ်ထိမ်းမြားခြင်းပြုတဲ့နေရာမှာ အလျင်တုန်းက ပစ်ပယ်ထားခဲ့တဲ့ အချစ်ကိုလည်း ထည့်သွင်းစဉ်းစားရမယ်။ တစ်နည်းပြောရရင် လက်ထပ်ထိမ်းမြားခြင်းဆိုတာဟာ လူကြီးသဘောတူရုံနှင့် မဖြစ်ဘူး။ လူငယ်တွေကာယကံရှင်တွေ ကိုယ်တိုင်ရဲ့ ချစ်ခင်စုံမက်မှုတို့လည်း ပါရမယ်လို့ တောင်းဆိုလာခဲ့ကြတယ်။ အဲဒီအချိန်လောက်အတွင်းမှာပဲ "လင်ချစ် မယားချစ်" ဆိုတဲ့ အယူအဆ ပေါ်လာခဲ့တာပါပဲ။ လင်ချစ်မယားချစ်ဆိုတဲ့ အယူအဆက တခြားမဟုတ်ပါဘူး။ လူကြီးမိဘတွေက ပေးစားလို့ ယူခဲ့ကြရပေမယ့် အိမ်ထောင်ကျသွားပြီး လင်ရယ် မယားရယ်လို့ ပေါင်းသင်းသွားကြရင် ချစ်သွားကြတာပါပဲ ဆိုတဲ့ အယူအဆဖြစ်ပါတယ်။ ဘောလ်ဇက်က "ပြင်သစ်လူလတ်တန်းစား၏ အိမ်ထောင်ရေးစနစ်နှင့် အချစ်သည် အခြေခံအားဖြင့် မတူကွဲပြားခြားနားသောအရာဖြစ်သည်"လို့ ပြောခဲ့ဖူးပါတယ်။ သူဆိုလိုတာက ပြင်သစ်လူလတ်တန်းစားရဲ့ လူကြီးမိဘတွေ၊ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားတွေ၊ သို့မဟုတ် ဗရင်ဂျီ ဘာသာဝန်ဘုန်းကြီးတွေ ရွေးချယ်ပြီး အိမ်ထောင်ချပေးတဲ့ စနစ်ဟာ အချစ်နဲ့ တခြားစီဖြစ်တယ်။ အခြေခံအားဖြင့် ခြားနားတယ်လို့ ပြောလိုရင်းဖြစ်ပါတယ်။ ဒါပေမယ့် သူက အိမ်ထောင်ပြုခြင်း၊ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ ကိစ္စဟာ နှစ်ဖက်ပြောဆိုဆွေးနွေးပြီး လုပ်ကြတဲ့ ပဋိညာဉ်တစ်ခု ဖြစ်တယ်။ ယောက်ျားတွေက မိမိတို့ မျိုးဆက်များ ထုတ်လုပ်ရေးအတွက် တရားဝင်ဖြစ်အောင် လုပ်ထားတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ အဲဒီလုပ်ငန်းမှာ အချစ်ဟာ ဘာမျှအဓိပ္ပါယ်မရှိတဲ့ အရာအဖြစ် ရောက်နေရတယ်လို့ သူက ယူဆပါတယ်။

အဲဒီတုန်းက ပြင်သစ်လူလတ်တန်းစားရဲ့ အိမ်ထောင်ရေးစနစ်နဲ့ အချစ်ဟာ တခြားစီဖြစ်နေပါတယ်။ ဒါကြောင့်မို့ အချစ်နဲ့ အိမ်ထောင်ရေးကို ပေါင်းစပ်ပေးရေးကိစ္စက တော်တော်အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်လာပါတယ်။ ဒဿနဆရာကြီး ကီယာကီးဂါဒ်က အချစ်ဟာ အလိုအလျောက်ပေါ်ပေါက်လာတဲ့ အရာဖြစ်ပြီး အိမ်ထောင်ရေးကတော့ ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ နည်းလမ်းပေးလမ်းပြလုပ်ကြတဲ့ အိမ်ထောင်ရေးကျမ်းတွေ အများအပြား ပေါ်ထွက်ခဲ့ပါပြီ။ အဲဒီစာအုပ်တွေထဲမှာ လင်နဲ့မယားဟာ တစ်ယောက်နဲ့တစ်ယောက် သဟဇာတဖြစ်အောင် ဘယ်လိုအလျှော့အတင်းလုပ်ကြရမယ်ဆိုတာကို ရေးခဲ့ကြပါတယ်။ စိတ်ကုဆရာဝန်နဲ့ ဆရာဝန်အများအပြားဟာလည်း "အိမ်ထောင်ရေး အကြံပေးပုဂ္ဂိုလ်များ" အဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။ လင်နဲ့မယားမှာ မယားဟာလည်း ဖိုမဆက်ဆံရေးရဲ့ အရသာကိုခံစားခွင့်ရှိတယ်လို့ အားလုံးက လက်ခံအသိအမှတ်ပြုထားကြတယ်။ လင်ယောက်ျားပြုလုပ်သူကလည်း မိန်းမကို ဖိုမဆက်ဆံရေးအရသာကို ပေးနိုင်တဲ့နည်းလမ်းတွေကို သိထားသင့်တယ်လို့ ယူဆနေကြတယ်။

အမှန်ကတော့ လင်နဲ့မယား ဖိုမဆက်ဆံရေးအရသာကို ပေးနိုင်တဲ့ အရာဟာ သျှတ္တရကျမ်းတွေက ညွှန်းတဲ့နည်းနာတွေ မဟုတ်ပါဘူး။ လင်ယောက်ျားတစ်ယောက်ဟာ အိမ်ထောင်ရေးကျမ်းတွေ၊ သျှတ္တရကျမ်းတွေကို အလွတ်ရနေရုံနဲ့ ဇနီးချစ်အောင် မလုပ်နိုင်ပါဘူး။ စိတ်ဓာတ်ဆိုင်ရာ အခြေအနေကောင်းမွန်မှသာလျှင် ဇနီးဟာ ကိုယ့်အချစ်ကို တုံ့ပြန်တတ်တာဖြစ်ပါတယ်။ ရှေးအစဉ်အလာရှိခဲ့တဲ့ လက်ထပ်ထိမ်းမြားရေးထုံးစံဓလေ့များဟာ ဒီအချက်ကို ထည့်သွင်းစဉ်းစားလေ့မရှိကြပါဘူး။





အမှန်ကတော့ ကြင်စဦးဇနီးမောင်နှံများမှာ ဖိုမဆက်ဆံရေး အသီးအပွင့်ကို ခံစားနိုင်ဖို့အတွက် နှစ်ဦးစလုံးရဲ့ စိတ်အခြေအနေဟာ လွန်စွာအရေးကြီးပါတယ်။

အလျင်တုန်းက အမိအုပ်စိုးတဲ့ ရှေးဟောင်းလူ့အဖွဲ့အစည်းများ ဒါမှမဟုတ် အမိအုပ်စိုးတဲ့ မျိုးတူစုများမှာ လက်ထပ်ထိမ်းမြားခါနီး မိန်းကလေးတစ်ယောက်ဟာ အပျိုဖြစ်ရမယ်ဆိုတဲ့ တောင်းဆိုသတ်မှတ်ချက်မျိုး မရှိခဲ့ဘူး။ ရှိတဲ့အပြင် အချို့ လူ့အဖွဲ့အစည်းများမှာဆိုရင် လက်ထပ်ခါနီးအမျိုးသမီးများကို ကိုးကွယ်ယုံကြည်မှုအကြောင်းများကြောင့် လက်မထပ်ခင်မှာ အပျိုရည်ပျက်အောင်တောင် တမင်လုပ်ကြရသေးတယ်။ ခုထိလည်း ပြင်သစ်ပြည် အချို့သော ကျေးလက်ဒေသများမှာ လက်မထပ်မီ အပျိုစစ်ဖြစ်ရေး၊ မဖြစ်ရေးဟာ ပဓာနမဟုတ်ဘူးဆိုတဲ့ ရှေးဟောင်းအယူဟာ ကျန်ရှိနေသေးတာကို တွေ့ရတယ်။ အချို့သော အရပ်ပျက်မများဆိုရင် အပျိုစစ်စစ်တွေထက်တောင် လင်တစ်ယောက်ကို လွယ်လွယ်ကူကူရနိုင်သေးတယ်။ ဒါပေမယ့် မိဘတွေရဲ့ တာဝန်ကတော့ သတို့သမီးကို သူ့ခင်ပွန်းလောင်းထံကို ပေးအပ်ရာမှာအပျိုစင်ပဲဖြစ်ရမယ်လို့ နားလည်ထားကြတယ်။ ယောက်ျားဘက်က ကြည့်ရင်လည်း သူ့ဇနီးလောင်းရဲ့ ဝမ်းကြာတိုက်မှာ သူတစ်ပါးရဲ့ မျိုးစေ့ပါလာတာမျိုး အဖြစ်မခံနိုင်ဘူးပေါ့။ သူနဲ့ပေါင်းစပ်ရမယ့်၊ သူပိုင်ဆိုင်ရမယ့်ခန္ဓာကိုယ်ကို သူတစ်ဦးတည်းပိုင်ပဲ ဖြစ်ချင်တာပေါ့။ အပျိုစစ်တယ်ဆိုတာ ကျင့်ဝတ်သိက္ခာအရပဲကြည့်ကြည့်၊ ဘာသာတရားအရပဲကြည့်ကြည့်၊ ကိုးကွယ်ယုံကြည်မှုနဲ့ပဲ ကြည့်ကြည့်၊ အလွန်တန်ဖိုးရှိတဲ့ အရာဖြစ်တယ်လို့ ယခုထက်တိုင် အသိအမှတ် ပြုနေကြဆဲဖြစ်ပါတယ်။

မိန်းကလေးရဲ့ မင်္ဂလာဦးညဟာ လွန်စွာ ရင်ခုန်ရပါတယ်။ အစဉ်အလာအရ မိမိတို့နှစ်ဦးရဲ့ ဖိုမဆက်ဆံရေးကိစ္စကို လူပုံအလယ်မှာ လူမှုရေးအခမ်းအနားတစ်ခုအဖြစ်နဲ့ ကျင်းပခဲ့ကြပြီးပြီ။ သူတို့နှစ်ဦးဟာ မျက်လုံးအခုံပေါင်းများစွာရဲ့ အလယ်မှာ အကြင်လင်မယားဆိုပြီး အကြည့်ခံခဲ့ကြရပြီးပြီ။ ဒါပေမယ့် မင်္ဂလာမောင်မယ်တို့ဟာ သူတို့ရဲ့အိပ်ခန်းထဲကို ရောက်တဲ့အခါမှာတော့ လူမှုရေးထုံးစံတွေကို လိုက်နာနေကြတဲ့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ မဟုတ်တော့ဘဲ လွတ်လပ်တဲ့ လူသားတွေ၊ တစ်ဦးချင်းပုဂ္ဂိုလ်တွေ ဖြစ်သွားကြတယ်။ သူတို့အပွေ့အဖက်တွေကိုလည်း ဘယ်မျက်လုံးကမှ လိုက်လံကြည့်ရှုခြင်း မရှိကြတော့ဘူး။

စာရေးဆရာမ ကိုးလတ်ဟာ သူ့အသက် ဆယ့်သုံးနှစ်ယောက်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က မင်္ဂလာဆောင်တစ်ခုကို ရောက်သွားပါတယ်။ ရောက်ပြီးခဏအကြာမှာ သူငယ်ချင်းတစ်ယောက်က ကြင်စဦးဇနီးမောင်နှံတို့ အိပ်ကြမယ့် မင်္ဂလာအိပ်ခန်းကို လိုက်လံပြပါတယ်။ ဒီမှာ အပျိုကလေးတစ်ယောက်အနေနဲ့ မင်္ဂလာအိပ်ခန်းကို သူဘယ်လိုကြောက်ရွံ့တဲ့ပုံ၊ ဘယ်လိုခံစားရပုံကို ရေးထားပါတယ်။

"ကြင်စဦးတို့၏ အိပ်ခန်းပါကလား။ ခပ်မြင့်မြင့်၊ ခပ်ကျဉ်းကျဉ်း၊ နှစ်ယောက်အိပ် ကုတင်ကြီးကို ကန့်လန့်ကာ ကာထားသည်။ ကုတင်ပေါ်တွင် ငှက်မွေးသွတ်မွေ့ရာထူထူကြီးတစ်ခု ခင်းထားပြီး ထိုမွေ့ရာပေါ်တွင် ငန်းမွေးသွတ်ခေါင်းအုံးများကို ဆင့်စီထားသည်။ ထိုအိပ်ရာသည် ချွေးနံ့တွေ၊ အမွေးနံ့တွေ၊ လူနံ့တွေ၊ စားသောက်ဖွယ်ရာရနံ့တွေ မွှန်နေသော တစ်နေ့တာကုန်ဆုံးရာ နေရာဖြစ်သည်။ မကြာမီ ကြင်စဦး ဇနီးမောင်နှံတို့သည် ဤနေရာသို့ ရောက်လာကြပေတော့မည်။ ကျွန်မသည် ထိုအကြောင်းကို ယခင်က မတွေးမိခဲ့ပါ"

ကိုးလတ်က လှပခမ်းနားတဲ့ လူမှုရေး အဆောင်အယောင်တွေ၊ မင်္ဂလာအခမ်းအနားတွေနဲ့ ကန့်လန့်ကာ ကာထားတဲ့ ကုတင်ကြီးပေါ်က အဟိတ်တိရစ္ဆာန်သဘောဆောင်တဲ့ လျှို့ဝှက်ဆန်းကြယ်မှုတို့ ကွာခြားပုံကို ကြည့်ပြီး ထိတ်လန့်တုန်လှုပ်နေတယ်။ တအံ့တသြဖြစ်နေတယ်။ တကယ်ကတော့ မင်္ဂလာအခမ်းအနားဆိုတာဟာ မိန်းမကို လူတစ်ယောက်အဖြစ် (အလျင်တုန်းက ပစ္စည်းတစ်ခုအဖြစ်၊ ကျွန်တစ်ယောက်အဖြစ် သဘောထားကြတယ်) သဘောထားတဲ့အခါကျတော့မှ၊ ပုဂ္ဂိုလ်တစ်ဦးချင်းအဖြစ် သဘောထားတော့မှ ခေါ်မတိုင်းနဲ့ ရောမတိုင်းတို့မှာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါတယ်။

## လက်ထပ်ခြင်း
## အချစ်အတွက်လား၊ လုံခြုံမှုအတွက်လား

ပစ္စည်းဥစ္စာကြောင့် လက်ထပ်ခဲ့ကြတဲ့ ဇနီးမောင်နှံတို့ဟာ နောင်ဘဖြည်းဖြည်းမှာ ချစ်လာကြလိမ့်မယ်။ ဇနီးမောင်နှံအဖြစ် နေထိုင်ခဲ့ကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး ချစ်လာကြဖို့ အခွင့်အလမ်းတွေလည်း ရှိတယ်လို့ ဘချို့က ယူဆကြတယ်။ ဒီလိုယူဆခြင်းဟာ ရှာကြံဖြေသိမ့်တာပဲ ဖြစ်ပါလိမ့်မယ်။ ပြီးတော့လည်း ပြောကြသေးတယ်။ လက်တွေ့ကိစ္စတွေ၊ လူမှုရေးကိစ္စတွေ။ လောကဝတ်ကိစ္စတွေနဲ့ ချည်နှောင်ထားခြင်းခံရတဲ့ လက်ထပ်ပြီး ဇနီးမောင်နှံတို့ဟာ သူတို့အသက်ရှင်နေသမျှကာလပတ်လုံး တစ်ယောက်ကို တစ်ယောက် ဖိုမဆန္ဒကို ဖြည့်စွမ်းပေးနိုင်ကြလိမ့်မယ်လို့လည်း ပြောတတ်ကြပါသေးတယ်။ ဒါဟာလည်း သိပ်အဓိပ္ပါယ်မရှိတဲ့ စကားဖြစ်ပါတယ်။ အချစ်ကြောင့် လက်ထပ်ကြတာမဟုတ်ဘဲ စည်းစိမ်ဂုဏ်ရှိန်တွေကြောင့် လက်ထပ်သင့်တယ်လို့ ရှေ့နေလိုက်သူများက ပြောကြပြန်သေးတယ်။ ချစ်လို့ လက်ထပ်တိုင်းလည်း ပျော်ရွှင်မှုကို ရကြတာ မဟုတ်ပါဘူးလို့ ဆိုကြပြန်သေးတယ်။ သူတို့အကြောင်းပြချက်ကတော့ ဒီလိုပါ။ မိန်းကလေးဟာ စိတ်ကူးယဉ်အချစ်နဲ့ ချစ်တဲ့အတွက် ဖိုမအချစ်ဘက်ကို ဘိမ်းညွှတ်ခြင်း မဖြစ်တတ်ဘူး။ သူ့ရဲ့ ပလေးတိုးနစ်အချစ်ကို ကိုးကွယ်မှု၊ သူ့ရဲ့ စိတ်ကူးယဉ်အိပ်မက်၊ သူ့ရဲ့ ငယ်နုစဉ်က စိတ်ဝင်စားမှုတွေဟာ လင်မယားဘဝ နေ့စဉ်ဘဝနဲ့ လိုက်လျောခြင်းမရှိတဲ့အပြင် ကြာလေတော့ ဒီစိတ်ကူးယဉ်မှုတွေဟာလည်း ကုန်ဆုံးပျောက်ကွယ်သွားတတ်ကြတယ်။ ဒါကြောင့်မို့ အချစ်နဲ့တည်ဆောက်တဲ့ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



များမှာ ပျော်ရွှင်မှုကို မရတတ်ဘူးလို့ သူတို့က အကြောင်းပြကြတယ်။ တကယ်ရိုးသားစွာ ဖိုမအချစ်ဘက်ကို တိမ်းညွတ်သည့်တိုင် ဒီတိမ်းညွတ်မှုဟာလည်း ကြာကြာမခံတတ်ဘူးလို့ ဆိုကြတယ်။ ဒီအကြောင်းကို ကိုးလတ်က သူ့ရဲ့ "လေလွင့်သူ" ဝတ္ထုမှာ ဒီလိုရေးခဲ့ပါတယ်။

အဆုံးမရှိသော အချစ်ကန္တာရကြီးထဲတွင် ဖိုမအချစ်သည် အလွန်သေးငယ်သော အခန်းမှသာ ပါဝင်၏။ ထိုကန္တာရကြီးထဲတွင် ဖိုမအချစ် မီးပုံကလေးသည် ပထမသော် တောက်ပထိန်လင်းသော အရောင်ကိုပေးနိုင်သည်မှန်ပါ၏။ ထိုမီးရောင်ကြောင့် အစပထမတွင် ဘာကိုမျှမမြင်နိုင်ဘဲ ဖြစ်တတ်၏။ သို့ရာတွင် ထိုမတည်မြဲသော မီးပုံအနီးတွင် အန္တရာယ်များ ရှိတတ်ပေသည်။ မသိနိုင် သောအရာများ ရှိတတ်သည်လို့ ရေးခဲ့ပါတယ်။

ဖိုမအချစ်ဟာ လက်မထပ်မီကတည်းက ရှိခဲ့သည်တိုင် သို့မဟုတ် ဟန်းနီးမွန်းကာလအတွင်းမှာ နိုးကြားလာသည့်တိုင် ဒီအချစ်ဟာ စိတ်ကူးယဉ်အချစ်နဲ့ လက်ထပ်ခဲ့ကြတဲ့ အိမ်ထောင်ရဲ့ သက်တမ်းမှာ ကြာကြာမခံတတ်ဘဲ ပျောက်ကွယ်သွားတတ်ပါတယ်။ ဒါပေမယ့် ဖိုမအချစ်မှာ တစ်ဦးအပေါ်မှာ တစ်ဦး သစ္စာရှိဖို့တော့ လိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အချစ်ဝင်နေကြတဲ့ သူနှစ်ဦးရဲ့ ဖိုမဆန္ဒဟာ တစ်သီးပုဂ္ဂလဆန်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သူတို့ တစ်ယောက်နေရာမှာ အခြားတစ်ယောက်နဲ့ အစားမထိုးနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ယောက်ကိုတစ်ယောက်ရန်လိုခြင်း၊ စိတ်ကုန်ခမ်းခြင်း၊ ဥပက္ခာပြုခြင်းတို့ကြောင့်လည်း ဒီဖိုမဆန္ဒဟာ ပျောက်ကွယ်သွားနိုင်ပါတယ်။ တစ်ဖက်မှာလည်း တစ်ယောက်ကိုတစ်ယောက် မိတ်ဆွေသဖွယ် သိပ်လေးစားလွန်းရင်၊ အထင်ကြီး ကိုးကွယ်လွန်းရင်လည်း ဒီဆန္ဒဟာ ပျောက်သွားတတ်ပါတယ်။

ရမ္မက်စိတ်ဟာ "အခြားသူ" ဆီကို သွားနေတဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်ပါတယ်။ လင်နဲ့မယားတို့ရဲ့ ရင်းနှီးမှုမှာ အဓိကကျတဲ့ လက္ခဏာချက်ဖြစ်ပါတယ်။ လင်နဲ့မယားဟာ တစ်ယောက်နဲ့တစ်ယောက်အဖို့ "တစ်ဦးတည်း" လိုလိုဖြစ်နေတတ်တဲ့အတွက်ကြောင့်ပါပဲ။ နှစ်ယောက်ဟာ တစ်ကိုယ်တည်းလိုလို၊ တစ်စိတ်တစ်ဝမ်းတည်း လိုလို ဖြစ်လာတဲ့အခါကျတော့ သူတို့နှစ်ယောက်ကြားမှာ အပေးအယူသဘောရယ်လို့လည်း မရှိတော့ဘူး။ တစ်ယောက်က နာတယ်။ တစ်ယောက်က သာတယ်။ တစ်ယောက်က ရှုံးတယ်။ တစ်ယောက်က နိုင်တယ်ဆိုတာမျိုးလည်း မရှိတော့ပါဘူး။ ဒီလိုနဲ့ သူတို့နှစ်ဦးဟာ ဖိုမဆက်ဆံရေး ကိစ္စကို ဆောင်ရွက်ကြသည့်တိုင် မကြာခဏ ဆိုသလို မလုံမလဲဖြစ်တတ်





ကြပြီး ရှက်ရွံ့နေတတ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ဦးကြားမှာ တစ်ဦးနဲ့တစ်ဦးယုယတဲ့ အပြန်အလှန် ဆက်ဆံရေးတွေ ပျောက်သွားပြီး ပြုစုစရာကိစ္စတစ်ခုကို အာသာပြေအောင် ဆောင်ရွက်တယ်လို့ မသိစိတ်ထဲမှာ ထင်မှတ်ပြီး ယုယကြင်နာမှု၊ ယဉ်ကျေးမှု နည်းပါးလာတတ်ကြပါတယ်။ တစ်ယောက်ကိုတစ်ယောက်လည်း စိတ်ဆန္ဒကို ဖြေဖျောက်ဖို့ ပစ္စည်းတစ်ခုလိုပဲ သဘောထားလာကြပါတယ်။

အမှန်တကယ်တော့ ဆန္ဒတစ်ခုကို တိရစ္ဆာန်သဖွယ်ဖြေဖျောက်တာဟာ လူ့ရဲ့ပင်ကိုမှာရှိတဲ့ လိင်စိတ်ကို မဖြေဖျောက်နိုင်ပါဘူး။ ဒါကြောင့်မို့သာလျှင် ဆန္ဒကို ဖြည့်စွမ်းပြီးတဲ့နောက်မှာ မကောင်းမှုတစ်ခုကို လုပ်လိုက်ရသလို နောင်တရနေတတ်တာ ဖြစ်ပါတယ်။

ကိုယ်ကာယ ပေါင်းဖော်ခြင်းဟာ အိမ်ထောင်ရေးဘဝ ပျော်ရွှင်မှုမှာ အဆုံးစွန်သော ရည်မှန်းချက်လည်း မဟုတ်ပါဘူး။ အဆုံးစွန်သော ရည်မှန်းချက်ကိုသွားရာ နည်းလမ်းတစ်ခုလည်း မဟုတ်ပါဘူး။ အဲဒီကိစ္စဟာ ဘဝရဲ့ အဖြစ်အပျက်တွေထဲက အဖြစ်အပျက်ငယ်တစ်ခုသာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ကိစ္စတစ်ခုသာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကိုယ်ကာယပေါင်းဖော်မှုကိစ္စဟာ ဘာနဲ့မျှမဆိုင်ဘဲ သီးခြားလွတ်လပ်မှု ကိစ္စတစ်ခုသာ ဖြစ်ပါတယ်။

အချို့က ဆေးစပ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို အချစ်မပေးသင့်ဘူး။ ပျော်ရွှင်ချမ်းမြေ့မှုကို ပေးသင့်တယ်လို့ ဆိုကြပါတယ်။ သဘောကတော့ အချုပ်အနှောင်အတွင်းမှာ နေထိုင်ရတဲ့ မိန်းကလေးကို တည်ငြိမ်တဲ့ဟန်ချက်မျိုးကို ပေးစွမ်းသင့်တယ်ဆိုတဲ့ သဘောပါ။ တစ်နည်းပြောရဦးမယ်ဆိုရင် ချမ်းသာကြွယ်ဝတဲ့အချိန်မှာ မိန်းကလေးကို လုံခြုံမှုပေးရတယ်ဆိုတဲ့ သဘောပါ။ အထူးသဖြင့် ဒီအယူအဆမျိုးဟာ လူလတ်တန်းစားတွေထဲမှာ ဖြစ်ပေါ်လေ့ရှိပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ဟာ ရှေ့တိုးတက်ကြီးပွားဖို့ ချမ်းသာဖို့မဟုတ်ဘဲ ရှိတဲ့အခြေအနေကလေးကို ပျက်စီးမသွားဖို့ လက်ရှိအခြေအနေက လျော့ကျမသွားဖို့ပဲ ဖြစ်ပါတယ်။ ချမ်းသာတဲ့ လူလတ်တန်းစားတစ်ယောက်အဖို့ကတော့ သူ့ဘဝမှာ သက်သောင့်သက်သာလည်း ရှိတယ်။ အတော်အသင့်လည်း စည်းစိမ်ရှိရှိနေနိုင်တယ်။ လောကကြီးမှာ ဘာကိုမျှပူပင်ကြောင့်ကြမရှိဘူး။ ဒီလိုနဲ့ အေးအေးဆေးဆေးနေသွားပြီး ဘဝရည်ရွယ်ချက်ရယ်လို့လည်း ကြီးကြီးမားမား မရှိတော့ဘဲ ဇရာပိုင်းကို ရောက်လာတယ်။ ဇရာပိုင်းရောက်တော့လည်း ဘုံးလုံးစာ၊ ပက်လက်စာကလေးကလည်း အဆင်သင့်ရှိတယ်။ ဒါဟာ သူတို့ပြောတဲ့ "ပျော်ရွှင်ချမ်းမြေ့မှု" ဖြစ်ပါတယ်။ ရှေးက ခေါမပညာရှင်များဖြစ်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အက်ပီကျူးရက်နဲ့ ခ်ိန့်တို့က ဒီသဘောမျိုးကို တွင်တွင်ပြောခဲ့ကြပါတယ်။ ဒါပေမယ့် ဒီနေ့ခေတ်မှာတော့ သူတို့ရဲ့ အယူအဆဟာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်စပြုနေကြပါပြီ။ ကိလေသာလောကကြီးမှာ လက်ရှိအခြေအနေကလေးကို တသမတ်တည်း ထိန်းသိမ်းထားရမယ်ဆိုတာလည်း မဖြစ်နိုင်ဘူး။ လိုလည်း မလိုလားအပ်ဘူး။ ယောကျ်ားဆိုတဲ့ ဖိုတ္တဝါရဲ့ တာဝန်ဟာ လှုပ်ရှားဖို့ဖြစ်တယ်။ ထုတ်လုပ်ဖို့ ဖြစ်တယ်။ တိုက်ခိုက်ဖို့ဖြစ်တယ်။ တိုးတက်အောင်လုပ်ဖို့ ဖြစ်တယ်။ ဖန်တီးဖို့ ဖြစ်တယ်။ စကြဝဠာကြီးနဲ့ ပေါင်းစည်းဖို့ ဖြစ်တယ်။ ဒါပေမယ့် ထုံးတမ်းစဉ်လာ လက်ထပ်ထိမ်းမြားမှုကတော့ မသတ္တဝါကို ဒီလိုအခွင့်အရေးတွေ မပေးဘူး။ ဖိုသတ္တဝါနဲ့အတူ ဒီအလုပ်တွေကို လိုက်လုပ်ဖို့ ပြဋ္ဌာန်းမထားဘူး။ မသတ္တဝါရဲ့အလုပ်ဟာ တစ်နေရာတည်းမှာ၊ အတွင်းမှာနေထိုင်ဖို့ဖြစ်တယ်။ သူ့ရဲ့အဝန်းအဝိုင်းထဲမှာ ပိတ်လှောင်နေဖို့ဖြစ်ပါတယ်။ တည်ငြိမ်တဲ့ ဟန်ချက်ညီမှုကလေးကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။ ပစ္စုပ္ပန်ကို အတိတ်ရဲ့ ဇာတ်လမ်းအဆက်အဖြစ် ထိန်းသိမ်းထားဖို့ ဖြစ်ပါတယ်။ ကာကွယ်ထားဖို့ဖြစ်ပါတယ်။ ဒီနည်းအားဖြင့် ပျော်ရွှင်ချမ်းမြေ့မှုကို တည်ဆောက်ထိန်းသိမ်းဖို့ ဖြစ်တယ်။ ဒီနည်းအားဖြင့် သူမဟာ တည်ငြိမ်တဲ့ လူ့ရိုသေ ရှင်ရိုသေရှိတဲ့ အခြေကျမှုကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။ ဒီနည်းအားဖြင့် သူမဟာ မယားကောင်းရဲ့ဝတ်၊ မယောင်းကောင်းရဲ့ ယုယကြင်နာမှုကို ပြသဖို့ဖြစ်တယ်။ သူ့ရဲ့ အိမ်နံရံလေးဘက်အတွင်းမှာ သူဟာ စီမံခန့်ခွဲတယ်။ သူ့လောက ကလေးထဲမှာ သူ့ကိုယ်သူ ပိတ်လှောင်ထားတယ်။ အဲဒီလောက ကလေးထဲမှာ နောင်လာမယ့် ကာလအတွက် လူမျိုးနွယ်ပြန့်ပွားရေးကို လုပ်ဆောင်တယ်။

ဒါပေမယ့် ဖိုသတ္တဝါရဲ့ ကြီးစိုးလွှမ်းမိုးမှုကိုတော့ ရှောင်လို့မရပေဘူး။ အစဉ်အလာဟောင်းတွေကို ထိန်းသိမ်းခြင်း၊ မိမိတို့၏ဘုန်းလက်ရုံးကို ပြသခြင်းစတဲ့ နည်းလမ်းများနဲ့ ဖိုသတ္တဝါဟာ ထာဝရဘုရားရဲ့ အမှုတော်ကို ထမ်းရွက်နေကြတယ်။ တိုင်းပြည်နိုင်ငံရဲ့အကျိုးကို သယ်ပိုးနေတယ်။ ယဉ်ကျေးမှုကြီး ဆက်လက်ပြန့်ပွားရေးအတွက် လုပ်ဆောင်နေတယ်လို့ ယူဆလာခဲ့ကြတယ်။ ဒါကြောင့် ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ယောကျ်ားရဲ့တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်အောင် ယောကျ်ားကို ကူညီလုပ်ကိုင်ပေးခြင်းလို့ အဓိပ္ပါယ်ကောက်ကြတယ်။ အမျိုးသမီးများဟာလည်း အိမ်ရဲ့နယ်နမိတ်အပြင်မှာရှိတဲ့ အဲဒီရည်ရွယ်ချက်ကို နားလည်သဘောပေါက်ကြရမယ်လို့ အစဉ်အလာယူဆလာခဲ့ကြတယ်။ ယောကျ်ား၊ မိန်းမနဲ့ စကြဝဠာ(ပြင်ပကမ္ဘာကြီး) ကြားမှာ ဆက်သွယ်ပေးကြတဲ့ ကြားလူဖြစ်တယ်လို့ ယူဆလာခဲ့ကြတယ်။





မိန်းမဟာ ယောကျ်ားကို လောကကြီးကို နားလည်လာအောင်၊ တိုက်ပွဲဝင်နိုင်အောင်၊ ဖန်တီးနိုင်အောင် အားပေးကူညီသူ ဖြစ်တယ်။ အားဖြည့်ပေးသူ ဖြစ်တယ်။ မိန်းမဟာ ယောကျ်ားရဲ့ လက်ထဲကို သူ့ဘဝကို ပုံအပ်ရမယ်။ ဒီလိုပုံအပ်တဲ့အခါမှာ ယောကျ်ားဟာ သူ့ဘဝကို အဓိပ္ပါယ်ရှိအောင် ဖန်တီးပေးလိမ့်မယ်။ ပျားဘုရင်မဟာ သူ့ပျားအုံထဲမှာ ကြီးစိုးသလို မိန်းမဟာလည်း သူ့အိမ်တွင်းမှာ အရှင်သခင်ဖြစ်ရမယ်။ မိန်းမဟာ ဇနီးမယားဖြစ်ရမယ်။ မိခင်ဖြစ်ရမယ်။ အိမ်ရဲ့ အရှင်သခင်ဖြစ်ရမယ်။ လက်ထပ်ထိမ်းမြားခြင်းဟာ သူ့ဘဝ အသက်ရှင်ရေးအတွက် အားဆေး၊ သူ့ဘဝရဲ့ အဓိပ္ပါယ် ဖြစ်ရမယ်။

ဒါတွေကတော့ လက်ထပ်ထိမ်းမြားရေးကိစ္စမှာ အများက လက်ခံထားကြရတဲ့ စံတွေဖြစ်တယ်။ ဒီလိုမျှော်မှန်းစိတ်ကူးထားတဲ့ စံတွေဟာ လက်တွေ့မှာ ဘယ်လိုဖြစ်လာကြသလဲဆိုတာကို နည်းနည်းဆန်းစစ်ကြည့်ချင်ပါတယ်။

ရှင်ဘုရင်ရဲ့ ရွှေနန်းတော်ကြီးမှာဖြစ်စေ၊ တဲအိုပျက်မှာ ဖြစ်စေ၊ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ကိုင်တွယ်ပြလို့မရတဲ့ ဒြပ်မဲ့ပစ္စည်းမဟုတ်ပါဘူး။ ကိုင်တွယ်ပြလို့ရတဲ့အရာ ဖြစ်ပါတယ်။ အိမ်နံရံလေးဘက်အတွင်းမှာ မိသားစုကလေးတစ်ခုဟာ တိတ်တစ်ဆိတ် တည်ရှိနေတဲ့ ကလာပ်စည်းကလေးတစ်ခု၊ ဒါမှမဟုတ် ယူနစ်ကလေးတစ်ခုဖြစ်ပါတယ်။ ဖြတ်သန်းလွန်မြောက်သွားတဲ့ မိမိတို့ရဲ့မိသားစုရဲ့အတိတ်ကို မျိုးရိုးစဉ်လာသုံးခဲ့တဲ့ ပရိဘောဂတွေ၊ ဘိုးဘေးတို့ရဲ့ ဓာတ်ပုံတွေနဲ့ ဖော်ပြထားကြပါတယ်။ အဲဒီအတိတ်ဟာ အနာဂတ်၊ သေချာတဲ့ အနာဂတ်အလားအလာကို ဖော်ပြနေပါတယ်။ ခြံထဲမှာ သီးပင်စားပင်တွေကို အလှည့်ကျ သူ့ရာသီနှင့်သူ သီးပွင့်ပေးခြင်းအားဖြင့် ရာသီတွေဟာ လှည့်ပတ်သွားလာနေကြပါတယ်။ နွေဦးပေါက်လာတာနဲ့ မနှစ်နွေဦးတုန်းက ပွင့်ခဲ့ကြတဲ့ပန်းကလေးတွေဟာ ပြန့်ပွင့်လာကြပြီး ဆောင်းဦးပေါက်တာနဲ့ မနှစ်ဆောင်းဦးတုန်းက စခဲ့တဲ့ အသီးကလေးတွေဟာ ပြန်ပြီး သီးလာတတ်ကြပါတယ်။ အချိန်နဲ့ ဟင်းလင်းပြင်ဟာ အဝေးကို ဝါးလုံးထိုးပျံသန်း ထွက်ပြေးသွားတာ မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ စက်ဝိုင်းအတွင်းမှာ လှည့်ပတ်နေကြတာဖြစ်ပါတယ်။ မြေယာကိုအမှီပြုရတဲ့ ယဉ်ကျေးမှုတိုင်းမှာ အိုးနဲ့အိမ်၊ မီးဖိုနဲ့ အိမ်အကြောင်း ဖွဲ့ဆိုခဲ့တဲ့စာပေတွေ အမြောက်အမြားကြီးပါ။ ဟင်နရီဘောဒိုးရဲ့ "လာမေဆန်"မှာ ဆိုလို့ရှိရင် လူလတ်တန်းစားတို့ရဲ့ တန်ဖိုးတွေကို ဖော်ပြထားပါတယ်။ အတိတ်ကို သဒ္ဓါရှိရမယ်။ ပွင့်လင်းဖြောင့်မတ်ရမယ်။ မိသားစုနဲ့ ဇာတိမြေကို ချစ်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ခသည်တို့ ဖြစ်ပါတယ်။ ဘယ်စာပေမှာပဲကြည့်ကြည့် အမျိုးသမီးဟာ မိသားစု ယူနစ်ကလေးရဲ့ ပျော်ရွှင်မှုကို ဖန်တီးပေးသူဖြစ်လေတော့ အိမ်အကြောင်းကို ဖွဲ့တဲ့ ကဗျာဆရာများဟာလည်း အမျိုးသမီးတွေပဲ ဖြစ်တယ်။

ဒီနေ့ခေတ်မှာတော့ အိမ်ဟာ ဖခင်အုပ်စိုးမှုရဲ့ ခံ့ညားထည်ဝါမှုတွေ ပျောက်ပျက်သွားကြပါပြီ။ ယောကျ်ားတွေ အများစုအတွက် အိမ်ဟာ နေစရာ နေရာတစ်ခုအဖြစ်ပဲ ရှိပါတော့တယ်။ အတိတ်မျိုးဆက်ကို အောက်မေ့သတိရ တာမျိုးတွေ မရှိတော့ပါဘူး။ အနာဂတ်မျိုးဆက်အတွက် အခြေချထားတာ မျိုးရယ်လို့လည်း မရှိတော့ပါဘူး။ ဒါပေမယ့် အဲဒီအိမ်ကို ရှေးအစဉ်အလာရှိခဲ့ တဲ့ အိုးအိမ်နှင့် တူအောင် လုပ်နေတာကတော့ အမျိုးသမီးပဲ ဖြစ်ပါတယ်။ "ကင်နရီရိုး" ဝတ္ထုမှာ စတိုင်းဘက်က ဘွိုင်လာအိုး အဟောင်းကြီးထဲကို ပြောင်း ရွှေ့လာကြတဲ့ လင်မယားနှစ်ယောက်အကြောင်း ရေးထားပါတယ်။ မယားက အဲဒီဘွိုင်လာအိုးကြီးထဲမှာ ကြမ်းခင်းကော်ဇောတွေခင်း၊ ခန်းဆီးတွေတပ်ပြီး ပြင်ဆင်ပါတယ်။ ဒီတော့ ယောကျ်ားက တို့အခန်းမှာ ပြတင်းပေါက်မှ မရှိတာ ဘာဖြစ်လို့ ခန်းဆီးတပ်နေဦးမှာလဲလို့ ကန့်ကွက်ပါတယ်။

ဒီအဖြစ်အပျက်ကလေးဟာ မိန်းမရဲ့ဗီဇကို ဖော်ပြလိုက်တာ ဖြစ်ပါ တယ်။ သာမန်ယောကျ်ားတစ်ယောက်ဟာ မိမိပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းတွေ ကိုအသုံးပြုဖို့ တန်ဆာပလာတွေလို သဘောထားပြီး သူတို့ရဲ့ အသုံးကျမှုကို လိုက်ပြီး နေရာချထားပါတယ်။ သူ့အဖို့ကတော့ ဒီလိုထားတာဟာ စီစဉ်တကျ ရှိတယ်လို့ ယူဆပါတယ်။ ဒါပေမယ့် အမျိုးသမီးကတော့ သူဒီလိုနေရာချထား တာဟာ ဖရိုဖရဲထားတယ်လို့ မြင်ပါတယ်။ ယောကျ်ားက စီးကရက်ဘူးကို လက်လှမ်းမီတဲ့နေရာမှာ ထားတယ်။ စာရွက်စာတမ်းများကို သူလိုချင်တဲ့အခါ ရနိုင်တဲ့ နေရာမှာထားတယ်။ ကလောင်တံကို စားပွဲပေါ်မှာ တင်တယ်။ ဒါပေ မယ့် မိန်းမကတော့ ဒီလိုထားတာကို ပစ်စလက်ခတ်ထားတယ်လို့ မြင်တယ်။ ဒါဟာ မိန်းမနဲ့ယောကျ်ားတို့ ပတ်ဝန်းကျင်နဲ့ပတ်သက်လို့ အမြင်ချင်း ခြားနား နေကြပုံပါပဲ။

## မိန်းမနှင့် အိမ်

မိန်းမတစ်ယောက်၊ အထူးသဖြင့် လက်ထပ်ပြီးတဲ့ မိန်းမတစ်ယောက် ဟာ မီးဖိုချောင်နဲ့ အိုးအိမ်ကို ဖန်တီးတတ်ရမယ်။ တစ်နည်းပြောရရင် နွေး ထွေးမှု၊ ကြည်နူးမှု၊ ပျော်ရွှင်မှုကိုပေးနိုင်ရမယ်။ ဒီလို ပေးနိုင်ဖို့အတွက် ကိုယ် လုပ်တဲ့ အလုပ်တွေမှာ ယုံကြည်မှုရှိဖို့လိုတယ်။ ကိုယ်လုပ်တဲ့အလုပ်ကို ငါ ဘာကြောင့် ဒီအလုပ်ကို လုပ်နေသလဲဆိုတာ သဘောပေါက်ဖို့ လိုတယ်။ ယောကျ်ားသားကတော့ သူ့ပတ်ဝန်းကျင်လောကကို ရုတ်တရက် ချက်ချင်း စိတ်ဝင်စားလေ့မရှိဘူး။ စိတ်ဝင်စားတယ်ဆိုရင်လည်း သာမန်လောက်ပဲ။ ဘာ ဖြစ်လို့လည်းဆိုတော့ သူ့မှာ အပြင်လောကကြီးရှိနေတာကိုး၊ သူ့မှာ လုပ်စရာ ကိုင်စရာ စီမံကိန်းတွေ၊ စိတ်ကူးတွေ ရှိနေတာကိုး။ မိန်းမသားမှာတော့ လင် ကိစ္စ၊ သားကိစ္စ၊ အိမ်မှုကိစ္စတွေထဲမှာ နစ်မြုပ်နေရတော့တယ်။ ဒီတော့ မိန်းမ သားဟာ ကိုယ်နေရတဲ့ ပတ်ဝန်းကျင် ကျဉ်းကျဉ်းကလေးကို ပျော်စရာကောင်း အောင် ဖန်တီးပေးဖို့လိုလာတယ်။ ကိုယ်နေရတဲ့ အကျဉ်းထောင်ကြီးကို ပျော်စရာ ဘုံဗိမာန်ကြီးတစ်ခုဖြစ်အောင် ဖန်တီးဖို့ လိုလာတယ်။

သျှောင်နောက်ဆံထုံးပါဆိုပြီး လင်နောက်ကို လိုက်ခဲ့တယ်။ အိမ်သစ် ကို ပြောင်းခဲ့ရတယ်။ အစဉ်အလာမို့လို့ သူ့နောက်ကို လိုက်ခဲ့ရပေမယ့် အိမ်သစ် ထဲမှာ တံခါးပိတ်ပြီး အိမ်ရှင်မလုပ်ရတာ၊ မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နှင့် ချက်ပြုတ်ရတာ၊ အိမ်မှုကိစ္စတွေကို လုပ်ရတာတွေကိုတော့ ဝန်ကလေးသည်း ဟုတ်တာပေါ့။ အပျိုဘဝတုန်းကတော့ လောကကြီးတစ်ခုလုံးဟာ ကိုယ့်နယ် မြေ၊ ကျေးလက်ကွင်းပြင်ကြီးတွေဟာ ကိုယ်ကျက်စားတဲ့နေရာ၊ တောအုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ကိုယ်လှည့်ပတ်သွားလာတဲ့ နေရာ၊ ဟော ခုတော့ အိမ်ထောင်ကျပြီး အိမ်ရှင်မဖြစ်ပြီဆိုကာနဲ့ ကိုယ့်လောကဟာ ကျဉ်းမြောင်းသွားပြီလေ။ ကိုယ့်ဟင်းလင်းပြင်ဟာ အကန့်အသတ်တွေရှိလာပြီလေ။ သဘာဝအလှဆိုတာမျိုးဟာ အလျင်တုန်းကလို တောပန်းရိုင်းတွေ မဟုတ်တော့ဘဲ ကိုယ့်အိမ်ရှေ့မှာ စိုက်ထားတဲ့ ပန်းအိုးထဲက ပန်းပွင့်လောက်ပဲ ရှိတော့တယ်။ မျှော်မဆုံးနိုင်အောင် ရှိနေတဲ့ မိုးကုပ်စက်ဝိုင်းတွေအစား အိမ်နံရံတွေပဲ ရှိတော့တယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီကန့်သတ်ချက်တွေ၊ ဒီကျဉ်းမြောင်းမှုတွေကိုတော့ ကျော်လွှန်ရပေလိမ့်မယ်။ ကိုယ့်အိမ်နံရံလေးဘက်ကလေးအတွင်းမှာ ကိုယ့်အင်အားနှင့် ချိန်ပြီး ကမ္ဘာလောကကလေးတစ်ခု ဖြစ်အောင် ဖန်တီးရပေလိမ့်မယ်။ ကိုယ်တတ်နိုင်သလောက် ပြင်ပ ကမ္ဘာလောကကြီးနဲ့တူအောင် ဖန်ဆင်းရလိမ့်မယ်။ ပန်းဆိုရင်လည်း ကိုယ်တတ်နိုင်တဲ့ ပန်းမျိုးကို ရှာစိုက်လို့။ ကိုယ်မရောက်ဖူးတဲ့ ဝေးလံတဲ့တိုင်းပြည်က ပန်းမျိုးကို ရှာစိုက်တဲ့အခါလည်း ရှိမယ်။ အခြားဒေသမှာ ပေါက်တဲ့ ပန်းတွေကို စိုက်တဲ့အခါလည်း ရှိမယ်။ ရှေးခေတ်က ပန်းချီဆရာကြီးတွေ ရေးခဲ့တဲ့ ပန်းချီကားတွေကို ချိတ်ထားတာမျိုးလည်း ရှိမယ်။ သဘောကတော့ သူ့ပတ်ဝန်းကျင်မှာ သူအပျိုတုန်းကလို စိတ်ကူးယဉ်စရာ၊ ကြည်မောစရာတွေ၊ ပျော်စရာတွေကို ဖန်တီးထားရလိမ့်မယ်။ ဒီနည်းအားဖြင့် ကမ္ဘာသစ်ကလေးတစ်ခုကို ထူထောင်ရလိမ့်မယ်။ အဲဒီကမ္ဘာသစ်မှာ သူ့လင်သားဟာ လူ့အဖွဲ့အစည်းကြီး၊ သူ့သားငယ်သမီးငယ်တွေဟာ သယ်ယူသွားလို့ရတဲ့ ပုံသဏ္ဍာန်နဲ့ရှိနေတဲ့ သူ့ရဲ့ အနာဂတ်ဖြစ်ရလိမ့်မယ်။

အဲဒီအခါမှာ အိမ်ဟာ ကမ္ဘာလောကကြီးရဲ့ ဗဟိုချက်မဖြစ်ရမယ်။ ကမ္ဘာလောကကြီးရဲ့ တစ်ခုတည်းသော အစစ် အမှန် အရာဝတ္ထုဖြစ်ရလိမ့်မယ်။ ဒဿနဆရာခီလာ့ဒ်က "အိမ်ဟာ တန်ပြန် စကြဝဠာကြီးတစ်ခု၊ ဒါမှမဟုတ် အပြိုင်စကြဝဠာကြီးတစ်ခုဖြစ်ရမယ်လို့" တောင် ပြောခဲ့တယ်။ အိမ်ဟာ ခိုလှုံရာရိပ်မြုံရိပ်သာစခန်း၊ သိုက်မြုံလိုဏ်ဂူ၊ ဝမ်းကြာတိုက် ဖြစ်ရမယ်။ အဲဒီနေရာဟာ ပြင်ပအန္တရာယ်တွေကင်းဝေးတဲ့ အကာအကွယ် ခိုလှုံရာဖြစ်ရမယ်။ အဲဒီလို ဖန်တီးနိုင်ခဲ့ရင် ရှုပ်ထွေးပွေလီတဲ့ ပြင်ပကမ္ဘာလောကကြီးဟာ အစစ်အမှန်မဟုတ်တဲ့ နေရာကြီးလို ဖြစ်သွားလိမ့်မယ်။ အထူးသဖြင့် ကိုယ့်အိမ်သားတွေချည်းသာကျန်ခဲ့ပြီး ပြတင်းပေါက်တွေကို ပိတ်လိုက်တဲ့အခါမှာ အိမ်ရှင်မဟာ သူ့ကိုယ်သူ ဧကရီတစ်ပါးလို ခံစားလာရလိမ့်မယ်။ နေ့ခင်းတုန်းကတော့ ပြင်ပကိစ္စတွေ၊ ဧည့်သည်တွေ၊ ပြင်ပဆက်သွယ်မှုတွေနဲ့ အနှောင့်အယှက်တွေကို တွေ့နေရတယ်။ ပြင်ပ ကြောင်တောင်နေရောင်ကြီးကြောင့်





အနှောင့်အယှက်ဖြစ်ရတယ်။ ကိုယ့်အိမ်သားချည်းပဲ ကျန်ခဲ့လို့ တံခါးတွေကို ပိတ်ပြီး မီးရောင်အောက်မှာ ကိုယ့်ဘဝကိုစိုးပိုင်ရ၊ စိုးပိုင်နိုင်တဲ့အဖြစ်ကို ပြန်ရောက်သွားပြီး မီးအုပ်ဆောင်းအောက်ကမီးရောင်လက်နေသလို သူ့စိတ်သန္တာန်အတွင်းမှ အရောင်ဟာလည်း ဖြာထွက်ပြီး တစ်အိမ်လုံး ထွန်းလင်းစေလိမ့်မယ်။ လောကကြီးမှာ သူတို့ကမ္ဘာလေးပဲရှိတော့တယ်။ ပြင်ပလောကကြီးဟာလည်း ပြိုလဲပျက်စီးသွားပြီး အစစ်အမှန်အရာအားလုံးဟာ သူ့အိမ်ထဲမှာ လာရောက်ခိုဝေးနေတယ်လို့တောင် ထင်ရတယ်။

သူ့အိမ်ထဲမှာ ရှိတဲ့ ဇာခန်းဆီး၊ ကြမ်းခင်း၊ ကော်ဇော၊ မီးအုပ်ဆောင်း၊ ကြွေပန်းအိုး၊ ကတ္တီပါအုံးစတဲ့ အရာများဟာ အနည်းနဲ့အများဆိုသလို သူ့ရဲ့ အာရုံခံစားမှုကိုတော့ နှစ်သိမ့်ဖြေဖျော်ပေးနေတာ အမှန်ပဲ။ ဧည့်ခန်းထဲမှာ အိမ်ထဲမှာရှိတဲ့ အပြင်အဆင် အမွှမ်းအမံတွေဟာ သူ့ရဲ့ ဇာတိစိတ်၊ သူ့ရဲ့ပင်ကိုစိတ်၊ သူ့ရဲ့ အရည်အသွေးကို ဖော်ပြနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအရာတွေကို သူဝယ်ခဲ့၊ သူရွေးခဲ့၊ သူဖြစ်ခဲ့၊ သူ ဖန်တီးပေးခဲ့ပေတာကိုး။ သူ့ရဲ့ အနုပညာအမြင်၊ ရသခံစားမှုနဲ့ သူပြင်ဆင်ပေးတာကိုး။ ဒီအရာတွေဟာ သူ့ရဲ့ အတ္တကို ကိုယ်စားပြုထားတဲ့ အရာတွေဖြစ်တယ်။ ဒီအရာတွေကို ကြည့်ပြီး ဧည့်သည်က သူဟာ ဘယ်လောက်အဆင့်အတန်းမြင့်သလဲ၊ မမြင့်ဘူးလဲ၊ ဘယ်လောက်အဆင့်ရှိသလဲ၊ မရှိဘူးလဲဆိုတာကို အကဲဖြတ်ကြတယ်။ ဒါကြောင့် သူ့အိမ်ဟာ သူ့ရဲ့လူမှုပေါင်းသင်း ဆက်ဆံရေးတန်ဖိုးတွေကို ဖော်ပြတဲ့နေရာ ဖြစ်တယ်။ သူ့ရဲ့အတ္တကို ကိုယ်စားပြုထားတဲ့နေရာ ဖြစ်တယ်။

အိမ်ဖော်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိန်းမသားဟာ သူ့အိမ်ကို သူကိုယ်ပိုင် စိတ်တိုင်းကျဖြစ်အောင် လုပ်ပါတယ်။ သူကိုယ်တိုင် အိမ်ကို ကြီးကြပ်ရမှ ကျေနပ်ပါတယ်။ အိမ်ဖော်ရှိသည့်တိုင် အိမ်မှာရှိသည့် ပစ္စည်းတွေကို သူကိုယ်တိုင် ထိန်းသိမ်းပြုပြင်တယ်။ မီးဖိုထဲမှာရှိတဲ့ အိုးခွက်ပန်းကန်လေးတွေ ပြောင်လက်နေတာ၊ အဝတ်အစားတို့ အိမ်ရာခင်းတို့ ခန်းဆီးတို့ သန့်ရှင်းဖြူဖွေးနေတာ၊ ပရိဘောဂ တောက်ပြောင်နေတာဟာ သူ့လက်ရာတွေပဲပေါ့။

ဒီလို အလုပ်ကလေးတွေကို သူလုပ်တာဟာ စိတ္တဗေဒသဘောနဲ့ ကြည့်ရင် သူ့ရဲ့ အရည်အချင်း၊ သူ့ရဲ့ကိုယ်ပိုင်ဖန်တီးမှုကို ပြချင်လို့ဖြစ်ပါတယ်။ သန့်ရှင်းတယ်ဆိုတာ ညစ်ပတ်တဲ့အရာကို သန့်အောင်လုပ်ရတာ၊ ရှင်းလင်းလှည်းကျင်းတယ်ဆိုတာ ဖရိုဖရဲဖြစ်နေတဲ့အရာကို ရှင်းလင်းရတာဆိုတော့ ဒီလုပ်ငန်းထဲမှာ တီထွင်ဖန်တီးတဲ့သဘော ပါနေပါတယ်။

ဒါကြောင့်မို့ ဒီလုပ်ငန်းကလေးတွေကို လုပ်တာဟာ စိတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ကြည့်ရင် မိန်းမသားရဲ့ တီထွင်ဖန်တီးချင်တဲ့ စွမ်းအားကို မသိမသာ တစ်နည်းနည်းနဲ့ ပြတာဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ အဲ ဆင်းရဲတဲ့ အိမ်ထောင်များမှာတော့ မိန်းမသားမှာ ဒီကျေနပ်မှုကို မရနိုင်ဘူးပေါ့။ သူတို့ရဲ့ တီထွင်ဖန်တီးတဲ့ စွမ်းအားကို ကောင်းကောင်း မပြနိုင်ရှာဘူးပေါ့။ သူက ဘယ်လောက်ပဲ ကြိုးစားပြင်ဆင်သည်ဖြစ်စေ အိမ်ခေါင်းကလေးဟာ အိမ်ခေါင်းကလေးပဲ ဖြစ်နေမှာပါပဲ။

အိမ်မှုကိစ္စဟာဟီရဆိုတာ ကြည့်တော့သာ ဘာမှမဟုတ်ပေမယ့် တော်တော် စိတ်ပင်ပန်းလူပင်ပန်းဖြစ်ရတဲ့ အလုပ်ပါ။ ဒါကို မိန်းမသားတွေ ကောင်းကောင်းနားလည်ပြီး အစဉ်အဆက် ပြောလေ့ရှိကြပါတယ်။ အလုပ်ကလည်း အသစ်အဆန်းရယ်လို့ မရှိဘဲ နေ့စဉ်ဒီအလုပ်နဲ့ပဲ ပြန်သံသရာလည်နေတော့ ငြီးငွေ့စရာလည်း အလွန်ကောင်းပါတယ်။ သန့်ရှင်းအောင် လျှော်ဖွတ်၊ တိုက်ချွတ်ထားတာတွေဟာ နောက်တစ်နေ့ကျတော့ ညစ်ပတ်သွားပြန်ရော။ အဲဒီတော့ နောက်တစ်ခါ တိုက်ရချွတ်ရပြန်ရော။ နောက်တစ်နေ့ကျပြန်တော့ ညစ်ပတ်သွားပြန်ရော။ ဒီလိုနဲ့ အိမ်ရှင်မအလုပ်ဟာ သံသရာလည်နေတယ်။ ဒီလိုနှင့် အိမ်ရှင်မဟာ ဖတ်ဖတ်မောရတော့တယ်။ သူ့မှာ ကောင်းတာတွေကို ဖန်တီးထုတ်လုပ်ချိန် မရတော့ဘဲ မကောင်းတဲ့ အဟောင်းတွေကို လိုက်ပြင်နေရတာနဲ့ပဲ အချိန်ကုန်ရတော့တယ်။

ကျောင်းသူလေးတစ်ယောက်ကဆိုရင်သူ့ရဲ့စာစီစာကုံးထဲမှာ "ကျွန်မတစ်သက်ဘယ်တော့မှ အိမ်သန့်ရှင်းရေးကိစ္စတို့ကို လုပ်မည်မဟုတ်ပါ" လို့ တောင်ရေးခဲ့ဖူးပါတယ်။ သူကတော့ အိမ်ထောင်သည် ဘဝတို့ ဘာတို့ဆိုတာ ရှေးတုန်းကလို တဖားဖားဖြစ်နေမှာ မဟုတ်ဘူးလို့ ထင်တာကိုး။

တစ်နေ့တော့ သူ့အမေ ပန်းကန်တွေဆေးနေတာကို မြင်တော့မှ သူလည်းအမေ့လိုပဲ သေသည်အထိ ပန်းကန်တွေ ဆေးသွားရမှာ ပါကလားဆိုတာ သဘောပေါက်သွားတယ်။ မိန်းမသားတွေအဖို့တော့ စားတာ၊ အိပ်တာ၊ သန့်ရှင်းအောင် လုပ်ရတာတွေဟာ တစ်ရစ်ပတ်ပတ်ဖြစ်နေမှာပဲ။ ဖုန်မှုန့်နဲ့ အညစ်အကြေးကို တိုက်ဖျက်လိုက်ရတဲ့ တိုက်ပွဲဟာ ဘယ်တော့မှ ပြီးဆုံးတယ်လို့ မရှိဘဲကိုး။

အဝတ်လျှော်တာ၊ မီးပူတိုက်တာ၊ တံမြက်လှည်းတာ၊ အဝတ်ဗီရိုထဲက အဝတ်တွေကိုထုတ်ပြီး ဖုန်တွေကိုခါရတာ ဒီလို ပျက်စီးယိုယွင်းတာကို မပျက်စီးအောင် လုပ်နေရတဲ့အလုပ်တွေဟာ ဘဝကို မခံစားနိုင်အောင် လုပ်ထားတဲ့အတားအဆီးတွေ ဖြစ်နေတယ်။ အပြုအလုပ်နှင့် အဖျက်အလုပ်ရယ်လို့





ရှိတဲ့အနက် အိမ်ရှင်မဟာ အပြုအလုပ်ကို လုပ်ချိန်ကောင်းကောင်းမရဘဲ အဖျက်အလုပ်ကို တားဆီးရတာနှင့်ပဲ အချိန်ကုန်နေတယ်။

ဒီနေရာမှာ သူ့ အလုပ်ကို ဒဿနစကားနှင့်ပြောရရင် မင်နေးခစ်ဝါဒီ အလုပ်လို့ ပြောရမယ် ထင်တယ်။ မင်နေးခစ်ဝါဒဆိုတာကတော့ တခြားမဟုတ်ပါဘူး။ လောကမှာ အကောင်းအဆိုးဆိုတာ သူ့ဘာသာသူရှိတဲ့အရာ မဟုတ်ပါဘူး။ အဆိုးကို တိုက်ဖျက်ပြီးမှ ရှိလာတဲ့အရာမျိုးကို ယူဆတဲ့ အယူအဆမျိုးဖြစ်ပါတယ်။ မိန်းမသားဟာ လောကသစ်ကြီးကို ဖန်တီးဖို့မဟုတ်ဘူး။ သူ့နေရာဟာ အိမ်ထဲမှာပဲ ရှိတယ်။ ပြောင်းလဲရွေ့လျားခြင်းမပြုဘဲ ရှိနေတယ်လို့ ယူဆခဲ့ကြပြီး သူ့အလုပ်ဟာလည်း မကောင်းတာကို အမြဲတိုက်ဖျက်နေရတဲ့ အလုပ်ဖြစ်ပါတယ်။ ဖုန်မှုန့်၊ အစွန်းအထင်း၊ အညစ်အကြေး၊ ရွှံ့စက်တို့ကို တိုက်ဖျက်နေပေမယ့် တကယ်မှာတော့ ဒီအရာတွေကို တိုက်ဖျက်နေခြင်း မျှသာ မဟုတ်ဘဲ၊ မကောင်းမှုဒုစရိုက်ကို တိုက်ဖျက်နေခြင်းလည်း ဖြစ်ပါတယ်။ စေတန်နတ်ဆိုးနှင့် နပန်းလုံးခြင်းလည်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ချက်ပြုတ်ခြင်းသည် ကဗျာ

မိန်းမဟာ အပြုသဘောဆောင်တဲ့ လုပ်ငန်းတွေကို လုပ်ချိန်ရယ်လို့ သိပ်မရှိတဲ့ စောစောကပြောခဲ့သလို အမှိုက်သရိုက်ဆိုတဲ့ ရန်သူတွေကို နှိမ်နင်း ရှင်းလင်းနေရတာနဲ့ပဲ အချိန်ကုန်ရလိမ့်မယ် ထင်တယ်။ မကြာခဏဆိုသလိုပဲ အိမ်ရှင်မဟာ အဲဒီလုပ်ငန်းကို အရူးမကြီးတစ်ပိုင်းလို လုပ်နေရတယ်။ တစ်ခါ တလေမှာ သူတို့ကြည့်ရတာဟာ အဲဒီအိမ်မှုကိစ္စတွေနှင့် လုံးထွေးရစ်ပတ် ဖြစ် နေတဲ့အတွက် အရူးမကြီးသဖွယ်တောင်ဖြစ်နေတတ်ပါတယ်။ အဲဒီလို အရူးမ ကြီးတစ်ပိုင်းဖြစ်နေတဲ့ အိမ်ရှင်မဟာ ညစ်ပတ်မှုအပေါ်မှာ သူ့ရဲ့ပြင်းထန်တဲ့ တိုက်ပွဲကြီးကို ကြေညာတိုက်ခိုက်ရင်း လောကကြီးမှာ ဒီလောက်ပဲ အညစ် အကြေးပေါ်ရသလားဆိုပြီး အညစ်အကြေးကို ဖြစ်စေတဲ့ အရာတိုင်းကို သူပြစ် တင်မောင်းမဲခြင်း ပြုတော့တာပါပဲ။ လူတစ်ယောက် အိမ်ထဲဝင်လာရင် သူ့မျက် လုံးတွေဟာ အပြစ်ရှာတဲ့အမြင်နှင့် တောက်ပလာပြီး အပြစ်ကိုလိုက်ရှာနေတော့ တာပါပဲ။ ကလေးဝင်လာလို့ ရှိရင်လည်း "အင်း၊ မင်းတို့ ခြေထောက်တွေကို စင်အောင်သုတ်ခဲ့၊ ကော်ဇောကို ဘာဖြစ်လို့ နင်းခြေပစ်နေရတာလဲ၊ ခန်းဆီး ပြဲနေတာကို ဘာဖြစ်လို့ သွားဖြဲနေရတာလဲ၊ သူ့ဘာသာသူ နေပါစေလား" စသဖြင့် မာန်မဲတော့တာပါပဲ။ သူ့အိမ်သားတွေအားလုံးကိုလည်း အသက်ကို တောင် ပြင်းပြင်းမရှူစေချင်တဲ့ ပုံမျိုးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ လှုပ်ရှားသမျှ၊ ပြုမူသမျှဟာ သူ့အဖို့ နောက်ကလိုက်ရှင်းပြီး အကျိုးမဲ့တဲ့ အလုပ် တွေနဲ့ အချိန်ကုန်ရမှာကို ကြောက်နေလို့ပါပဲ။ ဒီလိုနဲ့ မိန်းမဟာ ချုပ်ချယ် တတ်လာတယ်။ ကိုယ့်ကိစ္စနဲ့ကိုယ် ခေါင်းထဲမှာရှုပ်နေတယ်။ အပြစ်ရှာတဲ့





မျက်လုံးတွေနဲ့ ကြည့်လာတတ်တယ်။ ဒီမှာတင် အိမ်ရှင်မလည်း မိန်းမရဲ့ ကျက်သရေတွေ ပျောက်ဆုံးကုန်တော့တာပါပဲ။ သူဟာ အရာရာကို သတိ ထားလွန်ပြီး ဇီဇာများလာတယ်။ သူဟာ နေရောင်ကိုလည်း မလိုချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ထဲမှာ အင်းဆက်ပိုးမွှားတွေ၊ ဘက်တီးရီးယား တွေ၊ ဖုန်တွေပါလာမှာစိုးလို့တဲ့။ ပြီးတော့ နေရောင်ကြောင့် ပိုးခန်းဆီးတွေ အရောင်လွင့်ကုန်မှာ စိုးလို့တဲ့။ နေရောင်ကြောင့် ကူရှင်တွေ ဆေးရောင်ပြယ် ကုန်မှာ စိုးလို့တဲ့။ သူဟာ လေကို မွှေးအောင်လုပ်တဲ့ နာပယ်သလင်းတွေကို ဖျန်းတယ်။ သူဟာ စိတ်တိုလာပြီး ကဂျီကကြောင်ကျလာတယ်။ လူတိုင်းကို ရန်လိုလာတယ်။

ကျန်းမာပျိုရွယ်တဲ့ မိန်းမငယ်တစ်ဦးဟာ ဒီလို စိတ်ညစ်ညူးဖွယ် ကောင်းတဲ့ ဘဝမျိုးကို ဘယ်မှာ နှစ်သက်မက်မောပါ့မလဲ။ ဒီလို ကဂျီကကြောင် ကျတာ၊ ဒီလို ပျာလောင်ခတ်တာ၊ ဒီလို ဂျီကျတာမျိုးဟာ စိတ်ဓာတ်ပျက်ပြား နေတဲ့ မိန်းမတွေ၊ အဘွားကြီးတွေ၊ အိမ်ထောင်ထိန်း မိန်းမကြီးတွေ၊ အလိမ် အညာခံရတဲ့ ဇနီးတွေ၊ စိတ်ထားဆိုးပြီး အာဏာရှင်ဆန်တဲ့ ယောကျ်ားက မီးဖိုချောင်ထဲမှာ အထီးကျန် ပိတ်လှောင်ထားခံရတဲ့ မိန်းမတွေနဲ့သာ ထိုက် တန်တဲ့အဖြစ်မျိုး မဟုတ်လား။ မိန်းမတစ်ယောက်ကို တွေ့ဖူးတယ်။ ငယ်ငယ် တုန်းက သိပ်ပျော်ပျော်နေတတ်တဲ့ မိန်းမ၊ ကြော့နေအောင် ဖြီးလိမ်းပြီး ကောင်း ကောင်းနေတတ်တဲ့ မိန်းမ၊ မနက်ငါးနာရီထိုးတာနဲ့တစ်ပြိုင်နက် အိပ်ရာက ထ၊ ရေမိုးချိုး၊ အလှပြင်ပြီးနေပြီ။ နောက်တော့ ချမ်းသာတဲ့လူတစ်ယောက်နဲ့ ရပြီး သူကို ကလေးတစ်ယောက်နဲ့ အိမ်ကြီးတစ်ဆောင်မှာ ပစ်ထားတယ်။ သူကတော့ အပျော်အပါးပဲ လိုက်နေတာပေါ့။ နောက်တော့ ဒီမိန်းမဟာ အား အားရှိတိုင်း သူ့အိမ်ကို သန့်ရှင်း၊ သူ့အိမ်ကို အလှပြင်တာနဲ့ပဲ အချိန်ကုန် နေတယ်။ သူ့မှာ အိမ်ထောင်သည်ဘဝရဲ့ ပျော်ရွှင်မှုရယ်လို့လည်း သိပ်မရှိတော့ သူ့အာရုံဟာ တခြားဘက်ကို ရောက်သွားတာပေါ့။ အချို့သူတွေ အရက်စွဲသွား သလို သူလည်း သူ့အိမ်ကြီးကို သန့်ရှင်းရေးလုပ်တာ၊ အလှပြင်တာနဲ့ပဲ အချိန် ကုန်ပြီး ဒီအလုပ်ကို ဆေးစွဲ၊ အရက်စွဲသလို စွဲသွားတော့ တော်တော်တန်တန် လူဟာ မနေရက် မနေရဲဘဲ ဖြစ်နေတယ်။ ဒါလည်း ရူးသွပ်ခြင်းတစ်မျိုးပေါ့။ အမျိုးသမီးဟာ သူ့ကိုယ်တောင် သူမေ့နေပြီး အဲဒီအလုပ်နဲ့ပဲ အချိန်ကုန်နေ တယ်။ အိမ်မှုကိစ္စဆိုတာလည်း အလွန်များသား မဟုတ်လား။ ဒီတော့ ဘာဖြစ် ထွက်ပြေးချင်တဲ့ မိန်းမတစ်ယောက်အဖို့ အိမ်မှုကိစ္စဟာ ခိုလှုံနားနေရာဖြစ်နေ တော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လျှော်ရတာတို့၊ ကြမ်းတိုက်ရတာတို့၊ ဆေးကြောရတာတို့ ထက်စာရင် ချက်ပြုတ်ရတာ၊ ထမင်းပွဲပြင်တာတို့က အပြုလက္ခဏာဆောင်ပြီး လုပ်ရတာ နှစ်သက်စရာကောင်းပါသေးတယ်။ ဆိုပါတော့ အတောက်ပဆုံး အရွှင်လန်းဆုံး အချိန်မှာ ဈေးသွားရတယ်။ လမ်းမှာ ဒါမှမဟုတ် လှေကားရင်းမှာ တစ်ဘက်ခန်းက အခန်းဖော် ဈေးသွားဖော်နဲ့တွေ့ရင် အတင်းအဖျင်းကလေး ပြောနိုင်သေးတယ်။ အာလူးအခွံသင်ရင်း၊ ဟင်းရွက်ခြွေရင်းလည်း အပျင်းပြေတယ်။ အနည်းဆုံး တစ်ယောက်တည်း အထီးကျန်နေရတာကို သက်သာစေတယ်။ အိမ်တွင်းပုန်း ခေါင်းမြီးခြုံရတဲ့ မဟာမေဒင်မျိုးသမီးတွေ အဖို့ဆိုရင် ရေခပ်ရတာကိုက စွန့်စားခန်းကြီးတစ်ခုလို ဖြစ်နေတယ်။ စတိုးဆိုင်တွေမှာ၊ ဈေးဆိုင်တွေမှာရှိတဲ့ အမျိုးသမီး အချင်းချင်းလည်း သူတို့အိမ်မှုကိစ္စတွေကို ပြောတတ်ကြတယ်။ ဒီလိုစကားမျိုးတွေဆိုတာ ယောကျ်ားတွေနဲ့ ပြောလို့ နားမလည်နိုင်ဘူးလေ။ သူတို့မိန်းမချင်းသာ နားလည်နိုင်ကြတယ် မဟုတ်လား၊ ဒါကြောင့် ဒီလိုပြောရတာကို သူတို့ မြိန်ရေယှက်ရေ ရှိကြတယ်။ ဈေးဝယ်တာဟာလည်း တော်တော်ပျော်စရာကောင်းတဲ့ အလုပ်တစ်ခု ဖြစ်တယ်ဆိုတာ သူတို့တွေ့လာရတယ်။ အန်ဒရေဂျီက မဟာမေဒင်အမျိုးသမီးများဟာ လောင်းကစားတာကို မသိလည်း မသိ၊ နားလည်းမလည်ကြတဲ့အခါမှာ ဈေးဝယ်တာကိုတွေ့တော့ အဲဒီလို ဈေးဝယ်ရတာကို သူတို့ပျော်ကြတယ်လို့ ရေးမှူးပါတယ်။ သူက အဲဒီဓလေ့ထုံးစံကို ကုန်သွယ်ယဉ်ကျေးမှုလို့ ခေါ်ထားပါတယ်။ ဈေးဝယ်တဲ့အခါမှာ ကိုယ်လိုချင်တဲ့ အကောင်းဆုံးသစ်သီးကို ဈေးအနည်းဆုံးနဲ့ ဆစ်ရလိုက်တယ်။ ကိုယ်လိုချင်တဲ့ အကောင်းဆုံး ဒိန်ခဲကို ဈေးအနည်းဆုံးနဲ့ ဆစ်ရလိုက်တယ်။ ဈေးသည်က သူ့ပစ္စည်းကို ဒီလောက်ဈေးနဲ့ မရောင်းချင်ဘူး။ ပိုလိုချင်တယ်။ ဒါပေမယ့် နောက်ဆုံးတော့ ကိုယ်ဆစ်တဲ့ ဈေးနှင့်ပေးလိုက်ရတယ်။ ဒါဟာ လောင်းကစားနည်းတစ်မျိုးလို ပျော်စရာကောင်းနေတယ်။ ဒီမှာ အိမ်ရှင်မဟာ ပစ္စည်းတွေနဲ့ပြည့်နေတဲ့ ဈေးခြင်းတောင်းကိုဆွဲပြီး စိတ်ကြည်နူးစိတ် အပြည့်နဲ့ အိမ်ကို ပြန်လာခဲ့တယ်။

ဓာတ်ငွေ့နဲ့ လျှပ်စစ်ဓာတ်ဟာ 'မီးရဲ့ချစ်စရာကောင်းပုံကို အဆုံးသတ်ပစ်ခဲ့ကြတယ်။ ဒါပေမယ့် ကျေးလက်တွေမှာ ဆိုရင်တော့ အမျိုးသမီးတွေဟာ ယခုထက်တိုင် အသေလိုဖြစ်နေတဲ့ ခြောက်သယောင်းနေတဲ့ သစ်သားထင်းစထဲက ရှင်သန်တောက်ပတဲ့ မီးတောက်တွေ ထွက်လာတာကို ကျေးလက်က အမျိုးသမီးတွေ ယခုထက်တိုင် သိနေကြသေးတယ်။ မီးလျှံတွေ တောက်နေတဲ့ အချိန်မှာ ထမင်းဟင်းချက်တော့ အမျိုးသမီးဟာလည်း ပဉ္စလက်ပညာ





သည်တစ်ဦး၊ မှော်ဆရာမတစ်ဦး ဖြစ်သွားတော့တယ်။ ကြက်ဥကလေးကို ခေါက်လိုက်တာမျိုး၊ အာလူးကလေးကို ဆီပူထဲ ထည့်လိုက်တာမျိုးစတဲ့ အလွန်ရှင်းလင်းလွယ်ကူတဲ့ လှုပ်ရှားမှုကလေး တစ်ခုကြောင့် ဒြပ်ပစ္စည်းတွေဟာ အစားအစာတွေအဖြစ် ပြောင်းလဲသွားကြတယ်။ ဓာတုဗေဒပစ္စည်းတွေဟာ ဟင်းလျာတွေ ဖြစ်သွားကြတယ်။ ဒီအဂ္ဂိရတ် ပညာတွေထဲမှာ ဖွဲလမ်းနှစ်သက်စရာ ရှိနေတယ်။ ဒီအချက်အပြုတ်မှုတွေထဲမှာ ကဗျာရှိနေတယ်။ အိမ်ရှင်မဟာ အချိန်ကာလကို ဆားတို့သကြားတို့နဲ့ ကျော့ကွင်းထောင်ဖမ်းပြီး အချဉ်သနုပ် လုပ်ထိန်းသိမ်းထားလိုက်တယ်။

ရှင်သန်တဲ့ဘဝကို စဉ့်အိုးကလေးတွေထဲမှာ ပိတ်လှောင်ထားလိုက်တယ်။ ချက်ပြုခြင်းအတတ်ဟာ တွေ့ရှိမှုတစ်ခုဖြစ်ပြီး ဖန်တီးမှုတစ်ခုလည်း ဖြစ်တယ်။ အရသာရှိတဲ့ ကိတ်မုန့်တစ်လုံး ဒါမှမဟုတ် ကြွပ်ကြွပ်ကလေး ဖြစ်နေတဲ့ မုန့်ကလေးတစ်ခုကို အောင်မြင်စွာ ပြုလုပ်နိုင်လိုက်တဲ့အတွက် မိန်းမဟာ အထူးကျေနပ်ရောင့်ရဲမှုတစ်ခုကို ရသွားတယ်။ လူတိုင်းမှ ဒီလိုမလုပ်တတ်ကြပဲကိုး။ ဒါမျိုးဆိုတာ သူ့ပါရမီနဲ့သူမှ လုပ်နိုင်ကြတာကိုး။

ဒီမှာလည်း မိန်းကလေးဟာ အသက်ကြီးတဲ့ အမေ၊ အဒေါ်၊ အစ်မတို့ထံက အတုခိုးပြီး သူတို့ကို မီးဖိုချောင်ထဲမှာ ကူညီလုပ်ကိုင်ပေးတယ်။ ဂျုံနယ်ပေးတယ်။ အာလူးအခွံသင်ပေးတယ်။ ဒါပေမယ့် အခြားသောသူတို့လည်း အိမ်ရှင်မများလိုပဲ ထပ်ပြန်တလဲလဲ၊ ထပ်ကာတလဲလဲ လုပ်လာတဲ့အခါမှာတော့ သူတို့လည်း ပျင်းရိငြီးငွေ့သွားကြတယ်။ ထပ်ကာထပ်ကာ လုပ်ရတဲ့ အလုပ်အတွက် မီးဖိုချောင်ရဲ့ ပျော်စရာကလေးတွေဟာ ပျက်စီးသွားကြတယ်။ မကြာခင်က ပြုလုပ်ခဲ့တဲ့ လေ့လာချက်များအရ အိမ်ရှင်မများရဲ့ အိမ်ထောင်မှုထိန်းသိမ်းရေးလုပ်ငန်းဟာ ပျမ်းမျှအားဖြင့် တစ်ပတ်ကို နာရီသုံးဆယ်လောက်ရှိတယ်ဆိုတယ်။ ဒါဟာ ရုံးတက်နေရတဲ့ အလုပ်သမားတစ်ယောက်ရဲ့ တစ်ပတ်လုပ်ချိန်ရဲ့ လေးပုံသုံးပုံနှင့် ညီမျှတယ်။ ဆင်းရဲတဲ့ မိခင်တစ်ယောက် ဆိုရင်တော့ တစ်ချိန်လုံး အလုပ်နဲ့လက် မပြတ်တော့ဘူးပေါ့။

မိန်းမဟာ သူလုပ်တဲ့ အလုပ်တစ်ခုတိုင်းကို အဆုံးစွန်သော ရည်ရွယ်ချက် ရှိတယ်လို့ သဘောထားလေ့ရှိတယ်။ ဆိုလိုတာက သူလုပ်လိုက်တဲ့ အလုပ်တစ်ခု(ဥပမာ–ခေါင်းအုံးစွပ်တစ်ခု၊ ကိတ်မုန့်တစ်လုံး၊ ပန်းစိုက်အလှပြင်ဆင်မှုတစ်ခု)ဟာ စားသုံးဖို့ လူတွေအသုံးပြုဖို့ လုပ်ထားတဲ့ ပစ္စည်းတစ်ခု မဟုတ်ဘဲ သူ့ဘာသာသူ အဆုံးစွန် ရည်ရွယ်ချက်ရှိတဲ့ ပစ္စည်းတစ်ခုလို့ ထင်မှတ်နေတယ်။ အထူးသဖြင့် သူ့မှာ ပင်ပင်ပန်းပန်း လုပ်ရလေ အဲဒီလို ထင်

www.burmeseclassic.com



တက်လာလေပဲ။ ပစ္စည်းတစ်ခုကို အသုံးပြုဖို့လို့ မယူဆဘဲ ထိန်းသိမ်းဖို့လို့ ယူဆထားတဲ့ အကျင့်ဟာ သူ့မှာ စွဲနေတယ်။ ဥပမာအားဖြင့် သူပင်ပင်ပန်းပန်း ထိုးထားတဲ့ ကြမ်းပြင်ကို ယောကျ်ားနဲ့ကလေးတွေက ညစ်ညစ်ပတ်ပတ် ဖြစ်အောင်လုပ်ကြတယ် ဆိုပါစို့။ ဖိနပ်တွေနဲ့စီး တက်နင်းတယ်ဆိုပါစို့။ သူ့မှာ ရင်ကျိုးမတတ် ဖြစ်နေရပြီ။ ကြမ်းခင်းကော်ဇောပေမှာစိုးလို့ အဲဒီကြမ်းခင်း ကော်ဇောကို မသုံးရက်ဘဲ သိမ်းထားတယ်။ အချဉ်သနပ်ကို မစားရက် လောက် တက်မှိုတက်ဆိုသလို မကောင်းတော့ဘဲ ဖြစ်သွားပြီး လွှင့်ပစ်လိုက်ရတာမျိုး တွေ အများကြီးရှိတယ်။ ဧည့်ခန်းဆိုရင်လည်း မနင်းရက်လို့ ဧည့်ခန်းကို သော့ခတ်ပိတ်ထားတာမျိုးတွေ ရှိတယ်။ အဲဒီလို ကြာလာတော့ သိုလှောင် ထားတဲ့ ရိက္ခာပစ္စည်းဟာ ပိုးဟတ်စားလိုစား၊ ကြွက်ကိုက်လိုကိုက်၊ မှိုတက်လို တက်၊ ခြစားလိုစား၊ ပိုးတောက်လိုတောက်နဲ့ မကောင်းတော့ဘဲ ဖြစ်သွား တယ်။ ကမ္ဘာကြီးဟာ ကျောက်တုံးတွေနှင့် ပန်းပုဆစ်ထားတဲ့ အိပ်မက်တွေ မဟုတ်ဘူး။ ပျက်စီးယိုယွင်းနိုင်တဲ့ အရာတွေနဲ့ လုပ်ထားတာ။ စားစရာ ပစ္စည်းတွေလည်း ဒီအတိုင်းပဲ။ ဒါလီရဲ့ ပျော့တွဲနေတဲ့ နာရီရုပ်များလို အိတွဲပြီး ပျက်စီးသွားနိုင်တယ်။ အပေါ်ယံအားဖြင့် ကြည့်ရင်တော့ မဖောက်မပြန် မပျက် စီးနိုင်သလိုပဲ။ ဒါပေမယ့် အထဲမှာ ပိုးလောက်တို့ ရှိနေပြီ။ တစ်နေ့မှာ ပုပ်သိုး ရိုရွဲသွားနိုင်တယ် မဟုတ်လား။ ဒီလိုနဲ့ ကိုယ့်ကိုယ်ကို ဆုံးရှုံးသွားတဲ့ အိမ်ရှင်မ ဟာ သူပြုပြင် ဖန်တီးတဲ့အရာများလိုပဲ မှိန်တွယ်တာတဲ့ စိတ်တွေဝင်လာတယ်။ အဝတ်ဟာ မီးလောင်ပေါက်ကွဲသွားတယ်။ အကြော်ဟာ တူးသွားတယ်။ ပန်း ကန်ဟာ ကွဲသွားတယ်။ ဒီအရာကလေးတွေဟာ အိမ်ရှင်မအဖို့တော့ ဘဝပျက် သလောက် ကမ္ဘာပျက်သလောက် အရေးကြီးတယ်။ ဒီလိုနဲ့ သူ့လောကဟာ တဖြည်းဖြည်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းသွားရတယ်။ ဒါကြောင့်မို့ အိမ်ရှင်မ ထုတ်လုပ်ပေးလိုက်တဲ့ ပစ္စည်းတွေ၊ အိမ်မှုတာဝန်တွေထဲက ထွက်လာ တဲ့ အရာတွေကို အသုံးကျစွာ အသုံးချပစ်တတ်ဖို့ လိုပါတယ်။

သူဖန်တီးပေးလိုက်တဲ့ ပစ္စည်းတွေဟာ အိမ်သားအားလုံး ပျော်ရွှင်မှု၊ ဝလင်မှု၊ ကြည်နူးမှုကို ရစေတယ်ဆိုတာ အိမ်ရှင်မသိအောင်၊ အိမ်ရှင်မ သဘောပေါက်အောင် လုပ်ပေးဖို့ လိုပါတယ်။ အောင်မြင်တဲ့ ဟင်းလျာတစ်ပွဲကို စားပွဲပေါ်မှာ တင်ပေးလိုက်နိုင်ရင် ချက်ပြုတ်တဲ့သူရဲ့ အောင်ပွဲခံလိုက်ရတဲ့ အချိန်ဟာ ဆိုက်ရောက်လာတော့တာပါပဲ။ လင်ယောကျ်ားနဲ့ သားသမီးတွေက အားရဝမ်းသာနဲ့ စားကြ သောက်ကြ၊ ကုန်ခမ်းအောင် လုပ်ပစ်လိုက် ကြရင် ချက်ပြုတ်ခြင်း အဂ္ဂိရတ်ပညာ အတတ်ဟာလည်း ဆက်လက်တိုးတက် လာပြီး





အစားအစာတွေဟာလည်း အသွေးအသား၊ အဆီအနှစ်၊ အာဟာရ ဖြစ်သွား တော့တာပါပဲ။

ဧည့်ခန်းကြမ်းခင်း လှလှလေး ထားတာထက် အသက်ရှင်နေတဲ့ ခန္ဓာ ကိုယ်တွေကို တောင့်တင်းခိုင်မာလာအောင် လုပ်တာက ပိုလို့ အရေးကြီးပါ တယ်။ ဒါကြောင့်မို့ ချက်ပြုတ်သူ အိမ်ရှင်မရဲ့ အားထုတ်မှုဟာ အနာဂတ်ကို ဦးတည်သွားနေပါတယ်။ အိမ်ရှင်မ ချက်ပြုတ်သူဟာ ကိုယ့်အာရုံထဲမှာ နှစ်မြုပ် ပျောက်ကွယ်မနေဘဲ အနာဂတ်ဆီသို့ မျှော်ကြည့်တတ်ဖို့ လိုပါတယ်။ ချက် ပြုတ်သူတစ်ယောက်ရဲ့ အောင်မြင်မှုဟာ မီးဖိုချောင်ထဲမှာ မတည်ဘဲ ထမင်းစား ပွဲနှင့် ပတ်ဝန်းကျင်ရှိ စားသောက်သူတို့ရဲ့ ပါးစပ်မှာ တည်ရှိပါတယ်။ သူတို့ရဲ့ အတည်ပြုချက်ကို ရရှိဖို့လိုပါတယ်။ သူတို့က နောက်ထပ်စားချင်လှချည်ရဲ့ လို့ တောင်းဆိုလာဖို့ လိုပါတယ်။ အာလူးကြော်ဟာ ကိုယ့်ယောကျ်ားအတွက် ဖြစ်ဖို့ လိုပါတယ်။ ကိုယ့်ယောကျ်ားဟာ အာလူးကြော်အတွက် မဖြစ်စေသင့်ပါ ဘူး။ ဖြစ်တတ်တာက ကိုယ့်ယောကျ်ားအတွက် အာလူးကြော်ပေးတာမျိုး မဟုတ်ဘဲ အာလူးကြော်တွေ မကုန်မှာစိုးလို့ ကိုယ့်ယောကျ်ားကို ကျွေးရတာမျိုး တွေ ရှိတတ်ပါတယ်။ ကိုယ့်ယောကျ်ားအတွက် အိမ်ကို ပြင်ဆင်တာ မဟုတ်ဘဲ အိမ်ကို လှပဖို့အတွက် ကိုယ့်ယောကျ်ားရဲ့ လစာကို ဖြုန်းပစ်တာမျိုးတွေ ရှိတတ် ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ညစာစားပွဲထိပ်က သဘာပတိ

မိန်းမဟာ သူ့ယောကျ်ားရတဲ့ လခကို ကိုယ်တိုင်ကိုင်တွယ်ပြီး ခန့်ခွဲချင်တယ်။ ဒီနည်းအားဖြင့် အိမ်ရဲ့သာယာမှုကို ဖန်တီးပေးချင်တယ်။ သူ့ယောကျ်ားရဲ့ ပျော်ရွှင်မှု၊ သားသမီးတွေရဲ့ ပျော်ရွှင်မှုကို ဖန်တီးပေးချင်တယ်။

တစ်ခါတလေမှာ အဲဒီလိုလားချက်တွေ၊ ဆန္ဒတွေပြည့်စုံတဲ့ အတွက် စိတ်ချမ်းသာရတယ်။ ကြည်နူးရတယ်။ အထူးသဖြင့် ယောကျ်ားကလည်း ဒီသဘောကို နားလည်ပြီး သူ့ရဲ့ တောင်းဆိုချက်တွေကို ဖြည့်စွမ်းတယ်ဆိုရင်ပေါ့လေ။ ယောကျ်ားကိုယ်တိုင်က အိမ်နဲ့ မိသားစုကို ဦးစားပေးနေရာမှာ ထားတယ်ဆိုရင်ပေါ့လေ။ ကလေးတွေကလည်း မိဘရဲ့အလိုကို နားလည်ပြီး မိဘရဲ့ အကြိုက်ကို ဆောင်တယ်ဆိုရင်ပေါ့။ မိဘရဲ့စရိုက်၊ မိဘရဲ့ အစဉ်အလာ၊ မိဘရဲ့ အတိတ်ကို သဘောပေါက်နားလည်ပြီး မိဘစိတ်ချမ်းသာအောင် နေထိုင်တယ်ဆိုရင်ပေါ့။

ဒီလိုအချိန်မျိုးမှာဆိုရင် မိန်းမဟာ ကြည်နူးရတယ်။ ချမ်းမြေ့ရတယ်။ ဒီလို အချိန်မျိုးမှာဆိုရင် အိမ်ကို အုပ်စိုးတဲ့မိန်းမ၊ ညစာထမင်းဝိုင်းကို အုပ်ချုပ်ရတဲ့မိန်းမကို အထွက်အထိပ်လို့ အသိအမှတ်ပြုရာ ရောက်ပါတယ်။

ဒါပေမယ့် လက်ထပ်ထိမ်းမြားမှုဟာ ဒီနေ့မှာ သေဆုံးပျောက်ကွယ်သွားတဲ့ လူနေမှုစနစ်များရဲ့ အကြွင်းအကျန်ပစ္စည်း ဖြစ်နေတယ်။ ဇနီးရဲ့ အနေအထားဟာ အလျင်တုန်းကလို ကျေးဇူးတင် မခံရဘဲ ဖြစ်နေတယ်။ လူမှုတာဝန် အိမ်မှုတာဝန်တွေကတော့ အလျင်လိုများမြဲများနေပေမယ်။ အလျင်တုန်းကလို အခွင့်ထူးတွေ၊ အခွင့်အရေးတွေ၊ ဂုဏ်ပြုမှုတွေမရတော့ဘူး။ ဒီနေ့ခေတ်မှာ ယောကျ်ားတွေကလည်း တည်ငြိမ်မှုကလေးရသွားအောင် နားခိုစရာကလေးရ





သွားအောင် အခြေတကျဖြစ်သွားအောင် မိန်းမယူပြီး လက်ထပ်ကြတာ။ သူတို့ကိုယ်တိုင်ကျတော့ အနှောင်အဖွဲ့ကို ခံချင်ကြတာမဟုတ်ဘူး။ သူက အိုးအိမ်နဲ့ မီးဖိုကလေးလိုချင်တယ်။ ဒါပေမယ့် သူကိုယ်တိုင်ကျတော့ အဲဒီအိုးအိမ်နဲ့ မီးဖိုကလေးရဲ့ ချည်နှောင်ထားတာကို မခံချင်ဘဲ လွတ်လပ်ချင်တယ်။ ယောကျ်ားဟာ အခြေတကျ ကျောက်ချနေလိုက်ပေမယ့် သူ့စိတ်ထဲမှာတော့ သူဟာ လေလွင့်သူတစ်ယောက် ဆက်လက်ဖြစ်နေဆဲပဲ။ အိမ်တွင်းမှာ သာယာချမ်းမြေ့တာကို သူအထင်မသေးပေမယ့် အဲဒီအိမ်တွင်းသာယာချမ်းမြေ့မှုဟာ သူ့အဖို့ အဆုံးစွန်သော ရည်မှန်းချက်မဟုတ်ဘူး။ အိမ်တွင်းမှာ အဲဒီလိုပဲ သာယာချမ်းမြေ့ပြီး နေ့တိုင်းနေ့တိုင်း ဒီလိုအခြေအနေမျိုးကိုချည်း နေရဖန်များတော့ ယောကျ်ားဟာ ငြီးငွေ့လာတယ်။ အသစ်အဆန်းကို ရှာလာတယ်။ စွန့်စားမှုကို လိုချင်လာတယ်။ ကျော်လွှားရမယ့် ခုခံဆန့်ကျင်မှုကို တွေ့ချင်လာတယ်။ ဒီလို ထပ်ချည်းတလဲလဲတွေနေ့ရတဲ့ ပတ်ဝန်းကျင်က သူ့ကိုဆွဲခေါ်သွားမယ့် အပေါင်းအသင်းတို့၊ မိတ်ဆွေတို့ကို တောင့်တလာတယ်။ ကလေးတွေကတော့ အဖေ့ထက်တောင် ဆိုးလိမ့်မယ်။ သူတို့လည်း မိသားစုနယ်နိမိတ်ရဲ့ အပြင်ဘက်ကို ထွက်ပြေးချင်ကြတယ်။ သူတို့အဖို့ ဘဝဟာ အိမ်ထဲမှာ မရှိဘူး။ တခြားမှာရှိတယ်။ ရှေ့မှာရှိတယ်လို့ ထင်ကြတယ်။ ကလေးဟာ အမြဲတမ်းလိုလို ကွဲပြားခြားနားတဲ့အရာကို လိုက်လံရှာဖွေတယ်။ အမေက အိမ်ထဲမှာ ပြောင်းလဲခြင်းမရှိတဲ့ စကြဝဠာကြီးတစ်ခု၊ စဉ်ဆက်မပြတ်တဲ့ စကြဝဠာကြီးတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားတယ်။ ယောကျ်ားနဲ့ ကလေးတွေက ဒီအခြေအနေကို ကျော်လွန်သွားချင်တယ်။ သူဖန်တီးသမျှဟာ လင်ယောကျ်ားနဲ့ ကလေးတွေအဖို့ ရိုးအီနေတဲ့ အခြေအနေတစ်ခုသာ ဖြစ်နေတယ်။ ဒါကြောင့်မို့သာလျှင် မိန်းမဟာ အိမ်မှာ စည်းကမ်းကိုလိုက်နာအောင် သူ့အမိန့်ပြဋ္ဌာန်းကိုတည်အောင် လုပ်နေရတာပေါ့။ ဒါကြောင့်မို့သာလျှင် အိမ်ရှင်မဟာ တစ်ခါတစ်ရံမှာ ခက်ထန်ကြမ်းကြုတ်တဲ့ မိထွေးအဖြစ်ကို ရောက်သွားရတာပေါ့။

ဒီနည်းအားဖြင့် အိမ်မှုကိစ္စတွေကိုချည်း ကုန်းလုပ်နေရတဲ့ အိမ်ရှင်မကိုယ်ပိုင်လွတ်လပ်ခွင့်မရှိဘဲ ဖြစ်လာတယ်။ လူ့အဖွဲ့အစည်းကြီးအတွက် တိုက်ရိုက်အကျိုးမပြုနိုင်ဘဲ ဖြစ်လာခဲ့တယ်။ အိမ်တွင်းမှုအလုပ်ဟာ သူ့အနာဂတ်ဘဝကိုလည်း ဘာမျှတိုးတက်ပြောင်းလဲအောင် လုပ်မပေးဘူး။ ဘာကိုမျှလည်း သက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အရာမျိုးလည်း ထုတ်လုပ်မှုဖန်တီး မပေးဘူး။ သူများတွေကို မှီတည်ပြီးမှ သူ့အလုပ်ဟာ ဂုဏ်ရှိလာရတယ်။ ယောကျ်ားနဲ့ ကလေးတွေမှတစ်ဆင့်သာလျှင် သူ့ရဲ့ဂုဏ်ပုဒ်ဟာ လူသိရတယ်။ ထင်ရှားရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အိမ်ရှင်မဟာ ဘယ်လောက်ပဲ တော်သည်ဖြစ်စေ၊ ဘယ်လောက်ပဲ လေးစားခံရသည်ဖြစ်စေ၊ သူဟာ လက်အောက်ခံပဲ ဖြစ်နေတယ်။ ဒုတိယလူပဲ ဖြစ်နေတယ်။ ကပ်ပါးပိုးမွှားပဲ ဖြစ်နေရတယ်။ ယောကျ်ားကတော့ နိုင်ငံသားဖြစ်တယ်။ ထုပ်လုပ်သူဖြစ်တယ်။ ပြီးတော့ လင်ယောကျ်ား ဖြစ်တယ်။ မိန်းမမှာတော့ ဇနီးပဲဖြစ်ရတယ်။ နောက်လိုက်ပဲ ဖြစ်ရတယ်။ သူ့အလုပ်ကလည်း သူ့ကို မိန်းမရဲ့ အခြေအနေက ကယ်တင်ခြင်း မပြုနိုင်ဘူး။

မိန်းကလေးဟာ ကလေးအရွယ်မှ အပျိုဖော်အရွယ်သို့ အကူးမှာ အကျပ်အတည်းတစ်ခုကို တွေ့ရတယ်။ အပျိုဘော်ဝင်စဘဝမှနေပြီး လူကြီးအရောက်မှာ ပိုပြီးပြင်းထန်တဲ့ အကျပ်အတည်းတစ်ခုကို နောက်ထပ်တွေ့ရပြန်တယ်။ ဖိုမကိစ္စတွေကြောင့် စိတ်ထဲမှာ လှုပ်ရှားပြီး အနှောင့်အယှက်တွေ ပေါ်ရတဲ့အပြင်၊ အဆင့်တစ်ခုကနေတစ်ခုကို ပြောင်းရတဲ့အတွက် ပေါ်ရတဲ့ အနှောင့်အယှက်တွေကလည်း ရှိသေးတယ်။ ဂျာမန်ဒဿနဆရာနစ် ရေးက အိမ်ထောင်ပြုခါစ မိန်းကလေး စိတ်တွေကြုံရတဲ့ အနှောင့်အယှက် ဖြစ်ပုံမျိုးကို ဒီလိုရေးခဲ့ပါတယ်။

"အိမ်ထောင်ကျလိုက်သဖြင့် မိုးကြိုးထိလိုက်သကဲ့သို့ ဘဝ၏အစစ်အမှန်များကို သိမြင်လာခြင်း၊ အချစ်နှင့် အရှက်တို့ စသည် ခံစားချက်တို့သည် ပဋိပက္ခဖြစ်နေသည်ကိုတွေ့ရခြင်း၊ ဘုရားသခင်အလိုနှင့် အဟိတ်တိရစ္ဆာန်စိတ်တို့ ပေါင်းစည်းမိသည့်အတွက် တစ်ပြိုင်တည်းတွင် သနားခြင်း၊ စွန့်လွှတ်ခြင်း၊ ကြောက်လန့်ခြင်း၊ တပ်မက်ခြင်း စသည့်စိတ်များပေါ်ပေါက်လာခြင်းတို့ကို တွေ့ရှိလာသည့်အတွက် (မိန်းကလေး၏စိတ်ထဲတွင်) ဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍မရနိုင်သော ဝိညာဉ်ရှုပ်ထွေးမှုတို့သည် ပေါ်ပေါက်လာကြကုန်၏" လို့ ရေးခဲ့ပါတယ်။

လက်ထပ်ပြီးစ ဇနီးမောင်နှံတို့ဟာ ဟန်နီးမွန်းထွက်ကြတယ်။ အဲဒီမှာ စိတ်လှုပ်ရှားခြင်း ဖြစ်ရတယ်။ အဲဒီ ဟန်နီးမွန်းကာလှ စိတ်လှုပ်ရှားမှုဟာ ဆေးစောကပြောခဲ့တဲ့ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ ဝိညာဉ်ရှုပ်ထွေးခြင်းတို့ကို တစ်စိတ်တစ်ပိုင်း မေ့ပျောက်ဖုံးကွယ်ဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ဟန်နီးမွန်း ထွက်လာတဲ့ မိန်းမငယ်ဟာ သီတင်းပတ်အနည်းငယ်ကြာအောင် နေ့စဉ်ကမ္ဘာလောကကြီးနှင့် ဝေးကွာသွားတယ်။ လူမှုကိစ္စနှောင်ကြိုးတွေဟာ ယာယီအားဖြင့် ပြတ်တောက်သွားခဲ့ကြတယ်။ မိန်းမငယ်ရဲ့ အနေအထားဟာ ဟင်းလင်းပြင်မှာရော၊ အချိန်ကာလထဲမှာရော ပျောက်ဆုံးသွားတယ်။ အစစ်အမှန်လောကကြီးနဲ့ ဝေးကွာသွားခဲ့တယ်။ ဒါပေမယ့် အနေးနှင့်အမြန် ဆိုသလိုပဲ





မိန်းမငယ်ဟာ သူ့ရဲ့လောကဟောင်းကို ပြန်လည်ဝင်ရောက်ရတော့မယ်၊ သူ့ရဲ့ အိမ်သစ်မှာ စိတ်မလှုပ်ရှားဘဲ ဝင်ရောက်ရတယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ မိဘရဲ့အိမ်ကို တွယ်တာမှုဟာ မိန်းကလေးမှာ ပိုပြီးခိုင်မြဲတယ်။ အဲဒီ တွယ်တာမှုကိုဖြတ်တောက်ပြီး မောင့်မျက်နှာ တစ်ရှာမှတ်ထင်ပြီး လိုက်လာခဲ့ရတဲ့အခါကျတော့ အားငယ်တယ်။ မိဘအနှောင့်အဖွဲ့က လွတ်မြောက်ပြီဆိုတဲ့ မှုးဝေမှုကိုလည်း နာကျင်စွာခံစားရတယ်။ အပျိုဘဝကတည်းက လွတ်လပ်စွာ နေထိုင်ခဲ့ဖူးတယ်ဆိုရင်တော့ ဒီအပြောင်းအလဲကို ဒီလောက် သတိထားမိချင်မှ ထားမိပေလိမ့်မယ်။ ဒါပေမယ့် ဖြစ်တတ်တာက မိန်းကလေးဟာ ဘယ်လောက်ပဲ လွတ်လပ်မှုကို လိုချင်သည်ဖြစ်စေ၊ သူ ကာလကြာမြင့်စွာ သိခဲ့၊ ယုံကြည်ခဲ့သူတွေနဲ့ ခွဲခွာလာရတဲ့အတွက်တော့ စိတ်ထိခိုက်ရတာ အမှန်ပဲ။

တော်တော့ကို ထက်သန်ပြည့်ဝတဲ့ ဖိုမဆက်ဆံရေးဘဝတစ်ခုက သာလျှင် သူ့ကို အဲဒီ စိတ်အရှုပ်အထွေးတွေ၊ အဲဒီ အားငယ်မှုတွေ၊ အဲဒီ စိတ်ထိခိုက်မှုတွေက လွတ်ကင်းအောင် လုပ်ပေးနိုင်လိမ့်မယ်။ ဒီလို ဖိုမဆက်ဆံဘဝမှာကောင်းအစမှာတော့ ကျေနပ်ရောင်ရဲ့ခြင်း ဖြစ်တာထက် ကြောက်ရွံ့ ထိတ်လန့်ခြင်းဖြစ်တာက များလိမ့်မယ်ထင်တယ်။ ဟန်နီးမွန်းဘဝ ဖိုမကိစ္စမှာ ပထဆုံး သူတုံ့ပြန်ပုံဟာ သူ့အပျိုဘော်ဝင်စ ရာသီပန်းပွင့်တာကို တုံ့ပြန်ပုံမျိုးနဲ့တူတယ်။ သူ့ရဲ့မိန်းမဘဝကို ဖွင့်ပြလိုက်တဲ့အတွက် ဝမ်းသာအံ့ဩလည်း ဖြစ်တယ်။ တစ်ပြိုင်နက်တည်းမှာ ဒီကိစ္စဟာ မကြာခဏ ထပ်ကာတလဲလဲ ဖြစ်နေဦးမှာပါလားလို့ တွေးမိတိုင်း စက်ဆုပ်ခြင်းလည်း ဖြစ်တယ်။ လက်ထပ်တဲ့အခါမှာလည်း အလားတူ တုံ့ပြန်တတ်တယ်။ တစ်ပြိုင်နက်တည်းမှာ လွတ်လပ်သွားလို့ "အို" သွားတဲ့အတွက်လည်း စိတ်လှုပ်ရှားရတယ်။ စွန့်စားတဲ့ အလုပ်တစ်ခုကို လုပ်ရတဲ့အခါမှာ အစမှာ စိတ်လှုပ်ရှားတယ်။ နောက်တော့ ဘာဖြစ်မယ်ဆိုတာကို မပြောနိုင်တဲ့အတွက် စိတ်ညစ်ရတယ်။

ကဲ ... နဲတော့ မိ[illegible]ကလေးဟာ လက်ထပ်ပြီးပြီ။ သူ့ရှေ့မှာ တခြား အနာဂတ်မရှိတော့ဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကမ္ဘာလောကကြီးမှာ ဒီအနာဂတ်တစ်ခုနှင့်ပဲ စခန်းသွားရတော့မယ်။ သူလုပ်ရမယ့် အလုပ်တွေကိုလည်း သူသိပြီ။ သူ့အမေလိုပဲပေါ့။ နေ့စဉ် ဒီပြုဖွယ်ကိစ္စတွေကို ထပ်ကာတလဲလဲ လုပ်ရတော့မှာပေါ့။

ဇနီးတစ်ယောက်အနေနှင့်တော့ သူ့တာဝန်သစ်တွေကိုလည်း တွေ့ရတော့မယ်။ ရင်ဆိုင်ရတော့မယ်။ သူ့ယောကျ်ားဟာ အာဏာရှိသူတစ်ယောက်၊ ဉာဏ်ပညာရှိသူတစ်ယောက်၊ လောကကြောင်းကို နားလည်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့်တိုင် သူနှင့်ဖိုမကိစ္စကို ဆက်ဆံလိုက်ကြတဲ့အတွက် ယောကျ်ားရဲ့ ဂုဏ်သိက္ခာဟာ အနည်းနှင့် အများတော့ လျော့ကျသွားတယ်။ သူ့ကို အဖေလို အားမထိုးနိုင်ဘူး။ အမေလိုတော့ မပြောနှင့်တော့ မိန်းကလေးဟာ အနည်းနှင့် အများဆိုသလို သူစိမ်းပြင်ပြင် တစ်ယောက်၊ ဆွေမတော်မျိုးမတော်တဲ့ ယောကျ်ားတစ်ယောက်နဲ့ အိမ်သစ်ကို လိုက်လာခဲ့ရတယ်။ ကလေးငယ်အဖြစ် မဟုတ်ဘဲ ဇနီးတစ်ယောက်အနေနဲ့ တစ်နေ့မှာ မိခင်လောင်းတစ်ယောက် အနေနဲ့ အိမ်သစ်မှာ လူစိမ်းတစ်ဦးနဲ့ နေထိုင်ရတယ်။ ဒါတွေကိုတွေးလိုက် တိုင်း တစ်ခါတစ်ရံမှာ ကြောက်သလိုလို ဖြစ်မိတယ်။ အမေတို့ အဖေတို့ အိမ်က တစ်သက်လုံးစွန့်ခွာလာခဲ့ရပြီ။ သူ့မှာ တခြားရွေးစရာ အနာဂတ်ရယ်လို့ မရှိတော့ပြီ။ အေးစက်တဲ့ ပစ္စုပ္ပန်မှာ အထီးကျန်နေရပြီဆိုတာတွေကို တွေးမိ တိုင်း စိတ်အားငယ်ရတယ်။ ညှိုးနွမ်းရတယ်။

ဒီခံစားချက်တွေကို တော်လစတွိုင်းရဲ့ ဇနီးသည်ဖြစ်တဲ့ မြို့စား ကတော်လေးက သူ့ရဲ့ နေ့စဉ်မှတ်တမ်းမှာ ပီပီပြင်ပြင် ရေးခဲ့တယ်။ မြို့စား ကတော်လေးဟာ မိန်းကလေးငယ်တို့ရဲ့ ထက်သန်မှုမျိုးနဲ့ နာမည်ကျော်စာ ရေးဆရာကြီးတော်လစတွိုင်းကို လက်ထပ်ခဲ့တယ်။ လက်ထပ်လို့သာ လက် ထပ်ခဲ့ရတယ်။ တော်လစတွိုင်းရဲ့ အတိတ်ကိုလည်း သူမသိဘူး။ တော်လ စတွိုင်းရဲ့ အထုံဝါသနာကိုလည်း သူနားမလည်ဘူး။ ပြီးတော့ သူဟာလည်း တော်လစတွိုင်းတွေ့ဖူးတဲ့ ပထမမိန်းမ မဟုတ်ဘူး။ သူဟာ တော်လစတွိုင်းရဲ့ အတွင်းစိတ်ကို နားမလည်နိုင်ဘူး။ ဖိုမဆက်ဆံရေးကိစ္စကိုလည်း သူ စက်ဆုပ် တယ်။ ဒီအထဲမှာ သူ့ယောကျ်ားက စိတ်တိုတတ်တယ်။ ချစ်ခင်ယုယမှုနည်း တယ်။ ဒီတွင် သူသေချင်တယ်။ အသက်ရှင်နေလို့ ဘာထူးမှာလဲလို့ ထင်လာ တယ်။ သူဟာ အိမ်မှာမနေတော့ဘဲ ဘာဖြစ်လို့အပြင်ကို လျှောက်ထွက်နေ သလဲ။ အိမ်မှာ ဘာမျှ လုပ်စရာမရှိဘူး။ ပျော်စရာမရှိဘူး။ မက်မောစရာမရှိဘူး။ အိမ်မှာနေရတာဟာ သိပ်ငြီးငွေ့စရာ ကောင်းနေတာယ်။ ဝတ္ထုရေးဆရာ ကိုး လတ်နှင့် မာစယ်ပရိဗိုစ်တို့ကလည်း အဲဒီလိုဘဝမျိုးကို ရေးခြယ်ပြခဲ့ကြဖူး တယ်။ စိတ်ကုဆရာဝန် ဂျင်းနက်ကလည်း ဒီလိုဖြစ်ရင် နောင်မှာ အာရုံကြော ထိခိုက်တဲ့ရောဂါမျိုး ရလာနိုင်တယ်လို့ ပြောခဲ့ကြတယ်။

လက်ထပ်ထိမ်းမြားခြင်းဟာ မိန်းကလေးအဖို့သာ အကျပ်အတည်း တစ်ခုဖြစ်ရုံမကဘူး ယောကျ်ားအဖို့လည်း အကျပ်အတည်း တစ်ခုပါပဲ။ ယောကျ်ားတွေမှာလည်း အိမ်ထောင်ကျတဲ့ အချိန်လောက်ကစပြီး စိတ် ကယောက်ကယက်ဖြစ်တဲ့ ရောဂါမျိုးတွေရလာနိုင်တယ်။ မိသားစုကိုမခင်တွယ်





ဘဲ ကိုယ့်ညီအစ်ကို မောင်နှမတွေကိုပဲ ခင်တွယ်တာမျိုးတွေ ရှိနေတတ်တယ်။ ယောကျ်ားလေးဟာ ကလပ်တို့၊ အသင်းတို့၊ အလုပ်ရုံတို့အဖွဲ့တို့ ဘာတို့မှာ ပြီး အချိန်ကုန်နေတတ်တယ်။ ဒါကတော့ လူပျိုဘဝမှာ သူ့ရဲ့ အထီးကျန်ဘဝ ကို ဖျောက်ဖျက်ပစ်ဖို့ပါ။ ဒါပေမယ့် အိမ်ထောင်ကျလာတဲ့အခါမှာ သူဟာ လူကြီးဘဝကို စတင်လာခဲ့ရတယ်။ လင်မယား သွေးဆူတုန်းအချိန်ကလွဲလို့ ကျန်အချိန်တွေမှာ ငြီးငွေ့လာတတ်တယ်။ မိန်းမက လင်ကို ချုပ်ချယ်လာ တယ်။ တာဝန်တွေကို တစ်ခုပြီးတစ်ခု ပေးလာတတ်တယ်။ အသက်ကွာခြားမှု၊ ပညာအရည်အချင်း ကွာခြားမှု၊ အဆင့်အတန်း ကွာခြားမှုကြောင့် တစ်ယောက် နဲ့ တစ်ယောက် အပြန်အလှန်နားလည်မှု ကင်းမဲ့လာကြတယ်။ သူတို့နှစ်ဦး ဟာ ရင်းနှီးသော်လည်း သူစိမ်းတစ်ရံဆံများ ဖြစ်နေကြတယ်။ အလျင်တုန်းက သူတို့နှစ်ယောက်ကြားမှာ ချောက်ကမ်းပါးကြီး ခြားနေခဲ့တယ်။ အဲဒီတုန်းက မိန်းကလေးက အပြစ်ကင်းစွာ ဘာမျှနားမလည်ဘဲ လူလားမြောက်ခဲ့ရတယ်။ သူ့မှာအတိတ်မရှိဘူး။ ဒါပေမယ့် ယောကျ်ားကလေးက လောကကြီးအကြောင်း ကို သိသင့်သလောက်သိနေပြီ။ ကိုယ့်မယားရယ်လို့ ဖြစ်လာတဲ့အခါမှာ သူ့ကို လောကကြီးအကြောင်း သင်ပေးရတော့မယ်။ တချို့ကတော့လည်း ဒီသိမ်မွေ့ တဲ့လုပ်ငန်းကို ကောက်လုပ်နိုင်ကြတယ်။ တချို့ကျတော့လည်း ပိုပြီး အမြင် ကျယ်တဲ့အတွက် သူနဲ့ သူ့ရဲ့ကြင်ယာလောင်းအကြားမှာ ခြားနားနေတဲ့ ကျယ် ပြန့်တဲ့ ချောက်ကမ်းပါးကြီးကိုကြည့်ပြီး စိတ်မသက်မသာ ဖြစ်နေကြတယ်။

အီဒစ်ဝါတန်က "သူမရဲ့ အပြစ်ကင်းသောခေတ်" ဆိုတဲ့ ဝတ္ထုမှာ ၁၈၇၀ ခုနှစ်လောက်က အမေရိကန် သတို့သားတစ်ယောက်နဲ့ ကြင်ယာ လောင်းကိုကြည့်ပြီး ဒီလိုရေးခဲ့တယ်။ "သူမ၏ ရှင်းလင်းသောနဖူးပြင်၊ လေး နက်တည်ငြိမ်သော မျက်လုံးများနဲ့ အပူအပင်မရှိသည့် အပြစ်ကင်းသော နှုတ်ခမ်းတို့ကိုကြည့်၍ သူသည် စိတ်မသက်မသာ ဖြစ်နေသည်။ သူနေထိုင်၍ သူယုံကြည်သည့် လူနေမှုစနစ်ကြီး က မွေးထုတ်ပေးလိုက်သည့် ထိုမိန်းမငယ် သည် ဘာကိုမျှ နားမလည်သည့်တိုင် သူ့ထံမှ အရာရာကိုမျှော်လင့်နေသည်။ သူမသည် သူ့ကို သူစိမ်းတစ်ရံဆံ တစ်ယောက်လို လှည့်ကြည့်နေသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်အကြောင်းကို တစ်ယောက် ဘယ်လောက်များ သိကြပါသနည်း"

ဒါပေမယ့် ဒီနေ့ခေတ်မှာတော့ သတို့သားနဲ့ သတို့သမီးတို့ရဲ့ကြား ထဲက ကွာဟချက်ဟာ အဲဒီခေတ်တွေတုန်းကလောက်တော့ မကြီးတော့ပါဘူး။ မိန်းကလေးတွေကလည်း ဟိုခေတ်တွေတုန်းကထက် ခေတ်မီလာတယ်။ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်နဲ့ ပြည့်စုံလာတယ်။ ဘဝအကြောင်းကို နားလည်လာကြတယ်။ ဒါတောင်မှ တစ်ခါတစ်ခါမှာ မိန်းကလေးက ငယ်နေသေးတဲ့အတွက် ပြဿနာ ဖြစ်ရတာတွေရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် ရင့်ကျက်မှု ရေချိန်ချင်း မတူကြတော့ အခက်အခဲတွေရှိတယ်။ ယောကျ်ားကလေးလို နက်နက်မတွေး။ ယောကျ်ားရဲ့အပေါင်းအဖော်တွေက ရင့်ကျက်တဲ့စကားကို ပြောကြတဲ့အခါမှာ သူနားမလည်နိုင်ဘဲ ဒုက္ခဖြစ်ရတယ်။

"သူသည် ကျွန်မထက် များစွာ အသက်ကြီးသည်။ လေးနက်သည်။ ကျွန်မမှာ အသက်ငယ်သူဖြစ်၍ ပျော်ပျော်ရွှင်ရွှင် နေချင်သည်။ ကပွဲတွေ တက်ချင်သည်။ သို့ရာတွင် ကျွန်မ မည်သူနှင့် ကပွဲတက်ရမည်နည်း"

"အဘိုးကြီးနှင့် ရသည့်အတွက် ကျွန်မပတ်ဝန်းကျင်တွင် အရာရာ အားလုံးသည် အိုမင်းရင့်ရော်နေသည်ဟု ထင်ရသည်။ ကျွန်မ၏ နုနယ်ပျိုရွယ်သော အာသီသတို့သည် ထိုပတ်ဝန်းကျင်နှင့် အံမကျဘဲ ဖြစ်နေသည်" လို့ လက်ထပ်ပြီး တစ်နှစ်အကြာမှာ တော်လစတွိုင်းရဲ့ဇနီးက ရေးခဲ့ပါတယ်။

## လျှာနှင့်သွား

များသောအားဖြင့် လင်ယောကျ်ားတွေဟာ သူတို့ရဲ့မိန်းမတွေကို ကလေးသာသာလို့ ထင်တတ်ကြတယ်။ ဒီလိုထင်တယ်ဆိုတာကိုလည်း မိန်းမ သိအောင်ပြတတ်ကြတယ်။ ဒီမှာတင် မိန်းမဟာ မခံချင်ဖြစ်တယ်။ ဟုတ်ပါ တယ်။ မိဘအိမ်ကထွက်လာတုန်းကတော့ မောင့်မျက်နှာ တစ်ရွာမှတ်ထင်ခဲ့ပါ တာပေါ့။ ယောကျ်ားဟာ သူ့ကို လမ်းညွှန်လမ်းပြလုပ်ပေးတဲ့သူပေါ့။ ဒါပေမယ့် အိမ်ပြင်ကို ရောက်လာတဲ့အခါမှာ သူ့ကိုလည်း လူကြီးသူကြီးတစ်ယောက်လို သဘောထားစေချင်တယ်လေ။ တစ်ခါတလေမှာ သူဟာ လင်ယောကျ်ားအပေါ် မှာ ကလေးလိုနွဲ့ချင်တယ်။ တစ်ခါတလေမှာ လူကြီးလို ဆက်ဆံချင်တယ်။ အသက်ကြီးတဲ့ ယောကျ်ားများဟာ ကိုယ့်မယားကို သူ့အလိုကျထားနိုင်အောင် လုပ်ရတာ တော်တော်ခက်ပါတယ်။

ဒါပေမယ့် မောင်နဲ့မယ်ဟာ အသက်ချင်းသာမကွာကြဘူး ဆိုရင် တော့ ဒီလို ပဋိပက္ခမရှိသည့်တိုင် သူတို့နှစ်ယောက်ရဲ့ ကြီးပြင်းလူလားမြောက် လာပုံချင်း၊ မတူညီကြတဲ့အတွက် ပဋိပက္ခ တစ်မျိုးပေါ်လာတတ်ပြန်သေး တယ်။ မိန်းကလေးဟာ မိန်းကလေးတွေရဲ့ သိက္ခာမျိုးနဲ့ ကြီးပြင်းလာခဲ့ရ တယ်။ ယောကျ်ားကလေးကလည်း သူ့ရဲ့ယောကျ်ားဝါဒ၊ ယောကျ်ားအတွေး အခေါ်၊ ယောကျ်ားမာနတွေနဲ့ ကြီးပြင်းလာခဲ့တယ်။ တစ်ခါတလေမှာ သူတို့ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်ကြတာဖြစ်ပြီး သူတို့နှစ်ယောက်ကြားမှာ ပဋိပက္ခတွေ ပေါ်လာတတ်တယ်။

လက်ထပ်လိုက်ပြီဆိုတာနဲ့ ထုံးစံအားဖြင့် မိန်းမဟာ ယောကျ်ားရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ခံဖြစ်သွားတတ်တယ်။ ဒါကြောင့်မို့ အကြင်လင်မယားဆက်ဆံရေးမှာ ပြဿနာတက်ပြီဆိုရင် မိန်းမဘက်ကစပြီး ပေါ်တတ်တယ်။ လက်ထပ်ထိမ်းမြားတယ် ဆိုတဲ့ကိစ္စက တစ်ပြိုင်နက်တည်းမှာ ဖိုမကိစ္စနဲ့ လူမှုပေါင်းသင်းဆက်ဆံရေးကိစ္စတို့ တစ်ခါတည်း ရောထွေးယှက်တင်ဖြစ်နေတဲ့ ကိစ္စဖြစ်တယ်။ လက်ထပ်တဲ့ကိစ္စဟာ သက်ဆိုင်သူနှစ်ဦးရဲ့ ကိုယ်ရေးကိုယ်တာဖိုမကိစ္စသက်သက် မဟုတ်ဘူး။ သူတို့နှစ်ယောက်၊ သူတို့ပတ်ဝန်းကျင်ရဲ့ လူမှုကိစ္စလည်း ဖြစ်နေတယ်။ တစ်နည်းပြောရရင် လက်ထပ်ထိမ်းမြားတဲ့ကိစ္စဟာ ကိုယ်ရေးကိုယ်တာကိစ္စလည်း ဖြစ်တယ်။ အများနဲ့ဆိုင်တဲ့ လူမှုရေးကိစ္စလည်း ဖြစ်နေတယ်။ ဒါဟာ လက်ထပ်ထိမ်းမြားမှုရဲ့ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတဲ့ လက္ခဏာနှစ်ရပ်ပဲ။ မိန်းမဘက်ကကြည့်ရင် ဒီအချက်ဟာ ပိုလို့တောင် ထင်ရှားနေသေးတယ်။ မိန်းမရဲ့ မျက်စိနဲ့ကြည့်ရင် သူ့ယောက်ျားဟာ ယောက်ျားအရည်အချင်းရှိတဲ့ အိမ်ဦးနတ်ဖြစ်တယ်။ အဖေကို လူစားထိုးနိုင်တဲ့သူ ဖြစ်တယ်လို့ သူထင်တယ်။ သူ့ယောက်ျားဟာ စောင့်ရှောက်သူ ဖြစ်တယ်။ ရှာကျွေးသူဖြစ်တယ်။ ဆရာဖြစ်တယ်။ လမ်းညွှန်ဖြစ်တယ်။ မိန်းမဟာ သူ့အရိပ်ထဲမှာ နေဖို့ပဲဖြစ်တယ်။ သူဟာ တန်ဖိုးတွေကို ထိန်းသိမ်းထားသူ ဖြစ်တယ်။ အမှန်တရားကို ဖော်ထုတ်သူ ဖြစ်တယ်။ သူတို့နှစ်ဦးရဲ့ လူမှုရေးဆိုင်ရာ သက်သေပြယုဂ်ဖြစ်တယ်။ ဒါပေမယ့် တစ်ပြိုင်နက်တည်းမှာ သူ့ယောက်ျားဟာ ရက်စရာကောင်းတဲ့၊ အရိုင်းဆန်တဲ့၊ မလျော်ကန်တဲ့၊ စိတ်လှုပ်ရှားစရာကောင်းတဲ့ ရှောင်တစ်ခင်ကြုံတဲ့ အတွေ့အကြုံတစ်ခုမှာ သူနဲ့အတူ မျှဝေခံစားသူ ဖြစ်တယ်။

မကြာခဏဆိုသလိုပဲ ဇနီးသည်ဟာ လူ့ကျင့်ဝတ်ကြောင့်ဖြစ်စေ၊ ဂုဏ်သိက္ခာကြောင့်ဖြစ်စေ၊ ကြောက်ရွံ့မှုကြောင့် ဖြစ်စေ၊ ယောက်ျားကို ချစ်ဟန်ဆောင်တတ်တဲ့ အခါတွေလည်း ရှိတတ်ပါတယ်။ သူ့အပေါ်ကို လွှမ်းမိုးလာတဲ့ ယောက်ျားကို မကျေမနပ်ဖြစ်တတ်တဲ့ အခါတွေလည်း ရှိတယ်။ ဒါကြောင့်မို့ သူဟာ ယောက်ျားရဲ့ လွှမ်းမိုးသြဇာပေးမှုကို တတ်နိုင်သမျှခုခံဖို့ ကြိုးစားလာတဲ့အခါတွေလည်း ရှိတတ်ပါသေးတယ်။ ဒါကြောင့် လက်ထပ်ပြီး ဟန်နီးမွန်းကာလအပြီးမှာ လင်နဲ့မယားဟာ ကြားမှာ အနှောင့်အယှက်ကလေးတွေ၊ စိတ်သဘောကွဲလွဲမှုလေးတွေကို တွေ့လာရတတ်ပါတယ်။ အဲဒီအခါမှာ မိန်းမဟာ သူ့ရဲ့ အမှီအခိုကင်းမှု၊ လွတ်လပ်မှုကိုပြန်လည်ရယူဖို့ ကြိုးစားလာတော့တာပါပဲ။ ဒါပေမယ့် ကြိုးစားလို့သာ ကြိုးစားရတယ် သိပ်တော့လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ယောက်ျားက ကိုယ့်ထက်လည်းအသက်ကြီးတယ်။ ယောက်ျားဆိုတဲ့ ဂုဏ်ကလည်း ရှိသေးတယ်။ ပြီးတော့ တရားဥပဒေအရ အိမ်ထောင်ဦးစီးလည်း





ဖြစ်သေးတယ်ဆိုတော့ သူ့ထက် လူမှုရေးအရ အသာစီးရနေတယ်။ ဒါကြောင့်မို့ ကိုယ်ပိုင်လွတ်လပ်မှုကို ထူထောင်ရတာဟာ သိပ်တော့ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ တခြားအရာတွေ မသာသည့်တိုင် ယောက်ျားဟာ ကိုယ့်ထက်ဉာဏ်ပညာ အဆင့်အတန်းအရ အသာရတဲ့ သဘောမျိုးဖြစ်နေတယ်။ သူက ကိုယ့်ထက် စာပိုသင်ဖူးတယ်၊ လုပ်ငန်းအတွေ့အကြုံရှိတယ်။ ကိုယ့်ထက် ဗဟုသုတရှိတယ်။ အရွယ်ရောက်ပြီဆိုကတည်းက သူက ကမ္ဘာကြီးအကြောင်းကို သိတယ်။ စိတ်ဝင်စားတယ်။ (အေးလေ၊ ဒါက သူ့အလုပ်ပေကိုး) သူက တရားဥပဒေအကြောင်းကို သိတယ်။ နိုင်ငံရေးအကြောင်း သိတယ်။ အသင်းအဖွဲ့တစ်ခုခုမှာ ပါတယ်။ အစစ်အမှန်ကို သိတယ်။ သာမန်ယောက်ျားတစ်ယောက်ဟာ တွေးခေါ်ဆင်ခြင်နိုင်အားရှိတယ်။ အချက်အလက်ကို သိချင်တယ်။ ဝေဖန်ပိုင်းခြားတတ်တဲ့ သဘောရှိတယ်။

မိန်းကလေး တော်တော်များများမှာတော့ ဒီလို အရည်အသွေး မရှိတတ်ကြဘူး။ တချို့မိန်းကလေးတွေကျတော့လည်း စာပေတို့ ဘာတို့ဖတ်ဖူးချင် ဖတ်ဖူးမယ်။ ဟောပြောပွဲတွေ ဘာတွေကိုလည်း သွားပြီးနားထောင်ဖူးကောင်း နားထောင်ဖူးမယ်။ ဒါပေမယ့် သူတို့မှာ အတွေ့အကြုံဗဟုသုတဟာ အဆင့်အတန်း မြင့်တယ်လို့မခေါ်နိုင်သေးဘူး။ ဒီတော့ သူတို့မှာ ဆင်ခြင်တုံတရားကို ကောင်းကောင်းလက်ကိုင်မပြုနိုင်တော့ဘဲ ဖြစ်နေတာပေါ့။ ဆင်ခြင်တုံတရား အားနည်းတာဟာ စိတ်ဓာတ်ရေးရာ ချို့ယွင်းလို့၊ မိန်းမက ဦးနှောက်ဖွံ့ဖြိုးမှု အားနည်းလို့ဖြစ်တာမျိုး မဟုတ်ဘူး။ အတွေ့အကြုံ နည်းသေးလို့ဖြစ်တယ်။ မိန်းမအဖို့တော့ တွေးခေါ်ခြင်းဟာ အပျင်းပြေနည်းတစ်မျိုး ဖြစ်တယ်။ လက်နက်ကိရိယာ မဟုတ်ဘူး။ တချို့အမျိုးသမီးတွေဟာ အသိဉာဏ်လည်းထက်မြက်တယ်။ ရိုးလည်းရိုးသားတယ်။ အကင်းလည်းပါးတယ်။ ပညာလည်း တတ်တယ်။ ဒါပေမယ့် သူတို့ဟာ အဖြစ်အပျက် တစ်ခုကိုဘေးကနေပြီး ကောက်ချက် မဆွဲတတ်ဘူး။ အတွေ့အကြုံတစ်ခုပေါ်ကနေပြီး သင်ခန်းစာမထုတ်တတ်ကြဘူး။ သူတို့မှာ အသိဉာဏ်ဆိုင်ရာ နည်းနာအားနည်းလို့ဖြစ်တယ်။ တချို့ဆိုရင် အရည်အချင်းမရှိတဲ့ သာမန်ယောက်ျားတွေက သူတို့အပေါ်မှာ လွှမ်းသွားတတ်ကြတယ်။ အမှားကိုတောင် အမှန် လုပ်သွားတတ်ကြတယ်။ ယောက်ျားတို့လက်ထဲမှာ ယုတ္တိဗေဒဟာ အနိုင်အထက်ပြုမှုတစ်မျိုး၊ [illegible]တဲ့ ရက်စက်မှုပုံသဏ္ဌာန်တစ်မျိုး ဖြစ်နေတယ်။ အဲဒီအထဲမှာ ယောက်[illegible] ကိုယ့်ထက်လည်း အသက်ကြီး၊ ပညာလည်းတတ် ဆိုရင်တော့ သူ[illegible] အရာရာလွှမ်းမိုးသွားပြီး မိန်းမရဲ့ ထင်မြင်ချက်၊ မိန်းမရဲ့ အကြံ[illegible]ကို နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းလေးမျှ အလေးမထားတော့ဘဲ ဖြစ်သွားလေ့ရှိတော့တယ်။ သူကသာ မှန်တယ်ဆိုတာကို အမြဲတမ်းသက်သေ ထုတ်နေတော့တာပဲ။ ဒါပေမယ့် မိန်းမကလည်း သူ့လိုသာ ရေလည်အောင် မပြောတတ်ပေမယ့် ကိုယ်မှန်နေတယ် ထင်တာကို လျှော့မပေးချင်ဘူး။ ခေါင်းမာနေတယ်။ ယောကျ်ားကလည်း သူသာ မှန်တယ်ဆိုတာကို အတင်းပြောနေတယ်။ ဒီလိုနဲ့ လင်မယားကြားမှာ နားလည်မှုမရှိဘဲ ဖြစ်လာခဲ့ကြတယ်။ မိန်းမရဲ့ ရင်ထဲမှာ အမြစ်တွယ်နေတဲ့ ခံစားချက်တွေ၊ အတွေးတွေကို ယောကျ်ားက နားလည်အောင် မကြိုးစားတော့ဘူး။ မိန်းမကလည်း ယောကျ်ားရဲ့ ယုတ္တိဗေဒ ဆင်ခြင်တုံတရားနောက်ကွယ်မှာ ဘယ်စေတနာမျိုး ရှိတယ်ဆိုတာကို သိဖို့ မကြိုးစားတော့ဘူး။ ဒီတော့ မိန်းမဟာ ဘာဖြစ်သလဲ၊ တိတ်ဆိတ်နေမယ်။ မျက်ရည်နှင့် မိတ်ဖွဲ့မယ်။ ပေါက်ကွဲမယ်။ တစ်ခါတစ်ရံမှာ ယောကျ်ားကို တွေ့ရာပစ္စည်းနှင့် ပစ်ပေါက်မယ်။

တစ်ခါတလေမှာတော့ မိန်းမလုပ်သူဟာ သူ့ရဲ့တိုက်ပွဲကို ဆက်တိုက်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် မကြာခဏ ဆိုသလို သူမဟာ သိက္ခာရှိရှိ အရှုံးပေးလိုက်ရတာတွေလည်း ရှိတယ်။ တစ်ခါတလေမှာလည်း မလှမပအရှုံးပေးလိုက်ရတာတွေ ရှိတယ်။ နော်ဝေပြဇာတ်ဆရာကြီး အီဗဆန်ရဲ့ "ယမင်းရုပ်အိမ်" ဆိုတဲ့ ပြဇာတ်ထဲက "နိုရာ"လိုပေါ့။ အဲဒီ ပြဇာတ်ထဲမှာ နိုရာက "အစစအရာရာကို ရှင့်အကြိုက်ချည်းပဲ စီမံနေတာပဲနော်။ ဒီတော့ ကျွန်မ ဘာလုပ်ရမလဲ။ ရှင်ကြိုက်သမျှကို ကျွန်မက လိုက်ကြိုက်နေရတော့မှာလား။ ဒါမှမဟုတ် ရှင်ကြိုက်သလို ကြိုက်တဲ့ပုံမျိုး ဟန်ဆောင်နေရတော့မှာလား။ ကျွန်မဖြင့် ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး။ ရှင့်ကြိုက်သလို လိုက်ကြိုက်တဲ့အခါလည်း ကြိုက်၊ ဟန်ဆောင်တဲ့အခါလည်း ဆောင် လုပ်နေရတော့မှာ ထင်ပါရဲ့" လို့ ပြောခဲ့တယ်။

ဒီအတိုင်းပါပဲ မိန်းမဟာ ပျင်းရိလို့ဖြစ်စေ၊ ကြောက်လို့ဖြစ်စေ၊ ကိုယ်ပိုင်မစဉ်းစားတတ်တော့လို့ဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့် ပြဿနာများစွာမှာ ယောကျ်ားရဲ့ ထင်မြင်ချက်ကို ကိုယ့်ထင်မြင်ချက်လိုလုပ်ပြီး နေရတော့မယ် သဘောမျိုးဖြစ်နေတယ်။ ပြဿနာတွေနဲ့ပတ်သက်လို့ ထင်မြင်ချက်ပေးရာမှာ ယောကျ်ားကိုပဲ ကိုယ်စားလှယ် လွှဲအပ်ရတော့မယ့်ပုံမျိုး ဖြစ်နေတယ်။

မိန်းမဟာ ဒီလို ကိုယ်ပိုင်ထင်မြင်ချက်ကို မဖွဲ့စည်းတဲ့ အလေ့အထဟာ တော်တော်စွဲမြဲနေတယ်။ ခေတ်ပညာလည်း တတ်၊ ယဉ်ကျေးမှုအဆင့်အတန်းလည်း ရှိ၊ လွယ်လွယ်လပ်လပ်နေလည်း နေထိုင်တတ်တဲ့ အမျိုးသမီးတစ်ယောက်က ပြောဖူးတယ်။ သူဟာ သူ့ထက် အဆင့်မြင့်တယ်လို့ထင်တဲ့





ယောကျ်ားတစ်ယောက်ယောက်နဲ့ ဆယ့်ငါးနှစ်လုံးလုံး ပေါင်းလာခဲ့တယ်တဲ့။ ယောကျ်ားသေသွားတဲ့အခါမှာ သူ့ယုံကြည်ချက်၊ သူ့အနေအထိုင်၊ သူ့အတွေးအခေါ်တွေနဲ့ပတ်သက်လို့ သူ့မှာ လမ်းညွှန်မယ့်သူမရှာဘဲ သူကိုယ်တိုင် စဉ်းစားဖြတ်နေရတဲ့အတွက် သိပ်ကိုစိတ်ဆင်းရဲရတယ်လို့ ပြောဖူးပါတယ်။ ခု သူကိုယ်တိုင် ဆုံးဖြတ်ရတဲ့အခါမှာတောင် သူ့ယောကျ်ားသာဆိုရင် ဘယ်လိုဆုံးဖြတ်မှာပဲဆိုတဲ့လို့ စဉ်းစားပြီးမှ ဆုံးဖြတ်လို့ရတယ်တဲ့။ မိန်းမများဟာ ဒီလောက်တောင် မှီတွယ်တတ်တဲ့ သတ္တဝါ ဖြစ်ပါတယ်။

ထုံးစံအားဖြင့် ယောကျ်ားဟာ လမ်းညွှန်သူဖြစ်ရတာ ရှေ့ဆောင်လမ်းပြဖြစ်ရတာကို ကျေနပ်ပါတယ်။ စောစောက ပြောခဲ့တဲ့ အီဗဆန်ရဲ့ "ယမင်းရုပ်အိမ်" ပြဇာတ်ထဲမှာ နိုရာ့ယောကျ်ားက သူ့မိန်းမ နိုရာ့ကို ပြောခဲ့သလိုပေါ့။ အဲဒီပြဇာတ်ထဲမှာ နိုရာရဲ့ ယောကျ်ားက "ဒီမှာ မိန်းမ၊ အစစအရာရာ ငါ့ကိုမှီခိုပါကွ၊ မင်းကို အကြံပေးမယ်။ လမ်းပြမယ်။ မင်းဟာ ခုလိုအားနွဲ့လို့ ပိုပြီးချစ်စရာကောင်းနေတာ၊ မိန်းမဆိုတာ အားနွဲ့သူ မဟုတ်လား။ ဒီအားနွဲ့တာကလေးကို မြင်အောင်မကြည့်တတ်ရင် ငါလည်း ဘယ်မှာယောကျ်ားပီသတော့မှာလဲ။ ငါ့မှာ မင်းကို ကာကွယ်ဖို့အတွက် အတောင်တွေပေါက်နေတာ မဟုတ်လား" လို့ ပြောပါတယ်။

ယောကျ်ားဟာ ညနေရောက်တော့ အိမ်ကို ပြန်လာခဲ့တယ်။ နေ့လယ်တုန်းက သူနဲ့ ပြိုင်ဖက်တွေနဲ့ ယှဉ်ပြိုင်ခဲ့တယ်။ အထက်လူကြီးက ဆူတာကြိမ်းတာကိုခံခဲ့ရတယ်။ တစ်နေ့လုံး ကိုယ်ကချည်းခံခဲ့ရတဲ့အခါလည်းရှိတယ်။ ဒီလို ဘစ်နေ့ကုန် မောမောပန်းပန်း ရုန်းကန်ရတဲ့အခါတွေလည်း ရှိတယ်။ ဒီလို ဘစ်နေ့ကုန် အချိန်ကုန်ခံပြီး ညနေခင်းအိမ်ကို ပြန်လာတဲ့အခါကျတော့ ကိုယ်က အရှင်သခင် ဖြစ်ချင်တယ်။ ကိုယ်က အားကြီးသူ ဖြစ်ချင်တယ်။ အိမ်ရောက်တော့ နေ့လယ်က အဖြစ်အပျက်တွေကို ပြန်ပြောတယ်။ သူငြင်းခံခဲ့ရာမှာ ဘယ်လောက်မှန်တယ်ဆိုတာကို ပြောပြတယ်။ သူ့ဇနီးကို သည်လိုပြောပြခြင်းဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုကို ခိုင်မာအောင် လုပ်ချင်တယ်လေ။ သတင်းစာတွေအကြောင်း၊ နိုင်ငံရေးသတင်းအကြောင်းကို သူဝေဖန်ပြတယ်။ သတင်းစာကို ကိုယ်တိုင်ဖတ်ပြပြီး သတင်းစာထဲမှာပါတဲ့ အကြောင်းအရာတွေကို ဝေဖန်ပြတယ်။ သူ့ရဲ့အာဏာပိုင်မှုကို တိုးချဲ့ဖို့အတွက် မိန်းမရဲ့ ပညာဗဟုသုတ တစ်ဘက်က အားနည်းမှုကို အကျယ်ချဲ့တယ်။ မိန်းမကလည်း သူ့ လောက်ခံဘဝကို အနည်းနှင့်အများ ဆိုသလို အသာတကြည်နဲ့ လက်ခံတယ်။ ယောကျ်ားက အခြားတစ်ပါးကို သွားနေတဲ့အချိန်မှာ အိမ်ထောင်ရှိ ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ကြီးကြပ်ကွက်ကဲပြ၊ ကိုယ်ကိုယ်တိုင် ရှေ့တန်းကိုတက်ရတဲ့အခါကျမှ သာ မိန်းမဟာ သူ့မှာရှိတဲ့ အရည်အချင်းတွေကို ကိုယ်တိုင်သိရှိလာပြီး တအံ့တသြ ဖြစ်နေတတ်ပါတယ်။ ယောကျ်ားမရှိတဲ့အချိန်မှာ မိန်းမဟာ သူကိုယ်တိုင်ပဲ လူမှုဆက်ဆံရေးကိစ္စတွေကို ကြီးကြပ်ရတယ်။ ကလေးတွေကို သွန်သင်ဆုံးမတဲ့ ကိစ္စတွေကို ကိုယ်ကိုယ်တိုင် လုပ်လာရတယ်။ ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင်ချမှတ်လာရတယ်။ တို့ရဲ့ အိမ်ဦးနတ် ပြန်ရောက်လာပြီး သူ့ရဲ့ လွတ်လပ်မှုတွေကို အားလုံး ပြန်ရုပ်သိမ်းပေးလိုက်ရတဲ့အခါ၊ သူ့ရဲ့ နဂိုနေရာကို ပြန်သွားရတဲ့အခါမှာ မိန်းမဟာ မနေတတ်မထိုင်တတ်သလိုတောင် ဖြစ်နေကတတ်သေးတယ်။

## ယောကျ်ားကို ကြိုးကိုင်တဲ့မိန်းမ

လက်ထပ်ထိမ်းမြားခြင်းဟာ ယောကျ်ားကို နယ်ချဲ့ဝါဒကျင့်သုံးအောင် လှုံ့ဆော်ပေးတယ်။ ကြီးစိုးလွှမ်းမိုးလိုတဲ့စိတ်ဟာလူတိုင်းမှာရှိတတ်တဲ့ ပကတိစိတ် ဖြစ်တယ်။ ကလေးကို အမေက ကြီးစိုးလွှမ်းမိုးထားချင်တယ်။ ဇနီးသည်ကိုလင်ယောကျ်ားက ကြီးစိုးလွှမ်းမိုးချင်တာဟာ ကမ္ဘာလောကကြီးမှာ အနိုင်ကျင့်မှုတွေကိုဖြစ်ပေါ်အောင် အားပေးတာနဲ့ အတူတူပဲ။ ယောကျ်ားဟာ ဇနီးသည်ကို ချစ်မြတ်နိုးရုံ၊ ဇနီးသည်ရဲ့ အကြိုက်ကိုလိုက်ရုံနဲ့ မလုံလောက်ဘူး။အကြံပေးသူ လမ်းညွှန်သူလည်း ဖြစ်ရမယ်။ သူဟာ အမိန့်တွေကိုထုတ်တယ်။ အရှင်သခင်လို ပြုမူတယ်။ ယောကျ်ားဟာ သူငယ်ငယ်တုန်းက ခံစားရတဲ့ မကျေနပ်ချက်တွေ၊ ကြီးလာမှတွေ့ရှိ ခံစားရတဲ့မကျေနပ်ချက်တွေနဲ့ သူ့အပေါင်းအသင်းတွေနဲ့ ပတ်သက်တဲ့မကျေနပ်ချက်တွေကို စုပြုံမျိုသိပ်ထားပြီးဇနီးနဲ့ အိမ်သူအိမ်သားတွေအပေါ်မှာသာပေါက်ကွဲပြီး တစ်ချက်လွှတ်အမိန့်အာဏာတွေ သုံးတတ်တယ်။အိမ်မှာ အနိုင်ကျင့်တယ်။ အာဏာပါဝါသုံးတယ်။ တစ်ချက်လွှတ်အမိန့်တွေ ပေးတယ်။ မာမာထန်ထန် ဆက်ဆံတယ်။ ဆူပူကြိမ်းမောင်းတယ်။ စားပွဲကိုလက်နှင့်ထုတယ်။ ဒီလိုဆက်ဆံရေးမျိုးဟာ အိမ်ကဇနီးသည်အဖို့ နိစ္စဓူဝကိစ္စဖြစ်နေတယ်။သူ့ပိုင်ခွင့်ကို သူအတင်းအကျပ်ဆုပ်ကိုင်ပြီးအတင်းအကျပ်သုံးနေတဲ့အတွက်ဇနီးသည်က နည်းနည်းပါးပါး သူ့သဘောနဲ့သူ လွတ်လွတ်လပ်လပ် တွေးခေါ်လုပ်ကိုင်လာတယ်ဆိုရင်ပဲ သူ့ကိုအာခံတာ၊သူ့ကို ဖီဆန်တာလို့ထင်လာတော့တာပါပဲ။နောက်ဆုံးတော့ အသက်ရှူတာတောင် သူ့အမိန့်ပေးမှ ရှူရတော့မယ့်ပုံစံမျိုး ဖြစ်လာတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘယ်ရမလဲ။ မိန်းမကလည်း ဗီဆန်ပုန်ကန်တာပေါ့။ အစတုန်းကတော့ မိန်းမဟာ သူ့ယောက်ျားရဲ့ ဂုဏ်သိက္ခာကို အထင်ကြီးသေးတယ်။ လေးစားသေးတယ်။ ဒါပေမယ့် ယောက်ျားက မတရားသဖြင့် လွှမ်းမိုးအနိုင်ကျင့်လာတဲ့အခါမှာတော့ ယောက်ျားကို အထင်ကြီးတဲ့ စိတ်တွေဟာလည်း တဖြည်းဖြည်း လွင့်ပြယ်ပျောက်ကွယ်သွားတယ်။ တစ်နေ့ကျတော့ ကလေးကလည်း သူ့အဖေဟာ ဘာမျှရေရာတဲ့လူ မဟုတ်ဘူး။ သေချာတဲ့လူတစ်ယောက် မဟုတ်ဘူး။ သူလို ကိုယ်လိုလူတစ်ယောက်သာ ဖြစ်တယ်လို့ ထင်လာတယ်။ မိန်းမကလည်း သူ့ယောက်ျားဟာ အလျှင်တုန်းကလို အရှင်သခင်လို၊ အိမ်ဦးနတ်လိုမထင်တော့ဘူး။ သာမန်လူတစ်ယောက်လိုပဲ ထင်လာတယ်။ သူ့အမိန့်အတိုင်း ထားရာနေ စေရာသွားအဖြစ်မျိုးမှာ ဘာဖြစ်လို့ ငြိမ်နေမှာလဲလို့ ထင်လာတယ်။ ယောက်ျားရဲ့ တာဝန်တွေကို ယူရတာဟာ မတရားဘူး။ ယောက်ျားတာဝန်ကို ထမ်းရတာဟာ စိတ်ညစ်ညူးစရာတာဝန်၊ မနိုင်ရင်ကာတာဝန်ကို ထမ်းထားရတာလို့ မြင်လာတယ်။ သူ့ကိုယ်သူ သားကောင်လို့ ထင်လာတယ်။ ကံဆိုးသူလို့ ထင်လာတယ်။ ယောက်ျားရဲ့ တာပန်ကို ထမ်းရပေမယ့် ဆောင့်ကြီးအောင့်ကြီး ဖြစ်လာတယ်။ ငြူစူလာတယ်။ တစ်ခါတလေမှာလည်း ပြောင်ပြောင်တင်းတင်း အန်တုလာတယ်။ ယောက်ျားကိုလည်း ပြန်ပြီး အနိုင်ကျင့်လွှမ်းမိုးဖို့ ကြိုးစားလာတယ်။

ထုံထိုင်းတဲ့ ယောက်ျားများသာလျှင် သူဟာ ဇနီးကို ပုံသွင်းလို့ရနိုင်တယ်လို့ ထင်တတ်ကြတယ်။ သူ့ဇနီးဟာ သူထားရာမှာနေရမယ်လို့ ထင်ဟာကြတယ်။ မိန်းမဟာ လင်ယောက်ျား ပုံသွင်းတဲ့အတိုင်း ဖြစ်ရတယ်လို့ ဘားလ်ဇက်က ပြောခဲ့ဖူးတယ်။ ဒါပေမယ့် နောက်စာမျက်နှာ အနည်းငယ်လောက်ရောက်တဲ့အခါမှာတော့ ဒါနှင့် ဆန့်ကျင်ဘက်ပြောတာကို တွေ့ရတယ်။ တွေးခေါ်စဉ်းစားရတဲ့ ကိစ္စမျိုး၊ ယုတ္တိဗေဒကို သုံးရမယ့်နေရာမျိုးမှာ မိန်းမဟာ ယောက်ျားရဲ့ အမိန့်၊ ဗိုသတ္တဝါရဲ့ အာဏာပိုင်မှုကို လက်ခံပါတယ်။ ဒါပေမယ့် သူအရေးထားတဲ့ကိစ္စမျိုး၊ သူနှင့်သက်ဆိုင်တဲ့ ကိစ္စမျိုးမှာတော့ မိန်းမဟာ ယောက်ျားကို အတိအလင်း ဆန့်ကျင်တော့တာပါပဲ။ ငယ်ငယ်တုန်းက ဩဇာလွှမ်းမိုးမှုဟာ ယောက်ျားမှာထက် မိန်းမမှာ ပိုပြီးစွဲမြဲစွာ အမြစ်တွယ်နေတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဟာ ယောက်ျားထက် ကိုယ့်ရဲ့ ပုဂ္ဂလိကသမိုင်း၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်ဆောင် ကျဉ်းကျဉ်းကလေးထဲမှာ နေရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ များသောအားဖြင့် မိန်းမဟာ ငယ်ငယ်ကလေးတည်းက စွဲလမ်းခဲ့တဲ့ အစွဲတွေကို ရုတ်တရက် စွန့်လွှတ်ခြင်းမပြုတတ်ပါဘူး။ ယောက်ျား





ဟာ သူ့နိုင်ငံရေးယုံကြည်ချက်ကို မိန်းမပေါ်မှာ ရိုက်သွင်းလို့ရချင်ရမယ်၊ ဒါပေမယ့် မိန်းမရဲ့ ဘာသာရေးယုံကြည်ချက်၊ အစွဲအလမ်း စတာတွေကိုတော့ ပြောင်းလဲအောင် မလုပ်နိုင်ပါဘူး။

မိန်းမဟာ ခေတ်နှင့်အညီ ထင်မြင်ချက်အသစ်တွေကို ဖွဲ့စည်းကောင်း ဖွဲ့စည်းမိမယ်။ ယောက်ျားရဲ့ နိုင်ငံရေးအယူအဆတွေ၊ သဘောတရားတွေ၊ ထင်မြင်ချက်တွေကို ကြက်တူရွေးရွတ်သလို လိုက်ရွတ်ပြီး ပုံတင်ထပ်ကောင်း ပုံတင်ထပ်မယ်။ ဒါပေမယ့် မိန်းမဟာ အချို့ကိစ္စများမှာတော့ သူ့အယူအဆဟောင်း၊ သူ့ထင်မြင်ချက်ဟောင်းကို ဘယ်တော့မှ စွန့်လွှတ်လေ့မရှိတတ်ပါဘူး။ ဒီလိုခုခံမှုကြောင့် မိန်းမဟာ သူ့ထက်ဉာဏ်ပညာအရာမှာသာတဲ့ သူ့ယောက်ျားကို နားမလည်နိုင်အောင် ဖြစ်လာတတ်ပါတယ်။ ကိုယ့်မှာ ဒီလိုအစွဲအလမ်းရှိတအခါမှာ သူ့ယောက်ျားဟာ သူ့ထက် ဉာဏ်ပညာအရာမှာ သာသည့်တိုင် သူ့ယောက်ျားကို နားမလည်နိုင်အောင် ဖြစ်လာတတ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ဘင်အယ်ဒီဗဆင်နှင့် ရှောတို့ရဲ့ စာပေတွေထဲမှာ တွေ့ရတတ်သလို မိန်းမဟာ ငြိုးငွေ့ဖွယ်ကောင်းတဲ့ ဗိုသတ္တဝါရဲ့ ခပ်ထိုင်းထိုင်းအတွေးအခေါ်တွေထက် သာလွန်သွားတဲ့ မိန်းမတွေလည်း ဖြစ်သွားတတ်ပါတယ်။

တစ်ခါတလေမှာ ဗိုမကိစ္စတွေနဲ့ ပတ်သက်လို့ ယောက်ျားကို အလိုကျတဲ့အတွက်ကြောင့်ဖြစ်စေ၊ ဒါမှမဟုတ် သူ့မအပေါ်မှာ လွှမ်းမိုးကြီးစိုးတဲ့ ယောက်ျားကို လက်စားချေချင်တဲ့အတွက်ကြောင့်ဖြစ်စေ၊ မိန်းမဟာ ယောက်ျားအထင်ကြီး တန်ဖိုးထားတဲ့အရာတွေကိုအထင်ကြီး တန်ဖိုးထားခြင်းမရှိဘဲ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်အရာတွေကို အထင်ကြီး တန်ဖိုးထားတတ်တာတွေလည်း ရှိတတ်တယ်။ မိန်းမဟာ ယောက်ျားထက် အသာစီးရချင်တဲ့အခါမှာ အမေ၊ အစ်ကို၊ အစ်မ စသည်ဖြင့် သူ့ယောက်ျားထက်သာတယ်လို့ ထင်တဲ့သူတွေရဲ့ အခွင့်အာဏာပိုင်မှုကို သွားပြီးအားကိုးလာတတ်ပါတယ်။ ယောက်ျားအပေါ်မှာ ဒီလိုလုပ်ဖို့ မကြိုးစားသည့်တိုင် ယောက်ျားရဲ့ ဩဇာကို စနစ်တကျဆန့်ကျင်ဖီဆန်လာတော့တာပဲ။ ယောက်ျားရဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ကို တိုက်ခိုက်လာတာ၊ ယောက်ျားရဲ့ မာနစိတ်ကို ကျိုးသွားအောင်လုပ်တာမျိုးတွေ လုပ်လာတတ်ပါတယ်။ ယောက်ျားကို စိတ်ဓာတ်အရ သိမ်ငယ်သွားအောင် လုပ်တတ်ပါတယ်။

တကယ်လို့ ယောက်ျားအပေါ်မှာ စိတ်ဓာတ်ရေးအရ အသာစီးမရနိုင်တော့ဘူးဆိုတာ သိလာရင်လည်း မိန်းမဟာ ပရိယာယ်တစ်မျိုးနဲ့ တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်လာတတ် ပြန်ပါတယ်။ ယောကျ်ားက ယုယပြီး ပွတ်သီးပွတ်သပ်လုပ်လာရင် အေးစက်စက်လုပ်ပြခြင်း၊ ယောကျ်ားရဲ့ဆန္ဒကို မလိုက်လျောဘဲ ငြင်းဆန်ခြင်း၊ စိတ်ကောက်ခြင်း၊ မူနွဲ့ပြခြင်း၊ စသည်နည်းများနဲ့ ယောကျ်ားဟာ သူ့ကို အလျှော့ပေးပြီး သူက အသာစီးရအောင် လုပ်တတ်ပါတယ်။ ဒီလိုမှ မဟုတ်ရင်လည်း ယောကျ်ားမှာ မနာလိုဖြစ်ပေါ်လာအောင် တခြားသူများနဲ့ ရင်းရင်းနှီးနှီးနေပြခြင်း၊ တခြားယောကျ်ားတစ်ယောက်ကို မျက်နှာသာပေးခြင်း စတာတွေနဲ့လည်း တိုက်စစ်ဆင်လာတတ်ပါသေးတယ်။ ဒီလောက်ထိအောင် မလုပ်ရဲရင်လည်း ယောကျ်ားက သူ့ကို ချော့မော့နေတာတွေကို အေးတိအေးစက်လုပ်နေပြီး အဲဒါကို ဂုဏ်ယူကျေနပ်နေတတ်ပါသေးတယ်။ ဒီအကြောင်းတွေကို သူ့ဒိုင်ယာရီထဲမှာလည်း ရေးမှတ်ထားတတ်တယ်။ ဒါမှမဟုတ်ရင်လည်း ကိုယ်နဲ့ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတို့ကို ဖွင့်ပြောတတ်တယ်။ လင်ရှိမိန်းမတော်တော်များများဟာ သူတို့တကယ့်ဘဝမှာ မရခဲ့တဲ့ ဖိုမကိစ္စပျော်ရွှင်မှုကို အချင်းချင်း လုပ်ကြံပြောတတ်ကြတယ်။ ဒီနည်းအားဖြင့် သူတို့ဟာ သူတို့ရဲ့ ဖိုမဘဝမှာ မကျေမနပ်ဖြစ်ခဲ့တာတွေကို မေ့ပျောက်ဖြေဖျောက်လေ့ ရှိကြတာကို တွေ့ရတယ်။

တချို့မိန်းမတွေ ရှိသေးတယ်။ ယောကျ်ားကို အမြဲကမ်း၊ အနိုင်ယူချင်တဲ့ မိန်းမမျိုး၊ သူတို့ဟာ ဖိုမကိစ္စမှာလည်း အေးစက်စက်နိုင်တယ်။ စကားပြောရင်လည်း အထက်စီးကျတယ်။ အပြုအမူကလည်း နိုင်ထက်ကလူကျတယ်။ တချို့မိန်းမတွေကျတော့လည်း ယောကျ်ားကို အထင်သေးတယ်။ ယောကျ်ားရဲ့ ရုပ်ဆင်းသဏ္ဌာန်၊ ယောကျ်ားရဲ့ အရည်အချင်း၊ ယောကျ်ားရဲ့ ဝင်ငွေရှာနိုင်စွမ်းအားတွေကို တစ်ချက်ကလေးမှ အကောင်းလည်း မပြောဘူး။ အထင်လည်း မကြီးဘူး။ တကယ်လို့ အထင်ကြီးတယ်ဆိုရင်လည်း ယောကျ်ားရဲ့ ဝင်ငွေ ဘယ်လောက်ရနိုင်သလဲဆိုတာကို ထည့်ပြီးတန်ဖိုးဖြတ်ကြတယ်။ ဒီနည်းအားဖြင့် ဖိုသတ္တဝါက သူတို့ထက်သာတယ် ဆိုတာကို ဖုံးကွယ်ပြီး ကိုယ့်ကိုယ်ကို လှည့်စားတတ်ကြတယ်။ ဒီအခါမှာ ယောကျ်ားကလည်း သူ့မိန်းမဟာ သူ့ကို အထင်သေးတာပဲဆိုပြီး စိတ်ထဲမှာ နာသလိုလို ဖြစ်နေတတ်တယ်။ အမှန်ကတော့ မိန်းမရဲ့ သဘောထားက နှစ်ခွဖြစ်နေတယ်။ တစ်ဘက်မှာ သူဟာ ယောကျ်ားကို သေးသိမ်အောင် လုပ်ချင်တယ်။ တစ်ဘက်မှာလည်း သူဟာ ယောကျ်ားနှင့်ကင်းပြီး နေနိုင်တာမဟုတ်ဘဲ ဖြစ်နေတတ်တယ်။ ဒီထက်ပိုပြီး တိကျအောင်ပြောရရင်တော့ မိန်းမဟာ ယောကျ်ားကို သူ့အနာဂတ်စီမံကိန်းတွေ၊ မျှော်မှန်းချက်တွေ ပျက်ပြားသွားအောင် လုပ်ချင်တယ်။ ယောကျ်ားဖြစ်





ဖြစ်၊ ကလေးဖြစ်ဖြစ်၊ မကျန်းမမာဖြစ်တဲ့အခါမှ သူ့စိတ်တိုင်းကျဖြစ်သွားတော့တာပါပဲ။ အဲဒီအခါမှာ ယောကျ်ားဟာ အသားစုအသားစိုင်တစ်ခုသာ ဖြစ်သွားပြီကိုး။ မိန်းမဟာ ယောကျ်ားကို သူ့ရဲ့ပန်းကန်ခွက်ယောက်ပစ္စည်းတစ်ခုလို သူကိုင်တွယ်ခြယ်လှယ်တော့တာပါပဲ။ သူဟာလည်း အခြားအရာပစ္စည်းတစ်ခုလို မိန်းမရဲ့ ကိုင်တွယ်ခြယ်လှယ်ခံရတဲ့ ပစ္စည်းတစ်ခုပါလားဆိုတာ ယောကျ်ားဆင်သွားအောင် ကြိုးစိုးလွှမ်းမိုးတော့တာပါပဲ။

မိန်းမဟာ သူ့ယောကျ်ားကို ရှင်သန်တက်ကြွနေတဲ့ ခန္ဓာကိုယ်တစ်ခု မဖြစ်စေချင်ဘူး။ သူကိုင်တွယ်ခြယ်လှယ်လို့ရတဲ့ ပစ္စည်းတစ်ခုလောက်ပဲ ဖြစ်စေချင်တယ်။ သူဟာ ယောကျ်ားကို ဘဝတစ်ခု၊ ရှင်သန်မှုတစ်ခု၊ မဖြစ်စေချင်ဘဲ အသက်ရှိနေတဲ့ သတ္တဝါတစ်ကောင်လောက်ပဲ ဖြစ်စေချင်တယ်။ စိတ်ဓာတ်ရှင်သန်နေတဲ့ အရာတစ်ခု မဖြစ်စေချင်ဘဲ အတ္တဘောတစ်ခုလောက်သာ ဖြစ်စေချင်တယ်။ ယောကျ်ားမှာ စိတ်ညစ်စိတ်ဆင်းရဲစရာတွေ့လာရင် ဒီစိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာတွေဟာ အိမ်ထဲမှာ ငြိမ်ငြိမ်ထိုင်မနေနိုင်ဘဲ ခြေရှည်လို့ ဖြစ်ရတယ်လို့ ထင်နေချင်တယ်။ သူကိုယ်တိုင်လည်း ဒီလိုပဲ ထင်တတ်တယ်။ မိန်းမဟာ ယောကျ်ားကို အိမ်ခန်းကျဉ်းကျဉ်းကလေးထဲမှာပဲ ပိတ်လှောင်ထားချင်တယ်။

ယောကျ်ား အပြင်ထွက်တာ၊ အပေါင်းအသင်းတွေနဲ့ နေတာကို မကြိုက်ဘူး။ မိသားစုကို တိုက်ရိုက်အကျိုးမရှိတဲ့ အလုပ်တွေကိုလုပ်တာ မြင်ရင် သူစိတ်ဆိုးတယ်။ ယောကျ်ားကို ရန်လုပ်တယ်။ သဘော်ဆေးကို စတင်တီထွင်ခဲ့တဲ့ ဘားနဒ်ပါလစ်ဆေးရဲ့မိန်းမဟာ သူ့ယောကျ်ားက သဘော်ဆေး ဖော်စပ်ဖို့ လောင်စာမရှိတဲ့အခါ အိမ်မှာရှိတဲ့ ပရိဘောဂတွေကို ချိုးဖျက်ထင်းဆိုက်ပစ်တဲ့အခါ သူ့မိန်းမဟာ အကြီးအကျယ် ဒေါသထွက်တယ်။ (ဘားနဒ်ပါလစ်ဆေးဆိုတာ ၁၇ ရာစုနှစ် စာရေးဆရာ၊ ဓာတုဗေဒပညာရှင်နဲ့ ဒီနေ့ မရှိမဖြစ်သုံးနေကြရတဲ့ သဘော်ဆေးကို စတင်တီထွင်ခဲ့တဲ့ ကြွေထည်အတတ်ပညာရှင်နဲ့ သဘော်ဆေးကို ဖော်စပ်သူဖြစ်ပါတယ်။) ရေစင်းရဲ့မိန်းမဟာသူ့ယောကျ်ားကို အလွမ်းဝတ္ထုတွေ၊ အလွမ်းပြဇာတ်တွေ ဖတ်မှတ်လေ့လာနေတာကို မခံရပ်နိုင်အောင် စိတ်ဆိုးပြီး သူ့ဥယျာဉ်ထဲမှာ ငွေရမယ့် စပျစ်ပင်တွေကိုပဲ စိုက်ပျိုးနေစေချင်တယ်။

ဒီလို အသွင်မတူမှုတွေ၊ ပဋိပက္ခဖြစ်မှုတွေဟာ အိမ်ထောင်ရေး ပြိုကွဲစေသည်အထိ ဖြစ်နိုင်တယ်။ ဒါပေမယ့် အမှန်ကတော့ ဒီလိုဖြစ်ရတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ မိန်းမဟာ ယောကျ်ားရဲ့ ကြိုးစိုးလွှမ်းမိုးမှုကိုခံရင်း

www.burmeseclassic.com



တစ်ဘက်က ယောကျ်ားကို ကြိုးကိုင်ချင်လို့သာ ဖြစ်ပါတယ်။ မိန်းမဟာ သူ့ရဲ့ အမှီခိုကင်းမှုကို ထိန်းသိမ်းရင်း ယောကျ်ားကို ကဏ္ဍကောစပြုတယ်။ အတိုက်အခံလုပ်တယ်။ ဒီလိုနဲ့ သူ့ကို မှီသူတစ်ယောက်အဖြစ်ကို လျှော့ကျစေမယ့် အခြေအနေကို ထိန်းသိမ်းနေတယ်။ သူ့ရဲ့ရည်မှန်းချက်နှင့် ဖြစ်ပေါ်လာတဲ့ ရလဒ်တွေဟာ တခြားစီဖြစ်နေတယ်။ ပြောင်းပြန်ဖြစ်နေတယ်။ ကိုယ်ရဲ့ အမှီအခိုကင်းမဲ့မှုကိုလည်း ထိန်းသိမ်းချင်၊ ယောကျ်ားကိုလည်း တစ်ဘက်က ကြိုးဆွဲချင်တဲ့ မိန်းမရဲ့ အလုပ်ဟာ နှစ်ဘက်လှည့်ကစားရတဲ့ အလုပ်ဖြစ်နေတယ်။ ဒီအလုပ် မအောင်မြင်တဲ့အခါမှာ မိန်းမဟာ စိတ်ညစ်ပြီး အာရုံကြောအားနည်းတဲ့ အခြေအနေကို ရောက်ရတော့တာပါပဲ။

လောကမှာ မိန်းမတွေ ငိုလွယ်ရယ်လွယ် ဖြစ်တာ၊ အာရုံကြောအားနည်းတဲ့ အဆင့်ကို ရောက်ရတာဟာ အဲဒီကိုယ်မနိုင်တဲ့ နှစ်ခွကစားနည်းကို သွားကစားလို့ဖြစ်ပါတယ်။

## စံပြအိမ်ထောင်ရေး

လင်တစ်ယောက် "ဖမ်း" ရတာဟာ အတတ်ပညာတစ်ခုဖြစ်တယ်။ လင်ကို "ကိုင်တွယ်" ရတာဟာ အလုပ်တစ်ခုဖြစ်တယ်။ အဲဒီလုပ်ငန်းက ကျွမ်းကျင်မှုတော်တော်လိုတဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။ အမြော်အမြင်ရှိတဲ့ အစ်မတစ်ယောက်က "ညည်းသတိထားနော်၊ ညည်းရဲ့ ယောကျ်ားနဲ့ ရန်ဖြစ်ရင် အလုပ်ပြုတ်သွားနိုင်တယ်"လို့ သူ့ညီမကို သတိပေးပါတယ်။ ကိုယ့်ယောကျ်ားနဲ့ ရန်ဖြစ်ရတဲ့ကိစ္စဟာ တော်တော်စွန့်စားရတဲ့ လောင်းကြေးဖြစ်ပါတယ်။ ရုပ်ဝတ္ထုအရလည်း စွန့်စားရတယ်။ စိတ်ဓာတ်အရလည်း စွန့်စားရတယ်။ အိုးအိမ်ရဲ့ လုံခြုံမှု ဇနီးရဲ့ဂုဏ်သိက္ခာစတာတွေကို လောင်းကြေးထပ်ရတာနဲ့ အတူတူပါပဲ။ လင်နဲ့ရန်ဖြစ်ရတာဟာ အချစ်နဲ့ ပျော်ရွှင်မှုကို "ဒိုင်"ဆီမှာ အလျော်ပေးလိုက်ရတာနဲ့ အတူတူပါပဲ။ အိမ်ထောင်သက်ရလာတဲ့အခါမှာ ကိုယ့်ရဲ့လိင်ဆွဲဆောင်မှုဟာလည်း အားနည်းတဲ့လက်နက်တစ်ခုဖြစ်လာတယ်ဆိုတာ ဇနီးဟာ မကြာခင်မှာ တွေ့လာခဲ့ရတယ်။ တစ်ယောက်နဲ့တစ်ယောက် နေသားကျပြီး ရင်းနှီးသွားတဲ့အခါမှာ လိင်ဆွဲဆောင်မှုဟာ ပျောတ်ကွယ်သွားတယ်။ အလိုလေး ဒီအထဲမှာ တခြားမိန်းမတွေကလည်း ပြည့်လို့ပါလား။ ကိုယ်က ငါးကင်၊ တခြားမှာ လတ်လတ်ဆတ်ဆတ် ငါးစိမ်းတွေကလည်း ပြည့်လို့ပါကလား။ သို့တိုင်အောင် ဇနီးဟာ သူ့ကိုယ်သူ စွဲမက်ဖွယ်ဖြစ်အောင် ကြိုးစားတယ်။ ယောကျ်ားသဘော ကျအောင်နေတယ်။ မိန်းမဟာ သူ့ရဲ့မိန်းမမာနကတစ်ဖက်၊ ယောကျ်ားကိုသဘောကျအောင် လုပ်ချင်တဲ့ဆန္ဒက တစ်ဖက် ဒီနှစ်ဖက်ကြားမှာ ဗျာများနေရတယ်။ မိန်းမရဲ့မာနကြောင့် ကိုယ်က ဂုဏ်ခံ



www.burmeseclassic.com

www.burmeseclassic.com



တော့ အားစက်စက် ဖြစ်တတ်တယ်။ တစ်ဖက်မှာ သူ့ရဲ့ဆန္ဒထက်သန်မှုဟာ ယောကျ်ားကို ကျေနပ်အောင် လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီလိုနဲ့ မိန်းမခေါနဲ့ကြောင့်ဖြစ်တဲ့ အားစက်မှုနဲ့ ယောကျ်ားသဘောကျလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကြားမှာ ဗျာများနေရတယ်။ မိန်းမဟာ အကျင့်ပါနေပြီဖြစ်တဲ့အတွက် အိမ်ထောင်သာယာအောင်လုပ်ရတာ ယောကျ်ားအစားကောင်း အသောက်ကောင်းကြိုက်တာ၊ ယောကျ်ားက ကလေးတွေကို ခင်မင်တွယ်တာမှုတွေကို ထည့်စဉ်းစားရတယ်။ မိန်းမဟာ အဝတ်အစားလှလှပပ ဝတ်ဆင်ခြင်း၊ ကောင်းကောင်းမွန်မွန် ပြုစုခြင်းအားဖြင့် ယောကျ်ားကို ကျေးဇူးပြုတယ်။ အကြံဉာဏ်ပေးခြင်းဖြင့် ယောကျ်ားကို ဩဇာလွှမ်းနိုင်အောင် ကြိုးစားတယ်။ သူ့ယောကျ်ားရဲ့ ပေါင်းသင်းဆက်ဆံမှု မျက်နှာပန်းပွင့်ရေး၊ အလုပ်အကိုင်ကိစ္စအောင်မြင်ရေးတို့အတွက် မိန်းမဟာ သူတတ်နိုင်သမျှ ပါဝင်ကူညီဖို့ ကြိုးစားတယ်။

ဒါပေမယ့် မိန်းမဟာ ယောကျ်ားကို "စိမ့်အုပ်ချုပ်ဖို့" အတတ်ပညာကို အစဉ်အလာထုံးစံတွေက သင်ကြားလိုက်တယ်။ မိန်းမဟာ ယောကျ်ားရဲ့ ချို့ယွင်းအားနည်းချက်တွေကို သိပြီး အဲဒီအားနည်းချက်တွေကို နားလည်ရမယ်။ သူ့ကို မြှောက်တန်တဲ့အခါ မြှောက်၊ ဝေဖန်သင့်တဲ့အခါဝေဖန်၊ အလျှော့ပေးသင့်တဲ့အခါ ပေး၊ ဆန့်ကျင်သင့်တဲ့အခါ ဆန့်ကျင်၊ သတိထားသင့်တဲ့အခါ သတိထား၊ ခွင့်လွှတ်သင့်တဲ့အခါ ခွင့်လွှတ်ရမယ်။ ဒါတွေကို ထိုက်သင့်တဲ့ အတိုင်းအတာအရ ပြုလုပ်ရမယ်။ အထူးသဖြင့် သတိထားသင့်တဲ့အခါ သတိထား၊ ခွင့်လွှတ်သင့်တဲ့အခါ ခွင့်လွှတ်ဆိုတဲ့ကိစ္စကို လုပ်ရတာဟာ အခက်ခဲဆုံး၊ အသိမ်မွေ့ဆုံးအလုပ်ဖြစ်ပါတယ်။ ယောကျ်ားတစ်ယောက်ကို သိပ်လည်း လွှတ်လပ်ခွင့်မပေးသင့်ဘူး၊ သိပ်လည်းမချုပ်ချယ်သင့်ဘူး။

မိန်းမဟာ သိပ်ပြီး သဘောကောင်းလွန်းရင်၊ အလိုလိုက်လွန်းရင် ယောကျ်ားဟာ ကိုယ့်လက်က လွှတ်သွားတတ်တယ်။ ယောကျ်ားက တခြားမိန်းမတစ်ယောက်အတွက် သုံးဖြုန်းနေတဲ့ ပိုက်ဆံတွေ၊ တခြားမိန်းမတစ်ယောက်ကို ပေးလိုက်ရတဲ့ဆန္ဒ ရမ္မက်တွေဟာ တကယ်တော့ ကိုယ့်ဆီက ယူသွားတာတွေပဲ မဟုတ်လား။ ဒီလိုနဲ့ ယောကျ်ားဟာ အငယ်အနှောင်းကို အခွင့်အာဏာတွေ လွှဲအပ်ပေးလိုက်သလို ပေါင်းသင်းဆက်ဆံရေးမှာ အငယ်အနှောင်းကို "ပွဲတက်မယား" နေရာပေးလိုက်သလို ဖြစ်သွားတတ်တယ်။ ဒါပေမယ့် ယောကျ်ားကိုနေရာတကာမှာ ချုပ်ချယ်လွန်းပြန်ရင် အမြဲတမ်း သူ့ကို မယုံသင်္ကာဖြစ်သလို စောင့်ကြည့်နေပြန်ရင်း၊ သူ့ကို ရန်လုပ်နေရင်း သူ့အပေါ်





မှာ တောင်းဆိုချက်တွေ သိပ်များနေပြန်ရင်လည်း မဖြစ်သေးဘူး။ ကိုယ့်ကိုခုံကန်ပစ်ခဲ့မှာ သေချာတယ်။ စိမ့်ကိန်းရှိရှိနဲ့ စနစ်တကျ "ခွင့်ပြုပေးလျှော့ချက်တွေ" ပေးတတ်ဖို့သိပ်လိုတယ်။ ယောကျ်ားက ကိုယ့်ကို နည်းနည်းပါးပါး "လိမ်တာညာတာ" ကလေးတွေလုပ်ခဲ့ရင် တော်တော်တန်တန်ကို မမြင်ယောင်ဆောင်နေတတ်ဖို့လိုတယ်။ မသိယောင်ဆောင်နေတတ်ဖို့ လိုတယ်။ ဒါပေမယ့် တခြား အချိန်များမှာတော့ မျက်လုံးကို ဒေါက်ထောက်ပြီး ကြည့်နေရမယ်။ အထူးသဖြင့် အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဟာ ကိုယ့် "အလုပ်" ကို ခိုးယူမယ်လို့ထင်တဲ့ မိန်းမငယ်များကို သတိထားကြည့်ရမယ်။ ကိုယ့်ယောကျ်ားကို ကြောက်စရာကောင်းတဲ့ ပြိုင်ဖက်တစ်ယောက်နဲ့ ဝေးသွားစေဖို့အတွက် ဇနီးသည်ဟာ သူ့ကို အားလပ်ရက်ခရီးထွက်အောင်၊ ဒါမှမဟုတ် တခြားအာရုံပြောင်းမှု တစ်ခုခုရှိအောင် အခြေအနေကို ဖန်တီးပေးရမယ်။ အဲဒီလို လုပ်လို့မအောင်မြင်ရင်တော့ ဇနီးသည်ဟာ ငိုကြီးချက်မလုပ်တာ၊ အာရုံကြောအားနည်းပြီး ငိုလိုက်ရယ်လိုက်လုပ်တာ၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ ကြိုးစားတာတွေ ဖြစ်လာတတ်ပါတယ်။ ဒါပေမယ့် လင်မယားရန်ဖြစ်ကြတာ၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်စွပ်စွဲကြတာမျိုးတွေ လုပ်လာရင်တော့ ယောကျ်ားကို အိမ်က ထွက်ပြေးသွားအောင်လုပ်တာနဲ့ အတူတူပါပဲ။ အဲဒီအချိန်ဟာ ယောကျ်ားစွဲမက်အောင်လုပ်ဖို့ အရေးကြီးဆုံးအချိန် ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ကိုယ်က အာဃာတတိုက်လိုက်တာဟာ ကိုယ့်ဘက်က အရှုံးပေါ်စေပါတယ်။ ဒါကြောင့်မို့ အဲဒီ "ကစားပွဲ" မှာ အနိုင်ရချင်ရင် မိန်းမဟာ စိတ်ထိခိုက်စရာကောင်းတဲ့ မျက်ရည်နဲ့ ရဲရင့်တဲ့အပြုံးကို ကျွမ်းကျင်စွာ ပေါင်းစပ်ပေးဖို့ လိုအပ်ပါတယ်။ ခြိမ်းခြောက်အကျပ်ကိုင်မှုနဲ့ မြူဆွယ်မှုကို ကျွမ်းကျွမ်းကျင်ကျင် ပေါင်းစပ်ပေးတတ်ဖို့ လိုအပ်ပါတယ်။

အမှန်ပြောရရင်တော့ ဒီလိုလုပ်ရတာဟာ တော်တော်စိတ်ညစ်ညူးဖွယ်ကောင်းတဲ့ ပညာရပ်ပါပဲ။ ဒီလိုငိုလား၊ ရယ်လား လုပ်ရတာ တိုက်တဆိုက်မှန်းနေ၊ ကြောက်နေရတာ ယောကျ်ားတစ်ယောက်ရဲ့ ချို့ယွင်းအားနည်းချက်နဲ့ မာနကို မီးစင်ကြည့်ကစားရတာ၊ သူ့ကို ခြိမ်းခြောက်ရတာ၊ လိမ်ရညာရတာ သူ့ကို ကိုင်တွယ်အုပ်ချုပ်ရတာ စသည်တို့ဟာ တော်တော်စိတ်ညစ်စရာကောင်းတဲ့ အတတ်ပညာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်ရတာတွေ အားလုံးဟာ "အိမ်ထောင်ပြုခဲ့လို့၊ လက်ထပ်ခဲ့လို့ ဖြစ်တယ်" လို့ပဲ မိန်းမဘက်က ဆင်ခြေပေးရတော့မှာပဲ။ သူ့မှာ အိမ်ထောင်ကို ဦးစီးနိုင်တဲ့ အလုပ်အကိုင်ရှိလို့ မရှိတရားဥပဒေ အကာအကွယ်လည်းမရှိ၊ ပုဂ္ဂိုလ်ရေးရာ ဆက်သွယ်မှုလည်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အဖြစ်မျိုးကို ရောက်ရတာကိုး။ နာမည်ကိုတောင် ကိုယ်မပိုင်တော့ဘဲကိုး။ မိန်းမဟာ ယောကျ်ားရဲ့ "တစ်ခြမ်း" ဖြစ်နေတာကိုး။ (လက်ထပ်သွားရင် ယောကျ်ားရဲ့ နာမည်ကိုခံရတဲ့အဖြစ်ကို ပြောနေတာပါ။) ယောကျ်ားက ပစ်သွားတယ်ဆိုရင်လည်း မိန်းမမှာ သူ့ရဲ့အတွင်းအဇ္ဈတ္တက အကူအညီကိုလည်း မရ၊ အပြင်ပက အကူအညီကိုလည်း မရဘဲ မျက်နှာငယ်နဲ့ ကျန်ရစ်ခဲ့ရတယ်။ စာရေးဆရာကြီး တော်လစတွိုင်းရဲ့ မိန်းမ ဆိုဖီယာ ယောကျ်ားအပေါ်ကို မကိုင်တွယ်တတ်ဘူးလို့ အပြစ်ပြောရတာကတော့ လွယ်ပါတယ်။ ဒါပေမယ့် ဆိုဖီယာဟာ တကယ်လို့သာ ဟန်ဆောင်ပန်ဆောင်ကလေးတောင် ယောကျ်ားနဲ့ ပေါင်းသင်းမနေရင် ဘာလုပ်ရမှာလဲ။ သူ ဘယ်သွားနေရမှာလဲ။ သူ့ ကံကြမ္မာဟာ ဘယ်လိုဖြစ်သွားမလဲ။ ဟုတ်ပါတယ်။ အပေါ်ယံကြည့်ရင်တော့ ဆိုဖီယာဟာ ယောကျ်ားအပေါ်မှာ စိတ်ချမ်းသာမှု ဘာမျှမပေးနိုင်တဲ့ မုန်းစရာ မိန်းမတစ်ယောက်ပါပဲ။ ဒါပေမယ့် သူ့အပေါ်မှာ ပဒေသရာဇ်ကြီးလို ပြုမူပြီး ကျွန်လိုထားတဲ့ ယောကျ်ားကို သူ ဘယ်လိုချစ်နိုင်ပါ့မလဲ။ လင်နဲ့မယားကြားမှာ သစ္စာရှိမှုနဲ့ မိတ်ဆွေသဖွယ် ဆက်ဆံရေးမျိုး ရှိဖို့အတွက် အရေးကြီးတဲ့ အချက်ကတော့ သူတို့နှစ်ယောက်စလုံးဟာ လွတ်လပ်တဲ့ ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ရှိရမယ်။ အရေးကြီးတဲ့ ပြဿနာတွေမှာ တစ်ယောက်နဲ့တစ်ယောက် တန်းတူမှုရှိရမယ်။ ဒါပေမယ့် ယောကျ်ားဟာ စီးပွားရေးလွတ်လပ်မှုကို ပိုင်ဆိုင်ပြီး တရားဥပဒေနဲ့ ထုံးတမ်းစဉ်လာအရလည်း အခွင့်သာမှုတွေ အများကြီးရနေလေတော့ သူ့ဘက်ကလည်း ပဒေသရာဇ်တစ်ပါးလို ကျင့်ကြံပြုမူလာမှာ ဓမ္မတာပါပဲ။ ဒီလို ကျင့်ကြံပြုမူလာတယ်ဆိုရင် မိန်းမဘက်ကလည်း ပုန်ကန်ဆန့်ကျင်လာပြီး အသံတစ်မျိုး ထွက်လာတော့တာပါပဲ။

လက်ထပ်ထိမ်းမြားရေးကိစ္စမှာ ကြေကွဲစရာတွေရှိတယ်။ အိမ်ထောင်ရေးဘဝမှာ မပြည့်စုံတာတွေရှိတယ်ဆိုတာ ဘယ်သူမှငြင်းကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုဖြစ်လာတာဟာ လက်ထပ်ထိမ်းမြားရေးကြောင့် ဖြစ်တာမဟုတ်ဘူး။ လူအပေါ်မှာ တည်ပြီးဖြစ်ကြတာလို့ လက်ထပ်ထိမ်းမြားရေးကို ကာကွယ်သူများက ပြောတတ်ကြပါတယ်။ ဥပမာပြရင် တော်လ်စတွိုင်းဟာ "စစ် နှင့်ငြိမ်းချမ်းရေး" ဝတ္ထုကြီးရဲ့ အဆုံးမှာ စံပြဇနီးမောင်နှံတစ်ခုတို့ရဲ့ ဘဝကို ရေးချယ်ပြခဲ့တယ်။ ပီယာနဲ့ နာတာရှာတို့ရဲ့ ဘဝပါ။ နာတာရှာဟာ ငယ်စဉ်က ပျံတန်တန် နန့်တန့်တန့် ကောင်မလေး။ စိတ်ကူးကလည်း ခပ်ယဉ်ယဉ်။ ဒါပေမယ့် အိမ်ထောင်ကျသွားတဲ့အခါမှာ သူ့ကိုကြည့်ပြီး အားလုံးအံ့အားသင့်ကုန်ကြတယ်။ နာတာရှာဟာ အဝတ်အစားကိုလည်း ဂရုမစိုက်တော့ဘူး။





အပေါင်းအသင်းကိုလည်း အလေးမမူတော့ဘူး။ ပျော်ရွှင်မှုတွေကိုလည်း သတိမရတော့ဘူး။ ယောကျ်ားနဲ့ကလေးတွေကိုပဲ လုံးဝအာရုံစိုက်ထားလိုက်တော့တယ်။ ငယ်ငယ်တုန်းက သူ့ကို စွဲမက်စရာဖြစ်အောင် လုပ်ပေးခဲ့တဲ့ ရွှင်လန်းတက်ကြွမှုမျိုး၊ ဘဝမီးလျှံမျိုး လုံးဝမရှိတော့ဘဲ ပျာယီးပျာယာ ဩဇာပေးတတ်တဲ့ မိန်းမကြီးတစ်ယောက် ဖြစ်လာတယ်။ ပီယာအပေါ်မှာလည်း မနာလိုဝန်တိုတတ်ပြီး စစ်စီတဲ့ မိန်းမကြီးတစ်ယောက်ဖြစ်လာခဲ့တယ်။ ပီယာကလည်း အလျင်က အပေါင်းအသင်းတွေကို စွန့်ပြီး အိမ်လုပ်ငန်းနဲ့ မိသားစုကိုပဲ အာရုံစိုက်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာတယ်။ သူ ရေးချယ်ပြသွားတဲ့ အဲဒီ ချစ်စရာ၊ ကြည်နူးစရာရုပ်ပုံလွှာကို သေသေချာချာ ဆန်းစစ်ကြည့်ဖို့ လိုပါ တယ်။

တော်လ်စတွိုင်းက ပီယာနဲ့ နာတာရှာတို့နှစ်ဦးဟာ ခန္ဓာကိုယ်နဲ့ ဝိညာဉ်လို ပေါင်းစည်းနေကြတယ်လို့ ရေးခဲ့ပါတယ်။ ဒါပေမယ့် ဝိညာဉ်က ခန္ဓာကိုယ်ကို ခွဲခွာသွားရင် ရုပ်ကလပ်သာ ကျန်တော့မှာဖြစ်ပါတယ်။ အကယ်၍သာ ပီယာက နာတာရှာကို အချစ်ပြယ်သွားရင် ဘယ်လိုဖြစ်မလဲ။ ဒီအိတ်လော့ရင့်စ်ဟာလည်း ဒီအတိုင်းပါပဲ။ ယောကျ်ားဆိုတာ ဖောက်ပြားတတ်တယ်။ စိတ်အပြောင်းအလဲရှိတယ်ဆိုတာကို သူ လက်မခံပါဘူး။ သူ့ဇာတ်လိုက် ဒွန်ရာမွန်ဟာ သူ့ဝိညာဉ်တစ်ခုလုံးကို ပုံအပ်ခဲ့တဲ့ အိန္ဒိယလူမျိုးမလေး ဆရီဇာကို အမြဲတစေချစ်နေရမယ်လို့ တောင်းဆိုခဲ့တယ်။

ဒါပေမယ့် ထူးခြားတဲ့၊ အကြွင်းမဲ့ဖြစ်တဲ့၊ ထာဝရဖြစ်တဲ့ အချစ်ကို ယုံကြည်သူ တစ်ဦးဖြစ်တဲ့ ကဗျာဆရာ အန်ဒရေဘရေတန်ကတော့ လက်ရှိ အခြေအနေများမှာ အချစ်ဟာ ရည်မှန်းချက်ပန်းတိုင်မှားနေတယ်လို့ ပြောခဲ့ပါတယ်။ (အချစ်ဟာ လက်ထပ် ထိမ်းမြားခြင်းကို ရည်မှန်းချက် ပန်းတိုင်အဖြစ်ထားနေတယ်ဆိုတာဟာ မှားတယ်ဆိုတဲ့သဘော) မှားတယ်ပဲပြောပြော၊ မှန်တယ်ပဲပြောပြော လောလောဆယ်မှာတော့ ယောကျ်ားတွေကတော့ ဒီအတိုင်းပဲလက်ခံထားကြပါတယ်။ပီယာဟာ ကျန်းမာသန်စွမ်းသူတစ်ယောက်ဖြစ်ပြီး နဂိုကတည်းက ကာမဂုဏ် အာရုံတွေကို လိုက်စားသူဖြစ်တယ်။ ဒီလို ယောကျ်ားတစ်ယောက်ဟာ တခြားမိန်းမတွေကို သွေးသားအရတပ်မက်တယ်။ ဒီအခါမှာ နာတာရှာက မနာလိုဝန်တိုဖြစ်တယ်။

မကြာမီ သူတို့နှစ်ယောက်ဆက်ဆံရေးဟာ အဖုအထစ်တွေ ဖြစ်လာမယ်။ ဒီအခါမှာ ပီယာက သူ့ကို စွန့်ခွာသွားမယ်ဆိုရင် နာတာရှာဟာ ဘဝပျက်မယ်။ တစ်ခါ ပီယာက လိမ်လည်လှည့်ဖြားမယ်။ မချစ်သော်လည်း အောင့်

www.burmeseclassic.com



ကာနမ်းဆိုသလို မချစ်ဘဲနှင့်ပေါင်းသင်းနေရမယ်ဆိုရင်လည်း ပီယာ့အဖို့ ဘဝ ပျက်မယ်။ ဒါမှ မဟုတ်ရင်လည်း သူတို့နှစ်ယောက်တစ်ဘက်တစ်ဘက် အပေး အယူလုပ်ပြီး စိတ်မပါတပါနဲ့ ဆက်လက်နေကြမယ်ဆိုရင်လည်း နှစ်ယောက် စလုံးစိတ်ဆင်းရဲရမယ်။

ကိစ္စမရှိပါဘူး။ ပီယာက စွန့်သွားရင်လည်း နာတာရှာမှာ သားတွေ သမီးတွေရှိသားပဲလို့ တချို့က ပြောကောင်းပြောမယ်။ ဒါပေမယ့် သားသမီးဆို တာ အဆင်ပြေပြီး ဟန်ချက်ညီနေတဲ့ အချိန်တစ်ချိန်၊ အခြေအနေတစ်ခုမှာသာ ပျော်ရွှင်မှုပေးနိုင်တဲ့ ပစ္စည်းဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိခင်ဖခင်စုံစုံ ညီညီ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေတဲ့ အချိန်မှာသာ ကိုယ့်ကို ပျော်ရွှင်မှု၊ ကြည်နူး မှုပေးနိုင်တဲ့ ပစ္စည်းဖြစ်ပါတယ်။

ဒါပေမယ့် လင်စွန့်ပစ်ခံရပြီး မုဆိုးမဖြစ်တဲ့ ... ဒါပေမယ့် လင်စွန့်ပစ်ခံရပြီး မနာလိုဝန်တို ဖြစ်တတ်တဲ့ မယား တစ်ယောက်အဖို့တော့ သားသမီးဟာ အင်မတန်ကြီးလေးတဲ့ ဝန်ထုပ်ကြီး ဖြစ်လာပါတယ်။ တော်လစတွိုင်းဟာ ပီယာရဲ့ အတွေးအခေါ်တွေကို အရမ်း ကာရော သက်ဝင်ယုံကြည်တတ်တဲ့ နာတာရှာရဲ့ ဦးစားပေးမှုမျိုးကို ချီးကျူး အားကျပါတယ်။

ဒါပေမယ့် ယောကျာ်းဟာ မိန်းမကို ဦးထိပ်ပန်ဆင်ခြင်း ပြုရမယ်လို့ တောင်းဆိုတဲ့ အခြားတစ်ယောက်ဖြစ်တဲ့ ဒီအိတ်လောရင့်စ် ကတော့ ပီယာလို လူမျိုးကိုရော၊ နာတာရှာလို မိန်းမမျိုးကိုရော မနှစ်သက်ပါဘူး။ တခြား ယောကျာ်းတွေရဲ့ အမြင်မှာတော့ လူတစ်ယောက်ဟာ ကိုးကွယ်စရာ ရွှံ့ရုပ်တု တစ်ခုလို့ မြင်ကောင်းမြင်မယ်။ ဒါပေမယ့် သူဟာ နတ်ဘုရားအစစ်တော့ မဟုတ်ဘူးလို့ ယူဆတယ်။ အဲဒီလူကို သွားကိုးကွယ်နေခြင်းဟာ သူ့ဘဝကို ကယ်တင်ရာမရောက်ဘဲ ကိုယ့်ဘဝကိုပါ ဖျက်ဆီးရာ ရောက်တယ်လို့ ထင် တတ်ကြပါတယ်။ ဒါက သူတို့ ယောကျာ်းတွေ အမြင်ကိုး။ မိန်းမတွေကတော့ ဘယ့်နှယ်လုပ်ပြီး ဒီလိုမြင်နိုင်ပါ့မလဲ။ ယောကျာ်းတွေရဲ့ ဖွဲ့မက်စရာတွေဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတတ်ကြတယ်။

ဒီအခါမျိုးကျတော့လည်း ယောကျာ်းတွေရဲ့ အခွင့်အာဏာဟာ အပို ဖြစ်သွားတယ်။ မိန်းမဟာ ကိုယ်ကိုယ်တိုင် ဝေဖန်ရတယ်။ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ရတယ်။ ယောကျာ်းရဲ့ ကျိုးနွံသော ပုံတင်သံတစ်ခုအဖြစ် မနေနိုင်တော့ ဘူး။ ဒါတွင်မကဘူး။ မိန်းမကို ကိုယ့်ရဲ့ထင်မြင်ချက်တွေ၊ အယူအဆတွေကို အတင်းလက်ခံအောင် လုပ်တာဟာလည်း တော်တော်ကို နိမ့်ကျပါတယ်။ ယောကျာ်းဟာ မိမိရဲ့ အယူအဆတစ်ခုကို မိန်းမ လက်ခံစေချင်ရင် သူ့ဘာသာ





သူ လွတ်လပ်စွာ စဉ်းစားရွေးချယ်နိုင်အောင် လုပ်သင့်ပါတယ်။

ပြီးတော့ ယောကျာ်းရဲ့အတွေးအခေါ်တွေ၊ သူနားမလည်တဲ့ အတွေး အခေါ်တွေကိုလည်း မိန်းမကို လက်ခံဖို့၊ ဒါမှမဟုတ် ငြင်းဆိုဖို့ မတောင်းဆို သင့်ပါဘူး။ မိမိရဲ့ အတွေးအခေါ်တရားတွေဟာ တခြားသူဆီက ငှားထားတဲ့ အတွေးတွေ မဖြစ်သင့်ပါဘူး။ ကိုယ်ပိုင်သာ ဖြစ်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမတို့ဘက်မှ ရှေ့နေလိုက်ခြင်း

ပီယာ၊ နာတာရှာတို့ စုံတွဲရဲ့ ပြောင်းပြန်နမူနာကတော့ တော်လစတွိုင်းနဲ့ ဆိုဖီတို့စုံတွဲပါပဲ။ ဆိုဖီဟာ သူ့ယောက်ျားကို တော်တော် စိတ်ပျက်ကုန်ခမ်းပါတယ်။ သူ့ယောက်ျားဟာ "ကြောက်စရာကောင်းလောက်အောင် ငြီးငွေ့စရာကောင်းတယ်" လို့ မြင်တယ်။ သူ့ယောက်ျားဟာ အနီးတစ်ပိုက်မှာရှိတဲ့ ကျေးတောသူတွေနဲ့ ပျော်ပါးပြီး သူ့ကို လိမ်ညာလှည့်ဖြားနေတယ်လို့ ယူဆတယ်။ ဆိုဖီဟာ မနာလိုဝန်တိုဖြစ်တယ်။ သေချင်လောက်အောင် ငြီးငွေ့တယ်။ ပျော်ရွှင်မှုရယ်လို့ ဘာမှမရှိဘဲ ကလေးတစ်ယောက်ပြီးတစ်ယောက် ကိုယ်ဝန်ဆောင်နေရတယ်။ သူ့ကလေးတွေကလည်း အချစ်ငတ်နေတဲ့ သူ့နှလုံးသားကို မပြည့်နိုင်ဘူး။ ပျော်ရွှင်မှုငတ်နေတဲ့ သူ့ဘဝကို စိုပြည်အောင် မလုပ်နိုင်ကြဘူး။ သူ့အဖို့ ယောက်ျားအဖို့လည်း အိမ်ဟာ လောကငရဲကြီးနဲ့ တူနေတယ်။ ဒီတော့ ဘာဖြစ်ကြသလဲ။ နောက်ဆုံးမှာ ဆိုဖီဟာ အရူးမကြီးလိုဖြစ်ပြီး စိုစွတ်နေတဲ့ သစ်တောထဲမှာ အဝတ်အစားမလုံမလဲနဲ့ အိပ်တာမျိုးတွေ၊ တော်လစတွိုင်းဟာလည်း သူတို့ တစ်သက်လုံး "ပေါင်းဖော်ခဲ့တဲ့ဘဝ" ကို စွန့်ပစ်ပြီး အိမ်ကထွက်ပြေးတဲ့ အဘိုးအိုကြီးတစ်ယောက်ဖြစ်သွားတာမျိုးတွေ ဖြစ်လာခဲ့တော့တာပါပဲ။

မှန်ပါတယ်။ တော်လစတွိုင်းရဲ့ အဖြစ်မျိုးကတော့ ခြွင်းချက် ဖြစ်ချင်ဖြစ်မယ်လို့ ပြောနိုင်ပါတယ်။ လောကကြီးမှာ အဆင်ပြေပြေဖြောင့်ဖြူးနေတဲ့ အိမ်ထောင်ရေးတွေ အများကြီးရှိပါတယ်။ ယောက်ျားနဲ့မိန်းမ၊ လင်နဲ့မယား အပေးအယူလုပ်ပြီး ညှိနေရသွားကြတာတွေလည်း အများကြီးပါပဲ။ သူတို့နှစ်





ယောက်ဟာတစ်ယောက်ကိုတစ်ယောက် စိတ်ဆင်းရဲအောင် မလုပ်ကြဘဲ တစ်ယောက်ကို တစ်ယောက် မလိမ်ညာကြဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားကြတာပါပဲ။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံး ရှောင်လို့မရဘဲ တွေ့နေရတဲ့ ကျိန်စာကြီးတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ငြီးငွေ့မှုပဲ။ ယောက်ျားဟာ သူ့မိန်းမကို မိမိရဲ့ ပဲ့တင်သံတစ်ခုအဖြစ် ပြောင်းလဲလို့ အောင်မြင်သည်ဖြစ်စေ၊ မိန်းမရော ယောက်ျားပါ မိမိတို့ရဲ့ ကိုယ်ပိုင်စကြဝဠာထဲမှာ ကတုတ်ကျင်းတူးပြီး အခိုင်အလုံသီးခြားနေကြသည်ဖြစ်စေ၊ လပေါင်း နှစ်ပေါင်းကြာလာတဲ့အခါမှာတော့ သူတို့နှစ်ယောက်စလုံးမှာ ပြောစရာစကားတွေ ကုန်ခမ်းသွားတတ်ကြတယ်။ လင်မယားနှစ်ယောက်ဟာ အဖွဲ့အစည်းကလေးတစ်ခု ဖြစ်တယ်။ သူတို့နှစ်ဦးဟာ အထီးကျန်ဖြစ်မှုကို မလွန်မြောက်နိုင်ဘဲ နောက်ဆုံးမှာ သူတို့ရဲ့ ကိုယ်ပိုင်လွတ်လပ်မှုကိုလည်း ဆုံးရှုံးသွားခဲ့ကြတယ်။ သူတို့ဟာ ပေါင်းဖော်လို့သာနေရတယ်။ သူတို့ပေါင်းဖော်မှုဟာ ရင်သန့်တဲ့ပေါင်းဖော်မှု၊ ရင်သန့်တဲ့ဆက်ဆံရေးမျိုး မဟုတ်တော့ဘဲ အသေလိုဖြစ်နေတဲ့ ပေါင်းဖော်မှု၊ အသေလိုဆက်ဆံရေးဖြစ်သွားကြတယ်။ ဒါကြောင့်မို့ သူတို့နှစ်ယောက်ဟာ အတွေးအခေါ်ကိစ္စမှာပဲဖြစ်ဖြစ်၊ အချစ်ကိစ္စမှာပဲဖြစ်ဖြစ်၊ တစ်ဦးကိုတစ်ဦး ဘာမျှမပေးနိုင်ကြတော့ဘဲ ဖြစ်သွားကြတယ်။ ဘာမျှမရေရာတဲ့ စကားတွေ၊ ဟာလာဟင်းလင်းဖြစ်နေတဲ့ တိတ်ဆိတ်မှုတွေ၊ သတင်းစာကို လှျောက်လှန်ပြီးသမ်းဝေနေတာတွေ၊ နောက်ဆုံးအချိန်တန်တော့ အိပ်ရာထဲဝင်သွားကြရတာတွေနဲ့ ပြည့်နှက်နေတဲ့ အဓိပ္ပါယ်မရှိတဲ့ ညချမ်းထောင်ပေါင်းများစွာကို ကုန်လွန်စေခဲ့ကြရတယ်။

တချို့က ပြောကြသေးတယ်။ ဒီလိုနှစ်ယောက်သား တိတ်ဆိတ်နေခြင်းဟာ စကားလုံးတွေနှင့် ဖော်ပြလို့မရအောင် နက်ရှိုင်းတဲ့ရင်းနှီးမှုကို ဖော်ပြနေတာဖြစ်တယ်။ လင်မယားဘဝဟာ ရင်းနှီးမှုကို ရစေတယ်တဲ့။ ဒါပေမယ့် အမုန်းတို့၊ မနာလိုမှုတို့ နာကြည်းမှုတို့ကို သိုဝှက်ထားတဲ့ အိမ်ထောင်တွေမှာလည်း ဒီအတိုင်းပါပဲ။ ရင်းနှီးမှုရတာကတော့ ဘယ်လိုလင်မယားမျိုးမှာပဲ ဖြစ်ဖြစ် ရှိကြတာပါပဲ။ ဒါပေမယ့် ဒီလို ရင်းနှီးမှုမျိုးနဲ့ စစ်မှန်တဲ့ လူသားချင်းစာနာမှု မျိုးကိုတော့ ခွဲခြားဖို့ လိုပါတယ်။

လင်မယားချစ်ကို ရှေ့နေလိုက်သူများက လင်မယားချစ်ဟာ သမီးရည်းစားချစ်ကို ပီပြင်အောင် လုပ်ပေးတယ်။ သမီးရည်းစားချစ်ကို အံ့သြဖွယ်ကောင်းတဲ့ စရိုက်လက္ခဏာမျိုးရှိလာအောင် လုပ်ပေးလိုက်တယ်လို့ ပြောတတ်ကြတယ်။ ဒါပေမယ့် လင်မယားနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်နေကြတယ်။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက်လည်း အကြောင်းကြောင်းကြောင့် ကင်းကွာလို့မရကြဘူးဆိုရင် ဒါဟာမှန်ကန်တဲ့ လူ့ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ တော်တော်သနားစရာကောင်းတဲ့ ဆက်ဆံရေးမျိုး ဖြစ်ပါလိမ့်မယ်။

စံပြအချစ်ဆိုတာမျိုးဟာ တစ်ဦးတစ်ဦး အပြန်အလှန် ချစ်ရမယ် အနှောင်အဖွဲ့တွေနဲ့လည်း ကင်းရမယ်။ တစ်နည်းပြောရရင် စံပြအချစ်ဟာ အပြန်အလှန်လည်း ဖြစ်ရမယ်။ အမျိုးမျိုးသော အကျိုးကျေးဇူးများကို မျှော်လ… ခြင်းမျိုးလည်း မပါရဘူး။ ဒီလို အချစ်မျိုးသာလျှင် စံပြအချစ်မျိုး ဖြစ်ပါတယ် တော်လစတွိုင်းက "ပီယာနဲ့ နာတာရှာတို့ လင်မယားဆက်ဆံရေးဟာ ဖော်… လို့ မရနိုင်တဲ့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်နဲ့ ဝိညာဉ်တို့ ပေါင်းစည်းမှုမျိုး ပေါင်းစည်းနေတဲ့ ခိုင်ခံ့မြဲမြံတဲ့ ဆက်ဆံရေးလို့ ပြောခဲ့တယ်။ ဒါကို တော်လစတွိုင်းက တော်တော်တန်ဖိုးထားပါတယ်။ ဒီအဆိုကို လက်ခံတယ်ဆိုရင် ဝိညာဉ်အဖို့ ခန္ဓာကိုယ်ဟာ အရေးမကြီးတဲ့အရာလိုဖြစ်နေတယ်။ ဝိညာဉ်သာ အဓိကဆိုတဲ့ သဘောကိုသက်ရောက်နေတယ်။ အိမ်ထောင်ရေးမှာ တစ်ယောက်က သဘောကျတာကို တစ်ယောက်က သဘောမကျသော်လည်း လက်ခံတယ်။ ညှိယူရတယ်။ သည်းခံရတယ်။ တခြားမပြောနဲ့ လင်နဲ့မယားသည်ပင်လျှင် တစ်ယောက်ကိုတစ်ယောက် သဘောမကျတာတွေရှိတယ်။ တစ်ယောက်အတိတ်ကို တစ်ယောက်မကြိုက်တာတွေရှိတယ်။ ဒါပေမယ့် အချစ်ကတော့သည်လိုမဟုတ်ဘူး။ အချစ်ဟာ ကိုယ့်ဆီကအပြင်ကို သွားနေတဲ့ လှုပ်ရှားမှုတစ်ခုဖြစ်တယ်။ အခြားလူတစ်ယောက်ကို စေလွှတ်လိုက်တဲ့ စေ… တစ်ခုဖြစ်တယ်။ မိမိနဲ့မတူ ကွဲပြားခြားနားသော လူတစ်ယောက်ဆီကို စေလွှတ်လိုက်တဲ့ စေတနာဖြစ်တယ်။ မြင်နေရတဲ့ ရည်မှန်းချက်တစ်ခုဆီ၊ အနာဂတ်တစ်ခုဆီကို လွှတ်လိုက်တဲ့ စိတ်တစ်ခု ဖြစ်တယ်။

ဒါပေမယ့် အိမ်ထောင်မှုကတော့ ဒီလိုမဟုတ်ဘူး။ ဝန်ထမ်းရတာ ဖြစ်တယ်။ မိမိအပေါ် အနိုင်အထက်ပြုမှုကို လက်ခံရတာဖြစ်တယ်။ ဒီလိုလု… တာဟာ အချစ်မဟုတ်ဘူး။ အမုန်းဖြစ်တယ်။ မနှစ်သက်မှုဖြစ်တယ်။

လူ့ဆက်ဆံရေးတစ်ခုဟာ ကိုယ်တိုင်တိုက်ရိုက်ခံစားတွေ့ကြုံရ… အဖိုးတန်တယ်။ ဥပမာအားဖြင့် ကလေးတွေနဲ့ မိဘရဲ့ဆက်ဆံရေးဆိုပါတော့ ကလေးတွေက မိဘအပေါ်ဆက်ဆံရေးဟာ သူတို့ကလေးတွေ ကိုယ်တိုင်က သဘောပေါက်လာမှသာလျှင် တန်ဖိုးရှိလာတာဖြစ်တယ်။ ဒါပေမယ့် လင်မယားဆက်ဆံရေးမှာတော့ နှစ်ဦးစလုံး တိုက်ရိုက်အတွေ့အကြုံတွေကို ဖြ…





…နဲ့ပြီး နောက်ကျမှ ဘာဖြစ်လို့ တစ်ယောက်ကိုတစ်ယောက် တန်ဖိုးမထားကြတော့ဘဲ ဖြစ်သွားရသလဲ။ ဘာဖြစ်လို့ အိမ်ထောင်တွေ ကွဲသွားကြရသလဲလို့ …မေးစရာရှိလာတယ်။ လင်မယားဘဝဟာ တော်တော်ရှုပ်ထွေးတဲ့ ဆက်ဆံရေးဖြစ်တယ်။ အဲဒီ ဆက်ဆံရေးထဲမှာ ချစ်ခင်နှစ်သက်တာ၊ နာကြည်းတာ၊ မုန်းတာ၊ ချုပ်တည်းထားရတာ၊ ဟန်ဆောင်ရတာ၊ ငြီးငွေ့တာ၊ မာနထားရတာ သည်တို့ အကုန်ပါနေတယ်။ ဒါပေမယ့် တကယ့်အချစ်ကတော့ အားလုံး…နေ လွတ်လပ်နေတယ်။

လွတ်လပ်ရမယ်ဆိုတဲ့ အတွက်ကြောင့် အချစ်ဟာ အပြောင်းအလဲရှိတယ်။ တစ်ယောက်ပြီးတစ်ယောက် ပြောင်းချစ်နေနိုင်တယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ညွတ်နူးတဲ့စိတ်ဆိုတာ လက်ရှိအချိန်ကို ကျော်လွန်သွားတဲ့ ခံစားချက်တစ်ခု ပေါ်လာတာကို ခေါ်တာ။ ဒါပေမယ့် အဲဒီလို ဆက်ဆံရေးမျိုးကို ဆက်လက်ထားရှိမလား၊ ဖြတ်တောက်ပစ်မလားဆိုတာကတော့ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ စိတ်နေသဘောထား၊ လူပုဂ္ဂိုလ် တစ်ဦးချင်းရဲ့ အပြုအမူပေါ်မှာ တည်ပါတယ်။ ညွတ်နူးစိတ်ဟာ ပြင်ပချုပ်ကိုင်မှုများက ကင်းလွတ်ရင်၊ ပြင်ပအကြောင်းတရားများက ကင်းလွတ်ရင် လွတ်လပ်တယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် လင်မယားချစ်ကတော့ မျိုးသိပ်မှုတွေ၊ လိမ်လည်လှည့်ဖြားမှုတွေကို ပေါ်ပေါက်စေနိုင်ပါတယ်။ လင်မယားရဲ့ ရင်းနှီးမှုဟာ သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး တကယ်အမှန် သိနားလည်ရေးကို တားဆီးထားပါတယ်။ နေ့စဉ်ရင်းရင်းနှီးနှီး နေရတဲ့အတွက် တစ်ဦးကိုတစ်ဦး နားလည်လာကြတယ်လို့ မထင်ပါနဲ့။ ပိုပြီး ကြင်နာလာကြတယ်လို့ မထင်ပါနဲ့။ ယောက်ျားဟာ ကိုယ့်မိန်းမကို သိပ်လေးစားလွန်းတဲ့ အခါကျတော့ သူ့ရဲ့ စိတ်ဓာတ်ဆိုင်ရာ ဘဝကို သိပ်စိတ်ဝင်စားမှု လျော့နည်းသွားတတ်ပါတယ်။ သူ့ဇနီးဟာ သူ့ကိုချစ်ရဲ့လား၊ ဖိုမဆက်ဆံရေးမှာ ကျေနပ်ရောင့်ရဲမှုကို ရရဲ့လား။ သူ့စကားကို နားထောင်ရတာ၊ လိုက်နာရတာ နှစ်ခြိုက်ရဲ့လား၊ ကြည်ဖြူရဲ့လား၊ ဒီစကားမျိုးတွေကို ဇနီးကို သူမမေးရဲဘဲ ဖြစ်နေတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ "မိန်းမကောင်း" တစ်ယောက်ကို လက်ထပ်ခဲ့တာ။ သူယူခဲ့တဲ့ မိန်းမဟာ လမ်းပေါ်က မိန်းမမဟုတ်ဘူး။ အမျိုးကောင်းသမီး။ ဒီတော့ ယောက်ျားဟာ ကိုယ့်ဇနီးကို ဒီလိုမေးခွန်းမျိုးတွေကို မမေးရဲဘဲဖြစ်နေတယ်။ သူ့မိန်းမဟာ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့မိန်းမ၊ သစ္စာရှိတဲ့မိန်းမ၊ လင်ကို အိမ်ဦးနတ်သဖွယ် ကိုးကွယ်တဲ့ မိန်းမ၊ သန့်ရှင်းစင်ကြယ်တဲ့ မိန်းမ၊ ပျော့ရွှင်တဲ့ မိန်းမ၊ သူ့မိန်းမဟာ မိန်းမကောင်းတို့သာ တွေးတဲ့ အတွေးမျိုးကိုတွေးတဲ့ မိန်းမ၊ နေထိုင်မကောင်းတဲ့လူမမာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ဟာ သူ့ကို ပြုစုဂရုစိုက်တဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးသား ချင်းတွေ၊ ဆရာဝန်ဆရာမတွေကို ကျေးဇူးတင်စကား ဆိုမယ်။ ဒါပေမယ့် သူ့အနားမှာ နေ့မအားညမအား ပြုစုစောင့်ရှောက်ခဲ့တဲ့ ချစ်ဇနီးကိုတော့ ကျေးဇူး စကားတစ်ခွန်းဆိုဖော်မရဘူး။ "သူ့ကိုတော့ ဘာကျေးဇူးတင်စရာရှိသလဲ၊ ဒါ ဟာ သူ့ဝတ္တရားပဲ"လို့ လွယ်လွယ်ပဲ ထင်လိုက်ကြတယ်။ လင်ယောကျ်ားတစ် ယောက်ဟာ ကိုယ့်မိန်းမရဲ့ ကောင်းတဲ့အရည်အချင်းတွေကို ဘယ်တော့မျှ ချီး ကျူးထိုက်တယ်လို့ မထင်ကြဘူး။ ဒါက ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းက သင်ကြားပေးလိုက်တာပဲ။ အိမ်ထောင်ရှင်ဆိုတာ ဒီလိုပဲဖြစ်ရမယ်လို့ အစဉ် အလာက ရှိခဲ့တာပဲဆိုပြီး လွယ်လွယ်သဘောထားလိုက်ကြတယ်။ ကိုယ့်မိန်း ဘယ်လောက်ပဲတော်တော် ကိုယ့်မိန်းမဟာ ရှေးဇာတ်တော်တွေထဲမှာပါတဲ့ မိန်းမမြတ်တွေရဲ့ အတန်းအစားထဲမှာ မပါဘူးလို့ ထင်တယ်။ ကိုယ့်မိန်းမက ကိုယ့်အပေါ်မှာ သစ္စာရှိရင်လည်း ဒါဟာ စောင့်ထိန်းရမယ့်ဝတ္တရားရှိလို့ စောင့် ထိန်းတာသာဖြစ်တယ်လို့ ယူဆတယ်။ ဒီလိုဖြစ်အောင် မိန်းမမှာ သူ့စိတ်ထဲက ဖောက်ပြန်တာတွေ၊ ပတ်ဝန်းကျင်က ဖြားယောင်းမှုတွေကို ဘယ်လောက်ခုခံ တွန်းလှန်ရသလဲလို့ မမြင်ဘူး။ သူလည်းလေ လောကီသားပေမို့လို့ မမြင်နိုင် ဘူး။ မိန်းမစိတ်ရှည်ရတာ၊ ချုပ်တည်းရတာ၊ ဣန္ဒြေဆယ်ရတာ၊ သန့်ရှင်းပြီး အစွန်းအထင်းမရှိအောင် နေရတာဟာ ခက်ခက်ခဲခဲနဲ့ ရလာတဲ့ အောင်မြင်မှု တွေကို သူမမြင်နိုင်ဘူး။ မိန်းမရဲ့ အိပ်မက်တွေ၊ စိတ်ကူးတွေ၊ အတိတ်ကို ပြန်လွမ်းတာတွေ၊ ငယ်ငယ်ဘဝက စိတ်ခံစားချက်တွေကို သူလုံးဝ နားမလည် ဘူး။ သူဟာ ကိုယ့်မိန်းမကို ကြင်နာကောင်း ကြင်နာမယ်။ သနားကောင်း သနားမယ်။ ဒါပေမယ့် သူ့မိန်းမဟာ သီးခြားလွတ်လပ်တဲ့ လူပုဂ္ဂိုလ်တစ် ယောက်ဖြစ်တယ်ဆိုတာကို မမြင်ဘူး။ ဒီလို မမြင်တဲ့အခါကျတော့ မိန်းမက ဖောက်ပြန်တဲ့အပြုအမူကို တစ်ခွန်းတစ်စပြုလာခဲ့ရင်ပဲ ယောကျ်ားဟာ အလန့် တကြားဖြစ်ပြီး မိန်းမကို ကြီးလေးတဲ့ စွဲချက်ကြီးတွေ တင်တော့တာပါပဲ။

## မိန်းမတစ်ယောက်ရဲ့ ပထမအနှစ်နှစ်ဆယ်

မိန်းမဟာ စာရိတ္တချို့ယွင်းသူဖြစ်ရတယ်။ ဘာဖြစ်လို့ဆိုတော့ ပြည့်စုံ ပြီး ခြောက်ပြစ်ကင်းတဲ့ မိန်းမတစ်ယောက်ဖြစ်ဖို့ဆိုတာ သိပ်မလွယ်ဘူး။ ရှေးက ဘာတွေထဲမှာ မိန်းမမြတ်တစ်ဦးဖြစ်ဖို့ဆိုတာ "လူလွန်သမီး" ဖြစ်မှရမယ်။ ရှေး ဘာဆိုတွေထဲမှာရှိတဲ့ မိန်းမမြတ်ဝင်စားမှ ဖြစ်နိုင်မယ်။ မိန်းမဟာ သူ့ဘာသာသူ လွတ်လပ်စွာတွေး၊ လွတ်လပ်စွာစဉ်းစား၊ လွတ်လပ်စွာအိပ်၊ လွတ်လပ်စွာ တောင့်တ၊ လွတ်လပ်စွာ အသက်ရှူပြီး သူတို့သဘောအလျောက် လွတ်လွတ် လပ်လပ် နေလာတာနဲ့ တစ်ပြိုင်နက် ယောကျ်ားတွေ စွဲမက်စရာမကောင်း တော့ဘဲ ဖြစ်သွားတတ်တယ်။ ဒါပေမယ့် မိန်းမဟာ သူ့ယောကျ်ားအပေါ်မှာ လည်း ကောင်းကောင်းနားမလည်ဘူး။ မိန်းမဟာ သူ့ယောကျ်ားအရေးမကြီးတဲ့ အလုပ်ကလေးတွေကို လုပ်ကိုင်နေတာ၊ ကိစ္စကလေးတွေကို ပြုမူလုပ်ကိုင်နေ တာကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့အတွက် သူ့ယောကျ်ားရဲ့ ပကတိရုပ်၊ သူ့ယောကျ်ားရဲ့ ဇာတိရုပ်၊ သူ့ယောကျ်ားရဲ့ အတွင်းသဘောကို သိတယ်လို့ ထင်နေတတ်တယ်။ ဒါပေမယ့် တကယ့်ယောကျ်ားရဲ့ ဇာတိဟာ ယောကျ်ား အချင်းချင်းဆက်ဆံကြတဲ့အခါမှသာ ပေါ်လာတတ်တာမျိုးကလား။ ယောကျ်ား ဟာ အဝေးကို၊ အပေါ်ကို ပျံသွားတတ်တယ်။ ဒီအချက်ကို သဘော မပေါက်ရင် ယောကျ်ားရဲ့ အတွင်းစိတ်ကိုလည်း နားမလည်နိုင်ဘူး။ မိန်းမတစ် ယောက် ပြောဖူးသလိုပေါ့။ "ကဗျာဆရာရဲ့မိန်းမဖြစ်ရတာဟာ စိတ်ညစ်စရာပါ ရှင်၊ အိမ်သာတက်ပြီးတော့ ရေမဆွဲဘဲနဲ့ သည်အတိုင်းထားချင်ထားခဲ့တာ"လို့ သူက ညည်းဖူးပါတယ်။ ကဗျာဆရာတော့ ကဗျာဆရာပါပဲ။ ဒါပေမယ့် သူ့ခမီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ အဝေးက ကဗျာဖတ်တဲ့ ပရိသတ်လောက်တောင် သူ့ကဗျာတွေကို စိတ်ဝင်စားမှု ရှိချင်မှရှိတတ်တာကိုး။ ဒါဟာလည်း မိန်းမရဲ့အပြစ်တော့ မဟုတ်ပါဘူး။ မိန်းမမှာ သူ့ကဗျာတွေနှင့် ထိတွေ့ဖို့ အခွင့်အရေးမှ မရဘဲကိုး။ သူ့ကဗျာတွေကို လိုက်ပြီး ခံစားနိုင်ဖို့ အတွေ့အကြုံ၊ ရသအမြင်တို့မှ မရှိခဲ့ဘဲ ကိုး၊ ယောကျ်ားရဲ့ စိတ်မှာသာ သူ့မိန်းမက သူ့ကဗျာတွေကိုဖတ်ပြီး အရသာခံစေချင်ပေမယ့် မိန်းမကတော့ အိမ်မှုကိစ္စတွေနဲ့ပဲ ချာလပတ်လည်နေရတယ် မဟုတ်လား။

အဲ တချို့သော အခွင့်ထူးရတဲ့ မောင်နှံများမှာတော့ မိန်းမဟာ ယောကျ်ားရဲ့ တကယ့်ဘဝအဖော် ဖြစ်သွားနိုင်တယ်။ ယောကျ်ားရဲ့ လုပ်ငန်းတွေထဲမှာ ပါဝင်ဆွေးနွေးမယ်၊ အကြံဉာဏ်ပေးမယ်၊ အလုပ်ထဲမှာလည်း မောင်တစ်ထမ်း မယ်တစ်ရွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်မယ်။ ဒါပေမယ့် ဒီလို ကိုယ်တိုင် ကိုယ်ကျ ပါဝင်လုပ်ကိုင်ပေးတဲ့အတွက်၊ ဝင်ရောက်ကူညီတဲ့အတွက် ဒီအလုပ်ဟာ သူ့ရဲ့ ကိုယ်တိုင်အလုပ်လို့ထင်ရင်တော့ အမြင်မှားတာပဲဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စဟာ ကိုယ်ကအားက ဝင်ကူညီတာဖြစ်ပြီး အဓိကတာဝန်ရှိသူ အဓိကဆောင်ရွက်သူကတော့ ယောကျ်ားဖြစ်နေလို့ပါပဲ။ ကိုယ့်ယောကျ်ားရဲ့ အလုပ်ကို လုပ်ပေးရာမှာ ပျော်ရွှင်မှုရဖို့၊ ကိုယ်ယောကျ်ားရဲ့ အကျိုးကို ဆောင်ရွက်ပေးရာမှာ ပျော်ရွှင်ဖို့ကတော့ ကိုယ်ယောကျ်ားကို ချစ်ရလိမ့်မယ်။ မချစ်ဘဲနှင့် သူ့အလုပ်ကို ပျော်ရွှင်စွာ ဝင်ရောက်လုပ်ကိုင်ပေးဖို့ဆိုတာ တော်တော်ခက်တယ်။ ကိုယ့်ယောကျ်ားကို မချစ်ဘဲနှင့် သူ့အလုပ်တွေကို ဝင်လုပ်ပေးရင် စိတ်လည်းညစ်မယ်။ ကိုယ့်ရဲ့အချိန်တွေ၊ ကိုယ့်ရဲ့လုပ်အားတွေလည်း အချည်းအနှီးဖြစ်မယ်။ စာရေးဆရာကြီး ဘားလ်ဇက်က ယောကျ်ားဟာ မိန်းမကို ကျေးကျွန်လို ပြုမူဆက်ဆံပြီး သူ့ကိုယ်သူ ဧကရီဘုရင်မတစ်ပါးသဖွယ် ထင်လာအောင် လုပ်ပေးရမယ်လို့ ပြောခဲ့ဖူးတယ်။ ယောကျ်ားတွေဟာ ဘားလ်ဇက်ရဲ့ ဒီအဆိုအမိန့်ပေါ်မှာ တော်တော်သစ္စာ ရှိကြတယ်ထင်ရဲ့။ သူတို့ကိုယ်သူတို့ မိန်းမရဲ့ ဩဇာလွှမ်းမိုးမှုကို ဘယ်လောက်ခံရကြောင်း၊ မိန်းမကို ဘယ်လောက်ကြောက်ရကြောင်း စသည်တို့ကို အကျယ်ချဲ့ပြောတတ် ကြတယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ သူတို့ အကျယ်ချဲ့ပြောနေတာ၊ လိမ်ပြော နေတာ၊ လုပ်ကြံပြောနေတယ် ဆိုတာကို သူတို့ဘာသာ သူတို့ ကောင်းကောင်း သိတာပေါ့။ ဂျော့ဂျက်ဒီဗလန့်ဟာ စာတစ်အုပ်ပေါ်မှာ သူ့အမည်ရော၊ စာရေးဆရာမေတားလင့်ရဲ့ အမည်ရော နှစ်ခုစလုံးထည့်ရမယ်၊ ဒီစာအုပ်ကို ရေးတုန်းက သူလည်းပါတယ်လို့ ပြောခဲ့တာတွေဟာ အဲဒီလိုယော ျားက မိန်းမကို သူ့ကိုယ် သူ ဧကရီဘုရင်မတစ်ပါး ထင်အောင်လုပ်ပေးလို့ စိတ်ကြီးဝင် သွားတဲ့





အဖြစ်မျိုးပေါ့။ တကယ်ကတော့ မေတားလင့်ကလည်း သူတောင်းဆိုတဲ့အတိုင်း ထည့်ပေးခဲ့တာပါပဲ။ ဒါပေမယ့် တကယ်ကတော့ ဒီစာအုပ်ဟာ သူ့မိန်းမရဲ့ ဘာမှုမဆိုင်ဘူး၊ သူရေးတာပဲလို့ ယောကျ်ားက ထင်ခဲ့တာပါပဲ။ အဲဒီစာအုပ်ကို ရေးဖို့ တိုက်တွန်းသူ၊ စိတ်ကူးပေးသူက သူ့ဇနီးဖြစ်တာ မှန်ပါရဲ့။ ဒါပေမယ့် အရေးကြီးတာက ဆုံးဖြတ်သူ၊ ရွေးချယ်သူ မဟုတ်လား။ မိန်းမဟာ ဗေဒင်ဆရာရဲ့လက်ထဲက ရွှဲလုံးကလေးတစ်လုံးပါပဲ။ နိမိတ်လောက်ကိုသာ ပြနိုင်တာပါ။ တကယ်ဟောရတာက ရွှဲလုံးမဟုတ်ပါဘူး။ဗေဒင်ဆရာပါ။ ဒီအတိုင်းပါပဲ။ အလုပ်တစ်ခုကိုလုပ်အောင် မိန်းမကတိုက် တွန်းအားပေးနိုင်တာမျိုး ရှိချင်ရှိမယ်။ ဒါပေမယ့် တကယ်လုပ်တဲ့အခါကျတော့ ယောကျ်ားဟာ တခြားသူတို့ကို တိုင်ပင်တာမျိုး၊ အကြံဉာဏ်တောင်းတာမျိုးတွေ လုပ်သွားတာ ပါပဲ။ တော်လစတွိုင်းဟာ သူ့ဝတ္ထုတွေ ရေးစဉ်တုန်းက သူ့သမီးတွေက အချောကူးပေးတာ၊ စာမူတွေပြင်ပေးတာတွေကို လုပ်ပေးရတယ်။ ဒါပေမယ့် သူ့မိန်းမကတော့ စာအုပ်တွေကို ရေးရာမှာ သူဟာအဓိကကျသူ၊ ခွဲခွာမရသူလို့ ထင်နေတယ်။ တကယ်တော့ မိန်းရဲ့ စစ်မှန်တဲ့လွတ်လပ်မှု၊ အမှီအခိုကင်းမှုဟာ သူ့ကိုယ်ပိုင်အလုပ်၊ ကိုယ်တိုင်လုပ်တဲ့ အလုပ်သာလျှင် ဖြစ်ပါတယ်။

လူအမျိုးမျိုးအစားစားကိုလိုက်ပြီး အိမ်ထောင်သည်ဘဝဟာလည်း ကွဲပြားခြားနားကြပါတယ်။ ဒါပေမယ့် အမျိုးသမီးတော်တော်များများ အဖို့ကတော့ သူတို့ရဲ့ နေစဉ်ကြုံတွေ့ရတဲ့ ဘဝဟာ သိပ်ကွဲပြားခြားနားခြင်း မရှိလှပါဘူး။ အတူတူပါပဲ။

မနက်လင်းလာရင် ယောကျ်ားက အလုပ်ကိုထွက်သွားမယ်။ မိန်းမဟာ ယောကျ်ားက တံခါးပိတ် ထွက်သွားသံကိုကြားတော့ ပျော်သွားတယ်။ သူလွတ်လပ်သွားပြီလေ။ ကလေးတွေကလည်း ကျောင်းသွားကြပြီ။ အိမ်မှာ သူတစ်ယောက်တည်းပဲ ကျန်ခဲ့တော့တယ်။ တစ်ထောင်လောက်ရှိတဲ့ အသေးအဖွဲ့ကိစ္စကလေးတွေကို စလုပ်ရတယ်။ လက်တွေကသာ တလှုပ်လှုပ်နဲ့ အလုပ်များနေပေမယ့် စိတ်ကတော့ ဟာလာဟင်းလင်း ဖြစ်နေတယ်။ သူ့မှာရှိတဲ့ စီမံကိန်းဟူသမျှဟာ မိသားစုဖို့ချည်းသာဖြစ်နေတယ်။ သူဟာ မိသားစုအတွက် အသက်ရှင်နေရသူ ဖြစ်တယ်။ သူတို့တစ်တွေ အိမ်ကိုပြန်လာတာနဲ့ စိတ်ထဲမှာ သက်သာရာရသွားတယ်။ သူ့ယောကျ်ားက လက်ဆောင်အနေနဲ့ သူ့ပန်းပွင့် ပန်းကလေးတွေ ဝယ်ယူလာတယ်။ ဒါပေမယ့် ခုတော့ ဒါတွေဟာ အလေ့အထ ဟာတွေ ဖြစ်သွားပြီလေ။ ယောကျ်ားကလည်း အိမ်ပြန်နောက်ကျလာတယ်။ မှန်မှန်မပြန်ချင်တော့ဘူး။ မိန်းမက တစ်နေကုန် ငြီးငွေ့စွာနေခဲ့ရတာကို



www.burmeseclassic.com

www.burmeseclassic.com



လက်စားချေဟဲ့အနေနဲ့ မကြာခဏ ဂဂျီကကြောင်ကျလာတာကို လန့်နေတယ်။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ မြည်တွန်တောက်တီးတာ၊ ညည်းညူတာတွေကို အိမ်ကမိန်းမက တစောင့်စောင့်နဲ့ လည်းပင်တရှည်ရှည်နဲ့ဖြစ်အောင်လုပ်ရ မလားဆိုပြီး ဆူပူကြိမ်းမောင်းမှာကို လန့်နေတယ်။ သည်နည်းအားဖြင့် ယောကျ်ားကို စိတ်ပျက်ကြောင်း ဖော်ပြတယ်။ သည်လိုမပြောသည့်တိုင် ယောကျ်ားဘက်ကလည်း စိတ်ပျက်တာတွေ ရှိလာတယ်။

ရုံးအလုပ်ကလည်း ပင်ပန်းလာတယ်။ ကိုယ့်အိမ်ရောက်ရင် ကိုယ်အနားယူ အပန်းဖြေချင်ပုံကတစ်မျိုး၊ စားချင် သောက်ချင်တာကတစ်မျိုး၊ မိန်းမက ပြင်ဆင်ချက်ပြုတ်ထားတာက တလွဲ။ ညနေခင်းဟာ ပျင်းစရာ ကောင်းနေတယ်။ ငြီးငွေ့စရာကောင်းနေတယ်။သတင်းစာလေး ဖတ်လိုက်၊ ရေဒီယိုလေးနားထောင်လိုက်၊ ရောက်တတ်ရာရာ ပြောလိုက်နဲ့။ အပေါ်ယံအားဖြင့် ရင်နှီးသယောင် ရှိနေပေမယ့် သူတို့နှစ်ဦးဟာ အထီးကျန်ဖြစ်နေကြတယ်။ ဒီလိုနဲ့ ငြီးငွေ့ဖွယ်ကောင်းစွာနဲ့ အချိန်ကုန်သွားပြီး မိန်းမကလည်း အိပ်ရာထဲဝင်ပြီး မောမောနဲ့အိပ်ပျော်သွားတယ်။ ယောကျ်ားကလည်း ရေဒီယို နားထောင်၊ စာဖတ်ပြီးအိပ်ပျော်သွားတယ်။ နောက်တစ်နေ့မနက် သူ့ယောကျ်ား အလုပ်သွားလို့ တံခါးပိတ်သွားသံကိုပဲ မျှော်လင့်နေတယ်။ သူ့ယောကျ်ား မြန်မြန်အလုပ်သွားပါစေလို့ပဲ တောင့်တနေမိ တယ်။

ဒီငြီးငွေ့မှုကို ဖြေဖျောက်ဖို့အတွက် မိန်းမတွေမှာ အချို့သော နည်းလမ်းတွေ ရှိတယ်။ ဒါပေမယ့် ဒီနည်းလမ်းတွေကို လူတိုင်းရှာဖွေလို့ မရနိုင်ဘူး။ အထူးသဖြင့် အိမ်ထောင်ရေးဆိုတဲ့ နှောင်ကြိုးကြီးတွေ သိပ်ထူထဲ တုတ်ခိုင်တဲ့ တိုင်းပြည်မျိုးမှာ မတွေ့နိုင်ဘူး။ ဒီလိုနဲ့ တချို့မိန်းမများဟာ အိမ်မှာသြဇာအာဏာ အလွန်သုံးပြီး နေရာတကာပါချင်တဲ့ အုပ်ထိန်းသူ မိန်းမကြီးတွေဖြစ်လာခဲ့ကြတယ်။

တချို့ကျတော့လည်း ဖြစ်သမျှနဲ့ ကျေနပ်ရောင့်ရဲ သွားပြီး မိသားစုရဲ့ကျွန်မကြီး ဖြစ်သွားရတော့တယ်။ တချို့ မိန်းမတွေကျတော့လည်း အပျိုဘော်ဝင်စတုန်းက ကိုယ့်ကိုယ်ကိုယ် ပြန်ချစ်တဲ့ နာစစ်ဆပ် စိတ်ဓာတ်မျိုးဝင်ပြီး သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်း၊ အိမ်အလုပ်လည်း ဘာမှ မလုပ်ဘဲ အလှပြင်စတဲ့ ကိစ္စတွေနဲ့ပဲအချိန်ကုန် သွားရတော့တာပါပဲ။

အိမ်ထောင်ကျစတုန်းမှာတော့ မိန်းမဟာ သူ့စိတ်ကူး၊ သူ့မျှော်မှန်းချက်တွေနဲ့ သူပျော်နေတယ်။ အိပ်မက်မက်နေတယ်။ သူ့ယောကျ်ားကို အထင်ကြီးဖို့ ကြိုးစားတယ်။ သူ့ယောကျ်ားကို ခြွင်းချက်မရှိချစ်ဖို့ ကြိုးစားတယ်။





သူ့ကိုယ်သူ ယောကျ်ားနဲ့ ခွဲခွာလို့မရအောင် အရေးပါတယ်။ နှစ်ကိုယ့်တစ်စိတ်ဖြစ်တယ်လို့ ယူဆတယ်။ အဲ အိမ်ထောင်သက် နည်းနည်းရလာတဲ့အခါမှာတော့ တကယ့်ပကတိစိတ်ဟာ ပြန်ပေါ်လာတော့တာပါပဲ။ ကိုယ့်ယောကျ်ားဟာ ကိုယ်မပါလည်း အရေးမကြီးဘူး၊ ကိုယ်မရှိရင်လည်း အရေးမကြီးဘူးဆိုတာကို သဘောပေါက်လာတယ်။ ကလေးတွေကလည်း တစ်နေ့မှာ ကိုယ့်လမ်းကိုယ်သွားကြမယ် ဆိုတာကို သိလာတယ်။ အဲဒီအထဲမှာ ကျေးဇူးမသိတတ်တဲ့ ကလေးက ဘယ်နှစ်ယောက်ပါမယ်လို့ မပြောနိုင်သေးဘူး။ အိမ်မှာသူတစ်ယောက်တည်း၊ အထီးကျန်၊ အစွန့်ပစ်ခံ၊ လက်အောက်ခံလူတစ်ယောက်လို ခံစားလာရတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘဲ ဖြစ်လာတယ်၊ ဘယ်လိုအပျင်းဖြေရမှန်းမသိ ဖြစ်လာတယ်။ ကိုယ့်ဝါသနာလေးတွေ၊ ကိုယ့်ခရိုက်လေးတွေတော့ ရှိပါရဲ့။ ဒါလေးတွေကို ကောက်လုပ်ခြင်းဖြင့် စိတ်သက်သာမှု၊ အပျင်းပြေမှု၊ အထီးကျန်ဖြစ်မှု၊ ငြီးငွေ့မှု စတာတွေ သက်သာစေတာတော့ မှန်ပါရဲ့။ ဒါပေမယ့် အဲဒီအရာတွေက လုံးဝလွတ်မြောက်အောင်တော့ အဲဒီစရိုက်၊ အဲဒီဝါသနာတွေကလည်း မတတ်နိုင်ဘူး။ ရုရှားတဲ့ စာရေးဆရာမတိုင်းဟာ 'အသက်သုံးဆယ်တွင်း' က မိန်းမတစ်ယောက်ရဲ့ စိတ်နောက်ကိုမှုတိမ်းတိမ်းပွေပွေဖြစ်ခဲ့မှုတွေကို ရေးခဲ့တာချည်းပဲ။ ကတ်သရင်းမင်းစဖီး၊ ဒေါ်ရသီပါကား၊ ဗာဂျီးနီးယားဝုတို့ရဲ့ ဝတ္ထုတွေထဲက ဇာတ်လိုက်တွေကို ကြည့်လိုက်ရင် ဒီအတိုင်းချည်းပါပဲ။ အိမ်ထောင်ကျစ၊ မိမိလင် ပျိုမျစ်စတုန်းမှာတော့သူတို့တစ်တွေဟာ ကြည်မွေ့စွာ ဘေးဆိုခဲ့ကြသပေါ့။ ဒါပေမယ့် အိမ်ထောင်သက် ရင့်လာတာနဲ့အမျှ သူတို့ဟာ စိတ်ညစ်စရာတွေ တွေ့လာကြပြီး သောကနဲ့ မိတ်ဖွဲ့လာကြရတော့တာပါပဲ။

အိမ်ထောင်ပြုခြင်းကိစ္စမှာ ကြေကွဲစရာ အကောင်းဆုံး ကိစ္စကတော့ မိန်းမဟာ သူမျှော်လင့်တောင့်တနေတဲ့ ပျော်ရွှင်မှုကို အိမ်ထောင်ရေးမှာ ရှာလို့မတွေ့ရတော့တဲ့ အချက်ပဲ၊ ဒါတင်မကဘူး အိမ်ထောင်ပြုခြင်းဟာ သူ့ဘဝကိုကြေမွပျက်စီးသွားစေတယ်။ ထပ်ပြန်တလဲလဲ လုပ်ငန်းတွေ၊ သမားရိုးကျနေ့စဉ် အဖန်ဖန်ကြုံတွေ့နေရတဲ့ လုပ်ငန်းတွေထဲမှာပဲ စုံးစုံးမြုပ်သွားရတော့တယ်။

မိန်းမတစ်ယောက်ရဲ့ ဘဝမှာ ပထမအနှစ်နှစ်ဆယ်ဟာ တော်တော်ပျော်စရာကောင်းပြီး တော်တော်ကြွယ်ဝတဲ့အရွယ် ဖြစ်တယ်။ အဲဒီကာလအတွင်းမှာ သူဟာ ကမ္ဘာကြီးကို ရှာဖွေတွေ့ရှိခဲ့တယ်။ ဒါပေမယ့် နှစ်ဆယ်ကျော်လာတာနဲ့ သူဟာအိမ်တစ်အိမ်ရဲ့ အရှင်သခင်မဖြစ်လာပြီး ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ ထာဝစဉ် နှောင်ဖွဲ့လိုက်ရတော့တယ်။ အတုပ်အနှောင်ခံလိုက်ရတော့တယ်။ ကလေးတစ်ယောက်ကို ရင်မှာပိုက်ပြီး ဘဝကို အနစ်နာခံလိုက်ရတော့တယ်။ တကယ့်အလုပ်၊ တကယ့်လှုပ်ရှားမှုတွေဟာ သူ့ယောက်ျားရဲ့ အမိန့်တွေ ဖြစ်လာရတော့တယ်။ သူဟာ လင်နှင့်သားသမီးတွေကို ပြုစုစောင့်ရှောက်ပြီး သူ့ကိုယ်ကျိုးကို စွန့်လွှတ်ခဲ့တဲ့အတွက် ချီးကျူးသြဘာပေးတာတွေကို ခံရပါရဲ့။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ လူနှစ်ယောက်ကို တစ်သက်လုံး ထိန်းသိမ်း ပြုစုစောက်ရှောက်သွားရတာဟာ သူ့အဖို့ အကျိုးမရှိလှဘူးလို့ ထင်လာတတ်တယ်။ ဒီအတောအတွင်းမှာ ကိုယ့်ကိုယ်ကိုယ် မေ့ထားနိုင်ရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ ဒါပေမယ့် ဒီလို လုံးလုံးလျားလျား မေ့ထားဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူး မဟုတ်လား။ ပိုပြီးဆိုးတာက ကိုယ်က လင်နဲ့ သားသမီးတွေ အပေါ်မှာ သိပ်အရေးပေး တန်ဖိုးထားလွန်းတော့ ကိုယ့်ချစ်မြတ်နိုးမှု၊ ကိုယ့်အရေးပေးမှုဟာ လင်သားအဖို့ စိတ်ပျက်စရာ၊ ကုန်ခန်းစရာ ဖြစ်လာတတ်တယ်။ ဒီလို လက်ဝါးကြီးအုပ်မှုမျိုးဟာ နှောင်မှာအနိုင်ယူချင်တာမျိုး၊ လွှမ်းမိုးသြဇာပေးချင်တာမျိုး ဖြစ်လာပြီး ယောက်ျားကလည်း စိတ်ပျက်လာတတ်တယ်။ ဒီအခါမှာ ယောက်ျားကလည်း မိန်းမရဲ့သြဇာ လွှမ်းမိုးမှု၊ မိန်းမက အစစအရာရာ လက်ဝါးကြီးအုပ်မှုကို ရှောင်ပြေးဖို့ ကြိုးစားလာတော့တာပါပဲ။ ဒါပေမယ့် မိန်းမ ဒီလိုဖြစ်လာအောင် ဘယ်သူလုပ်ခဲ့သလဲ။ ယောက်ျားပဲ မဟုတ်လား။ သူပဲ ဧကရီဘုရင်မတစ်ပါးလို မြှောက်စားခဲ့တယ် မဟုတ်လား။ ယောက်ျားဟာ မိန်းမကို လက်ထပ်ပြီဆိုတာနဲ့တစ်ပြိုင်နက် မိန်းမဟာ သူ့ရဲ့ ဝတ္တရားတွေကို ကျေပွန်ရမယ်၊ သူ့ရဲ့အပေါ်မှာ သစ္စာရှိရမယ်လို့ တောင်းဆိုခဲ့တယ်။ ဒါပေမယ့် သူကကော မိန်းမအပေါ်မှာ ဘယ်လောက်များ ဝတ္တရားကျေခဲ့ပါသလဲ။ ဘယ်လောက်များ သစ္စာရှိခဲ့ပါသလဲ။

## မိန်းမဟာ ဧကရီလား ကျေးကျွန်လား

ဓနီးကို လင်နိုင်တဲ့ မိန်းမကြီးတစ်ယောက်၊ အစစအရာရာ ဗိုဇာကျယ်တဲ့ မိန်းမကြီးတစ်ယောက်၊ ဂျီကကြောင်ကျတဲ့ မိန်းမကြီးတစ်ယောက်၊ စိတ်ပျက်စရာ မိန်းမကြီးတစ်ယောက်ဖြစ်အောင် လုပ်ပေးလိုက်သူဟာ တခြားအရာ မဟုတ်ဘူး။ စောစောကပြောခဲ့သလို ယောက်ျားရဲ့နှစ်ဘက်ခွ သဘောထားကြောင့်သာဖြစ်တယ်။ ယောက်ျားဟာ တစ်ဘက်ကျတော့ မိန်းမကို ကျွန်လို့ သဘောထားပြီး၊ တစ်ဘက်ကျတော့ မိန်းမကို သူ့ကိုယ်သူ ဧကရီဘုရင်မကြီး ထင်လာအောင် မြှောက်ပေးတတ်တယ်။ အဲဒါကြောင့် မိန်းမတွေဟာ အဆာကျယ်ပြီး လင်ကတောင်စိတ်ပျက်တဲ့ မိန်းမတွေ ဖြစ်သွားရခြင်း ဖြစ်တယ်။ ယောက်ျားဟာ ကမ္ဘာပေါ်မှာ သူတစ်ဦးတည်းကိုသာ နတ်ဘုရားလိုကိုးကွယ်အောင် လုပ်ထားပြီး သူ့ကိုယ်သူတော့ အနှောင်အဖွဲ့မရှိအောင်၊ လွတ်လပ်အောင် လုပ်ထားတယ်။

မိန်းမကိုတော့ အိမ်မှုကိစ္စတွေနဲ့ ငြိးငွေ့အောင် လုပ်ထားပြီး သူ့ကို မငြီးငွေ့အောင် ဖျော်ဖြေတဲ့အရာတစ်ခုအဖြစ် လုပ်ထားတယ်။ မိန်းမကို ခိုင်းစရာရှိလျှင်၊ အလိုရှိလျှင် အဆင်သင့်ဖြစ်အောင်ခေါ်ထားပြီး တကျည်ကျည် မ... ဆာအောင် လုပ်ထားတယ်။ မိန်းမကို ကိုယ်တစ်ဦးတည်းအတွက် (သားသမီးနှင့်အခြားဆွေမျိုးသားချင်းများအတွက် မဟုတ်) ပိုင်ဆိုင်ချင်တယ်။ သူကတော့ မိန်းမရဲ့ပိုင်ဆိုင်ခြင်းကို မခံနိုင်ဘူး။ မိန်းမကိုတော့ လင်တစ်ယောက်ရဲ့ဓနီး... နေစေချင်တယ်။ သူကျတော့ ဓနီးတစ်ယောက်ရဲ့ လင်ယောက်ျားလို မ... ချင်ဘူး။ ဒီနည်းအားဖြင့် မိန်းမဟာ လက်ထပ်တဲ့နေ့ကစပြီး သစ္စာဖော...ခြင်း ခံရတော့တယ်။ ဒီလိုနဲ့ မိန်းမရဲ့ဘဝဟာ ချုံးချုံးကျသွားရတော့တယ်။ ဒီလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဟာ သူ့ဘဝကို သစ္စာဖောက်ခံရမှုတွေနဲ့ တိုင်းထွာချိန်တွယ်ကြည့်တော့တယ်။ စာရေးဆရာ ဒီ၊အိတ်စ်လော့ရင့်စ်ပြောတဲ့ ဖိုမအချစ်နှင့် ပတ်သက်တဲ့ စကားဟာ တော်တော်မှန်တယ်။ သူက အပြန်အလှန်ပြည့်စုံ ရန် ကြိုးစားသော လူနှစ်ဦး၏ ပေါင်းဖော်မှုသည် တစ်နေ့တွင် ပျက်စီးဆုံးရှုံးခြင်းနှင့်သာ ကြုံတွေ့ရမည်ဖြစ်၏လို့ ပြောခဲ့ဖူးတယ်။ လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်ပြုခြင်းဟာ ခိုလှုံမှုတစ်ခု မဖြစ်သင့်ဘူး၊ ကုသမှုတစ်ခု မဖြစ်သင့်ဘူး လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်ပြုခြင်းဟာ ပြည့်စုံတဲ့၊ သီးခြားဖြစ်တဲ့၊ လွတ်လပ်တဲ့လူနှစ်ဦးရဲ့ ပေါင်းစည်းမှုသာ ဖြစ်ရမယ်။ (ဆိုလိုတာက လင်နဲ့မယား နှစ်ယောက်ပေါင်းမှ တစ်ဦးတည်းအဖြစ် ပြည့်စုံပြီး လက်ထပ်တယ်လို့ မယူဆအပ်ဘူး။ သူတို့နှစ်ဦးဟာ သီးခြားပြည့်စုံတဲ့သူ၊ လွတ်လပ်အမှီခိုကင်းတဲ့ သူနှစ်ဦးရဲ့ ပေါင်းစည်းမှုမျိုးသာ ဖြစ်သင့်တယ်။) ပြဇာတ်ရေးဆရာကြီး အီဗဆင်ရဲ့ ပြဇာတ်တစ်ပုဒ်ထဲမှာ ဇာတ်လိုက်နိုရာက သူဟာ ဇနီးတစ်ယောက်နဲ့ မိခင်တစ်ယောက်မဖြစ်ခင်မှာ ပြည့်စုံတဲ့လူတစ်ယောက် အလျင်ဖြစ်ရမယ်လို့ ပြောခဲ့ဖူးတယ်။ ဇနီးမောင်နှံ နှစ်ယောက်တို့ဟာ နှစ်ယောက်ပေါင်းမှ တစ်ခုဖြစ်တဲ့ ယှဉ်နှစ် မဖြစ်စေရဘူး၊ လင်ဖြစ်စေ တစ်ယောက်ယောက်ဟာ လူ့အဖွဲ့အစည်းထဲမှာ ဘယ်သူ့အကူအညီကိုမှ မယူဘဲနဲ့ တစ်ဦးတည်း ရပ်တည်နိုင်မယ့် အနေအထား၊ တစ်ဦးတည်းဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အနေအထားမျိုးရှိသင့်တယ်။ အဲဒီအခါမှာ တစ်ယောက်ကိုတစ်ယောက် စီးပွားရေးအရ၊ လူမှုရေးအရ တွယ်တာတာမျိုး ဖြစ်မလာတော့ဘဲ တကယ့်ကိုချစ်လို့၊ တကယ့်ကိုနှစ်သက်လို့၊ တကယ့်ကို ရက်ရောသဘောထားကြီးလို့ တွယ်တာခြင်းမျိုး ဖြစ်လာလိမ့်မယ်။

ဟန်ချက်ညီမျှတဲ့ အတွဲတစ်တွဲဟာ စိတ်ကူးထဲမှာ မရှိနိုင်ဘဲ ယူတိုးပီးယားတစ်ခု မဟုတ်ပါဘူး။ ဒီလိုစုံတွဲမျိုးဟာ အပြင်မှာ တကယ်ရှိပါတယ်။ တချို့လည်း အိမ်ထောင်ပြုထားတဲ့ ဇနီးမောင်နှံတို့ အသိုင်းအဝိုင်းမှာ ရှိပါတယ်။ အများအားဖြင့်တော့ အိမ်ထောင်ပြုခြင်းရဲ့ အပြင်ဘက် (တစ်နည်း အိမ်ထောင်မပြုတဲ့) အတွဲတွေကြားမှာ ပိုပြီးတွေ့ရတတ်ပါတယ်။ တချို့အတွဲတွေကတော့ ဖိုမအချစ်ကြောင့် တွဲနေမိကြခြင်းဖြစ်ပြီး အသိုက်အဝန်း အပေါင်းအသင်းမှာတော့ တစ်ယောက်နဲ့တစ်ယောက် တစ်သိုက်စီ၊ တစ်ဝိုင်းစီ၊ တစ်သင်းစီ ဖြစ်ပါတယ်။ သူတို့ဟာ ဖိုမကိစ္စမှာသာ ချည်နှောင်ထားကြသော်လည်း တခြားကိစ္စ၊ လူမှုရေးကိစ္စတွေမှာတော့ လုံးဝလွတ်လပ်ကြပါတယ်။ တချို့အတွဲတွေကျတော့လည်း ဖိုမဆက်ဆံရေးကို တားမြစ်ခြင်းမရှိတဲ့ မိတ်ဆွေများအဖြစ် နေကြပါတယ်။ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဆက်ဆံရေးမှာ





သဏ္ဍာန်လေးတွေ အမျိုးမျိုးရှိနိုင်ပါတယ်။ အပေါင်းအဖော်သဖွယ် ဆက်ဆံရေး၊ ပျော်ရွှင်မှု၊ ယုံကြည်မှု၊ ချစ်ခင်မှု၊ ပူးပေါင်းမှု၊ အချစ် စတဲ့ကိစ္စတွေမှာ နှစ်ယောက်ဟာ တစ်ယောက်အတွက်တစ်ယောက် ကြည်နူးစရာ၊ ပျော်စရာ၊ အားတက်စရာတွေ ဖြစ်ချင်ဖြစ်မယ်။ အိမ်ထောင်တွေ ပြိုကွဲပျက်စီး သွားတာနဲ့ ပတ်သက်လို့ ပုထုဇဉ်တွေကို အပြစ်မတင်သင့်ပေဘူး။ အိမ်ထောင် ပြုခြင်းဆိုတဲ့ ကိစ္စဟာ စကတည်းက သဘာဝမကျဘဲပေါ်လာတဲ့ အဆောက်အအုံကြီးဖြစ်တယ်။ မိန်းမတစ်ယောက်နဲ့ယောကျ်ား တစ်ယောက်တို့သည် သေတပန် သက်တစ်ဆုံး တစ်ဦးကိုတစ်ဦး တာဝန်ကျေစွာ နေထိုင်ကြစေသတည်း။ တစ်ဦးကိုတစ်ဦး ဝတ္တရားနှောင်ကြိုးတို့ဖြင့် ချည်နှောင်ထားစေသတည်းလို့ ပြောတာဟာ ကြောက်ဖွယ်အမှုကြီးတစ်ခု ဖြစ်တယ်။ ဟန်ဆောင်မှု၊ လိမ်လည်မှု၊ ရန်ငြိုးသိုမှု၊ စိတ်မချမ်းမြေ့မှု စသည်တို့ကို ပေါ်ပေါက်စေတဲ့အရာ ဖြစ်တယ်။

လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်ပြုခြင်း စသည်တို့ဟာ ခေတ်မှာ တော်တော်လေးတော့ ပုံသဏ္ဍာန်ပြောင်းလာကြပါပြီ။ ဒါပေမယ့် မောင်မယ် နှစ်ဦးစလုံးအပေါ်မှာ လွှမ်းမိုးနေတဲ့ ဖိနှိပ်ကြိုးစိုးမှုကတော့ ရှိမြဲရှိနေသေးတာပဲ။ သဘောတရားအရ ပြောရင်တော့ သူတို့နှစ်ယောက်စလုံးမှာ တန်းတူညီမျှခွင့်ရှိတယ်၊ အခွင့်အရေးတူတယ်လို့တော့ ပြောနေကြတာပဲ။ ဟုတ်ပါတယ်။ သူတို့ဟာ အရင်ခေတ်တွေကထက် မိမိနှစ်သက်တဲ့သူကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်တော့ ရှိလာကြတာ မှန်ပါတယ်။ အမေရိကမှာလို လွတ်လပ်စွာ ကွာရှင်းပိုင်ခွင့် ရှိလာကြတယ်ဆိုတာလည်း မှန်ပါတယ်။ ယဉ်ကျေးမှုချင်းကွာခြားတာ၊ အသက်ကွာခြားတာ စသည်တို့ဟာလည်း အလျင်တုန်းကလောက် အရေးမကြီးတော့ဘူး ဆိုတာလည်း မှန်ပါတယ်။ ယောကျ်ားကလည်း မိန်းမ တောင်းဆိုတဲ့လွတ်လပ်ခွင့်ကို အလွယ်တကူပဲ အသိအမှတ်ပြုလာကြပါတယ်။ ယောကျ်ားတွေဟာလည်း အိမ်မှုကိစ္စတွေကို လုပ်ရာမှာမိန်းမတွေနဲ့အတူ ခွဲဝေလုပ်တာ၊ ဝင် ဈေးဝယ်ပေးတာ၊ ကလေးကျောင်းပို့တာ၊ ထမင်းဟင်း ချက်ပြုတ် ပေးတာ စသည်ဖြင့် မိန်းမတွေရဲ့ အိမ်မှုကိစ္စတွေကို ခွဲဝေလုပ်ကိုင် လာကြပါ တယ်။ ရေကူးခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ခရီးထွက်ခြင်း၊ ဘိုင်စကယ်စီးခြင်း စတဲ့ အပန်းဖြေလုပ်ငန်းတွေမှာလည်း သူတို့ အတူတူ ပါဝင်လုပ်ဆောင် လာကြပါတယ်။ မိန်းမဟာ သူ့ယောကျ်ားပြန်အလာကို တစ်နေလုံး လည်းပင်တရှည်ရှည်နဲ့ စောင့်မျှော်နေစရာ မလိုတော့ဘူး။ အပြင်ထွက်ပြီး ကစားပွဲကို ကြည့်နိုင်တယ်။ ကလပ်တို့ အသင်းတို့ကိုလည်း သွားလည်နိုင်တယ်။ ဂီတအသင်းတို့ ဘာတို့မှာ သွားပြီး တီးမှုတ်နိုင်တယ်။ အချုပ်ပြောရရင် အိမ်ပြင်ကိုထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အပျင်းဖြေနိုင်တယ်။ ပိုက်ဆံရဖို့ ကိုယ်ပိုင် အလုပ်ကလေးဘာလေး ထွက်လု ချင်တယ် ဆိုရင်တောင် လုပ်နိုင်သေးတယ်။

ငယ်ရွယ်တဲ့ အိမ်ထောင်တွေကို ကြည့်လိုက်ရင် အချင်းချင်းကြားမှာ ပြည့်စုံတဲ့ တန်းတူညီမျှမှု အခြေခံပေါ်မှာ တည်ဆောက်ထားသလို ထင်ရတယ် ဒါပေမယ့် ယောကျ်ားက စီးပွားရေးတာဝန်ကို ယူထားနေသေးသမျှ အဲဒီ ပြည့်စုံတဲ့ တန်းတူညီမျှမှု ရှိတယ်လို့ ထင်ရတဲ့အထင်ဟာ ဝိပလ္လာသမျှသာ ဖြစ်တယ်။ ဘယ်ရပ်ကွက်မှာ၊ ဘယ်မြို့မှာ နေမယ်ဆိုတာကအစ အစစအရာရာ ကို ဆုံးဖြတ်သူဟာ ယောကျ်ားသာ ဖြစ်တယ်။ ဇနီးကတော့ သျှောင်နောက်ဆ ထုံးပါဆိုသလို သူသွားရာကို နောက်ကလိုက်ရသူသာ ဖြစ်တယ်။ သူတို့ရဲ့ နေထိုင်မှုအဆင့်အတန်းဟာလည်း သူ့ယောကျ်ားရဲ့ ဝင်ငွေပေါ်မှာ မှီတည်နေ တယ်။ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ စသည်တို့ဟာလည်း သူ့ရဲ့ အသက် မွေးဝမ်းကျောင်း အလုပ်အကိုင်ပေါ်မှာပဲ မှီနေရတယ်။ နိုင်ငံရေး၊ အသိပညာရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စတွေကိုလည်း ယောကျ်ားကသာ ဆုံးဖြတ်တယ်။ မိန်းမဟာ ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်ဝင်ငွေရယ်လို့ မရှိလေတော့ ကွာရှင်းပိုင် ခွင့်ဆိုတဲ့ ကိစ္စဟာလည်း သဘောတရားအရ စာရွက်ပေါ်မှာသာရှိတဲ့ စကား လုံးဖြစ်နေတယ်။ မယားစရိတ်ဟာ အမေရိကန်လိုတိုင်းပြည်မျိုးမှာသာ များများ စား‌းစားရပေမယ့် ပြင်သစ်ပြည်လိုနေရာမျိုးမှာတော့ ရယ်စရာကောင်းလောက် အောင် နည်းပြီးတစ်ခုလပ်မိန်းမဟာ ညှိုးငယ်နွမ်းပါးစွာနေရတယ်။

ဒါပေမယ့် အဲဒီမညီမျှမှုတွေထက်ဆိုးတဲ့ အဆိုးဆုံး မညီမျှမှုကတော့ ယောကျ်ားက သူ့အလုပ်မှာ သူ့ရဲ့ အတ္တကို ဖော်ပြတာမျိုးကို လုပ်နိုင်ပေမယ့် မိန်းမမှာတော့ သူ့အတ္တကို သူရှာဖွေခွင့်မရတဲ့ အချက်ပဲဖြစ်တယ်။

ခေတ်သစ်အိမ်ထောင်စုတွေ၊ အထူးသဖြင့် အမေရိကန် ပြည်ထောင်စု က အိမ်ထောင်စုတွေမှာ မိန်းမဟာယောကျ်ားကို ကျေးကျွန်အဖြစ် လျှော့ချပစ်ခဲ့ တယ်လို့ မကြာခဏပြောလေ့ ရှိကြပါတယ်။ ဒါဟာလည်း အဆန်းအသစ်တော့ မဟုတ်ပါဘူး။ ရှေးဟောင်းဂရိ လူ့အဖွဲ့အစည်းမှာတုန်းက ဇန်တီပီ ကြီးစိုးလွှမ်း မိုးမှုကို ခံရတယ်လို့ ပြောလေ့ရှိကြတယ်။ ခုခေတ်မှာလည်း မိန်းမများဟာ ယောကျ်ားတွေရဲ့ အလုပ်ထဲကို ဝင်ပါတာမျိုးတွေ၊ စွက်ဖက်တာမျိုးတွေရှိတာ မှန်ပါတယ်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူ အတွဲတစ်တွဲကို တွေ့ဖူး တယ်။ မိန်းမက သူ့ယောကျ်ား အောင်မြင်မှုရဖို့အတွက် ယောကျ်ားကို အတင်း တွန်းထိုးလှုံ့ဆော်တယ်၊ လိုက်စရာရှိရင်လိုက်ပေးတယ်။ သူ့ဇယားတွေကိုဆွဲ ပေးတယ်။ အစားအသောက် စားတာကအစ ကြီးကြပ်တယ်။ စာကျက်ရာမှာ





ဘောင် ထိုင်စောင့်ကြည့်တယ်။ ယောကျ်ား ရုပ်ရှင်ကြည့်ချင်တာ၊ အပန်းဖြေ ချင်တာတို့ကိုတောင် ခွင့်မပေးဘူး။ သူခွင့်ပေးမှ ရုပ်ရှင်ကြည့်ရတယ်။ အမှန်က တော့ သူ့ကို အချုပ်အနှောင်နှင့် ထားသလိုပါပဲ။ ဒီလို အနိုင်ကျင့်မှုမျိုး ဒီလို လွှမ်းမိုးမှုမျိုးဟာ ခုခေတ်မှာ တော်တော်ခေတ်စားလာတယ်ဆိုတာ မှန်ပါတယ်။ ယောကျ်ားဟာ မိန်းမရဲ့ တန်းတူညီမျှပိုင်ခွင့်ကို အသိအမှတ်ပြု တယ်။ ဒီတန်း တူညီမျှမှုကို အကောင်အထည်ဖော်ချင်ရင် သူမှသာတစ်ဆင့် ဖော်နိုင်တယ်ဆို တာသိတယ်။ ဒီတော့ ယောကျ်ားမှာလည်း သိသိကြီးနဲ့ ခံနေရတယ်။ သူ့ရဲ့ ပိုင်ဆိုင်ခွင့်ကို အနာခံပြီး မိန်းမရဲ့ပိုင်ဆိုင်ခွင့်ကို အသိအမှတ် ပြုရသလို ဖြစ်နေ တယ်။ ဒီလိုနဲ့ ယောကျ်ားဟာ မိန်းမကိုဖိနှိပ်ချုပ်ချယ်ရင်းက ကိုယ်လည်းဖိနှိပ် ချုပ်ချယ်ခံရငဲ့အဖြစ်ကို ပြန်ရောက်သွားရတော့တယ်။

အပြန်အလှန်အားဖြင့် မိန်းမဟာယောကျ်ားအပေါ်မှာ နိုင်ချင်တာဟာ သူ့ရဲ့အားနည်းချက်ကို အလျှော်ပေးချင်လို့နိုင်ချင်တာဖြစ်တယ်။ သူ့ ယောကျ်ား ရဲ့အောင်မြင်မှု၊ သူ့ယောကျ်ားရဲ့ အနာဂတ်၊ သူ့ယောကျ်ားရဲ့ ပျော်ရွှင်မှု စသည် တို့ဟာ သူ့ကြောင့်လို့ သူပြချင်တယ်။ ဒီလိုနဲ့ မိန်းမဟာ သူ့ရဲ့အားနည်းချက် ကို လက်နက်သဖွယ်သုံးပြီး အနိုင်ယူတယ်။ ဒါပေမယ့် ဒီလိုလုပ်လိုက်တဲ့ အတွက် သူ့အားနည်းချက်တော့ ပျောက်ကွယ်မသွားပါဘူး။ သူ့ အားနည်း ချက်ဟာ အားနည်းချက်အဖြစ် ကျန်နေသေးတာပါပဲ။

မိန်းမတွေဟာ မကောင်းဘူးလို့ပြောပြီး မိန်းမမုန်းသမျှကို ဆန့်ကျင် နေတဲ့ မိန်းမမုန်းဝါဒသမားတွေ ရှိသေးတယ်။ အယူအဆကတော့ သိပ်ပြီး ယုတ္တိမကျလှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဟာ လက်ထပ်လိုက်မှ၊ အိမ်ထောင်ပြုလိုက်မှသာ အဆိပ်ရှိတဲ့ သတ္တဝါ ဖြစ်သွားတတ်လို့ပါပဲ။ ဒါ ကြောင့်မို့ လက်ထပ်ထိမ်းမြားရေးစနစ်တွေနဲ့ အမျိုးသမီးတွေရဲ့ အထွေထွေ အခြေအနေများကို ပြုပြင်ပြောင်းလဲဖို့ သိပ်ကို လိုအပ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အနီစီးဆင်းမှုလား၊ မိခင်လောင်းလား

မိခင်ဘဝကို ရောက်တဲ့အခါ မိန်းမဟာ ဇီဝကမ္မဗေဒကိစ္စ ပြည့်စုံဟယ်လို့ဆိုနိုင်တယ်။ မိန်းမရဲ့ ကိုယ်ခန္ဓာဖွဲ့စည်းပုံက မျိုးနွယ်ပြန့်ပွားရေးအတွက် သင့်လျော်တဲ့ အဆောက်အအုံဖြစ်လေတော့ မိခင်ဖြစ်ရခြင်းဟာ မိန်းမရဲ့ သဘာဝ ဝတ္တရားဖြစ်နေတာပေါ့။ ဒါပေမယ့် သိကြတဲ့အတိုင်း လူဟာ အမြဲပာမ်းသဘာဝ အလိုကိုချည်းလိုက်နေတာ မဟုတ်ပါဘူး။ မျိုးနွယ်ထုတ်လုပ်နေးကို သဘာဝရဲ့ စီရင်ပြဋ္ဌာန်းမှုအောက်က ဆွဲထုတ်ဖို့ကြိုးစားခဲ့ကြတာဟာ ရာစုနှစ်ပေါင်း တစ်ခုလောက်ရှိသွားပါပြီ။ မျိုးနွယ်ထုတ်လုပ်ရေး လုပ်ငန်းကို သဘာဝလက်ထဲကလုယူပြီး လူက သူ့ရဲ့ထိန်းချုပ်မှုအောက်မှာထားဖို့ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာလောက်ကတည်းက ကြိုးစားခဲ့ကြပါတယ်။ တချို့တိုင်းပြည်တွေဆိုရင် ပဋိသန္ဓေတားဆီးရေးနဲ့ ပတ်သက်လို့ သိပ္ပံနည်းကျနည်းနာတွေကို တရားဝင်ပြဋ္ဌာန်းပေးခဲ့ကြပါတယ်။ ဘုရင်ဂျီဘာသာဝင် တိုင်းပြည်တွေမှာတော့ လျှို့ဝှက်ကျင့်သုံးခဲ့ကြတယ်။ ယောကျ်ားတွေကတော့ အကာအကွယ်ကို သုံးကြတယ်။ မိန်းမတွေကတော့သွားလာပြီးတဲ့အခါမှာ သူတို့ခန္ဓာကိုယ်ထဲမှာ သုတ်ပိုးမကျန်ရစ်လေအောင် လုပ်ကြတယ်။ ပဋိသန္ဓေကို ဘယ်လိုတားမလဲဆိုတဲ့ ပြဿနာနဲ့ပတ်သက်လို့ ချစ်သူတွေ၊ အိမ်ထောင်ရှင်တွေကြားမှာ အငြင်းပွားခဲ့ကြတယ်၊ ယောကျ်ားကလည်း အကာအကွယ်တို့၊ ဘာတို့ကို မသုံးချင်ဘူး။ မိန်းမကလည်း ကရိကထများတယ်။ ဒီလိုနဲ့ ပဋိသန္ဓေတားတဲ့နည်းလမ်းတွေကို မသုံးကြတော့ဘဲ နောက်ဆုံးတော့ ရလာတဲ့ ပဋိသန္ဓေကို ဖျက်ချတဲ့နည်းကို သုံးလာကြတော့တာပါပဲ။ ပဋိသန္ဓေတားဆေးကို တရားဝင်





အသုံးပြုတဲ့ တိုင်းပြည်များမှာတောင် ဖျက်ချတာကိုတော့ တရား ဝင်ခွင့်ပြုခြင်း မရှိပါဘူး။

သားဖျက်ချတာဟာ တော်တော်စက်ဆုပ်ဖွယ်ကောင်းတဲ့ ပြစ်မှုတစ်ခုလို့ ယူဆကြပြီး စကားထဲထည့်ပြောတာတောင် လွန်လှပါပြီ။ စာရေးဆရာတစ်ယောက်အဖို့ ဆိုရင်လည်း မိန်းမတစ်ယောက် မျက်နှာမြင်တုန်းမှာ ခံစားရတဲ့ဝေဒနာတွေကို ရေးပြတာဟာ ဘာမှအကြောင်း မဟုတ်သေးပါဘူး။ ဒါပေမယ့် ဖျက်ချတဲ့အကြောင်းကိုရေးရင် ယုတ်ညံ့ပြီး လူ့လောကကြီးကို ယုတ်ညံ့တဲ့အမြင်နှင့် ကြည့်တယ်လို့ စွပ်စွဲခံရတတ်တယ်။ တချို့တိုင်းပြည်တွေမှာ သားဖျက်ရခြင်းကို ဥပဒေနှင့်ပိတ်ပင်ထားတယ်။ ဖျက်ချခြင်းဟာ အန္တရာယ်များလို့လည်း ယူဆကြတယ်။ (ဒါပေမယ့် ရိုးသားတဲ့ သမားတော်ကြီး များ၊ ဟန်မဆောင်တတ်တဲ့ သမားတော်ကြီးများကတော့ ဘာလင်မြို့က ဖိုမဆက်ဆံရေးသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါက်တာမဂ္ဂနုတ်စ်ဟာ့ရှဖီးနဲ့ သဘောတူကြပါတယ်။ သူက ဆေးရုံမှာလိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ကိုပြုလုပ်ပြီး တတ်ကျွမ်းတဲ့ပါရဂူများနှင့် ပြုလုပ်တဲ့ဖျက်ချမှုဟာ ပြစ်မှုဥပဒေမှာ ဆိုထားတဲ့ အန္တရာယ်တွေ သက်ရောက်ခြင်းမရှိနိုင်ဘူးလို့ ပြောဖူးပါတယ်။ သားဖျက်ချရာမှာ အန္တရာယ်များတာဟာ တခြားကြောင့်မို့မဟုတ်ဘူး။ ဖြစ်ကတတ်ဆန်းအခြေအနေတွေထဲမှာ ကျွမ်းကျင်မှုမရှိတဲ့သူတွေက ပြုလုပ်ပေးတဲ့အတွက် အန္တရာယ်များနေခြင်းဖြစ်ပါတယ်။)

တချို့ကလည်း ဖျက်ချတာကို ဘာသာရေးရှုထောင့်ကနေပြီး ကန့်ကွက်ကြတယ်။ အထူးသဖြင့် ဘုရင်ဂျီဘာသာမှာဆိုရင် ဒီအချက်ဟာ တော်တော်အပြစ်ကြီးတယ်။ ဘုရင်ဂျီဘာသာအရဆိုရင် မမွေးသေးဟဲ့ ကလေးငယ်မှာ ဝိညာဉ်ရှိတယ်။ ရေဖျန်းမခံရသေးဘဲ သူ့ဘဝကို ဖြတ်တောက်ပစ်လိုက်ရင် ကောင်းကင်ဘုံကို ဝင်ခွင့်မပေးဘဲ ပိတ်ပင်လိုက်တာနှင့်တူတယ်လို့ ယူဆတယ်။

တစ်ဖက်မှာလည်း အယူသည်းတဲ့ မဟာပုရိသဝါဒတွေ ရှိသေးတယ်။ အဲဒါကတော့ ဘယ်အခြေနေမျိုးမှာပဲဖြစ်ဖြစ် သန္ဓေသားဖျက်ချတာမျိုးကို မလုပ်အပ်ဘူးလို့ ယူဆတဲ့အယူအဆဖြစ်တယ်။ အထင်ရှားဆုံးကတော့ ၁၉၄၃ ခုနှစ်တုန်းကရေးခဲ့တဲ့ ဒေါက်တာဤူင်းရဲ့ စာအုပ်ထဲက အယူအဆမျိုးဖြစ်တယ်။ သားဖျက်ချတာဟာ ရက်စရာကောင်းတဲ့ အပြုအမူတစ်ရပ်မျှသာမက ရာဇဝတ်ပြစ်မှု တစ်ခုလည်းဖြစ်ကြောင်း၊ ဆေးပညာအရ ဆေးကုသဖို့လိုအပ်လာတဲ့အခါမျိုးပင်လျှင် သားဖျက်ချတာမျိုးကို မပြုသင့်ကြောင်း၊ ညမာအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကိုယ်ဝန်ရှိတာဟာ အမေရဲ့ကျန်းမာရေးနဲ့ အသက်အန္တရာယ်ကို စိုးရိမ် လာရတဲ့ အခြေအနေကိုရောက်သည့်တိုင် သားဖျက်တာကိုလည်း လက်မခံသင့် ကြောင်း၊ ကလေးအသက်ကိုရွေးမလား၊ အမေ့အသက်ကို ရွေးမလားဆိုတာ ဘုရားမှအပ ဘယ်သူမှ ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း၊ သန္ဓေသားဟာ အမေပိုင် ဆိုင်တဲ့ ပစ္စည်းမဟုတ်ကြောင်း၊ သန္ဓေသားဟာ အမေကို မှီတွယ်စားသောက်နေ တဲ့ ကပ်ပါးသတ္တဝါတစ်ခုမဟုတ်ကြောင်း စသဖြင့် ရေးထားတယ်။

ဒါတွေကတော့ ကိုယ်ဝန်ဖျက်ချတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတဲ့ အမြင် တွေပါပဲ။ တချို့ကလည်း ပြောကြသေးတယ်။ ကိုယ်ဝန်ဖျက်ချတာမှ 'လူတန်း စား' လက္ခဏာရှိတယ်တဲ့။ သူတို့ပြောတာကတော့ ပဋိသန္ဓေတားတဲ့ အယူအဆ ဟာ လူလတ်တန်းစားတွေထဲက ပေါက်ဖွားပြီး အဲဒီလူတန်းစားကြား ထဲမှာ ပျံ့နှံ့နေတဲ့ အယူအဆ တစ်ခုဖြစ်တယ်တဲ့။ အိမ်မှာ ရေချိုးခန်းအလွယ် တကူရှိ တာဟာ ရေချိုးခန်းအလွယ်တကူမရှိတဲ့ အလုပ်သမားဆင်းရဲသားများရဲ့ အခြေ အနေထက် ပိုပြီး ပဋိသန္ဓေသားဖျက်အောင် ဖန်တီးပေးတဲ့အခြေအနေ ဖြစ် တယ်တဲ့။ ဆင်းရဲသားအလုပ်သမားတွေရဲ့ အိမ်မှာတော့ ရေချိုးခန်းမရှိ၊ ရေဘုံ ပိုင်မရှိဆိုတော့ ဒီလိုအမှုမျိုးကို လွယ်လွယ်ကူကူ ကျူးလွန်ဖို့ ခက်ခဲတယ်တဲ့။

အမှန်ကတော့ ဒါတွေဟာ အဓိကအကြောင်း မဟုတ်ပေမယ့် စီးပွား ရေးအကြောင်းဟာလည်း တစ်စိတ်တစ်ဒေသတော့ ပါပါတယ်။ တချို့ ဆင်းရဲ သားများကျတော့လည်း ကလေးတစ်ယောက်တိုးလာရင် စရိတ်စကကြီးလေး လာတော့မှာမို့လို့ ဖျက်ချကြတာတွေရှိတယ်။ အိမ်မှာနေစရာ ထိုင်စရာက လည်းကျပ်၊ အမေကလည်း အပြင်ထွက်လုပ်ရ၊ စီးပွားရေးကလည်း ကျပ်တည်း ဆိုတော့ အဲဒီအလုပ်ကို လုပ်ဖြစ်ကြတော့တာပါပဲ။ အများအားဖြင့်တော့ (ပြင် သစ်ပြည်မှာဆိုရင်) အိမ်ထောင်သည်များဟာ ကိုယ်ဝန်နှစ်ခါဆောင်၊ ကလေး နှစ်ယောက်မွေးပြီးရင် မွေးနှုန်းကို ကန့်သတ်ပစ်လိုက်တော့တာပါပဲ။ ဒီတော့ တစ်ဖက်မှာ ကိုယ်ဝန်ကိုဖျက်ချပစ်ခဲ့တဲ့ စက်ဆုပ်စရာကောင်းတဲ့ အမေဟာ အခြားတစ်ဖက်မှာတော့ ချစ်စရာကောင်းတဲ့ နတ်တမန်ကလေးနှစ်ပါးကို ပုခက် လွှဲပေးတဲ့ မိခင်ဖြစ်နေပြန်ပါတယ်။ ဒါပေမယ့် ဝင်ငွေနည်းတဲ့ အိမ်ထောင်များ မှာတော့ ကိုယ်ဝန်ဖျက်ချတာတို့၊ သားဖျက်ချတာတို့ဟာ တော်တော်ဆင်းရဲပြီး တော်တော်ဝေဒနာခံစားရတဲ့ အလုပ်ဖြစ်ပါတယ်။

ဒါပေမယ့် ဒီဝေဒနာကို ရင်ဆိုင်တဲ့နေရာမှာ အခြေအနေကို လိုက်ပြီး ပြင်းထန်ပုံချင်း ကွဲပြားခြားနားကြတယ်။ ထုံးတမ်းစဉ်လာအရ အိမ်ထောင်ပြုတဲ့ မိန်းမ၊ သို့မဟုတ် မပူမပင် မကြောင့်မကြနဲ့ 'အငယ်အနှောင်း' ဖြစ်ရတဲ့ မိန်းမ





တို့အဖို့မှာတော့ ယောက်ျားရဲ့ ထောက်ပံ့မှု ရှိတယ်။ ဆွေမျိုးအသိုင်းအဝိုင်း ရှိတယ်။ အခွင့်သာမှုတွေ ရှိတယ်။ ပထမအားဖြင့် သူ့မှာ ဆေးဝါးကုသရေး အကြောင်းပြချက်နှင့် သားဖျက်ချတယ်။ တချို့ဆိုရင် သားဖျက်တဲ့ကိစ္စကို သာ ယာသဘောထားလေ့ရှိတဲ့ ဆွစ်ဇာလန်လို တိုင်းပြည်မျိုးကို ထွက်သွားတယ်။ ဒီနေ့လို ခေတ်မျိုးမှာဆိုရင် ဆရာဝန်တွေကလည်း ကျွမ်းကျင်တယ်။ ဆေးဝါး တွေကလည်းကောင်း၊ ပစ္စည်းကိရိယာတွေကလည်း စိတ်ချရလေတော့ အဲဒီကို သွားကြတယ်။ တချို့ ဒီလိုတရားဝင် ပူးပေါင်းဆောင်ရွက်မှုမရတဲ့ တိုင်းပြည် မျိုးမှာကျတော့လည်း တိတ်တိတ်ပုန်းရှာထား၊ ကြိုတ်ရှာထားတဲ့ လိပ်စာတစ်ခု ဆီသွား၊ ငွေကောင်းကောင်းပေးပြီး ကိစ္စပြီးအောင် လုပ်ကြတယ်။ ဒီလို လုပ်တာ ဟာ ကျန်းမာရေးအတွက် ကောင်းသတဲ့လေ။ အသားအရေ ကောင်းစေသတဲ့ လေ။

ဒါပေမယ့် ပိုက်ဆံလည်းမတတ်နိုင်၊ ကိုယ့်မှာလည်း အထုပ်အထည် ဖြစ်၊ အသိုင်းအဝိုင်းကလည်း မေးငေါ့စပြုခံနေရတဲ့ ဆင်းရဲသူမိန်းကလေး တွေအဖို့ကျတော့ ဘယ်နှယ့်လုပ်ကြမလဲ။ ပြင်သစ်ပြည်မှာဆိုရင် တစ်နှစ်တစ် နှစ်ကို အဲဒီလိုဖြစ်တဲ့ မိန်းကလေးပေါင်း သုံးသိန်းလောက်ရှိတယ်။ လင်ကောင် မပါဘဲ မွေးရတာထက်စာရင် ကိုယ့်ကိုကိုယ် အဆုံးစီရင်တာက တော်သေး တယ်၊ ဖျက်ချတာက တော်သေးတယ်ဆိုပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြ တယ်။ အများအားဖြင့်တော့ ချစ်သူက သို့မဟုတ် အပျော်ကြံသူက သွေးဆောင် ဖြားယောင်းတာကို အဟုတ်ထင်လို့ ယုံမှတ်ပြီး ပုံအပ်ခဲ့ရတဲ့ မိန်းကလေး တွေပေါ့။

တစ်ခါတလေမှာလည်း ဖြစ်တတ်တာက သူ့မှာမဖုံးနိုင် မဖိနိုင်ဖြစ် လာပြီဆိုတာကို ဖွင့်ပြောလိုက်တာနှင့်တစ်ပြိုင်နက် ယောက်ျားလေးကိုယ်တိုင် က ဒီကိစ္စကို ရှင်းပစ်ဖို့ သွေးဆောင်တတ်တယ်။ ဒါမှမဟုတ်ရင်လည်း ရှောင် ပြေးတတ်တယ်။ အဲဒီအခါမှာ မိန်းကလေးဟာ ကြားဖူးနားဝနှင့် မဟုတ်က ဟုတ်က ဆေးတွေကိုစား။ ဒီလိုစားရင်း ဘာမှမဖြစ်ဘဲ ကိုယ်ဝန်က သုံးလ၊ လေးလ၊ ငါးလလောက်ရှိလာရော။ အဲဒီအခါကျတော့မှ ဖျက်ချဖို့လုပ်တော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရော။

တောမှာဆိုရင် တချို့မိန်းကလေးတွေဟာ နားမလည်ပါးမလည်နဲ့ လှေကားပေါ်က ချော်ကျအောင်တမင်လုပ်တယ်။ ဒါမှမဟုတ် စပါးကျီမှာထား တဲ့ လှေကားပေါ်ကခုန်ဆင်းတယ်၊ ဒါပေမယ့် သူလိုချင်တဲ့ရလဒ်ကို မရပါ ဘူး။ နောက်ဆုံးတော့ ဘာဖြစ်သလဲ။ ရွာပြင် ချိုင့်စည်းရိုးနားမှာ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မြောင်းထဲမှာသေနေတဲ့ မိန်းကလေးတစ်ယောက် ရဲ့ ထူးဆန်းတဲ့အလောင်းကို တွေ့ရတော့တာပါပဲ။

မြို့ကြီးတွေမှာတော့ ဒီလိုမဟုတ်ဘူး။ ဒီကိစ္စမျိုးမှာ တစ်ယောက်နှင့် တစ်ယောက် ကူညီကြတယ်။ ကူညီတယ်ဆိုပေမယ့် မြို့မှာ လွယ်လွယ်ကူကူ လက်သည်တို့ ဘာတို့ကလည်းရှာမတွေ့၊ ပိုက်ဆံကလည်း မတတ်နိုင်တော့ မိန်းကလေးဟာ သူငယ်ချင်းကို ကျိတ်တိုင်ပင်ပြီး အကူအညီတောင်းတယ်။ ဒါမှမဟုတ်ရင်လည်း သူကိုယ်တိုင် ဒီကိစ္စကို လုပ်တယ်။ ကိုယ့်ဘာသာကိုယ် ဖျက်ချတဲ့ လက်ရေးတိုစာရေးတို စာရေးဆရာမကလေး တစ်ယောက်ကိုတွေ့ဖူးတယ်။ အခန်းထဲရောက်သွားတော့ သွေးအိုင်ထဲမှာသတိလစ်နေပြီ။ လေးရက်ရှိပြီတဲ့။ ရေလည်းမသောက်ဘူး၊ အစာလည်းမစားရ။ ကိုယ့်အပြစ်နှင့်ကိုယ်ဆိုတော့ ဘယ်သူ့ဆီကိုမှလည်း အကူအညီမတောင်းရဲဘဲ ကျိတ်ပြီးဖြစ်နေတာ။ အချိန်မီရုံကလေးရောက်သွားလို့ အသက်မသေတာပေါ့။

ယောကျ်ားတွေကတော့ ဖျက်ချတာကို ခပ်ပေါ့ပေါ့ပဲ သဘောထားလေ့ရှိကြပါတယ်။ မိန်းမဆိုတာ အာဝေဏိကငါးမျိုးကို ခံစားထိတွေ့ရမယ့် ထုံးစံအတိုင်း တွေ့ကြုံရတာပဲလို့ လွယ်လွယ်ပဲ သဘောထားလိုက်ကြပါတယ်။ ဒီလိုလုပ်ခြင်းဟာ မိန်းမရဲ့တန်ဖိုးကို စွန့်လွှတ်လိုက်ရတယ်ဆိုတာကို သူတို့နားမလည်နိုင်ကြဘူးပေါ့။ တကယ်တော့ ဖျက်ချတဲ့ မိန်းမတစ်ယောက်ဟာ မိမိရဲ့တန်ဖိုး၊ မိန်းမရဲ့တန်ဖိုးကို စွန့်လွှတ်လိုက်ရတာပါပဲ။

ဒီလိုလုပ်လိုက်ခြင်းဟာ သူ့ရဲ့ စိတ်ဓာတ်ဆိုင်ရာ စကြဝဠာကြီးကို ဖြိုခွဲဖျက်ဆီးပစ်လိုက်ရတာနှင့် အတူတူပါပဲ၊ ငယ်စဉ်တောင်ကျေး ကလေးကတည်းက မိန်းမဆိုတာ ပဋိသန္ဓေ ဆောင်ရမယ်၊ သားမွေးရမယ်လို့ သင်ကြားထားခဲ့ကြတယ်၊ မိခင်ဘဝရဲ့ မြင့် မြတ်မှု၊ ကြီးကျယ်ခမ်းနားမှုတွေကို သူ့ကို သိဆိုပြခဲ့ကြတယ်။ ရာသီပွင့်ရတာ၊ နာမကျန်းဖြစ်ရတာ ငြိုငွေ့စရာကောင်းလောက်အောင် အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ ကိစ္စတွေကို ဆောင်ရွက်ရတာတွေ စတဲ့ မိန်းမတွေရဲ့ တစ်ပန်းရှုံးမှု မှန်သမျှတွေအတွက် လူ့မျိုးဆက်ပြန့်ပွားဖို့ သားသမီးရတနာမွေး ရခြင်းဆိုတဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အလုပ်ကြီးနှင့် အလျော်ပေးထားတယ်။ အဲဒီအခွင့်အရေး ကြီးကို အလျော်ပေးထားတယ်။

ခုတော့ ယောကျ်ားဟာ သူ့ရှေ့ရေးတိုးတက်မှုအတွက် သူချောင်ချောင်လည်လည် နေနိုင်ဖို့အတွက် သူ့တာဝန်ပေါ့ဖို့အတွက် မိန်းမကိုဒီလောက်အဖိုးတန်တဲ့၊ မြင့်မြတ်တဲ့ အခွင့်အရေးကြီးကို စွန့်လွှတ်ခိုင်းနေပါပေါ့လား။

ဒီလို လွယ်လွယ် သဘောထားသူတွေအတွက်တော့ ကလေးဟာ





အဖိုးထိုက်အဖိုးတန် ရတနာတစ်ပါးမဟုတ်တော့ဘူး။ သားမွေးခြင်းဟာလည်း ကြီးကျယ်မြင့်မြတ်တဲ့ တာဝန်ကြီးတစ်ခု မဟုတ်တော့ဘူး။ ဒီလို ကလာပ်သည်းများပွားများလာခြင်းဟာ ဒုက္ခဝေဒနာကြီး၊ အနှောင့်အယှက်ကြီး၊ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်။ ဒီလိုလူတွေအဖို့ သားဖွားရခြင်းဟာ မိန်းမရဲ့ချို့ယွင်းချက်ကြီးဖြစ်နေတယ်။ သားဖွားတာထက်စာရင် လစဉ်ရာသီပန်းပွင့်လို့ ကရိုအသများရတာကမှ တော်သေးတယ်လို့ ယူဆကြတယ်။ အနိစ္စဆင်းလာမှုပြန်ရောက်လာတာကို စိုးရိမ်တကြီး စောင့်ကြည့်ကြတယ်။ အပျိုပေါက်အရွယ်တုန်းကတော့လည်း အဲဒီ အနိစ္စဆင်းမှုကိုမြင်ပြီး ကြောက်လန့်ခဲ့ရတယ်။ ကြီးလာလို့ သားသမီးမမွေးချင်တဲ့အခါမှာတော့ အနိစ္စဆင်းမှုကို ပြန်မျှော်ရပြန်ရော။

www.burmeseclassic.com

www.burmeseclassic.com

## မိခင်လောင်းရဲ့ စိတ္တဇေ

BURMESE CLASSIC .com

ကလေးဘဝကနေပြီး အပျိုပေါက်အရွယ် ရောက်သည်အထိ မိန်းကလေးဟာ မိခင်လောင်းဘဝနဲ့ ပတ်သက်လို့ အဆင့်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရတယ်။ ကလေးဘဝတုန်းကတော့ မိခင်လောင်းဘဝဟာ သူ့အဖို့ အဆန်းတကျယ် ကိစ္စကြီးပေါ့။ ကစားစရာ နည်းတစ်မျိုးပေါ့။ မိန်းကလေးဟာ ယမင်းရုပ်ကလေးကို ပိုက်ပြီး အမေလုပ်တန်း ကစားခဲ့တယ်။ ဒီယမင်းရုပ်ကလေးဟာ သူ့ရဲ့ အနာဂတ်ကလေးငယ်ပေါ့၊ သူကြီးကြပ် ပဲ့ပြင်ရမယ်သူပေါ့။ အပျိုပေါက်ဘဝကို ရောက်လာတဲ့အခါကျတော့ မိခင်လောင်းဘဝဟာ သူ့အဖို့ သူ့ရဲ့သန့်စင်မှုကို ခြိမ်းခြောက်နေတဲ့ အရာတစ်ခုဖြစ်လာတယ်လို့ ထင်မှတ်လာကြတယ်။ တစ်ခါတလေမှာ အဲဒီ မိခင်ဘဝကို သူကြောက်တယ်။ တစ်ခါတလေမှာလည်း အဲဒီ မိခင်ဘဝကို သူတောင့်တတယ်။ အချို့မိန်းကလေးတွေဟာ သူတို့ ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ကလေးငယ်တွေအပေါ်မှာ မိခင်တာဝန်တွေကို မယူရဘဲ မိခင်ရဲ့ အခွင့်အာဏာမျိုးကို သုံးချင်ကြတယ်။ မိခင် မဖြစ်ချင်ဘဲ မိခင်ရဲ့ အခွင့်အာဏာကို သုံးသွားချင်ကြတယ်။ သူတို့ဟာ တစ်ဖက်က မိခင်ရဲ့ အခွင့်အာဏာကို သုံးချင်ပေမယ့် အခြားတစ်ဖက်မှာ ကိုယ်ဝန်ဆောင်ရမှာကို ကြောက်ကြတယ်။

ဒီလိုနဲ့ပဲ သူတို့ဟာ ဝမ်းဆွဲဆရာမများ၊ သူနာပြုများ၊ ကျောင်းဆရာမများ၊ တူတွေ တူမတွေကို ချစ်တတ်တဲ့ အဒေါ်အပျိုကြီးများ ဖြစ်သွားကြတော့တယ်။ တချို့ကျတော့လည်း မိခင်ဘဝကို မကြောက်ကြသည့်တိုင် ပျော်ပျော်ပါးပါး နေချင်တာ၊ လွတ်လွတ်လပ်လပ် နေချင်တာနဲ့ပဲ အပျိုကြီး





ဘဝနဲ့ အရိုးထုတ်သွားကြတယ်။ သူတို့မှာ လင်ကိစ္စ သားကိစ္စတွေအတွက် တာဝန်မယူချင်ဘူးလေ။

မကြာခဏဆိုသလိုပဲ မိန်းမများဟာ ယောကျာ်းနဲ့ ပေါင်းသင်းဆက်ဆံခြင်း မပြုတဲ့နည်းနဲ့ဖြစ်စေ၊ ပဋိသန္ဓေတားတဲ့နည်းဖြစ်စေကိုယ်ဝန်မရှိအောင် ရှောင်လေ့ရှိကြတယ်။ တချို့လည်း မီးဖွားရမှာကို မကြောက်သည့်တိုင် စိတ်ဓာတ်ဆိုင်ရာ တုံ့ပြန်မှုကြောင့် ကိုယ်ဝန်မရဘဲ ဖြစ်တတ်တာမျိုးတွေရှိတယ်။ အဲဒီလို အမျိုးသမီးတွေကို ဆေးစစ်ကြည့်လိုက်ရင် သူတို့မှာ အာရုံကြော အားနည်းနေတဲ့ ရောဂါမျိုးတွေ ရှိနေတတ်တာကို တွေ့ရတယ်။ ဒါကြောင့်မို့ ကိုယ်ဝန်ရှိတာကို လိုလားသလား၊ မလိုလားဘူးလားဆိုတဲ့ အချက်ဟာ ပဋိသန္ဓေနေရခြင်း ကိစ္စအပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတဲ့ အချက်အပေါ်မှာ တည်နေတယ်။ မိန်းမဟာ ကိုယ်ဝန်ရှိလာတဲ့အခါမှာ ငယ်ငယ်တုန်းက မိခင်ဘဝနဲ့ပတ်သက်တဲ့ စိုးရိမ်မှုတွေ၊ အပျိုပေါက်ဘဝတုန်းက ကလေး မွေးရမှာကို ကြောက်လန့်စိုးရိမ်တဲ့ စိတ်တွေဟာ ပြန်ပေါ်လာတတ်တယ်။ စိုးရိမ်မှု ပုံသဏ္ဍာန်တွေကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြပေဘူးပေါ့။ လူကိုလိုက်ပြီး စိုးရိမ်ပုံလည်း မတူနိုင်ကြဘူးပေါ့။

ကိုယ်က မိခင်အလှည့်ကို ရောက်လာတဲ့အခါမှာ မိန်းကလေးဟာ ကိုယ့်အမေရဲ့နေရာကို ပြန်ယူလာရတဲ့သဘော ဖြစ်လာတယ်။ ဆိုလိုတာက မိန်းကလေးဟာ လုံးဝလွတ်မြောက်ရေး ရသွားတယ်။ မိခင်အဖြစ်ကို တကယ်လိုလားတောင်းတရင် သူကိုယ်ဝန်ရလာတာကို ဝမ်းသာမယ်။ ဒီကိုယ်ဝန်ကို လွယ်ပြီးသူကိုယ်တိုင် သတ္တိရှိရှိနဲ့ ကလေးတစ်ယောက်ကို မွေးမယ်။ ဒါပေမယ့် အမေရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေသေးရင်တော့ မိန်းကလေးဟာ သူမီးဖွားဖို့ကိစ္စအဝဝကို အမေ့လက်ထဲကို လုံးဝပုံအပ်တော့တာပါပဲ။ အဲဒီအခါမှာ ဘာဖြစ်သလဲ။ သူမွေးလိုက်တဲ့ ကလေးငယ်ကို ကိုယ့်သွေးကိုယ့်သားလို့ မထင်တော့ဘဲ မောင်လေး ညီမလေးလို့ ထင်နေတတ်တယ်။

တချို့ မိန်းကလေးများဆိုရင် သားသမီးမွေးတာဟာ ကိုယ့်ကို မိခင်ရဲ့ အုပ်ထိန်းမှုအောက်က လွတ်မြောက်အောင်လုပ်ပေးတဲ့ အရာလို့မထင်ဘဲ ကိုယ့်ကိုပြန် နှားဖားကြိုး အတပ်ခံရတာ၊ ထမ်းပိုးအတပ်ခံရတာလို့ ထင်သွားပြီး ကြောက်နေတတ်တယ်။ ကိုယ်ဝန်ရှိတုန်းမှာ ဒီလိုစိုးရိမ်မှုမျိုးတွေ ပေါ်ပေါက်လာရင် ကိုယ်ဝန်ပျက်ကျသည်အထိ ဖြစ်စေနိုင်တယ်။ ကိုယ်ကိုယ်တိုင်က အမေ့အပေါ်မှာ မနာလိုဝန်တို တဲ့စိတ်မျိုး၊ မနှစ်သက်တဲ့ စိတ်မျိုးရှိခဲ့ရင် မိမိ့ ပဋိသန္ဓေကိုလည်း တစ်နည်းနည်းနဲ့ ထိခိုက်နိုင်တယ်။ ဒါကြောင့် ကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိစဉ်မှာ မိန်းကလေးနဲ့ သူ့အမေရဲ့ ဆက်ဆံရေးဟာ အလွန်အရေးကြီးတယ်။

ကိုယ်နဲ့အမေရဲ့ ဆက်ဆံရေးဟာ အရေးကြီးသလိုပဲ ကိုယ်နဲ့ကလေးအဖေ ခင်ပွန်းသည်ရဲ့ ဆက်ဆံရေးဟာလည်း ကိုယ်ဝန်ဆောင်စဉ်ကာလမှာ အလွန်အရေးကြီးပါတယ်။ ရင့်ကျက်ပြီး အမှီအခိုကင်းတဲ့ မိန်းကလေးတစ်ယောက်ဟာ မိမိလုံးဝပိုင်ဆိုင်တဲ့ ကလေးတစ်ယောက်ကို လိုချင်တယ်။ မိမိတို့နှစ်ဦးရဲ့ အားပေးထောက်ခံမှုကို လိုချင်တယ်။ ယောကျ်ားက သူ့အပေါ်မှာ ဦးစားပေးမှသာလျှင် မိန်းမဟာလည်း သူ့သားသမီးအပေါ်၊ ကလေးအပေါ်မှာ ဦးစားပေးမှာဖြစ်တယ်။

မိန်းမဟာ ကလေးလည်းဆန့်တယ်၊ ကြောက်လည်းကြောက်တတ်တယ်ဆိုရင် ယောကျ်ားကပိုပြီးတော့တောင် အားပေးဖို့လိုသေးတယ်။ တစ်ခါတလေမှာ ဖြစ်တတ်တာက မိန်းကလေးက ငယ်လည်းငယ်သေးတယ်။ ကလေးတစ်ယောက် နှစ်ယောက်လည်း မွေးပြီးပြီဆိုရင် အထိတ်တလန့် ဖြစ်လာတတ်တယ်။ ဒီမှာတင် ယောကျ်ားအပေါ်မှာ တောင်းဆိုချက်တွေကို အများကြီး လုပ်လာတတ်တယ်။ သူကသိပ်ပြီး အစိုးရိမ်လွန်နေတော့ ယောကျ်ားကို အိမ်ကဘယ်မှမသွားစေချင်ဘူး။ ယောကျ်ားအလုပ်ထဲကို ဝင်စွက်တယ်။ အရေးမကြီးတဲ့ ကိစ္စကလေးတွေကို ပုံကြီးချဲ့တယ်။ သူ့ကို ဂရုစိုက်ဖို့၊ ကြင်နာပြဖို့ သိပ်လိုလားတယ်။ ဒီမှာတင် ယောကျ်ားဟာလည်း စိတ်ညစ်ပြီး အိမ်က ထွက်နေတာမျိုးတွေ ဖြစ်တတ်တယ်။

မိန်းမတစ်ယောက်ဟာ ကိုယ့်ယောကျ်ားကို ချစ်တယ်ဆိုရင် ကိုယ့်ခံစားချက်တွေကို ယောကျ်ားရဲ့ ခံစားချက်နဲ့အတူဖြစ်အောင် ပုံသွင်းပေးရမယ်။ မိန်းမဟာ သူ့ရဲ့ကိုယ်ဝန်နဲ့ မိခင်ဘဝကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုသလား၊ မကြိုဆိုဘူးလား ဆိုတဲ့အချက်ဟာ ယောကျ်ားရဲ့အပေါ်မှာ ဘယ်လောက်အရေးပေးသလဲ ကြင်နာသလဲဆိုတဲ့အချက်တွေဟာ အများကြီး စကားပြောတယ်။ တစ်ခါတလေကျတော့လည်း မိန်းမဟာ အိမ်ထောင်ရေးကို ခိုင်မြဲသွားအောင်၊ သူ့နဲ့ သူ့ယောကျ်ားတို့ရဲ့ သံယောဇဉ်ကြိုးကို မြဲမြံသွားအောင် လုပ်ဖို့အတွက် ကလေးကိုလိုချင်တယ်။ ဒီမျှော်လင့်ချက် အောင်မြင်ရင် အောင်မြင်သလောက် ကလေးအပေါ်မှာ တွယ်တာတယ်။ ဒီမျှော်လင့်ချက် မအောင်မြင်ရင် ကလေးအပေါ်မှာလည်း တွယ်တာမှုလျော့ပါးသွားတာမျိုးတွေ ရှိတတ်ပြန်သေးတယ်။ မိန်းမဟာ ယောကျ်ားအပေါ်မှာ မလိုမုန်းထားဖြစ်နေရင် ကလေးအပေါ်မှာ သံယောဇဉ်ပိုတွယ်သွားပြီး အဲဒီကလေးကို သူ့ယောကျ်ားနဲ့ ဝေးအောင်လုပ်ထားတတ်တယ်။ ဒီလိုမှ မဟုတ်ရင်လည်း ကိုယ်မုန်းတဲ့





ယောကျ်ားနဲ့ရတဲ့ ကလေးဖြစ်တဲ့အတွက် ကလေးကိုပါ မုန်းနေတတ်တာမျိုးတွေ ရှိတတ်တယ်။ ပထမ ကလေး ကိုယ်ဝန်ရှိတုန်းက သူ့ယောကျ်ားအပေါ်မှာ ဝေခွဲမရတဲ့ ခံစားချက်မျိုး (ချစ်သလား မုန်းသလား ဆိုတာကို မဝေခွဲနိုင်တာမျိုး) ရှိတဲ့အတွက် သူ့မှာ ကိုယ်စိတ်နှစ်ပါး မအီမသာ ဖြစ်ရတယ်လို့ ဘော်တွိုင်းရဲ့ဇနီးက သူ့မှတ်တမ်းထဲမှာ ရေးဖူးတယ်။

ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ဝန်ဆောင်ခြင်းဆိုတာ မိန်းမရဲ့ အတွင်းသန္တာန်ထဲမှာ ကပြနေတဲ့ ပြဇာတ်ကြီးတစ်ပုဒ်ဖြစ်ပါတယ်။ ကိုယ်ဝန်ကို လွယ်ထားရချိန်မှာ မိန်းမဟာပိုပြီး ကြွယ်ဝချမ်းသာလာတယ်လို့လည်း ခံစားရတယ်။ တစ်ပြိုင်နက်တည်းမှာ ဆုံးရှုံးရတယ်လို့လည်း ခံစားရတယ်။ သန္ဓေသားဟာ သူရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု ဖြစ်နေပြီး တစ်ပြိုင်နက်တည်းမှာ ကိုယ့်ခန္ဓာကိုယ်ကို မှီပြီးစားသောက်နေတဲ့ ကပ်ပါးပိုးတစ်ကောင်လည်း ဖြစ်နေတယ်။ မိန်းမဟာ သန္ဓေသားကို ပိုင်ဆိုင်နေပြီးတစ်ပြိုင်နက်တည်းမှာ သန္ဓေသားရဲ့ ပိုင်ဆိုင်မှုကိုလည်း ခံနေရတယ်။ သန္ဓေသားဟာ အနာဂတ်ကို ကိုယ်စားပြုနေတဲ့အတွက် သန္ဓေသားကို ဆောင်ထားချိန်မှာပဲ သူဟာ ကမ္ဘာကြီးလောက် ကျယ်ပြန့်တယ်လို့လည်း အထင်ရောက်နေတယ်။ ဒါပေမယ့် ဒီလိုကြွယ်ဝချမ်းသာတဲ့အတွက်ကြောင့်ပဲ မိန်းမဟာ စိတ်ညစ်နေရပြန်တယ်။ သူဟာ ဘာမှမဟုတ်တော့ဘူးလို့ ထင်သွားတယ်။ သူ့ကိုယ်တွင်းမှာ ဘဝသစ်တစ်ခုဟာ အထင်အရှားပြနေပြီး သီးခြား ကင်းလွတ်တဲ့အရာတစ်ခုအဖြစ် ပေါ်ထွက်လာတော့မှာ ဖြစ်တဲ့အတွက် သူ့ဂုဏ်ယူတယ်။ ဝမ်းသာတယ်။ ဒါပေမယ့် သူဟာ အမည်ဖော်မပြနိုင်တဲ့ အင်အားစုများရဲ့ ကစားစရာ ပစ္စည်းကလေးတစ်ခုအဖြစ် မြှောက်လွှင့်ကစားခံရတော့မှာ ပါကလားလို့လည်း သူခံစားနေတယ်။ လက္ခဏာရေးသုံးပါးကို မြင်အောင် ရှုချိန်မှာလို မိမိခန္ဓာကိုယ်ရဲ့ မမြဲတဲ့သဘောကို အမြင့်ဆုံးအချိန်ဟာ ကိုယ်ဝန်ရှိချိန်မှာဖြစ်တယ်ဆိုတာကို သတိပြုသင့်တယ်။ ခန္ဓာကိုယ်ကြီးဟာ ကိုယ့်အလိုနဲ့ ဆန့်ကျင်ပြီး ပျို့အန်ချင်တယ်၊ အီမသာဖြစ်တယ်။ ကိုယ်ခန္ဓာကြီးဟာ အတ္တမဟုတ်ဘဲ အနတ္တသဘောကိုဆောင်တယ်ဆိုတာ ပိုလို့ သဘောပေါက်လာတတ်တယ်။ လက်မှုပညာသည်တစ်ယောက်၊ ဒါမှမဟုတ် အားသွန်ခွန်စိုက် အလုပ်လုပ်နေတဲ့ လူတစ်ယောက်မှာ ပြုလုပ်သူရဲ့ သဘော၊ အတ္တရဲ့သဘောဟာ ရှိနေတယ်။ ဒါပေမယ့် မိခင်လောင်းအဖို့မှာတော့ ပြုလုပ်သူနှင့်ပြုလုပ်ခြင်းခံရသူတို့ ပဋိပက္ခဟာ ရပ်စဲသွားတယ်။ မိခင်နဲ့ကလေး နှစ်ဦးစလုံး(ပြုလုပ်သူနှင့် ပြုလုပ်ခံရသူ နှစ်ဦးလုံး) ဟာ ဘဝစီမံရာ၊ ကံစီမံရာကို နာခံနေရတဲ့ အရုပ်တစ်ရုပ် ဖြစ်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝကြီးရဲ့ ဖန်တီးမှုကြောင့် ကိုယ်ဝန်ဆောင်နေရတဲ့ မိန်းမဟာ အပင်နဲ့ တိရစ္ဆာန် ဖြစ်နေတယ်။ အဆီခဲတွေ သိုမှီးထားရာနေရာ ဖြစ်နေတယ်။ သား ဖောက်စက် ဖြစ်နေတယ်။ ဥတစ်ဥ ဖြစ်နေတယ်။

သာမန်အားဖြင့် ကြည့်ရင် ဘဝဆိုတာဟာ တည်ရှိမှုတစ်ခုရဲ့ အခြေ အနေတစ်ရပ်သာ ဖြစ်တယ်။ အဲ သားမွေးဖို့ ကိုယ်ဝန်ကို ဆောင်ရချိန်မှာတော့ ဘဝဟာ အပြုသဘောဆောင်လာတယ်လို့ ထင်ရတယ်။ ဒါပေမယ့် ဒီ ဖန်တီး မှုမျိုးဟာ လှုပ်ယှက်ခြင်းမရှိတဲ့ ဖန်တီးမှုမျိုးသာဖြစ်တယ်။ တစ်ချို့ မိန်းမတွေ ရှိတယ်။ ကိုယ်ဝန်ဆောင်ရတာကို နှစ်သက်ပြီး မကြာခဏ ကိုယ်ဝန်လိုချင်ကြ တယ်။ ကလေးကို နို့တိုက်ရတာကို ပျော်တယ်။ ကလေးက နို့ပြတ်တာနဲ့ တစ်ပြိုင်နက် သူတို့မှာ မနေတတ်မထိုင်တတ်ဖြစ်တတ်ကြတယ်။ အဲဒီလို မိန်းမ မျိုးတွေဟာ ကလေးများများ မမွေးတတ်တဲ့ မိန်းမမျိုးတွေ ဖြစ်လေ့ရှိတယ်။ အုများများ အုတဲ့ ကြက်မမျိုးကိုပေါ့။ ဒီလိုမိန်းမများကျတော့ သူတို့ရဲ့ လွတ်လပ်စွာ လှုပ်ရှားနိုင်မှုကို ခန္ဓာကိုယ်ရဲ့ လုပ်ဆောင်မှုနဲ့ လဲလိုက်ချင်ကြ တယ်။ (မိမိတို့ရဲ့ လွတ်လပ်မှုကို ကိုယ်ဝန် ဆောင်ရခြင်း၊ နို့တိုက်ရခြင်း စသည့် သဘာဝလုပ်ငန်းများနဲ့ လဲချင်ကြတယ်) ပြန်လည် ထုတ်လုပ်ရေးဖြစ်စဉ် (သား သမီး မွေးဖွားပြီး နို့ချိုတိုက်ကျွေးရတဲ့အလုပ်) ဟာ စတင်တာနဲ့ တစ်ပြိုင်နက် သူ့ခန္ဓာကိုယ်ဟာ အမြစ်တွေ ဝေပြောတဲ့နေရာ၊ ရေသောက်မြစ် အပွင့်ဝေရာလို့ ထင်မှတ်လာတယ်။ နောက်ကလေးတစ်ယောက်ကို ကိုယ်ဝန်ဆောင်ရတာနဲ့ တပြိုင်နက် ပထမကလေး နို့ပြတ်သွားတဲ့နေရာမှာ အလျော်ရပြီဆိုပြီး ဝမ်း မြောက်ဝမ်းသာ ဖြစ်တတ်ကြတယ်။

ဒီမှာတင် သူဟာ ဘဝရေစီးထဲကို ပြန်ရောက်လာတယ်။ အရာဝတ္ထု တွေအားလုံးနဲ့ ပြန်စုပေါင်းသွားတယ်။ အဆုံးမရှိတဲ့ မျိုးဆက်ပြန့်ပွားရေး ကြိုးမျှင်တန်းကြီးထဲမှာ ကွင်းဆက်တစ်ခု ပြန်ဖြစ်သွားတယ်။ အခြားသော အသွေးအသား အသစ်ကလေးတစ်ခု ဖွဲ့စည်းပေးတဲ့ အသွေးအသားတစ်ခု ပြန်ဖြစ်သွားတယ်လို့ ခံစားရတယ်။ သူ့ကိုယ်ဟာ ကိုယ်ဝန်ကြောင့် လေးလံ လာတဲ့အခါ၊ သူ့ရင်သားများဟာ ယောင်အမ်းလာတဲ့အခါမှာ သူဟာယောကျ်ား ရဲ့ ရင်ခွင်ထဲမှာ ပေါင်းဖော်မှုကိုရှာခဲ့လို့ အကောင်အထည်၊ အထုပ်အထည် ဖြစ်လာပါကလားဆိုပြီး ကျေနပ်အားရသွားတတ်တယ်။ သူဟာကတ္တား (ပြု လုပ်သူ) တစ်ခုရဲ့ အောက်မှာ ပြုသမျှနုရမယ့် ကမ္မ (ပြုလုပ်ခံပစ္စည်း) တစ်ခု မဟုတ်တော့ဘဲ ဘဝဆိုတဲ့ အစစ်အမှန်တစ်ခုနဲ့ တန်းတူညီမျှမှု ဖြစ်သွားတဲ့ အရာတစ်ခုပါလားဆိုတာ သဘောပေါက်ပြီး ကျေနပ်သွားတယ်။ သူ့ခန္ဓာ ကိုယ်ဟာ သူပိုင်ဆိုင်တဲ့ ကလေးငယ်အတွက် ဖြစ်တဲ့အတွက် သူ့ကိုယ်ပိုင် ဖြစ်တယ်လို့ ယုံကြည်သွားတယ်။ လူ့အဖွဲ့အစည်းကလည်း သူ့ပိုင်ဆိုင်မှုကို မြင့်မြတ်တဲ့ ပိုင်ဆိုင်မှု တစ်ခုအဖြစ် သဘောထားကြတယ်။ အရင်တုန်းက ရှုံ့ကိုနိုးဆွပေးသလို ဖြစ်စေခဲ့တဲ့ သူ့ရင်အုံကို လွတ်လွတ်လပ်လပ် လှန်ပြ နိုင်တော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီရင်အုံဟာ ဘဝရဲ့ အရင်းအမြစ် ဖြစ်နေတာကိုး။ ဘာသာရေး ပန်းချီကား တွေထဲမှာတောင် မယ်တော်မာရီဟာ သူ့သားတော်ကို နို့ချိုတိုက်ကျွေးဖို့ အတွက် ရင်အုံကို လှန်ပြီးထားတဲ့ပုံကို တွေ့နိုင်သေးတယ် မဟုတ်လား။ သူ့ကိုယ်ထဲမှာ အောင်းနေတဲ့ အတ္တဟာ အရှုံး ပေးသွားပြီးတဲ့အတွက် မိခင်ဟာ သူ့ကိုယ်ပိုင် တန်ဖိုးရှိတဲ့ လူတစ်ယောက်၊ တန်ဖိုးတစ်ခုဆိုတဲ့အထင်နဲ့ ကျေနပ်ပျော်ရွှင်သွားတယ်။

ဒါပေမယ့် ဒါဟာ အထင်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

## မယ်ရင်ဆင်သင့် ပြင်နှင့်ပြီ

BURMESE CLASSIC .com

မိခင်ရယ်လို့ ဖြစ်လာတော့တာနဲ့ လူ့အဖွဲ့အစည်းက မိန်းမကို မြင့်မြတ်တဲ့ အသွင်သဏ္ဌာန်တစ်ခုအဖြစ် သတ်မှတ်လာခဲ့ကြတယ်။

ဘဝရဲ့ ရင်းမြစ်ဖြစ်လာခဲ့တယ်။ ဘာသာရေး ပန်းချီကားချပ်တွေထဲမှာတောင် မယ်တော်မာရီဟာ သူ့သားငယ်ကို နို့တိုက်ဖို့အတွက် ရင်အုံကို ဖွင့်လှစ်ထားတဲ့ပုံတွေကို ရေးဆွဲလာခဲ့ကြတယ်။ ဒါနဲ့ တစ်ပြိုင်တည်းမှာ မိန်းမရဲ့အတ္တဟာ ပျောက်ကွယ်သွားပြီး လူမှုဂုဏ်သိက္ခာအဖြစ် ပြောင်းသွားတယ်။ ဒါနဲ့အတူ သူဟာ အမေတစ်ယောက်ဖြစ်တယ်၊ လူသားတစ်ယောက် ဖြစ်တယ်၊ တန်ဖိုးတစ်ခုဖြစ်တယ်ဆိုတဲ့ အထင်ကို သူရရှိသွားခဲ့တယ်။

ဒါပေမယ့် ဒါဟာ အထင်မှားသာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးဆိုတာ သူဖန်တီးလို့ရတဲ့ ပစ္စည်းမဟုတ်လို့ပါပဲ။ ကလေးဟာအမိရဲ့ ကိုယ်တွင်းမှာ သူ့ကိုယ်သူ ဖန်တီးလာခဲ့သူ ဖြစ်ပါတယ်။ မိခင်ရဲ့ အသားဟာ ကလေးငယ်ရဲ့ အသားကို ဖြစ်ထွန်းတိုးပွားစေရုံပဲ တတ်နိုင်ပါတယ်။ သူ့ကိုယ်သူ တည်ဆောက်ခဲ့တဲ့ ဘဝတစ်ခုကို မိခင်က တည်ဆောက်ပေးလို့ မရပါဘူး။ မိခင်က တည်ဆောက်ပေးခဲ့တာ မဟုတ်ပါဘူး။ တည်ဆောက်ပေးလိုလည်း မရပါဘူး။ လွတ်လပ်မှုထဲမှာ အစပြုခဲ့ရတဲ့ တီထွင်ဖန်တီးတဲ့ လုပ်ဆောင်ချက်များဟာ ကလေးဆိုတဲ့ ပစ္စည်းရဲ့ မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက်တွေကို ပေးခဲ့ပါတယ်။ မိခင်ရဲ့ ကိုယ်ခန္ဓာအတွင်းမှာရှိတဲ့ ပစ္စည်းဟာ ကလေးအဖြစ် ဖြစ်တည်လာရတာ မဟုတ်ပါဘူး။ အဲဒီတုန်းက ကလေးဟာ အလိုအလျောက်ဖြစ်လာတဲ့ ကလာပ်စည်း ကြီးထွားတိုးတက်မှု တစ်ခုသာ ဖြစ်ပါတယ်။ သေ





ခြင်းတရားလို သဘာဝမှာ ကပ်ပါလာတဲ့ အကြမ်းထည်သက်သက်တစ်ခုသာ ဖြစ်ပါတယ်။ မိခင်တစ်ယောက်ဟာ ကိုယ့်အကြောင်းနဲ့ကိုယ် ကလေးတစ်ယောက်ကို ရချင်တာမျိုး ရှိကောင်းရှိမယ်။ ဒါပေမယ့် မနက်ဖြန် သန်ဘက်ခါမှာ မွေးတော့မယ့် အဲဒီကလေးငယ်ကို တည်ရှိစေတော့၊ ဖြစ်စေတော့လို့ အတင်းလုပ်ယူလို့ရတာ မဟုတ်ပါဘူး။ သူရဲ့ ယေဘုယျကျတဲ့ ကိုယ်ခန္ဓာရဲ့ ပစ္စည်းတစ်ခုအဖြစ် အဲဒီကလေးကို ဖန်တီးကောင်း ဖန်တီးနိုင်မယ်။ ဒါပေမယ့် သူ့ရဲ့ ပုဂ္ဂလကျတဲ့ ကိုယ်ခန္ဓာနဲ့ ဖန်တီးလို့တော့ မရပါဘူး။ (ကိုယ်က မောင်ဖြူဆိုတဲ့ ကလေးလေးကို မွေးမယ်၊ ဒီရုပ်သဏ္ဌာန်နဲ့ ရှိစေလို့ဖန်တီးလို့ မရဘူးဆိုတဲ့ သဘောကို ပြောတာပါ။) ဒီသဘောကို ကိုးလတ်ရဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ ဇာတ်လိုက်မင်းသမီးက ဒီလိုပြော ထားပါတယ်။

'သူ(ကလေး) ဟာ ကျွန်မဘဝမှာ ဒီလောက်အဓိပ္ပာယ်နဲ့ ပြည့်စုံလာလိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မထင်ခဲ့မိဖူးဘူး၊ သူ့ဘဝဟာ ကျွန်မကိုယ်ခန္ဓာအတွင်းမှာ စတင်ခဲ့တာတော့ မှန်ပါရဲ့၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာကိုပဲဖြစ်ဖြစ် ကျွန်မ အသက်ကို စွန့်ရသည်အထိ အဲဒီကလေးကို ဖွံ့ဖြိုး ကြီးထွားလာအောင် လုပ်ရမယ်ဆိုတာလည်း မှန်ပါတယ်၊ ဒီလိုလုပ်ပြီးတဲ့ နောက်မှာ သူဟာ ကျွန်မ အသားထဲ အသွေးထဲကို ရောက်လာခဲ့တယ်၊ ပြီးတော့ မွေးဖွားလာခဲ့တယ်၊ ဒီနည်းအားဖြင့်ကြည့်ရင် ကလေးဟာ ဘဝမှာ ကျွန်မပြုလုပ်ခဲ့တဲ့ ပစ္စည်းတစ်ခုလို့ ထင်စရာပါပဲ၊ ဒါပေမယ့် တကယ်ကတော့ ဒီလိုမဟုတ်ပါဘူး' လို့ သူ့ဇာတ်လိုက်က ပြောခဲ့ပါတယ်။

တစ်နည်းပြောရရင်တော့ 'ပြန်လည်ဝင်စားခြင်း' လျှို့ဝှက်ဖြစ်စဉ်ဟာ မိခင်တိုင်းရဲ့ကိုယ်တွင်းမှာ နောက်တစ်ဖန် ဖြစ်လာတော့တာပါပဲ။ မွေးလာတဲ့ ကလေးတိုင်းဟာ လူအဖြစ်ပေါ်လာတဲ့ ဘုရားသခင်တစ်ပါးပါပဲ။ သူဟာ ကမ္ဘာလောကကြီးထဲကို ရောက်မလာခဲ့ရင် သိစိတ်နဲ့ လွတ်လပ်မှုတို့ရှိတဲ့ လူတစ်ယောက်အဖြစ် သူ့ကိုယ်သူ ဘယ်လိုလုပ်မှ သဘောပေါက်နားလည်နိုင်မှာ မဟုတ်ဘူး။ (ဖြစ်တည်မှုက အရင်ပေါ်ပေါက်ပြီး သိစိတ်က နောက်မှ ပေါ်ပေါက်လာတယ်ဆိုတဲ့ သဘော။) ဒီလျှို့ဝှက်ချက်ကို ဖန်တီးတဲ့ မိခင်ဟာလည်း တစ်စိတ်တစ်ပိုင်း ပါတယ်။ ဒါပေမယ့် ဒီဖန်တီးမှုကို သူကိုယ်တိုင်လည်း ထိန်းချုပ်နိုင်စွမ်းတော့ မရှိပါဘူး။ သူ့ဝမ်းကြာတိုက်ထဲမှာရှိနေတဲ့ ဖွံ့ဖြိုးကြီးထွားနေတဲ့ အရာဟာ ဘယ်လိုသဘာဝတွေ ရှိစေ၊ ဘယ်လိုသဘောတွေ ရှိစေဆိုတာကို မိခင်ကလည်း ဖန်တီးနိုင်စွမ်း၊ ပြုပြင်ပေးနိုင်စွမ်း မရှိပါဘူး။ ဒီလို မသေချာမှုကို မိခင်ဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေတဲ့ စိတ်ကူးယဉ်မှုမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြလေ့ရှိပါတယ်။ မိခင်တိုင်းရဲ့ စိတ်ထဲမှာ သူ့ ကလေးဟာ သိစိတ်နဲ့၊ လွတ်လပ်မှုနဲ့ မွေးဖွားလာတဲ့ သူရဲကောင်း ဖြစ်စေချင်တယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ကိုယ့်ဝမ်းကြာတိုက်ထဲမှာရှိတဲ့ ကလေးဟာ ကိုယ်လက်အင်္ဂါ မပြည့်မစုံနဲ့ သရဲသဘက်ကလေး မွေးလာမှာကိုလည်း တွေးပြီး ကြောက်တတ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသွေးအသားဆိုတာ ဖောက်ပြန်တတ်တဲ့ သဘောရှိတယ်ဆိုတာကို သူသိတာကိုး။ သူ့ဝမ်းကြာတိုက်ထဲမှာရှိတဲ့ အရာဟာလည်း အသွေးအသား အခဲကလေးတစ်ခု ဖြစ်နေတာကိုး။ ဟုတ်ပါတယ်။ မိခင်မှာ ဒီအတွေး နှစ်ခုအနက် တစ်ခုခု၊ အထူးသဖြင့် အကောင်းဘက်ကို တွေးလေ့ရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အများအားဖြင့်တော့ မိခင်ဟာ အဲဒီအတွေးနှစ်ခုကြားထဲမှာ စိုးရိမ်ကြောင့်ကြ ဖြစ်နေတတ်ပါတယ်။ နောက် စိုးရိမ်တာ တစ်ခုရှိသေးတယ်။ မျိုးနွယ်တို့ရဲ့ ဆုတ်လိုက် ဆန်းလိုက် စက်ဝိုင်းကြီးထဲမှာ ရောက်နေရတဲ့ မိခင်ဟာ ဇာတိနဲ့ မရဏဆိုတဲ့ ခံတွင်းကြီးထဲမှာ ဘဝကို အတည်ပြုချင်တယ်။ ဘဝကို ရှာချင်တယ်။ အဲဒီတင် မသေမပျောက်နိုင်တဲ့ အမတကို သူလှမ်းကြည့်တယ်။ ဒါပေမယ့် ရင်ထဲမှာတော့ (သူမသိသော်လည်း ဟီဂဲလ်ပြောခဲ့တဲ့ စကားရဲ့) အမှန်တရားကို ခံစားနေရတယ်။ ဟီဂဲလ်က 'ကလေးများ မွေးဖွားလာခြင်းသည် မိဘများ သေဆုံးခြင်း ဖြစ်ပေ၏' လို့ ပြောခဲ့ဖူးတယ်။ ပြီးတော့ 'ကလေးသည် မိမိတို့၏အပဖြစ်သော အချစ်၏ဘဝကိုဖြစ်၏၊ အပြန်အလှန်အားဖြင့် ကလေးသည် မိမိ၏ရင်းမြစ်မှ ခွဲခွာလာခြင်းဖြင့် သူ၏ဘဝကို ဖန်တီးရရှိ၏၊ ထိုအခါတွင် ထိုရင်းမြစ်သည် သေဆုံးရပေတော့၏' လို့လည်း သူကရေးခဲ့ ပါတယ်။ ဒီလို သူ့ကိုယ်ထဲက ကိုယ်ပွားကို ထုတ်ပေးလိုက်ရတာဟာ မိခင်အဖို့ သူ့သေခြင်းကို ရင်ဆိုင်လိုက်ရခြင်းနဲ့ အတူတူပါပဲ။ မိန်းမတွေ ကလေးမွေးဖွားရမှာကို ကြောက်လန့် စိုးရိမ်တာဟာ ဒီသဘောကို ထင်ဟပ်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ကလေးမွေးဖွားရခြင်းဟာ သူ့အသက်ကို ဆုံးရှုံးစေတယ်လို့ သူစိုးရိမ် ကြောက်လန့်မိပါတယ်။

ဒီတော့ ဆိုလိုချင်တာက ကိုယ်ဝန်ဆောင်ရခြင်း၊ ပဋိသန္ဓေ နေရခြင်းဆိုတဲ့ ကိစ္စရဲ့ ထူးခြားတဲ့ အချက်ကတော့ အဲဒီလို နှစ်ခွသဘောထား ပေါ်ပေါက်လာခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မိန်းမတွေဟာ ကိုယ်ဝန်နဲ့ ပတ်သက်လာရင် နှစ်ခွသဘောထားရှိနေတာဟာ ဘာမှမဆန်းပါဘူး။ သဘာဝကျပါတယ်။ အဲ ကိုယ်ဝန်ရှိလာပြီး သန္ဓေသားဟာ အဆင့်ဆင့် ဖွံ့ဖြိုးကြီးထွား လာတာနဲ့ အတူ သူ့ရဲ့သဘောထားဟာလည်း အခြေအနေကိုလိုက်ပြီး ပြောင်းလဲသွားပါတယ်။ ဖြစ်စဦးအစမှာ ကလေးက တကယ်မရသေးဘူး။ ကိုယ်ဝန်မရှိသေး





ဘူး။ စိတ်ကူးထဲမှာပဲ ရှိသေးတယ်။ ဒီတုန်းမှာ မိခင်လောင်းဟာ နောင်လာခါင်း အတန်ကြာမှ မွေးဖွားလာမယ့် ကလေးငယ်အတွက် စိတ်ကူးယဉ်ပြီး အလုပ်များရပြီ။ ကလေးအတွက် ပုခက်ကလေးတွေ ရှာရပြီ။မွေ့ရာကလေးတွေ ချုပ်ရပြီ။ တကယ်ကတော့ သူ့ကိုယ်တွင်းမှာ အနှောင့်အယှက်ပေးနေတဲ့ ရုပ်ဖွဲ့စည်းမှု ကလေးတစ်ခုအတွက် တွေ့လာရတဲ့ အတွေ့အကြုံမျှသာ ရှိသေးတယ်။ ဘဝနဲ့ မွေးဖွားခြင်းကို ရှေ့နေလိုက်ပေးတဲ့ ပုဂ္ဂိုလ်တွေကတော့ မိန်းမတစ်ယောက်ဟာ ဒီလို စိတ်ကူးယဉ် ပျော်ရွှင်မှုမျိုးကို အလိုလို သိတတ်ကြတယ်လို့ ပြောလေ့ရှိကြပါတယ်။ အမှန်ကတော့ မဟုတ်ပါဘူး။ မိန်းမဟာ သူ့မှာ ကလေးရတော့မယ်ဆိုတာကို အလိုလို သိလာရတာမဟုတ်ပါဘူး။ မသေချာ မရေရာတဲ့ လက္ခဏာချက်တွေကို ကြည့်ပြီးမှသာ သူ့မှာ ကလေးရသွားတော့မှာပါကလားဆိုတာကို သိလာရတာပါ။ သူ့မှာ ဓမ္မတာ အသွားအလာ ရပ်သွားတယ်။ ဝလာတယ်။ သူ့ရင်သားတွေဟာ နူးညံ့ပြီး လေးလံလာတယ်။ ပျို့ချင် အန်ချင်တာတွေ ဖြစ်လာတယ်။ တစ်ခါတလေမှာလည်း နေထိုင်မကောင်းဘူးလို့ ထင်လာတယ်။ ဆရာဝန်က အမှန်ကို ပြောလိုက်တဲ့အခါကျမှသာလျှင် သူသိလာပါတယ်။ အဲဒီအခါမှာတော့ သူ့ခန္ဓာကိုယ်ဟာ ခန္ဓာကိုယ်တစ်ခုအဖြစ်က ကျော်လွန်သွားပြီဆိုတာကို သူသဘောပေါက်လာပါတယ်။ တစ်နေ့ထက်တစ်နေ့ သူ့အသားထဲက ကြီးထွားမှုဟာ ဖွံ့ဖြိုးလာခဲ့တယ်။ အဲဒီ ကြီးထွားမှုဟာ သူနဲ့ ဘာမှမဆိုင်ဘူး။ သူ့ခန္ဓာကိုယ် မဟုတ်ဘူး။ အဲဒီကြီးထွားမှုဟာ တစ်နေ့ပြီးတစ်နေ့ သူ့ကိုယ်တွင်းမှာ နေရာယူလာတယ်။ သူဟာ မျိုးနွယ်တွေရဲ့ သားကောင် ဖြစ်လာခဲ့ရတယ်။ မျိုးနွယ်များဟာ လျှို့ဝှက်ဆန်းကြယ်ပြီး မသိနိုင်တဲ့ နိယာမတွေကို သူ့အပေါ်မှာ ချမှတ်လာခဲ့ကြတယ်။ အဲဒီလို ထူးဆန်းတဲ့ ပြင်ပအင်အားစုတွေရဲ့ လက်အောက်ခံအဖြစ်ကို ရောက်သွားတဲ့အခါမှာ မိခင်လောင်းဟာ ကြောက်လန့်စိုးရိမ်လာတယ်။ မနက်အိပ်ရာထ မူးဝေခြင်း၊ အော့အန်ခြင်း စတာတွေဟာ အဲဒီအကြောက်ရဲ့ ပြင်ပလက္ခဏာချက်တွေ ဖြစ်ပါတယ်။ ဒီလို ဖြစ်လာတော့ အဲဒီအချိန်မှာ အစာအိမ်ကို ကျေညက်စေတဲ့ အရည်များက တစ်မျိုးတစ်ဖုံ သဘာဝ ပြောင်းလဲသွားလို့ ဖြစ်ပါတယ်။ ဒီလိုတုံ့ပြန်မှုမျိုးကို အခြားသော နို့တိုက်သတ္တဝါများမှာ မတွေ့ရတတ်ပါဘူး။ လူမိန်းမမှာသာ တွေ့ရတတ်ပါတယ်။ ဒါဟာ စိတ်ပိုင်းဆိုင်ရာ အကြောင်းတရားကြောင့် ဖြစ်ပါတယ်။ ဒီလိုဖြစ်ရတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ မိန်းမရဲ့ ကိုယ်ထဲမှာရှိတဲ့ မျိုးနွယ် ပဋိပက္ခ သဘောတို့ရဲ့ ပဋိပက္ခတွေကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ မိန်းမတစ်ယောက်က ဘယ်လောက်ပဲ ကလေးလိုချင်သည်ဖြစ်စေ ကလေးမွေး



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆိုတဲ့အခါကျတော့ သူ့ခန္ဓာကိုယ်ဟာ ဒီဖြစ်စဉ်ကို အပြင်းအထန် ဆန့်ကျင်ဖီဆန်လေ့ရှိပါတယ်။ စိတ်ပညာရှင် စတက်ကယ်က 'အာရုံကြောအားနည်းနေသောအခါများ၌ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်၏ အော့အန်မှုသည် ကလေးကို ငြင်းပယ်သည့်သဘောကို ဖော်ပြနည်းတစ်မျိုး ဖြစ်ပေသည်' လို့ ရေးသားခဲ့ဖူးပါတယ်။

ပြီးတော့ သူက ဒီလို ဆက်ရေးခဲ့ပါသေးတယ်။

'ကိုယ်ဝန်ရှိခြင်း၏ လက္ခဏာဖြစ်သော အော့အန်ခြင်း စသည်တို့ကို ကိုယ်ဝန်ရှိခြင်း၊ သန္ဓေသားရှိခြင်းကို မနှစ်မြို့သည့် စိတ်ဓာတ် ခံစားချက်များ၏ လက္ခဏာချက်များ ဖြစ်ကြောင်းကို စိတ်သရုပ်ခွဲပညာက ကျွန်တော်တို့ကို ထောက်ပြခဲ့ပေသည်' လို့လည်းရေးခဲ့ပါသေးတယ်။

'အိမ်ထောင်ရေးလက်စွဲကျမ်း' ဆိုတဲ့ စာအုပ်မှာ ဒေါက်တာအားသပ်စပ်က အဖြစ်အပျက်တစ်ခုကို ရေးပြခဲ့ပါတယ်။ ဒါကို အောက်မှာ အကျဉ်းချုပ် ဖော်ပြလိုက်ပါမယ်။

*'မဒမ်တီတွင် အော့အန်ခြင်းအပါအဝင် ကိုယ်ဝန်ဆောင်တို့တွင် ဖြစ်တတ်သည့် ဖောက်လွဲဖောက်ပြန်ဖြစ်မှုများကို တွေ့ရသည်။ သူ့အခြေအနေမှာ တော်တော်ဆိုးသည့်အတွက် ဆေးပညာကုသရေးနည်းလမ်းများဖြင့် သန္ဓေဖျက်ချရန် လိုအပ်လာသည့်အခြေသို့ ရောက်လာခဲ့သည်။ ထိုသို့ လုပ်ရမည်ဆိုသည့် အခါတွင် လူနာမှာ တော်တော် စိတ်ထိခိုက်နေသည်၊ စိတ်သရုပ်ခွဲနည်းဖြင့် သူ့ကို လေ့လာစစ်ဆေးကြည့်သည့်အခါ၌ အဒမ်တီမှာ သူနှင့် ခင်မင်ရင်းနှီးပြီး ပထမကိုယ်ဝန်ကို မဖွားနိုင်သဖြင့် ကွယ်လွန်သွားခဲ့သော သူ့သူငယ်ချင်းနှင့် သူ့ကိုယ်သူ (မသိစိတ်ထဲတွင်) ထပ်တူပြုထားကြောင်းကို တွေ့ရသည်။ ထိုအဖြစ်အပျက်ကို သိစိတ်ထဲတွင် ပြန်ပြောင်းသတိရအောင် လုပ်ပြီးသည့်အခါကျမှသာလျှင် ဖော်ပြပါလက္ခဏာ ချက်များမှာ ပပျောက်သွားတော့သည်။ သို့ဖြင့် နှစ်ပတ်ကြာအောင် သူ့ကို စိတ်ကုနည်းဖြင့် ကုပြီးသည့်နောက်တွင် အော့အန်ခြင်းမှာ ဆက်လက်ရှိနေသေးသော်လည်း စိုးရိမ်ရသည့်အခြေတွင် မဟုတ်တော့ပြီ' လို့ သူကရေးခဲ့ပါတယ်။*

ကိုယ်ဝန်ဆောင်တွေမှာ ကလေးလည်းလိုချင်တယ်၊ ကြောက်လည်းကြောက်တယ်ဆိုတဲ့ နှစ်ခွသဘောထားမျိုးတွေ ပေါ်လာတဲ့အခါမှာ ဝမ်းချုပ်တာတို့၊ ဝမ်းသွားတာတို့၊ ငြင်းပယ်ရန်းကန်တာတို့ စတာတွေဟာ ပေါ်ပေါက်လာတတ်ပါတယ်။ ဒီလိုလုပ်တဲ့အတွက် တစ်ခါတစ်ရံမှာ သားပျက်ကျတာမျိုးတွေ ဖြစ်တတ်တယ်။ အမှန်ကတော့ အလိုအလျောက် သားလျှောကျတယ်ဆိုတဲ့





ကိစ္စမျိုးဟာ စိတ်ကြောင့်ဖြစ်တာတွေ များပါတယ်။ အဲဒီဖော်ပြခဲ့တဲ့ လက္ခဏာချက်တွေကို အရေးတကြီးထားလေလေ၊ ကိုယ့်ကိုယ်ကို သိပ်ဂရုစိုက် လေလေဒါမျိုးတွေဟာ ဖြစ်တတ်လေလေပါပဲ။ ကိုယ်ဝန်ရှိလာရင် မိန်းမတွေဟာ ချင်ခြင်းတပ်လေ့ရှိကြတယ်။ အဲဒီ ချင်ခြင်းတပ်တဲ့ အရာတွေဟာ ကလေးဘဝတုန်းက ကိုယ်စွဲမက် ခုံမင်ခဲ့တဲ့ အရာမျိုးတွေ ဖြစ်လေ့ရှိတယ်။ အထူးသဖြင့် ကလေးဘဝတုန်းက ကိုယ်နှစ်သက်တဲ့ စားစရာမျိုးတွေ ဖြစ်တတ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မိခင်ပျို့ရဲ့ စိတ္တဗေဒ

BURMESE CLASSIC .com

ပဋိသန္ဓေ ဆောင်စဉ်ကာလမှာ မိန်းမငယ်တွေ ချင်ခြင်းတပ်ကြပုံမျိုးနဲ့ ပတ်သက်လို့ မြို့စားကတော်ကြီး အဘရန်တေးစ်က သူ့ရဲ့ 'အမှတ်တရ မှတ်တမ်း' မှာ ဖော်ပြထားတာ ရှိပါတယ်။

အိမ်သူအိမ်သားများက ဂရုတစိုက် ကြင်ကြင်နာနာနှင့် ပြုစုကြသည့်အခါ၌ ပထမ ကိုယ်ဝန်ဆောင်စတွင် ဖြစ်လေ့ရှိသည့် လက္ခဏာချက်များဖြစ်သော မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ တုန်လှုပ်ခြင်းနှင့်အခြားသော ဝေဒနာများသည် တိုးလာခဲ့ပါသည်။ အခြားသူများအဖို့ မပြောတတ်သော်လည်း ကျွန်မအဖို့မှာမူ ထိုအတိုင်း ဖြစ်နေပါသည်။ ကျွန်မမှာ အမေ့ကြောင့် ထိုအဖြစ်ကို သတိထားမိခဲ့ခြင်း ဖြစ်ပါသည်။ တစ်နေ့တွင် အမေနှင့်အတူထိုင်၍ ထမင်းစားကြစဉ် အမေက 'သမီး ကိုယ်ဝန်ဆောင်တုန်းမှာ ဘာများထူးထူး ထွေထွေ တောင့်တတာရှိသလဲ' ဟု ကျွန်မကို မေးပါသည်။

'ဟင့်အင်း၊ ဘာမှ ထူးထူးထွေထွေ အာသာမရှိပါဘူး မေမေရယ်' ဟု ကျွန်မက ပြောပါသည်။

'အို ဘယ်ဟုတ်ရမှာလဲ၊ တစ်ခုခုတော့ အာသာရှိရမှာပေါ့၊ ကိုယ်ဝန်ဆောင်စမှာဆိုရင် ဒီလိုပဲ တစ်ခုခုကိုတော့ ချင်ခြင်းတပ်ကြတာပဲ၊ သမီး သတိမထားမိလို့ ဖြစ်မှာပါ၊ နေဦး၊ ဒီလိုဆိုရင် ညည်းယောက္ခမနဲ့ တိုင်ပင်ရဦးမယ်' ဟု ပြောပါသည်။

မကြာမီ ခမည်းခမက်နှစ်ယောက် ကျွန်မကိစ္စအတွက် ခေါင်းချင်းဆိုင် နေကြပါသည်။ ကျွန်မခင်ပွန်းကလည်း သူ့အတွက် ဝက်ခေါင်းကလေး





နှင့် ကလေးငယ်တစ်ယောက်ကို မွေးပေးမည်ကို စိုးရိမ်နေဟန်ရှိပါသည်။ ထို့ကြောင့် သူက 'လော်ရာ၊ မင်း ဘာကို ချင်ခြင်းတပ်သလဲ ပြော၊ အားမနာနဲ့' ဟု မေးပါသည်။ ကျွန်မ ယောက်မကလည်း ထိုနည်းအတူ ဖြစ်ပါသည်။ ကိုယ်ဝန်ရှိစဉ် ချင်ခြင်းတပ်သည်ကို ဖြည့်စွမ်းမပေးခဲ့သဖြင့် ဒုက္ခရောက်ခဲ့သည့် သူ့မိတ်ဆွေ အများကြီး တွေ့ခဲ့ဖူးသည်ဟု ပြောပြန်ပါသည်။ သူတို့ ပြောဖန်များလာသည့်အခါတွင် ကျွန်မပင် စိတ်ထဲတွင် ဘာလိုလို ဖြစ်လာ ပါသည်။ ထို့ကြောင့် ကိုယ်ဘာကို ချင်ခြင်းတပ်သလဲဟု ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားကြည့်ပါသည်။ သို့ရာတွင် စဉ်းစား၍မရပါ။ တစ်နေ့တွင်မူ နာနတ် သီးနှံ့ထည့်ထားသည့် သကြားလုံး တစ်လုံးကိုငုံနေရင်း နာနတ်သီးစားချင်စိတ် ပေါက်လာပါသည်။ မှန်ပါသည်။ ကျွန်မသည် နာနတ်သီးကို ချင်ခြင်းတပ်နေကြောင်း သိလာရပါသည်။ ပထမသော် သာမန်လောက် အောက်မေ့သော်လည်း ရာသီမဟုတ်သဖြင့် နာနတ်သီး ရှာမတွေ့သည့်အခါ တွင် ထိုချင်ခြင်းတပ်မှုမှာ ပို၍ပြင်းပြလာကြောင်းကို တွေ့ရပါသည်။ ထိုအာသာ ဆန္ဒမှမပြည့်လျှင် သေသွားတော့မည်လားဟုပင် ထင်ရလောက်အောင် စိတ်ထဲတွင် တောင့်တလာမိပါသည်။ နောက်ဆုံးတွင် နာနတ်သီးတစ်လုံးကို ရှာ၍ရလာခဲ့ပြီး ခွဲပေးပါသည်။ သို့ရာတွင် တကယ်စားမည်လုပ်သောအခါ ကျွန်မမစားချင်တော့ပါ။ 'ဟင့်အင်း၊ မစားချင်တော့ဘူး၊ စားလို့လည်း မရဘူး' ဟု ဆိုကာ ကျွန်မက ပန်းကန်ကို ခပ်ဝေးဝေးသို့ အထားခိုင်းလိုက်ပါသည်။ ထိုမျှမက အနံ့ကိုပင် မခံနိုင်တော့သဖြင့် ပြတင်းပေါက်တွေကိုဖွင့်၊ အနံ့ပျောက်သွားအောင် ရေမွှေးတွေဖျန်းသည့်ဖြင့် လုပ်ရပါသည်။ ကျွန်မသည် ဘာကြောင့်မုန်းမသိ။ ထိုအနံ့ကို ချက်ချင်းမုန်းသွားပါသည်။ ပို၍ ထူးဆန်းသည်မှာ ထိုနောက်မှစ၍ ကျွန်မသည် နာနတ်သီးကို မစားချင်တော့လောက်အောင် ဖြစ်သွားခြင်း ဖြစ်ပါသည်။

ကိုယ်ဝန်ရှိစဉ်မှာ သိပ်ပြီး ကြင်ကြင်နာနာ ပြုစုခံရတဲ့ မိန်းမတွေဟာမှမဟုတ် ကိုယ့်ကိုယ်ကို သိပ်ဂရုစိုက်နေတဲ့ မိန်းမတွေမှာ အဲဒီလို အော့နှလုံးနာတဲ့ စိတ်မျိုးတွေအများကြီး ပေါ်လာတတ်ပြီး၊ ကိုယ့်ကိုယ်ကို သိပ်ဂရုမစိုက်တဲ့ မိန်းမတွေ၊ ဂရုစိုက်မခံရတဲ့ မိန်းမတွေမှာ အလွယ်တကူ သက်သောင့်သက်သာ ရှိတတ်တာကို တွေ့ရတတ်ပါတယ်။ မဒမ်ဒီစတေးဆိုရင် ကိုယ်ဝန်ဆောင်တာဟာ သိပ်လွယ်ကူသက်သာပါသတဲ့။ ကိုယ်ဝန်တစ်ခါဆောင်ရတာကို ကားပြောရတာလောက်တောင် မပင်ပန်းဘူးလို့ အဆိုရှိပါတယ်။

ကိုယ်ဝန်ရင့်မာလာသည်နှင့်အမျှ မိခင်လောင်းနဲ့ သန္ဓေသားရဲ့ ဆက်ဆံရေးဟာလည်း ပြောင်းလဲလာခဲ့ပါတယ်။ သန္ဓေသားက မိခင်ရဲ့ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြာတိုက်မှာ အခြေတကျရှိသွားပြီးလေ။ ကိုယ်အင်္ဂါစနစ်နှစ်ခုဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်၊ အပေးအယူသဘောနဲ့ ညှိနှိုင်းနေထိုင်လို့ ရသွားပြီဆိုတဲ့သဘောပေါ့။ သူတို့နှစ်ဦးကြားမှာ ဇီဝဗေဒဆိုင်ရာ ညှိနှိုင်းမှုရရှိသွားတဲ့အတွက် မိခင်ဟာ ကိုယ့်ကိုယ်ကို ဟန်ချက်ညီအောင် ထိန်းသွားနိုင်ပြီပေါ့။ သူ့ကို တစ်စုံတစ်ယောက်က ဝင်ရောက်နှောင့်ယှက်နေ တယ်လို့လည်း မခံစားရတော့ဘူးပေါ့။ သူ့ကို ဘယ်တစ်စုံတစ်ယောက်မှ ပိုင်ဆိုင်နေတယ်လို့လည်း မထင်ရတော့ဘူးပေါ့။ မထင်ရတဲ့အပြင် မိမိခန္ဓာကိုယ်ရဲ့ အသီးအပွင့်ကို ပိုင်ဆိုင်သူဟာ မိမိကိုယ်တိုင်ပါလားလို့လည်း ထင်မှတ်သွားပြီပေါ့။

ကိုယ်ဝန်ဆောင်စ မှာတော့ သူဟာ သာမန်မိန်းမတစ်ယောက်ပဲ ဖြစ်နေပြီး၊ သူ့ကိုယ်တွင်းမှာရှိတဲ့ လျှို့ဝှက်တဲ့ လှုပ်ရှားမှုကြောင့် သူစိတ်ညစ်ရတယ်။ ဒါပေမယ့် နောက်မှာတော့ သူဟာ မိခင်လောင်းရယ်လို့ မှတ်မှတ်သားသား ဖြစ်လာပြီး ခုလို နုနယ်သိမ်မွေ့နေရတာကိုက မိခင်ဆိုတဲ့ ဂုဏ်ကျက်သရေရဲ့ အမှတ်လက္ခဏာတစ်မျိုး ဖြစ်နေတယ်ဆိုတာကို သဘောပေါက်သွားတော့တယ်။ သူ့ရဲ့အားနည်း နုနယ်မှုဟာ ပိုပြီးထင်ရှားလာလေလေ အရာရာကို ခွင့်လွှတ်နိုင်လာလေလေ ဖြစ်လာခဲ့တယ်။ မိန်းမတော်တော် များများဟာ ကိုယ်ဝန်ရင့်မာလာသည်နှင့်အမျှ ငြိမ်းချမ်းမှုကို ရလာကြတယ်။ သူတို့အဖြစ်ကို သူတို့ ကျေနပ်ရောင့်ရဲလာကြတယ်။ နစဉ်အခါတုန်းကတော့ သူတို့ခန္ဓာကိုယ်ကို ဂရုစိုက်စေချင်ကြတယ်။ သူတို့ခန္ဓာကိုယ်ကို အရိပ်တကြည့်ကြည့် လုပ်ချင်ကြတယ်။

သို့တိုင်အောင် လူတွေရှေ့မှာဆိုရင် သူတို့ကိုယ်ကို ရဲရဲ ဂရုမစိုက်ရဲဘူး၊ ရဲရဲ မယုယရဲဘူး။ အဲ ကိုယ်ဝန်ရင့်လာပြီ ဆိုတဲ့အခါကျတော့ သူတို့ကိုယ်ကို သူတို့ရဲရဲ စစ်ဆေး ကြည့်လာရဲကြတယ်၊ ရဲရဲ ဂရုစိုက်ရဲလာကြတယ်၊ ဒီလိုနေဖို့၊ ဒီလိုဂရုစိုက်ဖို့ဟာ သူတို့ရဲ့ ပိုင်ဆိုင်ခွင့် ဖြစ်လာပြီလေ။ သူတို့ကိုယ်ကို သူတို့ငဲ့ညှာနေတာဟာ သူတို့အတွက်မဟုတ်ဘဲ ဗိုက်ထဲက ကလေးငယ်အတွက်ဆိုတာကို သူတို့ဘာသာ သဘောပေါက်လာကြတယ်။ အလုပ်မလုပ်လို့လည်း အကြောင်းမဟုတ်တော့ဘူး။ တခြားသူတွေအတွက် မစဉ်းစားတော့ရင်လည်း အပြစ်ဆိုစရာ မရှိတော့ဘူး။ သူတို့ရင်ထဲမှာ မွေးထားတဲ့ အနာဂတ်အိမ်မက်ဟာ သူတို့လက်ရှိဘဝကို အဓိပ္ပါယ်ရှိအောင် လုပ်ပေးလိုက်သလို ဖြစ်နေတယ်။ သူတို့ကိုယ် သူတို့ ရှင်သန်ထကြွနေဖို့ အရေးကြီးတယ်။ သူတို့မှာ အားလပ်ရက် ရသွားတယ်။

ကိုယ်ဝန်ဆောင်အမျိုးသမီးရဲ့ အာရုံဟာသူ့ဝမ်းဗိုက်မှာပဲ ရှိနေတယ်။





သူ့ဝမ်းဗိုက်ထဲမှာ ကလေးငယ်ရှိနေတယ်ဆိုတာကို သိနေရတဲ့အတွက် သူ့မှာ ဘုံလုံကြွယ်ဝနေတယ်လို့ ခံစားနေရတယ်။ သမားတော် ဟယ်လင်ဒွိုက်ရဲ့ လူနာတစ်ယောက်က 'ဝမ်းဗိုက်ထဲမှာ ကိုယ်ဝန်ရှိနေတာဟာ ဆောင်းတွင်းမှာ မီးလင်းဖိုကလေးတစ်လုံးနဲ့ နေရသလိုပဲ၊ အဲဒီ မီးဖိုကလေးဟာ ကိုယ့်တစ်ယောက်တည်းအတွက်၊ ကိုယ်စိတ်တိုင်းကျ သုံးနိုင်ဖို့အတွက်လို့ သိရသလိုပဲ၊ တစ်နည်းပြောရရင် နွေးပူပူကြီးထဲမှာ အေးမြတဲ့ စမ်းရေကို ချိုးလိုက်ရသလိုပဲ၊ ရင်ထဲမှာ အေးသွားတယ်' လို့ ပြောဖူးပါတယ်။

ဇနီးမယားတစ်ယောက် အနေနဲ့တုန်းကတော့သူဟာ လင်ယောကျ်ားအပေါ်မှာ မှီခိုအားထားနေခဲ့ရတယ်။ ခုတော့ သူဟာယောကျ်ားရဲ့ လိင်မှုဆိုင်ရာ ပစ္စည်းတစ်ခု မဟုတ်တော့ဘူး။ မျိုးနွယ်ကို ပြန့်ပွားပေးသူ၊ ဘဝ ရဲ့ အလားအလာကို ကိုယ်စားပြုတဲ့သူ ဖြစ်လာတော့တယ်။

ပဋိသန္ဓေရဲ့ နောက်ဆုံးအဆင့်ရောက်လာတဲ့ အခါမှာတော့ မိခင်နဲ့ ကလေးရဲ့ကြားထဲမှာ တစ်ယောက်ကိုတစ်ယောက် ခွဲခွာကြတော့မယ်ဆိုတဲ့ နိမိတ်တွေ ထင်လာတယ်။ မိခင်လောင်းဟာ ကလေးငယ်ရဲ့ ပထမဆုံးသော လှုပ်ရှားမှုကို ခံစားလာရတယ်။ ကမ္ဘာလောကကြီးရဲ့ ထိတွေ့ခြင်းမရှိအောင် သူ့ကို ပိတ်လှောင်ထားတဲ့ သားအိမ်နံရံကို ကန်ကျောက်လိုက်တဲ့ သူရဲ့ကန်ကျောက်မှုကို ခံစားရတဲ့အခါမှာ လူကိုလိုက်ပြီး ခံစားချက်အမျိုးမျိုး ပေါ်လာရတယ်။ တချို့မိန်းမတွေမှာတော့ သီးခြားလွတ်လပ်တဲ့ သတ္တဝါတစ်ခု ရှိနေတယ်လို့ကြေညာတဲ့ အချက်ပြမှုကိုကြည့်ပြီး အံ့သြနေတယ်။ တချို့ကျတော့လည်း သူ့ကိုယ်ထဲမှာ သူမဟုတ်တဲ့ သူစိမ်းတရံဆံတစ်ဦး ရှိပါကလားဆိုပြီး မနှစ်မြို့ခြင်းဖြစ်ရတယ်။ အထဲက သတ္တဝါက လှုပ်ရှားလာတာနဲ့ သန္ဓေသားနဲ့ မာတာမိခင်ရဲ့ ကိုယ်ခန္ဓာတို့ပေါင်းစည်းမှုဟာ အနှောင့်အယှက် အဖျက်အဆီးတွေ ပေါ်လာတော့တယ်။ သားအိမ်ဟာ အောက်ကို လျောကျလာတယ်။ မိန်းမဟာ ဖိအားကို ခံစားလာရတယ်။ တင်းမာမှု၊ အသက်ရှူကြပ်မှုကို ခံစားလာရတယ်၊ သူဟာ ယေဘုယျမျိုးနွယ် တစ်ခုကိုသာ ပိုင်ဆိုင်နေရတာ မဟုတ်တော့ဘဲ မွေးလာတော့မယ့် ကလေးငယ် တစ်ယောက်ကို ပိုင်ဆိုင်လာရတယ်။ အဲဒီအချိန်အထိ ကလေးငယ်ဟာ စိတ်ကူးရုပ်ပုံတစ်ခုပဲ ရှိနေသေးတယ်။ မျှော်လင့်ချက်တစ်ခုပဲ ဖြစ်နေသေးတယ်။ခုတော့ ကလေးငယ်ဟာ ခိုင်မာတဲ့ သက်ရှိ အစင်အမှန်တစ်ခု ဖြစ်လာပြီပေါ့။ ပကတိ စစ်မှန်တဲ့အရာတစ်ခု ဖြစ်လာတာနဲ့ ပြဿနာသစ်တွေလည်း တိုးလာရပြီပေါ့။ သူ့ရဲ့ ဖွံ့ဖြိုးကူးပြောင်းမှုတိုင်းမှာ စိုးရိမ်စရာတွေ အများကြီးပါလာတယ်။ မီးဖွားရခြင်းဟာ ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသွင်ကို ဆောင်လာတယ်။ သူ့အလှည့် ရောက်လာတာနဲ့ မိခင်လော
ငယ်ငယ်က တွေ့ကြုံခဲ့ဖူးတဲ့ ကြောက်စရာအဖြစ်အပျက်တွေဟာ ပြန်ပြ
အသက်ဝင်လာကြတယ်။ သူ့မှာ အမှားတွေ၊ အပြစ်တွေရှိခဲ့ဖူးရင် အမေ့
ကျိန်စာဟာ သူ့အပေါ်ကို ရောက်လာပြီလို့ ထင်မိတယ်။ သူရင်လည်း သေပ
စေ၊ ဒါမှမဟုတ် ကလေးလေးရင်လည်း သေပါစေလို့တောင် ဆုတောင်းမိတ
တယ်။ 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကြီးထဲမှာ တော်စတွိုင်းက ကလေးမွေး
မှာကို သေဒဏ်ခံရမလောက် ကြောက်တဲ့ ကလေးဆန်တဲ့ လီဇာအကြောင်း
ရေးထားတယ်။ တကယ်လည်း လီဇာဟာ မီးတွင်းမှာပဲ ဆုံးသွားခဲ့ရှာတယ်

မီးဖွားစဉ်မှာ ခံစားရတဲ့ ခံစားချက်တွေကလည်း လူကိုလိုက်ပြီး အမျိုး
မျိုးကွဲပြားနေကြတယ်။ မိခင်ဟာ သူ့ရဲ့အတွဲ တစ်စိတ်တစ်ပိုင်းဖြစ်နေတဲ့ အမ
တန်တဲ့ အသားအသွေးတုံးကလေးကို လိုလည်းလိုချင်တယ်။ တစ်ပြိုင်နက်
တည်းမှာလည်း ကျူးကျော်ဝင်ရောက်လာသူနဲ့ မြန်မြန်ဝေးချင်တယ်။ သူ့စိတ်
ကူး အိမ်မက်ကလေး အကောင်အထည်ပေါ်လာပြီး လက်ထဲရောက်လာတာ
လည်း လိုချင်တယ်။ ဒါပေမယ့် အဲဒီ အိမ်မက်ကလေး အကောင်အထည်လာ
ပေတွ့ရကြုံမယ့် တာဝန်သစ်တွေကိုလည်း ကြောက်နေတယ်။ ဒီခံစားချက်နှစ်
ခုနက် ဘယ်ခံစားချက်ပဲ အားသာသည်ဖြစ်စေ မိခင်လောင်းဟာ အဲဒီနှစ်
ကြားမှာ ဗျာများနေတတ်တယ်။ မကြာခဏဖြစ်လေ့ရှိတာကတော့ မိခင်လော
ဟာ အဲဒီခံစားချက်နှစ်ခုကြားမှာ ဒွိဟဖြစ်နေတတ်ပါတယ်။ သူဟာ မုန်တိုင်းထဲ
ကို ပာစ်ယောက်တည်း ဖြတ်လာခဲ့တယ်ဆိုတာကို သူ့ရဲ့ အသိုက်အဝန်းဖြစ်တဲ့
အမေ၊ ခင်ပွန်း စသည်တို့ကိုလည်း သိစေချင်တယ်။ တစ်ချိန်တည်းမှာ သူ့က
ဒီလိုပြင်းပျတဲ့ ဝေဒနာမျိုးကို ပေးလိုက်တဲ့ ကမ္ဘာလောကကြီးနဲ့အတူ ဘဝ
သူ့မိသားစုတို့အပေါ်မှာလည်း ငြူစူစိတ်ဆိုးမိတယ်။ မိခင်လောင်းဟာ ဒီအဖြ
ကို မကျေမနပ် ကန့်ကွက်တဲ့သဘောနဲ့ မလှုပ်မယှက် ငြိမ်သက်နေတော့တယ်
လွတ်လပ်တဲ့ စိတ်ထားရှိတဲ့ မိန်းမများ၊ အထူးသဖြင့် သူနာပြုဆရာမများ
ယောကျ်ားဆန်တဲ့ အမျိုးသမီးများကတော့ မီးမဖွားမီမှာ ရော၊ မီးတွင်းမှာတော
တက်ကြွလှုပ်ရှားတဲ့ အခန်းကဏ္ဍက ပါလေ့ရှိကြ တယ်။ ကလေးဆန်တဲ့ မိန်း
များကတော့ မိခင်တို့၊ သားဖွားဆရာမတို့ရဲ့ လက်ထဲမှာ ငြိမ်သက်နေတတ်
တယ်။ တချို့ကတော့ ညည်းညူအော်ဟစ်ခြင်း မပြုတာကို ဂုဏ်ယူကြတယ်
တချို့ကတော့ ခိုင်းတာကို တစ်ခုမှမလုပ်ဘဲ ငြင်းဆန်တတ်ကြတယ်။

ချုပ်ပြီးပြောရရင်တော့ အဲဒီအကျပ်အတည်းမှာ မိန်းမဟာ ကမ္ဘာ
လောကကြီးနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ ယေဘုယျ သဘောထားကို ဖော်ပြ





တတ်တယ်။ အထူးသဖြင့် သူတို့ရဲ့ မိခင်ဘဝနဲ့ပတ်သက်တဲ့ သူတို့ရဲ့ သဘော
ထားကို ဖော်ပြတတ်ကြတယ်။ တချို့က အောင့်အည်းသည်းခံတယ်။ တချို့က
ကျိုကကြောင်ကျတယ်။ တချို့က အထက်စီးနင်းဆန်တယ်။ တချို့က ခေါင်း
မာပြီး ဇွတ်တရွတ်လုပ်ချင်တယ်။ တချို့က ငြိမ်နေတယ်။ တချို့က တင်းမာနေ
တတ်တယ်။ ဒီစိတ် အခြေအနေတွေကိုလိုက်ပြီး မီးဖွားရတာမှာ ကြာတာတို့
အခက်အခဲရှိတာတို့ ပေါ်ပေါက်လာလေ့ရှိတယ်။ စိတ်ကြောင့် ရုပ်ဟာ ပြောင်း
လဲသွားပြီး လွယ်ကူခြင်း၊ ခက်ခဲခြင်း ဆိုတာတွေကို ဖြစ်ပေါ်စေတယ်။ အိမ်မွေး
တိရစ္ဆာန် အမတွေလိုပဲ မိန်းမဟာလည်း သူ့ကို သဘာဝက ပေးထားတဲ့ လုပ်
ငန်းကို လုပ်ဆောင်ရာမှာ အကူအညီရှိဖို့ လိုပါတယ်။ တောက လယ်သူမလေး
တွေ၊ ဒါမှမဟုတ် လင်ကောင်မပေါ်ဘဲ မွေးရတဲ့ မိန်းကလေးတွေဟာ သူတို့
ဘာသာ သူတို့ တစ်ယောက်တည်း အကူအညီမရှိ ဘာမရှိနဲ့ မွေးရတော့
ကလေးငယ်ရင်လည်း ပျက်စီးသွားတတ် တယ်။ ဒါမှမဟုတ်ရင်လည်း လူကြီး
မှာ ကုလို့မရတဲ့ ရောဂါမျိုးတွေ တစ်သက်လုံး စွဲကပ်သွားတတ်တယ်။ မိန်းမ
ဟာ သူ့ရဲ့ ဣတ္ထိယသဘာဝကို သဘောပေါက်လာစ အချိန်တုန်းက လွတ်လပ်
မှု ရှိနေသေးတယ်။ ဒါက ဘာကို ပြသလဲဆိုရင် လူမျိုးနွယ်တို့ရဲ့ ဖြစ်စဉ်မှာ
သဘာဝနဲ့အ သဘာဝ၊ သဘာဝတရားနဲ့ လူပြုတဲ့အမှုဟာ ဘယ်တော့မှ ခွဲလို့
မရဘဲ ဒွန်တွဲနေတယ် ဆိုတာကို ပြတယ်။

သဘာပကို အခြေအနေများအောက်မှာ ဣတ္ထိယဘာဝ အကျိုးစီးပွား
နဲ့ မျိုးနွယ်တို့ရဲ့ အကျိုးစီးပွားဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေကြတယ်။
ဒါကြောင့်မို့ မကြာခဏဆိုသလို မီးဖွားစဉ် အခက်အခဲတွေလာတဲ့အခါ အမေ
ဆုံးရှုံးရတာ၊ ကလေးငယ်ရင်လည်း ဆုံးရှုံးရတာတွေ ရှိနေခြင်းဖြစ်တယ်။ ဒီလို
အဖြစ်ဆိုးတွေ မတွေ့ရလေအောင်အတွက် တတိယလူ (ဆေးဝါးအတတ် ပညာ
ရှင်က ဖြစ်စေ၊ ခွဲစိတ် အတတ်ပညာရှင်က ဖြစ်စေ) ဝင်ရောက် စွက်ဖက်ရ
တယ်။ 'သင်သည် သင်၏ ကလေးငယ်တို့ကို ဆင်းရဲဒုက္ခကြီးစွာဖြင့် မွေးဖွားရ
မည်' ဆိုတဲ့ သမ္မာကျမ်းစာလာတဲ့ အဆိုကို အနည်းနဲ့အများ သက်သက် သာသာ
ခံယူနိုင်အောင် မေ့ဆေးအတတ်ပညာရယ်လို့ ပေါ်လာရတယ်။ ဒီအတတ်
ပညာကို အမေရိကန် ပြည်ထောင်စုမှာ သုံးနေပြီး၊ ပြင်သစ်ပြည်မှာ မကြာခင်က
စတင်သုံးစွဲခဲ့ပါတယ်။ အင်္ဂလန်မှာတော့ အဲဒီ သုံးစွဲခွင့် ဥပဒေကို ၁၉၄၉ ခု
နှစ်လောက ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီနည်းလမ်းကိုသုံးခြင်းကြောင့် မီးဖွားရာမှာ သ
ဘာဝက ဘယ်လောက် သက်သာသလဲဆိုတာကတော့ ဆုံးဖြတ်ဖို့ ခက်ပါတယ်။
မီးဖွားရတာဟာ နှစ်ဆယ့်လေးနာရီ ကြာတာလည်းရှိ၊ နှစ်နာရီ သုံးနာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကြာတာလည်းရှိတော့ အဲဒီနည်းတွေကြောင့် သက်သာတယ်၊ မသက်သာဘူးဆိုတာ ယေဘုယျ ကောက်ချက်ဆွဲလို့ တော်တော်လေး ခက်ပါတယ်။ တချို့ မိန်းမတွေအဖို့တော့ ယောကျ်ားဖောင်စီး မိန်းမမီးနေ ဆိုသလို မီးဖွားရတာဟာ သက်စွန့်ဆံဖျား ကိစ္စကြီးတစ်ခုဖြစ်ပြီး တချို့မိန်းမတွေအဖို့တော့လည်း တော်တော်လေးကို လွယ်ကူသက်သာပါတယ်။

မိခင်နဲ့မွေးကင်းစကလေးငယ်တို့ရဲ့ ဆက်ဆံရေးဟာ ဘယ်လိုရှိသလဲဆိုတဲ့ ကိစ္စမှာလည်း လူကိုလိုက်ပြီး အမျိုးမျိုးကွဲပြား ခြားနားကြပါတယ်၊ တချို့မိန်းမတွေကျတော့လည်း ကလေးမွေးလိုက်ရတဲ့ အတွက် သူတို့ဝမ်းဗိုက်ထဲမှာဟာကျန်ခဲ့ပြီး မနေတတ်မထိုင်တတ် ဖြစ်နေတတ်ကြတယ်။ သူတို့အဖို့ ကလေးလေးကို မွေးထုတ်လိုက်ရတာဟာ ရတနာတစ်ပါးကို လှယူခံလိုက်ရသလို ခံစားရတယ်။ စီစီဆောဗစ်ရဲ့ ကဗျာတစ်ပုဒ်မှာ 'ပျားတို့ စွန့်ပျံ၊ အထီးကျန်ရစ်၊ ပျားအုံအဖြစ်သို့' ဆိုပြီး မီးဖွားပြီးစ ခံစားချက်ကို ပျားတို့ စွန့်ပစ် ပျံသွားတဲ့ ပျားအုံတစ်အုံနဲ့ နှိုင်းယှဉ်ထားပါတယ်။ 'သားငယ်မွေးလျှင်၊ ငါ့တွင် ဆုံးရှုံးတုံးလုံးသို့၊ ပျက်သုဉ်းရဖြန်၊ ထီးတည်းကျန်ခဲ့' လို့ သားငယ်မွေးပြီးတဲ့နောက် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပုံကို ဖွဲ့ထားပါတယ်။

ဒါ့ပေမယ့် ပျိုရွယ်တဲ့ မိခင်ဟာ သူ့ကိုယ်တွင်းက မွေးထုတ်လိုက်တဲ့ ပဋိသန္ဓေကလေးနဲ့ပတ်သက်လို့ ထူးဆန်းတဲ့ ရူးစမ်းလိုစိတ်၊ သိလိုစိတ်တွေ တဖွားဖွား ပေါ်နေပါတယ်။ ကိုယ့်ကိုယ်ထဲက၊ ကိုယ့်အသွေးအသားထဲက မွေးထုတ်လိုက်တဲ့ ပဋိသန္ဓေကလေးကို ပွေ့ပိုက်ရင်း တအံ့တဩ အထူးအဆန်း ဖြစ်နေရတယ်။ ဒီထူးဆန်းတဲ့ ပဋိသန္ဓေကလေးကို လူလောကထဲကို ရောက်အောင် မိခင်ဟာ ဘယ်အခန်းကဏ္ဍက ဘယ်အတိုင်းအတာအထိ ပါခဲ့သလဲဆိုတာကို သူမသိပါဘူး။ ဒီကလေးငယ်ဟာ သူသာမရှိရင် ဘယ်လိုလုပ်မှ မွေးဖွားလာခဲ့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ခုတော့ အဲဒီ ကလေးငယ်ဟာ သူ့ကို စွန့်ခွာသွားပြီလေ။ သူ့ဝမ်းကြာတိုက်ထဲက ထွက်လာပြီး သူ့ကိုစွန့်ခွာသွားတဲ့ ကလေးငယ်ကိုကြည့်ရင်း နုပျိုတဲ့မိခင်ဟာ အံ့သြလည်း အံ့သြတယ်၊ ဝမ်းလည်း နည်းနေတယ်၊ စိတ်လည်းပျက်နေတယ်။ သူဖြစ်စေချင်တာက အဲဒီ မွေးကင်းစကလေးဟာ သူ့လက်လို၊ သူ့ခြေလို၊ သူ့ခန္ဓာကိုယ်လို သူ့ရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်နေစေချင်တယ်။ ခုတော့ သူ့ဝမ်းကြာတိုက်က ထွက်လာတဲ့ ကလေးငယ်ဟာ ဝိုးတဝါးပါကလား။ သူနဲ့ တခြားစီ ဖြစ်နေပါ့ကလား။ သူ့ကို မသိပါကလား။ မမှတ်မိပါကလား။ သူကိုယ်ဝန်ဆောင်ခဲ့တုန်းက ဒီအသားအရေမျိုး၊ ဒီရုပ်လက္ခဏာမျိုးနဲ့ ကလေးလေးရယ်လို့ မသိခဲ့ရပါကလား။ တစ်နည်းပြောရရင်





သူမပါဘဲနဲ့ သူ့ကိုယ်ဝန်ဆောင်ခဲ့ရတာပါကလား။ သူနဲ့ ဒီလူစိမ်းကလေးတို့ဟာ တူညီတဲ့အတိတ် မရှိခဲ့ပါကလား။ သူဟာ လက်စသတ်တော့ ဘယ်ကရောက်လာမှန်းမသိတဲ့ သူစိမ်းတရံဆံ တစ်ယောက်မျှသာ ပါကလား။ မိခင်ဟာ သူ့ကို ဆီးကြိုရာမှာ ဥပေက္ခာစိတ်ပေါ်နေတဲ့အတွက် အံ့အားသင့်နေတယ်။ ကိုယ်ဝန်ဆောင်ခဲ့စဉ်တုန်းကတော့ အဲဒီကလေးငယ်ဟာ သူ့စိတ်ကူးရုပ်ပုံထဲမှာ အကန့်အသတ် မရှိတဲ့အရာ၊ တုနှိုင်းမရတဲ့ အရာတစ်ခု ဖြစ်ခဲ့သပေါ့။ အမေဟာ သူ့ရဲ့ မိခင်ဘဝကို တွေးပြီး ကြည်နူးမိခဲ့သပေါ့။

ခုတော့ သူက ပုလုကွေးလွေး သေးသေးကလေးရယ်။ တသီးတခြား ဖြစ်နေတဲ့ ပုဂ္ဂလတစ်ခုရယ်။ ခုတော့ တစာစာနဲ့တောင်းနေတဲ့၊ မိခင်ကို မှီခိုအားထားနေရတဲ့၊ နူးညံ့တဲ့၊ အစစ်အမှန်ဖြစ်တဲ့ အရာကလေးတစ်ခုရယ်။

လောကကြီးထဲကို သူရောက်လာတဲ့အတွက် ပျော်တော့ပျော်ပါရဲ့။ ဒါပေမယ့် သူမွေးထုတ်လိုက်တဲ့ ကလေးငယ်ကလေးဟာ မှီခိုနေရတဲ့ ပုလုကွေးလွေးကလေး ဖြစ်နေတဲ့အတွက်၊ သူစိမ်းတရံဆံ ဖြစ်နေတဲ့အတွက် အဲဒီ အပျော်ထဲမှာ ဝမ်းနည်းမှု ရောထွေးယှက်တင် ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါ

မိခင်ပျိုများဟာ မျက်နှာမြင်လိုက်ပြီးတဲ့နောက်မှာ သူ့ရဲ့ကလေး ငယ်နဲ့ တစ်ကိုယ်တည်း ဖြစ်နေရာက ကွဲကွာ ခွဲခွာသွားကြရတယ်။ နောက် တော့ သူတို့ကို နို့ချိုတိုက်ကျွေးပြုစုရတယ်။ ဒီလို ပြုစုကျွေးမွေးတဲ့ အခါမှာ ရင်နီးတဲ့ အပါတ်တိဗဏ္ဍာန် ဆက်ဆံရေးကို ပြန်လည်ရရှိလာခဲ့ကြ တယ်။ ဒီလို နို့ချိုတိုက်ကျွေး ပြုစုရတာဟာ ကိုယ်ဝန်ဆောင်ရတာထက်တောင် ပင်ပန်းလှပါတယ်။ ဒါပေမယ့် ကလေးငယ်ကို ပြုစုရခြင်းဟာ ကိုယ်ဝန်ဆောင် စဉ်ကာလက ရရှိခဲ့တဲ့ အားလပ်မှု၊ တည်မြဲမှု၊ တည်ငြိမ်မှု၊ ကြွယ်ဝမှု အခြေအနေကို ပိုပြီးရှည်လျားအောင် လုပ်ပေးလိုက်သလို ဖြစ်နေပါတယ်။

ဒါပေမယ့် ကလေးမွေးလာတဲ့အတွက် တာဝန်သစ်တွေကို ကြောက်လန့်စိုးရိမ်နေတဲ့ မိခင်ပျိုတွေလည်း အများကြီးပါပဲ။ ကိုယ်ဝန်ရှိစဉ် တုန်းကတော့ သူ့ကိုယ်ကိုပဲ ဂရုစိုက်စရာ ရှိတယ်လေ။ တခြား ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုဘူးပေါ့။ ခုတော့ သူဂရုစိုက်ရမယ့်၊ သူတာဝန်ယူရမယ့် သူ့ကို အသိအမှတ်ပြုဖို့ တောင်းဆိုပိုင်ခွင့်ရှိနေတဲ့ သတ္တဝါကလေး ရောက်လာပြီလေ။ တချို့မိခင်ပျိုတွေ ရှိသေးတယ်။ ဆေးရုံမှာတုန်းကတော့ သူ့ကလေးငယ်ကို ရွှင်ပြုံးချော့မြှူလို့၊ ပွတ်သပ်ယုယလို့။ သူ့မှာ ဘာတာဝန်မှ မရှိသေးဘဲကိုး။ ဆေးရုံကတာဝန်ယူထားတာကိုး။ အဲ အိမ်ကို ပြန်ရောက်လာတာနဲ့ သူ့မှာ ကလေးဟာ သူ့အဖို့ ဝန်ထုပ်ဝန်ပိုးကြီးလို့ ထင်လာတတ်တယ်။ ကလေးငယ်ကို ပြုစုရတာ၊ နို့ချိုတိုက်ကျွေးရတာတွေကိုလည်း စိတ်ညစ်တယ်။ တချို့များဆိုရင် သူ့ရင်အုံ အလှပျက်မှာကိုတောင် ကြောက်ကြတယ်။ နို့သီးကလေးတွေ ကွဲအက်လာတာ





ကို စိတ်ညစ်တယ်။ နို့အကျိတ်တွေ ကိုက်ခဲနာကျင်တာကို စိတ်ဆင်းရဲတယ်။ ကလေးငယ်က နို့စို့တာကို နာကျင်တယ်။ ကလေးငယ်က သူ့နို့ရည်ကို သောက်သုံးနေတာဟာ သူ့ရဲ့ခွန်အားတွေကို စုပ်ယူနေတယ်လို့ ထင်မိတယ်။ သူ့ဘဝ၊ သူ့ပျော်ရွှင်မှုကို စုပ်ယူနေတယ်လို့ ထင်မိတယ်။ ကလေးငယ်ဟာ သူ့အဖို့ မင်းဆိုးတစ်ပါးနဲ့ တူနေတယ်။ သူ့ရဲ့ အသွေးအသား၊ သူ့ရဲ့အတ္တ၊ သူ့ရဲ့ လွတ်လပ်မှုကို ခြိမ်းခြောက်နေတဲ့ အဲဒီ သွေးစိမ်းတရံဆံ သတ္တဝါကလေးကို သူမနှစ်မြို့နိုင် ဖြစ်နေတယ်။

ဒီလိုဖြစ်ရတာမှာ တခြားအကြောင်းတွေလည်း ရှိပါသေးတယ်။ မိခင်ပျိုနဲ့ သူ့အမေတို့ရဲ့ ဆက်ဆံရေးကလည်း အကြောင်းတစ်ခုပါပဲ။ မိခင်ပျိုဟာ သူ့ကလေးငယ်ကို ကူညီပြုစုပေးဖို့ တခြားကို အကူအညီတောင်းတယ်။ အထူးသဖြင့် သူ့အမေဆီကို အကူအညီ တောင်းတယ်။ အမေက သူ့ကလေးငယ်ကို ဝင်ပြီး ပြုစုပေးတဲ့အခါမှာ မိခင်ပျိုဟာ အမေ့ကို မနာလိုတိုရှည် ဖြစ်ရပြန်တယ်။ ကလေးအဖေက သူ့အပေါ်မှာ ဘယ်လို ဆက်ဆံသလဲ၊ ကလေးငယ်ကိုရော ဘယ်လို သဘောထားသလဲဆိုတဲ့ အချက်တွေကလည်း အကြောင်းတရားတွေပါပဲ။ မိခင်ပျိုဟာ သူ့ကလေးငယ်ကို ရတနာတစ်ခုလို သဘောထားသလား၊ သူ့ကို အနှောင့်အယှက် ပေးနေတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုလို သဘောထားသလား၊ သူ့ကို နှလုံးသားကို ရွှင်ပြုံးစေတဲ့ အရာတစ်ခုလို့ သဘောထားသလား ဆိုတဲ့ ကိစ္စမှာ စီးပွားရေးနဲ့ စိတ္တဗေဒဆိုင်ရာ အကြောင်းတွေ အများကြီးရှိပါတယ်။ တချို့ မိခင်ပျိုများဆိုရင် မနှစ်သက်တဲ့အပြင် ရင်သွေးငယ်ကို မုန်းတီးတဲ့စိတ်တောင် ပေါ်တတ်ပါတယ်။ ကလေးငယ်ကို လျစ်လျူရှုထားတာ၊ ဆိုးဆိုးရွားရွား ဆက်ဆံတာ စသည်တို့ဟာ ကလေးငယ်ကို မုန်းတီးမှုကိုပြတဲ့ လက္ခဏာချက်များ ဖြစ်ပါတယ်။ ထုံးစံအားဖြင့်တော့ မိခင်ပျိုဟာ သူ့တာဝန်ကို သူသိပြီး အဲဒီ မနှစ်သက်မှုကို ဖျောက်ဖျက်ဖို့ ကြိုးစားပါတယ်။ ကိုယ့်ကလေးအပေါ်မှာ ဒီလိုစိတ်မျိုးထားမိလေခြင်းဆိုပြီး နောင်တရပြီး စိုးရိမ်စိတ်တွေဝင်၊ အဲဒီ ကနေပြီး နောက်ထပ် ကိုယ်ဝန်ရမှာကို ကြောက်နေတတ်တာမျိုးတွေ ဆက်ဖြစ်နေတတ်ပါတယ်။

ဒီလိုကိစ္စမျိုး (ကလေးအမေကနေ ကလေးကို မနှစ်မသက် ဖြစ်နေတာမျိုး) မှာ အခြားသော ဆက်ဆံရေးများနဲ့ ကွာခြားတဲ့ အချက်ကတော့ ကလေးငယ်ရဲ့ဘက်က ဘာမှတုံ့ပြန်ခြင်းမရှိတဲ့ အချက်ပါပဲ။ ကလေးငယ်ကတော့ ပြုံးမယ်၊ ငိုမယ်၊ ဆော့မယ်၊ တွတ်တီးတွတ်တာ ပြောမယ်။ ဒီလောက်ပဲ ရှိပါတယ်။ ချစ်သလား၊ မုန်းသလား၊ တာဝန် ကြီးသလား၊ တာဝန်မဲ့သလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေကို ကလေးဘာမှ မသိရှာပါဘူး။ ဒီတော့ မိခင်သာလျှင် သူ့ဘာသာသူ နောင်တရပြီး စိတ်ဆင်းရဲရတယ်။ အများအားဖြင့် သားသမီးရရင် အိမ်ထောင်ရေးဘဝမှာ ပျော်ရွှင်မှုရမယ်လို့ မျှော်လင့်နေတဲ့ မိန်းမတွေ၊ လင်ယောကျ်ားအပေါ်မှာ စိတ်ပျက်ကုန်ခမ်းနေတဲ့ မိန်းမတွေဟာ ကလေးကိုကြည့်ပြီး သူနဲ့ရတဲ့ကလေး၊ သူ့သွေးဆိုပြီး ကလေးကို မနှစ်သက်ဘဲ ဖြစ်တတ်တာမျိုးတွေ ရှိပါတယ်။ ဥပမာ အားဖြင့် တော်စတွိုင်ရဲ့ဇနီး ဆိုဖီတော်စတွိုင်း ဆိုရင် ဒီအတိုင်းပါပဲ။

ဒါကြောင့် မိခင်ရဲ့ 'ပကတိ စိတ်' ဆိုတာမျိုးဟာ တော်တော် ပြောရခက်ပါတယ်။ မိခင်ရဲ့ ပကတိစိတ် ဆိုတာက အခြားသော အဆင့်နိမ့် တိရစ္ဆာန်များမှာ ရှိနိုင်ပါတယ်။ ဒါပေမယ့် လူမှာတော့ အခြေအနေကိုလိုက်ပြီး အမျိုးမျိုး ကွဲပြား နိုင်ပါတယ်။

ဒါပေမယ့် သာမန်အားဖြင့် ပြောရရင်တော့ မိခင်ရဲ့ဘဝမှာ သားသမီးရလာတဲ့အတွက် ပိုပြီးကြွယ်ဝလာပါတယ်။ ပိုပြီး မြင့်မြတ်လာပါတယ်။ ကလေးငယ်ဟာ သဘာဝကြီးတစ်ခုလုံးကို ဝင်စားထားသူ ဖြစ်ပါတယ်။ ကလေးရဲ့အသားအရေဟာ နူးညံ့အိစက်နေတယ်။ ပူးနွေးနေတယ်။ ပျော့ပျောင်းနေတယ်။ ကလေးဟာ မိခင်ပျိုအဖို့ သတ္တဝါကလေးတစ်ကောင် ဖြစ်တယ်။ အပင်တစ်ပင် ဖြစ်တယ်။ သူ့မျက်လုံးထဲမှာ မိုးစက်တွေရှိတယ်။ မြစ်ရှိတယ်။ ပင်လယ်နဲ့ ကောင်းကင်ရဲ့ အပြာရှိတယ်။ ကလေးရဲ့ လက်သည်းကလေးတွေဟာ သန္တာခက်ကလေးတွေ ဖြစ်တယ်။ ပိုးသားလို လက်သည်းကလေးတွေဟာ ရှည်လာတယ်။ ကလေးဟာ အသက်ရှင်နေတဲ့ ယမင်းရုပ်ကလေးဖြစ်တယ်။ ငှက်တစ်ကောင် ဖြစ်တယ်။ ကြောင်ကလေး တစ်ကောင် ဖြစ်တယ်။ 'အချစ်ကလေး၊ အသက်ကလေး၊ ပုတူးတူးကလေး၊ ခွေး ကလေး၊ ပူစီလေး' စသည်ဖြင့် အမေကခေါ်တယ်။ အမေဟာ ချစ်သူတွေသုံး လေ့ရှိတဲ့ စကားတွေကို သုံးတယ်။ ချစ်သူတစ်ယောက်လိုပဲ ကလေးကို လုံးဝပိုင်ဆိုင်ချင်တယ်။ ချစ်သူကို ပွေ့သလို ပွေ့တယ်။ ချစ်သူကို နမ်းသလိုနမ်းတယ်။ သူ့ရင်ခွင်ထဲမှာ အပ်ထားတယ်။ ကလေးငယ်ကို သူ့လက်မောင်းကြားထဲမှာ နွေးထွေးအောင် လုပ်ပေးထားတယ်။

ကလေးက အသက်ကလေး နည်းနည်းရလာတဲ့အခါကျတော့ မိခင်စိတ်ဟာလည်း နည်းနည်းပြောင်းသွားတယ်။ ကလေးငယ်စဉ်တုန်းကတော့ ကလေးဟာ တခြားကလေးတွေလိုပဲ ယေဘုယျထဲကပဲ။ ကလေးတစ်ယောက်ပဲ။ တဖြည်းဖြည်းနဲ့ ကလေးဟာ ယေဘုယျသဘောကနေ ပုဂ္ဂလသဘောကို





ဆောင်လာတယ်။ ဩဇာပေးချင်တဲ့ မိခင်၊ အနိုင်ယူတတ်တဲ့ မိခင်မျိုးဆိုရင် ကလေးအပေါ်မှာ နည်းနည်းအေးစက်လာတယ်။ ကလေးနဲ့မိခင်ရဲ့ ဆက်ဆံရေးဟာလည်း ရှင်းလင်းလွယ်ကူခြင်း မရှိတော့ဘဲ ရှုပ်ထွေးစပြုလာတယ်။ ကလေးဟာ တစ်ဖက်မှာ အမေရဲ့ကလေး ဖြစ်နေပြီး အခြားတစ်ဖက်မှာတော့ သူ့ရဲ့ကိုယ်ခွဲ ဖြစ်သွားတယ်။ သူ့ရဲ့ကိုယ်ပွား ဖြစ်သွားတယ်။ အမေဟာ သူ့ရဲ့အတ္တကို ကလေးရဲ့ခန္ဓာကိုယ်ထဲမှာ ထည့်ပေးလိုက်ချင်တယ်။ ဒါပေမယ့် ကလေးကလည်း သူ့စိတ်နဲ့သူ့ကိုယ်၊ သူ့အတ္တနဲ့သူ့ပုဂ္ဂလရယ်လို့ ရှိနေတော့ အမေပြောတဲ့အတိုင်း မလုပ်ချင်တော့ဘူး။ ဖီဆန်လာတယ်။ ကလေးဟာ ကလေးငယ်ပဲ ဖြစ်နေသေးပေမယ့် အနာဂတ်မှာ ကြီးပြင်းလူလားမြောက်လာတော့မယ်။ လူကြီး ဖြစ်လာတော့မယ်။ ဒါကြောင့် အမေက သူ့ကလေးကို ရတနာတစ်ပါး၊ ပိုင်ဆိုင်မှုပစ္စည်းတစ်ခုလို့ပဲ ထင်နေသေးတယ်။ ဒါပေမယ့် တစ်ပြိုင်တည်းမှာပဲ ကလေးဟာ သူ့အဖို့ ဝန်ထုပ်တစ်ခု ဖြစ်နေတယ်။ မင်းဆိုးတစ်ပါး ဖြစ်နေတယ်။ အမေကတော့ ကလေးအပေါ်မှာ ရက်ရောမှုရှိတဲ့အတွက် ဝမ်းသာနေတယ်။ ပျော်နေတယ်။ ကလေးကို ကျွေးမွေးပြုစုရတာ၊ ကလေးကို စောင့်ရှောက်ရတာ၊ ကလေးကို ပျော်အောင်လုပ်ရတာကို သူကျေနပ်နေတယ်။

သူဟာ ချစ်သူတစ်ယောက်လို ကလေးအတွက် လိုအပ်တဲ့ပစ္စည်း ဖြစ်နေတာကို မြင်ရတဲ့အခါမှာ အမေဟာ ပျော်တယ်။ သူ့ဘဝ၊ သူ့အသက်ရှင်မှုဟာ ကလေးရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ဖို့ဖြစ်တယ်လို့ သူထင်တယ်။ ဒါပေမယ့် မိခင်ရဲ့အချစ်ဟာ တစ်ဖက်သတ်ဖြစ်ရတဲ့ အချစ်၊ ပိုပြီး ခမ်းနားကြီးကျယ်တဲ့အချစ်၊ ခက်ခဲတဲ့အချစ် ဖြစ်ရတာကတော့ တခြားကြောင့် မဟုတ်ဘူး။ မိခင်ဟာ သူ့ရဲ့အချစ်ကို တုံ့ပြန်ခြင်း မခံရလို့ဖြစ်တယ်။ အမေဟာ သူ့ယောကျ်ားတစ်ယောက်၊ သူရဲကောင်တစ်ယောက်၊ လေးစားကြည်ညိုရတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ ဆက်ဆံနေရတာ မဟုတ်ဘူး။ သေးငယ်ပြီး အလိုမကျတတ်တဲ့ အရာကလေးတစ်ခု၊ ထိခိုက်လွယ်တဲ့ ခန္ဓာကိုယ်လေးတစ်ခုထဲမှာ မြုပ်နှံထားတဲ့ ဘွတ်တီးတွတ်တာ ပြောတတ်တဲ့ ဝိညာဉ်ကလေးဟာ မိခင်အဖို့ ဘာမှ ရုပ်ဝတ္ထုဆိုင်ရာ တန်းဖိုးရယ်လို့ ဘာမှမရှိသေးဘူး။

အမေ့အပေါ်မှာလည်း ရုပ်ဝတ္ထုအားဖြင့် ဘာကိုမှ ပြန်မပေးနိုင်သေးဘူး။ ကလေးနဲ့ဆိုရင် အမေဟာ သူတစ်ဦးတည်း အထီးကျန်နေရသလို ဖြစ်နေတယ်။ သူက ပေးရတဲ့အတွက် ကလေးဆီက ဘာကိုမှ ပြန်မျှော်[illegible] ခရနိုင်သေးဘူး။ ဒီလို တစ်ဖက်သတ်စွန့်လွှတ်မှု၊ ရက်ရောမှုကြော[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားများက မိခင်ကို ဩဘာပေးနေတာဖြစ်တယ်။ တကယ်တော့ မိခင်ဘဝဟာ ကိုယ့်ကိုယ်ကို ပြန်ချစ်တဲ့ နာစစ်ဆပ်ဝါဒ၊ ပရဟိတစိတ်၊ စိတ်ကူယဉ်မှု၊ ရိုးသားမှု၊ ဦးစားပေးမှု စတာတွေကို ပေါင်းစည်းထားတာပဲဖြစ်ပါတယ်။

ခေတ်သစ်ယဉ်ကျေးမှုမှာ ကလေးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်တစ်ရပ်ကတော့ ကလေးမှီခိုအားထားရတဲ့ မိခင်ဟာ တစ်ခါတလေ စိတ်တိုင်းမကျ၊ မကျေမနပ် ဖြစ်နေတဲ့ မိန်းမတစ်ယောက်ဖြစ်နေတဲ့ အချက်ပဲ။ အမေဟာ ဖိုမဆန္ဒအားဖြင့် အေးစက်နေမယ်၊ သို့မဟုတ် မကျေမနပ်ဖြစ်နေ မယ်။ လူ့ဆက်ဆံရေးအားဖြင့်လည်း သူဟာ ယောကျ်ားထက် သိမ်ငယ်တယ်လို့ထင်နေမယ်။ လက်ရှိဖြစ်ပျက်နေတဲ့ ဘဝနဲ့ ပတ်သက်လို့ရော အနာဂတ်နဲ့ ပတ်သက်လို့ရော မျှော်လင့်ချက်ကင်းမဲ့နေတာမျိုး ရှိနေမယ်။ အဲဒီအခါမျိုးမှာ မိခင်ဟာ မကျေနပ်ချက်၊ ဒေါသအမျက်၊ နစ်နာချက်ဟူသမျှကို ကလေးအပေါ်မှာ စုပြုံလာတတ်တယ်။ မိန်းကလေးတွေ ငယ်ငယ်တုန်းက ယမင်းရုပ်ကလေးတွေကို ပွေ့တယ်၊ ဖက်ကယ်၊ နမ်းတယ်။ ဒါပေမယ့် စိတ်ဆိုးနေတုန်းမှာတော့ အဲဒီ ယမင်းရုပ်ကလေးတွေကို လုပစ် ချေပစ်တယ်၊ လွှင့်ပစ်တယ်၊ ဒီအတိုင်းပါပဲ။ မိခင်ဟာ သူစိတ်ဆိုးနေတုန်းမှာဆိုရင် ကလေးအပေါ်မှာပဲ မဲတော့တာပဲ။ ကလေးကို ရိုက်နေတဲ့ မိခင်ဟာ ကလေးတစ်ယောက်တည်းကိုသာ ရိုက်နေတာမဟုတ်ဘူး။ အားလုံးကို သိမ်းကျုံးရိုက်နေတာ ဖြစ်တယ်။ ယောကျ်ားအပေါ်မှာ၊ ပတ်ဝန်းကျင်အပေါ်မှာ၊ လောကကြီး အပေါ်မှာ၊ သူ့ကိုယ်သူ အပေါ်မှာ သူပြန်ပြီး လက်စားချေနေတာပဲ ဖြစ်တယ်။ ဒီလို လုပ်ခြင်းဟာ ကလေးအတွက် အန္တရာယ်ရှိနိုင်တယ်။

ဒီအခါမျိုးမှာ သူ့ကို သင်ကြားပေးနေချိန် မရတော့ဘူး။ ကိုယ်ကထမင်းအိုးတည်နေတယ်။ ထမင်းအိုးတူးမှာ စိုးရတာကတစ်မျိုး၊ ကလေးကလာပြီး ဟိုဟာမေး သည်ဟာမေးနေတာကတစ်မျိုးဆိုတော့ သူ့မှာ အနှောင့်အယှက် ဖြစ်နေတယ်။ ဒီအခါမျိုးမှာ အမေဟာ မပျော်နိုင်ဘူး။ ကလေးနဲ့မကြည်နူးနိုင်ဘူး။ သူ့ကို ကလေးက အနှောင့်အယှက်မပေးနိုင်အောင် လုပ်ရတော့တယ်။ ကလေးကြည့်လိုက်တော့ ပေရေလို့၊ ပန်းကန်ကလည်း ကွဲလို့၊ စက္ကူတွေကို ဆုတ်ဖြဲထားတာကလည်း ပွစာတက်လို့။ ကလေးဟာ သူ့ကိုယ်သူအတွက်ရော၊ ပစ္စည်းတွေအတွက်ရော အန္တရာယ်ဖြစ်နေတယ်။ ကလေးက ထင်တိုင်းကြဲနေတာကိုး။ ငိုမယ်၊ ဆော့မယ်၊ စကားများမယ်၊ ဆူညံမယ်၊ ကလေးထင်တိုင်းကြဲနေပုံဟာ မိဘတွေအတွက် အနှောင့်အယှက် ဖြစ်နေတယ်။ သူ့ စိတ်ဝင်စားမှုနဲ့ မိဘတွေ စိတ်ဝင်စားမှုဟာ တခြားစီဖြစ်နေတယ်။ အဲဒီ





အခါမှာ မိဘတွေဟာ ကလေးငယ်ကို သူနားမလည်တဲ့ စွန့်လွှတ်မှုတွေကို အလုပ်ခိုင်း တော့တာပါပဲ။ ရိုက်မယ်၊ ဆူမယ်၊ အခန်းထဲ ပိတ်လှောင်ထားမယ်၊ ကစားစရာကို သိမ်းထားလိုက်မယ် စသည်ဖြင့် နည်းမျိုးစုံနဲ့ ကွပ်ညှပ်တော့တာပါပဲ။ ကလေးဟာ ဒါတွေကို နားမလည်ဘူး။ ဒီတော့ ဖီဆန်မယ်၊ ငြင်းဆန်မယ်၊ အမေရှင်းပြတာတွေကို သူနားမလည်ဘူး။ အမေဟာ သူ့ရဲ့ အတွင်းစိတ်ထဲကို ထိုးဖောက်မှုမကြည့်နိုင်ဘဲကိုး။ သူ့စိတ်ကူး၊ သူ့အကြောက်၊ သူ့စိတ်ဝင်စားမှု၊ သူ့ဆန္ဒ စသည့်တို့ဟာ စုပေါင်းဖွဲ့စည်းမိသွားပြီး ကမ္ဘာကြီးတစ်ခုဖြစ်သွားတယ်။ အမေဟာ အဲဒီကမ္ဘာလောကကြီးထဲကို ဝင်မကြည့်နိုင်ဘူး။ အပြင်ကပဲ ကြည့်လို့ရတယ်။ အမေ့ရဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ ကလေးအဖို့ နားမလည်နိုင်စရာတွေ၊ အဓိပ္ပာယ်မရှိတဲ့အဂ္ဂတွေ ဖြစ်နေတယ်။

ကလေးဟာ ကြီးပြင်းလာသည်အထိ ဒါတွေကို ကောင်းကောင်းနားလည်နိုင်သေးဘူး။ အရင်တုန်းက အမေက ခွင့်မပြုခဲ့တဲ့ စိတ်ဝင်စားမှုတွေ၊ တန်ဖိုးတွေရှိတဲ့ ကမ္ဘာလောကကြီးထဲကို သူဝင်ရောက်လာခဲ့တယ်။ သူ့ကို ဒီလိုစည်းမျဉ်း စည်းကမ်းတွေနဲ့ ကန့်သတ်ချုပ်ချယ်ရပါမို့လားဆိုပြီး အမေ့ကို လှောင်တယ်။ အထူးသဖြင့် သားယောကျ်ားလေးဆိုရင် ပိုပြီးသိသာတယ်။ သားယောကျ်ားလေးဟာ သူ့ရဲ့ ဖိုသဘာဝကြောင့် မာန်တက်နေပြီး မိန်းမသားတစ်ယောက်ဖြစ်တဲ့ အမေကပေးတဲ့ အမိန့်ဩဇာကို ရယ်မောလှောင်ပြောင်ပစ်တယ်။ အမေကသားကို စာကျက်ဖို့ ပြောတယ်။ ဒါပေမယ့် အမေက သားရဲ့သင်္ချာပုစ္ဆာတွေကို မတွက်တတ်ဘူး။ ကျောင်းစာတွေကို နားမလည်ဘူး။ သူနဲ့အတူအမီ မလိုက်နိုင်တော့ဘူး။ တစ်ခါတလေမှာ အမေဟာ သားကိုပြောလို့မရတဲ့အတွက် ငိုမိတယ်၊ မျက်ရည်ကျမိတယ်။ ဒါတွေကို ယောကျ်ားလုပ်သူတွေကတော့ သိပ်နားမလည်နိုင်ကြဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## မိခင်တစ်ယောက်၏ ဝိရောဓိများ

မိန်းမတွေက ယောကျ်ားတွေအပေါ်မှာ အထင်ကြီးမှုရှိတဲ့အတွက်ကြောင့် တစ်ကြောင်း၊ ယောကျ်ားတွေကိုယ်တိုင်ကလည်း မိန်းမတွေထက် တကယ်အမှန် ပိုပြီးအခွင့်အရေးတွေ ရှိနေတဲ့အတွက်ကြောင့် တစ်ကြောင်း။ များစွာသော မိန်းမများဟာ ကိုယ်ဝန်ရှိလာပြီဆိုတာနဲ့ မိန်းကလေးမွေးမယ့်အစား ယောကျ်ားကလေးကို ပိုပြီးလိုချင်တတ်ကြတယ်။ သားယောကျ်ားကလေးမွေးရင် သိပ်ကောင်းမှာပဲလို့ ထင်တတ်ကြတယ်။ မိခင်လောင်းတွေဟာ သူတို့ရင်ထဲမှာ 'ဟီးရိုး' တစ်ယောက်ကို အိပ်မက်မက်တတ်ကြတယ်။ 'ဟီးရိုး' ကို အိပ်မက်မက် တယ်၊ စိတ်ကူးတယ် ဆိုကတည်းက ယောကျ်ားကလေးပဲ ဖြစ်ရတော့မှာပေါ့။ သားယောကျ်ားကလေးတစ်ယောက်ဟာ ခေါင်းဆောင်လည်း ဖြစ်နိုင်တယ်။အနုပညာရှင်ကြီးတစ်ယောက်လည်း ဖြစ်နိုင်တယ်။ ကမ္ဘာလောကကြီးကို သူ စိတ်တိုင်းကျကွေးညွှတ်အောင် လုပ်နိုင်တယ်။ ဒီအခါမှာ သားကြီးရဲ့ ဂုဏ်သတင်းကို အမေလည်း မျှဝေခံစားနိုင်ပြီ။ သားကောင်းမိခင်တစ်ယောက်အဖြစ် ဂုဏ်ယူနိုင်ပြီ။ သားကြီးဟာ အမေဆောက်ခဲ့တဲ့ အိမ်ကိုဆောက်ပေးလိမ့်မယ်။ အမေ မဖတ်ခဲ့တဲ့ စာပေတွေ၊ ကျမ်းဂန်တွေကို ဖတ်လိမ့်မယ်။ အမေ မအောင်မြင်ခဲ့တဲ့ နယ်မြေတွေကို အောင်မြင်လိမ့်မယ်။ သားကြီးကတစ်ဆင့် အမေဟာ ကမ္ဘာလောကကြီးကိုပိုင်ဆိုင်လိမ့်မယ်။ ဒါပေမယ့် ဒီလိုပိုင်ဆိုင်တယ်ဆိုတာဟာ သူတကယ်ပိုင်ဆိုင်တာ မဟုတ်ဘူး။ သူ့သားကြောင့်သာလျှင် သူ့သားမှတစ်ဆင့်သာလျှင် အမေဟာ ဒီအရာတွေကိုပိုင်ဆိုင်ခြင်းဖြစ်တယ်။ ဒီမှာ သားအပေါ် အမေရဲ့သဘောထားဟာနှစ်ခွသဘောပေါ်လာတယ်။





အမေနဲ့သားရဲ့ကြားမှာရှိတဲ့ ဆက်ဆံရေးနှစ်ခွ သဘောအနည်းဆုံးဝိရောဓိ အနည်းဆုံး ဆက်ဆံရေးတွေထဲက တစ်ခုဖြစ်တယ်လို့ စိတ်ပညာရှင်ချိုက်က ပြောခဲ့ဖူးတယ်။ ဒါပေမယ့် ခက်တာက လက်ထက်ထိမ်းမြားခြင်းကိစ္စနဲ့ အချစ်ကိစ္စမှာလိုပဲ မိခင်အဖြစ်မှာလည်း မိန်းမဟာ ယောကျ်ားဆိုတဲ့ သတ္တဝါအပေါ်မှာထားတဲ့ သဘောထားနဲ့ပတ်သက်လို့ အတူတူလို ဖြစ်နေတယ်။ သံသယ သဘောထားမျိုးဟာ ရှိမြဲရှိနေတယ်။ ယောကျ်ားဟာ မိန်းမထက် သာလွန်တယ်ဆိုတဲ့ မရှုံ့မရဲ စိတ်ကလေးဟာ ရှိမြဲရှိနေတယ်။ တကယ်လို့ မိန်းမဟာ အိမ်ထောင်ရေးမှာဖြစ်စေ၊ အချစ်ရေးမှာဖြစ်စေ ယောကျ်ားတွေအပေါ်မှာ ရန်လိုတဲ့ သဘောမျိုးရှိခဲ့ဖူးရင် သူ့ရဲ့ကလေးငယ်အ သွင်နဲ့ ရောက်လာတဲ့ ကျားသတ္တဝါအပေါ်မှာ အနိုင်ယူတာ၊ လွှမ်းမိုးခြေဖာပေး ရတာကို ကျေနပ်နှစ်သိမ့်နေတတ်ပါတယ်။ အဲဒီအခါမှာ သူဟာ ထောင်လွှားဝင့်ကြွားတဲ့ ဖိုသတ္တဝါကို ကလဲ့စားချေတဲ့ အသွင်သဏ္ဍာန်နဲ့ ဆက်ဆံတတ်လေ့ရှိပါတယ်။ ဥပမာအားဖြင့် အမေဟာ သားငယ်ကို ခြိမ်းခြောက်တတ်ပါတယ်။

တကယ်လို့ အမေဟာ ဒီလိုစိတ်ဓာတ်ပြင်းထန်သူမျိုး မဟုတ်ဘဲ နူးညံ့တဲ့ စိတ်သဘောထားရှိသူမျိုး ဖြစ်ရင်တောင် အမေဟာ သူ့ရဲ့ အနာဂတ်သူရဲကောင်း၊ သူ့ရဲ့အိမ်မက်ထဲက 'ဟီးရိုး' ကို သူ့ရဲ့လက်ရှိ အားနွဲ့တဲ့ ကလေးဘဝ၊ တစ်နည်းပြောရရင် အမေ့အပေါ်မှာ မှီခိုနေရတဲ့ဘဝကို ပြန်ပြီး သတိရသွားအောင် ကလေးကို ဆက်ဆံပြတတ်ပါတယ်။ အမေဟာ သူ့သားငယ်ကို အကန့်အသတ်မရှိ ခွန်အားကြီးသူ၊ တန်ခိုးရှင်ကြီး ဖြစ်စေချင်တယ်။ ဒါပေမယ့် တစ်ချိတည်းမှာ သားငယ်ကို သူ့လက်ဖဝါးထဲမှာ ထည့်ပြီး ကမ္ဘာကြီး၊ လောကကြီးကို စိုးမိုးချင်တယ်။ တစ်ပြိုင်နက်တည်းမှာလည်း သားကိုသူ့ရှေ့မှာ ဒူးထောက်ပေးစေချင်တယ်။ အမေဟာ သူ့သားငယ်ကို နူးညံ့သိမ်မွေ့ စေချင်တယ်။ တစ်ချိန်တည်းမှာ စိတ်ဓာတ်ကြံ့ခိုင် စေချင် တယ်။ လောဘကြီး စေချင်တယ်။ တစ်ချိန်တည်းမှာ ရက်ရောစေချင်တယ်။ အရက်အကြောက် ကြီးစေချင်တယ်။ တစ်ချိန်တည်းမှာ ရဲတင်းစေချင်တယ်။ ငြိမ်သက်အေးဆေးတဲ့ စိတ်ဓာတ်ရှိစေချင်တယ်။ တစ်ချိန်တည်းမှာ မီးတောင်လို ပေါက်ကွဲစေချင်တယ်။ ဒီနည်းနဲ့ အမေရဲ့စိတ်ထဲမှာ သားနဲ့ပတ်သက်တဲ့ သဘောထားဟာ ဝိရောဓိတွေနဲ့ ပြည့်နေတတ်တယ်။ ကစားဖော်တွေနဲ့ အပေါင်းအသင်းကို ရှောင်စေချင်တယ်။ ဝေးဝေးထားချင်တယ်။ တစ်ပြိုင်တည်းမှာ တစ်ယောက်တည်း လူတောမတိုးရဲမှာကို စိုးရိမ်တယ်။ ကစားခုန်စားလုပ်လို့ ကိုယ့်သွားမှာကိုကြောက်တယ်။ တစ်ပြိုင်နက်တည်းမှာ လူပျော့ကလေးဖြစ်မှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တယ်။ သူတစ်ယောက်တည်း ပိုင်ဆိုင်ချင်တဲ့အတွက် သားကို ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းအောင် လုပ်တယ်။ တစ်ပြိုင်နက်တည်းမှာ စိတ်ဓာတ်ပျော့ညံ့သူ ဖြစ်မှာကို စိုးရိမ်တယ်။ သူ့သားကို ချန်ပီယံမဖြစ်မှာ၊ ပါရမီရှင် မဖြစ်မှာ၊ ဂုဏ်ယူစရာကောင်းတဲ့ စွန့်စား သူကြီး မဖြစ်မှာကို သူကြောက်တယ်။ ဒီလိုနဲ့ သားရဲ့အပေါ်မှာ ထားတဲ့အမေရဲ့ သဘောတားဟာ နှစ်ဖက်ခွသဘောကို ဆောင်နေတယ်။ ဝိရောဓိတွေနဲ့ ရောပြွမ်းနေတယ်။

အမေရဲ့ ဒီလိုသြဇာမျိုးဟာ သားအတွက် အများကြီးအန္တရာယ် ဖြစ်စေနိုင်တယ်။ ဒီသဘောမျိုးကို စာရေးဆရာ မွန်သာလန်နဲ့ စာရေးဆရာများစွာတို့က သူတို့ရဲ့ ဝတ္ထုတွေထဲမှာ ရေးဖွဲ့ပြခဲ့ကြဖူးပါတယ်။ ဒါပေမယ့် ကံအားလျော်စွာပဲ အစဉ်အလာနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လူမှုအစုတွေရဲ့ အားပေးမှုကြောင့် သားငယ်ဟာ ဝိရောဓိတွေပြွမ်းနေတဲ့ အမေ့ရဲ့သြဇာအောက်က အလွယ်တကူ လွတ်မြောက်လာနိုင်ခဲ့ပါတယ်။ နောက်ဆုံးတော့ အမေကလည်း ဒီသဘောကို လက်ခံလာခဲ့ရပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျားသတ္တဝါကို ဆန့်ကျင်တိုက်ခိုက်ရတဲ့ တိုက်ပွဲဟာ မညီမျှတဲ့ တိုက်ပွဲဖြစ်တယ်ဆိုတာကို အမေ သိလာခဲ့တာကိုး။ ဒီမှာတင် အမေဟာ သားကောင်းမိခင်ဆိုတဲ့ဘွဲ့ကို ခံရ...မျိုးနဲ့ သူ့ကိုယ်သူ နှစ်သိမ့်ပြီး သူ့သား စွမ်းစွမ်းတမံ အလုပ်တွေကို လုပ်တာကြည့်ပြီး ကျေနပ်နှစ်သိမ့်ရတော့တာပဲ။

အဲ သမီးမိန်းကလေးကတော့ အမေ့ရဲ့သြဇာ၊ အမေ့ရဲ့လက်မှာပဲ ကျရောက်သွားရတော့တာပဲ။ ဒီမှာတင် အမေ့ရဲ့ တောင်းဆိုမှုဟာ တဖြည်းဖြည်းကြီးထွားခဲ့တယ်။ သမီးကို အမေက သူတစ်ယောက်တည်း လက်ဝါးကြီးအုပ်ထားတာကို မြင်လာရတဲ့အခါမှာ အမေကလည်း ဒီသမီးငယ်ကို သူပိုင်ဆိုင်တာကို ပြချင်တတ်လာတယ်လေ။

ဒီနေရာမှာ အမေနဲ့ သမီးဆက်ဆံရေးဟာ တော်တော်လေးကို ဝတ္ထုဆန်သွားပါတယ်။ အမေဟာသူ့သမီးအပေါ်မှာယောကျ်ားတစ်ယောက်ယောက်က လွှမ်းမိုးသွားတာ၊ ယောကျ်ားတစ်ယောက်ယောက်က အောင်နိုင်သွားတာမျိုးကို မလိုလားဘူး။ သူ့သမီးဟာ သူ့ရဲ့ကိုယ်ပွားလို့ သူမြင်လာခဲ့တယ်။ ဒီမှာတင် သူ့စိတ်ထဲမှာရှိတဲ့ နှစ်ခွပုံသဘောမျိုးတွေ၊ ဝိရောဓိတွေကို သမီးကို ရိုက်သွင်းတော့တာပါပဲ။ သူ့ကိုယ်ပွားဖြစ်တဲ့ သမီးက သူ့အလိုကျ လိုက်မလုပ်ဘဲ သူ့(သမီးရဲ့) ပင်ကိုဇာတိကို ပြလာတာနဲ့တစ်ပြိုင်နက် သူ့ကို သစ္စာဖောက်ပြီလို့ အမေထင်လာပါတော့တယ်။ ဒီမှာတင် သမီးနဲ့အမေရဲ့ ကြားမှာ ပေါ်လာတဲ့ ပဋိပက္ခဟာ ပိုမိုပြင်းထန်တဲ့အသွင်နဲ့ ပေါ်ပေါက်လာတတ်ပါတယ်။





တချို့မိန်းမတွေကျတော့လည်း ဘာဝမှာ အစစအရာရာ အဆင်ပြေပြီး သမီးလေးကို သူ့ကိုယ်ပွားဖြစ်အောင် လုပ်ပေးမယ်။ ဒါမှမဟုတ် အနည်းဆုံး စိတ်ညစ်ရတဲ့ သမီးကလေး မဖြစ်အောင် မွေးမြူမယ်လို့ စိတ်ကူးရခဲ့ကြတယ်။ ပြီးတော့ သမီးကလေးကို သူရခဲ့တဲ့ အခွင့်အလမ်းမျိုးတွေ သူမရခဲ့တဲ့ အခွင့်အလမ်းမျိုးတွေ ဖန်တီးပေးမယ်လို့ စိတ်ကူးခဲ့ကြတယ်။ သူ့သမီးကလေးကို ငယ်ရွယ်စဉ်မှာ လိုလေသေးမရှိအောင်၊ ပျော်ရွှင်တဲ့ ကလေးဘဝ၊ အပျိုဘဝကို ရအောင် မွေးမြူခဲ့ကြတယ်။

ကိုးလက်က သူ့ဝတ္ထုတစ်ပုဒ်ထဲမှာ အဲဒီလို ချိန်ဆမျှတတတ်တဲ့ မိခင်၊ ရက်ရော သဘောထားကြီးတတ်တဲ့ မိခင်တစ်ယောက်အကြောင်းကို ရေးခဲ့ဖူးတယ်။ ကိုးလက်ရဲ့ အဲဒီဝတ္ထုထဲက ဆီဒိုဟာ သူ့သမီးကို သိပ်ချစ်တယ်။ ဒီလိုချစ်ရာမှာ သမီးရဲ့ လွတ်လပ်မှုကို ထိပါးနှောင့်ယှက်ခြင်း မပြုမိအောင် သတိထားတယ်။ သမီးငယ်ဆီက ဘာကိုမျှတောင်းဆိုခြင်း မရှိဘဲ သမီးငယ်ရဲ့ ဘဝကို ပျော်ရွှင်မှုနဲ့ ပြည့်စုံအောင် လုပ်ပေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သမီးပျော်ရွှင်အောင် သူ့နှလုံးသားထဲက ပေးခဲ့ရပေတာကိုး။ သူ့နှလုံးသားက ထုတ်လုပ်ပေးလိုက်တဲ့ သမီးငယ်ရဲ့ ပျော်ရွှင်မှုပျက်စီးသွားမယ် ဆိုတာကိုသိတော့ သူ့သမီးငယ်ကို သူ့စိတ်တိုင်းကျ ပုံမသွန်းရက်ဘဲ ဖြစ်နေတယ်။ ဆီဒိုဟာ သူ့အတ္တကို စွန့်လွှတ်လိုက်ပြီး သမီးငယ်ကလေးရဲ့ ပျော်ရွှင်ချမ်းမြေ့ရေး တစ်ခုတည်းကိုပဲ ဦးစားပေးလိုက်တော့တယ်။ သူ့ရဲ့ ကိုယ်ပွားဖြစ်တဲ့ သမီးဖြစ်သူ ပျော်မှ သူပျော်တယ်။ ဒါကြောင့် သမီးပျော်ရွှင်မှု တစ်ခုတည်းကိုပဲ ကြည့်တယ်။ ပတ်ဝန်းကျင်ဘက်က ကြည့်ရင်တော့ ဆီဒိုဟာ တစ်ကိုယ်ကောင်းဆန်တယ်။ သူ့အတ္တကိုပဲ သူကြည့်တယ်။ ပတ်ဝန်းကျင်ကို စိမ်းကားရက်စက်တယ်လို့ ထင်မယ်ဆိုရင် ထင်စရာပဲပေါ့။ ဒါပေမယ့် ဒီအခါမှာ ဘယ်သူ့ကို အန္တရာယ်ရှိလာပြန်သလဲဆိုတော့ သူချစ်တဲ့ သမီးငယ်ကို အန္တရာယ်ဖြစ်လာစေပြန်တယ်။ မဒမ်ဒီလာဗစ်ညီဟာ သူ့သမီးတွေကို အလိုလိုက်လွန်း၊ သမီးတွေရဲ့ အကြိုက်ကို လိုက်လွန်း၊ သမီးတွေကို ရှုစိမ့်လွန်း၊ သမီးတွေကို ပျော်အောင်ထားလွန်းတဲ့အတွက် သမီးတွေ ပျက်စီးသွားရသလိုပေါ့။

အမေက သူ့ကို သိပ်ချစ်လွန်း၊ သိပ်အလိုလိုက်လွန်းတော့လည်း သမီးမှာ သိပ်အနေရကြပ်နေရတယ်။ အမေ့ရဲ့ အချစ်ဟာ သမီးအပေါ်မှာ ပိုင်စိုးပိုင်နင်း နိုင်လွန်းနေတယ်။ သမီးဟာ အဲဒီအချစ်မျိုး၊ အဲဒီလို ပြုစုယု ယမှုကလွတ်မြောက်ချင်တယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ ဒီလိုနဲ့ သမီးဟာ အမေရဲ့ ကြီးကြပ်မှု၊ ဂရုစိုက်မှုအောက်မှာ ကြီးပြင်းလာခဲ့ရပြီး လောကကြီးကို သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ရင်ဆိုင်ရဲတဲ့သတ္တိနည်းလာတယ်။ အမေ့အပေါ်မှာ မှီခိုလွန်းအားကြီးလာတယ်။ သူ့ရဲ့ ကိုယ်ပိုင်တာဝန်တွေကို ထမ်းဆောင်နိုင်စွမ်းမရှိတော့ဘဲ ဖြစ်လာခဲ့တယ်။ အသက်သာကြီးလာပေမယ့် သူ့ဘဝဟာ ကလေးဆန်နေတယ်။ သူ့ကို အမေက အလွန်နုနယ်တဲ့ ပစ္စည်းကိရိယာကလေးတစ်ခု၊ ပိုးကောင်းကလေးတစ်ကောင်လို တယုတယ စောင့်ကြည့်ထိန်းသိမ်းပေးလွန်ခဲ့တာကိုး။ သမီးငယ်ကို မွေးမြူရာမှာ သမီးကို အန္တရာယ်အပေးဆုံး မွေးမြူနည်းကတော့ အချို့သော မိခင်များရဲ့ ကိုယ့်ကိုယ်ကို နှိပ်စက်တဲ့ အုပ်ထိန်းနည်းပါပဲ။ ဒီလိုပါ။ တချို့မိန်းမတွေက သူတို့မိန်းမဖြစ်ရတာဟာ လူဖြစ်ရှုံးတယ်။ ကျိန်စာမိလို့ မိန်းမဖြစ်ရတယ်လို့ ထင်ကြတဲ့ မိန်းမတွေ ရှိတတ်ပါတယ်။ ဒီလို မိန်းမမျိုးဟာ ဒီလိုအဖြစ်မျိုးမှာ အဖော်ရဖို့အတွက် သမီးတစ်ယောက်ကို လိုချင်ကြပါတယ်။ သမီးတစ်ယောက် ရလာရင်လည်း ငါ့လို ကျိန်စာမိတဲ့ သူတစ်ယောက်တော့ လာပြီဆိုပြီး ကျိတ်ဝမ်းသာတတ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ အဲဒီလို သမီးကလေးကို လူ့လောကထဲ ခေါ်လာပြီး ကိုယ့်လိပ်ပြာ ကိုယ်မလုံမလဲ ဖြစ်နေတတ်ပါတယ်။ ဒီမှာ သူ့ကိုယ်သူ သနားတဲ့စိတ်၊ နောင်တ း ပံဝေဂရတဲ့စိတ်ကို ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ တွေ့ရပါတယ်။ တချို့မိခင်တွေက ::လေးအနားက တစ်ဖဝါးမှမခွာတော့ ဘဲ နေတတ်ကြပါတယ်။ သမီးအရွယ်ရောက်လို့ ဆယ်လေးငါးနှစ် ရောက်သည်အထိ သမီးကို ညတခြားမှာ ခွဲမအိပ်စေဘဲ သူနဲ့အတူ အိပ်စေပါတယ်။ ဒီနည်းအားဖြင့် အမေ့ရဲ့ ပြင်းထန်တဲ့ အချစ်မီးလျှံကြောင့် ကလေးငယ်ဟာလည်း ပျက်စီးသွားရတော့တာပဲ။

မိန်းမတော်တော်များများဟာ သူတို့ရဲ့မိန်းမဘဝကို စက်လည်းစက်ဆုတ်ကြတယ်။ ကျေလည်း ကျေနပ်ကြတာရှိပါတယ်။ မိန်းမဘဝမှာ အောက်ကျနောက်ကျဖြစ်ရတာ၊ အခွင့်အရေး ဆုံးရှုံးတာတွေကို မကျေမနပ်ဖြစ်ပြီး ဒီအခွင့်အရေးတွေကို စိတ်ထဲက မသိမသာတောင်းဆိုနေ တတ်တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် သူတို့ရဲ့ (နိမ့်တယ်လို့ သူတို့ထင်နေ တဲ့) မိန်းမဘဝကို ဖုံးကွယ်ရပ်ဖျက်ဖို့ နည်းလမ်းကို ရှာလာတတ်ကြပါတယ်။ နည်းလမ်းတစ်ခုကတော့ ကိုယ့်သမီးကို ယောကျ်ားလေးတစ်ယောက်လို ပညာတတ်စေချင်တဲ့ ဆန္ဒ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့တစ်တွေဟာ တကယ်တော့ စိတ်သဘောထားကြီးတာ မဟုတ်ပါဘူး။ သူ့မှာ သမီးကလေးမွေးလာရမလားဆိုတဲ့ မကျေနပ်စိတ်နဲ့ အမေဟာ သမီးကို အထက်မှာပြောခဲ့တဲ့ သံသယ၊ အထက်မှာပြောခဲ့တဲ့ ဝိရောဓိနဲ့ လက်ခံကြိုဆိုခဲ့ခြင်းသာ ဖြစ်ပါတယ်။ ငါ့သမီး ပညာကောင်းကောင်း သင်ရမယ်လို့ ပြောပြီး သူ့ရဲ့ သိမ်ငယ်စိတ်ကို ဖြေဖျောက်ဖို့၊





အလျော်ပေးဖို့အတွက် သူ့ရဲ့ ကိုယ်ပွားဖြစ်တဲ့သမီးကို အဆင့်မြင့်တဲ့ သ[illegible] တစ်ခုဖြစ်အောင် ကြိုးစားပါတယ်။ တစ်ပြိုင်နက်တည်းမှာ သူခံစားခဲ့ရတဲ့ [illegible]စ်နာချက်တွေကိုလည်း သမီးကိုမျှဝေ ခံစားခိုင်းပါတယ်။ တစ်ခါတလေမှာ သမီးအပေါ်မှာ သူ့ကံကြမ္မာမျိုး သက်ရောက်အောင်တောင် လုပ်တတ်ပါတယ်။ အမေ့အတွက် ကောင်းတဲ့အရာမှန်သမျှဟာ သမီးအတွက်လည်း ကောင်းတာပဲ၊ အမေငယ်တုန်းက ဒီလိုပဲ နေခဲ့ရတာ။ သမီးအလှည့်မှာလည်း အမေ့လို နေနိုင်ရမှာပေါ့လို့ သမီးကို သူ့ဘဝမျိုး၊ သူ့ခံစားချက်မျိုး ရှိရမယ်လို့ အတင်းအကြပ် [illegible]ုံသွန်းတတ်ပါတယ်။ တစ်ခါတလေမှာလည်း အမေဟာ သမီးကို သူ (အမေ)နဲ့တူမနေဖို့ သတိပေးပါတယ်။ သူနဲ့မတူအောင် လုပ်ပါတယ်။ ပုံသွန်း[illegible]တယ်။ သမီးကို အခွင့်အရေးပေးတဲ့အနေနဲ့ သူ့အတွေ့အကြုံမျိုးတွေကို အသုံး[illegible]ဖို့ သင်ခန်းစာယူဖို့ သတိပေးတတ်ပါတယ်။ ဥပမာအားဖြင့် ပြည့်တန်ဆာမ[illegible] သူ့သမီးကို မယ်သီလရှင်ကျောင်း ပို့တာမျိုး၊ စာမတတ် ပေမတတ်[illegible]ယ်သူမကြီးဟာ သူ့သမီးကို ပညာတတ်အောင် သင်ပေးတာမျိုးတွေ ဖြစ်ပါ[illegible]တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အမေရဲ့ စိတ္တဇဗေဒ

ဆားဗီသြေးရဲ့ ဝတ္ထုတစ်ပုဒ်မှာ ငယ်ငယ်ရွယ်ရွယ် မိုက်မှားမိလို့ အရှက်ရခဲ့တဲ့ သမီးပျိုကို အမေက သည်လို မြည်တွန်တောက်တီး ပါတယ်။

'ဒီလိုအဖြစ်မျိုးကို ဖြစ်ရင်ပေါ့ ညည်းကို ငါ့သမီးအဖြစ်က စွန့်ပစ် လိုက်မှာနော်၊ ငါ့တုန်းကသာ မသိလို့မိုက်မှားမိခဲ့တာ၊ ယောကျ်ားတွေကများ ညည်းကိုဖြားယောင်းရင် ဘယ်တော့မှ သူတို့နောက်ကို လိုက်မသွားလေနဲ့ ကိုယ်လမ်းကိုယ်ဆက်သွား၊ သူတို့ကို ယောင်လို့မှ လှည့်မကြည့်လိုက်လေနဲ့ ညည်းကို ကြိုကြိုတင်တင် သတိပေးလိုက်ပါပေရဲ့၊ ဒီအဖြစ်မျိုးကို ဘယ်တော့မှ အရောက်မခံနဲ့၊ ဒီအဖြစ်မျိုးဖြစ်လာခဲ့ရင်တော့ ညည်းကို သနားနေမှာ မဟုတ် ဘူး၊ ညည်းကို မြှောင်းတဲပစ်ချပစ်ခဲ့မှာ'

ဒါက ငယ်ငယ်တုန်းက သမီးပျိုကို ဆုံးမတဲ့စကား။ ဒါပေမယ့် မိန်းကလေးက ကြီးပြင်းအရွယ်ရောက်လာတဲ့အခါမှာ သမီးနဲ့အမေရဲ့ တကယ့် ပဋိပက္ခဟာ စတင်လာတော့တာပဲ။ ပြောခဲ့တဲ့အတိုင်း သမီးပျိုက အမေ့ရဲ့ ဩဇာက ရုန်းထွက်ပြီး သူ့လွတ်လပ်မှုကို သူထူထောင်ချင်တယ်။ အမေ့ဘက် ကကြည့်တော့ သမီးပျိုရဲ့ ဒီအပြုအမူဟာ သူ့အပေါ်မှာ ကျေးဇူးကန်းတာ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တာလို့ မြင်တယ်။ ဒီမှာတင် အမေကလည်း သမီးငယ် ရဲ့ လွတ်လပ်လိုစိတ်၊ လွတ်မြောက်လိုစိတ်ကို လိုက်ပြီး ပိတ်ပင်တယ် ဖိနှိပ် တယ်။ သမီးငယ်ကို သူ့ကိုယ်ပွား၊ သူ့ကိုယ်စား၊ သူ့ပုံတူဖြစ်အောင် မလုပ်နိုင် တော့ဘူး။ ယောကျ်ားတွေဟာ မိန်းမတွေအပေါ်မှာ လွှမ်းမိုးဩဇာပေးတာကို အရသာတွေ့ကြတယ်၊ ကျေနပ်ကြတယ်။ အထူးသဖြင့် အမေတွေဟာ သမီး





တွေအပေါ်မှာ လွှမ်းမိုးရတာကို ကျေနပ်ကြတယ်။ ဒီအခွင့်အရေး၊ ဒီအခွင့် အာဏာကို စွန့်လွှတ်ရမယ်ဆိုတဲ့အခါမှာ အမေဟာ ဆော်တော် စိတ်ဓာတ်ကျ သွားတယ်။ သားသမီးကို ချစ်တတ်တဲ့မိခင်ပဲ ဖြစ်ဖြစ်၊ သားသမီးအပေါ်မှာ ပြုစုတတ်တဲ့ မိခင်ပဲဖြစ်ဖြစ်၊ ဘယ်မိခင်မဆို သားသမီးက လွတ်လပ်မှုကို ရှာလာတဲ့အခါမှာ သူ့မျှော်လင့်ချက်တွေဟာ ပြိုကွဲသွားခဲ့ရတယ်။ အမေဟာ မနာလိုဝန်တိုဖြစ်နေတယ်။ သူ့ဆီက သူ့သမီးကို လုယူသွားတဲ့ လောကကြီး ကိုလည်း မနာလိုဝန်တို ဖြစ်နေတယ်။ သူ့ဆီက လောကကြီး တစ်စိတ်တစ်ပိုင်း ကို လုယူသွားတဲ့ သူ့သမီးကိုလည်း မနာလိုဝန်တို ဖြစ်နေတယ်။

ပထမတုန်းက အမေဟာ သမီးလေးနဲ့ အဖေတို့ ဆက်ဆံရေးကို ကြည့်ပြီး မနာလိုဖြစ်တယ်။ တစ်ခါတလေမှာ အမေဟာ သူ့ယောကျ်ားကို အိမ်မှာအမြဲနေအောင် သမီးလေးနဲ့ချည်တယ်။ ဒီလိုလုပ်လို့ မအောင်မြင်ဘူး၊ ယောကျ်ားဟာ အပြင်ကို ထွက်မြဲထွက်နေတယ်ဆိုရင် အမေစိတ်ညစ်တယ်၊ အောင်မြင်ပြန်ရင်လည်း ကလေးစိတ်ဝင်ပြန်တယ်။ တစ်နည်းပြောရရင် သမီး ငယ်ကို စိတ်ကွက်မိပြန်တယ်။ အရင်တုန်းက သူ့အမေကို စိတ်ကွက်ခဲ့သလို ခုလည်း သမီးအပေါ်ကို စိတ်ကွက်မိပြန်တယ်။ အမေဟာ မျက်နှာသုန်မှုန်ပြီး စိတ်အားငယ်နေတယ်။ တစ်ဖက်သားကို အထင်လွဲပြီး တစ်မျိုးမြင်နေတတ် တယ်။ နိုင်ငံခြားသားတစ်ယောက်ကို လက်ထပ်ခဲ့တဲ့ ပြင်သစ်အမျိုးသမီးတစ် ယောက်ဟာ သမီးငယ်ကို သိပ်ချစ်တဲ့ သူ့ယောကျ်ားကိုမြင်တော့ နောက်များ ဒီနိုင်ငံခြားသားတွေနဲ့ အတူမနေပါရစေနဲ့ဆိုပြီး ရိုက် ကြီးတငင် ငိုတာကို တွေ့ခဲ့ဖူးတယ်။

မကြာခဏဆိုသလို ဖြစ်တတ်တာက အဖေအချစ်ဆုံး ဖြစ်တတ်တဲ့ သမီးအကြီးဟာ အမေရဲ့ အငြိုးငြင်ကို အခံရဆုံးဖြစ်တတ်တယ်။ နိုင်းစရာရှိ ရင်လည်း သမီးအကြီးကိုပဲ ဖိနိုင်းတယ်။ သမီးကြီးရဲ့ အသက်အရွယ်က မပေး နိုင်တဲ့ကျွမ်းကျင်သိက္ခာမျိုးကို အတင်းတောင်းဆိုပြီး ကွပ်ညှပ်တယ်။ သမီးကြီးဟာ ကိုယ်နဲ့ပြိုင်ဘက်ဖြစ်လေတော့ သူ့ကို လူကြီးလိုပဲ သဘောထားတယ်။ ဘဝဆို တာ စိတ်ကူးယဉ်ဝတ္ထု မဟုတ်ဘူးအေ့၊ ဘဝဟာ ပန်းခင်းထားတဲ့ လမ်းမဟုတ် ဘူးအေ့၊ လောကကြီးကို ရောက်လာတာဟာ ဇိမ်နဲ့ချည်းနေဖို့ ရောက်လာတာ မဟုတ်ဘူးအေ့ စတဲ့ အမေရဲ့ ငြူစူသံတွေကို ကြားလာရတယ်။ တစ်ခါတလေ လည်း အမေဟာ သမီးကြီးကို အကြောင်းမရှိ အကြောင်းရှာ ရိုက်တယ်။ ... မှတ်ပလားလို့လည်း ပြောလိုက်သေးတယ်။ တစ်နည်းပြောရရင်တော့ သူဟာ ယခုထက်အထိ အပေါ်စီးရနေသေးတယ်ဆိုတာကို ပြလိုက်တာပါပဲ။ သူဒီလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာကတော့ အမေဟာ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်လောက် ရောက်နေပြီဖြစ်တဲ့ သမီးကြီးအပေါ်မှာ တကယ်လွှမ်းမိုးနိုင်ခြင်း မရှိတော့လို့ ဖွတ်အားတင်းပြီး လုပ်နေတာမျိုး ဖြစ်ပါတယ်။ သမီးကြီးဟာ အိမ်ထောင်မှုတွေကို အသင့်အတင့် လုပ်နိုင်နေပြီဖြစ်တော့ သူလည်း မိန်းမကလေးတစ်ယောက် ဖြစ်လာပြီလေ။ သူ့မှာ ကြည်နူးရွှင်လန်းမှုတွေ၊ စူးစမ်းစိတ်တွေ၊ အမြင်ကျယ်မှုတွေ ရှိလာတော့ သူဟာ မိန်းမကြီးတစ်ယောက်ထက်သာလွန်တဲ့ အဆင့်ကို ရောက်လာပြီလေ။ အမေကလည်း သမီးကြီးရဲ့ မ, လောက၊ မ, သဘာဝတွေကို လွှမ်းမိုးချင် လာတယ်။ အမေဖြစ်ချင်တာက သူဟာ ထူးခြားတဲ့ မိန်းမ၊ အစားထိုးလို့မရတဲ့ မိန်းမဖြစ်ချင်တယ်။ ခုတော့ သမီးကြီးက သူ့နေရာကိုယူလာတော့ သူဟာ သာမန်အဆင့်ကို လျော့ကျသွားတယ်။ ဒီတော့ အမေက တခြားကိုသွားလို့ အိမ်မှာ ဖရိုဖရဲ ကစဥ့်ကလျားဖြစ်နေရင် သမီးကြီးကို ဆူပူကြိမ်းမောင်းတော့ တာပါပဲ။ သူမရှိတုန်း အိမ်မှာ သပ်သပ်ရပ်ရပ် စနစ်တကျဖြစ်နေရင်လည်း အမေဟာ သမီးကို သူ့ခြေရာကိုနင်းလာပြီဆိုပြီး နည်းနည်းစိုးရိမ်လာတယ်။ ကြောက်လာတယ်။ သမီးဟာ သူ့ရဲ့ကိုယ်စား သူ့ကို အစားထိုးမယ့်သူ ဖြစ်လာမှာကို သူစိုးရိမ်တယ်။

သမီးကြီးဟာ သူ့ကိုယ်သူ အခြားတစ်ပါးသော သူတစ်ယောက် မိန်းမတစ်ယောက်ဆိုတဲ့ အသွင်လက္ခဏာမျိုးတွေကို ပြလာရင်လည်း အမေဟာ စိတ်ထဲမှာ မခံချင်ဖြစ်လာတယ်။ သူနဲ့ သီးခြားကင်းကွာနေနိုင်တဲ့ လွတ်လပ်တဲ့ သူတစ်ယောက် ဖြစ်လာတာကို သူမခံချင်ဖြစ်နေတယ်။ တကယ်လို့ မိသားစုအထဲမှာ မတရားမှုကို၊ ဖိနှိပ်မှုတို့ရှိလို့ သမီးကြီးက သူ့မိတ်ဆွေသူငယ်ချင်းတွေကို ဖွင့်ဟတိုင်ပင်ရင်လည်း အမေဟာ အဲဒီသူငယ်ချင်းတွေအပေါ်မှာ မနှစ်သက်နိုင်ဖြစ်လာတော့တယ်။ သမီးကြီးကို အဲဒီသူငယ်ချင်းတွေနဲ့ မတွေ့ဖို့၊ အပေါင်းအသင်း မလုပ်ဖို့ တားမြစ်ပိတ်ပင်လာတယ်။ သူတို့တစ်တွေနဲ့ပေါင်းရင် သူ့သမီး ပျက်စီးမယ်၊ ဘာမယ်စသည်ဖြင့်အကြောင်း ပြလာတော့တာပါပဲ။ သူ့အဖို့ကတော့ သူ့ဩဇာမဟုတ်တဲ့ တခြားသူရဲ့ ဩဇာမှန်သမျှဟာ ဆိုးတယ်လို့ပဲ မြင်နေတယ်။ ဒါတွင်မကဘူး၊ အမေက သူနဲ့ရွယ်တူ မိန်းမတွေကိုလည်း မကြည်ဖြူနိုင် ဖြစ်လာတယ်။ အထူးသဖြင့် သူ့သမီးချစ်ခင်နေတဲ့ မိမိနဲ့ ရွယ်တူမိန်းမတွေ၊ အထူးသဖြင့် သမီးရဲ့ဆရာမတွေ၊ သမီးသူငယ်ချင်းတွေရဲ့ အမေတွေအပေါ်မှာ မကောင်းမြင်လာတတ်တယ်။ ဒီလို သူစိမ်းကိုသွားပြီး ခင်မင်တာ အထင်ကြီးတာဟာ မှားတယ်၊ ရယ်စရာကောင်းတယ်လို့ သမီးကို ပြောပြတယ်။ တစ်ခါတလေမှာ သမီးကြီး ပျော်နေတာ၊ သမီးကြီး ရယ်တာ၊ သမီးကြီး





စားနေတာတွေကို မြင်ရင်ကြားရင် အမေဟာ စိတ်ထဲမှာ မနှစ်သက်နိုင် ကြိုက်နိုင်ဘဲ ဖြစ်နေတတ်တယ်။ သားယောကျ်ားကလေးတွေ ဒီလိုနေတာကို မြင်ရင်တော့ အမေက အလွယ်တကူပဲ ခွင့်လွှတ်လိုက်တယ်။ သူတို့မှာ ဗိုလ်သဏ္ဌာန်တို့ရဲ့ အခွင့်အရေးရှိပေသကိုး။ ဒီလိုပဲနေမှာပေါ့လို့ အလွယ်တကူပဲ လက်ခံလိုက်တယ်။ သားယောကျ်ားကလေးကို သွားပြီး ကွပ်ညှပ်ရတဲ့ ကိစ္စမျိုးဟာ ချော်လင့်ချက်မရှိတဲ့ တိုက်ပွဲ၊ ကိုယ့်ဘက်က ရှုံးမယ့်တိုက်ပွဲ ဆိုတာကို သိလေတော့ အမေဟာ ဒီမျှော်လင့်ချက်မရှိတဲ့ တိုက်ပွဲကိုမတိုက်တော့ဘဲ အစောကြီးကတည်းက အလျှော့ပေးလိုက်ပြီလေ။ ဒါပေမယ့် သူ့လိုပဲ တခြားမိန်းမတစ်ယောက်ဖြစ်တဲ့ သမီးကတော့ သူကိုယ်တိုင် ဆုံးရှုံးခဲ့ရတဲ့ အခွင့်အရေးမျိုးကို ဘာဖြစ်လို့ ခံစားရမှာလဲ။ သူက အိမ်ထဲမှာ တကုပ်ကုပ်နဲ့ မအားရအောင် အလုပ်များနေတဲ့အချိန်မှာ သမီးက ဘာဖြစ်လို့ပျော်ပါးမော် ကြွားနေရမှာလဲ၊ ငြီးငွေ့စရာကောင်းတဲ့ အိမ်မှုကိစ္စတွေထဲမှာ သူ့ကို ပစ်ထားခဲ့ပြီး သမီးက အဲဒီ တာဝန်းကျင်က ဘာဖြစ်လို့ ထွက်ပြေးရမှာလဲ။ သူ တစ်ခါက စွန့်လွှတ်ခဲ့ရတဲ့ တန်ဖိုးတွေ၊ ပျော်ရွှင်မှုတွေကို သမီးတစ်ယောက်တည်း ဘာဖြစ်လို့ ခံစားရမှာလဲ။

အမေဟာ အဲဒီလိုတွေးပြီး သမီးကို မနာလိုဝန်တို ဖြစ်တတ်တယ်။ သမီးကြီးလာသည်နှင့်အမျှ ဒီမကျေနပ်မှုဟာ အမေ့နှလုံးသားကို ကိုက်ဖြတ်စားနေတယ်။ နှစ်တွေပြောင်းလဲလာသည်နှင့်အမျှ သူ့ခန္ဓာကိုယ်က အိုမင်းရင့်ရော်လာပြီး သမီးရဲ့ နုပျိုတဲ့ခန္ဓာကိုယ်ကတော့ ဖွံ့ဖြိုးတိုးတက်လာ တယ်။ သမီးအတွက် အနာဂတ်ဟာ ပွင့်သွားပြီး သူ့အဖို့တော့ အနာဂတ်ဟာ လုယူခံလိုက်ရတယ်လို့ တကယ်ခံစားနေရတယ်။ သမီးပျိုတွေစပြီး ပထမဆုံး ရာသီပန်းပွင့်တဲ့အခါမှာ တချို့အမေတွေ စိတ်ကယောက်ကယက် ဖြစ်ရတာဟာ တခြားကြောင့် မဟုတ်ဘူး။ အဲဒီစိုးရိမ်မှု၊ အဲဒီခံစားမှုကြောင့် ဖြစ်တယ်။ သူ့သမီးငယ် မိန်းမကြီးတစ်ယောက်၊ တကယ့်မိန်းမကြီး တစ်ယောက် ဖြစ်လာတာကို မနာလိုဝန်တို ဖြစ်နေတယ်။ ကိုယ်ကတော့ အဘွားကြီးဖြစ်ပြီး နောက်ကန်းကိုရောက်မှန်းမသိရောက်၊ အိမ်မှုကိစ္စနဲ့ ထွေးလုံးရစ်ပတ် ဖြစ်နေချိန်မှာ နောက်အသစ်ရောက်လာသူကတော့ ရှေ့မှာ အလားအလာ၊ အခွင့်အလမ်းတွေ တစ်ပုံကြီးနဲ့ဆိုတော့ သူခံစားရတယ်။ အမေဟာ အဲဒီ အခွင့်အလမ်းတွေကို မနာလိုဝန်တိုလည်း ဖြစ်တယ်။ မုန်းလည်း မုန်းတယ်။ သူ့မှာ ဒီအခွင့်အရေးတွေကို မရနိုင်တဲ့ အခြေအနေကိုရောက်သွားတော့ အမေဟာ အဲဒီ အခွင့်အရေးတွေကို တဖြည်းဖြည်း လျှော့ပစ်တယ်။ ဖျောက်ဖျက်ပစ်တယ်။ ဒါနဲ့အညီ



www.burmeseclassic.com

www.burmeseclassic.com



အမေဟာ သမီးကို အိမ်ထဲမှာ သွင်းထားတယ်။ စောင့်ကြည့်တယ်၊ မင်းမူ တယ်။ သမီးကို တမင်ကလာ ကိုးရိုးကားရားတွေ ဆင်ပေးတယ် ပျော်ရွှင်ချိန် နည်းအောင် လုပ်ထားတယ်။ သမီးက နည်းနည်းလေး မိတ်ကပ်ပြင်လာရင် နည်းနည်းလေး ဝတ်စားလာရင်၊ နည်းနည်းလေး အပြင်အထွက်များလာရင် တအားဖိပြီး ဆူပူကြိမ်းမောင်း တော့တာပါပဲ။ လောကကြီးကို မကျေနပ်သမျှ ပတ်ဝန်းကျင်ကို မကျေနပ်သမျှ သမီးအပေါ်မှာ 'မဲ' တော့တာပါပဲ။ အမေဟာ သမီးငယ်ကို နှိမ်ဖို့ ကြိုးစားတယ်၊ လှောင်ပြောင်တယ်၊ မြည်တွန်တောက် တီးတယ်။ တစ်ခါတလေမှာ သမီးနဲ့ အမေကြားမှာ ကြေညာတဲ့စစ်ဖြစ်တယ်။ အများအားဖြင့်တော့ သမီးက နိုင်တာပဲများတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘက်မှာ အချိန်ရှိနေတာကိုး။ အချိန်ကာလက စစ်ကူပေးပေသကိုး။ ဒါပေမယ့် သမီး ရဲ့အောင်ပွဲဟာ အမှားကျူးလွန်မှုနဲ့ စွန်းထင်းနေတတ်တယ်။ အမေ့ရဲ့သဘောထား၊ အမေ့ရဲ့အပြုအမူကြောင့် သမီးငယ်မှာ တော်လှန် ဖီဆန်လိုစိတ် ပေါ်လာရတယ်။ အမုန်းစိတ်ပေါ်လာရတယ်။ တစ်ခါတလေမှာ အမေအနားမှာ မနေချင်အောင် ဖြစ်လာတတ်တယ်။ ဒီအခါမှာ ကိုယ်မှားပြီ ဆိုပြီး စိတ်မကောင်းဖြစ်ရတယ်။ နောင်တဖြစ်ရတယ်။ အမေ့ကို စိတ်နဲ့ ပြစ်မှားမိတဲ့အတွက် နောင်တစိတ်ဟာ သူ့အနာဂတ်မှာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်သွားပြီး အသည်းမှာစွဲသွားတတ်တယ်။ နောက်ဆုံးတော့ အမေဟာ သူရှုံးပြီ ဆိုတာကို လက်ခံတယ်။ သမီး ကြီးလာတဲ့အခါမှာ အမေနဲ့သမီးကြားမှာ အနည်းနဲ့အများဆိုသလို အဆင်ပြေခြင်းမရှိတဲ့ ဆက်ဆံရေး ထူထောင် မိလျက်သား ဖြစ်သွားကြတယ်။ အမေဟာ စိတ်ဓာတ်ကျပြီး စိတ်ညစ်သွား တော့တယ်။ သမီးမှာလည်း ကျိန်စာမိတဲ့ သူလို စိတ်မချမ်းသာ ဖြစ်ရ တော့တယ်။

နောင်မှာ အသက်ကြီးတဲ့ အမေကြီးတွေနဲ့ သားကြီး သမီးကြီးတွေရဲ့ ဆက်ဆံရေးကို ရေးပါဦးမယ်။ ဒါပေမယ့် ဒီမှာ ပြောချင်တာကတော့ အမေတစ် ယောက်ရဲ့ဘဝမှာ ကလေးတွေ အရေးကြီးတဲ့အခန်းက ပါတဲ့ အချိန်ဟာ ပထမ နှစ်နှစ်ဆယ်ပဲ ဖြစ်တယ်ဆိုတဲ့ အချက်ပါ။

## ကလေးသည်ပန်းပွင့်

မိခင်ဘဝနဲ့ ပတ်သက်လို့ မှားနေတဲ့ အယူအဆ နှစ်ခုရှိနေတယ်။ တစ်ခုကတော့ မိခင်ဘဝဟာ မိန်းမတစ်ယောက်ရဲ့ဘဝကို ပြည့်စုံအောင် သယ် ဆောင်ပေးလိုက်တဲ့အရာ ဖြစ်တယ်ဆိုတဲ့ အယူအဆပဲ။ တကယ်ကတော့ ဒီအတိုင်း မဟုတ်ပါဘူး။ ပျော်ရွှင်ခြင်းမရှိတဲ့ ဘဝကို စိတ်ပျက်နေတဲ့၊ မကျေ နပ်ဖြစ်နေတဲ့ မိခင်တွေ အများကြီးပါပဲ။ တော်လ်စတွိုင်းရဲ့ဇနီးဟာ ထင်ရှား တဲ့ နမူနာတစ်ခုပါ။ သူ့ ဇနီးဟာ မွေးခုတင်ပေါ်ကို ဆယ့်နှစ်ကြိမ်ထက်မနည်း ရောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် လောကကြီးဟာ ဘာမှအဓိပ္ပာယ်မရှိတဲ့အ ကြောင်း၊ သူအပါအဝင် လောကကြီးဟာ အကျိုးမဲ့ အချီးနှီးဖြစ်တဲ့အကြောင်းကို အမြဲလိုလို ရေးထားတာကို သူ့မှတ်တမ်းတွေထဲမှာ တွေ့လေ့ရှိပါတယ်။ ကလေး တွေနဲ့ နေရတာ၊ ကလေးတွေနဲ့ သူဟာခွဲခွာမရအောင် ဆက်စပ်နေတာကြောင့် သူ့မှာ စိတ်ချမ်းမြေ့ရတယ်၊ ပျော်ရွှင်ရတယ်။ သူ့ယောကျ်ားရဲ့ လွှမ်းမိုးမှုကို ဆန့်ကျင်တိုက်ခိုက်ရာမှာ ကလေးများဟာ လက်နက်ကောင်းဖြစ်တယ် ဆို တာတွေကို သူရေးခဲ့ပါတယ်။

ဒါပေမယ့် ကလေးတွေရှိနေရုံနဲ့ လောကကြီးကို ငြီးငွေ့စိတ်ပျက် နေတဲ့ ခံစားချက်ဟာ ပျောက်ကွယ်သွားတာ မဟုတ်ဘူးလို့ သူက ဆက်ရေးခဲ့ ပါတယ်။ သူဟာ တခြားလုပ်ငန်းတွေကို လုပ်ချင်ရင် လုပ်နိုင် တယ်လို့လည်း သူထင်တယ်။ ဒါပေမယ့် တကယ့်လက်တွေ့ကျတော့ သူ့အဖို့ ကလေးတွေကို ဂရုစိုက်ဖို့၊ သူတို့စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးတွေကို ပြုစုစောင့်ရှောက် ဖို့ထက် ဘာမှ ပိုမလုပ်နိုင်တာကို တွေ့လာရတယ်။ တကယ်ကတော့ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မိခင်တစ်ယောက်အဖို့ ပျော်စရာအလုပ်တွေပါ။ ကလေး တွေကို လူတစ်လုံးသူတစ်လုံး ဖြစ်လာအောင် ပြုစုစောက်ရှောက်ချင်တယ်၊ မွေးမြူချင် တယ်။ ဒါပေမယ့် သူတို့နဲ့ အမြဲတစေ ပဋိပက္ခ ဖြစ်နေရတဲ့အတွက် သူစိတ်ဆင်းရဲတယ်၊ စိတ်တိုရတယ်။

သူ့ ကလေးတွေအပေါ်မှာ ထားရှိတဲ့ မိခင်ရဲ့ဆက်ဆံရေးဟာ သူ့ဘဝရဲ့ အစုအပေါင်းထဲမှာ ပုံသဏ္ဌာန်ပေါ်လာခြင်းဖြစ်တယ်။ ဆိုလိုတာက သူနဲ့ သူ့ယောက်ျားနဲ့ ဘယ်လိုဆက်ဆံရေးရှိကြသလဲ၊ သူ့အတိတ်က ဘယ်လိုလဲ။ သူ့အလုပ်အကိုင်က ဘာလဲ၊ သူ့စရိုက်က ဘယ်လိုလဲဆိုတဲ့ အချက်တွေပေါ်မှာ တည်ပြီး သူနဲ့သူ့ကလေးတွေရဲ့ ဆက်ဆံရေးပုံသဏ္ဌာန်ဟာ ပေါ်ပေါက်လာရခြင်း ဖြစ်တယ်။ ကလေးဆိုတာ ထာဝရအားဆေးတစ်မျိုး ဖြစ် တယ်ဆိုတဲ့ သူ့အယူအဆဟာ မှားလည်းမှားတယ်၊ အခိပ္ပာယ်လည်း ကင်းမဲ့တယ်၊ အန္တရာယ်လည်းများတယ်။ အထက်တစ်နေရာမှာ ဖော်ပြခဲ့တဲ့ ကောက်နုတ်စိတ်ပညာ ဆရာဟယ်လင်ဒွိုက်ချ်ရဲ့ အယူအဆဟာလည်း ဒီအတိုင်းပါပဲ။ သူက မိခင်တို့ရဲ့ဘဝကို သူ့ရဲ့စိတ်ကုပညာ အတွေ့ အကြုံနဲ့ယှဉ်ပြီး ပြောသွားခဲ့ပါတယ်။ သူက မိခင်ဘဝဟာ အထွတ်အထိပ် အရေးကြီးကြောင်း၊ မိခင်ရဲ့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းဖြင့် မိန်းမဟာ ကိုယ့်ကိုယ်ကို နားလည် သဘောပေါက်လာခြင်း ဖြစ်ကြောင်းပြောသွားပါတယ်။ ဒါပေမယ့် ခြွင်းချက်တစ်ခုတော့ ရှိတယ်တဲ့။ မိခင်ဟာ မိခင်ရဲ့ လုပ်ငန်းတာဝန်ကို လွတ်လပ်စွာ လုပ်ဆောင်ရမှသာလျှင် မလွှဲသာမရှောင်သာလို့မဟုတ်ဘဲ သူကိုယ်တိုင်က လိုလိုချင်ချင်ထမ်းဆောင်ချင်မှသာလျှင် မိခင်ဘဝဟာပျော်စရာကောင်းတယ်၊ ပျော်ရွှင်မှုကို ရတယ်တဲ့။

ပျိုရွယ်တဲ့ မိန်းမငယ်ဟာ မိခင်ရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ဖို့အတွက် စိတ်ဓာတ်ရေးအရ၊ ကျင့်ဝတ်ရေးအရ၊ ရုပ်ဝတ္ထုဆိုင်ရာအရ လိုအပ်တဲ့ အခြေအနေတွေ ရှိရမယ်လို့ သူကပြောပါတယ်။ ဒီအခြေအနေမျိုးတွေမရှိဘဲ မိခင်လုပ်ငန်းကို လုပ်ခြင်းဟာ ဆိုးတဲ့အကျိုးသက်ရောက်မှုတွေဖြစ်စေနိုင်ပါတယ်။ အထူးသဖြင့် စိတ်ဓာတ် ကျနေ တာ၊ စိတ်ညှိုးငယ်နေတာ၊ နျူရိုးဆစ် ဖြစ်နေတာကို ပျောက်စေလိုတဲ့သဘောနဲ့ ကလေးတစ်ယောက်ရအောင် လုပ်သင့်တယ်လို့ ပြောတာဟာ ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်စေလိမ့်မယ်လို့ သူက ထောက်ပြပါတယ်။ ဒီလိုလုပ် လိုက်ရင် ကလေးရော မိခင်ပါ ပျော်ရွှင်မှုကိုမရဘဲ စိတ်ဆင်းရဲကြရတယ်လို့ ဆိုတဲ့သဘောပါ။ စိတ်ဓာတ်မှန်ကန်တဲ့၊ ကျန်းမာတဲ့၊ မိမိထမ်းဆောင်ရမယ့် တာဝန်တွေကို သတိပြုမိတဲ့





သူသာလျှင် မိခင်ကောင်းတစ်ယောက် ဖြစ်နိုင်တယ်လို့ သူကပြောတယ်။

မကြာခဏတွေ့ရတဲ့အတိုင်း အိမ်ထောင်ဖက်ကြတဲ့ မောင်နှံခုံတို့ဟာ မိမိမှာရှိတဲ့ အားကောင်းချက်(ကောင်းတဲ့အချက်) တွေမှာ သွားပြီး မပူးပေါင်းမိကြဘဲ အားနည်းချက် ( မကောင်းတဲ့အချက်) တွေမှာ သွားပြီး ပူးပေါင်းမိကြရင် အဲဒီ လက်ထပ်ထိမ်းမြားမှုဟာ ကျိန်စာသင့်တဲ့ ထိမ်းမြားမှုပါပဲ။ အဲဒီလို အိမ်ထောင်ရေးမှာ တစ်ယောက်က တစ်ယောက်ကို လိုက်လျောပေးအပ်မယ့် အစားတစ်ယောက်ကတစ်ယောက်ကို တောင်းဆိုချက်တွေ တောင်းနေတော့ တာပါပဲ။ ဒီလိုအခါမျိုးမှာ ကလေးတစ်ယောက်ရလာရင်တော့ ငြိုငွေ့တာတွေ ပြေပျောက်သွားမှာပဲ၊ အဆင်မပြေတာတွေ ပပျောက်သွားမှာပဲ၊ နွေးထွေးမှုရှိလာမှာပဲ၊ အမြတ်တနိုး တန်းဖိုးတစ်ခုရှိလာတော့မှာပဲ ဘာပဲ စသည့်ဖြင့် မျှော်လင့်ခြင်းဟာလည်း တကယ်တော့ လှည့်ဖျားနေတာ တစ်မျိုးပါပဲ။ ကိုယ်ကျိုးမငဲ့ဘဲ တခြားသူရဲ့ ပျော်ရွှင်မှုကို လိုလားတဲ့ မိန်းမတစ်ယောက်မှသာလျှင် ကလေးရလို့ပျော်ရွှင်မှု ရနိုင်တယ်။ ကိုယ်ကျိုးကြည့်ပြီး တခြားသူရဲ့ ပျော်ရွှင်မှုကို လုပ်မပေးချင်တဲ့ မိန်းမတစ်ယောက်အဖို့တော့ ကလေးရသည့်တိုင် ပျော်ရွှင်မှုကို ရနိုင်မှာ မဟုတ်ပါဘူး။ ကိုယ့်ဘဝကိုကျော်ပြီး တခြားသူအကျိုး၊ တခြားသူရဲ့ ပျော်ရွှင်မှုမျိုးကို လိုလားတဲ့ မိန်းမမျိုးမှသာလျှင် ကလေးရလို့ ပျော်ရွှင်မှုရနိုင်တာပါ။ ကလေးမွေးမြူတယ်ဆိုတာ စွန့်စားရတဲ့ လုပ်ငန်းကြီးတစ်ခုနဲ့ တူပါတယ်။ အဲဒီလုပ်ငန်းကြီးမှာ မိခင်ဟာ မိမိကိုယ်ကို မေ့လျော့ပြီး တစ်ပါးသူရဲ့ အကျိုးစီးပွားအတွက် ဦးစားပေးရပါတယ်။ ဒါမှသာလျှင် ဒီလုပ်ငန်းကြီးဟာ အောင်မြင်နိုင်ပါတယ်။ ဒါပေမယ့် အခြားသော လုပ်ငန်းကြီးများမှာလိုပဲ ကလေးမွေးခြင်းဆိုတဲ့ လုပ်ငန်းကြီးမှာလည်း ပင်ပန်းသလို ဖြေသိမ့်စရာတွေတော့ ရှိပါတယ်။ အဲဒါကတော့ စိတ်ကူးနဲ့ မှန်းဆတဲ့အကျိုးအမြတ်တွေ မဟုတ်ဘဲ ကလေးလုပ်ငန်းကို လုပ်ချင်လို့ကို လုပ်ရတယ်ဆိုတဲ့ ဖြေသိမ့်မှုပါပဲ။

ဒီအကြောင်းနဲ့ပတ်သက်လို့ စိတ်ပညာကျွမ်းဆရာ စတက်ကယ်က ရေးခဲ့ရာမှာ 'ကလေးများသည် မအောင်မြင်သော အချစ်အတွက် အစားထိုးပေးသော အရာမဟုတ်ပေ၊ ပန်းတိုင်မရောက်သော ရည်မှန်းချက်များအတွက်လည်း အစားထိုးသည့် အရာမဟုတ်ပေ၊ ဟာလာဟင်းလင်းဖြစ်နေသောဘဝကို နေရာဖြည့်ရန်အတွက် ဖြည့်ပေးသော ရုပ်ဝတ္ထုပစ္စည်းများလည်း မဟုတ်ပေ၊ ကလေးများသည် တာဝန်တစ်ခုလည်းဖြစ်၍ အစွဲအလမ်းတစ်ခုလည်း ဖြစ်ပေသည်။ ကလေးများသည် အနှောင်အဖွဲ့ကင်းသော အချစ်သစ်ပင်ကြီးပေါ်မှ ဖူးပွင့်လာသည့် ပန်းပွင့်များဖြစ်ပေသည်။ ကလေးများသည် ကစားစရာ မဟုတ်ပေ



www.burmeseclassic.com

www.burmeseclassic.com



ဘမျာ:၏ လိုအပ်ချက်များကို၊ စိတ်ကူးများကို ဖြည့်ဆည်းပေးသည့် ကိ ဟတန်ဆာပလာများလည်း မဟုတ်ပေ၊ ကလေးများသည် တာဝန်ဝတ္တရား စ်ပေသည်၊ သူတို့ကို ပျော်ရွှင်ချမ်းမြေ့သည့် လူသားများဖြစ်လာရန် မွေးမြ ပေမည်' လို့ ရေးခဲ့ပါတယ်။

ဒီတာဝန် (ကလေးလုပ်ငန်း) ဟာ သဘာဝကျတဲ့လုပ်ငန်း မဟုတ် ဘူး၊ သဘာဝကြီးဟာ ကျင့်ဝတ်ဆိုင်ရာ ကိစ္စများမှာ ဘယ်ဟာကိုလုပ်ရမယ် ဘယ်ဟာကို မလုပ်ရဘူးလို့ ဘယ်တော့မှ အမိန့်မပေးနိုင်ဘူး။ ခုကိစ္စက ကိုယ့် ဘာသာကိုယ် ရွေးချယ်တာ။ ကိုယ့်ဘာသာကိုယ် အပေးအယူလုပ်တာ။ ကိုယ့် ဘာသာကိုယ် ကတိသစ္စာထားယူတာ။ ကလေးယူတယ်ဆိုတာ လေးနက်တဲ့ တာဝန်ကြီးတစ်ခုကို လက်ခံယူတာ။ တကယ်လို့ မိခင်ဟာ ဒီတာဝန်ကို ရှောင် ကွင်းတယ်ဆိုရင် ဘဝတစ်ခု၊ လွတ်လပ်တဲ့၊ သီးခြားဖြစ်တဲ့လူသားသတ္တဝါတစ် ရဲ့ အဖြစ်ကို ငြင်းပယ်တဲ့အတွက် အပြစ်သင့်တယ်။ ဒါပေမယ့် ဒီတာဝန်ကို ူရမယ်လို့ သူ့ကို ဘယ်သူကမှ အတင်းအကျပ်လုပ်ဖို့ မရနိုင်ပါဘူး။ လင်နဲ့မ ားရဲ့ ဆက်သွယ်မှုမှာလိုပဲ ဆန္ဒအရသာ ဖြစ်သင့်ပါတယ်။ မိန်းမတစ်ယောက် ဖို့ ကလေးတစ်ယောက်မွေးခြင်းဟာ ထူးမြတ်တဲ့အောင်မြင် စွမ်းဆောင်မှုကြီး ဲ့ကယ်။ အခြားသော အရာများထက် အရေးကြီးသောအရာဖြစ်တယ်လို့ ပြောသင့်ပါဘူး။ တချို့က ပြောလေ့ရှိကြတယ်။ မိန်းမတစ်ယောက် ပျံတံတံ န့်တန့်တန့်ဖြစ်တာ၊ နည်းနည်း ရှုပ်ပွေချင်တာ၊ ဒါမှမဟုတ် ရည်မှန်းချက် သိပ်ကြီးချင်တာဟာ ကလေးမရှိလို့တဲ့။ ကလေးမရှိတဲ့အတွက် ဒီမိန်းမဟာ ပေါ့ပေါ့တန်တန် နေချင်တာ၊ ပျံတံတံဖြစ်တာ၊ ရည်မှန်းချက် ကြီးတာလို့ ပြော ကြပါတယ်။ တစ်ခါ မိန်းမတစ်ယောက် ကလေးလိုချင်တဲ့အခါမှာလည်း ယောကျ်ားရဲ့အချစ်ကို မရလို့ အလုပ်အကိုင်မရှိလို့ သူ့ရဲ့ လိင်တူဆက်ဆံလိုမှု သဘောတွေကို ပြေပျောက်အောင် လုပ်ချင်လို့ ပြောကြပြန်သေးတယ်။ ဒီစကား တွေဟာ ရုတ်တရက် ကြည့်လိုက်ရင် သဘာဝကျသယောင် ထင်ရပေမယ့် အဲဒီစကား နောက်ကွယ်မှာ အတုအယောင်ကျင့်ဝတ်၊ အတုအယောင်သိက္ခာတို့ ုန်းကွယ်နေပါတယ်။ ကလေးဟာ မိန်းမတစ်ယောက်ရဲ့ အစွန်းဆုံးသော ရည်မှန်းချက်ဖြစ်တယ်ဆိုတဲ့ စကားဟာ ကုန်ပစ္စည်း ကြော်ငြာတစ်ခုက စကား နဲ့ ဘာမှမခြားပါဘူး။

နောက်အမှားတစ်ခု ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကလေး ယ်ဟာ မိခင်ရဲ့ရင်ခွင်မှာသာ ပျော်ရွှင်မှုကို ရနိုင်တယ်ဆိုတဲ့စကား။ လောက ှာ သဘာဝမကျတဲ့ မိခင်ရယ်လို့ဘယ်တော့မှ မရှိပါဘူး။ဒါကြောင့်မို့ သဘာဝ





ျစွာပဲ ကောင်းတဲ့မိခင်တွေ ရှိသလို ဆိုးတဲ့မိခင်တွေ ရှိတာပဲ၊ ကလေးတွေ အပေါ် ကျရောက်နိုင်တဲ့ အန္တရာယ်နဲ့ ပတ်သက်လို့ စိတ်သရုပ်ခွဲပညာက ဖော် ထုတ်ခဲ့တဲ့ အမှန်တရားတစ်ခုကတော့ 'ပုံမှန်စိတ်ထား' ရှိတဲ့ မိဘများက ကလေးအပေါ်မှာ ပေးနိုင်တဲ့ အန္တရာယ်ပါပဲ။ လူကြီးတွေမှာ စိတ်နေစိတ်ထား မမှန်တာ၊ သိမ်ငယ်စိတ်အားကြီးတာ၊ ဘဝင်မြင့်အားကြီးတာ၊ တစ်ခုခုကို ထမင် မိထင်ရာ ထင်တတ်တာ၊ ချုရိုးဆစ်ဖြစ်တာ စသည့်တို့ဟာ အဲဒီလူကြီးတွေရဲ့ မိသားစုဘဝမှာ အခြေခံလာခဲ့ကြတာပါ။ မိဘနှစ်ဦး မသင့်မမြတ်ဖြစ်တာ တတောက်ကဆဖြစ်ကြတာ၊ အဆင်မပြေဖြစ်ကြတာတွေ ဟာ ကလေးအတွက် မကောင်းတဲ့အပေါင်းအဖော်တွေ ဖြစ်ပါတယ်။ အဲဒီလို မိသားစုပတ်ဝန်းကျင်မှာ နေလာခဲ့ရတဲ့ ကလေးဟာ ငယ်ငယ်ကလေးကတည်း က စိတ်မှာ အမာရွတ်ကြီး ထင်လာခဲ့ပါတယ်။ ဒါကြောင့် သူတို့ကြီးလာလို့ သူတို့မှာ ကလေးတွေရ လာတဲ့အခါမှာလည်း သူတို့ဟာ သူတို့ ကလေးတွေကို အဲဒီစိတ်၊ သိမ်ငယ် စိတ်၊ အဲဒီ အဲဒီ ပုံမမှန်စိတ်တွေနဲ့ ဆက်ဆံကြပါတယ်။ ဒီလိုနဲ့ ဒီကွင်းဆက်ကြီး ဟာ အဆုံးမရှိ သွားတော့တာပါပဲ။ သမီးကို နှိပ်စက်ညှင်းပန်းမှ စိတ်ကျေနပ်မှု ရတဲ့ အမေရဲ့ သမီးဟာ သူ့သမီးတွေကျတော့လည်း အဲဒီလိုပြန်ပြီး နှိပ်စက် ညှင်းပန်း တတ်ပါတယ်။ ဒီလိုနဲ့ သားစဉ်မြေးဆက် ပါသွားတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## သူ့ကိုယ်သူ မေ့နိုင်တဲ့ အိမ်ရှင်မ

လူအများလက်ခံထားကြတဲ့ သဘောထားတစ်ခုရှိတယ်။ အဲဒါက တော့ တစ်ဖက်မှာ မိန်းမ (အမျိုးသမီး) ကို အထင်သေး အမြင်သေးဖြစ်ပြီး တခြားတစ်ဖက်မှာ မိခင်တွေအဖြစ် လေးစားတန်ဖိုးထားကြတဲ့ အချက်ပဲ။ ဒီလို နှစ်ခွ သဘောထားဟာ မရိုးသားရာရောက်တယ်။ ကြည့်လေ။ တစ်ဖက်မှာ မိန်းမကို အများနဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ ဝင်လုပ်ခွင့်မပေးဘူး။ အမျိုးသား တွေ ဝင်ရောက်လုပ်ကိုင်တဲ့ လုပ်ငန်းတွေမှာ လုပ်ခွင့်မပေးဘူး။ မိန်းမဟာ နိမ့်ကျတယ်၊ အရည်အချင်းမရှိဘူး၊ စွမ်းဆောင်နိုင်မှုအား မဲ့တယ်ဆိုပြီး သူ့ကို လူရာဝင်ခွင့်မပေးဘူး။ ဒါပေမယ့် တစ်ဖက်မှာတော့ လူသားတစ်ယောက်ကို ပုံသွင်းဖို့ဆိုတဲ့ လောကမှာ အနူးညံ့ဆုံး၊ အသိမ်မွေ့ဆုံး၊ အခက်ခဲဆုံး၊ အလေး နက်ဆုံး တာဝန်ကိုတော့ ပေးထားတယ်။ ဒါဟာ နည်းနည်းကလေးမှ သဘာဝ မကျဘူး။ ကမ္ဘာမှာ ယဉ်ကျေးမှုအရ၊ ထုံးတမ်းဓလေ့အရ၊ အစဉ်အလာအရ၊ ပညာရေး၊ ယဉ်ကျေးမှု တာဝန်နဲ့ ယောကျ်ားတွေသာ ခံစားရတဲ့ အခွင့်အရေး တွေကို မရဘဲ ဆုံးရှုံးနေရတဲ့ မိန်းမတွေ အများကြီးရှိတယ်။ ဒါပေမယ့် အဲဒီလို အငြင်းပယ်ခံရတဲ့ မိန်းမတွေရဲ့ ရင်ခွင်ထဲကိုတော့ ကလေးတွေကို စုပုံအပ်လိုက် သတဲ့။ ဒီအဖြစ်ကတော့ တော်တော်ကို အံ့သြဖို့ကောင်းတယ်။ ယောကျ်ား ကလေးများ ငယ်ငယ်တုန်းက သူတို့ရဲ့ သိမ်ငယ်စိတ်ကို ဖြေဖျောက်ဖို့ သူတို့ လက်ထဲကို ယမင်းရုပ်ကလေးတွေ အပ်လိုက်တဲ့အတိုင်းပဲ။ ယောကျ်ားကလေး တွေရဲ့ လက်ထဲကို ယမင်းရုပ်အပ်လိုက်တာက ဘာကိစ္စရှိသလဲ။ သူတို့က ယမင်းရုပ်ကလေးတွေ၊ အသက်ရှိတာ မဟုတ်ဘူး။ ဒါပေမယ့် မိန်းမတွေလက်





ထဲကိုတော့ အသွေးအသားရှိတဲ့ ကစားစရာလေးတွေနဲ့ ကစားခိုင်းကြတယ်။

ဘယ်သူပဲဖြစ်ဖြစ် အခွင့်ထူးတွေကို ရလာရင် အဲဒီအခွင့်ထူးတွေကို တစ်လွဲအသုံးပြုချင်ကြတယ်။ မိန်းမဟာလည်း သူရတဲ့ အခွင့်ထူးကို တစ်လွဲ အသုံးပြုရင် ဘယ့်နှယ်လုပ်မလဲ။ မိန်းမတစ်ယောက်ဟာ ခြွင်းချက်မရှိ ပျော်ရွှင် နေမှ၊ ဒါမှမဟုတ်ရင်လည်း အရိယာသူတော်စင်ဖြစ်မှသာလျှင် သူရတဲ့ အခွင့် ထူးတစ်ခုကို အလွဲသုံးစားမလုပ်မိအောင် ချုပ်တည်းနိုင်ပေလိမ့်မယ်။

မိသားစုအုပ်ချုပ်မှုထက် နိုင်ငံတော်အုပ်ချုပ်မှုကို မိန်းမတွေ လက် ထဲကို လွှဲပေးဖို့ကောင်းတယ်လို့ မွန်တက်စကျူးက ပြောခဲ့တာဟာ မှန်တယ် လို့ထင်တယ်။ အခွင့်အရေးရရင် မိန်းမဟာလည်း ယောကျ်ားလိုပဲ ဆင်ခြင်တုံ တရားရှိပါတယ်။ လုပ်နိုင်စွမ်းရှိပါတယ်။ ဒြပ်မဲ့တွေးခေါ်မှုမှာ၊ စီမံကိန်းချလုပ် တဲ့လုပ်ငန်းတွေမှာ မိန်းမဟာသာပြီးတောင်ထက်မြက်ပါသေးတယ်။ ဒါပေမယ့် မိန်းမမှာ ခက်နေတာက သူ့ရဲ့ မိန်းမအတိတ်က ရန်းထွက်ဖို့ ခက်တဲ့ကိစ္စပဲ။ စိတ်ဓာတ်ဆိုင်ရာ ဟန်ချက်ညီမှုကိုရအောင်လုပ်ဖို့ အခွင့်အရေးမရတဲ့ ကိစ္စပဲ။ ယောကျ်ားကတော့ အိမ်မှာထက် အလုပ်ထဲမှာ ပို ဟန်ချက်ညီပြီး ပိုပြီး ဆင်ခြင် တုံတရားရှိတယ်။ လုပ်ငန်းမှာ သူ့တွက်ချက်မှုတွေ ကို သင်္ချာတိကျမှုနဲ့ တွက် ချက်တယ်။ ဒါပေမယ့် အိမ်မှာ သူ့ဇနီး၊ သူ့သားသမီးနဲ့ ဆက်ဆံတဲ့အခါမှာ တော့ သူဟာ ယုတ္တိဗေဒ ကင်းတယ်။ လိမ်ညာတယ်။ စိတ်အပြောင်းအလဲ မြန်တယ်။ အိမ်မှာ မိန်းမကို အနိုင်ကျင့်တယ်။ အလားတူပဲ မိန်းမကလည်း ကလေးတွေအပေါ်မှာ အနိုင်ကျင့်တယ်။ ဒါပေမယ့် မိန်းမရဲ့ ကလေးတွေအပေါ် အနိုင်ကျင့်မှုက ပိုပြီးအန္တရာယ်များတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ယောကျ်ား ရဲ့ အနိုင်ကျင့်တာကို ကာကွယ်ပေးနိုင်ပေမယ့် သူ့ကလေးတွေကျတော့ သူ့အ နိုင်ကျင့်တာကို မကာကွယ်နိုင်ကြဘူးလေ။ အမေက ညာတာထောက်ထား တတ်ပြီး ကြင်နာတတ်တဲ့ မိန်းမဖြစ်ရင်တော့ ကလေးအဖို့ မထောင်းတာလှပေ ဘူးပေါ့။

ကလေးဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုပါ။ ဒါမှမဟုတ် ဟန်ချက် ညီတဲ့ မိသားစုမှာ ရတနာတစ်ပါးလို အရိပ်တကြည့်ကြည့်နဲ့ ပြုစုယုယခံရသည့် တိုင် အမေ့ရဲ့ မိုးကုပ်စက်ဝိုင်း တစ်ခုလုံးကို အပိုင်ရတာ မဟုတ်ဘူး။ (အမေ့ရဲ့ ပြုစုယုယမှုကို အပြည့်ရတာ မဟုတ်ဘူး။) ကလေးဟာ အမေကို သူမရဲ့ စကြ ဝဠာထဲက အပြီးအပိုင် ဆွဲထုတ်ယူနိုင်တာ မဟုတ်ဘူး။ အမေဟာ ကလေးရဲ့ ခန္ဓာကိုယ်ကို စောင့်ရှောက်မယ်၊ ကလေးကို အာဟာရတိုက်ကျွေးမယ်၊ ကလေး ကို ပြုစုမယ်။ ဒါပေမယ့် အမေဟာ လွတ်လပ်တဲ့ လူသားတစ်ဦးအဖြစ် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဖန်တီးနိုင်တဲ့ အခြေအနေထက် သာလွန်ပြီးကောင်းအောင် ဖန်တီးပေးနိုင်တာမဟုတ်ဘူး။ ကလေးငယ်ရဲ့ အနာဂတ်ကို ပုံသွင်းပေးသည့်တိုင် ကာလနဲ့ဒေသအားဖြင့် ပြောရရင် အမေဟာ ကိုယ်စားလုပ်ပေးနိုင်တာမျိုးသာ ဖြစ်တယ်။ ဒါကြောင့် အမေကိုယ်တိုင်ဟာလည်း ကလေးကို ပုံသွင်းပေးရာမှာ အခြေအနေတွေပေါ်မှာ မှီခိုနေရတယ်။ ကလေး အမေ့ကျေးဇူးကို မသိတတ်တာ၊ အမေ ပြောတဲ့စကားတွေကို နားမထောင်တာ စသည်တို့ကြောင့် အမေရဲ့ မျှော်လင့်ချက်တွေဟာ ပြိုကွဲခဲ့ရပြန်တယ်။

ဘဝမှာ ထပ်ပြန်တလဲလဲ လုပ်နေရတာ အသစ်အဆန်းတီထွင်ဖန်တီးတဲ့ အခွင့်ကို မရခဲ့တာတို့ကြောင့် မိန်းမဟာ သိမ်ငယ်စိတ် ဝင်ခဲ့ရတယ်ဆိုတာကို တစ်နေရာမှာ ပြောခဲ့ပြီးပြီ။ ဒီအထဲမှာ ကြီးပြင်း လူလားမြောက်လာလို့ အိမ်ထောင်ရက်သားကျ၊ ပဋိသန္ဓေကို ဆောင်လာရတဲ့အတွက် မိန်းမမှာ ကန့်သတ်ချက်တွေ များလာပြန်တယ်။ ဒီနေ့ခေတ်ကျတော့ မိန်းမဟာ အခြားသော သူများ လုပ်တဲ့အလုပ်တွေထဲမှာ ပါဝင်ဆောင်ရွက်လာချင်တာ၊ ရည်မှန်းချက်အသစ်တွေ၊ အောင်မြင်မှုအသစ်တွေ ရှာချင်လာတာ စတဲ့ မျှော်မှန်းချက်တွေ ပေါ်လာခဲ့ကြတယ်။ ဘဝဟာ အဓိပ္ပာယ်မရှိရင် အဲ ဘဝတစ်ခုကို နောက်ထပ်မွေးထုတ်ဖို့ ဆုတ်ဆိုင်းဆိုင်း ဖြစ်လာခဲ့တယ်။ ခေတ်ကာလအလျောက်ရှိတဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုဘဝတို့မှာ ပါဝင်လုပ်ရှားဖို့ ကြိုးစားခြင်းမရှိရင် သူဟာမိခင်တစ်ယောက် မဖြစ်နိုင်ဘူး။ ကလေးတစ်ယောက်ကို မွေးမြူရတာဟာ ကျွန်တစ်ယောက်ကို မွေးရတာမျိုး၊ စက်ရုပ်တစ်ခုကို ဆင်ရတာမျိုး၊ သားကောင်တစ်ကောင်ကို မွေးရတာမျိုးနဲ့ မတူဘူး။ ကလေးတွေကို အသင်းအပင်းက စောင့်ရှောက်၊ အမေကလည်း ပြုစုစောင့်ရှောက်တဲ့ အတော်အတန်စနစ်တကျ ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်နေရတဲ့ အမျိုးသမီးတွေအတွက် ကိုယ်ဝန်ဆောင်ခြင်းဟာ မလွယ်ကူဘူးလို့ မထင်လိုက်ပါနဲ့၊ ကောက်စိုက်မ ဖြစ်စေ၊ ဓာတုဗေဒ ကျွမ်းကျင်သူဖြစ်စေ၊ စာရေးဆရာမ ဖြစ်စေ၊ အလုပ်လုပ်နေတဲ့ အမျိုးသမီးများဟာ ပိုတောင် ကိုယ်ဝန်ရလွယ်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သူတို့ကိုယ်သူတို့ သိပ်ပြီးအရေးမထားနိုင်လို့ ဖြစ်ပါတယ်။ ဘဝအတွေ့ အကြုံကြွယ်ဝတဲ့ မိန်းမများဟာ မိမိတို့ရဲ့ သားသမီးများကို အများဆုံးပေးပြီး သားသမီးတွေဆီက နည်းနည်းပဲ တောင်းဆိုတတ်ကြပါတယ်။ ရုန်းကန်ရင်း၊ ကြိုးစားရင်း လူ့ရဲ့တန်ဖိုးကို နားလည်သဘောပေါက်လာတဲ့ မိန်းမများဟာ သားသမီးကို ကောင်းစွာမွေးမြူတတ်သူများ ဖြစ်လာတတ်ကြပါတယ်။ ဒီနေ့ခေတ်မှာ ဖြစ်နေသလို မိန်းမဟာ သူ့သားသမီး





များရဲ့ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်ဖို့ ဝတ္တရားပျက်ကွက်ခဲ့တယ်ဆိုရင် ဒါဟာ တခြားကြောင့် မဟုတ်ပါဘူး။ အလုပ်အကိုင်ကြောင့် အိမ်မှာနေရတယ်လို့ မရှိဘဲ နာရီပေါင်းများစွာ အပြင်ထွက် အလုပ်လုပ်နေရလို့ အိမ်ရဲ့ပြင်ပမှာ မိမိရဲ့ခွန်အားများကို အသုံးချခဲ့ရလို့သာ ဖြစ်ပါတယ်။ မိန်းမတွေရဲ့ အလုပ်လုပ်ရခြင်းဟာ ဒီနေ့ခေတ်မှာ ကျွန်စံနစ်တစ်မျိုးလို ဆက်လက်တည်ရှိနေသေးတဲ့ အတွက်ကြောင့် ဒီလိုဖြစ်နေရတာပါ။ ဒီအထဲမှာ အိမ်ရဲ့ပြင်ပမှာ ကလေးတွေကို စောင့်ရှောက်ပေးတဲ့စနစ်၊ ပညာသင်ပေးတဲ့စနစ်၊ ထိန်းသိမ်းပေးတဲ့ စနစ်ကလဲ သိပ်မကောင်းသေးတော့ ဒီအတိုင်းပဲ ဖြစ်နေပါသေးတယ်။ ဒါဟာ လူ့အဖွဲ့အစည်းအနေနဲ့ တာဝန်မကျေရာ လျစ်လျူပြုရာရောက်လုပါတယ်။

လင်နဲ့မယားတို့ရဲ့ ဆက်ဆံရေး၊ အိမ်ထောင်ထိန်းသိမ်းရေးကိစ္စ၊ မိခင်ဘဝ စသည်တို့ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေကြတဲ့ ကိစ္စတွေဖြစ်ပြီး မိန်းမတစ်ယောက်ရဲ့ ဘဝအစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ မိန်းမဟာ လင်ယောကျာ်းနဲ့ ချစ်ခင်စုံမက်စွာ ပေါင်းစည်းမိတယ်ဆိုရင် အိမ်ထောင်ထိန်းသိမ်းရေးလုပ်ငန်း တာဝန်ကြီးကိုလည်း အလွယ်တကူနဲ့ ထမ်းရွက်နိုင်ပါတယ်။ ကလေးတွေနဲ့လည်း ကြည်သာရွှင်ပျစွာ နေနိုင်ပါတယ်။ ယောကျာ်းပေါ်မှာ လည်း သည်းခံနိုင်ပါတယ်။ ဒါပေမယ့် ဒီလို ပေါင်းစည်းညီညွတ်မှုမျိုးဟာ ရဖို့တော့ ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမလုပ်ဆောင်ရတဲ့ တာဝန် များဟာ တစ်ခုနဲ့တစ်ခု ညှိလို့မရလို့ ဖြစ်ပါတယ်။

အမျိုးသမီး မဂ္ဂဇင်းတွေမှာ အကြံဉာဏ ပါလေ့ရှိတဲ့ အကြံပေးချက်တွေ ရှိပါတယ်။ အဲဒါတွေကတော့ အိမ်ရှင်မဟာ အိမ်ထောင်မှုကိစ္စတွေကို လုပ်နေတုန်းမှာ လင်ယောကျာ်းဆွဲဆောင်မှုရှိအောင် ဘယ်လိုနေရမယ်။ ညစ်ညစ်ပတ်ပတ်နဲ့ ပန်းကန်တွေ ဆေးနေတုန်းမှာ ဗိုက်ကြီးသည်ကြီးလို ကပျစ်ကညစ် မဟုတ်ပဲ ဘယ်လိုသပ်သပ်ရပ်ရပ် လှလှပပဝတ်စားနေရမယ် ဆိုတဲ့ အကြံဉာဏ်တွေကို အကြံဉာဏတွေရတတ်ပါတယ်။ ဒါပေမယ့် အဲဒီအကြံပေးချက်နဲ့အညီ ဘယ်လိုပဲနေနေ မိန်းမဟာ အိမ်မှုကိစ္စတွေနဲ့ ချည်းပဲ နပန်းလုံးနေရလေတော့ ဒါတွေကို အစဉ်အမြဲ မလိုက်နာနိုင်တော့ပဲ ပုံပျက်ပန်းပျက်ဖြစ်လာတော့တာပါပဲ။ မီးဖိုထဲက ကပျစ်ကညစ် ကသီကရီလုပ်ရ၊ ကိုယ်ဝန်ကြောင့် ပုံပျက်ပန်းပျက် ဖြစ်ရဆိုတာမျိုးတွေ ဖြစ်နေ တော့ ကြော့နေအောင် ကိုကိုတို့ သဘောကျအောင် လှလှပပကလေး အမြဲနေဖို့ ဆိုတာ တော်တော် ခက်ပါတယ်။ ဒါကြောင့်မို့ ယောကျာ်းနဲ့ပလူးပလဲ နေချင်တဲ့ မိန်းမများဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဆွဲဆောင်မှုကို ဖျက်ဆီးပစ်တဲ့ ယောကျ်ားရဲ့ ယုယမှုကို ဝင်ရောက်ဖျက်ဆီးပစ်တဲ့ သားသမီးတွေအပေါ်မှာ စိတ်ကွက်နေခြင်း ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ မိခင်စိတ် သိပ်အားကြီးတဲ့ မိန်းမဆိုရင်လည်း ယောကျ်ားက သားသမီးတွေကို တစ်ဦးတည်းပိုင် သဘောမျိုးလုပ်ထားတာ မျိုးကို မနာလိုဝန်တို ဖြစ်တတ်ပါတယ်။

အိမ်ထောင်ထိန်းသိမ်းရေးကိစ္စအကြောင်းကို ပြောရဦးမယ်။ အိမ်ထောင်ထိန်းသိမ်းတာ အလွန်ကောင်းသွားရင်လည်း လူ့ဘဝရဲ့ လှုပ်ရှားမှုတွေနဲ့ ကင်းဝေးသွားတတ်ပါတယ်။ ဥပမာအားဖြင့် ကိုယ်ကကြမ်းကို ပြောင်ချောနေအောင် ဖယောင်းတိုက်ထားတယ်။ ဒီအခါမှာ ကလေးကို ကိုယ်ဖယောင်းတိုက်ထားတဲ့ ကြမ်းပြင်ရဲ့ ရန်သူလို့ မြင်တော့တာပါပဲ။ အိမ်ကို လှပသန့်ရှင်းနေအောင် ပြင်ဆင်ထားတဲ့အိမ်မျိုးမှာ ကလေးတွေက ဆော့ကြ၊ ကစားကြတော့ ညစ်ပတ်ကုန်ရော။ ဒီအခါမှာ စိတ်ဆိုးဆိုးနဲ့ အော်မိတယ်။ မြည်တွန်တောက်တီးသံတွေထဲမှာ ပျောက်သွားတတ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တစ်နေကုန်နေရတဲ့ မိန်းမဟာ ကြာလာတဲ့အခါကျတော့ အာရုံကြောအားနည်းလာတာ၊ ဘယ်သူနဲ့မှ အဆင်မပြေဘဲ အဆာကျယ်တဲ့ မိန်းမဖြစ်လာတာတွေ ရှိတတ်ပါတယ်။ အမြဲတမ်း ကိုယ့်ဘက်ကချည်းအရှုံး ပေါ်နေပြီး ကိုယ်က အနိုင်ရတဲ့အခါမှာလည်း ကိုယ်ရတဲ့ အနိုင်ဟာ နိုင်ရှုံးကြီး ဖြစ်နေတတ်ပါတယ်။ အဲဒီအခါမှာ ကိုယ့်အိမ်မှုကိစ္စတွေ အားလုံးကိုလည်း ငြီးငွေ့၊ ကိုယ့်ကိုယ်ကိုလည်း ငြီးငွေ့ လာတာမျိုးတွေ ဖြစ်တတ်ပါတယ်။ အိမ်ထဲမှာချည်းပဲ တံခါးပိတ်နေရင် မိန်းမဟာ သူ့ရဲ့ဖြစ်တည်မှု၊ တည်ရှိမှုကို ထူထောင်ခြင်း မပြုနိုင်ပါဘူး။ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ကိုယ့်ကို အတည်ပြုဖို့ ထူထောင်ဖို့ နည်းလမ်းတွေ နည်းပါးသွားတော့တာပါပဲ။ တော်လ်စတွိုင်ရဲ့ စစ်နှင့်ငြိမ်းချမ်းရေးထဲက နာတာရှာလို ကိုယ့်ကို မိသားစုဘဝထဲမှာလုံးဝမြုပ်နှံထားလိုက်တယ်။ လင်ယောကျ်ားအပေါ်မှာလည်း နိုင်လိုမင်းထက်လို့ ပြောရလောက်အောင် အလွန်အမင်းဂရုစိုက်ပြီး ကွပ်ညှပ်တယ်ဆိုတဲ့ မိန်းမမျိုးမဟုတ်ခဲ့ရင် ခေတ်သစ်မိန်းမဟာ အိမ်ထောင်ရေးကိစ္စတွေ၊ သားသမီးရေးကိစ္စတွေကတစ်ဖက် ကိုယ့်ရဲ့အတ္တတို့၊ မာနတို့က တစ်ဖက်နဲ့ အဲဒီ ပဋိပက္ခတွေကြားထဲမှာ နစ်မြုပ်သွားပြီး သာမန် မိန်းမတစ်ယောက်ပဲဖြစ်သွားတော့မှာပါပဲ။ နာတာရှာကတော့ အိမ်ရှင်မ၊ ဇနီးမယား၊ သားကောင်းမိခင်ဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ပြည့်သူဖြစ်တယ်။ ဒါပေမယ့် ဒီလိုဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံတာဟာ တမင်ကြိုးစားလို့၊ အားထုတ်လို့ ဖြစ်လာတာ မဟုတ်ဘူး။ မိသားစု၊ လင်ယောကျ်ားနဲ့ အိုးအိမ်ကို





ထိန်းသိမ်းစောင့်ရှောက်ရာမှာ သူ့ကိုယ်သူ မေ့သွားပြီး သူ့အတ္တပျောက်သွားလို့ ဖြစ်တာ။ ဒါပေမယ့် ခေတ်သစ် အနောက်တိုင်းသူကတော့ ပြောင်းပြန်ပဲ။ သူကတော့ သူ့မှာ အဲဒီ ဂုဏ်ပုဒ်တွေ ရှိစေချင်လို့ လုပ်တာမျိုး ဖြစ်နေတယ်။ ဒီနည်းအားဖြင့် ပင်ပန်း ငြီးငွေ့စရာကောင်းတဲ့ လူမှုဘဝမှာ သူ့ကိုယ်သူ ဖြေသိမ့်ရာကို ရှာနေခြင်းသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမနှင့် အဝတ်အစား

မိသားစုဟာ ပိတ်ဆို့ထားတဲ့ အစုအဝေးတစ်ခု မဟုတ်ဘူး။ အထဲ တည်းရှိတယ်လို့ ထင်ရပေမယ့် အခြားသော လူမှုအစုများနှင့် ဆက်စပ်နေ တယ်။ အိမ်ဟာလည်း မောင်နှံစုံ နှစ်ဦးတည်း တံခါးပိတ်နေတဲ့ အတွင်းခန်း ဟုတ်ဘူး။ အိမ်ဟာ အဲဒီမောင်နှံတို့ရဲ့ စီးပွားရေးအခြေအနေကို ဖော်ပြရာ အဲဒီမောင်နှံတို့ရဲ့ အကျင့်စရိုက်တို့ကို ဖော်ပြရာ နေရာဖြစ်တယ်။ ဒါကြောင့် အိမ်ဟာ အခြားသူများရဲ့ အမြင်မှာ ရှုချင်စဖွယ်ရှိဖို့လိုတယ်။ အဲဒီလူမှုဘဝ စီစဉ်ညွှန်ကြားဖို့ကတော့ မိန်းမရဲ့တာဝန်သာ ဖြစ်တယ်။ ယောကျ်ားကတော့ အလုပ်တာဝန်ခွဲဝေမှုကို အခြေခံတဲ့ခိုင်မာမှုကြောင့် ထုတ်လုပ်သူ ဖြစ်လာ တယ်။ မောင်နှံတို့ဟာ သူတို့ရဲ့ မိသားစုအရ အတန်းအစားအရ၊ အဝန်းအဝိုင်း အရ လူမှုအစုတစ်စု ဖြစ်ပြီး သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ခုမှာ အစုတစ်ခု အနေနဲ့ ပါဝင်နေတယ်။ ဒီအထဲမှာ မိန်းမရဲ့ ဆက်သွယ်မှုဟာ သန့်ရှင်းတယ်။ အဲဒီ လူ့အဖွဲ့အစည်းကို မိန်းမပါဝင်ဆက်သွယ်နေပုံဟာ သန့်ရှင်းတယ်။ ယောကျ်ားကတော့ အပြင်ဘက် အလုပ်အကိုင်နဲ့ ပတ်သက်ပြီး ပေါင်းသင်း ဆက်ဆံနေရတာတွေရှိတော့ သူနဲ့လူ့အဖွဲ့အစည်းရဲ့ ဆက်ဆံရေးဟာ ရှုပ်ထွေး တယ်။ အပြင်လောကဟာ သူ့ရဲ့ လူမှုအဆင့်နဲ့ ကွာချင်ရင်လည်းကွာနေတတ် တယ်။ မိန်းမကတော့ အပြင်အလုပ်ရယ်လို့ သိပ်မရှိတဲ့အတွက် အပြင်နဲ့ ဆက်ဆံစရာလည်း မလိုဘူး။ မိမိနဲ့တန်းတူရည်တူရှိတဲ့ လူချင်းကိုပဲ ပေါင်းနိုင် တယ်။ ပြီးတော့ သူ့မှာ အိမ်ထောင်ထိန်းသိမ်းချိန်ရတယ်။ အလည်အပတ် သွားချိန်ရတယ်။ မိတ်ဆွေသူငယ်ချင်းအိမ်၊ အိမ်နီးချင်းအိမ်တွေကို သွားလည်





ခွင့်ရှိတယ်။ ဒီလို သွားလာလည်ပတ်တာမျိုးဟာ လက်တွေ့အကျိုးကျေးဇူးရယ် လို့ ဘာမှာ သိပ်မရှိလှပေမယ့် အရေးကြီးတယ်။ လိုအပ်တယ်။ အဲဒီ အသိုင်း အဝန်းမှာ မိန်းမဟာ သူ့ကိုယ်သူ အများဂရုစိုက်အောင်လုပ်နိုင်တဲ့ အခွင့်အရေး ရသွားတယ်။ အိမ်မှာ လင်ယောကျ်ားနဲ့ သားသမီးများက တွေ့နေမြင်နေကျ ဖြစ်လို့ သူ့အလှ၊ သူ့အဆင်အပြင်၊ သူ့ဝတ်စားဟန်ကို သတိမပြုမိကြပေမယ့် သူအလည်သွားတဲ့ အိမ်ရှင်များကတော့ သတိပြုမိကြတယ်။ ဒီလို သွားရောက် လည်ပတ်ခြင်းဖြင့် အလည်သွားသူ အမျိုးသမီးမှာလည်း သူ့အဆင်အပြင်ကို ဂရုစိုက်ကြတဲ့အတွက် ဝမ်းသာကြည်နူးခြင်း ဖြစ်ရတယ်။ ဧည့်ခံတဲ့အိမ်ရှင် မိန်းမမှာလည်း သူ့အိမ်ပြင်ဆင်ထားပုံကို ပြသခွင့်ရလို့ ဝမ်းသာကြည်နူးခြင်း ဖြစ်ရတယ်။ တကယ်တော့ မိန်းမရဲ့ လူမှုရေးတာဝန်ဟာ သူ့ကိုယ်သူရော သူ့အိမ်ကိုရော လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်အောင် လုပ်ဖို့ပဲ မဟုတ်လား။

ပထမအချက်အားဖြင့် မိန်းမဟာ သူ့နဲ့ပတ်သက်တဲ့ နေရာတိုင်းမှာ လှပတင့်တယ် ရှုချင်စဖွယ်ကောင်းအောင် လုပ်ရမယ်။ အိမ်မှာ ကိုယ့်အလုပ်ကို တကုပ်ကုပ်လုပ်နေတုန်းကတော့ မိန်းမဟာ 'အဝတ်' ဝတ်ထားတယ်။ ဒါပေ မယ့် အပြင်ကို ထွက်တဲ့အခါမှာတော့ 'ဝတ်စားဆင်ယင်' ထားတယ်။ မိန်းမတွေ ရဲ့ ပွဲသွားပွဲလာ ဝတ်စားဆင်ယင်မှုမှာ လုပ်ငန်းတာဝန် နှစ်ခုရှိပါတယ်။ တစ်ခု က အဲဒီမိန်းမရဲ့ လူနေမှုအဆင့်အတန်းကို ထုတ်ဖော်ပြသဖို့။ ( လူနေမှုအဆင့် အတန်းလို့ဆိုတဲ့ အထဲမှာ သူ့ရဲ့ နေထိုင်မှုအဆင့်အတန်း၊ ဝင်ငွေနဲ့ သူကျင် လည်တဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့ပါ ပါတယ်။ ) နောက်တစ်ခုကတော့ မိန်းမတို့ရဲ့ ကိုယ်ကိုယ်ကိုယ် လှချင်တဲ့ သဘာဝကို ဖော်ပြဖို့ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိန်းမတစ်ယောက်ရဲ့ အဝတ်အစားဟာ ကိုယ့်အဆင့် အတန်းကိုပြတဲ့ ယူနီဖောင်း ဝတ်စုံတစ်မျိုးလည်း ဖြစ်တယ်။ နောက်တစ်ခုက တော့ အဆင်အပြင် အယင်တစ်ခုလည်း ဖြစ်ပါတယ်။

ဆိုပါတော့။ ဘာအလုပ်ကိုမှ လုပ်မနေတဲ့ မိန်းမတစ်ယောက်ဟာ သူ့ပင်ကိုမူလ၊ သူ့အရှိကို ဖော်ပြနေတယ်လို့ ထင်တတ်တယ်။ သူမဟာ အိမ် အလုပ်ကို လုပ်ခြင်းဖြင့် အိမ်ကိုလှပစေသလို၊ အိမ်ကို သူပိုင်ဆိုင်ပစ္စည်းအဖြစ် မိုးမိုးသလို သူ့ကိုယ်သူ အလှပြင်ခြင်း၊ ထိန်းသိမ်းခြင်းဖြင့် သူ့ကိုယ်သူ ပြန်စိုး မိုးနေတယ်လို့ သူ့ဘာသာသူ ထင်တတ်တယ်။ တစ်နည်းပြောရရင်တော့ သူ့ရဲ့ အတ္တက သူ့ကိုပြန်ပြီး စေခိုင်းတာပါပဲ။ လူမှုထုံးစံတွေက ရှိလာတဲ့အခါကျတော့ မိန်းမဟာ သူ့ဆင်းပြင်သဏ္ဍာန်နဲ့ သူ့ရဲ့ မိန်းမဇာတိ၊ သူ့ရဲ့ဖြစ်တည်မှုကို ထူ ထောင်လိုက်တာပါပဲ။ ယောကျ်ားတွေ ဝတ်စားတာကတော့ ဒီလို ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မျိုး မရှိဘူး။ ယောကျ်ားတွေ ဝတ်တဲ့စားတဲ့ ရည်ရွယ်ချက်က အများက သူ့ကို ဝင်စားလာအောင် လုပ်ဖို့မဟုတ်ဘူး။ လှအောင်ဝတ်တာလည်း မဟုတ်ဘူး။ သူများထက်သာကြောင်းကို ပြချင်လို့ဝတ်တာ။ ယောကျ်ားဟာ သူ့ကို လူတကာက ချောပါပေ့ လှပါပေ့လို့ ဝိုင်းကြည့်ခံချင်တာမျိုး မရှိဘူး။ သူများထက်သာပါပေ့၊ ကျော်ပါပေ့လို့ ဝိုင်းအကြည့်ခံချင်တာမျိုး။ ရှင်းအောင်ထပ် ပြီးပြောရရင် မိန်းမရဲ့ ရုပ်အဆင်းသဏ္ဍာန်ဟာ သူ့အတ္တရဲ့ ရောင်ပြန်ဟပ်ချက်များဖြစ်တယ်။ ယောကျ်ားရဲ့ ရုပ်ဆင်းသဏ္ဍာန်ကတော့ သူ့အတ္တရဲ့ ရောင်ပြန်ဟပ်ချက် မဟုတ်ဘူး။ ရှိသေးတယ်။ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ကလည်း မိန်းမရဲ့ ရုပ်ဆင်းသဏ္ဍာန်ဟာ စွဲမက်ဖွယ်ကောင်းရမယ်လို့ ယူဆထားတယ်။ ဖက်ရှင်အဝတ်အစား အသစ်တွေပေါ်တာဟာ တခြားကြောင့်မဟုတ်ဘူး။ မိန်းမဟာ မလွတ်လပ်ဘူး။ သူများကို မှီခိုနေရတယ်။ သူများရဲ့အလိုကို ကြည့်နေရတယ်။ ယောကျ်ားသားတွေရဲ့ လိုအင်ဆန္ဒကို လိုက်ပါနေရတယ်ဆိုတာကို ပြသတဲ့ အမှတ်လက္ခဏာဖြစ်တယ်။ လူ့အဖွဲ့အစည်းနဲ့ ပတ်ဝန်းကျင်ဟာ မိန်းမတွေရဲ့ လွတ်လပ်ခွင့်ကို အားပေးနေတာ မဟုတ်ဘူး။ မိန်းမတွေရဲ့ လွတ်လပ်ခွင့်ကို ကျဉ်းမြောင်းအောင် လုပ်ပေးနေတာနဲ့ အတူတူပဲ။ စကတ်ဟာ ဘောင်းဘီထက် သက်သောင့်သက်သာ မဖြစ်ဘူး။ ခုံမြင့်ဖိနပ်ဟာ လမ်းလျှောက်ရာမှာ အတားအဆီးဖြစ်စေတယ်။ ဝတ်ရုံကြီးတွေ၊ ပွဲတက်ဖိနပ်တွေ ဝတ်ဆင်ရတာဟာလည်း တကယ်တော့ တော်တော်အနှောင့်အယှက်ဖြစ်တယ်။ အလှဆုံး၊ အကောင်းဆုံးဆိုတဲ့ ဦးထုပ်တွေ ဖိနပ်တွေဆိုတာကလည်း ဘာမှ ခိုင်တာမဟုတ်ဘူး။

ဒါပေမယ့် ဘာဖြစ်လို့ ဒါတွေကို ဝတ်ဆင်နေကြသလဲ။ အဖြေက လှချင်လို့ပေါ့။ ဒါကြောင့်မို့ မိန်းကလေးတွေဟာ အဝတ်အစား အသစ်အဆန်းတွေ ဖက်ရှင် ဒီဇိုင်းအသစ်တွေကို တစ်မျိုးပြီးတစ်မျိုး အလဲအလှယ်လုပ် ဝတ်ဆင်နေကြတာပေါ့။ အဲဒီဆန္ဒဟာ ကလေးတုန်းကတည်းက ရှိခဲ့တာ။ နည်းနည်းအရွယ် ကလေးကြီးလာတဲ့အခါကျတော့ ဒါတွေကို သိပ်ဂရုမစိုက်တော့ဘူး။ သူ့စိတ်ထဲမှာ ငယ်ငယ်တုန်းက ရှိခဲ့တဲ့ မှီခိုမှုကို ဖယ်ရှားပစ်ချင်လာပြီ။ တွန်းလှန်ဖီဆန်ချင်လာပြီ။ ဒါပေမယ့် အပျိုဖော်ဝင်လာတဲ့အခါကျတော့ အဲဒီ ပုန်ကန်ချင်တဲ့စိတ်ဟာ ပျောက်သွားပြီး ငယ်ငယ်တုန်းကလို ပြန်လှချင်လာတယ်။ စွဲမက်စရာ ဖြစ်စေချင်လာတယ်။

မိန်းမဟာ မိမိကိုယ်ကို မိမိ ပြင်ဆင်ခြယ်သခြင်းဖြင့် သဘာဝကြီးဆီကို ပြန်ရောက်လာတယ်။ တစ်ပြိုင်တည်းမှာပဲ သဘာဝကြီးဆီကိုလည်း အတုအယောင် အဆင်အပြင်တွေ ပြန်ယူလာခဲ့တယ်။ ယောကျ်ားတွေအတွက် သူဟာ





န်းတစ်ပွင့်ဖြစ်လာတယ်။ ရတနာတစ်ပါး၊ ပန်းတစ်ပွင့် ဖြစ်လာတယ် မိန်းမဟာ ယောကျ်ားအပေါ်မှာ မေတ္တာရေစင် မဖျန်းခင် သိုးမွှေးရဲ့ နွေးထွေးနူးညံ့မှုကို ပေးခင်မှာ အဲဒီအရာတွေကို သူ့ကိုယ်တိုင်အတွက် ပထမယူတယ်။ သူနဲ့ သူ့မာယာပရိယာယ်၊ သူနဲ့ သူ့မှီအုံး၊ သူ့ပန်းကုံးတွေဟာ သူ့ဘာရိကိတ်တွေ၊ သူ့ပုလဲသွယ်တွေ၊ သူ့အလှအပ ပစ္စည်းတွေလောက် သူနဲ့မရင်းနှီးဘဲ ဖြစ်နေတယ်။

အထက်တစ်နေရာမှာပြောခဲ့သလို မိန်းမရဲ့ အလှပြင်ပစ္စည်းအသုံးအဆောင်ဟာ အဆင်အယင်၊ အမွှမ်းအမံမျှသာ မကဘူး။ အဲဒီအရာတွေဟာ မိန်းမတစ်ယောက်ရဲ့ လူမှုအခြေအနေကိုလည်း ဖော်ပြနေတယ်။ သိပ်ပြီး လွန်လွန်ကျူးကျူး ပြင်ဆင်ထားပြန်ကောလည်း တစ်မျိုး ဖြစ်သွားတတ်တယ်။ ရှင်းရှင်းပြောရရင် မိမိကိုယ်ကို မိမိ တဏှာရာဂရဲ့ သားကောင်အဖြစ် ရောင်းချတဲ့ ပြည့်တန်ဆာများသာလျှင် အလွန်အကျွံပြင် ဆင်လေ့ရှိကြပါတယ်။ သူတို့ကျတော့ ဘာလုပ်မလဲ။ ဆံပင်ကို ကုံကမံရောင်ဆိုးမယ်။ ပန်းပွင့်တွေရိုက်ထားတဲ့ ဝတ်ရုံကို ခြုံမယ်။ ဒေါက်မြင့်ဖိနပ်ကြီးကို စီးမယ်။ အောက်မှာပြောင်လက်နေတဲ့ ဝတ်စုံကို ဝတ်မယ်။ မိတ်ကပ်ကို ထူထူပြိန်းပြိန်းကြီး လိမ်းမယ်။ ဒီနေ့ အသုံးများနေတဲ့ အလွန်အနံ့ပြင်းတဲ့ ရေမွှေးကို သုံးမယ်။ ဒါတွေဟာ သူ့သက်မွေးဝမ်းကျောင်းကို ကြေညာနေတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒီတော့ ယဉ်ကျေးတဲ့ မိန်းမတစ်ယောက်ဆိုတာ အဝတ်အစားမှာ လော်လီခြင်းမရှိပါဘူး။ ဣန္ဒြေရရ ဝတ်ဆင်လေ့ရှိပါတယ်။ ယောကျ်ားတွေ သဘောကျအောင်၊ စွဲမက်ချင်စရာကောင်းအောင် အလွန်အကျွံ ပြင်ဆင်ထားတဲ့ မိန်းမဟာ တကယ်တော့ အောက်တန်းကျတဲ့ မိန်းမမျိုးသာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုပြောလိုက်လို့ ဝတ်ကြောင်းကို လွတ်အောင် ရှန်းမယ့်သူလို ရိုးတာကြီးဝတ်စားရမယ်လို့လည်း ဆိုလိုပါဘူး။ ဒီလို ပစ်စလက်ခတ် ဝတ်ပြန်ရင်လည်း ယောကျ်ားတွေက ဝတ်ကြောင်းကို လွတ်အောင် ရှန်းမယ့်သူလိုလို၊ ယောကျ်ားရှာလိုလို၊ ဒါမှမဟုတ် ထင်ပေါ်အောင် တမင်လုပ်တဲ့ ခပ်ကြောင်ကြောင်မိန်းမလိုလို ထင်သွားကြမှာပေါ့။ ယောကျ်ားတွေ သဘောကျအောင် မလုပ်ဘူးလို့ ငြင်းပယ်ခြင်းဟာ လူ့အဖွဲ့အစည်းနဲ့ လောကကြီးကို အာခံရာရောက်သွားမှာပေါ့။ ဒီတော့ ကြောင်တောင်တောင် မဖြစ်စေချင်ရင် မိန်းမဆန်အောင်နေပေါ့။ အတင့်ရဲလွန်းခြင်းနဲ့ ရှက်တတ်ခြင်းကြားမှာ အလယ်အလတ်ကျကျ နေတတ်ထိုင်တတ်ဖို့ အစဉ်အလာ ထုံးစံတွေက သင်ကြားထား တာတွေ ရှိပါတယ်။ တစ်ခါတလေမှာ အမျိုးကောင်းသမီးတို့မည်သည် ရင်ကို လုံအောင်ဖုံးရာ၏။ တစ်ခါတစ်ရံတွင်



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးကို လုံအောင်ဖုံးရာ၏။ တစ်ခါတစ်ရံတွင် မိမိ၏ နှစ်သက်စဖွယ်၊ ချစ်စဖွယ် အပြုအမူတို့ကို သိအောင်ပြုရာ၏ စသည်ဖြင့် မိန်းမသဘာဝတွေ ရှိပါတယ်။ အိမ်ထောင်ရှင် အမျိုးသမီးတို့မှာမူ ကျေးလက်ယဉ်ကျေးမှုများက သွန်သင်ခဲ့သည့်တိုင် အဆင်အယင်၊ အမွှမ်း အမံတို့ကို စွန့်လွှတ်ရာ၏တဲ့။ တစ်ခါတရံ၌ မိန်ကလေးတို့သည် ထိုအဝတ် အစားတို့ အသားသည် ပါးရာ၏။ အရောင်အသွေးတို့ တောက်ပရာ၏။ ထိုအခါမျိုးတွင် ပုံပန်းမကျသော ရေးပုံစံများဖြင့် ဝတ်ရာ၏တဲ့။ အိမ်ထောင်ရှင် အမျိုးသမီးများအဖို့မှု ထူထဲ၍ အရောင်ရှင်းသော အဝတ်အစားများကိုဝတ်လျှင် စွဲမက်စဖွယ်ပုံစံမျိုးကို ချုပ်သင့်ရာ၏တဲ့။ ဆယ့်ခြောက်နှစ်ရွယ်များတွင် အနက်ရောင်သည် ထင်းလွန်း၏။ အဘယ်ကြောင့်ဆိုသော် ထိုအရွယ်တွင် ထိုအရောင်များကို ဝတ်လေ့မရှိသောကြောင့်ဖြစ်၏။

ဒါက ရှေးက ကျမ်းတွေမှာ ဆိုထားတဲ့ အဆိုအမိန့်တွေပါ။

ဒီဉပဒေတွေဟာ အလေးဂရုထားသင့်တဲ့ အဆိုတွေ ဖြစ်ပါတယ်။ ဒါပေမယ့် အလွန်စည်းကမ်းတင်းကျပ်တဲ့ အသိုင်းအဝိုင်း အပါအဝင် ဘယ်အသိုင်းအဝိုင်းမှာပဲ ဖြစ်ဖြစ် ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်မှုရှိရမယ်ဆိုတဲ့ သဘောတရားကတော့ အမြဲ ရှိနေပါတယ်။

## မိန်းမနဲ့ အလှ

မိန်းမတွေရဲ့ အလှပြင်ပစ္စည်းဟာ လူမှုရေးအရ အရေးကြီးတဲ့ လက္ခဏာတစ်ရပ်ကို ဆောင်တယ်။ အဲဒီမိန်းမဟာ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကို သူဘယ်လိုသဘောထားသလဲ၊ သူ့ကိုယ်သူ ဘယ်လိုဖော်ပြသလဲဆိုတာကို အလှပြင်ပစ္စည်းတွေက ဖော်ပြနေတယ်။ အဲဒီမိန်းမဟာ ပတ်ဝန်းကျင်ကို သိပ်အလေးထားတတ်တဲ့ မိန်းမမျိုးဖြစ်ရင်၊ တည်ဆဲ လူ့အဆောက်အအုံကို နာခံအလျှော့ပေးတတ်တဲ့ မိန်းမမျိုးဖြစ်ရင် သူဟာ ဗိုင်းကောင်းကျောက်ဖိ ဝတ်စားဆင်ယင်လေ့ရှိတယ်။ စတိုင်ကျကျ နေလေ့ရှိတယ်။ ဘယ်လိုပုံသဏ္ဌာန်မျိုးတွေနဲ့ နေသလဲဆိုတာကတော့ စရိုက်ကိုလိုက်ပြီး နည်းနည်းပါးပါး ကွဲပြားကြတာမျိုးတော့ ရှိတာပေါ့။ တချို့က နုနုရွရွကလေးနေတယ်။ တချို့က ကလေးလေး တစ်ယောက်လို အပြစ်ကင်းစင်ဟန် နေတယ်။ တချို့က အသိရခက်စွာ အကဲခတ်ရခက်စွာ နေတယ်။ တချို့က ပွင့်ပွင့်လင်းလင်း နေတယ်။ တချို့က ခြိုးခြိုးခြံခြံနေတယ်။ တချို့က ပျော်ပျော်ပါးပါး နေတယ်။ တချို့က ဣန္ဒြေရရ နေတယ်။ တချို့က ရဲရဲတင်းတင်း နေတယ်။ တချို့က တိတ်တိတ် ဆိတ်ဆိတ် နေတယ်။

ဒီလိုမဟုတ်ပဲ အဲဒီမိန်းမဟာ လောကကြီးကို အရွဲ့တိုက်တတ်တဲ့ မိန်းမမျိုး၊ လှောင်ပြောင်သရော်တတ်တဲ့ မိန်းမမျိုးဆိုရင်တော့ ဘယ်လိုထုံးတမ်းစဉ်လာတွေကိုမှ မလိုက်နာဘဲ သူနေချင်သလို နေပစ်လိုက်တော့တာပါပဲ။ ဝတ္ထုတော်တော်များများမှာ တွေ့ရတတ်တာက အဲဒီလို 'လွတ်မြောက်သူတဲ့ မိန်းမမျိုး' တွေဟာ တခြားသော မိန်းမတွေနဲ့ မတူကွဲပြားခြားနားအောင်ပြဖို့ အတွက် အဝတ်အစားမှာ လျှပ်ပေါ်လော်လီစွာ ဝတ်ပြတတ်ကြတယ်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖိုသတ္တဝါတွေ စိတ်ဝင်စားအောင် ခပ်ရဲရဲ ဝတ်ဆင်ပြတတ်တယ်။ ဥပမာအားဖြင့် အီးဒစ်ဝှာတန်ရဲ့ 'အပြစ်ကင်းသောခေတ်' ဆိုတဲ့ ဝတ္ထုမှာ ဇာတ်လိုက်မင်းသမီး ဖြစ်တဲ့ တစ်ခုလပ်အမျိုးသမီးဟာ ဟိုတုန်းကလည်း ခပ်ပျံ့ပျံ့ ခပ်နန့်နန့်ဆိုတော့ ဝတ်တာစားတာမှာ တော်တော်လေး အတင့်ရဲတယ်။ ဝတ္ထုထဲမှာ သူပေါ်လာလာချင်း သိပ်ပြီးဟိုက်တဲ့ လည်ဟိုက်အင်္ကျီကိုဝတ်ထားတယ်။ အမျိုးသမီးဟာ ခပ်ငယ်ငယ်ဆိုရင် အသက်ကြီးကြီး အမျိုးသမီးလို ဝတ်ချင်တယ်။ အသက်ကြီးကြီးဆိုရင် အပျိုမကလေးလို ဝတ်ချင်တယ်။ မိကောင်းဖခင် သားသမီးထဲကဆိုရင် ကြေးစားမိန်းမလို ဝတ်ချင်တယ်။ ကြေးစားမိန်းမဆိုရင် မကြည့်ရဲစရာ မမြင်ရဲစရာ ဝတ်ချင်တယ်။

အမျိုးသမီးဆိုတာ မိမိတို့ရဲ့ လူမှုအဆင့်အတန်းနဲ့အညီ တော်ရုံပဲ ဝတ်သင့်တယ်။ သို့တိုင်အောင် တချို့အမျိုးသမီးများဟာ ဒီလို ဣန္ဒြေရရ ဝတ်တတ်သည့်တိုင်အောင် အဝတ်အစားရယ်လို့ ဝတ်လာရင် နည်းနည်းပါးပါးတော့ ခပ်ဆန်းဆန်းဝတ်ချင်ကြသူတွေချည်းပဲ။ အဝတ်အစားကို နည်းနည်းပါးပါး လိုတာထက်ပိုပြီး ပြင်ဆင်ဝတ်စားထား လိုက်ပြီဆိုကတည်းက အမျိုးသမီးတစ်ယောက်ဟာ သူ့ရဲ့ပင်ကိုယ်သဏ္ဌာန် မပေါ်တော့ဘူး။ တစ်မျိုးတစ်ဖုံ ဖြစ်သွားပြီး ခါးပတ်ပတ်မှ၊ ဘရာစီယာ ဆန်းဆန်းဝတ်မှ၊ ဆံပင် ဆိုးမှ၊ မိတ်ကပ်လိမ်းမှ၊ ကာခြယ်ဆိုးမှ မျက်နှာနဲ့ ကိုယ်ခန္ဓာဟာ တစ်မျိုးတစ်ဖုံ ဖြစ်သွားတာ မဟုတ်ဘူး။ အရိုးဆုံး ဝတ်စားထားတဲ့ မိန်းမပင်လျှင် ဝတ်စားလိုက်တယ်ဆိုကတည်းက တစ်မျိုးတစ်ဖုံ ပုံသဏ္ဌာန်ပြောင်းသွားပြီ။ ဝတ်စားပြင်ဆင်လိုက်တယ်ဆိုကတည်းက ရုပ်တုလိုလို၊ မင်းသမီးလိုလို ဖြစ်သွားပြီ။ တခြား မိန်းမတစ်ယောက် ဖြစ်သွားပြီ။ ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီးလိုလို၊ ရုပ်တုလိုလို၊ တစ်ခုခုလိုလို ဖြစ်သွားပြီ။ ဒီတော့မှပဲ သူကလည်း ကျေနပ်သွားတော့တယ်။ ဒီနည်းအားဖြင့် မိန်းမဟာ သူ့ရဲ့တောက်ပ ခမ်းနားမှုထဲမှာ အားရကျေနပ်သွားပြီး တည်ငြိမ်သွားတယ်လို့ ထင်သွားတော့တယ်။

'မာရီယှူဘာစကာရှက်' ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိထဲမှာ သူငယ်ငယ်က အလှပြင်ပုံကို စာမျက်နှာပေါင်းများစွာ ဖော်ပြထားတယ်။ သူ့အဝတ်အစား၊ သူ့အလှပြင်ပစ္စည်းတွေကို ရေတွက်ပြထားလိုက်တာကလည်း မနည်းပါဘူး။ အလှပြင်လိုက်တိုင်း သူဟာ သူ့ကိုယ်သူ ပုံသဏ္ဌာန်တစ်မျိုးပြောင်းသွားပြီး အသစ်ဖြစ်သွားသလို ခံစားလိုက်ရတယ်။ ဒီလို ခံစားလိုက်ရတဲ့အခါတိုင်းလည်း သူ့ကိုယ်သူ နှစ်သက်တဲ့စိတ်ဟာ အသစ်အသစ် ပြန်ဖြစ်လာတယ်လို့ ဆိုပါတယ်။





သူ့စာအုပ်ထဲက ကောက်နုတ်ပြပါ့မယ်။

'ကျွန်မသည် အမေ၏ ရှောစောင်ကြီးကို ယူလိုက်သည်။ ထို့နောက် ရှောစောင်ထဲတွင် ကျွန်မ ခေါင်းဝင်ရုံသာ အပေါက်တစ်ပေါက် ဖောက်လိုက်ပြီး နောက် အနားများကို တွန့်လိုက်သည်။ ရှောစောင်သည် ကျွန်မရင်နှင့်ကျော ပေါ်တွင် အတွန့်အခေါက်ကလေးများသဖွယ် ဖြစ်နေသည်။ ကျွန်မသည် ရှောစောင်ခြုံထားသည့် ကျွန်မပုံကို မှန်ထဲတွင်ကြည့်ရင်း သမ္မာကျမ်းစာထဲက အမျိုးသမီးတွေပုံမျိုးလိုလို၊ အရှေ့တိုင်းမှ မင်းသမီးတစ်ပါး ပုံမျိုးလိုလို ကျွန်မ အင်ယောင်လာသည်။

'ထို့နောက် ကျွန်မသည် ပါရီမြို့က အကောင်းဆုံးအပ်ချုပ်ဆိုင်ကြီး တစ်ဆိုင်သို့သွားကာ ကျွန်မ၏ ဂါဝန်ကိုချုပ်သည်၊ ကျွန်မ၏ ဂါဝန်သည် ဝတ်လိုက်လျှင် တိမ်တိုက်တစ်တိုက်ကို ခြုံထားသလို ဖြစ်နေရမည်။ အပ်ချုပ်ဆိုင်က အင်္ဂလန်လုပ် ကတ္တီပါစ တစ်စကို ကျွန်မကိုယ်ပေါ်တွင် ကပ်ပေးကြည့်သည်၊ ထို့ကတ္တီပါစကြောင့် ကျွန်မသည် ပို၍ မြင့်သွယ်သွားသည်ဟု ထင်မှတ်ရသည်။

'နွေးထွေး၍ ဝဲကျနေသော သိုးမွေးဝတ်ရုံကြီးထဲတွင် ကျွန်မသည် ပန်းပုကျော် လီဖီဘာရေး၏ ပန်းပုရုပ် တစ်ရုပ်နှင့် တူနေပေသည်'

'မဒမ်ဒီနိုပေးလ်' ဟာလည်း အဝတ်အစားဝတ်ဆင်ရာမှာ သိပ်ဂရုစိုက်တဲ့ အမျိုးသမီးဖြစ်ပါတယ်။ သူ့ရဲ့ 'အမှတ်တရမှတ်တမ်း' ထဲမှာ တော့ ဂါဝန်တစ်ခုခုကို ဝတ်ရာမှာ ပုံမကျပန်းမကျ ဖြစ်ရပုံကို ဖော်ပြထားပါတယ်။

'ကျွန်မသည် တောက်ပသောအရောင်မျိုးကို ကြိုက်တတ်ပါသည်၊ အထူးသဖြင့် တောက်ပသည့် ဆန့်ကျင်ဘက်အရောင်တို့ တွဲစပ်၍ ဝတ်ရသည်ကို သဘောကျပါသည်၊ ဝတ်စုံတစ်ခုသည် ရှုခင်းတစ်ခုနှင့် တူပါသည်၊ ကံကြမ္မာလမ်းကြောင်း၏ အစတစ်ခုနှင့် တူပါသည်၊ စွန့်စားခန်းတစ်ခု၏ ရှေ့ပြေးတစ်ခုနှင့် တူပါသည်၊ သို့ရာတွင် ပုံမကျပန်းမကျ ချုပ်ထားသည့် ဝတ်စုံတစ်ခုကို ဝတ်လိုက်ရသည့်အခါတွင်မူ များစွာစိတ်ဆင်းရဲရသည်' လို့ရေးခဲ့ဖူးပါတယ်။

မိန်းမဟာ ဘာဖြစ်လို့ အလှပြင်ဆင်တဲ့ ပစ္စည်းတွေကို မက်မောတွယ်တာရသလဲ။ တခြားကြောင့် မဟုတ်ပါဘူး။ အဲဒီ အလှပစ္စည်းတွေနဲ့ ပြင်ဆင်လိုက်ရင် သူဟာ ပြင်ပလောကကြီးကိုရော သူ့ရဲ့အတွင်း အဇ္ဈတ္တသန္တာန်ကိုပါ ပြန်လည်ပြင်ဆင်နိုင်၊ ပုံသွင်းနိုင်တယ်လို့ ထင်နေလို့ဖြစ်ပါတယ်။ ဂျာမန်စာရေးဆရာ 'ကွမ်း' ရေးတဲ့ 'ပိုးတုအင်္ကျီနဲ့ ကောင်းမလေး' ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ရှိပါတယ်။ အဲဒီကောင်မလေးဟာ သားမွေးအဖြူနဲ့ချုပ်ထားတဲ့ ဖော်ရုံအင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဝတ်ချင်တဲ့အကြောင်း၊ သားမွေးအင်္ကျီနဲ့ နူးညံ့အိစက်ပြီး အာရုံကိုနှိုးဆွပေးတဲ့ နွေးထွေးမှုကို သူသဘောကျတဲ့အကြောင်း ရေးထားပါတယ်။ သားမွေးအင်္ကျီကြီးကို ဝတ်လိုက်ရရင် သူ့စိတ်ထဲမှာ လုံခြုံသွားတယ်လို့ထင်တယ်။ တကယ့်အပြင် ဘဝမှာ မရနိုင်တဲ့ အလှကမ္ဘာကြီးနဲ့ ဘဝကမ္ဘာကြီးကို တွေ့ထိခံစားရတယ်လို့ထင်တယ်။

မိန်းမဟာ အကြည့်ခံအရာဝတ္ထုဖြစ်လေတော့ သူ့ရဲ့ပင်ကိုတန်ဖိုးဟာလည်း ဝတ်စားဆင်ယင်ပုံ၊ ပြင်ဆင်ဖြီးလိမ်းပုံနဲ့ အနည်းအများဆိုသလို ဆက်စပ်ပတ်သက်နေရတာဟာ သဘာဝကျပါတယ်။ နိုင်လွန်ခြေအိတ်လှလှကို သူသဘောကျတာ၊ လက်အိတ်လှလှတစ်စုံကို သူမြတ်နိုးတာ၊ ဦးထုပ်လှလှတစ်ခုကို သူဆောင်းကြည့်ချင်တာ၊ ပိုးခြေအိတ်ကလေးကို စွပ်ချင်တာဟာလည်း ဘာမှ နားမလည်နိုင်စရာ မရှိပါဘူး။ သူ့ရဲ့ဂုဏ်အဆင့်အတန်း၊ သူ့ရဲ့အလှ၊ သူ့ရဲ့ အနေအထားကို ထိန်းသိမ်းထားရေးဟာ သူ့ရဲ့အဓိကတာဝန်ဝတ္တရား မဟုတ်လား။ အမေရိကန်မှာဆိုရင် အလုပ်လုပ်နေတဲ့ အမျိုးသမီးကလေးတွေရဲ့ အသုံးစရိတ် တော်တော်များများဟာ သူတို့အလှပြင်တာ၊ အဝတ်အစားဝယ်တာမှာ တော်တော်ကုန်နေပြီ။ ပြင်သစ်မှာတော့ သူတို့လောက် မများသေးဘူး။ သို့တိုင် အောင် ပြင်သစ်ပြည်မှာလည်း မိန်းကလေးတွေ ကောင်းကောင်းမွန်မွန် လှလှပပ ဝတ်စားထားရင် ပိုပြီး လူလေးစားပါတယ်။ သူ့အဖို့ အလုပ်ကောင်းကောင်းလိုချင်ရင် ရှားရှားပါးပါး ဆင်းဆင်းရဲရဲထဲက မဟုတ်ဘူးဆိုတာ ပြနိုင်ရမယ်မဟုတ်လား။ ဒါမှလည်း အလုပ်ခန့်ကြတာကိုး။ စတိုင်ကျပြီး သပ်ရပ်တဲ့ ပုံပန်းသဏ္ဌာန်ဟာ လက်နက်တစ်ခု၊ အလံတစ်ခု၊ အကာအကွယ်တစ်ခု၊ ထောက်ခံစာတစ်ခု မဟုတ်လား။

ဒါပေမယ့် တစ်ဖက်ကနေပြီးကြည့်ရင် ဒီလိုကောင်းကောင်းမွန်မွန် လှလှပပ ဝတ်စားရတာဟာလည်း ဒုက္ခကြီးတစ်ခုပါ။ နှောင်ကြိုးကြီးတစ်ခုပါ။ တစ်ဖက်မှာ ဒီလိုလှလှပပ ကောင်းကောင်းမွန်မွန်ဝတ်တဲ့အတွက် အကျိုးကျေးဇူးရှိသလို အခြားတစ်ဖက်မှာလည်း စရိတ်စက သိပ်ကုန်ကျပါတယ်။ ဒါကြောင့်မို့ပေါ့၊ ကုန်ပဒေသာတိုက်ကြီးတွေမှာ ဆိုင်စုံထောက်က သားသားနားနားဝတ်ထားတဲ့ မိန်းမတစ်ယောက် ရေမွှေးပုလင်းခိုးနေတာ၊ခြေအိတ်ခိုးနေတာ၊ အောက်ခံဘောင်းဘီခိုးနေတာကို မကြာခဏ ဖမ်းမိနေတာပေါ့။ တချို့အမျိုးသမီးတွေဆိုရင် ဒီလိုကောင်းကောင်းဝတ်နိုင်ဖို့အတွက် ကိုယ်နဲ့ရင်းနှီးကြရတယ်။ ဒါမှမဟုတ်ရင်လည်း 'အငယ်'ဖြစ်ကြရတယ်။ အဝတ်အစား ကောင်းကောင်းမွန်မွန် ဝတ်ရတာဟာ အချိန်ယူရတယ်၊ ဂရုစိုက်ရတယ်။ ဒါပေမယ့်





ဒီလိုကောင်းကောင်းမွန်မွန် ဝတ်တဲ့အတွက် ကောင်းကျိုးသက်ရောက်မှုတွေ ရှိသင့်သလောက် ရှိတယ်။ ပျော်စရာကောင်းတယ်၊ ကြည်နူးရတယ်။ ဥပမာအားဖြင့် မိသားစုစားစရိတ်ကို ခွဲဝေတဲ့ကိစ္စမျိုး၊ ဈေးဝယ်ရတဲ့ ကိစ္စမျိုးမှာ ဆိုပါတော့။ စီမံကိန်းချရတာတွေ၊ ဇယားချကြည့်ရတာတွေ၊ သည်လမှာ ဘာဝယ်ပြီး နောက်လမှာ ဘာဝယ်မယ်ဆိုပြီး စိတ်ကူးရတာတွေ။ ဒါမျိုးတွေဟာလည်း တစ်နည်းအားဖြင့် ကြည့်ရင်တော့ ပျော်စရာကောင်းတဲ့ ရင်ခုန်မှု ကလေးတွေပါပဲ။ အဝတ်အစားသစ်တစ်ခုဟာ အထိမ်းအမှတ်ပွဲတစ်ခုနဲ့ တူတယ်။ မိတ်ကပ်လုပ်ရတာ၊ ဆံပင်ကို အလှပြင်ရတာဟာလည်း အနုပညာလုပ်ငန်းတစ်ခုကို လုပ်ရတာနဲ့တူပါတယ်။

ဒီနေ့ဆိုရင် မိန်းမတော်တော်များများဟာ အရင်တုန်းကထက် အမြင်ကျယ်လာကြပြီး သူတို့ကိုယ်သူတို့ အလှမပျက်အောင် ဂရုစိုက်တတ်ကြတယ်။ ကျန်းမာရေးအတွက် အစားအသောက်ကို မျှတအောင်စား တတ်လာကြတယ်။ အားကစားလေ့ကျင့်ခန်းတို့ ဘာတို့ကို လုပ်လာတတ် ကြတယ်။ ကိုယ်အလေးချိန်ကို ထိန်းတတ်လာကြတယ်။ ကိုယ်အရေးပြားကို ပြစ်မျိုးမဲ့မထင်ဖြစ်အောင် ဂရုစိုက်တတ်လာကြတယ်။ ကိုယ်ခန္ဓာအလှကို ဂရုစိုက်တတ်လာကြတယ်။ ခေတ်သစ်ရသဗေဒဟာ မိန်းမကို အလှနဲ့ လှုပ်ရှားတက်ကြွမှုကို ပေါင်းစပ်တတ်လာအောင်လုပ်ပေးခဲ့တယ်။ မိန်းမဟာ လေ့ကျင့်ထားတဲ့ ကြွက်သားတွေ ပိုင်ဆိုင်ခွင့်ရှိလာတယ်။ ဝ တာကို ငြင်းဆိုလာတယ်။ ကိုယ်ကာယလေ့ကျင့်ခန်းပညာမှာ ကိုယ့်ကိုယ်ကို သေချာမှု၊ ယုံကြည်မှုဟာ ဘာသာရပ်တစ်ခု ဖြစ်လာတယ်။ သူ့ရဲ့ မရေရာတဲ့ အသားစိုင်တွေကနေ လွတ်မြောက်အောင် လုပ်လာနိုင်ခဲ့တယ်။ ဒါပေမယ့် ဒီလိုလွတ်မြောက်လာတဲ့အတွက်ပဲ မိန်းမဟာ သူတစ်ပါးအပေါ်မှာ မှီခိုသူဖြစ်လာခဲ့ရပြန်တယ်။ ဟောလီဝုဒ်ရုပ်ရှင်လောကမှာဆိုရင် မင်းသမီးဟာ သူ့ရုပ်ရည်ရူပကာအလှကို ဖန်းပြပြီး ထုတ်လုပ်သူအပေါ်မှာ မှီခိုလာခဲ့ရတယ် မဟုတ်လား။

မိန်းမဟာ ဒီနည်းအားဖြင့် အလှပြင်ခြင်းအားဖြင့် အောင်မြင်မှုများ ရရှိခဲ့သည့်တိုင် အိမ်ကိုအလှပြင်တဲ့ကိစ္စမှာလို ကိုယ်ကိုအလှပြင်ရတာဟာလည်း အချိန်နဲ့ဆိုတဲ့ ရန်သူကြီးကိုတိုက်ခဲ့ရသေးတယ်။ ရုပ်ခန္ဓာကြီးဟာလည်း [illegible] သဘောအရ ပျက်စီးရတယ် မဟုတ်လား။ 'ကိုးလက်' ရဲ့ ဝတ္ထုတစ်ပုဒ်မှာ [illegible] လှ တစ်ယောက်ရဲ့ ကျဆုံးပုံကို ရေးသားတာဟာ တော်တော်ကြွကွဲ [illegible]

'သူ့ခန္ဓာကိုယ်သည် နုပျိုငယ်ရွယ်မှု၏ ပြည့်ဖြိုးတင်းမာ [illegible] စိုင် မဟုတ်တော့ပြီ၊ သူ့လက်မောင်းနှင့်ပေါင်တို့မှ ကြွက်သားတို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း လျှော့ရဲနေသည့် အရေအောက်မှ အဆီပြင်တို့ အထပ်ထပ်ဖြင့် ရစ်ပတ်နေကြပြီ၊ သူမသည် စိတ်ဆင်းရဲသဖြင့် သူ့အချိန်ဇယား အတိုင်းလေ့ကျင့်ခန်းလုပ်သည်၊ ညအိပ်ရာသို့ မဝင်မီတွင် ဆယ့်ငါးမိနစ်ခန့် ကိုယ်ကိုနှိပ်နယ်သည်၊ သူ့ခါးသိမ်သိမ်ကလေး တုတ်ခိုင်မလာစေရန်အတွက် ဆေးပညာစာအုပ်များနှင့် ဖက်ရှင်မဂ္ဂဇင်းများကို ဖတ်သည်၊ သစ်သီးရည်တို့ကို မှန်မှန်သောက်သည်၊ အခါအားလျော်စွာ ဝမ်းပျော့ဆေးစားသည်၊ ပန်းကန်ခွက်ယောက်တို့ကို ဆေးကြောသည့်အခါတွင် ရာဘာလက်အိတ်တို့ကို စွပ်သည်၊ သူမ၏အလုပ်မှာ သူမ၏ ခန္ဓာကိုယ်နှင့် သူမ၏အိမ်ကို အလှပြင်ရန်ဖြစ်သည်၊ သို့ဖြင့် သူမသည် ထိုအလုပ်နှစ်ခုနှင့်သာ အချိန်ကုန်နေတော့သည်၊ ကြာသောအခါတွင် သူမသည် ငြီးငွေ့လာလေပြီ၊ ကမ္ဘာလောကကြီးသည် ရပ်တန့်နေသလို ထင်လာတော့သည်၊ အချိန်ကာလနှင့် အသက်အရွယ်၏ ပြင်ပတွင် တည်ရှိနေသလို ထင်လာတော့သည်။

'......ရေကူးကန်သို့ရောက်လျှင် လှပစွာကူးနိုင်ရန် လေ့ကျင့်ခန်းစာအုပ်များကို ဖတ်သည်၊ ဖက်ရှင်မဂ္ဂဇင်းများထဲမှ မကြာခဏပါလေ့ရှိသော အလှပြင်နည်းဆောင်းပါးများကို ဖတ်သည်၊ ဓာတ်လိုက်မင်းသမီး ဂျင်ဂျာရောဂျားက (ကိုယ်က မနက်တိုင်း ခေါင်းဖြီးတဲ့ ဝက်မှင်ဘီးနဲ့ ကိုယ့်ဆံပင်ကို အကြိမ်တစ်ရာ ဖြီးတယ်၊ ဘယ်လောက်မှ မကြာပါဘူး၊ နှစ်မိနစ်ခွဲလောက်ပဲ ကြာတာပါ၊ ဒီလိုလုပ်ဖန်များတော့ ကိုယ့်ဆံပင်လည်း ပိုးမျှင်လေးတွေလို ပျော့သွားတော့တာပေါ့) ဟု သူ့ကို ပြောဖူးသည်၊ သူမသည် ခြေချင်းဝတ်များနှင့်ခြေသလုံးများ သေးသွယ်နေစေရန် လေ့ကျင်သည်။ ဖနောင့်နှင့်ကြမ်းပြင် မထိစေဘဲ တစ်နေ့လျှင် အကြိမ်သုံးဆယ် ခြေဖျားထောက် လေ့ကျင့်သည်၊ ထိုလေ့ကျင့်ခန်းသည် တစ်မိနစ်လောက်ပဲ ကြာသည်၊ တစ်နေလုံးမှ တစ်မိနစ်လောက်ကလေးလုပ်ရတာ ဘာအရေးလဲ၊ နောက်လက်သည်းများကို ဆီသုတ်လိမ်းသည်၊ လက်ဖဝါးကို ရှောက်ရည်ပွတ်သည်၊ ပါးပြင်ကို စထရော်ဘယ်သီးချေပြီးပွတ်သည်'

## အလှကြိုက်မတို့၏ ကျဆုံးခန်း

အလှပြင်တယ် ဆိုပေမယ့် အလှပြင်ရင်းနဲ့ ပြဿနာတစ်ခု ပေါ်လာတယ်။ ဘာလဲဆိုတော့ အချိန်မှန် အလှပြင်ရတာကို ငြီးငွေ့လာတဲ့ကိစ္စပဲ။ နိစ္စဓူဝ အလှပြင်နေရတော့ အလှပြင်ရတာကို ငြီးငွေ့ပြီး အဝတ်အစား ဗီရိုကိုရှင်းလင်းရတဲ့ ကိစ္စပေါ့။ တချို့အေးစက်ပြီး စိတ်ပျက်လွယ်တဲ့ အမျိုးသမီးများကျတော့ ဖြစ်ပျက်တတ်တဲ့ သင်္ခါရအတိုင်း ကိုယ်နေကိုယ်ဟန် ပျက်ယွင်းလာတာ၊ ရုပ်ကျလာတာကို မြင်ပြီး လူ့ဘဝကြီးကို ကြောက်လန့် စက်ဆုပ်သွားတတ်ကြတယ်။ အချို့လူတွေ ပရိဘောဂပစ္စည်းတွေကို ထိန်းသိမ်းသလို၊ ညည်သွပ်အစာဘူးတွေကို ထိန်းသိမ်းသလို သူတို့တတွေက လည်း သူတို့ကိုယ်ကို သူတို့ ထိန်းသိမ်းတယ်။ ဒီလို ဘဝကိုအပျက်မြင်လာတဲ့ အခါမှာ အဲဒီအမျိုးသမီးနေတွေဟာ သူတို့ ဘဝကိုရော၊ အခြားသူများရဲ့ ဘဝကိုပါ ရွံမုန်းလာတတ်ကြတယ်။ အခြားအရာဝတ္ထုတွေကိုလည်း စက်ဆုပ်ထိတ်လန့်လာတတ်ကြတယ်။ အစားအသောက်ကောင်းကောင်း စားမိပြန်ရင်လည်း ခန္ဓာကိုယ်အလှကို ပျက်စီးစေတယ်လို့ ထင်လာတတ်ကြတယ်။ ဝိုင်အရက်ချိုကို သောက်ရင်လည်း အသားအရေကို ပျက်စီးစေတယ်လို့ ထင်လာတတ်ကြတယ်။ ပြုံးတာများလွန်ရင်လည်း အရေတွန့်တွေထင်လွယ် တတ်တယ်လို့ ထင်လာတတ်ကြတယ်။ နေရောင်ကလည်း အသားအရေကို ပျက်စီးစေတယ်လို့ ထင်လာတတ်ကြတယ်။ အိမ်ပြန်ရင်လည်း လူကို ထုံထိုင်းသွားစေတတ်တယ်လို့ ထင်လာတတ်ကြတယ်။ အလုပ်လုပ်ပြန်ရင်လည်း ပင်ပန်းအားကုန်စေတယ်လို့ ထင်လာတတ်ကြတယ်။ အချစ်များသွားရင်လည်း မျက်ကွင်းတွေညိုပြီး မျက်[illegible] ကျတယ်လို့ ထင်လာတတ်ကြတယ်။ အနမ်းများသွားရင်လည်း [illegible] ရဲလွန်းသွားတယ်လို့ ထင်လာတတ်ကြတယ်။ အယုအယ အပွတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



များရင်လည်း ရင်အလှကို ပျက်စီးစေတယ်လို့ ထင်လာတတ်ကြတယ်။ ကိုယ်ဝန်ဆောင်ရခြင်းဟာလည်း မျက်နှာနဲ့ ကိုယ်အလှကို ပုံပျက်ပန်းပျက်ဖြစ်စေတယ်လို့ ထင်လာတတ်ကြတယ်။

ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ပွဲတက်ဝတ်စုံကို ဝတ်ထားတဲ့အခါမှာ ကလေးက လာကိုင်ရင် မိခင်ပျိုတစ်ယောက် ဘယ်လောက် စိတ်ဆိုးသလဲဆိုတာ တွေ့ဖူးကြမှာပေါ့။ 'အမလေး သူ့လက်တွေက ညစ်ပတ်နေတာပဲ၊ ငါ့အဝတ်အစားတွေတော့ ပေရေကုန်ပါပြီ' လို့ ပြောပြီး ကလေးကို အနားမလာဖို့ မောင်းလွှတ်နေတဲ့ မိခင်ပျိုတွေကို မြင်ဖူးတယ် မဟုတ်လား။ သူ့ယောကျာ်းနဲ့ ပရောပရီနေတတ်တဲ့ မိန်းမတောင်မှပဲ ဝတ်ကောင်းစားလှတွေ ဝတ်ထားတုန်း ယောကျာ်းကလာပြီး ပွတ်သီးပွတ်သပ်လုပ်ရင် မကြိုက်ချင်ကြဘူးမဟုတ်လား။ အဲဒီလိုအခါမျိုးမှာ သူဟာ သူ့ကိုယ်သူ ယောကျာ်းတွေနဲ့ရော မထိမိအောင်ကာထားတယ်။ ပရိဘောဂပစ္စည်း အသစ်ကျပ်ချွတ်ကို ထိမိခိုက်မိ ပွန်းရှမိမှာစိုးလို့ စက္ကူတွေ၊ အဝတ်တွေနဲ့အထပ်ထပ် ရစ်ပတ်ထားသလို့ပေါ့။

ဒါပေမယ့် သူ့ကိုယ်သူ ဘယ်လောက်ပဲ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်သည်ဖြစ်စေ၊ အချိန်တန်တော့ ခေါင်းမှာဆံပင်ဖြူကလေးတွေ ပေါက်လာပြီ။ မျက်လုံးထောင့်စွန်းမှာ အရေကလေးတွေ တွန့်လာပြီ။ တစ်နေ့မှာ ဒီလိုပဲ ဖြစ်ရမယ်ဆိုတာ မိန်းမတွေ မသိဘဲနေပါမလား။ သိတာပေါ့။ ဒါပေမယ့် ဘယ်လောက်ပဲ စောင့်ထိန်းသည့်တိုင်၊ ဘယ်လောက်ပဲ ဂရုစိုက်သည့်တိုင် မတော်တဆ ဖြစ်လာတာတွေ ရှိလာတတ်တာပဲ။ ပိုင်အရက်က အဝတ်အစားပေါ်ဖိတ်ကျပါရော။ အဝတ်ပေါ်မှာ စီးကရက်မီးပွား ကျပါလေရော။ ဒီမှာတင် ညည့်ခံပွဲမှာ ပြုံးရွှင်ပျော်မြူးနေတဲ့မမ စိတ်ညစ်သွားရပြီလေ။ ပျော်မြူးနေတဲ့ မိန်းမ တစ်ယောက်ဘဝကနေပြီး လေးနက်ပြီး တင်းမာသွားတဲ့ အိမ်ရှင်မအဖြစ်ကို ပြောင်းသွားတော့တယ်။

ဒီမှာတင် သူ့အလှပစ္စည်းဟာ မီးရှူးမီးပန်းများလို လွှတ်လိုက်ရင် အမြဲလှနေတဲ့ အရာမဟုတ်ဘူး။ ပေါက်ကွဲသွားတဲ့ တောက်ပ ထိန်လင်းမှုတစ်ခု မဟုတ်ဘူး။ ဝင်းခနဲဖြစ်သွားအောင် လုပ်ပေးလိုက်တဲ့ ခန်းနားမှုတစ်ခု မဟုတ်ဘူးဆိုတာကို သူသဘောပေါက်သွားတယ်။ သူ့အလှပြင် ပစ္စည်းတွေဟာ ကြွယ်ဝတဲ့ပိုင်ဆိုင်မှုတွေ၊ အရေးကြီးတဲ့ ကုန်ပစ္စည်းတွေ၊ အရင်းအနှီးတွေဖြစ်တယ်ဆိုတာ သူချက်ချင်း သဘောပေါက်သွားတယ်။

ဒီလို ဖြစ်သွားရတာဟာ စွန့်လွှတ်လိုက်ရတာ။ ဒီအလှပျက်စီး ဆုံးရှုံးသွားရတာ တကယ့်ဆုံးရှုံးပျက်စီးမှုကြီး။ အဝတ်အစားမှာ အစွန်းအထင်းတွေ





ချက်ရည်တွေ၊ မသေမသပ် ချုပ်ထားတဲ့ဝတ်စုံ၊ ဆံပင်ပြင်ထားပုံက ကိုးရိုးကားရား။ ဒီအရာတွေဟာ မိန်းမတစ်ယောက်အဖို့ ပန်းအိုးတစ်လုံး ကွဲသွားတာအမဲသားတူးသွားတာထက် အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလှကြိုက်တဲ့ မိန်းမဟာ သူကိုယ်တိုင်လည်းပဲ အလှပြင်ပစ္စည်းတစ်ခု ထင်သွားတတ်လို့ပဲ။ သူ့ရှိမှ၊ သူပါမှ အဲဒီပတ်ဝန်းကျင်ဟာ ပိုလှပြီး ပိုကြည့်ကောင်းသွားမယ်လို့ ထင်တော့ ဒီလို ဖြစ်သွားတဲ့အခါမှာလည်း သူစိုးရိမ်တကြီး ဖြစ်တော့တာပေါ့။

စက်ဆိုင်မှာ ဟိုဟာမကြိုက်ဘူး၊ ဒီပုံ မဟုတ်ဘူး စကားများတာ၊ ဟိုဟာပြင်ပေးပါဦးဆိုပြီး ချေးများတာ၊ ဦးထုပ်ဆိုင်မှာ ဟိုဦးထုပ်ကို မကြိုက်ဘူး၊ ဒီဦးထုပ်က ဇာမပါဘူးဆိုပြီး ပစိပစပ်များတာမျိုးတွေဟာ အလှပြင်ပစ္စည်းတွေပေါ်မှာ သူဘယ်လောက် ဂရုထားတယ်ဆိုတာကို ပြတဲ့ သက်သေသာဓကတွေပဲ။ သူ သဘောကျတဲ့ဝတ်စုံကို ဝတ်လိုက်ရပြီဆိုရင်တော့ သူဟာ သူ့အိပ်မက်ထဲမှာ စိတ်ကူးထားတဲ့ ဧကရီဖြစ်သွားတော့တာပေါ့။ တကယ်လို့ သူ့ဝတ်စုံဟာ ပုံမကျပန်းမကျ ဖြစ်နေပြီဆိုရင်တော့ သူဟာ သူ့ကိုယ်သူ လောကကြီးဟာ အကျဉ်းခံထားရသူလို အားငယ်ပြီး စိတ်ညစ်နေတတ်တယ်။ 'မောရိဘက် ရှုကားဆက်' က သူ့ကိုယ်နေဟန်ထား၊ မျက်နှာထား၊ စိတ်ထားတို့ဟာ သူ့အဝတ်အစား ပုံကျပန်းကျ ဖြစ်မဖြစ် အပေါ်မှာ မူတည်နေတယ်လို့ ပြောဖူးပါတယ်။ ကောင်းကောင်းမွန်မွန် ဝတ်စားမထားရရင် သူ့စိတ်ထဲမှာ တစ်မျိုးချည်းပဲတဲ့။ မနေတတ် မထိုင်တတ်ဖြစ်ပြီး အားငယ်နေသတဲ့။ ဒါကြောင့်မို့လား မသိဘူး၊ မိန်းမ တော်တော်များများဟာ အဝတ်အစား ကောင်းကောင်းမွန်မွန် မဝတ်ရရင် တော်တော်တန်တန်ပွဲကို မသွားချင်ကြတော့ဘူး။

အဝတ်အစားကို ဂရုမစိုက်ဘူး။ ကိုယ်ဝတ်ချင်သလို ဝတ်မယ်ဆိုတဲ့ မိန်းမတွေမှာတောင် သူတို့ရဲ့ 'နာစစ်ဆပ်ဝါဒ' (ကိုယ့်ကိုယ်ကို ပြန်ချစ်တဲ့အချစ်) ဟာ မပျောက်ပါဘူး။ လှလှပပတော့ အမြင်ခံချင်ကြတာချည်းပါပဲ။ အဲ အဝတ်အစားကို နှစ်သက်တဲ့ မိန်းမတွေဆိုရင်တော့ မပြောနဲ့တော့။ သူတို့ကို ပုံမကျပန်းမကျ ဝတ်ဆင်ထားတာ ညှိုးညှိုးငယ်ငယ် ဝတ်ဆင်ထားတာကို ဘယ်တော့မှ သူမြင်ခံလေ့မရှိဘူး။ သူတို့ ကောင်းကောင်းမွန်မွန် ဝတ်စားထားတာကို မြင်တဲ့ မျက်မြင်သက်သေကို လိုချင်ကြတာချည်းပဲ။ တော်စတွိုင်းရဲ့ ဇနီးဟာ သက်ဆပ်ပြီးလို့ ဆယ်နှစ်ကြာသည့်တိုင်အောင် သူ့ကို ယောကျာ်းက လှတယ်လို့ ချီးမွမ်းခံချင်တုန်းပဲ။ သူက ဖဲကြိုးကလေးတွေ၊ ဖဲပြားကလေးတွေကို အလွန်ကျတတ်တယ်။ ဆံပင်ကောက်တာကို ကြိုက်တယ်။ ဒါကြောင့် သူ့ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ပြီးဖဲကြိုးတို့ ဘာတို့ ဖွဲ့စည်းထားတယ်။ ဒါပေမယ့် သူ့ဆံပင်ထုံးဖွဲ့ပုံကို သူ့ယောကျ်ားအပါအဝင် ဘယ်သူကမှ သတိမထားမိကြတဲ့အခါမှာ သူတော်တော် စိတ်ညစ်ပြီး ငိုချင်စိတ်ပေါက်မိပါသတဲ့။

ဒီလိုနေရာမျိုးမှာ လင်ယောကျ်ားဟာ သက်သေကောင်းတစ်ယောက် မဟုတ်ဘူး။ ဒါပေမယ့် ခက်တာက လင်ယောကျ်ားရဲ့ လိုလားချက်ကလည်း နှစ်ခွသဘော ဆောင်နေတတ်တယ်။ ကိုယ့်မိန်းမဟာ သိပ်ချော သိပ်လှနေရင် ယောကျ်ားဟာ မနာလိုဝန်တိုဖြစ်တတ်တယ်။ ဒါပေမယ့် တစ်ဖက်မှာတော့ ဘုရင် 'ကင်ဒေါလေ' ရဲ့ စိတ်မျိုးဝင်တတ်တယ်။ (ရှေးခေတ်က လိုက်ဒီးယားပြည် ဘုရင်ကင်ဒေါလေ ဟာ သူ့မိဖုရားလှတာကို အင်မတန် ဂုဏ်ယူတတ်ပါတယ်၊ ကြွားတတ်ပါတယ်။ သူ့မိဖုရား ဘယ်လောက်လှသလဲ ဆိုတာကို ကြွားချင်လို့ မိဖုရားကို ကိုယ်လုံးတီးချွတ်ပြီး သူ့ဝန်ကြီးတစ်ပါးကို ပြသတယ်လို့ဆိုပါတယ်။) ယောကျ်ားဟာ မိန်းမချောတဲ့အတွက် သူကဝင်ပြီး ဂုဏ်ယူချင်တယ်။ ဒီလောက်ချောတဲ့ မိန်းမကို ရတဲ့ကောင်ဗျ ဆိုတဲ့သဘောပေါ့။ ဒါကြောင့် သူ့မိန်းမကို လှစေချင်တယ်။ ကျက်သရေရှိစေချင်တယ်။ အနည်းဆုံး အောင်မှတ်လောက်တော့ ရှိစေချင် တယ်။ တကယ်လို့ အဲဒီစံချိန်တွေကို ရောက်မလာဘူးဆိုရင်တော့ သူ စိတ်ဆင်းရဲရတယ်။ လင်မယား ပြဿနာပေါ်လာရင် ဒီအချက်ကို အကြောင်းပြု ပြီးလှောင်တယ်။

လင်မယားဘဝမှာ တဏှာပေမ တန်းဖိုးနဲ့ လူမှုရေးတန်းဖိုးတွေ အခါခပ်သိမ်း တစ်ပြေးညီစွာ မဖြစ်တဲ့အခါတွေ ရှိတတ်တယ်။ ဝိရောဓိကို ဒီလို ဥပမာပြလို့ရတယ်။ ဆိုပါတော့။ မိန်းမကကိုယ့်မှာ လိင်ဆွဲဆောင်မှုရှိတယ်ဆိုတာကို ပြချင်လို့ အဝတ်အစား တောက်တောက်ပပ၊ ဒါမှမဟုတ် 'ခပ်ဟော့ဟော့' ဝတ်တယ်စားတယ် ဆိုပါစို့။ ဒါကို ယောကျ်ားက မကြိုက်ဘူး။ တခြားမိန်းမက ဒီလို 'ခပ်ဟော့ဟော့' ဝတ်ရင် ကြိုက်ချင်ကြိုက်တယ်။ ဒါပေမယ့် ကိုယ့်မိန်းမဝတ်တော့ တယ်မကြိုက်ချင်ဘူး။ ဒီမှာတင် ကိုယ့်မိန်းမအပေါ်မှာ တပ်မက်တဲ့စိတ်ဟာ ကုန်ခန်းသွားတယ်။ တစ်ခါ ကိုယ့်မိန်းမက ရိုးရိုးဝတ်လို့ သဘောကျတယ်။ ဒါပေမယ့် 'ခပ်ဟော့ဟော့' မဟုတ်တဲ့အတွက် ကိုယ်ကမိန်းမအပေါ်မှာ အေးစက်စက် ဖြစ်နေတတ်တယ်။ ကိုယ့်မိန်းမက ဆွဲဆောင်မှုမရှိသလို ဖြစ်နေတော့ ငြီးငွေ့သွားတတ်တယ်။ ဒီလို မြင်တဲ့အခါကျတော့ ကိုယ့်မိန်းမကို ကြည့်တဲ့အခါမှာ ကိုယ့်အမြင်နဲ့ကိုယ်ကြည့်သလို ဖြစ်မနေဘဲ သူများအမြင်နဲ့ ကြည့်သလို ဖြစ်နေတယ်။ ဒီလို ဝတ်စားထားရင် လူတွေက ဘယ်လိုပြောမလဲဆိုတဲ့ အမြင်နဲ့ မြင်နေတတ်တယ်။





ယောကျ်ားဟာ ကိုယ့်မိန်းမ ဝတ်စားထားတဲ့အခါမှာတော့ တလက်လွန်းတယ်၊ ဣန္ဒြေမရဘူးလို့ ပြောပြီး တခြားမိန်းမက အဲဒီလို ဝတ်စားလာတဲ့အခါကျပြန်တော့ သဘောကျနေပြန်ရော။ ဒီမှာတင် မိန်းမဟာ အကြီးအကျယ်စိတ်ဆိုးတော့တာပဲ။ ကိုယ်ဝတ်စားတုန်းကတော့ ယောကျ်ားက သဘောမကျဘဲ သူများဝတ်စားတော့မှ သဘောကျတာမျိုးကို ဘယ်မိန်းမမှ သည်းမခံနိုင်ဘူး။ အဲဒါမျိုးကို သူတို့ စိတ်အဆိုးဆုံးပဲ။ ပြီးတော့ ယောကျ်ားဟာ ကိုယ့်မိန်းမနဲ့နီးကပ်လွန်းတော့ တော်တော်တန်တန်ကို မမြင်တော့ဘူး။ ဝေးလွန်းမှ မမြင်ရတာ မဟုတ်ဘူး။ နီးလွန်းရင်လည်း မမြင်ရပြန်ဘူး မဟုတ်လား။ ယောကျ်ားအဖို့ ကိုယ့်မိန်းမရဲ့မျက်နှာဟာ ဘာမှ ပြောင်းလဲခြင်းမရှိဘဲ အတူတူပဲ ဖြစ်နေတယ်။

ကိုယ့်မိန်းမ အပြင်အဆင် ပြောင်းလဲသွားတာ၊ ကိုယ့်မိန်းမ ဆံပင်ပုံစံပြောင်းလဲသွားတာကိုလည်း ဘာမှသိလိုက်တာ မဟုတ်ဘူး။ ကိုယ့်အပေါ်မှာ အလွန်ချစ်ပါတယ်ဆိုတဲ့ လင်ယောကျ်ား၊ ကိုယ့်အပေါ်မှာ အလွန်ချစ်ပါတယ်ဆိုတဲ့ ချစ်သူတို့ပင်လျှင် မိန်းမတစ်ယောက်ရဲ့ အဝတ်အစားတွေကို သိပ်ပြီး သတိထားမိတတ်ကြတာ မဟုတ်ဘူး။ အဝတ်အစားဟာ ယောကျ်ားတွေအပေါ်မှာ အောင်နိုင်ဖို့ လက်နက်ကောင်း ဖြစ်ချင်ဖြစ်ပေမယ့် ယောကျ်ားတွေ စွန့်ခွာမသွားနိုင်အောင် တားဆီးပေးနိုင်တဲ့ ကာကွယ်ရေးလက်နက်တော့ မဟုတ်ဘူး။

တချို့က ပြောကြပြန်သေးတယ်။ မိန်းမတွေ အဝတ်အစား လှလှပပကောင်းကောင်းမွန်မွန် ဝတ်ကြတာဟာ တခြားမိန်းမတွေက သူ့ကို မနာလိုတိုရှည် ဖြစ်အောင်လို့ ဝတ်ကြတာတဲ့။ တစ်ဖက်သားက ကိုယ့်ကို မနာလိုဝန်တိုဖြစ်ပြီးဆိုရင် အောင်မြင်တဲ့ လက္ခဏာပဲ မဟုတ်လားတဲ့။ ပြောကြတယ်။ အမှန်တော့ အဝတ်အစားကောင်းကောင်း ဝတ်တာဟာ သူများ မနာလိုတိုရှည်ဖြစ်အောင် ဝတ်တာ မဟုတ်ပါဘူး။

အဲဒီ မနာလိုမှု၊ အဲဒီ အားကျမှုကနေပြီး ကိုယ့်အလှကို အများက အသိအမှတ်ပြုတာ၊ ကိုယ့်ရဲ့ ရွေးချယ်မှုကို အများက အသိအမှတ်ပြုတာ တစ်နည်းပြောရရင် ကိုယ့်ကို အများက အသိအမှတ်ပြု တာကို ခံချင်တဲ့အတွက် ဝတ်ကောင်းစားလှ ဝတ်ပြခြင်းဖြင့် သူများအပေါ်မှာ သွားမိုးခိုနေရတဲ့အဖြစ်ကို ရောက်သွားတာတော့ မသိလိုက်ဘူး။ အိမ်ရှင်မတစ်ယောက်ဟာ သူ့ရဲ့ အိမ်တွင်းမှုလုပ်ငန်းတွေကို ဘယ်သူကမှ အသိအမှတ်မပြုသည့်တိုင် အနည်းဆုံး အိမ်အတွက်၊ မိသားစုအတွက်တော့ အသုံးကျသေးတယ်။ ဒါပေမယ့် ဝတ်ကောင်းစားလှဝတ်ထားတဲ့ ခပ်ပျံပျံ မိန်းမအဖို့တော့ သူ့အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြင်အဆင်တွေဟာ ဘယ်သူ့ကိုမှ ဆွဲဆောင်နိုင်ခြင်း မပြုတော့ဘူးဆိုရင် သူကျဆုံးတော့တာပဲ။ ခပ်ပျံ့ပျံ့ မိန်းမဟာ သူဝတ်စားထားတဲ့ သူ့အလှရဲ့ တန်ဖိုး၊ သူ့ကိုယ်တိုင်ရဲ့တန်ဖိုးကို လိုက်ရှာနေတယ်လေ။ ဒီလို ရှာချင်တဲ့ အတွက် သူ့ကိုလူတွေ ချီးမွမ်းခံရအောင်၊ သူ့ကို လူတွေက အသိအမှတ်မပြု တော့တာနဲ့ အကြီးအကျယ် စိတ်ဓာတ်ကျတော့တာပါပဲ။ ဟင် ဆံပင်ကြီးက ဘယ်လိုမှန်းလဲ မသိဘူး၊ အင်္ကျီကလည်း ဘယ်လိုပုံမျိုးကြီးလဲဆိုတဲ့ အသံမျိုး တွေကို ကြားလိုက်တာနဲ့ သူ စိတ်ထိခိုက်တော့တာပါပဲ။ ချီးမွမ်းတဲ့ စကား တစ်လုံးကို ကြားရတာဟာ သူ့ကို ကျေနပ်နှစ်သိမ့်မှု ပေးလိုက်သလို ဝေဖန်ကဲ့ရဲ့ တဲ့ စကားတစ်လုံးဟာလည်း သူ့ကို ပျက်စီးစေနိုင်ပါတယ်။ ပြီးတော့ နေရာ တကာမှာ ဘက်ပေါင်းစုံမှာ သူ့ကို ချီးမွမ်းရအောင်ကလည်း သူ့အမျိုးမျိုး ဝတ်စားပြရ၊ အမျိုးမျိုးပြင်ဆင်ပြမှ ဖြစ်နိုင်တာမျိုး ဖြစ်လေတော့ ဒီလို ပြင်ဆင်တာမျိုးတွေကို မလုပ်နိုင်တော့တဲ့အခါမှာ သူဟာ ဘယ်တော့မှ အောင် မြင်မှုကို မရတော့ပါဘူး။ ဒါဟာ အလှကြိုက် မမတွေကျဆုံးခန်းပါပဲ။ တချို့ ်န်းမချော မိန်းမလှတွေ စိတ်ကျသွားပြီး သူတို့ဟာ လှလည်းမလှတော့ဘူး၊ ဆွဲဆောင်မှုလည်း မရှိတော့ဘူးလို့ ဝမ်းပန်းတနည်း ဖြစ်သွားကြရတာဟာ အဲဒီအကြောင်းကြောင့်ပါပဲ။

အလှပြင်တယ်ဆိုတာ ပွဲတက်ဖို့နဲ့ ကြည့်ပျော်ရှုပျော်ဖြစ်ဖို့လည်း ဖြစ် ပါတယ်။ မိန်းမတစ်ယောက်ဟာ သူ့အဝတ်အစားသစ်တွေကို ဝတ်ပြပြီး ဧည့်ခံ ပွဲတစ်ပွဲကနေပြီး တစ်ပွဲကို သွားချင်တယ်။ သူ့ကို တခြားမိန်းမတွေ မြင်စေချင် တယ်။ တခြားမိန်းမတွေထက် သာချင်တယ်။ တစ်ခါတလေမှာကိုယ့်ယောကျ်ား က ဧည့်ခံပွဲကို လိုက်နိုင်တာလည်းရှိတယ်။

အများအားဖြင့်တော့ မိန်းမက သူ့ 'လူမှုတာဝန်' တွေကို လုပ်နေ ရတုန်းမှာ ယောကျ်ားဟာ အလုပ်လုပ်နေရတာ များတယ်။ အဲဒီပွဲမျိုးတွေမှာ တစ်ယောက်နဲ့တစ်ယောက် ပြောစရာစကားမရှိလို့ ငြီးငွေ့စရာကောင်းပုံတွေ၊ စိတ်ပျက်စရာကောင်းပုံတွေကိုတော့ ဝတ္ထုရေးဆရာတွေ၊ မကြာခဏရေး ခဲ့ကြပါပြီ။

ဥပမာအားဖြင့် အဲဒီပွဲမှာ မိန်းမတွေဟာ လူမှုရေးကြောင့်သာ ရောက် လာရတယ်။ ပြောစရာစကား မရှိကြဘူး။ ရှေ့နေရဲ့ဇနီးနဲ့ ဆရာဝန်ရဲ့ဇနီး ကြားမှာ ပြောစရာအကြောင်း ရှာမရဘဲ ဖြစ်နေတတ် တယ်။ အဲဒီလိုပွဲမျိုးမှာ လာပြီးအိမ်မှာကလေးတွေ ဘယ်လိုဆော့တဲ့အကြောင်း၊ အိမ်မှုကိစ္စတွေ ဘယ် လောက်များတဲ့အကြောင်းကို လာပြောနေလို့လည်း ဘယ်ကောင်းပါ့မလဲ၊





ဒီတော့ ဘာပြောရသလဲဆိုတော့ ရာသီဥတုအကြောင်း၊ နောက်ဆုံးပေါ် ဖက်ရှင် အအုပ်အကြောင်း၊ သူတို့ယောကျ်ားတွေဆီက ကြားရတဲ့ ခေတ်အတွေးအခေါ် တွေ အကြောင်းလောက်ကိုပဲ ပြောကြရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမနဲ့ အတင်းအဖျင်း

ဒါပေမယ့် ပေါင်းသင်းဆက်ဆံရေး ဘ၀ကတော့ ထုံးစံအရလုပ်ရတဲ့ တာဝန်တွေထက် ပိုပြီးစိတ်ဝင်စားစရာ ကောင်းတယ်လေ။ ဧည့်ခံပွဲ တစ်ခုဟာ မိန်းမရဲ့ အိမ်ထဲကို ဧည့်သည်တွေလာတာကို ကြိုဆိုရုံသက်သက် မဟုတ်ဘူး။ အဲဒီနေရာကို စွဲမက်စရာကောင်းတဲ့ ဘုံဗိမာန်တစ်ခု ဖြစ်အောင်လည်း ပြောင်းလဲ...းလိုက်တယ်။ ပေါင်းသင်းဆက်ဆံရေး လုပ်ငန်းတစ်ခုဟာ တစ်ချိန်တည်းမှာ ပါတီပွဲတစ်ခု၊ အခမ်းအနားတစ်ခု ဖြစ်သွားတယ်။ အိမ်ရှင်လုပ်တဲ့ အမျိုးသမီးကလည်း သူ့ရဲ့ အဖိုးတန် ရတနာတွေကို ခင်းကျင်းပြသတော့တာပါပဲ သူ့ရဲ့ ငွေဇွန်းတွေ၊ ငွေခက်ရင်းတွေ၊ ငွေပန်းကန်တွေ၊ ဖန်ထည်တွေ၊ စားပွဲခင်းတွေ၊ လက်သုပ်ပဝါတွေ စတဲ့ အသုံးအဆောင်တွေကို ထုတ်ပြီး ကျကျနန ပြင်ထားပါတယ်။ ပန်းအိုးတွေ၊ ပန်းအလှတွေကို ပြင်ထားပါတယ်။ စက္ကူပန်း အလှတွေကို စိုက်ထားပါတယ်။ ပန်းအလှဟာ ခဏသာ ခံပြီးများစွာ အသုံးမကျသည့်တိုင် အခြားသော ဇိမ်ခံ အလှအပ အဖိုးတန်ပစ္စည်းတွေနဲ့ ဆင်ယင်ထားတာနဲ့စာရင် ပန်းအလှဟာဧည့်ခံပွဲကို ပိုပြီး မြိုင်ဆိုင်ကျက်သရေ တိုးစေပါတယ်။ ပန်းအိုးထဲက အကြာခင် သွေ့ခြောက် ညှိုးလျော်သွားတော့မယ့် ပန်းပွင့်တွေဟာ မီးပုံပွဲတွေ၊ အမွှေးတိုင်တွေ၊ အမွှေးနံ့သာတွေ၊ လှူဖွယ်ပစ္စည်းတွေရဲ့ နေရာကို အစားဝင်ယူပါတယ်။ စားပွဲပေါ်မှာတော့ စားသောက်ဖွယ် ချိုချဉ်ခဲဖွယ်များနဲ့ ဝိုင်အရက်တွေ ခင်းကျင်းပြင်ဆင်ထား ပြီးပါပြီ။ သဘောကတော့ ဧည့်သည်များကို လက်ဆောင်များ တည်ခင်းရင်း သူတို့ကို စားပါ၊ သောက်ပါလို့လည်း ဖိတ်ခေါ်နေတဲ့ သဘောပါ။ သူတို့ရဲ့အလှူကို ဖိတ်ခေါ်နေတဲ့ သဘောပါ။ ဒီလိုနဲ့ ဧည့်ခံပွဲ၊ ထမင်းပွဲ၊ ညစာစားပွဲဟာ လေးနက်တဲ့အခမ်းအနားတစ်ခု





ရဲ့အသွင်ကို ဆောင်သွားပါတယ်။ 'မစ္စက်ဒယ်လိုဝေး' ဆိုတဲ့ဝတ္ထုမှာ စာရေးဆရာမ ဗာဂျီနီယာဝုဖ်က ဧည့်သည်ဖိတ်ကျွေးတဲ့ ထမင်းပွဲတစ်ပွဲရဲ့ မြင်ကွင်းကို ဒီလိုရေးပြသွားပါတယ်။

'ဆင်နားရွက်တံခါးပေါက်မှနေ၍ ခါးစည်းအဝတ်စည်း၍ ဦးထုပ်ဆောင်းထားသည့် အိမ်ဖော်ကလေးများ အသံမပြည်ဘဲ ဝင်လိုက်ထွက်လိုက် လုပ်နေကြသည်ကို မြင်ရသည်။ ထို့နောက် ထမင်းစားပွဲသည် အဆင်သင့်ဖြစ်လေပြီ၊ ဖန်ခွက်များ၊ ငွေဇွန်း ငွေခက်ရင်းများ၊ ပန်းကန်ပြားအောက်တွင်ခံသည့် ကတ်ပြားကလေးများ၊ သစ်သီးပန်းကန်များ အားလုံးအဆင်သင့် ဖြစ်နေကြသည်၊ ညိုမောင်းသည့် မလိုင်နှစ်များက ငါးခွေးလျှာကို ဖုံးထားသည်၊ ဟင်းချိုထဲတွင် ကြက်သားအတုံးများက ကူးခတ်နေကြသည်။ မီးလင်းဖိုတွင် မီးတောက်များက တောက်နေကြသည်။ ကော်ဖီနှင့်ဝိုင်တို့ သောက်ပြီးသည့်အခါတွင်မူ ရီဝေနေသော မျက်လုံးများရှေ့တွင် ပျော်စရာရုပ်ပုံတွေ ထင်လာကြသည်၊ ထိုမျက်လုံးများမှာ တွေးတောဆင်ခြင်နေသော မျက်လုံးများ၊ ဘဝကို ...တဆန်းလာစေပြီး ပို ၍နက်ရှိုင်း သိရခက်လာစေသော မျက်လုံးများဖြစ်သည်

အဲဒီအချိန်မှာ မိန်းမဟာ အဲဒီ လျှို့ဝှက်နက်နဲမှုတွေကို ကြီးမှူးကျင်းပပေးရတဲ့အတွက် ဂုဏ်ယူတယ်။ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ရွှင်လန်းမှုအပေါင်းကို ...ယ်ဆောင်ပေးသူ ဖြစ်ရတဲ့အတွက် ဂုဏ်ယူတယ်။ ဒီလို ဧည့်သည်တွေ လာရောက်ဆုံစည်းတာဟာ သူကတစ်ဆင့် ရောက်လာ ကြရတာ မဟုတ်လား။ ပျော်စရာ ညနေ ဆည်းဆာကလေးတစ်ခု ဖြစ်လာခဲ့ရတယ် မဟုတ်လား။ သူ့အတွက်ရော၊ ဧည့်သည်တွေ အတွက်ရော၊ သူ့ကြောင့် သူ့ကို သတိရစရာ အဖြစ်အပျက်ကလေးတစ်ခု ဖြစ်လာခဲ့ရတယ် မဟုတ်လား။ သူဟာပျော်ရွှင်မှုနဲ့ ...ပြစ်မှုတို့ကို ဖော်ဆောင်ပေးတဲ့ အလိုအလျောက် တည်ရှိနေတဲ့ ရင်းမြစ်တစ်ခု ...ဟုတ်လား။ အိမ်မှာ ဧည့်ခံပွဲကလေးတွေ၊ ပါတီပွဲကလေးတွေလုပ်တာနဲ့ ပတ်...က်လို့ မစ္စက်ဒယ်လိုဝေး စဉ်းစားပုံကလည်း စိတ်ဝင်စားစရာပါ။

အကယ်၍ သူ့မောင်တော် ပီတာက 'လုပ်ပါ၊ လုပ်ပါ၊ ဧည့်ခံပွဲတွေ ...တီပွဲတွေကို လုပ်ပါ၊ ကိုယ်ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် ပါတီတွေဧည့်ခံ...တွေလုပ်တာ ဘာအဓိပ္ပာယ်ရှိသလဲ၊ အဲဒါတော့ကိုယ်သိချင်တယ်' ဟု မေးလာ...သည်။ ထိုသို့ မေးလာလျှင်တော့ ဒယ်လိုဝေးတွင် ခိုင်ခိုင်မာမာ ယုတ္တိယုတ္တာ ...နှင့် ဖြေစရာမရှိပါ။ ဖြေလျှင်လည်း မည်သူကမျှ နားလည်နိုင်မည်မထင်ပါ။

ဒါကတော့ မောင်ရယ်၊ ပူဇော်လှူဒါန်းတဲ့ သဘောပါ၊ ပေးကမ်း...သဘောပေါ့၊ ခင်တို့ မောင်တို့ မိတ်ဆွေထဲမှာ တစ်ယောက်က ...



www.burmeseclassic.com

www.burmeseclassic.com



မှာ နေတယ်။ တစ်ယောက်က ကင်ဆင်တန်မှာ နေတယ်။ တစ်ယောက်က မေဖဲယားမှာနေတယ်။ တစ်မြို့ထဲမှာ နေပေမယ့် တစ်နေရာနဲ့ တစ်နေရာ ကွဲနေကြတယ် မဟုတ်လား။ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ ရှိလျက်သားနဲ့ မတွေ့နိုင်ကြဘူး၊ ဘယ်လောက် စိတ်ထိခိုက်စရာကောင်းသလဲ၊ ဘယ်လောက် ဝမ်းနည်းစရာကောင်းသလဲ၊ ခုလို ခင်တို့အိမ်မှာ ညေ့ခံပွဲကလေးလုပ်တော့ တစ်ယောက်နဲ့တစ်ယောက် ဆုံကြရတာပေါ့၊ သဘောကတော့ မိတ်ဆွေသူငယ်ချင်းတွေကို စုစည်းမိအောင်၊ တွေ့ရအောင်လုပ်တဲ့ ပူဇော်ပွဲကလေးတစ်ခုပါ၊ ဘယ်သူ့ကို ပူဇော်တာလဲလို့ မောင်ကမေးချင် မေးဦးမယ်၊ ဘယ်သူ့ကိုမှ ပူဇော်တာ မဟုတ်ဘူး၊ ပူဇော်ချင်စိတ်ပေါ်လာလို့ ပူဇော်တာသက်သက်ပဲ၊ ကျွေးမွေးချင်လို့ လှူဒါန်းချင်လို့၊ လက်ဆောင်အဖြစ် ပေးချင်လို့ လုပ်တာပဲ'

ထိုအဖြေမှလွဲ၍ တခြားဖြေစရာမရှိပါ။ ထိုညေ့ခံပွဲမျိုးကို မည်သူမဆို လုပ်နိုင်ပါသည်။ သို့ရာတွင် ထိုသို့လုပ်သူကိုမူ ဒယ်လိုဝေး သဘောကျပါသည်။ လုပ်ဖော်ရသဖြင့် ဝမ်းသာရပါသည်။

တကယ်လို့ အဲဒီ ညေ့ခံပွဲကလေးဟာ ဘာကိုမှ ရည်ရွယ်ခြင်း မရှိ၊ လက်ဆောင်တို့၊ ဘာတို့ ပြန်ရဖို့ မျှော်မှန်းခြင်း မရှိ။ သူက အပြန်အလှန် ဖိတ်ကြားလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်လည်း မရှိဘဲ ကျွေးချင်လို့ကို ကျွေးတာဆိုရင် အဲဒီ ညေ့ခံပွဲ၊ အဲဒီ ပါတီပွဲဟာ မှန်မြတ်ပါတယ်။ ဒါပေမယ့် ခက်တာက လူမှုထုံးစံတွေ ပြောင်းလဲလာတဲ့အခါကျတော့ အဲဒီလို ညေ့ခံပွဲတွေဟာ ပကာသန အလုပ်ကြီးတစ်ခု ဖြစ်လာတယ်။ လက်ဆောင်ပေးရတာတို့၊ ညေ့ခံပွဲကို အဆင့်အတန်းပြတဲ့ သင်္ကေတတစ်ခုဖြစ်အောင် လုပ်ရတာတို့ ရှိလာတယ်၊ ညေ့သည်ကလည်း သူ ဖိတ်ကျွေးတဲ့ ထမင်းပွဲမှာ ထမင်းသာစားနေရပေမယ့် ကိုယ်ကလည်း တစ်ခါ ပြန်ကျွေးရဦးမှာပါလားလို့ သတိရနေတတ်တယ်၊ အိမ်ရှင်ရှေ့မှာသာ ထမင်းပွဲက ခမ်းနားလှချည်လား၊ ခမ်းခမ်းနားနားတွေ သိပ်လုပ်မနေပါနဲ့လို့ အားနာသယောင် ဘာယောင်ယောင် ပြောပေမယ့် ကိုယ့်ယောကျာ်းနဲ့ နှစ်ယောက်တည်း ပြန်လာတဲ့အခါကျတော့ ကျွန်မတို့ကို ကြွားချင်တာလည်း ပါတယ်ထင်ပါရဲ့လို့မဲ့ရွဲ့ပြီး ပြောတတ်တယ် ကြားဖူးသလောက် ပြောရရင် ပြီးခဲ့တဲ့ စစ်ကာလအတွင်းတုန်းက ပေါ်တူဂီ မြို့ကလေးတစ်မြို့မှာ လက်ဖက်ရည်ပွဲလုပ်ရင် တစ်ယောက်နဲ့တစ်ယောက် မုန့်အစုံပြိုင်ကြတာ၊ ပန်းကန်အလှ ပြိုင်ကြတာတွေ များလွန်းလို့ ပိုက်ဆံ သိပ်ကုန်ကြသတဲ့။ နောက်တော့ မိန်းမတွေ စုပြီး လက်ဖက်ရည်ပွဲ လုပ်ရင် ရိုးရိုးပဲ လုပ်ရမယ်။ ကိတ်မုန့်တောင် မထည့်ရဘူးလို့ ဆုံးဖြတ်ချက် ချရသသည်အထိ ဖြစ်သတဲ့။





ဒီလို ကျင်းပတဲ့ ညေ့ခံပွဲမျိုးဟာ ရက်ရောတဲ့သဘော၊ စေတနာပါတဲ့ သဘောတွေ ပျောက်သွားပြီး နောက်ဆုံးမှာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။ အခမ်းအနားအတွက် ပြင်ဆင်ရတာတွေက ဒုက္ခပိုလာတယ်။ ဖန်ထည်တွေ၊ စားပွဲခင်းတွေကို ပြင်ရမယ်။ ရှန်ပိန်တို့၊ အချိုပွဲတို့ကို လောက်ငအောင် လုပ်ထားရမယ်။ ဒီကြားထဲမှာ ပန်းကန်ကွဲသွားတာရှိတယ်။ ကုလားထိုင်ကူရှင်ကို မီးလောင်သွားတာ ရှိတယ်။ နောက်တစ်နေ့မှာ ပစ္စည်းတွေကို ဆေးကြောပွတ်တိုက်ပြီး ပြန်သိမ်းရမယ်။ အိမ်ရှင်မှာ ဒီအလုပ်ပို တွေ လုပ်ရမှာကို လန့်နေတယ်။ ဒီအထဲမှာ အိမ်ရှင်အနေနဲ့ ခခယယ တောင်းပန်းခဲ့ရတာတွေ ရှိသေးတယ်။ အသားသည်ဆီမှာ အသားကောင်းကောင်းရအောင် တောင်းပန်ခဲ့ရတယ်။ ထမင်းချက်ကို ချော့ရတယ်၊ အိမ်စေကို ချီးသာရတယ်။ ညေ့ခံပွဲမှာ တစ်ခုခု ချို့ယွင်းသွားရင် မျက်မှောင်ကုတ်တဲ့ လင်ယောကျာ်း မျက်နှာကိုလည်း ကြည့်ရသေးတယ်။ ညေ့သည်တွေ အဆင်ပြေအောင်လည်း စီမံရသေးတယ်။ ပရိဘောဂတွေ ပြင်ဆင်ရ၊ ဗိုင်ကောင်းကောင်းကို လိုက်ရှာရ စတဲ့ အလုပ်တွေလည်း ရှိသေးတယ်။ သူ့ပါတီပွဲဟာ အောင်မြင်တဲ့ ပွဲတစ်ပွဲ ဖြစ်မှ ဖြစ်ပါမလားလို့လည်း နေရာတကာ ပူပန်ရသေးတယ်။

ရက်ရောပြီး ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှုရှိတဲ့ မိန်းမများသာလျှင် ဒီစမ်းသပ်မှုကြီးကို တည်ငြိမ်စွာ ကျော်လွှားနိုင်ပါတယ်။ အောင်မြင်သွားတယ်ဆိုရင်တော့ ကျေနပ်သွားတာပေါ့လေ။ ဒါပေမယ့် တော်တော်များများကတော့ 'မစွက်ဝယ်လိုဝေး' လိုပဲ ဖတ်ဖတ်မော ကျန်ရစ်ခဲ့ကြတာပါပဲ။ ညေ့ခံပွဲနဲ့ ပတ်သက်လို့ သိပ်စိတ်ပူတတ်နေရင် သိပ်ပြီး အလေးအနက် ထားလွန်နေရင် အိမ်ရှင်ဟာ သိပ်ပြီးပျော်နိုင်မှာ မဟုတ်ဘူး။ အလေးအနက် မထားပြန်ရင်လည်း သူ့ ညေ့ခံပွဲကို မအောင်မြင်ခဲ့တဲ့အတွက် စိတ်ထဲမှာ မကျေမနပ်ဖြစ်ကျန်ရစ်ခဲ့တတ်ပါတယ်။

သမိုင်းဆရာနဲ့ လူမှုသိပ္ပံ ပညာရှင် မစ်ရှယ်လေးက 'မောင်နှံစုံတွဲတို့တွင် အဖွဲ့ဝင်တစ်ယောက်မျှသာဖြစ်သည့် အမျိုးသမီးသည် အမျိုးသားထက် အထီးကျန် ဖြစ်နေရခြင်းမှာ ဝမ်းနည်းစရာကောင်းပေသည်၊ ယောကျာ်းမှာ သွားလေရာတွင် အပေါင်းအသင်း၊ အဖော်အလျော်ကို တွေ့နိုင်၏၊ အဆက်အသွယ်သစ်များကို အမြဲရနေ၏၊ အမျိုးသမီးမှာကား မိသားစုမရှိသည် နှင့် ဘာမျှမဟုတ်တော့၊ မိသားစုဆိုသည်မှာလည်း လွန်စွာကြီးလေးလှသည့် အထုပ်ကြီးတစ်ခုသာ ဖြစ်ပေ၏၊ ဝန်ထုပ်ကြီး တစ်ခုလုံးသည် သူ့အပေါ်တွင် ကျလျက်ရှိပေသည်' လို့ ရေးခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပါပဲ။ ကျဉ်းမြောင်းတဲ့ နယ်နမိတ်အတွင်းမှာ တစ်ယောက်တည်း ထီးတည်းနေရတဲ့ မိန်းမဟာ ရည်မှန်းချက်တစ်ခုကို သွားရာမှာ ဒိုးတူပေါင်ဘက်နေရတဲ့ ရဲဘော်ရဲဘက်စိတ်မျိုးကို မခံစားရရှာပါဘူး။ သူဟာ တစ်နေကုန် အိမ်မှာ တစ်ယောက်တည်း နေရစ်ခဲ့ရပါတယ်။ အိမ်ထောင်ကျသွားတဲ့အတွက် မိသားစုနဲ့ ခွဲခဲ့ရတယ်။ ငယ်ငယ်က အပေါင်းအသင်းတွေနဲ့ ကွဲခဲ့ရတယ်။ ဒီလို ဘဝဟောင်းကို ပြောင်းပြန်လှန်ပစ်လိုက်ရတဲ့ အခြေအနေမှာ အပေါင်းအဖော်သစ်တွေ၊ မိသားစုတွေဆီက တစ်ခါတလေလာတဲ့ စာကလေးတွေကလည်း သူ့ကို ဖြေသိမ့်မပေးနိုင်ပါဘူး။ ခုခေတ်မှာ အိုးအိမ်ရှားပါးတဲ့အတွက် ရခါစ ဇနီးမောင်နှံတို့ဟာ ယောက္ခမတွေနဲ့အတူ နေရတတ်ပါတယ်။ ဒီလို မလွဲမရှောင်သာ အခြားသူများနဲ့ အတူနေရပေမယ့် သူတို့အဖို့ တကယ်စစ်မှန်တဲ့ အပေါင်းအဖော်ကိုတော့ သိပ်မရကြပါဘူး။

'နောက်ထပ် မိတ်ဆွေတွေတွေ့လာတာဟာ မိန်းမတစ်ယောက်အဖို့ အဖိုးတန်တာတော့ မှန်ပါတယ်။ ဒါပေမယ့် မိန်းမချင်း မိတ်ဆွေဆက်ဆံရေးဟာ ယောကျာ်းချင်းဆက်ဆံရေးနဲ့တော့ မတူပါဘူး။ ယောကျာ်းတွေကတော့ သူတို့ အချင်းချင်း ထင်မြင်ချက်တွေ ဖလှယ်ကြမယ်။ ဝါသနာပါရာကို ပြောကြမယ်။ ဒါပေမယ့် အသိုင်းအဝိုင်းကလေးတစ်ခုထဲမှာ ကျဉ်းမြောင်းစွာ နေကြရတဲ့ မိန်းမအချင်းချင်း ကြားမှာတော့ သူတို့ စိတ်ထဲမှာ မသိမသာရှိနေတဲ့ ပေါင်းဖော်မိတ်ဆွေ ဖြစ်ကြရပါတယ်။ သူတို့အချင်းချင်း တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် သူတို့ ဘုံပိုင်ဆိုင်တဲ့ မ သဘာဝ၊ မ စကြာဝဠာကြီးကို တခြားတစ်ယောက်မှာ ရှာကြည့်လိုက်တော့တာပါပဲ။ သူတို့မှာ ဆွေးနွေးစရာ ထင်မြင်ချက်တို့၊ အယူအဆတို့ ဆိုတာတွေလည်း မရှိတော့ ကိုယ်ရေးကိုယ်တာ အတွင်းရေးတွေနဲ့ ထမင်းဟင်းချက်တဲ့ ကိစ္စတွေကိုပဲ ရောက်သွားကြတော့တယ်။ သူတို့ဟာ ယောကျာ်းတွေနဲ့ ခြားနားတဲ့ တန်ပြန် စကြဝဠာကြီးကို ထူထောင်ဖို့ အတွက် ကြိုးစားကြတယ်။ ယောကျာ်းတွေထားတဲ့စံတွေ၊ တန်ဖိုးတွေထက် ပိုပြီး အလေးချိန်စီးတဲ့ တန်ဖိုးတွေ၊ စံတွေ ထူထောင်ဖို့ ကြိုးစားကြတယ်။ သူတို့ကို တုပ်နှောင်ထားတဲ့ နှောင်ကြိုးတွေကို ခါချပစ်ဖို့ အားရှိလာတယ်။ ယောကျာ်းတွေ ညံ့ဖျင်းပုံ၊ ယောကျာ်းတွေ အဖြစ်မရှိပုံတွေကို ပြောပြီး ဖိုသဏ္ဌာဝါရဲ့ လိင်စိုးမိုးမှုကို တွန်းလှန်ဖို့ ကြိုးစားကြတယ်။ ယောကျာ်းတွေ အလိုဆန္ဒအားကြီးပုံ၊ ယောကျာ်းတွေစွမ်းအားမဲ့ပုံကို လှောင်ပြောင် ပြောကြတယ်။ သူတို့ ယောကျာ်းတွေ တစ်နည်းအားဖြင့် ဖိုသဏ္ဌာဝါ အားလုံးတို့ရဲ့ စိတ်ဓာတ်အရ ဉာဏ်ပညာအရ အားကြီးမှုကို လှောင်ပြောင်စိန်ခေါ်ကြတယ်။





သူတို့အချင်းချင်း အတွေ့အကြုံတွေကို နှိုင်းယှဉ်ကြည့်တယ်။ ကိုယ်ခံဆောင်ရတဲ့ ကိစ္စ၊ မီးဖွားရတဲ့ ကိစ္စ၊ သူတို့ ကျန်းမာရေး ကိစ္စ၊ ကလေးတွေရဲ့ ကျန်းမာရေးကိစ္စတွေကို နှိုင်းယှဉ် ပြောကြတယ်။ ဒီနည်းအားဖြင့် မိန်းမဝိုင်းမှာ အိမ်တွင်းမှု ပြဿနာများဟာ လူ့ဇာတ်လမ်းရဲ့ အဓိကကျတဲ့ ဇာတ်ကွက်ဖြစ်လာရတယ်။ သူတို့ရဲ့ အိမ်တွင်းမှုလုပ်ငန်းဟာ နည်းနာတစ်ခု မဟုတ်ဘူး။ ဟင်းချက်နည်းတစ်ခုခုကို ပေးတာမျိုး၊ ဘာနဲ့ ဘာစားရင် မတည့်ဘူး ဆိုတာမျိုးလေးတွေဟာ အသေးအဖွဲ့စကားတွေ မဟုတ်ပါဘူး။ အစဉ်အလာ နှုတ်ပြောစကားပေါ်မှာ တည်ထောင်ထားတဲ့ လျှို့ဝှက်တဲ့ သိပ္ပံပညာတစ်ခုလို ဂုဏ်သိက္ခာရှိ ထိန်းသိမ်းနေတာ။ တစ်ခါတလေမှာ အကျင့်သိက္ခာ ပြဿနာတွေကို သူတို့ ပြောလေ့ရှိကြတယ်။ အမျိုးသမီး မဂ္ဂဇင်း အယ်ဒီတာထံ ပေးစာတွေကို ကြည့်လိုက်ရင် သူတို့တတွေ ဘာတွေပြောသလဲဆိုတာ အလွယ်နဲ့ ခန့်မှန်းကြည့်နိုင်တယ်။ အမျိုးသားတွေ ဖတ်တဲ့ မဂ္ဂဇင်းတွေမှာ 'အထီးကျန် နှလုံးသား' တို့ ဘာတို့ ဆိုတဲ့ စာမျက်နှာတွေ ဘယ်မှာတွေ့နိုင်မလဲ။ လူတွေက လောကကြီးထဲမှာ တွေ့ကြဆုံကြတယ်၊ ဒါက သူတို့ လောကကြီးပေကိုး။ မိန်းမတွေကတော့ သူတို့ရဲ့ အထူးနယ်ပယ်ကို သတ်မှတ်ရတယ်၊ တိုင်းထွာရတယ်၊ စူးစမ်းရှာဖွေကြည့်ရတယ်။ မဂ္ဂဇင်းအယ် ဒီတာဆီကိုပေးတဲ့ သူတို့ စာတွေဟာ အလှပြုပြင်တာ၊ ထမင်းဟင်း ချက်ပြုတ်တာ၊ အချုပ်အလုပ် လုပ်တာ စတာတွေနဲ့ ပတ်သက်နေတယ်။ အဲဒီကိစ္စတွေနဲ့ ပတ်သက်လို့ အကြံတောင်းတယ်။ စကားပြောတာကိုလည်း ဝါသနာပါ၊ ကိုယ်ထင်ပြတာကိုလည်း ဝါသနာပါလေတော့ မိန်းမတွေပေးတဲ့ အယ်ဒီတာထံ ပေးစာတွေထဲမှာ တစ်ခါတစ်ရံ တကယ် စိုးရိမ်သောကတွေကို သွားတွေ့ရတယ်။

ယောကျာ်းတွေလိုက်နာတဲ့ ထုံးစံတွေဟာ သူတို့နဲ့မဆိုင်ဘူးဆိုတာ မိန်းမတွေ ကောင်းကောင်းသိတယ်။ တကယ်လို့ ယောကျာ်းက သူကိုယ်တိုင် ရှုတ်ချထားတဲ့ ကိုယ်ဝန်ဖျက်ချတာတို့၊ ဖောက်ပြားတာတို့၊ အမှားတစ်ခုခု လုပ်တာတို့၊ သစ္စာဖောက်တာတို့၊ လိမ်ညာတာတို့ကို လုပ်ဖို့ တိုက်တွန်းရင် လက်ခံမှာ မဟုတ်ဘူး ဆိုတာ ယောကျာ်းတွေက အလိုလို သိနားလည်ပြီး ဖြစ်တယ်လို့ မိန်းမသိတယ်။ ဒါကြောင့်မို့ မိန်းမတွေဟာ အချင်းချင်း သူတို့ဘာသာ စည်းကမ်းချက်ကလေးတွေကို လုပ်တတ်တယ်။ သူတို့ရဲ့ 'ဒေသဆိုင်ရာ ကိုယ်ပိုင်စည်းကမ်းချက်ကလေးတွေ' လို့ ဆိုပါတော့။ အထူးသဖြင့် မိန်းမတွေ လိုက်နာရမယ့် ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းတွေပေါ့လေ။ သူတို့ မိတ်ဆွေ အပြုအမူ၊ အနေအထိုင်တွေကို မိန်းမချင်းစုပြီး ဝေဖန်ကြတာ၊ ပြင်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းပြောရရင် အတင်းပြောကြတာဟာ မနာလို မရှုဆိတ် စိတ်ဓာတ်သက် သက်ကြောင့်ချည်း မဟုတ်ဘူး။ တခြားသူတွေအပေါ်မှာ ဝေဖန်ချက်ပေးနေတာ ဟာ တစ်နည်းအားဖြင့် သူတို့လိုက်နာရမယ့် အပြုအမူဆိုင်ရာ ထုံးတမ်း စည်း ကမ်းတွေကို အချင်းချင်း မသိမသာ သတ်မှတ်ပေးနေတာ ဖြစ်တယ်။ ဒီလို စည်းကမ်းချက်တွေကို ချမှတ်နိုင်ဖို့အတွက် မိန်းမဟာ ယောကျ်ားတွေထက် စိတ်ဓာတ်ဆိုင်ရာ ပွင့်လင်းမှုကို ပိုလိုအပ်တယ်။ ဒီလို ဝေဖန်ခြင်းဖြင့် သူတို့ ကိုယ်တိုင်ရော၊ အခြားသူတွေရော ရှောင်သင့် ရှောင်အပ်၊ လိုက်နာသင့် လိုက်နာ အပ်တဲ့ ထုံးစံဓလေ့တွေကို မသိမသာ ချမှတ်ပေးနေခြင်းသာ ဖြစ်တယ်။

မိန်းမချင်းချင်း ဆက်ဆံရေးမှာ အဖိုးတန်တဲ့အရာကတော့ အချင်း ချင်း ပွင့်လင်းမှုပဲ။ မိန်းမဟာ ယောကျ်ားနဲ့တွေ့တဲ့ အခါမှာ အမြဲလိုလို မာယာ ဆောင်တယ်။ သူ့အဆင့်အတန်းဟာ လင်ယောကျ်ားလောက် အရေးမကြီးဘူး လို့ အများထင်အောင် ပြရာမှာ သူဟာ လိမ္မာပြီးပြီတယ်။ အလှောင်အပြောင် အပြုံးအမဲ့ ၊ အလှအပ၊ အဝတ်အစား၊ အမူအနွဲ့ စတဲ့ အနုဘာဝလေးဆယ်ကို ဆောင်တဲ့နေရာမှာ သူလိမ္မာတယ်။ ဒီလို မုယာမာယာ ဆောင်ရတဲ့အတွက် သူ့မှာ အမြဲလိုလို စိတ်တင်းကျပ်မှုဟာ မသိမသာ ရှိနေတယ်။ သူ့ခင်ပွန်းနဲ့ ဖြစ်စေ၊ သူ့ချစ်သူနဲ့ ဖြစ်စေ ရှိနေစဉ်မှာ မိန်းမဟာ ငါဟာ ငါ့စိတ်နဲ့ ငါ့ကိုယ် မဟုတ်ပါလားလို့ အမြဲ သတိရနေတတ်တယ်။ ဖိုရဲ့ ကမ္ဘာဟာ ကြမ်းတမ်း တယ်၊ ချွန်မြတယ်။ ဖိုလောကရဲ့ အသံဟာ ကျယ်လောင်မြည်ဟည်းတယ်။ အလင်းရောင်တွေက စူးရဲလွန်တယ်။ အထိအတွေ့ ကြမ်းရှတယ်။ တခြားမိန်းမ တွေနဲ့ဆိုရင် မိန်းမဟာ ပုန်းကွယ်နေတတ်တယ်။ သူ့ရဲ့ လက်နက်တွေ၊ တန် ဆာပလာတွေကို အရောင်တင်နေတယ်။ သူအဝတ်အစားတွေကို သားနား အောင်လုပ်တယ်။ မိတ်ကပ်ကို ပြင်တယ်။ နည်းပရိယာယ်တွေကို ချမှတ်တယ်။

ဓာတ်စင်ပေါ်ကို မတက်ခင်မှာ ဓာတ်စင်ဘေးက အခန်းထဲမှာ သူ ကိုယ်သူ ပြင်ဆင်တယ်။ လိမ်းခြယ်တယ်။ ဒီလို ပူနွေးပြီး သက်သောင့်သက်သာ ရှိတဲ့ ပတ်ဝန်းကျင်းကို သူသဘောကျတယ်။ 'လေးကေပယ်' ဆိုတဲ့ ဝတ္ထုထဲ မှာ စာရေးဆရာမ 'ကိုးလက်'က အပ်ချုပ်ရင်း သူတို့အလုပ် အသေးအဖွဲ့ကလေး တွေကို ပြောနေတဲ့ ကောင်မလေးနှစ်ယောက်အကြောင်းကို ရေးထားတယ်။ သူတို့ နှစ်ယောက်နဲ့ ဆန့်ကျင်ဘက်ကို ပြတဲ့အနေနဲ့ တခြားကောင်မလေး တစ်ယောက်ကတော့ သူ့ချစ်သူကောင်လေးနဲ့ တွေ့ခါနီးမှာ အလှပြင်နေတယ်။ သူ့အခြေအနေကတော့ စောစောက ကောင်မလေးနှစ်ယောက်ရဲ့ အခြေအနေ သက်သောင့်သက်သာ စိမ်ပြေနပြေ မဟုတ်ဘူး။ လေးနက်နေတယ်။ အရေးကြီး





နေတယ်။ မျက်ရည်တွေကျနေလို့ မဖြစ်ဘူး။ နှုတ်ခမ်းမှာ ပေရေနေလို့ မဖြစ် ဘူး။ မိတ်ကပ်တွေ ပျက်နေလို့ မဖြစ်ဘူး။ ဝတ်စုံလှလှကလေးကို မဝယ်ခဲ့မိလို့ နောင်တရနေတယ်။ ပိုးခြေစွပ်ရှည် လှလှကလေးကို ငှားရဦးမယ်။ ပန်းကလေး ကို ပန်ရမလား၊ မပန်ရဘူးလား၊ ဆိုတာကို ဆုံးဖြတ်ရဦးမယ်။ အို သူ့မှာ ပြဿနာတွေ အများကြီးပဲ။ ဒီလို အခြေအနေမျိုးမှာ မိန်းမချင်း တစ်ယောက်နဲ့ တစ်ယောက် အကူအညီပေးကြတယ်။ သူတို့ရဲ့ လူမှုရေး ပြဿနာတွေကို ဆွေးနွေးကြတယ်။ တစ်ယောက်ဟာ တစ်ယောက်ရဲ့ ခိုနားတွယ်ရာ သိုက်မြုံ လို့ ယူဆကြတယ်။ ဒီအချိန်မှာ သူတို့ပြောသမျှ၊ သူတို့လုပ်သမျှဟာ အစစ် အမှန်ဖြစ်တယ်။ အလိမ်အညာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## သုံးပွင့်ဆိုင်အချစ်

အတူတူဖြစ်တယ်လို့ သဘောပေါက်ကြလို့ ဖြစ်တယ်။ ဒါပေမယ့်
ဒီလို သဘောပေါက်ကြတဲ့ အတွက်ကြောင့်ပဲ သူတို့ အားလုံးဟာ တစ် ယော
ကို တစ်ယောက် မနှစ်သက်နိုင်ပဲ ဖြစ်ကြရပြန်တယ်။ အိမ်ရှင်မတစ်ယောက်ဟ
ကိုယ်ယောကျ်ားထက် သူ့အိမ်စေမိန်းမနဲ့ ပိုပြီး ရင်းနှီးနေတတ်တယ်။ သူတို့ဟ
တစ်ယောက်နဲ့တစ်ယောက် လျှို့ဝှက်ချက်တွေကို ဖွင့်ပြောကြတယ်။ တစ်ခါတ
ရံမှာ ကြံ့ရာပါတွေတောင် ဖြစ်နေတတ်ကြသေးတယ်။ ဒါပေမယ့် သူတို့နှစ်
ကြားမှာ ရန်လိုတဲ့ သဘောဟာလည်း ရှိနေတတ်တယ်။ အိမ်ကြီးရှင် သခင်
ဟာ သူကိုယ်တိုင် ဘာမှဝင်ရောက် လုပ်ကိုင်ခြင်း မပြုသော်လည်း အလုပ်တ
စုအတွက် သူ့မှာ တာဝန်ရှိတယ်လို့ ထင်တယ်။ အဲဒီ အလုပ်အတွက် ဂုဏ်
စရာ ရှိရင် (အိမ်စေက လုပ်ပေးသည့်တိုင်) သူက ဝင်ပြီး ဂုဏ်ယူတတ်တ
သူဟာ အိမ်မှာ မရှိမဖြစ်တဲ့သူ၊ ခွဲခွာမရစကောင်းတဲ့သူလို့ အထင်ခံချင်တ
'ဒီအိမ်မှာ ငါရှိပေလို့ပဲ၊ ငါမျှားမရှိရင် ဘယ်လို နေကြမလဲမသိဘူး' လို့ အိမ်
မတွေ ပြောလေ့ပြောထ ရှိတာဟာ အဲဒီ အကြောင်းကြောင့် ဖြစ်ပါတယ်။ အိ
ရှင်မဟာ သူ့အိမ်စေမကို အပြစ်ရှာတတ်တယ်။ အိမ်စေမက အလုပ်ကို ကော
ကောင်းမွန်မွန်၊ သေသေသပ်သပ်လုပ်ရင် ကိုယ့်ရဲ့ အရေးပါမှု လျော့သွ
တဲ့အတွက် အိမ်ရှင်မဟာ စိတ်တိုတော့တာပါပဲ၊ အလားတူပဲ၊ အိမ်ရှင်မဟာ
အိမ်မှာစာပြတဲ့ ဆရာမ၊ ကလေးထိန်းတဲ့ အာယား၊ သူနာပြု စသူတွေကိုရေ
သူ့အလုပ်ကို ကူညီလုပ်ကိုင်ပေးတဲ့ ဆွေမျိုးနီးစပ်တွေနဲ့ မိတ်ဆွေတွေကိုရေ
ဆီလို အပေါက်ရှာတတ်တယ်။ သူ့ စကားကို နားမထောင်ဘူး၊ သူ့ စိတ်တိုင်
ကျအောင် မလုပ်ဘူး စတဲ့ အကြောင်းပြချက်တွေပေါ့။ သူ့စိတ်တိုင်းကျအောင်





လိုက်မလုပ်ကြဘူး၊ သူ့ဆန္ဒပြည့်အောင် မလုပ်ဘူး စသည်ဖြင့်ပေါ့။ ဒါပေမယ့်
တကယ်ကတော့ သူ့မှာ ဘာစိတ်ကူးမှရှိတာ မဟုတ်ဘူး။ ဘာဆန္ဒမှလည်း
ညည်မည်ရရ ရှိတာ မဟုတ်ပါဘူး။ သူ့စိတ်တိုင်း မကျတာက တခြားကြောင့်
မဟုတ်ဘူး။ တခြားလူတွေက သူလုပ်သလို သေသေသပ်သပ် ကျကျနန လိုက်
လုပ်ကြလို့ သူ မကျေမနပ် ဖြစ်နေတာ။ မိန်းမတွေ ဇာနာဘာယာများတယ်
ဆိုတာ ဒါကြောင့်ပဲ။ အိမ်တစ်အိမ်မှာ ပူညံပူညံ ဖြစ်တယ်ဆိုတာ ဒါကြောင့်ပဲ။
မိန်းမတစ်ယောက်ဟာ အရည်အချင်းကိုပြဖို့ အခွင့်အရေးကောင်းကောင်း မရ
တော့တာနဲ့ သူဟာ အိမ်မှာ သူသာ အာဏာအပိုင်ဆုံး သူဟာ ဩဇာအရှိဆုံး
ဆိုတာ ပြချင်လာတော့တာပါပဲ။

ဒါပေမယ့် ဒါတွေကတော့ အသေးအဖွဲ့ကလေးတွေပါ။ မိန်းမချင်း
ညှိုးသူရန်ဘက်လို အကျိတ်အခဲကြီးနဲ့ ဖြစ်လေ့ရှိတာကတော့ အချစ်ရေးကိစ္စနဲ့
ယောကျ်ားနဲ့ပတ်သက်တဲ့ အပြိုင်အဆိုင် ကိစ္စတွေမှာပါပဲ။ ကလေးမလေးတွေ
မှာ ဒီလို ပြိုင်ဘက်ဖြစ်လို့၊ အပြိုင်အဆိုင်ဖြစ်ကြလို့ ညှိုးသူရန်ဘက် ဖြစ်ရတဲ့
အကြောင်းတွေကို တစ်နေရာမှာ ပြောခဲ့ပြီးပါပြီ။ ဒီလို အဖြစ်မျိုးဟာ ငယ်ငယ်
ရွယ်ရွယ် ကလေးမ အရွယ်တင်သာ မဟုတ်ပါဘူး။ဘဝတစ်လျှောက်လုံးမှာ
လည်း ဒီအတိုင်းဖြစ်သွား တတ်တာပါပဲ။ ခေတ်ဆန်တဲ့ မိန်းမတစ်ယောက်၊
'ခေါ်ရှယ်' ကျတဲ့ မိန်းမတစ်ယောက်အဖို့ အလိုချင်ဆုံး အရာကတော့ သူ့ကို
များတကာ ဝိုင်းဝန်း ချီးမွမ်းတန်ဖိုးထားတာပါပဲ။ သူ့မှာ ကျော်ကြားမှု အရိပ်
အရောင် မှေးမှိန်သွားရင် သူစိတ်ဆင်းရဲရတယ်။ တခြား မိန်းမတစ်ယောက်
ထင်ပေါ်သွားရင်၊ သူ့ထက် အရောင်အဝါ လင်းသွားရင် သူစိတ်ဆိုးတယ်။
တခြားမိန်းမရနေတဲ့ ထင်ပေါ်ကျော်ကြားမှုကို သူလိုချင်တယ်။ ဟုတ်တယ်လေ၊
သူဟာ နေရာတကာမှာ သူများထက် သာချင်တာပေါ့။

ရိုးသားဖွာ ချစ်နေတဲ့ မိန်းမတစ်ယောက်ဟာ သူ့ချစ်သူရဲ့ နှလုံး
သားထဲမှာ ကြီးစိုးနေရရင် ကျေနပ်အောင်မြင်မှုတွေ ကျော်ကြားမှုတွေကိုလည်း
ညည်းနည်းလေးမှ အားမကျဘူး။ သူတို့ ကျော်ကြားမှု၊ သူတို့ ထင်ပေါ်မှုတွေဟာ
ကိုယ့်အချစ်ရေးမှာ လာပြီး အနှောင့်အယှက် မဖြစ်ရင်၊ အန္တရာယ်မဖြစ်ရင်
သူကျေနပ်နေပြီ။ အမှန်ကတော့ ကိုယ် အင်မတန်ချစ်တဲ့ သူငယ်ချင်းရဲ့ သစ္စာ
ဖောက်မှုကို ခံလိုက်ရတဲ့ မိန်းမ တစ်ယောက်ရဲ့ အကြောင်းဟာ ဝတ္ထုတွေမှာသာ
တွေ့ရတတ်တဲ့ အဖြစ်မျိုး မဟုတ်ပါဘူး။ တကယ့်ကတော့ မိန်းမ နှစ်ယောက်
ဟာ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးလာလေလေ သူတို့ နှစ်ဦးကြား
က နှစ်ခွ သဘောထားဟာလည်း ပိုပြီး အန္တရာယ်ကြီးလာလေလေပါပဲ။ သူငယ်

www.burmeseclassic.com



ချင်းဟာ ချစ်သူရှိနေတဲ့ မိန်းမရဲ့ ယုံကြည်မှုကိုခံရတော့ အဲဒီမိန်းမက အတွင်း
ရေးတွေကို ပြောပြတယ်။ သူ့နှလုံးသားကို ဖွင့်ပြတယ်။ သူ့ချစ်သူ အကြောင်း
ကို ပြောပြတယ်။ ဒီမှာတင် သူငယ်ချင်းကလည်း သူ့ချစ်သူကို စိတ်ဝင်စားလာ
တယ်၊ သဘောကျသလိုလို ဘာလိုလို ဖြစ်လာတယ်။ ဒီလို သဘောကျလာ
တော့ သူငယ်ချင်းအပေါ်မှာ သစ္စာရှိသင့်တယ်၊ သူ့ရဲ့ ခံစားချက်တွေကို မျိုသိ
ထားသင့်တယ်လို့ သူ့ကိုယ်သူ ဆုံးမပါသေးတယ်၊ သတိပေးပါသေးတယ်
ဒါပေမယ့် ကြာလာတော့ ဘေးက ဇာတ်ရံအဖြစ် လုပ်နေရတာကို မကျေမန
ဖြစ်လာတယ်။ ဒီလိုနဲ့ သူလည်း အဲဒီ ဇာတ်လမ်းထဲမှာ အဓိက ဇာတ်လိုက်
တစ်ယောက် ဖြစ်လာတော့တာပါပဲ။ ဒီမှာတင် သုံးပွင့်ဆိုင် ဇာတ်လမ်းဆိုတာ
တွေ ပေါ်လာတော့တာပါပဲ။ တစ်ဖက် ရှိသေးတယ်။ မိန်းမ တော်တော်များမှာ
ဟာ သူချစ်သူရှိလာတာနဲ့ တစ်ပြိုင်နက် ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်း မိတ်ဆွေ
တွေကို အမြော်အမြင်ရှိရှိ ရှောင်ကွင်းလေ့ ရှိကြတယ်။ ဒါကြောင့်မို့ မိန်းမတွေ
ဟာ မိမိတို့ရဲ့ တူညီကဲ့ ခံစားချက်တွေကို အပြန်အလှန် ယုံကြည်စွာ ထုတ်ဖော်
ပြောလေ့မရှိကြဘူး။ သူတို့ နှစ်ယောက်အဖို့ ဖိုသတ္တဝါရဲ့ အရိပ်ဟာ အမြဲလို
ထိုးကျနေတာကိုး။ အဲဒီယောက်ျားအကြောင်းကို နှုတ်က ဖွင့်မပြောကြသည်
ရှိ သူဟာ သူတို့ရင်ထဲမှာ ရှိနေတတ်တယ်။ 'နေမင်းရဲ့ အကြောင်းကို နှုတ်က
ထုတ်မပြောပေမယ့် တို့ရင်ထဲမှာတော့ ရှိနေကြတယ်' ဆိုတဲ့ ဂျွန်ပါဆေရဲ့ကဗျာ
ထဲက လို့ပေါ့။

သူတို့နှစ်ယောက်အကြားမှာ အိုင်တွေရင် ခြေဝင်ဆေးတဲ့ ယောကျ်ား
ကို ကျိတ်ပြီး လက်စားချေချင်စိတ်တွေ ပေါ်နေပေမယ့် သူ့ကို ကျိတ်ပြီးကျိန်ဆဲ
ချင်ကျိန်ဆဲ နေပေမယ့် ရင်ထဲမှာတော့ အဲဒီလူကို ကျိက်ပြီး စောင့်နေတတ်ကြ
တယ်။ ယောကျ်ားတွေနဲ့ မတွေ့ရတဲ့နေရာမှာ သူတို့ချည်း ရှိနေတဲ့ နေရာ
မျိုးမှာတော့ မိန်းမတွေဟာ အသေးအဖွဲ့ ကိစ္စတွေ စိတ်ဝင်စားစရာ မကောင်း
တဲ့အရာတွေ၊ စိတ်ညစ်စရာတွေထဲမှာ ငြိမ်နေတတ်ကြတယ်။ အဲဒီလို အခါ
ကလေးမှာ သူတို့ဟာ အမေ့ရဲ့လက်ကျန် ရင်ငွေကလေးနဲ့ နွေးနေကြသေး
တယ်။ ဒါပေမယ့် အဲဒီလိုနေတာဟာ ခဏ ငုပ်လျှိုးနေခြင်းမျိုးသာ ဖြစ်ပါတယ်
မကြာခင်မှာ သူဟာ ဗိုလ်ပုံ ပရိသတ်အလယ်မှာ ပြန်ပေါ်လာနိုင်တယ်ဆိုတဲ့
မျှော်လင့်ချက်ကလေးနဲ့ စောင့်နေခဲ့တယ်။ မကြာခင်မှာ တောက်ထိန်လင်းတဲ့
မီးရောင်တွေဝေနေတဲ့ ဇာတ်ခန်းဆောင်ကို ရောက်မှာပဲဆိုတဲ့ အတွေးနဲ့ ကိုယ်
ရေချိုးခန်းကလေးထဲမှာ အေးအေးလူလူ သီချင်းဆိုချင်ဆိုနိုင်မယ်။ တကယ်
တော့ မိန်းမတွေဟာ အကျဉ်းအကျခံနေရတဲ့ ရဲဘော်ရဲဘက်များသာ ဖြစ်





တယ်။ အဲဒီ အကျဉ်းထောင်ကြီးထဲမှာ ခံနိုင်အောင် တစ်ယောက်ကိုတစ်ယောက်
အားမ ကူညီကြတယ်။ ထွက်ပေါက်ရအောင် တတ်နိုင်သမျှ ကူညီကြတယ်။

ဒါပေမယ့် တကယ်တော့ သူတို့အချင်းချင်း မကူညီနိုင်ပါဘူး။ သူတို့
ကို ကယ်တင်မယ့်သူဟာ ဖိုသတ္တဝါသာ ဖြစ်တယ်။

မိန်းမ တော်တော်များများအဖို့တော့ လက်ထပ်ပြီးသည့်တိုင် ဖိုသတ္တ
ဝါရဲ့လောကကြီးဟာ အရောင်အဝါတောက်ပပြီး နေပါသေးတယ်။ ယောက်ျား
များကတော့ သူ့ရဲ့ ဂုဏ်သိက္ခာ ဆုံးရှုံးသွားရှာပြီးပေါ့။ သူ ရရှိထားတဲ့ အမျိုး
အစား နမူနာထဲမှာ ယောက်ျားရဲ့ အနှစ်သာရဟာ ကြေပြုန်းပျက်စီးပြီး နိမ့်ကျ
သွားရတယ်ဆိုတာ ဇနီးတွေ့သွားတယ်။ ဒါပေမယ့် ယောက်ျားဟာ စကြဝဠာ
ရဲ့ အမှန်တရားဖြစ်မြဲ ဖြစ်နေသေးတယ်။ အထွတ်အထိပ်ကျတဲ့ အာဏာပိုင်
ဖြစ်မြဲ ဖြစ်နေသေးတယ်။ ယောက်ျားဟာ မျက်လုံး မျက်ဆံ၊ သားရဲ၊ ပျော်စရာ၊
နှစ်သိမ့်စားမှု၊ ကယ်တင်ရှင် ဖြစ်မြဲ ဖြစ်နေသေးတယ်။ ယောက်ျားဟာ တမလွန်
ဘိုဘက်မှာ ဝင်စားစရာ ဖြစ်နေပြီး ပြဿနာအားလုံးရဲ့ အဖြေ ဖြစ်နေသေး
တယ်။ သစ္စာအရှိဆုံး ဇနီးဟာ ဒီအံ့ဩဖွယ် ဆန်းကျယ်မှုကို ဘယ်တော့မှ
စွန့်လွှတ်ခြင်းမပြုဘဲ သူ့ယောက်ျားဆိုတဲ့ သီးသန့်ဖြစ်တဲ့ ပုဂ္ဂလ၊ သီးခြားဖြစ်တဲ့
မှီခိုရာနဲ့ ငြီးငွေ့ဖွယ်ကောင်းတဲ့ ပူးပေါင်းမှုထဲမှာ အသာကလေး တံခါးပိတ်
နေတယ်။ မိန်းမဟာ ငယ်ငယ်ကလေးကတည်းက ရှေ့ဆောင်လမ်း ညွှန်းတဲ့
လက်တစ်ဖက်ကို လိုနေခဲ့တယ်။ သူ့ယောက်ျားက အဲဒီ ရှေ့ဆောင်လမ်းညွှန်တဲ့
အခန်းက ပါဝင်ကပြဖို့ ပျက်ကွက်လာခဲ့ရင် ဒါမှမဟုတ် ရှေ့ဆောင်လမ်းပြ
နိုင်တဲ့ အရည်အချင်း ကင်းမဲ့လာခဲ့ရင်တော့ မိန်းမဟာ တခြား ယောက်ျားတစ်
ယောက်ဆီကို လှည့်တော့တာပဲ။ တစ်ခါတလေမှာ အဲဒီ တခြားယောက်ျား
တစ်ယောက်ဟာ အဖေဖြစ်ချင် ဖြစ်နေတတ်တယ်။ ဦးကြီးတို့၊ ဦးလေးတို့
ဖြစ်ချင် ဖြစ်နေတတ်တယ်။ ဆွေမျိုးနီးစပ် တစ်ယောက် ဖြစ်ချင်ဖြစ်နေတတ်
တယ်။ မိတ်ဆွေဟောင်း တစ်ယောက်ဖြစ်ချင် ဖြစ်နေတတ်တယ်။ သူတို့ အပေါ်
မှာ သွားပြီး အားထားမှီခိုတတ်တယ်။

ဒါပေမယ့် မိန်းမရဲ့စိတ်ချယုံကြည်ခြင်းခံရသူ၊ မိန်းမကို ရှေ့ဆောင်
လမ်းညွှန်နိုင်သူ ယောက်ျားတွေထဲမှာ အသက်မွေးဝမ်းကျောင်းအားဖြင့် နှစ်မျိုး
ရှိတတ်တယ်။ သူတို့တစ်တွေကတော့ (ဘုရင်ဂျီ) ဘုန်းကြီးတွေနဲ့ ဆရာဝန်
တွေပဲ။ (ဘုရင်ဂျီ) ဘုန်းကြီးကတော့ သူတို့ ဖွင့်ဟတိုင်ပင်တဲ့အတွက် အဖိုးအခ
နား မပေးရဘူး။ ဘုရားကျောင်းက ဖွင့်ဟ ဝန်ခံချက်ပေးရာ အဆောင်တခန်း
ခံချက် ပေးသူရဲ့ လျှို့ဝှက်ချက်မှန်သမျှကို နားထောင်တယ်။ (ဘုရင်ဂျီ) ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးအဖို့တော့ သူ့သိုးတွေကို သုဂတိလမ်းအတိုင်းသွားအောင် ကြီးကြပ်ပေးရ တာဝန်ရှိတယ် မဟုတ်လား။ အမျိုးသမီးတွေက လူမှုရေးကိစ္စ၊ နိုင်ငံရေး ကိစ္စ တွေမှာ အများအပြား ပါဝင်လာသည်နှင့်အမျှ (ဘုရင်ဂျီ) ဘုန်းကြီးတွေရဲ့ တာဝန်ဟာလည်း ကြီးသည်ထက်ကြီးလာတယ်။ လင်ယောက်ျား တော်များများ ဟာ ဒီလို သူတို့ရဲ့ အိမ်တွင်းရေးကိစ္စမှာ ဘရင်ဂျီသာသနာက ဝင်ရောက်စွက် ဖက်တဲ့အတွက် စိတ်ဆိုးကြတယ်။ လင်နဲ့မယားပေါင်းဖော်တဲ့နေရာမှာ ဘယ်လို ပြုမူနေထိုင်ရမယ်၊ ကလေးတွေကိုဘယ်လို ပညာသင်ပေးရမယ်၊ လင် ယောက်ျားနဲ့ ဆက်ဆံရာမှာ ဘယ်လို ဆက်ဆံရမယ် ဆိုတာတွေကို (ဘရင်ဂျီ) ဘုန်းကြီးက ဟောပြောသွန်သင်တတ်တယ်။ အဲဒီအခါမှာ ယောက်ျားရဲ့ထံမှာ ဘုရားသခင် တစ်ပါးကိုရှာချင်တဲ့ မိန်းမဟာလည်း မြေကြီးပေါ်မှာ ဘုရား သခင်ကိုယ်စား ရောက်နေသူ (ဘရင်ဂျီဘုန်းကြီး) ရှေ့မှောက်မှာ ပီတိရွှန်းဝေစွာ ဒူးတုပ် ထိုင်ပြီး သူပြောသမျှကို ဘုရားစကားလို့ချည်း ထင်တော့တာပါပဲ။

ဆရာဝန်ကတော့ မိန်းမကို ကာကွယ်ပေးရတဲ့အတွက် အခကြေးငွေ ယူတယ်။ သိပ်အတင့်ရဲတဲ့ မိန်းမမျိုးဆိုရင်လည်း တံခါးကို ပိတ်ထားပြီး အဝင် မခံဘဲ ထားလိုက်တယ်။ သူ့ဆီကို မိန်းမတွေလာတွေ့ပုံကတော့ တစ်မျိုးပါ။ အင်္ဂလန်ကြီးထဲ မိန်းမတွေ အများဆုံး အလိုက်ခံရတဲ့ ယောက်ျားတွေထဲမှာ လေးပုံသုံးပုံဟာ ဆရာဝန်တွေ ဖြစ်ပါတယ်။ ယောက်ျားတစ်ယောက် ရှေ့မှာ မိမိရဲ့ ခန္ဓကိုယ်ကို ဖွင့်လှစ်ပြသရတာဟာ အဲဒီလို မိန်းမတွေအဖို့ ပြချင်စိတ်'ကို ဖြေဖျောက်တဲ့ နည်းတစ်မျိုးပါပဲ။ ဒီလို မိန်းမမျိုးတွေ အကြောင်းကို စိတ်ပညာ ရှင် စတီကယ်က သာဓကတွေ အများကြီးပြပြီး ရေးသွားဖူးပါတယ်။ အထူးသဖြင့် အပျိုကြီးတွေ ပါပဲ။ သူတို့ဟာ ဘာမဟုတ် အကြောင်းကလေးနဲ့ ဆရာဝန်ဆီ ရောက်လာပြီး သူ့ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ဆေးစစ်ကြည့်ချင် တယ်ဆိုပြီး လာတတ်တယ်။ 'ဆေးကုသမှု' ခံဖို့၊ ဘာဖို့ဆိုပြီး မီးယပ်သားဖွား ပါရဂူတွေကို တစ်ယောက်ပြီး တစ်ယောက် သွားပြတယ်။

## ဘာကြောင့် ဖောက်ပြားရသလဲ

သူ့ခန္ဓာကိုယ်အလှကို မြင်လိုက်ရတဲ့ ယောက်ျား၊ သူ့စိတ်ထဲမှာရှိတဲ့ ခံစားချက်တွေကို သိသွားတဲ့ ယောက်ျားဟာ သူ့ခန္ဓာကိုယ်အလှကို စွဲမက်သွား လိမ့်မယ်၊ ဒါမှမဟုတ် သူ့ရဲ့ ဗိညာဉ်အလှကို နှစ်သက် သဘောကျသွား လိမ့် မယ်လို့ မိန်းမတွေ ထင်လေ့ရှိတယ်။ ဒါကြောင့်မို့ တချို့ မိန်းမတွေ၊ အထူး သဖြင့် စိတ်ရောဂါတစ်ခုခု၊ ခန္ဓာကိုယ် ရောဂါတစ်ခုခုရှိတဲ့ မိန်းမတွေဟာ သူတို့ကို ဆရာဝန်တို့၊ (ဘရင်ဂျီ) ဘုန်းတော်ကြီးတို့က ချစ်ခင် နှစ်သက်သွား လိမ့်မယ်လို့ ထင်တတ်ကြတယ်။ စိတ်ရောဂါတို့၊အနာရောဂါတို့မရှိတဲ့ သာမန် မိန်းမဆိုရင်လည်း သူနဲ့ အဲဒီ ယောက်ျားရဲ့ကြားမှာ နူးညံ့သိမ်မွေ့တဲ့ ဆက် သွယ်မှုတစ်မျိုး၊ နှောင်ဖွဲ့မှုတစ်မျိုး ရှိတယ်လို့ ထင်သွားတတ်ကြတယ်။ အဲဒီမှာ တင် အမျိုးသမီးဟာ အဲဒီလူရဲ့ စကား၊ အဲဒီလူရဲ့ ညွှန်ကြားချက်တွေကို ကျေ ကျေနပ်နပ် လိုက်နာတော့တာပဲ။ (ဂိုဏ်းဆရာအတုတို့၊ ပျောက်စေ ဆရာတုတို့၊ ဆေးဆရာအတုတို့၊ ဗေဒင် ဆရာအတုတို့ကို အထင်ကြီး ကိုးကွယ်တာမျိုး တွေဟာ အဲဒီလို အဖြစ်ကနေ စလာကြတာပါ။)

တချို့ ဇနီးမယားများကျတော့ ဒီလောက်တင်မကတော့ဘဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်လာကြတော့တယ်။ အဲဒီ အမျိုးသမီးဟာ ကိုယ့်ယောက်ျားကို မညာချင်ဘူး၊ သစ္စာမဖောက်ချင်ဘူးဆိုရင် ကိုယ်ခန္ဓာအားဖြင့် မဖောက်ပြန်သည့်တိုင် စိတ်ကူးယဉ်ပြီး စိတ်ထဲက ဖောက်ပြန်လာကြတော့ တာပါပဲ။ ယောက်ျားဆိုရင် ကြောက်တတ်တဲ့ အပျိုပေါက်ကလေးတွေ စိတ်ကူးယဉ်သလို စိတ်ကူးယဉ် ကြတော့ တာပါပဲ။ စိတ်ပညာရှင် စတက်ကယ်က အဲဒီလို မိန်းမအမျိုးအစား တွေ အကြောင်းကို တော်တော်များများရေးခဲ့ဖူးပါတယ်။ သူပေးတဲ့ ဥပမာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့။ အဲဒီမှာ အိမ်ထောင်ရှင် ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးဟာ အဆိုတော်မင်းသားတစ်ယောက်ကို စိတ်ထဲက ချစ်နေတယ်။ အဲဒီမှာတင် မင်းသားဆီကို ပန်းစည်းတွေ ပို့ပေးတယ်။ စာတွေရေးတယ်။ သူ့ ဓာတ်ပုံတွေကို ဝယ်သိမ်းတယ်။ သူ့ကို အိမ်မက် မက်ကြည့်တယ်။ ဒါပေမယ့် သူ့ကို တွေ့ဖို့ အခွင့်အရေး ကြုံလာတဲ့အခါမှာတော့ အဲဒီအိမ်ထောင်ရှင် အမျိုးသမီးဟာ မင်းသားကို သွားမတွေ့ဘူး။ အမျိုးသမီးဟာ အဲဒီ အဆိုတော်မင်းသားကို လူကိုယ်တိုင် မလိုချင်ဘူးလေ။ သူလိုချင်တာက သစ္စာရှိတဲ့ အိမ်ထောင်ရှင်မ အဖြစ်နဲ့နေရင်း တစ်ဖက်က သူ့ကို အဝေးက ချစ်ရုံချစ်နေတာမျိုးလောက်ကိုပဲ လိုချင်တာ။ တခြားတစ်ယောက် ရှိသေးတယ်။ အဲဒီ အမျိုးသမီးကတော့ ရုပ်ရှင် မင်းသားကို ချစ်နေတယ်။ သူ့အခန်းတစ်ခန်းလုံးမှာ အဲဒီ ရုပ်ရှင်မင်းသားရဲ့ ပုံတွေကို အပြည့်ချိတ်ထားတယ်။ သူ့ဆီမှာ အဲဒီမင်းသားအကြောင်းကို ရေးထားတဲ့ ဆောင်းပါးတွေ၊ ဝေဖန်ချက်တွေကလည်း ဖိုင်တွဲကြီးတွေနဲ့ အပြည့်ပဲ။ အဲဒီ ရုပ်ရှင်မင်းသား ကွယ်လွန်သွားတဲ့အခါမှာ အမျိုးသမီးဟာ သူ့ကို ရည်စူးပြီး တစ်နှစ်လုံးလုံး ဝမ်းနည်းကြေကွဲတဲ့ အထိမ်းအမှတ်လုပ်တယ်။

ဓာတ်လိုက်မင်းသား ဗယ်လင်တီနို ကွယ်လွန်တုန်းက အမျိုးသမီးတွေ ဘယ်လောက် မျက်ရည်ကျခဲ့ကြသလဲဆိုတာ သတိရကြဦးမှာပေါ့။ အိမ်ထောင်ရှင် မိန်းမတွေနဲ့ အပျိုမလေးတွေဟာ ရုပ်ရှင်မင်းသားတို့ ဘာတို့ကို ကိုးကွယ်တတ်ကြပါတယ်။ သူတို့ဟာ အဲဒီ မင်းသားတွေရဲ့ ရုပ်ရည်၊ အဲဒီ မင်းသားတွေရဲ့ အပြောအဆို၊ အဲဒီ မင်းသားရဲ့ ဟန်ပန်တွေကို ကိုယ့်ဘာသာ ကိုယ် စိတ်ထဲမှာ ပြန်တွေးရင် သူတို့ အလိုဆန္ဒကို ဖြေဖျောက်တတ်ကြပါတယ်။

ဒါပေမယ့် အိမ်ထောင်ရှင်အမျိုးသမီးရဲ့ ပတ်ဝန်းကျင်မှာ တကယ် အသက်ရှိနေတဲ့ ယောကျ်ားတွေလည်း အများကြီးရှိတယ်။ အဲဒီ အမျိုးသမီးဟာ ဖိုမ ဆန္ဒပြည့်ဝသည်ဖြစ်စေ၊ အေးစက်သည် ဖြစ်စေ၊ စိတ်ပျက် ကုန်ခန်းနေသည် ဖြစ်စေ (လုံးဝပြည့်စုံတဲ့၊ အကြွင်းမဲ့ဖြစ်တဲ့၊ သီးသန့်ဖြစ်တဲ့၊ ရှားပါးတဲ့ အချစ်မျိုးကို ရရှိပိုင်ဆိုင်တဲ့ မိန်းမမျိုးမှအပ) အမျိုးသမီး တော်တော်များများဟာ အဲဒီ ယောကျ်ားတွေရဲ့ အထင်ကြီးတာ၊ သဘောကျတာကို သဘောကျ တန်းဖိုးထားလေ့ရှိကြတယ်။ လင်ယောကျ်ားက ခါတိုင်း ကြည့်နေကျအတိုင်း ကြည့်လိုက်တာမျိုးဟာ သူ့အဖို့ သိပ်မထူးတော့ဘူးလေ။ အဲဒီ အကြည့်ထဲမှာ သူ့ကို ဆွဲဆောင်နိုင်တဲ့ အရှိန် အဝါမျိုး လျော့သွားပြီလေ။ သူ လိုချင်တာက သူ့ကို လျှို့ဝှက် ဆန်းကြယ်တဲ့ အကြည့်နဲ့ကြည့်တဲ့ မျက်လုံးမျိုးတွေကိုပဲ သူတောင့်တနေတယ်။ သူမဟာ သူမရဲ့ မှေးမှိန်ဖျော့တော့သွားတဲ့ ရုပ်ပုံလွှာတွေကို ပြန်ပြီး





အရောင်ချယ်ဖို့၊ နှုတ်ခမ်းထောင့်မှာ သူ့ကိုယ်ပိုင် ဖြစ်တဲ့ ပါးချိုင့်လေးလေးကို ပြန်ပေါ်လာစေဖို့၊ သူ့ကိုယ်ပိုင်ဟန် ဖြစ်တဲ့ မျက်တောင်လေးတွေ ကော့ရင်လာစေဖို့အတွက် ဆန်းကြယ်လျှို့ဝှက်တဲ့ အကြည့်သစ်ကို လိုချင်နေတယ်။ သူမကို နှစ်သက် လိုလားသူ၊ သူမကို ချစ်ခင်သူရှိမှ သူမကိုယ်တိုင်ဟာလည်း နှစ်သက်စရာ၊ ချစ်စရာ ဖြစ်လာမယ်မဟုတ်လား။ တကယ်လို့ သူမဟာ အိမ်ထောင်ရေးမှာ အဆင်ပြေပြီး သာယာနေပါလျက်နဲ့ တခြား ယောကျ်ားတွေရဲ့ အရေးပေးမှု၊ ချစ်ခင်နှစ်သက်မှုကို လိုလားနေတယ်ဆိုရင် ဒါဟာ ဖိုမ ဆန္ဒကြောင့် မဟုတ်ဘူး။ သူ့ရဲ့ အတ္တ မာနကြောင့် လိုလားနေတာ။ သူမရဲ့ အတ္တကို ကိုးကွယ် ဆည်းကပ်သူတွေထဲမှာ သူ့ကို တစ်တွေလည်း ပါစေချင်တဲ့ သဘောပါ။ သူမဟာ ဆွဲဆောင်မှု အပြည့်ရှိအောင်လုပ်မယ်။ စွဲလန်းစရာ ကောင်းအောင်နေမယ်။ ပြီးတော့ တားမြစ်ပိတ်ပင်တဲ့ အချစ်မျိုးကို လက်တွေ့မလုပ်ဘဲ စိတ်ကူးလောက်နဲ့ပဲ ကျေနပ်နေမယ်။ သူဟာ ထိန်းထိန်းသိမ်းသိမ်း နေလို့ရတယ်။ ဒီလိုမနေဘဲ ဆန်းဆန်းပြားပြား နေချင်ရင်လည်း သူ့ကို သဘောကျတယ် ဆိုတဲ့ ပုံမျိုးကို သူပြချင်တယ်။ သူမဟာ ယောကျ်ားတစ်ယောက်ယောက်နဲ့ တွယ်တာ နှောင်ဖွဲ့မိတာမျိုးထက် သူ့ကို ယောကျ်ားတော်တော်များများက ပိုင်းဝန်း အရေးပေးတာမျိုး၊ စွဲလမ်းတာ မျိုးကို လိုချင်တယ်။ သူဟာ အပျိုမလေး မဟုတ်တော့တဲ့အတွက် အပျိုမကလေးတွေလို ရှက်ကြောက်မနေတော့ဘဲ ရဲရဲတင်းတင်း ဖြစ်လာတယ်။ သူ့တန်ဖိုးနဲ့ သူ့အရှိန်အဝါကို ယောကျ်ားတွေက အကည်ပြုပေးအောင်၊ အသိအမှတ်ပြုလာအောင် လုပ်ပြချင်တယ်။ သူဟာ အိမ်က ယောကျ်ားအပေါ်မှာ အောင်ပွဲခံခဲ့ပြီးလို့ တခြား ယောကျ်ားတွေပေါ်မှာ သစ္စာမမဲ့ဘဲ အခြားတစ်ဖက်မှာ တခြားယောကျ်ားတွေရဲ့ ဒွဲလမ်းမှုကို လိုချင်တယ်။ အဲဒီ ကစားနည်းဟာ များများလည်း မြတ်စရာ မရှိဘူး။ ကိုယ့်ဘက်ကလည်း ရှုံးစရာ သိပ်မရှိလှဘူးလို့ သူယူဆတယ်။

အိမ်ထောင်ရှင်မတွေ ယောကျ်ားတစ်ယောက် အပေါ်မှာ ကြည်ရည်ခလေးမြင့်စွာ၊ သို့မဟုတ် အတော်အတန် ရှည်ကြာစွာ သစ္စာစောင့်သိပြီးတဲ့ နောက်မှာ ဖောက်လွဲဖောက်ပြန် လုပ်လာကြတယ်ဆိုရင် ဒါဟာ တခြားကြောင့် မဟုတ်ဘူး၊ ကိုယ့်ယောကျ်ားအပေါ်မှာ ဒေါသအမျက်ထားရာက ပေါ်ထွက်လာလို့ ဖြစ်လေ့ရှိတတ်တယ်။ စိတ်ပညာရှင် အက်ဒလားက ဇနီးက လင်ယောကျ်ားအပေါ်မှာ သစ္စာမဲ့တာဟာ လင်ယောကျ်ားကို လက်စားချေချင်တဲ့အတွက် နောက်လူဆီကိုသွားကြတာ မဟုတ်ပါဘူး။ တစ်ခုတော့ ရှိတယ်ပေါ့လေ။ မိန်းမမှာ ကိုယ့်ယောကျ်ားကို အာခံချင်တဲ့ သဘောကတော့ အမြဲတမ်းအိန်းခံနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်။ လောကမှာ ယောကျ်ားဆိုလို့ သူတစ်ယောက်တည်းပဲ ရှိသတဲ့လား။ ယောကျ်ားတွေမှ ပြည့်လို့။ သူ့ကို ကျွန်ခံဖို့ သူ့ကို ယူလာတာမဟုတ်ဘူး။ သူက သူ့ကိုယ် သူတော့ လူပါးကြီး လူနပ်ကြီးပေါ့။ သူအူတာ၊ သူအတာတွေကို တစ်နေ့မှာ အထုပ်ဖြေပြလိုက်ဦးမယ်ဆိုတဲ့ မာန်ကလေးတွေ ရှိနေတတ်တယ်။ မိန်းကလေး ငယ်ငယ်များဟာ တစ်ခါတလေမှာ အမေကို တော်လှန်ပုန်ကန်ချင်လို့၊ မိဘကို မကျေနပ်လို့၊ မိဘစကားကို တွန်းလှန်ကြည့်ချင်လို့၊ သူ့မှာလည်း လုပ်ပိုင်ခွင့် ရှိတယ် ဆိုတာကိုပြချင်လို့ ရည်စားထားပြတာမျိုးတွေ ရှိသလို၊ ဇနီးမယားမှာလည်း ကိုယ့်ယောကျ်ားကို မကျေနပ်လို့၊ လက်စားချေချင်လို့ နောက်လူတစ်ယောက်ထားပြီး အဲဒီနောက်လူကို အတွင်းရေးမှန်သမျှ ဖွင့်ပြောတာမျိုး၊ ယောကျ်ားက သူ့အပေါ်မှာ ဘယ်လောက် အနိုင်ကျင့်တယ်လို့ ဖွင့်ပြောတာမျိုးတွေကိုလည်း လုပ်တတ်ပါသေးတယ်။ ဒီအခါမှာ နောက်လူက ပါးပါးနပ်နပ်နဲ့ သူ့အခန်းကို သူ ကောင်းစွာ မကပြနိုင်ရင် အဲဒီမိန်းမဟာ စိတ်ပျက်သွားလို့ နောက်လူကို စွန့်ခွာပြီး သူ့ယောကျ်ားဆီကိုရင်လည်း ပြန် သွားတတ်တယ်။ ဒါမှ မဟုတ်ရင်လည်း နောက်ထပ် လူသစ်တစ်ယောက်ကို ရင်လည်းရှာတတ်တယ်။ ဒါပေမယ့် မိန်းမတွေ နောက်လူရှာတဲ့ အကြောင်းကတော့ အများဒေါသကြောင့်ထက် သူ့ရဲ့ ယောကျ်ားကို စိတ်ပျက်ကာကြောင့် ဖြစ်တတ်ပါတယ်။ အိမ်ထောင်သာ ပြုလိုက်ရပေမယ့် အချစ်ကို ရှာမတွေ့တာ၊ ငယ်ငယ်တုန်းက ထင်ခဲ့သလိုမဟုတ်ဘဲ အိမ်ထောင်ရေးမှာ မုန်းချက်နဲ့ နမ်းထွက်မကိုက်ဖြစ်တာတွေကို တွေ့လာရတယ်။ အိမ်ထောင်ရေးဟာ ဒီနည်းအားဖြင့် မိန်းမကို စိတ်ပျက်သွားအောင်လုပ်ခြင်း၊ လွတ်လပ်မှုကို ဆုံးရှုံးစေခြင်း၊ ပုဂ္ဂလိက ကိုယ်ပိုင်ခံစားချက်များကို ပပျောက်အောင်လုပ်ခြင်း စသည်တို့ကြောင့် မိန်းမဟာ ဖောက်ပြားမှုနယ်ပယ်ထဲကို ရောက်သွားရတယ်။ 'အပျိုဂုဏ်နှင့် ပတ်သက်သော ကဗျာအချို့' ဆိုတဲ့ သူ့ရဲ့စာတမ်းတစ်ပုဒ်မှာ စာရေးဆရာကြီး မွန်တိန်းက 'ကျွန်ုပ်တို့သည် မိန်းကလေးများအား ငယ်ရွယ်စဉ်ကတည်းကပင် အချစ်အတွက် လေ့ကျင့်သင်ကြားပေးခဲ့ကြ၏၊ ၎င်းတို့၏ ချစ်ခင်ဖွယ်ကောင်းပုံ၊ ဝတ်စားဆင်ယင်ပုံ၊ အသိပညာသင်ပုံ၊ စကားပြောဆိုပုံ စသည့် အားလုံးသော သင်ကြားမှုတို့သည် ထိုကိစ္စအတွက်သာ ရှေ့ရှုကြကုန်၏' လို့ ရေးခဲ့ပါတယ်။ အိန်ဂျယ်ကလည်း–

'လင်ချစ် မယားချစ်ဟာ မယားရဲ့ စူးစမ်းလိုစိတ်ကို နှိုးဆွပေးတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် သူ့အာသာဆန္ဒတွေကို ပြေပျောက်အောင် မစွမ်းဆောင်နိုင်ဘူးဆိုရင် မယားဟာ သူ့ရဲ့ ဖိုမကိစ္စပညာရေးကို တစ်ပါးသူရဲ့အိပ်ရာ





ထဲမှာ သွားရှာပေလိမ့်မယ်၊ ဒါမှမဟုတ်လို့ ယောကျာ်းက ဇနီးရဲ့ဖိုမဆန္ဒဖြည့်စွမ်းမှုလောက်ကိုသာ ပေးနိုင်ပြီး တခြားအရာများဖြစ်တဲ့ အချစ်တို့၊ ကြင်နာမှုတို့၊ ယုယမှုတို့ကို မပေးနိုင်ရင် ဇနီးဟာ တခြား ယောကျ်ားတွေနဲ့လည်း ဖိုမကိစ္စဖြည့်စွမ်းမှုကို ရှာကြံလာပေလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလို ပျော်ရွှင်မှုမျိုးဖိုမဆန္ဒ ဖြည့်စွမ်းမှုမျိုးကတော့ လူတိုင်းနဲ့ ရနိုင်ပေတာကိုး' လို့ ဆိုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မျောက်မထားခြင်း

လူကျင့်ဝတ်တရားတွေက လင်ငယ်နေတဲ့ကိစ္စကို ရှုတ်ချကြတယ်။ ဘုရှာစာပေတွေထဲမှာ လင်ယောကျ်ားရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်လို့ အကြီးအကျယ် အလေးပေး ဖော်ပြခဲ့ကြတယ်။ ဒါပေမယ့် လင်ယောကျ်ားဟာ လူ့အဖွဲ့အစည်းရဲ့ အမြင် (တစ်နည်းပြောရရင် အခြားယောကျ်ားတွေရဲ့ အမြင်) မှာ သူ့ပြိုင်ဘက် (ဇနီးနဲ့ဖောက်ပြား သူ) ထက် တရားဝင် အခွင့်အရေးရှိတဲ့အတွက် သူ့ကို ကာကွယ်ရမယ်၊ ထုံးတမ်းစဉ်လာသက်သက်ကြောင့် သူ့ဘက်က လိုက်ရမယ် ဆိုတာကတော့ သိပ်အဓိပ္ပာယ် မရှိလှဘူးလို့ထင်တယ်။ ယောကျ်ားတစ်ယောက်ကို လင်ကောင်းတစ်ယောက် ဟုတ်မဟုတ် ဆုံးဖြတ်ချင်ရင် လူ့အဖွဲ့အစည်းရဲ့ မျက်စိနဲ့ချည်းကြည့်လို့ မဖြစ်ဘူး။ အဓိကအားဖြင့် ဇနီးမယားအမြင်မှာ အရပ်ဆိုးနေတဲ့ အချက်ကြီး နှစ်ချက်ကို သွားတွေ့တယ်။ ပထမအချက်ကတော့ သူ့ယောကျ်ားဟာ သူ့ရဲ့အပျိုစင်ဘဝကို အဆုံးသတ်စေခဲ့သူဖြစ် တယ်ဆိုတဲ့ အချက်ပါပဲ။ အစဉ်အလာ အပျိုစင်မှာ စွဲနေတဲ့ အစွဲကြီးတစ်ခုတယ်။ အဲဒါကတော့ တစ်ပြိုင်နက်တည်းမှာ သူဟာ သူ့ကို လင်ယောကျ်ား (သတို့သား) က ကျူးကျော်ဖောက်ဖျက်ရုံသာ ဖောက်ဖျက်ပြီး လေးစားခြင်း မရှိတော့ဘူးဆိုရင် အပျိုစင် (သတို့သမီး + ဇနီးမယား) ဟာ သူ့ယောကျ်ားအထင်သေးသွားတော့တာပါပဲ။ ဒါကြောင့်မို့သာလျှင် ဇနီးဟာ လင်ယောကျ်ားရဲ့ရင်ခွင်ထဲမှာ အေးစက်နေတာ ဖြစ်တယ်။ ဒါပေမယ့် အငယ်နဲ့ကျတော့ ဒီလိုမဟုတ်တော့ဘူး။ အငယ်ဟာ သူရဲ့ ပန်းဦးပန်လည်း မဟုတ်ဘူး။ သူ့ကို အပျိုရေပျက်ယွင်းအောင် လုပ်ခဲ့သူလည်း မဟုတ်ဘူး။ သူနဲ့ကျတော့ ပိုပြီး ပွင့်လင်းလာတယ်။ ပိုပြီး နွေးထွေးလာတယ်။ မင်္ဂလာဦးညတုန်းကလို ရိုးစင်းရင်ခုန်





ာတွေလည်း မရှိတော့ဘူး။ စိတ်ကူးထဲက အချစ်နဲ့ သွေးသားဆောင်တာ စိတ်ကူးယဉ် ခံစားချက်နဲ့ ဖိုမဆက်ဆံရေး ခံစားချက်တို့ကြားမှာ ရှုပ်ထွေးပွက်နေရတာမျိုးလည်း မရှိတော့ဘူး။ မိန်းမတစ်ယောက်ဟာ အငယ်ထားပြီဆိုကတည်းက ထားချင်လို့ကို ထားတာ။

ယောကျ်ားနဲ့ ပတ်သက်လို့ အရုပ်ဆိုးတယ်လို့ သူထင်နေတဲ့ နောက်တစ်ချက် ရှိသေးတယ်။ မိန်းမဟာ အဲဒီယောကျ်ားကို ရလာတာဟာ သူ့ရွေးချယ်မှုနဲ့ ရလာတာမဟုတ်ဘဲ ဘေးက အောင်သွယ်လို့ဖြစ်ဖြစ်၊ မိဘက ပေးစားလို့ဖြစ်ဖြစ် ယူလာခဲ့ရတာ။ နောက်ဆုံးပိတ်မှာ မတတ်သာလို့ ယူလာခဲ့ရတာ။ ဒီလိုမဟုတ်ဘဲ တကယ် သူချစ်လို့ သူကိုယ်တိုင် ရွေးချယ်ပြီး ယူလာတယ်ဆိုရင်လည်း မိန်းမဟာ သူ့ကို အိမ်ဦးနတ်အဖြစ်၊ အရှင်သခင်အဖြစ် ( သိစိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ) သဘောထားနေရတဲ့အတွက် သူ့စိတ်ထဲမှာ သိပ်ဘဝင်မကျချင်ဘူး။ သူတို့ ဆက်ဆံရေးဟာ အများအားဖြင့် ဝတ်ကျေတန်းကြေ ဆက်ဆံရေးမျိုး ဖြစ်နေတတ်တယ်။ မိန်းမကလည်း ဒါဟာ ကိုယ့်ဝတ္တရားဆိုပြီး လုပ်ပေးနေရတယ်။ မိန်းမရဲ့ စိတ်ထဲမှာ သူ့ယောကျ်ားဟာ အများအားဖြင့် မင်းဆိုးကြီးတစ်ပါး၊ ပဒေသရာဇ်ကြီးတစ်ဦးလို့ ခံစားလာရတတ်တယ်။ ဒီလိုဖြစ်ရနေတဲ့ ဆက်ဆံရေးကြောင့်ပင်လျှင် မိန်းမမှာ အငယ်ထားဖို့ စိတ်ကူးတွေပေါ်လာရခြင်းဖြစ်တယ်။ မိန်းမတစ်ယောက်အဖို့ လက်ထပ်ထိမ်းမြားခြင်းဟာ တာဝန်ဝတ္တရား။ အငယ်ထားခြင်းဟာ အပျော်ကိစ္စ။ အငယ်က တောင်းဆိုလာတဲ့အခါမှာ မိန်းမဟာလည်း အလျှော့ပေးလိုက်တော့တယ်။ အနည်းဆုံး အငယ်ရဲ့ အချစ်ကို မရသည့်တိုင် ရမ္မက်ဆန္ဒကိုတော့ ရမှာကိုး။ ဒီမှာတင် သူတို့နှစ်ဦးဟာ တည်ရှိဆဲဥပဒေနဲ့ ထုံးတမ်းဓလေ့ကို ချိုးဖောက်လာခဲ့ကြတော့တာပါပဲ။ အငယ်အဖို့ကလည်း အကြောင်းမဟုတ်ဘူး။ သူ့မှာ သူ့နေ့စဉ်လုပ်ငန်းကို ဘာမှ မထိခိုက်ဘူး။ သူ့ ဂုဏ်သိက္ခာကိုလည်း (လူမသိတဲ့အတွက်) ထိခိုက်စရာ အကြောင်းမရှိဘူး။ ဘာတာဝန်ကိုမှလည်း မယူရဘူး။ တစ်ယောက်နဲ့ တစ်ယောက်လည်း အတူနေစရာ မလိုဘူး။ ဒါတွေသာမက မိန်းမ ဟာ အငယ်နဲ့ တွေ့ရတဲ့အတွက် သူ့ရဲ့တွေ့ရိုး တွေ့စဉ်ဘဝနဲ့ ကွာခြားသွားတယ်။ သူ့ကိုယ် သူတောင် တခြား မိန်းမတစ်ယောက်လို့ ထင်လာတယ်။

အချို့သော မိန်းမများ ဖောက်ပြားကြတာဟာ အဲဒီလို အသစ်အဆန်းရှာမှာ ပျော်မွေ့သွားလို့၊ သူတို့ လက်ရှိအိမ်ထောင်ရေးကို ငြီးငွေ့နေတုန်းမှာ အသစ်အဆန်းကို တွေ့သွားကြလို့ ဖြစ်ပါတယ်။ အငယ်နဲ့ ကွဲကွာသွားပြီးတဲ့အခါမှာ သူတို့ဟာ စိတ်ဓာတ်ပျက်ပြားပြီး ဘဝမှာ ဟာလာဟင်းလင်းဖြစ် ကျန်



www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့ကြတော့ တာပါပဲ။ စိတ်ပညာရှင် 'ဂျင်းနက်' က မိန်းမတွေ ဘာကြောင့် အငယ်ထားကြသလဲ ဆိုတာနဲ့ ပတ်သက်လို ဒီလို ရေးဖူးပါတယ်။

'အသက်သုံးဆယ့်ကိုးနှစ်ရှိ အမျိုးသမီးတစ်ယောက်မှာ သူနှင့်အတူ ငါးနှစ်ခန့် အလုပ်လုပ်ခဲ့သည့် စာရေးဆရာ တစ်ယောက်က စွန့်ပစ်သွားခဲ့သဖြင့် သူ့ဘဝတွင် မည်မျှထိခိုက်ခဲ့ရကြောင်းကို ရေးဖူးပါသည်။ အသက် သုံးဆယ့်တစ်နှစ်ရှိ အခြား မိန်းမတစ်ယောက်ကမူ အငယ်၏ စွန့်ပစ်ခြင်းကို ခံခဲ့ရသဖြင့် စိတ္တဇရောဂါပင် ဖြစ်ခဲ့ရသည်။ သူသည် သူ့အိမ်ထောင်ရေးကို ငြီးငွေ့ကြောင်း၊ သူ့ ယောကျ်ားသည် ဘာမျှမသိကြောင်း၊ သူ့ကို အုံ့ဩ ရင်ဖိုအောင် မလုပ်နိုင်ကြောင်း၊ အသိဉာဏ်ကလည်း ခေါင်းပါးလှကြောင်း၊ သို့ရာတွင် အငယ်ကမူ အံ့ဩစရာကောင်းသူ ဖြစ်ကြောင်း၊ ရဲရင့်သူ၊ ဇဝနဉာဏ်ကောင်းသူ၊ ဆုံးဖြတ်စရာရှိလျှင် မြန်မြန် ဆုံးဖြတ်တတ်သူ ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့ကို သဘောကျကြောင်းဖြင့် ပြောပါသည်' လို့ ရေးခဲ့ပါတယ်။

တချို့မိန်းမတွေရှိသေးတယ်။ သူတို့ကတော့ အဲဒီလို အငယ်ထားရမှာ သိပ်ကို ပျော်တယ်။ ကမ္ဘာကြီးကိုတောင် မေ့သွားတယ်။ ဒါပေမယ့် အတာကြာလို့ သူ့အငယ်က ပျော်ရွှင်မှုကို မပေးနိုင်တော့ရင်၊ ဒါမှမဟုတ် တစ်ယောက်ကို တစ်ယောက် လိပ်ပြာမလုံ ဖြစ်ကြပြီး အပေးအယူ မညီမျှကြတော့ဘူးဆိုရင် နောင်တရ၊ စိတ်ပျက်ပြီး သူ့ကိုယ်သူရော၊ အငယ်ကိုရော စက်ဆုပ် လာတော့တတ်တယ်။ ဒီတင် သူဟာ နောက် အငယ်တစ်ယောက်ကိုရှာ။ သူနဲ့ အဆင်မပြေ၊ နောက်အငယ် တစ်ယောက်ကိုရှာ။ သူနဲ့လည်း အဆင်မပြေဖြစ်ပြီး လွင့်သွားရတော့တာပါပဲ။ တချို့ မိန်းမများကျတော့လည်း ကိုယ့်အိမ်ထောင်ရေး အဆင်မပြေနဲ့။ ဒီတုန်းမှာ အငယ်ထားနဲ့တွေ့ပြီး အဲဒီအငယ်ဟာ သူနဲ့ စိတ်ဆန္ဒကိုက်ညီတဲ့သူ ဖြစ်နေတဲ့အတွက် သူနဲ့ပဲ တစ်သက်လုံး စွဲမြဲသွားတာတွေလည်း ရှိပါတယ်။ သူ့ယောကျ်ားနဲ့ မတူတဲ့ စိတ်နေသဘောထားရှိတဲ့အတွက် အဲဒီသဘောထားမျိုးကိုပဲ နှစ်သက်သွားတာမျိုးတွေ ရှိတတ်ပါတယ်။

မိန်းကလေးတစ်ယောက်ဟာ သူ့မိသားစုလက်ထဲက သူ့ကို ကယ်တင်မယ့်သူတစ်ဦးကို မျှော်လင့်လေ့ ရှိသလို၊ ဇနီးမယားဟာလည်း သူ့ကို အိမ်ထောင်ရေး ထမ်းပိုးကြားအောက်က ဆွဲထုတ်သွားမယ့် အငယ်တစ်ယောက်ကို မျှော်လေ့ရှိတတ်ပါတယ်။ ဒါပေမယ့် ဖြစ်တတ်တာက အငယ်ဟာ နောင်မှာ တဖြည်းဖြည်း သွေးအေးသွားပြီး သူကိုယ်တိုင်က လက်ထပ်ယူဖို့ လည်း ပြောရော ရှောင်ထွက် သွားတတ်တာမျိုးတွေရှိတယ်။ ဒီအခါမှာ သူတို့ ဆက်ဆံရေးဟာ ပြောင်းပြန်ဖြစ်သွားပြီး အမုန်းနဲ့ အညိုးဖွဲ့တတ်တဲ့ အဖြစ်ကို





ရောက်သွားတတ်ကြပြန်တယ်။ ဒီလိုမဟုတ်ဘဲ သူတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ခိုင်မာသွားပြီဆိုရင်လည်း သူတို့နှစ်ယောက်ရဲ့အိမ်ထောင်ရေး သဘောကို ဆောင်လာကြပြန်တယ်။ အိမ်ထောင်ရေးသဘောကိုဆောင်လာတာနဲ့ သူတို့ နှစ်ဦးမှာ အိမ်ထောင်ရေးမှာတွေ့တတ်တဲ့ပြဿနာနဲ့ နောက်တစ်ခါပြန်ပြီး ကြုံကြရပြန်ပါတယ်။ စိတ်ညစ်ရတာ၊ မနာလိုဝန်တိုဖြစ်ရတာ၊ စိတ်ကောက်ရတာ၊ တစ်ယောက်ကိုတစ်ယောက် လှည့်စားရတာမျိုးတွေ ရှိလာပြန်ပါတယ်။ ဒီမှာတင် မိန်းမဟာ အဲဒီအနှောင်အဖွဲ့ကလွတ်အောင် နောက်တစ်ယောက်ကို စိတ်ကူးမိပြန်ပါတယ်။

ဖောက်ပြားမှုဟာ အခြေအနေနဲ့ ထုံးစံဓလေ့တွေအရ အမျိုးမျိုး ကွဲပြားကြပါတယ်။ ခုခေတ် ယဉ်ကျေးမှုမှာတော့ အိမ်ထောင်ရေး ဖောက်ပြားမှုဟာ ယောကျ်ားထက် မိန်းမမှာ ပိုပြီး အပြစ်ကြီးလေးသလို ဖြစ်နေတယ်။ ခု ယဉ်ကျေးမှုမှာ အဖ အုပ်စိုးတဲ့ အစဉ်အလာတွေက ထုနဲ့ထည်နဲ့ ကျန်နေသေးတော့ ယောကျ်ားဖောက်ပြားတာထက် မိန်းမဖောက်ပြားတာက ပိုလို့ အပြစ်ကြီးသလို ဖြစ်နေတယ်။

'မကောင်းမှု ဒုစရိုက်ကို အကဲဖြတ်ရာတွင် အလွန်မညီမျှသော အကဲဖြတ်ချက်ပေတကား၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မကောင်းမှု ဒုစရိုက်များကို စဉ်းစားချင့်ချိန်ရာတွင် သဘာဝအတိုင်း အကဲဖြတ်ခြင်းမပြုပဲ ကိုယ့်အကျိုးစီးပွားကို ကြည့်၍ အကဲဖြတ် တတ်ကြသည်။ ထို့ကြောင့် ဒုစရိုက်ကျူးလွန်ခြင်း အတူတူ မိန်းမ၏ ဖောက်ပြားမှုက ယောကျ်ား၏ဖောက်ပြားမှုထက် ပိုဆိုးသည်ဟု ပြောနေကြခြင်း ဖြစ်သည်။ ဤသို့ တစ်ဖက်သတ်မြင်ကြသဖြင့် မိန်းမက ကျူးလွန်သည့်အခါတွင် သဘာဝက တောင်းဆိုသည်ထက် ပို၍ ပြင်းပြင်းထန်ထန် ဆုံးဖြတ်နေကြခြင်း ဖြစ်သည်။ ဖောက်ပြားရသည့် အကြောင်းထက် ဖောက်ပြားမှုကြောင့် ပေါ်ပေါက်လာသည့် ရလဒ်ကိုကြည့်၍ ပြင်းထန်စွာ ဆုံးဖြတ်နေကြခြင်း ဖြစ်ပေသည်' လို့ မွန်တိန်းက ရေးခဲ့ဖူးပါတယ်။

ဒါဖြင့်ရင် မိန်းမရဲ့ ဖောက်ပြားမှုအပေါ်မှာ ဘာကြောင့် ဒီလောက် ပြင်းပြင်းထန်ထန် ဆုံးဖြတ်နေကြပါသလဲ။

မိန်းမက ဖောက်ပြားလိုက်တာနဲ့ မိသားစုထဲမှာ လူစိမ်းတစ်ယောက်ရဲ့ ကလေးတစ်ယောက် ရောက်လာနိုင်တဲ့ အန္တရာယ် ရှိနေပြီ။ ဒီတော့ မိန်းမမှာ ချုပ်တည်းထားရတာတွေ များတယ်။ မိန်းမဟာ လင်သား အပျော်အပါးလိုက်တာတွေကို မမြင်ယောင် ပြုနေရတယ်။ သူကိုယ်တိုင် ဒီလိုနေလို့ မဖြစ်ဘူးဆိုပြီး သတိနဲ့ အမြဲနေရတယ်။ ဒါတင်မကဘူး၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးမှုကို မခံရအောင်လည်း ဂရုစိုက်နေရတယ်။ မိန်းမဟာ ယောကျ်ား ရဲ့ အပေါ်မှာ မှီခိုနေရသူ၊ ယောကျ်ားဟာ အရှင်သခင်၊ မိန်းမဟာ ကျေးကျွန် ယောကျ်ားပိုင် ပစ္စည်းဆိုတဲ့ အစဉ်အလာ အယူအဆတွေကြောင့် မိန်းမရဲ့ ဖောက်ပြားမှုဟာ ယောကျ်ားရဲ့ ဖောက်ပြားမှုထက် ပိုပြီးဆိုးတယ်လို့ သတ်မှတ် ခံနေရခြင်း ဖြစ်ပါတယ်။

## စိတ်ပြောင်းချိန်

မိန်းမတို့နဲ့သာ သက်ဆိုင်တဲ့ အာဝေဏိက တရားတွေက လွတ်မြောက်ခြင်းမရှိဘဲ ချည်နှောင်ခံထားရတာဖြစ်တယ်။ ဒါကြောင့် မိန်းမတစ်ဦး ချင်းရဲ့ ဘဝအတ္ထုပ္ပတ္တိကတော့ ဇီဝဗေဒဆိုင်ရာတို့ရဲ့ ကန့်သတ်ချုပ်ချယ်မှုက အထိုက်အလျောက် လွတ်မြောက်နိုင်ပေမယ့် မိန်းမရဲ့ဇီဝကမ္မဗေဒဆိုင်ရာ ကံ ကြမ္မာ မျဉ်းကွေးဟာ ယောကျ်ားတို့ရဲ့ ဇီဝကမ္မဗေဒဆိုင်ရာ ကံကြမ္မာ မျဉ်းကွေး ထက် ပိုပြီး အကွေးအကောက် များတယ်။ အတက်အကျ များတယ်။ အပြတ် အတောက် များတယ်။ မိန်းမတစ်ယောက်ရဲ့ဘဝက အချိန်ကာလ အပိုင်းအခြား တိုင်းဟာ တစ်ပုံစံတည်းလိုလို တစ်ညီတည်း ဖြစ်နေတဲ့အတွက် ငြိမ်းငွေ့စရာ ကောင်းရိုးစရာကောင်းပါတယ်။ ဒါပေမယ့် ကာလအပိုင်းအခြား တစ်ခုကနေ တစ်ခု ကိုပြောင်းတဲ့အခါ အဆင့် တစ်ဆင့်ကနေ နောက်တစ်ဆင့်ကို ကူးပြောင်းတဲ့ အခါမှာတော့ အန္တရာယ်ဖြစ်လောက်အောင်ကို ရုတ်ချည်း နိုင်လှပါတယ်။ ပြောင်းလဲပုံဟာ ကြီးမားလှပါတယ်။ ဒီအချက်ကို သူတို့ရဲ့ အကျပ်အတည်း ကာလလို့ ခေါ်နိုင်တဲ့ အပျိုဖော်ဝင်စ အချိန်၊ ဖိုမ ဆက်ဆံရေး နယ်ကို ဝင်စ အချိန်နဲ့ သွေးဆုံးချိန်တို့မှာ သိပ်ကို သိသာထင်ရှားပါတယ်။ ဒီအကျပ်အတည်း များဟာ ယောကျ်ားတွေ တွေ့ကြုံရတဲ့ အကျပ်အတည်းတွေထက် ကြီးမားပြီး အဆုံးအဖြတ်အခန်းက ပါတတ်ပါတယ်။ တခြားကို မကြည့်နဲ့လေ။ ယောကျ်ား များ အိုပြီဆိုရင် တဖြည်းဖြည်း မသိမသာ အိုသွားရုံပဲ။ မိန်းမတွေမှာတော့ ဒီလို မဟုတ်ဘူး။ သူ့မှာရှိတဲ့ မိန်းမ အရည်အချင်းတစ်ခု ရုတ်တရက် ချက်ချင်း ပျောက်ကွယ်ကင်းမဲ့သွားတာ။ သွေးဆုံးချိန်မှာ သူမဟာ ဘာ အသက်ကြီးသေး သို့လဲ။ နှိုင်းယှဉ်ချက်အားဖြင့်ကြည့်ရင် ခပ်ငယ်ငယ်၊ ခပ်ရွယ်ရွယ်ပဲ ရှိသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဒါပေမယ့် သူ့မှာ သန္ဓေဆောင်နိုင်စွမ်း မရှိတော့ဘူး။ ဒါနဲ့အတူ သူ့မှာ အနာဂါတ် ပျောက်သွားရတော့တယ်။ အနာဂါတ်မရှိဘဲ သူ့သက်ကြီးဘဝရဲ့ တစ်ဝက်ကို ဒီအတိုင်းနေသွားရတော့ မယ်။

အန္တရာယ်များတဲ့ အရွယ်လို့ ပြောရတာဟာ တခြားကြောင့် မဟုတ်ဘူး။ သူ့ရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်း ဆိုင်ရာတွေမှာ အနှောင့်အယှက်တွေ ကမောက်ကမ ဖြစ်မှုတွေ ပေါ်ပေါက်လာလို့ ပြောရတာ။ ပေါ်လာပုံကလည်း အထူးသဖြင့် အိမ်မှုတာဝန် ဖြစ်စေ၊ ပြင်ပတာဝန် ဖြစ်စေ ပင်ပင်ပန်းပန်း လုပ်ရတဲ့ မိန်းမများဟာ လစဉ်ကိစ္စ ပျောက်ကွယ်သွားတာကို သက်ပြင်းချပြီး ဝမ်းသာနိုင်ကြတယ်။ လယ်သူမ၊ ဒါမှမဟုတ် အလုပ်သမဟာ အမြဲတမ်းလိုလို ကိုယ်ဝန်ရှိမှာကို စိုးရိမ်နေကြရတယ်။ နောက်ဆုံး ကိုယ်ဝန်မရှိ နိုင်တော့ဘူးလို့ သိလာရတဲ့အခါမှာ သူတို့ တော်တော် ပျော်သွားကြတယ်။

ဒီနောက်ဆုံးပိတ် ဆုတ်ခွာချိန်(သေဆုံးချိန်) မတိုင်မီတုန်းကတော့ မိန်းမဟာ အိုမှာကိုကြောက်တယ်။ ရင့်ကျက်တဲ့ ယောကျ်ားဟာ အချစ်ထက် အရေးကြီးတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်နေတတ်တယ်။ အချစ်တို့၊ ဖိုမ ဆက်ဆံရေးကိစ္စတို့ကို ငယ်ငယ်တုန်းကလောက် ထက်သန်မှု မရှိတော့ဘူး။ ပြီးတော့ ယောကျ်ားက အိုလာတယ်ဆိုပေမယ့် သူ့မှာ မိန်းမတွေလိုကြီးကျယ်တဲ့ ပြောင်းလဲမှုကြီးတွေ မရှိလှဘူး။ ဒါကြောင့်မို့ သူ့မျက်နှာသွင်ပြင်နဲ့ သူ့ခန္ဓာကိုယ်က ပြောင်းလဲမှုဟာလည်း စွဲမက်စရာကောင်းတဲ့ အသွင်ကို မဖျက်ဆီးနိုင်သေးဘူး။ မိန်းမကတော့ အသက် သုံးဆယ့်ငါးလောက် ရောက်လာတဲ့ အခါမှာ ငယ်ငယ်က သိုသိုဝှက်ဝှက်၊ ကျစ်ကျစ်လျစ်လျစ် နေခဲ့ရတာတွေ၊ ငယ်ငယ်က ရှိတဲ့ အင့်စိတ်တွေဟာ ပျောက်ကွယ်သွားပြီး ဖိုမ ဆန္ဒအပြင်းထန်ဆုံး အချိန်ကို ရောက်လာခဲ့တယ်။ မိန်းမမှာ ဒီအချိန်ဟာ စိတ်ဆန္ဒအပြင်းထန်ဆုံးလို့ ဆိုရမယ် ထင်တယ်။

သူပိုင်ဆိုင်တဲ့ ဖိုမဆက်ဆံရေးဆိုင်ရာ တန်ဖိုးတွေကို ပုံအောလောင်းတဲ့ အချိန်ဟာလည်း ဒီအချိန်ပါပဲ။ ဒီအချိန်မှာ ကိုယ့်ယောကျ်ားကို လွှမ်းမိုးထားနိုင်ဖို့၊ ကိုယ့်ယောကျ်ား တခြားကို စိတ်လည်မသွားစေဖို့ အတွက် ကိုယ့်ကိုယ်ကို ဆွဲဆောင်မှုရှိအောင် လုပ်ဖို့လိုလာတယ် ကိုယ့်ယောကျ်ားကို ဆွဲဆောင်မှုမရှိတော့မှာ၊ မလွှမ်းမိုးနိုင်တော့မှာကို သူသိပ်ကြောက်တယ်။ စိုးရိမ်တယ်။ ကိုယ့်ယောကျ်ားကို ဆွဲဆောင်မှု မရှိတော့ရင်၊ လွှမ်းမိုးခြင်း မပြုနိုင်တော့ရင် ဘယ်လိုများ ဖြစ်မလဲလို့ သူတွေးပြီး စိုးရိမ်နေတယ်။ တစ်ခါတုန်းက သူတို့ ယူဆခဲ့ရတဲ့ သူ့ခန္ဓာကိုယ်အလှ ယိုယွင်းပျက်စီးစ ပြုလာတာကို ဒီအတိုင်း အလျှော့ပေးနေရ





တော့တယ်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ဘယ်အလျှော့ပေးနိုင်တော့မလဲ။ ဒီတော့ သူ ဘာလုပ်သလဲ။ သူ တိုက်ပွဲတစ်ပွဲကို တိုက်ရတာပေါ့။ ဆံပင်ဖြူလာရင် ဆံပင် ဆိုးမယ်၊ အသားအလှဆီတွေကို လိမ်းမယ်။ ပလတ်စတစ် ခွဲစိတ်မှု လုပ်မယ်။ အမျိုးမျိုးပေါ့။ ဒါပေမယ့် ဒါတွေဟာ ခဏပါပဲ။ ယာယီပါပဲ။ သေဆုံးနေတဲ့ နုနယ်ပျိုမျစ်မှုကို နည်းနည်းကြာအောင် အချိန် ရွှေ့ထားနိုင်တာ တစ်ခုပါပဲ။ အနည်းဆုံး ကိုယ့်မှန်ကိုယ် ပြန်လိမ်ညာနိုင်ရုံလောက်ပါပဲ။

ငယ်ငယ်တုန်းက အလှဂုဏ်ကိုးခဲ့သူ၊ နုနယ်ပျိုရွယ်မှုကို ကြည့်ပြီး ပီတိဖြစ်ခဲ့သူဟာ ကြီးလာတဲ့အခါမှာ ပိုပြီး စိတ်ဆင်းရဲလိမ့်မယ်၊ ပိုပြီး စိတ် ဒုက္ခရောက်လိမ့်မယ်လို့ တချို့က ထင်ကောင်းထင်ကြမယ်။ အမှန်ကတော့ ဒီလို မဟုတ်ပါဘူး။ ကိုယ့်အလှ ကိုယ်ပြန်ပြီး ယစ်မူးတဲ့ နာစစ်ဆပ်ဝါဒီဟာ သူ့ကိုယ်သူ သိပ် သတိထားလွန်း၊ ဂရုစိုက်လွန်းနေလေတော့ မရှောင်မလွှဲသာ တွေ့ရမယ်၊ အလှပျက်ယွင်းမှုကို ကြိုတင်မမြင်ခဲ့ဘူး။ ဆုတ်ခွာဖို့လည်း အဆင် သင့် ပြင်မထားခဲ့မိဘူး။ ဒီတော့ သူ့ဆီက မိန်းမတို့ရဲ့ အရည်အချင်းတွေ (ရာသီပန်းပွင့်တာ၊ ကိုယ်ဝန်ဆောင်တာ) စသည်တို့ ပျောက်ကွယ်သွားတဲ့ အခါမှာ စိတ်တော့ ဆင်းရဲရတာပေါ့။ ဒါပေမယ့် သိပ်တော့ တအံ့တသြ မဖြစ်ပါဘူး။ မကြာခင်မှာ နေသားကျသွားတတ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် မေ့နေတဲ့သူ၊ ကိုယ့်မိသားစုကို သိပ်ဦးစားပေးတဲ့သူ၊ အနစ်နာခံတဲ့သူကတော့ အဲဒီ ရုတ်တရက် အပြောင်းအလဲကြောင့် စိတ်ထိခိုက်သွားတတ် ပါတယ်။ ဟင် ငါ့ဘဝမှာ ပျော်ချိန်ပါးချိန်ရယ်လို့တောင် မရှိလိုက်ပါကလားဆိုပြီး သူ့ကိုယ်သူပြန်ငြီးစားလာတတ်ပါတယ်။ သူဟာ အရင်ကနဲ့မတူ၊ ရုတ်တရက်မှုပြောင်းသွားတဲ့ အတွက် အားလုံးက သူ့ကို ကြည့်ပြီး အံ့အားသင့် နေကြတယ်။ သူ့ဘဝစာရင်း စာအုပ်ကို ပြန်ကြည့်တယ်။ သူကချည်း ပေးခဲ့ရပြီးရခဲ့တာက နည်းနေတယ်။ အဝင်ကနည်းပြီး အထွက်ကများနေတယ်။ သူ့လက်ကျန်စာရင်းထဲမှာ သူ့အတွက် နည်းနည်းလေးပဲ ကျန်တော့တယ်။ ဘဝမှာ သူ့အတွက် ကွက်လပ် ကလေး နည်းနည်းပဲ ရှိတော့တယ်။ ကျဉ်းသွားပြီ။

တိုတောင်းပြီး စိတ်ပျက်စရာကောင်းတဲ့ သူ့အဖြစ်ကို ရင်ဆိုင်ရတဲ့အခါမှာ မိန်းမဟာ အလှမ်းမမီနိုင်သေးတဲ့ အနာဂါတ်ကို ဝင်ရာ တံခါးပေါက်ကို ရောက်နေခဲ့တုန်းက မြီးကောင်ပေါက်မကလေး၊ အပျိုဖော်ဝင်စ ကောင်မလေး တစ်ယောက်အသွင်မျိုး၊ အမူအရာမျိုးကို ပြန်ဆောင်လာခဲ့တယ်။ မြေးတို့ရဲ့ အဘွားဖြစ်၊ သားကြီးသမီးကြီးတွေရဲ့ အမေဖြစ်။ တဖြည်းဖြည်းနဲ့ အသွေး တင့်တယ်မှုတွေ၊ အသရေတွေ ညှိုးနွမ်းစပြုနေတဲ့ ဆင်းရဲခေါင်းပါးလှတဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို သူ့ရဲ့ ဝေဝါးပြီး ပီပီပြင်ပြင်မရှိတဲ့ မိန်းမဇာတိနဲ့ နှိုင်းယှဉ် စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်တယ်။ မိန်းမဆိုတာ ကံကြမ္မာရဲ့လက်မှာ ဝကွက်အပ်ခဲ့ရပြီး ထားရာနေ စေရာသွား နေခဲ့ရတယ် မဟုတ်လား။ ငယ်ငယ်တုန်းက သူ့ဘဝဟာ အခွင့်အရေးတွေ လုယူခံခဲ့ရတဲ့ ဘဝ။ လိမ်ညာခံခဲ့ရတဲ့ ဘဝ၊ နုပျိုမှုကနေ ရင့်ရော်မှုကို မသိဘဲနဲ့ ရောက်သွားရတဲ့ ဘဝလို့ သူ့ကိုယ်သူ ပြန်ထင်လာတယ်။ သူ့ လင်ယောကျ်ား၊ သူ့ပတ်ဝန်းကျင်၊ သူ့ အပေါင်းအဖော်တွေဟာ သူနဲ့ထိုက်တန်ခြင်း မရှိတော့ဘူး။ သူတို့ဟာ သူ့ကို နားလည်ခံစားနိုင်စွမ်း မရှိတော့ဘူးလို့ သူထင်လာလာတယ်။ ဒီမှာတင် မိန်းမဟာ သူ့ထက်သာတယ်၊ သူ့ထက် တော်တယ်လို့ထင်တဲ့ အသိုက်အဝန်းကနေ ဆုတ်ခွာလာတော့တာပဲ။ သူမဟာ သူ့နှလုံးသားထဲမှာ သိမ်းထားတဲ့ လျှို့ဝှက်ချက်နဲ့အတူ သူ့ဘာသာသူ တစ်ယောက်တည်း အထီးကျန်နေတော့တာပဲ။

တကယ်တော့ အဲဒီ လျှို့ဝှက်ချက်ဟာ သူရဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်း ကင်းရတဲ့အကြောင်းရင်းပါပဲ။ ဒီတော့ သူဘာလုပ်သလဲ။ သူ့မှာ ကျန်ရှိတဲ့ အခြား နည်းလမ်းတွေနဲ့ စိတ်ပျော်အောင် ကြိုးစားကြည့်တယ်။ သူ့အတွင်းရေးတွေကို နေ့စဉ် မှတ်တမ်းထဲမှာ ရေးချတယ်။ တကယ်လို့ သူ့မှာ စိတ်ချရတဲ့ တိုးတိုး ဖော်တစ်ယောက် ရလာရင်လည်း သူ့ခံစားချက်တွေကို ရင်ဖွင့်တယ်။ စကားတွေ ပြောတယ်။ နေ့စဉ်ညတိုင်း သူ့အမှားတွေ၊ သူ့နောင်တတွေကို ပြန်သုံးသပ်တယ်။ မိန်းမငယ်ကလေး တစ်ယောက်ဟာ သူ့အနာဂါတ် ဘယ်လိုများ ရှိလေမလဲလို့ တွေးတောသလို သူလည်းပဲ သူ့အတိတ်ဟာ ဘယ်လိုများ ရှိခဲ့မလဲလို့ ပြန်စဉ်းစားတယ်။ ဆုံးရှုံးခဲ့ရတဲ့ သူ့အခွင့်အလမ်းတွေကို ပြန် နှမြောနေမိပြီး စိတ်ကူးယဉ် ဇာတ်လမ်းတွေကို ပြန်ပြောင်းတည် ဆောက်ကြည့်တယ်။ စိတ်ကုဆရာဝန်မ ဟယ်လင်ဒွိုက်ရှ်က အလိုမတူဘဲနဲ့ အိမ်ထောင်ပြုခဲ့ရပြီး နောက်မှာအိမ်ထောင် ပျက်သွားရတဲ့ မိန်းမတစ်ယောက်ရဲ့ အဖြစ်ကို ပြောပြခဲ့ဖူးတယ်။ နောက်မှာ အိမ်ထောင်ပြုလိုက်တဲ့အခါမှာ စိတ်ချမ်းမြေ့မှုကို ရသွားတဲ့ မိန်းမတစ်ယောက်အကြောင်းကို ပြောပြဖူးတယ်။ အသက်လေးဆယ့် ငါးနှစ်ရောက်တော့ အဲဒီ မိန်းမဟာ သူ့ ပထမ အိမ်ထောင်ကို ပြန်စဉ်စားမိရာကသူမှားလေခြင်းလို့ နောင်တရပြီး စိတ်ဓာတ်ကျနေခဲ့ရတယ်။ အဲဒီ စိတ်ကျရောဂါကြောင့် သူဟာ စိတ်ကုဆရာဝန်ဆီကို ရောက်လာခဲ့တာတဲ့။

အဲဒီအရွယ်မှာ ကလေးဘဝနဲ့ အပျိုဘော်ဝင်စက စိုးရိမ်သောကတွေဟာ ပြန်ပေါ်လာတတ်တယ်။ မိန်းမဟာ အဲဒီ ငယ်နုစဉ်က အကြောင်းတွေကို ချည်းပဲ ပြန်ပြန်တွေးနေတတ်တယ်။ မိဘတွေအကြောင်း ညီအစ်ကို မောင်နှမ





တွေအကြောင်း ပြန်တွေးနေတတ်တယ်။ အကြာကြီး အိပ်ပျော်နေရာက ပြန်နိုးလာသလို ဖြစ်နေတယ်။ တစ်ခါတစ်လေမှာ စိတ်ညစ်ပြီး အားငယ်နေတတ်တယ်။ ဒါပေမယ့် မကြာခဏ ဆိုသလိုပဲ ပျောက်ဆုံးခဲ့ရတဲ့ သူ့ဘဝကို ပြန်ရဖို့ ကြိုးစားလေ့ ရှိပါတယ်။ ဒီအခါမှာ သူဟာသူ စိတ်ညစ်တာ၊ စိတ်ဓာတ်ကျတာတွေကို တတ်နိုင်သမျှ ဖုံးကွယ်ဖို့ ကြိုးစားပြီး သူ့ကိုယ်သူ ဘာမှ မဖြစ်လေဟန်၊ စိတ် မညစ်လေဟန်၊ နောင်တ မဖြစ်လေဟန် အပူရုပ်ကို ဟန်လုပ်ပြီး ဖုံးတတ်ပါတယ်။

အသက်ကလည်းကြီး၊ ရင့်ကျက်မှုကလည်း ရတော့ ဒီလို လွယ်လွယ်နဲ့တော့ ဘယ်အရှုံးပေးနိုင်မလဲ။ သူဟာ အရွယ်တင်အောင် လုပ်နိုင်တယ်၊ နုနယ်ပျိုမြစ်တဲ့ ရုပ်သွင်ကို ဆောင်နိုင်တယ်၊ စွဲမက်အောင် လုပ်နိုင်တယ်လို့ သူထင်နေတယ်။ သူဟာငယ်ငယ်တုန်းကလို ပြန်ပြီး လှုပ်ရှားနိုင်သေးတယ်လို့ ထင်နေတယ်။ ဒီတင် သူမဟာ သနားစရာကောင်းတဲ့ ရေးကြီးသုတ်ပြာနိုင်မှုနဲ့ အချိန်နဲ့ ပျံသန်းမှုကို နောက်ပြန်လှည့်ဖို့ ကြိုးစားလာခဲ့တယ်။ သားသမီးမွေးတဲ့ မိန်းမမျိုးဆိုရင်လည်း သူဟာ ကလေးတစ်ယောက်ကိုတော့ နောက်ထပ်မွေးနိုင်သေးတယ်လို့ ပြောလာတယ်။ သူ့ဘဝကို ပြန်လည်ရှင်သန်ဖို့ အတင်းကြိုးစားလာတယ်။ ခပ်ပျံပျံ မိန်းမမျိုး ဆိုရင်လည်း အသက်ကြီးမှ ဝက်သက်ပေါက်ဖို့ ကြိုးစားလာတယ်။ အချိန်ရဲ့ ပျံသန်းမှုဟာ သူတို့ဆီကို ရောက်မလာဘူး။ ဇရာဟာ သူတို့ကို လက်ဖျားနဲ့မှ မတို့သေးဘူး။ ငယ်ငယ်တုန်းကလို နုပျိုပြီး အရွယ်တင်နေတုန်းပဲလို့ အခြားသူတွေက ထင်လာအောင် လုပ်ပြကြတယ်။ ဘယ်လို လုပ်ပြသလဲ။ ငယ်အောင် နုအောင် ဝတ်ကြတယ်။ ကောင်မလေးတွေလို အမူအရာတွေ လုပ်လာကြတယ်။ ဆံပင်ကို ငယ်ရွယ်သူတွေ ထားသလို ပြုပြင်လာကြတယ်။ ဇရာရောက်လာတဲ့ မိန်းမဟာ သူ့မှာ စွဲမက်စရာ မရှိတော့တာဟာ သူ့အသားအရေတွေ ညှိုးနွမ်းခြောက်ခန်းသွားလို့တင် မဟုတ်ဘူး၊ သူ့ရဲ့ အတိတ်၊ သူ့ရဲ့ အတွေ့အကြုံတွေကလည်း သူ့ကို အိမ်က ကြက်မကြီး ဖြစ်အောင် လုပ်ပေးလိုက်တယ်ဆိုတာ သူသိတယ်။ သူ့ဘဝ တစ်လျှောက်လုံးမှာ ရုန်းကန်ခဲ့ရပြီးပြီ။ ချစ်ခဲ့ဖူးပြီ။ အလိုဆန္ဒနောက်ကို လိုက်ခဲ့ဖူးပြီ။ သောကတွေ ရောက်ခဲ့ဖူးပြီ။ ပျော်ခဲ့ရဖူးပြီ။ လွတ်လပ်မှုကို ခံစားခဲ့ဖူးပြီ။ ခုတော့ ဒါတွေ မရှိတော့ဘူး။

ဒီအဖြစ်တွေဟာ သူ့ကို ရင့်ကျက်စေတဲ့ အရာတွေ၊ ငါကြီးပြီဆိုတဲ့ အသိကို ပေးတဲ့အရာတွေ။ ဒါကြောင့် ပြန်ငယ်ချင်လာတဲ့ အခါမှာ အဲဒီ အမှတ်သညာတွေ၊ အသိတွေအားလုံးကို စွန့်ပစ်လိုက်တယ်။ သူမရဲ့ ကြွင်းသောဘဝကို



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ချဲ့တယ်။ သူ့ကိုယ်သူ ဖွဲ့မက်စဖွယ်ဖြစ်အောင်၊ နှစ်လိုဖွယ်ဖြစ်အောင် လုပ်တယ်။ ဖိုသတ္တဝါနဲ့တွေ့ရင် အသံကလေးစာစာနဲ့၊ အမူအန္ဒကလေးတွေ၊ အညုအချွဲကလေးတွေနဲ့ ပြောတယ်။ ကြည့်တော့လည်း မခို့တရို့ လိုလို ဘာလိုနဲ့။ အပျိုဖော်ဝင်စ ကောင်မလေးတုန်းက ပြောသလို ခရာတာတာ ပြောတယ်၊ စကားပြောတာမဟုတ်ဘဲ ဝါစာကမာ ပြောတယ်။ လက်ခုပ် လက်ဝါးတီးတယ်၊ အသံထွက်ပြီး ရယ်တယ်။ တစ်နည်းပြောရရင် ငယ်ငယ်တုန်းက လုပ်ခဲ့တဲ့ မိန်းမတို့ရဲ့ အနုဘာဝလေးဆယ်ကို ပြန်ပြီး ကျင့်သုံးလာတော့တာပါပဲ။ ဒီလို လုပ်တဲ့ နေရာမှာ သူမဟာ ပွေလီဆန်းပြားတဲ့ စိတ်နဲ့ လုပ်တာ မဟုတ်ပါဘူး။ သူ့ဘာသာသူ ရိုးသားစွာ လုပ်ခြင်းပါ။ စိတ်ဝင်စားမှု အသစ်၊ နေ့စဉ်လုပ်နေကျ ပုံစံဇယားထဲက ထွက်ချင်တဲ့ စိတ်ဆန္ဒ၊ အသစ်ပြန်စချင်တဲ့ စိတ်တို့ကို မွေး လိုက်တဲ့အတွက် ဘဝကို အသစ်ပြန်စတယ်လို့ သူ့စိတ်ထဲမှာ ရိုးရိုးသားသား ထင်သွားလို့ ဖြစ်ပါတယ်။

## အရောင်လွှင့်ပြယ်ခြင်း

ဒါပေမယ့် သူက ဘယ်လောက်ပဲ ဘဝကို အသစ်ပြန်စဖို့ ကြိုးစားပေမယ့် ဘယ့်နှယ်လုပ် ဖြစ်နိုင်မှာလဲ။ ငယ်ငယ်တုန်းကတော့ ဒီလို နေခဲ့ရာမှာ မျှော်မှန်းချက်တွေ၊ အိမ်မက်တွေ၊ စိတ်ကူးတွေ ရှိခဲ့တာပေါ့။ ဒါပေမယ့် ခု ကြီးလာတဲ့အခါမှာ လောကကြီးမှာ ဘာရည်မှန်းချက်ထားစရာ ရှိတော့လို့လဲ၊ ဘာ မျှော်မှန်းဦးမှာလဲ။ နောက်ကျသွားပြီလေ။ ဒီတော့ သူ မွှမ်းမံတာတွေ သူ့ငယ်ရုပ်ဆင် တာတွေ အားလုံးဟာ ကိုးရိုးကားရား မတင့်မတယ် ဖြစ်နေတာ ပေါ့။ သူ့ရဲ့ ဇရာကို တိုက်ဖျက်ပြီး သူ့ကိုယ်သူ အလျှော်ပေးလို့ရပါရဲ့။ အတိတ်တုန်းက တွေ့ခဲ့ရတဲ့ အမှားတွေ၊ ကျဆုံးမှုတွေအတွက် အလျှော်ပေးလို့ ရပါ တယ်။ ခုပြောနေတဲ့ အသက်ကြီးပိုင်းကို ရောက်နေတဲ့ အမျိုးသမီးဟာ ကလေး ဘဝနဲ့ အပျိုဘော်ဝင် စက ဆန္ဒတွေကို အချိန်မနှောင်းမီမှာ အကောင်အထည် ဖော်ဖို့ ကြိုးစားလိမ့်မယ်။ သူမဟာ သူမရဲ့ စန္ဒရားဆီကို ပြန်သွားကောင်း သွားမယ်။ ပန်းပုတို့၊ စာပေတို့ကို ပြန်ကောက်ချင်ကောက်မယ်။ ခရီးသွားတာ တို့ ဘာတို့ လုပ်ချင်လုပ်မယ်။ ရေလွှာလျှောစီးကို သင်ချင်သင်မယ်။ နိုင်ငံခြား ဘာသာ စကားတစ်ခုခုကို သင်ကောင်းသင်မယ်။ တစ်ခါတုန်းက ရှက်လို့ ကလက်တယ်လို့ ထင်မှာစိုးလို့ သူမလုပ်ခဲ့တဲ့ အလုပ်တော်တော်များများကို ခုအရွယ်မနှောင်းခင်ကလေးမှာ အားပါးတရ လက်ကမ်းကြိုဆိုမှာပဲ။ ဘယ်ခါ တုန်းက သူစိတ်ရှည်သည်းခံနိုင်ခဲ့တဲ့ လင်ယောကျာ်းကို တော်တော်လေး ငြီးငွေ့ စိတ်ပျက်နေပြီဆိုတာကို ဝန်ခံမှာပဲ။ တစ်ဖက်မှာတော့ သူ တစ်ခါက ချုပ်တည်း ထားခဲ့တဲ့အရာတွေကို ဇက်ကုန်သွတ်ပေး လိုက်မှာပဲ။ ယောကျာ်းဆီကို အချိုး



www.burmeseclassic.com

www.burmeseclassic.com



မျိုး တောင်းဆိုချက်တွေ တင်မှာပဲ။ မိန်းမ တော်တော်များများမှာ မျက်နှာဖုံးတပ်တဲ့ပုံသဏ္ဌာန်နဲ့ တည်ရှိနေတဲ့ လိင်တူဆက်ဆံမှု သဘောထားတွေဟာ ထင်ရှားလာကြတယ်။ ဒီလို ဖြစ်လာတဲ့ အခါမှာ သူမဟာ သမီးဘက်ကို လှည့်လာတယ်။ တစ်ခါတလေမှာလည်း ဒီစိတ်ဓာတ်ဟာ မိတ်ဆွေသူငယ်ချင်း အမျိုးသမီး တစ်ယောက်ဆီကို ရောက်သွားတတ်တယ်။ သူ့ရဲ့ 'ဖိုမဆက်ဆံရေး''ဘဝနှင့် ယုံကြည်ခြင်းတရား' ဆိုတဲ့ စာအုပ်မှာ စိတ်ပညာရှင် ရွှမ်လန်းဒေါက သက်ဆိုင်သူကိုယ်တိုင် ဖွင့်ဟဝန်ခံထားတဲ့ အဖြစ်အပျက်တစ်ခုကို ဒီလို ရေးပြထားပါတယ်။

'ဒေါ်........သည် အသက် ငါးဆယ်နားသို့ ရောက်နေလေပြီ၊ အိမ်ထောင်သက် နှစ်ဆယ့်ငါးနှစ်ရှိပြီး အရွယ်ရောက်သည့် သားသမီး သုံးယောက်ရှိသည်၊ ပေါင်းသင်းဆက်ဆံရေး အသိုင်းအဝိုင်းတွင်လည်း ထင်ရှားသူဖြစ်သည်၊ လန်ဒန်သို့ ရောက်သည့်အခါတွင် သူနှင့် စိတ်ချင်းတူ၍ သူ့ထက်ဆယ်နှစ်လောက်ငယ်သည့် အမျိုးသမီးတစ်ယောက်နှင့် တွေ့ကြသည်၊ ထိုအမျိုးသမီးက သူ့ကို အိမ်သို့ အလည်ခေါ်သည်၊ ဒေါ်.....သည် အိမ်ရှင် အမျိုးသမီးအား အားပါးတရ ဖက်ရမ်းနမ်းရှုပ် နေသည်ကို သတိရသည်၊ နောက်တစ်နေ့တွင်မှ ဒေါ်......သည် အလန့်တကြားဖြင့် အိမ်သို့ ပြန်လာခဲ့သည်၊ သူ့တစ်သက်တွင် လိင်တူ ဆက်ဆံရေးဆိုသည့် အရာဟူ၍ ရှိကြောင်းကို ပထမဆုံးအကြိမ် သိလာခဲ့သည်၊ ဒေါ်.....သည် သူ့အဖြစ်ကို တွေးကာ ရှက်လည်း ရှက်၊ ဝမ်းလည်းနည်းကာ ဆရာဝန်တစ်ယောက်ကို သွားပြသည်' လို့ ရေးထားပါတယ်။

စိတ်ပညာရှင် တစ်ယောက်ဖြစ်တဲ့ စတက်ကယ်ကလည်း သူတွေ့ဖူးတဲ့ လူနာတစ်ယောက်အကြောင်းကို ဒီလို ရေးထားပြန်ပါတယ်။

'အိမ်ထောင်သက် အနှစ်နှစ်ဆယ်၊ သားသမီးရှိသည့် အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ယောက်သည် အိမ်ထောင်ကို ငြီးငွေ့လာသည်၊ သူ့ကို အားလုံးက အသိအမှတ်ပြုခြင်းမရှိ၊ နားလည်ခြင်းမရှိဟု ထင်လာခဲ့သည်၊ ထို့ကြောင့် သူမသည် ယခင်က လုပ်နေကိုင်နေကျ မဟုတ်သည့် အလုပ်များကို လုပ်လာခဲ့သည်၊ ခရီးထွက်ခြင်း၊ ရေခဲလျှောစီးခြင်း စသည့်တို့ကို လုပ်သည်၊ ဤတွင် အသက်သုံးဆယ်ခန့် လူငယ်တစ်ယောက်နှင့်တွေ့ကာ ဖောက်ပြားမိတော့သည်' လို့ ရေးခဲ့ပါတယ်။

အကျင့်သိက္ခာနဲ့ ပြည့်စုံတယ်၊ ဗိုင်းကောင်းကျောက်ဖိ ဖြစ်တယ်ဆိုတဲ့ အမျိုးသမီး တစ်ယောက်ဟာ အနေအထိုင် အပြောအဆို သိပ်ပြီး လျှပ်ပေါ်လော်လီလေ့ မရှိပါဘူး။ ထိန်းထိန်းချုပ်ချုပ်နေလေ့ရှိပါတယ်။ ဒါပေမယ့် သူတို့





တစ်တွေ စိတ်ထဲမှာတော့ ကျိတ်ပြီးခံစားနေရတာတွေ ရှိပါတယ်။ ဥပမာ ကိုယ့်သားသမီးမှ ကိုယ့်သားသမီးဆိုပြီး သားသမီးကို သိပ်ချစ်တာ၊ ငယ်ရွယ်တဲ့ ယောကျ်ားကလေးတွေကို တွေ့ရင် မျက်နှာသာပေးတာ၊ အရေးတယူ လုပ်ချင်တာ၊ တိတ်တိတ်ပုန်း သဘောကျနေတာ၊ အပျိုဖော်ဝင်စ မိန်းကလေးတစ်ယောက်လို သူမဟာ သူ့ကို တခြားတစ်ပါးသော ယောကျ်ားတစ်ယောက်က မတော်တရော်လုပ်မှာကို အမြဲစိုးရိမ်နေတတ်တာ စတဲ့ခံစားချက်တွေ ရှိတတ်ပါတယ်။ ဒီတင် သူ့စိုးရိမ်မှုနဲ့ သူ့ဆန္ဒတွေဟာ တစ်ခုနဲ့တစ်ခု ပဋိပက္ခဖြစ်ပြီး မျိုးရိုးဆစ်လို့ခေါ်တဲ့ စိုးရိမ်လွန်ရောဂါ ဝင်လာတော့တာပါပဲ။ ဒီအချိန်မှာ သူ့စိတ်ထဲမှာဖြစ်နေတဲ့ ဆန္ဒနဲ့ တကယ့်အခြေအနေတို့ဟာ ရောထွေးနေပြီး မဟုတ်ကို အဟုတ်လို့ ထင်တတ်တာ၊ အဟုတ်ကိုမဟုတ်လို့ သင်တတ်တာတွေ ရှိတတ်ပါတယ်။

အဲဒီအချိန်မှာဖြစ်တဲ့ ရင်တွင်းပဋိပက္ခဟာ အပျိုဖော်ဝင်စကဖြစ်တဲ့ ရင်တွင်း ပဋိပက္ခတွေထက်တောင် ပြင်းထန်ရှုပ်ထွေးပါသေးတယ်။ အသက်ကြီးပြီး ဇရာပိုင်းကိုကူးနေတဲ့ အမျိုးသမီးတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ အချက်တစ်ခုကတော့ ဒီပါဇင်နယ်လိုက်ဇေးရှင်းလို့ခေါ်တဲ့ ကိုယ့်ကိုယ်ကိုယ် အရာမသွင်းတော့ဘဲ လူ့အောက်ကျပြီလို့ထင်တဲ့ ခံစားချက်ပါ။ ဒီခံစားချက်ကြောင့် ရေရေရာရာရယ်လို့လည်း ဘာမှမလုပ်ချင်တော့ဘဲ ဖြစ်သွားတတ်ပါတယ်။ ရည်မှန်းချက်ရှိတဲ့ အလုပ်တို့ လက်တွေ့ကျတဲ့ အလုပ်တို့ကိုလည်း စိတ်မဝင်စားတော့ဘူး။

ဒီအကျပ်အတည်းအဆင့်မှာ အမျိုးသမီးဟာ သူများပြောသမျှကို အဟုတ်ထင် အားကိုးရှာ၊ နတ်ဆရာယောင်ယောင် ဘိုးတော်ယောင်ယောင်တွေကို ဆည်းကပ်ကိုးကွယ်ပြီး သူတို့ပြောသမျှ အဟုတ်ထင်တော့တာပါပဲ။ ချုပ်ပြောရရင်တော့ လူလိမ်လူညာတွေ၊ သမားတုသမားယောင်တွေကို ဆည်းကပ်တော့တာပါပဲ။ ဒီလို ဖြစ်ရတာဟာ သူ့မှာ ဝေဖန်နိုင်တဲ့ စွမ်းအားမဲ့သွားလို့တင် မဟုတ်ဘူး။ သူ့မှာ အားကိုးရာမဲ့နေလို့၊ တွယ်မိတွယ်ရာကို ကောက်တွယ်လိုက်တဲ့ သဘောလည်းပါပါတယ်။ ဒီတော့ သူမအဖို့ ဆေးလိုပါတယ်။ သူဟာ သူ့ရင်တွင်း ပဋိပက္ခတွေကို ချက်ချင်း မဖြေရှင်းနိုင်တဲ့အခါမှာ ယုတ္တိဗေဒကို အထင်သေးလာပါတယ်။

ဒီတော့ သူဘာကို ယုံလာသလဲ။ စောစောကပြောခဲ့တဲ့ အကြားအမြင်တို့၊ ထုံကူးတာတို့၊ တန်းခိုးပြဋ္ဌိဟာတို့ ဆိုတာတွေကို ယုံလာပါတယ်။ ဒီတော့ သူမဟာ အထက်ဆရာတွေ စေခိုင်းတဲ့အတိုင်း အကြားအမြင်ဆရာတွေ ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း၊ စီးပွားရေးတို့၊ လုပ်ငန်းတို့၊ ပေါင်းသင်း ဆက်ဆံရေးတို့ စတဲ့ နယ်တွေမှာ လှုပ်ရှားတော့တာပါပဲ။

ချုပ်ပြောရရင် သွေးဆုံးချိန် အကျပ်အတည်းဟာ မိန်းမတစ်ယောက်ရဲ့ ဘဝကို အပိုင်းနှစ်ပိုင်းဖြစ်အောင် ပိုင်းပစ်လိုက်ပါတယ်။ တစ်ခုက အတိတ်ကို အောက်မေ့သတိရတဲ့ အပိုင်း၊ နောက်တစ်ပိုင်းက သူဟာ ဘဝသစ်တစ်ခုကို စ ရတော့မယ်လို့ ထင်လာရတဲ့အပိုင်းဖြစ်ပါတယ်။ ဒါနဲ့အတူ သူမဟာ အဲဒီအခန်းသစ်မှာ တက်တက်ကြွကြွ ပါဝင်ကပြဖို့အတွက် စိတ်အားထက်သန်နေတတ်တယ်။ အချစ်မှာရော၊ ဖိုမ ဆက်ဆံရေးကိစ္စတွေမှာရော သူမဟာ ပြန်လည် နိုးကြားလာတယ်။ ဒါတင်မကဘူး။ အနုပညာကိစ္စတွေ၊ ပေါင်းသင်းဆက်ဆံရေး ကိစ္စတွေမှာရော လန်းဆန်းလာခဲ့ပြန်တယ်။ သူမဟာ သေရာကပြန်ရှင်လာခဲ့တယ်။ တမလွန်ကိုတောင် မြင်တယ်ဆိုတဲ့ အမြင်မျိုးနဲ့ လောကကြီးကို စူးစူးရှရှ ကြည့်လာခဲ့တယ်။ တစ်ခါမှ စိတ်မကူးမိတဲ့ အမြင့်ကို ရောက်လာခဲ့တယ်လို့ ထင်သွားတယ်။

ဒါပေမယ့် ဒါက သူ့အထင်ပါ။ ကမ္ဘာကြီးကပြောင်းသွားတာ မဟုတ်ပါဘူး။ တောင်ထိပ်တွေဟာ အရင်ကလိုပဲ ရောက်ပေါက်နိုင်ခဲတဲ့ အရာတွေဖြစ်နေတုန်းပါပဲ။ သူရတယ်ဆိုတဲ့ အကြားအမြင်တွေဟာလည်း တကယ့်လက်တွေ့ကျတော့ အကောင်အထည်ဖော်ဖို့ ခက်တဲ့ အရာတွေပါ။ ဒီမှာတင် အတွင်းအရှုတ္တမှာ စောစောက ရှိခဲ့တဲ့ အလင်းရောင်ဟာ တဖြည်းဖြည်း ပြန်မှိန်သွားတယ်။ မှန်ထဲကို ကြည့်လိုက်တော့ မနေ့ကထက် ရင့်ရော်အိုမင်းလာတဲ့ မိန်းမတစ်ယောက်ကိုပဲ တွေ့ရတော့တယ်။ စောစောက စိတ်အားထက် သန်ခဲ့တာတွေပျောက်၊ စိတ်ဓာတ်ကျတာတွေ ရောက်လာတော့တာပါပဲ။ တက်လိုက် ကျလိုက်ဖြစ်သွားတဲ့ ဒီ နရီစည်းချက်ကို သူမရဲ့ ကိုယ်လက်အင်္ဂါအဖွဲ့အစည်းများကလည်း ပြသနေပါတယ်။ မ ဟော်မုန်းဓာတ်တွေ ဆုတ်ယုတ်လျော့ပါးသွားမှုကို အကျိတ်တွေရဲ့ ပိုမိုလှုပ်ရှားက အလျော်ပေး အစားထိုးပေးလိုက်တယ်။ ဒီလို စိတ်အခြေအနေတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေတာဟာ စိတ်ဓာတ်ဆိုင်ရာကြောင့်တော့ မဟုတ်ပါဘူး။ မိန်းမရဲ့ ဂဏှာမငြိမ်ဖြစ်မှုဟာသူမရဲ့ အမြင်တိမ်းမှု၊ သူမရဲ့ ထက်သန်ပြင်းပြမှုတွေဟာ သူမရဲ့ အတိတ်ကို ပြန်လည်စိုးမိုးမှုကို ပြန်လှန်ခုခံတဲ့ တုံ့ပြန်မှုများသာ ဖြစ်ပါတယ်။ ဇရာရောက်လို့ စိတ်သောက ရောက်ရတုန်းမှာ နောက်ထပ် သောကတွေက ဖိစီးလာကြပြန်တော့ မိန်းမဟာ ခုခံဖို့ စွမ်းအားမရှိတော့ဘဲ အဲဒီသောကတွေရဲ့ ဖိစီးမှုအောက်မှာ လက်မြှောက် အရှုံးပေးလိုက်တော့တာပါပဲ။ ဒီလိုနဲ့ မိန်းမဟာ သူ့အမှားတွေ၊





သူ့နောင်တတွေ ကိုချည်း ပြန်စဉ်းစားနေမိပြန်တယ်။ သူ့ဆွေမျိုးတွေနဲ့ အိမ်နီးချင်းတွေဟာ သူ့ကို မကောင်းကြံနေတယ်လို့ ထင်တယ်။ သူနဲ့အတူနေတဲ့ ညီအစ်မတို့၊ မိတ်ဆွေ သူငယ်ချင်းတို့ရှိရင်လည်း သူတို့ တစ်တွေဟာ သူ့ကို ဝိုင်းဝန်းမကောင်းကြံနေတယ်လို့ ထင်တတ်တယ်။ အထူးသဖြင့် သူ့ယောက်ျားနဲ့ ပတ်သက်လာရင် အကြီးအကျယ်ကို မနာလိုဝန်တို ဖြစ်တတ်တယ်။ ဒါ့ကြောင့်မို့ အလိုအလျောက် ပေါ်လာတဲ့ မနာလိုဝန်တိုမှုများဟာ အသက်ငါးဆယ်နဲ့ ငါးဆယ့်ငါးနှစ်ကြားမှာ တော်တော်များပါတယ်။

တချို့မိန်းမများမှာ သွေးဆုံးချိန် ကယောက်ကယက် ဖြစ်မှုတွေဟာ ရပ်တန့်မသွားဘဲ ကွယ်လွန်သည်အထိ ရှိသွားတတ်တယ်။ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ် မအိုဘူးလို့ထင်နေတဲ့ မိန်းမတွေ၊ အိုရမှာကို လက်မခံ ငြင်းဆန်တဲ့ မိန်းမတွေမှာ အဲဒီအတိုင်း ဖြစ်တတ်တယ်။ သူမမှာ အရည်အချင်းများ မရှိခဲ့ရင် မိန်းမဟာ အဲဒီအလှကို ထိန်းသိမ်းဖို့ တစ်လှမ်းပြီး တစ်လှမ်း ကာကွယ် တိုက်ပွဲဝင်လေ့ရှိပါတယ်။ မိန်းမတစ်ယောက်မှာ ဘယ်အရွယ်မှာ ကာမဂုဏ်စိတ်ဆန္ဒတွေ လျော့နည်းသွားပါသလဲလို့ မက်တားနစ် မင်းသမီးကို မေးတဲ့အခါမှာ သူမက 'ဒါတော့ ငါလည်း မသိဘူး၊ ငါက ခုမှ အသက်ခြောက်ဆယ့်ငါးနှစ်ပဲ ရှိသေးတာ' လို့ ပြောဖူးပါတယ်။

မိန်းမတစ်ယောက်ဟာ ဇရာကို ရောက်တော့မယ်ဆိုရင် သဘောတူလက်ခံလိုက်တဲ့နေကစပြီး သူ့အနေအထားဟာ တော်တော်ပြောင်းလဲသွားပါတယ်။ အဲဒီလို လက်မခံမီအထိတော့ သူမဟာ သူ့ကို ပုံပန်းပျက်အောင်လုပ်နေတဲ့၊ သူ့ကို အလှပျက်ယွင်းအောင် လုပ်နေတဲ့ ကံကြမ္မာကို ခုခံလိုက်ပြီဆိုတော့ သူဟာ တစ်မူပြောင်းသွားတဲ့ မိန်းမတစ်ယောက် ဖြစ်သွားပြီ။ အဘွားအိုကြီးတစ်ယောက် ဖြစ်သွားပြီ။ အန္တရာယ်များတယ်ဆိုတဲ့ အရွယ်ကိုလည်း လွန်မြောက်သွားခဲ့ပြီပေါ့။ ဒါပေမယ့် အဲဒီလိုဆိုလိုက်တဲ့ အတွက် သူ့ဘဝဟာ သက်သောင့်သက်သာ ရှိသွားပြီလို့တော့ မထင်လိုက်ပါနဲ့။ အချိန်ကာလရဲ့ ဖိစီးမှုကို ဆန့်ကျင်တိုက်ခိုက်ခြင်း မပြုတော့ဘဲ အရှုံးပေးလိုက်တဲ့အခါမှာ အခြား တိုက်ပွဲတစ်ပွဲကို ဆက်တိုက်ရပြန်ပါတယ်။ အဲဒီတိုက်ပွဲကတော့ ကမ္ဘာ မြေကြီးပေါ်မှာ နေရာကလေး တစ်နေရာရဖို့ ကိစ္စပါပဲ။ တစ်နည်းပြောရရင် သူ့ကို လူတွေက အသိအမှတ်ပြုခံရဖို့ပါ။ ဘဝရဲ့ ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကျမှပဲ မိန်းမတစ်ယောက်ဟာ သူမကို ချုပ်နှောင်ထားတဲ့ နှောင်ကြိုးတွေက လွတ်မြောက်လာခဲ့တာပါ။ သူ့ပခုံးပေါ်မှာ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်းပိုကြီးကို အောက်ချဖို့အတွက် အသက်ကြီးတာကို အကြောင်းပြ အခွင့်ကောင်း ယူရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျားက ဘယ်လောက်ပဲမာန်မဲ ခြိမ်းခြောက်သည်ဖြစ်စေ ဒါတွေကို သူသိပ်မမှုတော့ဘူး။ ကိုယ့်ယောက်ျားအကြောင်းကို နှောကြေအောင် သိခဲ့ပြီလေ။ ယောက်ျားက ပွတ်သီးပွတ်သပ် လုပ်လာရင်လည်း သိပ်မသာယာချင်တော့ဘူး။ ခပ်ဖယ်ဖယ်ပဲ နေလိုက်တယ်။ သူ့ယောက်ျားဘေးမှာ အတူရပ်ရင်း သူ့ကိုယ်ပိုင် ဘဝကလေး၊ ကိုယ်ပိုင်ကမ္ဘာကလေးကို ဖန်တီးတယ်။ တစ်ခါတလေမှာလည်း ယောက်ျားကို မိတ်ဆွေတစ်ယောက်လို သဘောထားလိုက်တယ်။ တစ်ခါတစ်ရံမှာလည်း ကတောက်ကဆ ဖြစ်ကြရတယ်။ တကယ်လို့ သူက ကိုယ့်ထက်အကျမြန်ပြီး အဘိုးကြီးဖြစ်သွားရင်လည်း သူတို့နှစ်ဦးရဲ့ ကိစ္စအဝဝကို ကိုယ်ကပဲ စီမံ အုပ်ချုပ်ရတော့တယ်။ ကိုယ်ကိုယ်တိုင်လည်း ခေတ်ပေါ် ဖက်ရှင်အဝတ်အစားတွေ၊ အပြုအမူတွေကို တွန်းလှန်ပြီး ဘယ်သူက ဘာများပြောမလဲလို့ တွေးတော စိုးရိမ်နေတာတွေကို ဖျောက်ပစ်ရတယ်။ ခုတော့ သူမဟာ လူမှုကိစ္စတွေ တော်တော်နည်းသွားပြီ။ အစားအသောက် လျှော့စားရတာတွေ နည်းသွားပြီ။ ကိုယ့်အလှအပကို ဂရုစိုက်ရတာတွေ နည်းသွားပြီ။ ကလေးတွေနဲ့ ပတ်သက်လာရင်လည်း သူတို့ တစ်တွေ အရွယ်ရောက်လာကြပြီဖြစ်လို့ ကိုယ်မပါဘဲ သူတို့ ဘာသာ သူတို့ ရပ်တည်နိုင်ကြပြီ။ အိမ်ထောင်ကျတဲ့သူက အိမ်ထောင်ကျပြီ။ အိမ်ခွဲသူက ခွဲပြီ။ ဒီလို တာဝန်တွေကင်းသွားတဲ့အခါမှာ သူမဟာ လွတ်လပ်မှုကို ရလာခဲ့တယ်။ ဒါပေမယ့် ကံမကောင်း အကြောင်းမလှစွာဘဲ မိန်းမတိုင်းရဲ့ ဇာတ်လမ်းမှာ မိန်းမသမိုင်း အစဉ်အဆက် ဖြစ်ခဲ့ပျက်ခဲ့တဲ့ အကြောင်းအရာတွေဟာ ထပ်ဖြစ်လာတယ်။ သူရတဲ့ လွတ်လပ်မှုဟာ အဲဒီ လွတ်လပ်မှုကို အသုံးချလို့ မရနိုင်တော့တဲ့ အခြေအချိန်ကျမှရတဲ့ လွတ်လပ်မှု ဖြစ်နေတယ်။ ဒီလို ထပ်ပြန်တလဲလဲ ဖြစ်လာရတာဟာ မတော်တဆ ဖြစ်ရတာမျိုး မဟုတ်ဘူး။ ရှောင်လို့မရအောင် ဖြစ်လာတာ။ အဖအုပ်စိုးတဲ့ လူ့အဖွဲ့အစည်းဟာ မိန်းမရဲ့ လုပ်ဆောင်မှုဟူသမျှကို အလုပ်အကျွေးပြုတဲ့ လုပ်ဆောင်မှု၊ သူတစ်ပါး စေခိုင်းရာကိုပြုရတဲ့ လုပ်ဆောင်မှု အဖြစ်ရောက်အောင် လုပ်ပေးခဲ့တယ်။ ထိရောက်မှု ကုန်ခန်းတဲ့ အချိန်ကျမှ မိန်းမဟာ ကျေးကျွန်ဘဝက လွတ်မြောက်လာခဲ့တယ်။ အသက် ငါးဆယ်နားကပ်လာတုန်းက သူမမှာ တန်ခိုးစွမ်းပကားတွေ အပြည့်ရှိသေးတယ်။ သူမဟာ အတွေ့အကြုံ ကြွယ်ဝတယ်လို့ ကိုယ့်ဘာကိုယ် ထင်တယ်။ ယောက်ျားများမှာ ဆိုရင်တော့ အဲဒီ အသက်အရွယ်ဟာ အမြင့်ဆုံးနေရာကို ရောက်တဲ့အချိန်၊ အရေးကြီးဆုံး ရာထူးကို ရောက်တဲ့အချိန်ပဲ။ သူမအဖို့တော့ အဲဒီအချိန်ဟာ အနားယူတဲ့ အချိန်ပဲ။ ဒီအချိန်မှာ တစ်ယောက်ကိုပဲ ဦးစားပေးမှုကို မရှိကြ





တော့ဘူး။ ဒီလိုနဲ့ အဲဒီအချိန်လည်းရောက်ရော မိန်းမဟာ အသုံးလည်းမဝင်၊ တရားမျှတမှုလည်း မရတော့ဘဲ သူ ဆက်လက် နေထိုင်ရမယ့် မျှော်လင့်ချက်မဲ့တဲ့ နှစ်ကာလတွေကို လှမ်းမျှော်ကြည့်ရင်း သြော် ငါ့ကို ဘယ်သူကမှ အသိုမရှိကြတော့ပါကလား' လို့ ညည်းမိတယ်။

ဒါပေမယ့် ဒီအခြေအနေမျိုးကို ချက်ချင်း လက်မခံနိုင်သေးဘူးလေ။ ချက်ချင်း အသားမကျနိုင်သေးဘူး။ ဒီတော့ တစ်ခါတလေမှာ လင်သားကို တွယ်တာမိတယ်။ ခါတိုင်းထက် ပြုစုယုယဖို့ ကြိုးစားခြင်းဖြင့် ယောက်ျားကို စိတ်ညစ်အောင်၊ အနှောင့်အယှက်ဖြစ်အောင် လုပ်မိပြန်တယ်။ ဒါပေမယ့် အိမ်ထောင်သည် ဘဝရဲ့ ထုံးစံ ဓလေ့တွေဟာ ခိုင်မြဲတယ် မဟုတ်လား။ ငြီးငွေ့စရာကောင်းတယ် မဟုတ်လား။ ဒီတော့ ဘာဖြစ်သလဲ။ လင်သားအဖို့ သူဟာ အပိုလို ဖြစ်နေပြီ။ မလိုတော့ဘူးဆိုတဲ့ သဘောမျိုး ဝင်လာတယ်။ ဒါမှမဟုတ်ရင်လည်း လင်သားဟာ သူ့ရဲ့ ပြုစုယုယမှုကို မခံယူထိုက်ဘူးလို့လည်း ထင်လာတတ်တယ်။ သူတို့နှစ်ဦး အတူနေရေးကို သေချာအောင်လုပ်ရတဲ့ ကိစ္စဟာ တစ်ယောက်တည်း အိုရတဲ့ ကိစ္စလိုပဲ တော်တော် ပင်ပန်းတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီတော့ မိန်းမဟာ သားတွေ သမီးတွေဘက်ကိုပဲ ဦးလှည့်ရတော့တာပေါ့။ သူတို့ကတော့ လောင်းကစားပွဲ မပြီးသေးဘူးလေ။ ကံကြမ္မာတံဆိပ်ကို အပြီးအပိုင် မနှိပ်ရသေးဘူး။ ကမ္ဘာကြီးနဲ့ အနာဂတ်ဟာ သူတို့အဖို့ ပွင့်နေတုန်းပဲ။ သူမဟာ ကလေးတွေ သားတွေ သမီးတွေအပေါ်မှာ ဘဝကို နှစ်မြှုပ်လိုက်တယ်။ ဒီထဲမှာ အသက်ကြီးမှ သားသမီး ရသူတွေက အဘွားဖြစ်နေချိန်မှာ သူက အမေဘဝမှာပဲ ရှိသေးတယ်။ ဒါပေမယ့် များသောအားဖြင့်တော့ အမေများဟာ အသက်လေးဆယ်နဲ့ ငါးဆယ်ကြားမှာ သားသမီးတွေ ကြီးပြင်းအရွယ်ရောက်တာကို မြင်ကြရတာများပါတယ်။ အဲဒီအချိန်မှာ သားတွေ သမီးတွေကလည်း သူနဲ့လွတ်အောင် နေချင်တဲ့အချိန်၊ သူကလည်း သားတွေ သမီးတွေနဲ့အတူ အုပ်အုပ်စီးစီးနေဖို့ စိတ်ဓာတ်ပြင်းထန်ဆုံး အချိန်ပါပဲ။

ဒီလို ပြန်ပြီး တွယ်တာနှောင်ဖွဲ့ရာမှာ သားအပေါ်မှာ တွယ်တာတာလား၊ သမီးအပေါ်မှာတွယ်တာတာလား ဘယ်သူ့အပေါ်မှာ တွယ်တာသလဲဆိုတာကို လိုက်ပြီး သဘောထားလည်း အမျိုးမျိုး ကွဲပြားသွားပါတယ်။ အများအားဖြင့်တော့ သူမဟာ အသက်ကြီးလာပြီး သူ့ကို လင်သားကရော၊ လူ့အဖွဲ့အစည်းကပါ ချောင်ထိုးလာရင် သားအပေါ်မှာ တွယ်တာပြီး သားကို အားကိုးတတ်တာ များပါတယ်။ ဒီနေရာမှာ သားဟာ သူမရဲ့ နက်ရှိုင်းမှုထဲက ရောက်လာတဲ့သူ၊ ကိုယ်ဝန်ဆောင်နေစဉ်က ဝေးလံတဲ့ မိုးကုတ်စက်ဝိုင်းကို

www.burmeseclassic.com



လှမ်းမျှော်ကြည့်ရင်း စောင့်ရမျှော်ရတဲ့သူ ဖြစ်နေပါတယ်။ မွေးကင်းစ သားငယ် ကလေးက အူဝဲလို့ အော်လိုက်တာနဲ့ တစ်ပြိုင်နက် သူ့အဖေ မပေးနိုင်တဲ့ ရတနာတွေကို ကြဲချပေးမယ့် ဒီလိုနေ့မျိုးကို သူမျှော်လင့်နေခဲ့တာ။ အဲဒီတုန်းက တော့ သူ့ကို ရိုက်ခဲ့ဖူးတယ်။ ဆေးကြောသန့်စင် ပေးခဲ့ဖူးတယ်။ ဒါပေမယ့် ဒါတွေကို သူမေ့သွားပြီလေ။ သူ့နှလုံးသားအောက်မှာ သိုဝှက်ထားခဲ့တဲ့ ဒီလူ (သူ့သား)ဟာ ကမ္ဘာကြီးကို စိုးမိုးတဲ့ သခင်၊ မိန်းမ အပေါင်းကို အုပ်စိုးနိုင်တဲ့ အရှင် ဖြစ်လာခဲ့ပြီ။ ခု သူဟာ သူ့ကို အမေဆိုတဲ့ ကြီးကျယ်တဲ့ ဂုဏ်ရောင် ထွန်းပြောင်မှုထဲမှာ ထိန်းသိမ်းထားပြီး ပြုစုတော့မယ်။ လင်ယောကျ်ားရဲ့ စိုးမိုး အုပ်ချုပ်မှုကို မခံရအောင် အကာအကွယ် ပေးတော့မယ်။ သားဟာ သူမရဲ့ ကယ်တင်ရှင်၊ သူမကို ကယ်မသူ၊ လွတ်မြောက်အောင် လုပ်ပေးသူ ဖြစ်လာ တော့မယ်။ ဒါနဲ့အတူ သူမဟာလည်း အားတက်လာတယ်။ စိတ်ထားနုပျို လာတယ်။ သားနဲ့အတူယှဉ် လမ်းလျှောက်ရင်း သူ့ကိုယ်သူ အစ်မကြီးလို့ ထင်မိတယ်။

## ယောက္ခမနဲ့ ချွေးမ

မိန်းမတိုင်းဟာ ကိုယ်ချစ်တဲ့ ယောကျ်ားတိုင်းရဲ့ ပျော်ရွှင်မှုကို ကိုယ့် နည်းနဲ့ကိုယ် နားလည်ကြပါတယ်။ ဇနီးမယားအဖို့ ကိုယ့်ယောကျ်ားဟာ သူ့ကို လူ့အဖွဲ့အစည်းကြီးအပေါ် အောင်နိုင်အောင် လုပ်ပေးနိုင်တဲ့သူလို့ မြင်ချင် တယ်။ မိခင်အဖို့ သားကို အတိတ်က ကလေးဘဝတုန်းက အရွယ်ကို ပြန် ရောက်သွားပြီး သူ့ကို အကာအကွယ်ပေးချင်တယ်။ ပျိုရွယ်တဲ့ ဇနီးဟာ ကိုယ့် ယောကျ်ားကို သူဌေးကြီး၊ ထင်ရှားကျော်ကြားသူကြီး ဖြစ်စေချင်တယ်။ ဒါပေ မယ့် အမေကတော့ သူ့သားက နုနုနယ်နယ်ကလေးရယ်၊ အလုပ်တွေ သိပ်လုပ် လို့ မဖြစ်ဘူးဆိုပြီး ကာဆီးကာဆီး လုပ်တယ်။ ဒီတင် ချွေးမနဲ့ ယောက္ခမ ပြ ဿနာ တက်ကြတယ်။ အတိတ်နဲ့ အနာဂတ်ကြားက ပဋိပက္ခဟာ ကြီးလာ တယ်။ ချွေးမမှာ ကိုယ်ဝန်ရှိလာတဲ့ အခါကျတော့ အတိတ်နဲ့ အနာဂတ်ရဲ့ ပဋိပက္ခဟာ အရှိန်မြင့်လာခဲ့တယ်။ 'သားသမီးများ မွေးဖွားခြင်းသည် မိဘများ သေဆုံးခြင်းသာ ဖြစ်၏' ဆိုတဲ့ စကားပုံ ရှိပါတယ်။ ကိုယ့်ရဲ့ သားသမီးမှာ ကလေးတွေ မွေးလာတော့ မိဘဟာ အလိုလို ချောင်ထဲရောက်သွား တော့တာ ပေါ့။ အစုန်ပဲရှိတယ်၊ အဆန်မရှိဘူးဆိုတဲ့ စကားလိုပေါ့။ ဒါကြောင့်မို့ ချွေးမ/ သားမက်၊ ဒါမှမဟုတ် သား/သမီးမှာ ကလေးငယ်ရချိန်ဟာ အဲဒီစကားကို အထင်ရှားဆုံး သက်သေပြချိန်ပဲ။ သားရဲ့အိမ်မှာ နေလိုက်မယ်လို့ မျှော်လင့် စောင့်စားလာခဲ့တဲ့ အမေအနေနဲ့ သူ့သားဟာ သူ့ကိုချောင်ထိုးလိုက်ပြီ၊ အနား[illegible] ပျောက်ခံ ဘဝအမှောင်ထဲကို ပို့လိုက်ပြီဆိုတာ နားလည်လိုက်တယ်။ [illegible] ဘဝကို ရှိသမျှတွေ ပေးခဲ့ပါရဲ့။ ဒါပေမယ့် ဘဝကတော့ သူ့မရှိဘဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ပါကလား။ သူမဟာ အမေ မဟုတ်တော့ပါကလား။ ဇာတ်သိမ်းသွားပြီ ဖြစ်တဲ့၊ ခေတ်မရှိတော့တဲ့ လူတစ်ယောက်မှာပဲ တခြားဘာမှ မဟုတ်တော့ပါကလား။ သူမဟာ အထက်နဲ့အောက်ကြားမှာ ကွင်းဆက် တစ်ခုသာပါကလား။ သူမဟာ ထာဝရ ကိုးကွယ်ရာ ရုပ်တုများရဲ့ ကောင်းကင်ဘုံက ပြုတ်ကျလာခဲ့တယ်။ သူမဟာ ဇာတ်သိမ်းသွားပြီးဖြစ်တဲ့ ခေတ်မရှိတော့တဲ့ ငေါင်းစင်းစင်း လူတစ်ယောက်မှာပဲ တခြားဘာမှ မဟုတ်တော့ဘဲ ဖြစ်သွားတယ်။ ရောဂါဗေဒ နမူနာတစ်ခုအနေနဲ့ ပြရမယ်ဆိုရင် အဲဒီအချိန်ဟာ သူမမှာ အမုန်းစိတ်တွေ အများဆုံး အချိန်။ မဒမ်လေဖက်ဗရီရဲ့ ပြဿနာမှာလို ရာဇဝတ်မှုကျူးလွန်ဖို့ အလွယ်ဆုံး အချိန်ပဲ။

(၁၉၂၅ ခုနှစ်တုန်းက အသက်ခြောက်ဆယ်ရှိတဲ့ မဒမ်လေဖက်ဗရီဆိုသူ အမျိုးသမီးကြီးဟာ ကိုယ်ဝန်ခြောက်လရှိတဲ့ သူ့ချွေးမကို သတ်ပစ်ခဲ့ဖူးတယ်။ သူမဟာ ထောင်တစ်သက်တစ်ကျွန်းကျသွားပေမယ့် နောင်တရဟန် နည်းနည်းကလေးမှ မပြခဲ့ဘူး။ သူမဟာ သွေးဆုံးပြီးတဲ့နောက်မှာ သားသမီးလိုချင်တဲ့ ဆန္ဒတွေပေါ်လာပြီး ချူရိုးဆစ်ရောဂါလို ဖြစ်သွားပါတယ်။

အများအားဖြင့်တော့ အဘွားဟာ သူ့ရန်လိုစိတ်ကို ကျော်လွှားနိုင်ပါတယ်။ တစ်ခါတလေမှာ အဘွားဟာ ကလေးငယ်ကို သူ့သားတစ်ဦးတည်းကမွေးတဲ့ ကလေးလို့ ယူဆတယ်။ (ချွေးမရဲ့ ကလေးမဟုတ်)။ အဲဒီမအမှတ်နဲ့ ငုံထားမတတ် ချစ်တယ်။ ဒါပေမယ့် ချွေးမကလည်း သူ့ကလေးကို သူပိုင်ချင်တာပေါ့။ သူ ချစ်ချင်တာပေါ့။ ဒီမှာတင် အဘွားဟာ မနာလိုတိုရှည်ဖြစ်ပြီး ကလေးနဲ့ပတ်သက်လာရင် စိုးရိမ်စိတ်နဲ့ မနာလိုစိတ်ရောတဲ့ အချစ်မျိုးနဲ့ ချစ်လာခဲ့ပါတယ်။

အရွယ်ရောက်ပြီးဖြစ်တဲ့ သမီးအပေါ်မှာထားတဲ့ အမေရဲ့ သဘောထားဟာ ပိုပြီး နှစ်ခွသဘောဆောင်သေးတယ်။ သားတုန်းကတော့ သခင်လို့ ထင်ခဲ့တယ်။ သမီးကျတော့ သူနဲ့သမီးနဲ့ ပေါင်းထားတဲ့ နှစ်ကိုယ်ပွားလို့ ထင်ခဲ့တယ်။ အထူးသဖြင့် အဂ္ဂါအာလန်ပိုးရဲ့ ပုံဝတ္ထုတွေနဲ့ အော်စကာဝိုင်းရယ်ရဲ့ 'ဒိုရီယန်ဂရေး ရုပ်ပုံလွှာ' ဝတ္ထုထဲကလို သမီးဟာ မူရင်းကို ဖျောက်ထားတဲ့ ကိုယ်ပွားတစ်ယောက်လို့ သူယူဆတယ်။ ဒါ့ကြောင့် သမီးမိန်းကလေးမွေးလာခြင်းဟာ အမေကို အစဖျောက်လိုက်သလို ဖြစ်သွားတယ်။ အမေဟာ သမီးကိုကြည့်ရင်း သူ့ကိုယ်သူ မေ့သွားပြီး သမီးဟာ သူ့ကိုယ်တိုင်ပဲလို့ ထင်နေတယ်။ ဒါပေမယ့် အမေဟာလည်း ဆက်လက် အသက်ရှင်နေရဦးမယ် မဟုတ်လား။ ဒါ့ကြောင့် သမီးဟာ သူ့(မိခင်)ရဲ့ ဘဝကို တိမ်မြုပ်သွားအောင် လုပ်ပေး





မယ့်သူလား၊ ဒါမှမဟုတ် သူ့ကို (မိခင်)ကို တောက်ပ ရှင်သန်လာအောင် လုပ်ပေးမယ့်သူလား ဆိုတာပေါ်မှာ မူတည်ပြီး သမီးအပေါ်မှာ ထားတဲ့အမေ့ရဲ့ သဘောထားဟာ ကွဲပြားလေ့ ရှိပါတယ်။

အများအားဖြင့်တော့ အမေက သမီးအပေါ်မှာ ထားတဲ့ သဘောထားဟာ ရန်လိုတဲ့သဘော ရှိတတ်ပါတယ်။ သူ့အသက်နဲ့ ရင်းပြီးမွေးခဲ့ရတဲ့ ကျေးဇူးကန်းသူ (သမီး) က အစားထိုးသွားမှာကို သူလက်မခံဘူး။ ခပ်ပျံ့ပျံ့ အမေကနုပျိုလန်းဆန်းတဲ့ သမီးအပေါ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မနာလိုဝန်တိုမှု ကိုမကြာခဏ တွေ့ရတတ်ပါတယ်။ မိန်းမတိုင်းဆီမှာ သူမုန်းတဲ့ ပြိုင်ဘက်တစ်ယောက်ကို တွေ့နေကျဖြစ်တဲ့ အမေဟာ သူ့သမီးဆီမှာလည်း သူ့ပြိုင်ဘက်ကိုသွားတွေ့ပါတယ်။ ဒီတင် အမေဟာ သမီးကို မမြင်ကွယ်ရာမှာ ထားချင်တာတို့၊ လူရာမသွင်းချင်တာတို့၊ ဘေးဖယ်ချင်တာတို့ ဖြစ်လာပါတယ်။ ပေးသင့်ပေးထိုက်တဲ့ ပေါင်းသင်းဆက်ဆံရေး အခွင့်အလမ်းတွေကို မပေးဘဲထားပါတယ်။ ဇနီးကောင်းအဖြစ်၊ မိခင်ကောင်း အဖြစ် သူ့ကိုယ်သူ ဂုဏ်ယူလေ့ရှိတဲ့ အမေဟာ သမီးရှေ့မှာ စံပြဖြစ်အောင် နေပြမယ့် ပလ္လင်ပေါ်ကကျမယ့် ကိစ္စကိုတော့ အကြောက်အကန် ငြင်းဆန်ပါတယ်။ သူ့သမီးဟာ ကလေး လူမမယ်သာ ရှိသေးတဲ့အကြောင်း၊ အိုးပုတ်တန်းကစားတဲ့ အရွယ်သာ ရှိသေးတဲ့အကြောင်း သည်ဖြင့် ပြောတတ်ပါတယ်။ အမေဟာ သမီးကို 'ထာဝရ ကလေးဘဝမှာ' အကျဉ်းချထားချင် ပုံရပါတယ်။ တကယ်လို့ သမီးက အရွယ်ရောက်လို့ အိမ်ထောင်ပြုချင်တယ် ဆိုရင်လည်း အမေက အိမ်ထောင်သည်ဘဝဟာ ဘယ်လောက်စိတ်ပျက်စရာကောင်းကြောင်း၊ အစက ဒါတွေကို မသိလို့ ယောက်ျားယူခဲ့တာ ဖြစ်ကြောင်း စသဖြင့် စိတ်ပျက်လောက်အောင် ညည်းတွားပြတတ်ပါတယ်။ ဒီလို တားလို့ မရလို့ သမီးက အိမ်ထောင်ပြုသွားရင်လည်း အမေဟာ သမီးရဲ့ အိမ်ထောင်ရေးဘဝ သာယာဖြောင့်ဖြူးခြင်း မရှိအောင် ဝင်ရောက်ဖျက်ဆီးတော့တာပါပဲ။ ယောက္ခမတွေ ဝင်ရှုပ်လို့ အဆင်မပြေ ဖြစ်ခဲ့ရတဲ့ အိမ်ထောင်တွေ များလှပါပြီ။ ဒီလို ကြားဝင်တဲ့အတွက် မိန်းကလေး တော်တော်များများဟာ အမြုပြစ်သွားရတာ၊ ကိုယ်ဝန်ပျက်ရတာ၊ သားသမီးကို မွေးမြူအောင် ရောက်ခြင်း မပြုတတ်တာတွေ ဖြစ်လာပါတယ်။ ဒါတွေဟာ အမေရဲ့ မကောင်းတဲ့ဩဇာကြောင့် ဖြစ်ပါတယ်။ ဒီလိုနဲ့ အိမ်ထောင်ရေးတွေ ပျက်ပြားခဲ့ရပါတယ်။ သမီးဟာ စိတ်မချမ်းမသာဖြစ်၊ အထီးကျန်ဖြစ်ပြီး နောက်ဆုံးအော အမေ့ရဲ့စိုးမိုးချယ်လှယ်တဲ့ ရင်ခွင်ကြားမှာလာပြီ ခိုလှုံရာကို ရှာရတော့ သမီးက အမေရဲ့ဩဇာကို အခံရင်လည်း သားအမိဟာ တကျက်ကျက် ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ။ ဒီအခါမှာ အမေဟာ သမက်ကြောင့် ဒီလိုဖြစ်ရတယ်ဆိုပြီး သမက်ကို လှည့်ရန်ရှာတော့တာပါပဲ။

သူ့ကိုယ်သူ သမီးနဲ့ပြိုင်၊ သမီးနဲ့ထပ်တူပြုတဲ့ အမေဟာ သိပ်တော့ အဆိုးမသေးပါဘူး။ သူလိုချင်တာက သူ့ရဲ့ ငယ်ဘဝကို ပြန်နေချင်တာ။ သူ့မှာ ရင့်ကျက်တဲ့ အတွေ့အကြုံ ရှိနေလေတော့ ရင့်ကျက်တဲ့ အတွေ့အကြုံနဲ့ ပျိုရွယ်မှုကို ပေါင်းလိုက်ရရင် ဘယ်လောက် ပျော်စရာကောင်းမလဲလို့ သူတွေးတယ်လေ။ ဒီနည်းအားဖြင့် သူဟာ သူ့ကိုယ်သူ ပြန်ဆယ်ဖို့ ကြိုးစားတာ မဟုတ်ဘဲ အတိတ်ကို ပြန်ဆယ်ဖို့ ကြိုးစားကြည့်ပါတယ်။ သမက်ရွေးရင်လည်း ကိုယ်ငယ်ငယ်က လင်ရွေးခဲ့သလို ရွေးကြည့်တယ်။ တခြားထွေလာကေလာစိတ်တွေ၊ ဖောက်ဖောက်ပြန်ပြန်စိတ်တွေ မရှိသည့်တိုင် သူ့အသည်းထောင့် တစ်နေရာမှာတော့ လက်ထပ်သူဟာ သမီးမဟုတ်ဘဲ သူဖြစ်တယ်လို့ မသိစိတ်ထဲ၊ အသည်းထောင့်ထဲမှာ ထင်နေတယ်။ သူ့သမီးက တစ်ဆင့် အမေဟာ သူ့ရဲ့ဆန္ဒဟောင်းတွေဖြစ်တဲ့ ချမ်းသာလိုတဲ့ ဆန္ဒ၊ ကျော်ကြားလိုတဲ့ ဆန္ဒ၊ အောင်မြင်လိုတဲ့ဆန္ဒတွေကို ဖြည့်ဆည်းတတ်တယ်။ ဒါပေမယ့် ဖြစ်တတ်တာက သမီးဟာ လင်ကောင်းကောင်း၊ ဒါမှမဟုတ် စောင့်ရှောက်မယ့်သူ ကောင်းကောင်းကိုလည်းရရော အမေရဲ့ စောင့်ရှောက်မှုအောက်က ရုန်းထွက်သွားပြီး အမေကို ဖီဆန်တော့တာပါပဲ။ ဒီမှာတင် အစတုန်းက ရွှေသမက် ငွေသမက်လို့ ပြောခဲ့တဲ့ အမေဟာ သမက်ကို ရန်ရှာတော့တာပါပဲ။ ကျေးဇူးကန်းကြတဲ့ အကြောင်းကို ညည်းပြီး သနားစရာ လုပ်ပြတတ်ကြတယ်။ သူလည်းပဲ သူ့အလှည့်ကို ရောက်လာတဲ့အခါမှာ ရန်လိုတဲ့ အမေဖြစ်လာခဲ့ပါတယ်။

တချို့အမေတွေကျတော့ ဒီအရေးကို မြင်တဲ့အတွက် သမီးတွေအရွယ်ရောက်လာနေတာကို မသိကျိုးကျွံပြု နေကြတတ်တယ်။ ဒါပေမယ့် ဒီလိုနေတဲ့အတွက် ပျော်ရွှင်မှုကိုတော့ မရကြပါဘူး။ အမေတစ်ယောက်ဟာ တစ်ချိန်တည်းမှာ ရက်ရောသဘောထားကြီးမှုလည်း ရှိရမယ်။ သံယောဇဉ် အနှောင်အဖွဲ့လည်း ကင်းရမယ်။ ဒါမှသာလျှင် သားတွေ သမီးတွေရဲ့ အနိုင်ကျင့်ခြင်းက လွတ်မယ်၊ ကိုယ်ကလည်း သူတို့ကို နိုင်ထက်ကလူပြုခြင်း က ရှောင်ကွင်းနိုင်မှာ ဖြစ်ပါတယ်။

အဘွားက မြေးတွေအပေါ်မှာထားတဲ့ ခံစားချက်ဟာလည်း သမီးအပေါ်မှာထားတဲ့ ခံစားချက်ကို အကျယ်ချဲ့ယူလိုက်တာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ အဘွားဟာ သမီးအပေါ်မှာထားတဲ့ ရန်လိုမှုကို မြေးတွေအပေါ်ကို ပြောင်းတတ်ပါတယ်။ တချို့ အမေတွေရှိတယ်။ မှောက်မှားမိတဲ့ သမီးကို ကိုယ်





ဝန်ဖျက်ချခိုင်းတာ၊ ဒါမှမဟုတ် ကလေးကို တခြားမှာ သွားပစ်ထားဖို့ ခိုင်းသာမျိုးတွေ ရှိတတ်တယ်။ ဒီလိုလုပ်တာဟာ အရှက်နဲ့ ဂုဏ်သိက္ခာ ပြဿနာကြောင့်ချည်း မဟုတ်ပါဘူး။ သမီးကို ကလေးအမေဘဝကို မရောက်စေချင်လို့၊ တစ်နည်းပြောရရင် ကလေးအမေဘဝကို သူတစ်ဦးတည်း ခံယူချင်လို့လည်း ဖြစ်ပါတယ်။ တချို့ အမေများဆိုရင် တရားဝင် လက်ထပ်ထားတဲ့ သားသမီးကိုတောင် ကလေးကိုယ်ဝန်ဖျက်ချခိုင်းတာ၊ အမေ့နို့ကို မတိုက်ဖို့ ပြောတာ၊ ကလေးကို ပေးပစ်လိုက်ဖို့ ပြောတာတွေ ရှိပါတယ်။

နောက်အမေတစ်မျိုးကတော့ သူနဲ့ ဆန့်ကျင်ဘက်ပါ။ အမေဟာ သမီးနဲ့သူ့ကိုယ်သူ ထပ်တူပြုပြီး သမီးက မွေးလာတဲ့ ကလေးတွေကို သမီးချစ်တာထက်တောင် ပိုပြီး ချစ်၊ ပိုပြီး တွယ်တာနေတတ်ပါသေးတယ်။ သမီးကတော့ ဘယ်ကမှန်းမသိ ရောက်လာတဲ့ 'ပေါက်စနီ' ကလေးတွေအတွက် စိတ်အနှောင့်အယှက် ဖြစ်တယ်။ ဒါပေမယ့် အဘွားအဖို့ကတော့ ပုံဝတ္ထုဟောင်းပေါ့။ မြေးတွေ မွေးလာတော့ အဘွားဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကို ပြန်ရောက်သွားတယ်။ သူလည်း မွေးခုတင်ပေါ်မှာ လဲလျောင်းနေတဲ့ မိန်းမငယ်ပြန်ဖြစ်သွားတယ်။ သူ့ကလေးဆီက မရနိုင်တော့တဲ့ ပိုင်ဆိုင်မှုကိုရလို့ ဝမ်းသာရတာကြီးစိုးလွှမ်းမိုးရလို့ ဝမ်းသာရတာစတဲ့ အရသာတွေကို ပြန်ရလာတယ် သွေးဆုံးပြီးတဲ့နောက် ဆုံးရှုံးသွားခဲ့ရတဲ့ မာတာမိခင်ရဲ့ သဘောဟာ ပဥ္စလက်တန်ခိုးနဲ့ ပြလိုက်သလို ပြန်ရောက်လာတယ်။ သူကမှ တကယ့်မိခင်။ တကယ့်အမေဆိုပြီး ကလေးကိစ္စအဝဝကို ကိုယ်တိုင် စီမံခန့်ခွဲ၊ ကိုယ်တိုင်လုပ်ဆောင်တော့တာပဲ။ သူ့ကိုများလုံးဝ လွှဲအပ်လိုက်ရင် အဘွားဟာ မြေးငယ်အတွက် အရာအားလုံးကို စွန့်လွှတ်လိုက်ပြီး အဲဒီကိစ္စထဲမှာပဲ နှစ်မြုပ်ထားလိုက်တော့တယ်။ ဒါပေမယ့် အဘွားဟာ ပလ္လင်ပေါ်က လိမ့်ကျသွားတယ်။ ဒီအထဲမှာ သူမနာလိုဝန်တိုဖြစ်တဲ့ ခမည်းခမက်(သမက်ရဲ့အမေ) နဲ့လည်း ခွဲဝေယူရသေးတယ်။ သမတုန်းကတော့ ကလေးငယ်ကို ချစ်တယ်။ ခုတော့ သူရန်လိုချင်လာတယ်။ အဘွား တော်တော်များများမှာ အဲဒီလို နှစ်ခွသဘောဆောင်တဲ့ ခံစားချက်တွေ ရှိတတ်ပါတယ်။ သဘောထားတစ်မျိုးကတော့ သူတို့သမီးက မွေးထုတ်လိုက်တဲ့ ကလေးငယ်ကို ချစ်တယ်။ ဒါပေမယ့် တစ်ပြိုင်နက်တည်းမှာ ကိုယ်ကမွေးတာ မဟုတ်တဲ့အတွက် သူများနဲ့ဝေချစ်ရတဲ့ သူစိမ်းတစ်ရံဆံကလေးဆိုပြီး ရန်လိုချင်တယ်။ ဒီလို ရန်လိုမိတဲ့အတွက် ရှက်တော့ ရှက်သားပေါ့။ ဒါပေမယ့် အဘွားဟာ မြေးတွေကို ချစ်သည့်တိုင် ပိုင်ဆိုင်မှုကို မလိုချင်ဘူးဆိုရင်တော့ သူဟာ ကလေးတွေရဲ့ ဘဝတစ်လျှောက်လုံးမှာ စောင့်ရှောက်မိမယ့် မယ်



www.burmeseclassic.com

www.burmeseclassic.com



တော်ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာတော့ အဘွားဟာ အခွင့်အရေးလည်း မယူဘူး၊ တာဝန်ကိုလည်း မယူတော့ဘဲ သူတို့ကို တကယ့်ရက်ရော သဘော ထားကြီးတဲ့ မေတ္တာနဲ့ ချစ်ရာရောက်ပါတယ်။ သူတို့ရှိတာကို အခွင့်ကောင်း ယူပြီး ကိုယ့်ရဲ့အတ္တကို ဖြေသိမ့်ခြင်းမပြုဘူး။ ကိုယ့်ရဲ့ နာစစ်ဆပ်အိပ်မက်တွေ အကောင်အထည်မဖော်ဘူး။ သူတို့ဆီက ဘာဆို ဘာကိုမှ မတောင်းဆိုဘူး။ သူတကယ်ချစ်တဲ့ အရာဟာ သူ့ကိုမှီခိုနေကြတဲ့ အသွေးအသားနဲ့ ဖွဲ့စည်းထား တဲ့ သတ္တဝါကလေးတွေကို ချစ်တာ။ သူတို့ကို ပညာပေးသူလည်း မဟုတ်ဘူး၊ ဆုံးမပဲ့ပြင်သူလည်း မဟုတ်ဘူး။

တချို့ မိန်းမတွေမှာ သားသမီး မြေးမြစ်မရှိဘူး။ ဒါကြောင့် သူတို့ရဲ့ အစဉ်အဆက်ကိုလည်း စိတ်ဝင်စားခြင်း မရှိတာမျိုး တွေ့ရတတ်တယ်။ သား သမီးတို့ မြေးမြစ်တို့ စတဲ့ သဘာဝ အဖွဲ့အနှောင်တွေ မရှိတဲ့အခါမှာ သူတို့ တစ်တွေဟာ အနှောင်အဖွဲ့ အတုအယောင်ကို ဖန်တီးလာတတ်ကြတယ်။ လူငယ်တွေကို မိခင်မေတ္တာမျိုး ထားတတ်ကြတယ်။ ဒါ့ကြောင့် 'ငါ့သားက လေး၊ ငါ့သားကလေး'လို့ တချို့ အမျိုးသမီးတွေ ခေါ်တာဟာ အကြောင်းမဲ့ မဟုတ်ဘူး။ အဲဒီလို မိခင်မေတ္တာစိတ်ကို အစာကျွေးတာဖြစ်တယ်။ တချို့ အဘွားအရွယ်ကျတော့လည်း မြေးဆိုပြီး မွေးစားကြပြန်တယ်။ တချို့ အရီး အပျိုကြီးတွေ၊ ဒွေးလေး အပျိုကြီးတွေ ဆိုရင်လည်း ဒီအတိုင်းပဲ။ သူတို့ဟာ သားသမီးလည်း မရှိ၊ မြေးလည်း မရှိတော့ သူတို့ရဲ့ အဘွားစိတ်၊ အဘွားခံစား ချက်ကို ဖြေသိမ့်ဖို့ ဒီလို မွေးစားကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် မွေးစားတဲ့ မြေးဖြစ်စေ၊ မြေးအရင်းခေါက်ခေါက်ပဲဖြစ်စေ သူ့ရဲ့ အိုမင်းယိုယွင်းနေတဲ့ နှစ်ကာလတွေကို မေ့ပျောက်ပြီးသွားအောင်တော့ မလုပ်နိုင်တော့ပါဘူး။ ဒီမြေး ငယ်တွေဟာ သူ့သွေး၊ သူ့သား ဖြစ်အောင်လုပ်လို့ မရနိုင်တော့ပါဘူး။ ဘယ်လို ပဲ ကြိုးစားပေမယ့် နောက်ဆုံးမှာတော့ သူ့မှာ အမောသာ အဖတ်တင်၊ စိတ်ဆင်း ရဲခြင်းသာ အဖတ်တင် ကျန်ရစ်တာပါပဲ။ အသက်ကြီးလာတဲ့ အမေရဲ့အဘွား ဟာ သူတို့ရဲ့ကြီးစိုးလိုမှုကို ချုပ်တည်းထားတတ်တယ်။ သူတို့ရဲ့ ဒေါသကို ဖုံးကွယ်ထားတတ်ကြတယ်။ နောက်ဆုံးတော့ သူတို့က မြေးငယ်တွေပေးတဲ့ အရာလောက်နဲ့ပဲ ကျေနပ်ရတော့တယ်။ သူတို့ဆီကလည်း ဘာအကူအညီမှ မရတော့ပါဘူး။ ဒီလိုနဲ့ သူတို့ရှေ့မှာ အနာဂါတ် သဲကန္တာရကြီးကို ရင်ဆိုင်ရ တော့တယ်။ အထီးကျန်ဖြစ်ခြင်း၊ နောင်တ သံဝေဂနဲ့ ပျင်းရိငြီးငွေ့မှုတို့ရဲ့ သားကောင်တစ်ကောင် ဖြစ်သွားရတော့မယ်။



## မိန်းမနဲ့ ဇရာ

ဒီနေရာမှာ ဇရာကျနေပြီဖြစ်တဲ့ မိန်းမရဲ့ ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်ကို တွေ့ရပါသည်။ သူဟာ လောကကြီးမှာ ဘာမှ အသုံးမကျတော့ဘူးဆို တာ သဘောပေါက်လာတယ်။ လူလတ်တန်းစား မိန်းမတစ်ယောက်အနေနဲ့ အချိန်ကို ဘယ်လိုကုန်အောင် လုပ်ရမလဲဆိုတဲ့ ရယ်စရာကောင်းတဲ့ ပြဿနာနဲ့ ဘဝတစ်လျှောက်လုံး ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမယ့် ကလေးတွေလည်း ကြီး ပြင်းလာရော ယောကျ်ားက အခြေတကျ ဖြစ်သွားပြီ။ သူ့မှာတော့ အချိန်တွေကို ဖြုန်းစရာ ကျန်နေသေးတယ်။ ဒီမှာတင် ကြောက်စရာကောင်းတဲ့ ပျင်းရိငြီးငွေ့မှု ကို ဖုံးကွယ်ဖို့ စိတ်ကူးပေါက်ရာ အလုပ်ကလေးတွေကို လျှောက်လုပ်တယ်၊ ရွှေခြည်ထိုးတယ်၊ တက်တင်းထိုးတယ်၊ သိုးမွေးထိုးတယ်။ ဒါပေမယ့် ထုတ် လုပ်လိုက်တဲ့ပစ္စည်းက အသုံးချဖို့မဟုတ်ဘဲ အပျင်းပြေလုပ်ရာက ပေါ်ထွက် လာတဲ့ပစ္စည်းဖြစ်လေတော့ တကယ့်အလုပ်မဟုတ်ဘဲ ဖြစ်နေတယ်။ လုပ်လိုက် တဲ့ပစ္စည်းကလည်း ဘာမှအရေးမကြီးဘူး။

တစ်ခါတလေမှာ ဘယ်လို အသုံးချ ရမှန်းတောင် မသိတဲ့အခါတွေရှိ သေးတယ်။ မိတ်ဆွေတစ်ယောက်ကိုပဲ လက်ဆောင်ပေးလိုက်ရမလား၊ တစ်နေ ရာရာကိုပဲ လှူလိုက်ရမလား၊ အိမ်မှာ အလှထားမလားလို့ စဉ်းစားရတာလည်း အမော။ ကစားစရာပစ္စည်းလည်းမဟုတ်တော့ ဘာမှလည်းအသုံးမဝင်။ သိုးချ ည်ကလေးသာ ပြီးသွားပေမယ့် စိတ်က အဆာမပြေဘူး။ ဟာလာဟင်းလင်း ဖြစ်နေတုန်းပဲ။ ဒီလို အပျင်း ဖြေနည်းမျိုးကို ပါစကယ်က 'အဓိပ္ပယ်မဲ့တဲ့ အပျင်းဖြေမှု'လို့ ခေါ်ခဲ့ပါတယ်။ မိန်းမဟာ တက်တင်းထိုးတဲ့အပ်၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကရုရှေး ထိုးတဲ့အပ်ကို ကိုင်ပြီး သူ့ခေတ်ရဲ့ ဘာမျှ ဘာအဓိပ္ပာယ်မရှိတဲ့အရာကို ရက်လုပ်နေပါကလား။

အလားတူပါပဲ။ ပန်းချီဆွဲတာ၊ ဂီတလိုက်စားတာ၊ စာဖတ်တာ စ သည်တို့ဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ အားနေတဲ့ မိန်းမဟာ ဒီအ လုပ်တွေကို လုပ်နေခြင်းဖြင့် လောကမှာရှိတဲ့ ပညာရပ်တွေကို လိုက်စား နေတာရယ်လို့ မပြောနိုင်ပါဘူး။ တကယ်တော့ သူမရဲ့ ငြီးငွေ့မှုကို ဖြေဖျောက် ဖို့ ကြိုးစားနေခြင်းသာ ဖြစ်ပါတယ်။ အနာဂတ်ကို ဖွင့်လှစ်ပေးခြင်းမရှိတဲ့ လုပ်ဆောင်မှုတစ်ခုဟာ အချိုးနှီးသော အရည်အချင်း တစ်ခုပါပဲ။ အားအားယား ယားဖြစ်နေတဲ့ မိန်းမဟာ စာအုပ်တစ်အုပ်ကို ကောက်ဖတ်တယ်။ ပြီးတော့ ဘေးချထားလိုက်တယ်။ စန္ဒရားခုံကိုဖွင့်တယ်။ ပြီးတော့ ပြန်ပိတ်လိုက်တယ်။ တက်တင်းပြန်ထိုးတယ်။ သမ်းဝေတယ်။ နောက်တော့ တယ်လီဖုန်းကို ကောက် ကိုင်တယ်။

အမှန်ကတော့ လူမှုအပေါင်းအသင်းနယ်ပယ်မှာ သက်သာရာ အပျင်းပြေရာကို ရှာပါတယ်။ အပြင်ကို ထွက်တယ်။ မိတ်ဆွေတွေဆီကို အလည်သွားတယ်။ မစ္စက်ဒယ်လိုဝေးလိုပဲ သူဟာလည်း သူမ အပျင်းပြေရေး ကို အဓိက အရေးတကြီးထားတယ်။ မင်္ဂလာဆောင်တိုင်းကို သွားတယ်။ အသုဘတိုင်းကို လိုက်ပို့တယ်။ သူ့ကိုယ်ပိုင်ဘဝရယ်လို့ မရှိတဲ့အခါကျတော့ အပေါင်းအသင်းကို မင်လာတယ်။ တစ်ခါတုန်းက ခပ်ပျံ့ပျံ့မိန်းမ ဖြစ်ခဲ့ဖူးလေ တော့ သူဟာ အတင်းပြောသူ ဖြစ်လာတယ်။ လူတွေကို စောင့်ကြည့်၊ ပြီးတော့ သူတို့ အနေအထိုင်တွေကို ဝေဖန်တော့တာပဲ။ သူ့ရဲ့ အသေလိုဖြစ်နေတဲ့ ဘဝ ကို ကုစားဖို့အတွက် ဘေးပတ်ပတ်လည်လိုက်ပြီး အတင်းပြောတယ်။ ဝေဖန် မယ်။ အကြံဉာဏ်တွေကို ပေးမယ်။ မမေးဘဲနဲ့ သူ့အတွေ့အကြုံတွေကို ပြော မယ်။ တကယ်လို့ သူ့မှာ ငွေကြေးတတ်နိုင်ရင် ဆလွန်းလို့ခေါ်တဲ့ ဆုံစည်းစရာ နေရာ ကလေး တစ်ခုဖွင့်ပြီး တခြားသူတွေရဲ့ အောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေကို ပြောကြမယ်။ ဝေဖန်ကြမယ်။ တစ်ခါတလေမှာလည်း သူများအပေါ်မှာ ဆရာ လုပ်မယ်။ သြဇာပေးမယ်။ တကယ်ကတော့ သူ့ကိုယ်သူ ဗဟိုဖြစ်ကြောင်းပြ ချင်လို့ အစားထိုးလိုက်တဲ့ လုပ်ရပ်တစ်ခုပါပဲ။

လူမှုရေးကိစ္စတွေထဲမှာ တိုက်ရိုက်ပါဝင်စွက်ဖက်တဲ့ အခြားနည်း လမ်းတွေလည်း ရှိပါသေးတယ်။ ပြင်သစ်ပြည်မှာ ပရဟိတ အသင်းတို့၊ ဘာ အသင်း ညာအသင်းတို့ ဆိုတာတွေ သိပ်မရှိဘူး။ ဒါပေမယ့် အမေရိကမှာတော့ အမျိုးသမီးတွေက ကလပ်မှာ ဆုံလေ့ရှိကြတယ်။ ဘရစ်ချ် ဖဲကစားကြတယ်။





စာအုပ်ဝေဖန်ချက်တွေကို ဖတ်ကြတယ်။ စာပေဆုနှင်းပွဲကလေးတွေ ကျင်းပ ကြတယ်။ လူမှုရေးကိစ္စတွေကို လုပ်ကြတယ်။ အဲဒီလုပ်ငန်းတွေ၊ အသင်း တွေရဲ့ သဘောသဘာဝကတော့ သူတို့လုပ်ချင်လို့ လုပ်နေတဲ့အသင်းတွေပါပဲ။ သူတို့ ဖော်ပြထားတဲ့ ရည်ရွယ်ချက်တွေဆိုတာဟာလည်း တကယ်တော့ ယိုး မယ်ဖွဲ့ထားတာတွေ၊ အကြောင်းပြထားတာတွေ သက်သက်ပါ။ ဖြစ်နေပုံက တော့ ကက်ဖကာရဲ့ ပုံပြင်ထဲမှာ ရေးထားသလို ဖြစ်နေတယ်။ သူ့ပုံပြင်ထဲမှာ တကယ့်မျှော်စင်ကြီး တည်ဆောက်တော့မယ်ဆိုတော့ ဘယ်သူမှ စိတ်မဝင် စားကြပါဘူး။ ဆောက်မယ်လို့ မှန်းထားတဲ့နေရာမှာ အလုပ်သမား တန်းလျား တွေဆောက်၊ အိမ်တွေဆောက်၊ လမ်းတွေဖောက်ပြီး ပြင်ဆင်တယ်။ ဒီလိုနဲ့ ရင်းမြစ်တွေအားလုံးကို သုံးပစ်လိုက်တဲ့ မြို့ကြီးတစ်မြို့သာ ပေါ်ပေါက်လာ ခဲ့တယ်။ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုတဲ့ ကိစ္စတွေဟာ အဲဒီမြို့ကြီးဆောက်တာနဲ့ ပဲ အားကုန်သွားတော့ပါတယ်။ အဲဒီလိုပဲ ဟိုအမျိုးသမီးတွေထောင်တဲ့ ဟိုအ သင်းဒီအသင်းဆိုတာတွေဟာလည်း အသင်းအဖွဲ့တွေ ထောင်တဲ့ကိစ္စမှာ သူတို့ အင်အားတွေ ကုန်ဆုံးသွားပြီး အချည်းနှီး ဖြစ်သွားတော့တာပါပဲ။ သူတို့ အမှုဆောင်အဖွဲ့ကို ရွေးကောက်မယ်၊ ဖွဲ့စည်းပုံ စည်းမျဉ်းဆွဲမယ်၊ အချင်းချင်း ငြင်းကြ ခုံကြမယ်။ တစ်ဖက်ပြိုင်ဘက် အသင်းနဲ့ တိုက်မယ် ခိုက်မယ်။ ဒါနဲ့ပဲ လိုရာမရောက်တော့ဘဲ အားကုန်သွားတယ်။ သူတို့ ထောက်ပံ့တဲ့သူတွေကို ဘယ်သူမှ မထောက်ပံ့ရဘူး။ သူတို့ ပြုစုမယ့် လူမမာတွေကို ဘယ်သူမှ မပြုစု ရဘူး။ သူတို့ပြုစုတဲ့ ဒဏ်ရာရသူတွေကို ဘယ်သူမှ မပြုစုရဘူး။ အခြားအခုက သူတို့လက်ထဲမှာ သေချင် သေသွားပေ့စေ။ တခြားအစု၊ တခြားအသင်းကို ခွင့်မပြုဘူး။

'ဒါပေမယ့် အဲဒီအစုတွေရဲ့ လုပ်ဆောင်ချက်များဟာ ကောင်းတဲ့ရ လာဒ်တွေကိုတော့ ဖြစ်ပေါ်စေခဲ့ပါတယ်၊ အမေရိကန် ပြည်ထောင်စုမှာဆိုရင် အမေအိုများရဲ့ အသင်းဟာ အလွန်သြဇာ ရှိပါတယ်၊ သူတို့ဘဝက ကပ်ပါးပိုး မွှားများလို ဘဝမျိုးဆိုတော့ အဲဒီဘဝကပေးလိုက်တဲ့ အားလပ်ချိန်တွေ အများ ကြီးရနေတယ်လေ၊ အမေရိကန်မိခင်များနဲ့ ပတ်သက်လို့ စာရေးဆရာနဲ့ လူမှု သိပ္ပံပညာရှင် ဖိလစ်ဝိုင်လီက 'သူတို့သည် ဆေးပညာကိုလည်း မသိကြ၊ အနု ပညာ၊ သိပ္ပံပညာ၊ ဘာသာတရား၊ ပတ်ဝန်းကျင် သန့်ရှင်းရေး စသည်တို့ကို လည်း နားမလည်ကြ၊ သူတို့ ပါဝင်လှုပ်ရှားနေသည့် အဖွဲ့အစည်းတွင်လည်း စိတ်ဝင်စားခြင်းမရှိကြ' လို့ ရေးခဲ့ပါတယ်။ တကယ်ကတော့ သူတို့တွေဟာ အသင်းအဖွဲ့တွေထဲမှာပါလို့သာ ပါနေတယ်။ သူတို့ရဲ့ လုပ်ဆောင်မှုဟာ ရေ့



www.burmeseclassic.com

www.burmeseclassic.com



နောက် အဆက်အစပ်ရယ်လို့ ရှိတာမဟုတ်ပါဘူး။ လက်တွေ့ကျတဲ့ ရည်မှန်းချက်တွေလည်း ရှိတာမဟုတ်ပါ ဘူး။ သူတို့ရဲ့ အကြိုက် စရိုက်တွေကို အလိုလိုက်ရုံ၊ သူတို့ရဲ့ မနှစ်သက်မှုတွေကို ဖြေဖျောက်ရုံသက်သက်လောက် လုပ်နေကြတာပါ။ ဥပမာအားဖြင့် သူတို့တစ်တွေဟာ စာအုပ်တွေကို ဝယ်နေတဲ့အတွက် ယဉ်ကျေးမှုကို အထောက်အကူ ပြုသင့်သလောက်တော့ ပြုပါတယ်။ စာဖတ်တဲ့အတွက် အကျိုးရှိသင့်သလောက်တော့ ရှိပါတယ်။ စာပေဆိုတာ အလုပ်အကိုင်တစ်ခုခုကို စီမံဆောင်ရွက်နေသူအဖို့ သူ့ကို နှစ်သိမ့်ကြည်နူးအောင် လုပ်ပေးနိုင်ရင် အဓိပ္ပာယ်ရှိပြီး ဂုဏ်သိက္ခာတက်လာပါတယ်။ စာပေကို လူ့ရဲ့လုပ်ဆောင်မှုနဲ့ ပေါင်းစပ်ပေးဖို့လိုတယ်။ ဒါပေမယ့် တချို့မိန်းမတွေကျတော့ စာအုပ်ကို အလွဲသုံးစားလုပ်ကြတယ်။ အနုပညာလက်ရာတွေကို တလွဲ သုံးပစ်ကြတယ်။ သူတို့အဖို့ ပန်းချီကားဟာ ဘာမှ အဓိပ္ပာယ်မရှိတဲ့ ပစ္စည်းဖြစ်လာတယ်။ ဂီတဟာ ငြီးငွေ့စရာကောင်းတဲ့ အသံဖြစ်လာတယ်။ ဝတ္ထုဟာ ကရိုးရှေးတစ်ချောင်းထိုး ထိုးထားတဲ့ကုလားထိုင်စွပ်လောက်မှစိတ်ဝင်စားစရာမကောင်းတဲ့အရာဖြစ်လာတယ်။ ကမ္ဘာမှာ ဘက်ဆဲလားဆိုတဲ့အရောင်းရဆုံးဝတ္ထုတွေ ပေါ်ထွက်လာတာဟာ အမေရိကန်အမျိုးသမီးတွေကြောင့်လို့ ဟုံရမယ်ထင်တယ်။ ဒီဝတ္ထုတွေဟာ အမျိုးသမီးတွေကို အပျင်းဖြေရုံတင် မကဘူး။ ဒွက်ပေါက်တစ်ခုရှာတဲ့ အား အားယားယား အမျိုးသမီးတွေကိုလည်း အပျင်းဖြေပေးနေတယ်။

ဒီအကြောင်းကို ဖိလစ်ဝိုင်လီက အောက်ပါအတိုင်း ရေးခဲ့ပါတယ်။

'သူတို့ (အမေရိကန်အဘွားအိုများ) သည် နိုင်ငံရေးသမားများအား ပြားပြားဝပ်လာအောင် ခြောက်လှန့်ကြ၏၊ တရားဟောဆရာများကို ခြိမ်းခြောက်ကြ၏၊ ဘဏ်ဥက္ကဋ္ဌများနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို စိတ်ညစ်အောင် လုပ်ကြ၏၊

သူတို့တွင် အလားတူ အသင်းတွေ အများကြီးရှိသည်။ ထိုအသင်းများ၏ ရည်ရွယ်ချက်မှာ မိမိ၏ ပတ်ဝန်းကျင်အား မိမိအပျင်းပြေရန် အသုံးချရန်ဖြစ်သည်၊ ကိုယ်ရေးကိုယ်တာ ဆန္ဒများ၊ ကိစ္စများအတွက် အသုံးချရန်ဖြစ်သည်၊ သူတို့သည် မိမိတို့ မြို့၊ မိမိတို့ ပြည်နယ်တွင် ပြည့်တန်ဆာ ပပျောက်ရန် ကြိုးစားသည်၊ ဘတ်စ်ကားလိုင်းများ၏ လမ်းကြောင်းကို အများပြည်သူ သက်သာ ချောင်ချိရေးအတွက် ပြေးဆွဲစေမည့်အစား သူနှင့် သူ့အသိုက်အဝန်း သက်သာချောင်ချိရေးအတွက် ပြေးဆွဲစေရန် အားထုတ်သည်၊ ပွဲဈေးများ နိဗ္ဗာန်ဈေးများ ဖွင့်လှစ်ကာ ရရှိသည့် အမြတ်များကို မနက်လင်း





လျှင် ညက အသောက်များသွားသည့် ခေါင်းကိုက်နေသည့် ကော်မတီ လူကြီးများအတွက် ဘီယာဝယ်ပေးသည်၊ သို့ဖြင့် ကလပ်များသည် အမေရိကာ မိခင်အိုများအား အခြားသူများ၏ ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် များစွာသော အခွင့်အလမ်းတို့ကို ပေးလျက်ရှိသည်' လို့ လှောင်ပြောင်ရေးခဲ့ပါတယ်။

ဒီလှောင်ပြောင် သရော်စာထဲမှာ အမှန်တွေ တော်တော်များများပါပါတယ်။ အဘွားကြီးတွေဟာ နိုင်ငံရေးကိုလည်း နားလည်တာ မဟုတ်ဘူး။ ဘောဂဗေဒဆိုတာ ဝေလာဝေး။ တခြား စက်မှုဆိုင်ရာ ကိစ္စဆိုတာတွေကိုတော့ မပြောနဲ့တော့။ ဒီလို မသိတဲ့အခါကျတော့ လောကကြီးအကြောင်း၊ လူ့အဖွဲ့အစည်းအကြောင်းကိုလည်း ဘာမှ မသိတော့ဘူးပေါ့။ သူတို့တတွေ လုပ်ရမယ့် လုပ်ငန်းဆောင်တာတွေကိုလည်း မသိကြတော့ဘူး။ အပြုသဘောဆောင်တဲ့ အလုပ်တွေအကြောင်းကိုလည်း နားမလည်ကြတော့ဘူး။ သူတို့ရဲ့ ကျင့်ဝတ်ဟာလည်း ဒဿနဆရာ ကန့်ရဲ့ သဘောတရားလို ဒြပ်မဲ့ဆန်ပြီး ပုံသေကျလှန်းတယ်။

အဘွားအိုဟာ ဘဝ ဆုံးခါနီးရောက်တော့ ပိုပြီးတည်ငြိမ် ရင့်ကျက်သွားတယ်။ သူ့ဘဝတိုက်ပွဲကိုလည်း အရှုံးပေးလိုက်ပြီ။ အိုမင်းဆုံးကျခါနီးဖြစ်တဲ့အတွက် အနာဂါတ်ကို တွေးပူနေတာမျိုးလည်း မရှိတော့ဘူး။ လင်ယောကျ်ားလုပ်သူကတော့ အများအားဖြင့် သူ့ထက်ပို အသက်ကြီးတာပေါ့လေ။ အဘွားအိုကတော့ သူ့ယောကျ်ား အဘိုးအို ယိုယွင်းပျက်စီးနေတာကို တိတ်တဆိတ် ကျေနပ်မှုနဲ့ ချောင်းကြည့်နေတယ်။ ဒါဟာ သူမရဲ့လက်စားချေနည်းပါပဲ။ ယောကျ်ားသေသွားခဲ့ရင် သူမဟာ အဲဒီ ဆုံးရှုံးမှုကို ဝမ်းမြောက်ဝမ်းသာနဲ့ ခံတယ်။ အသက်ကြီးလာရင် ကိုယ့်အိမ်ထောင်ဖက် ဆုံးရှုံးတဲ့အတွက် ဒီဏ်ထိခိုက်ရသူဟာ မိန်းမထက် ယောကျ်ားက ပိုများတယ်ဆိုတာ တွေ့ရတတ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်ကျတုန်းကရော၊ အသက်ကြီးလာတဲ့အခါမှာရော ယောကျ်ားဘက်ကချည်းပဲ အသာစီးရပြီး အမြတ်ရခဲ့တာကိုး။ အထူးသဖြင့် အသက်ကြီးလာတဲ့ အခါမှာဆိုရင် ယောကျ်ားက ပိုပြီးတောင် အမြတ်ရသေးတယ်။ အဲဒီအခါကျရင် သူတို့ရဲ့ ကြေညာသဟာ အိမ်ကလေးရဲ့ နယ်နိမိတ်ထဲမှာပဲ ရှိတော့တယ်လေ။ ပစ္စုပ္ပန်ဟာလည်း အနာဂါတ်နဲ့ နယ်နိမိတ်ချင်း ထိမနေတော့ဘူး။ အဲဒီအချိန်မှာ ဇနီးဖြစ်သူသာလျှင် သူတို့ဘဝကို ကြီးစိုးနေပြီး သူတို့ရဲ့ ဘဝနရီစည်းချက်ကို ချိန်ထားတော့တယ်။ အပြင် လောကက လုပ်ငန်းဆောင်တာတွေကို အလွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ယောက်ျားဟာ လုံးဝ အသုံးမဝင်တော့ဘဲ ဖြစ်သွားတယ်။ ဇနီးကတော့ အနည်းဆုံး အိမ်ကို အုပ်ချုပ်နေရသေးတယ်။ သူမဟာ လင်ယောက်ျားအတွက် လိုနေသေးတယ်။ လင်ယောက်ျားကတော့ သူမအဖို့ တကယ့်ကို အနှောင့်အယှက်၊ အတားအဆီး ဖြစ်နေတော့တာပဲ။

အဘွားအိုကြီးများဟာ သူတို့ရဲ့ လွတ်လပ် အမှီအခိုကင်းမှုကို ဂုဏ်ယူလေ့ရှိကြပါတယ်။ ခုမှပဲ ကမ္ဘာလောကကြီးကို ကိုယ်ပိုင်မျက်စိနဲ့ ကြည့်နိုင်မြင်နိုင်တော့တယ်။ အရင်တုန်းကတော့ ယောက်ျားရဲ့ မျက်စိနဲ့ချည်း လိုက်ကြည့်ခဲ့ရတယ်လေ။ အဲဒီတော့မှ သူတို့ဟာ ဘဝတစ်လျှောက်လုံး အလိမ်အညာခံခဲ့ရပါကလားဆိုတာ သဘောပေါက်လာတော့တယ်။ ခုအရွယ် ရောက်လာတဲ့အခါမှာတော့ စိတ်ထားကလည်း တည်ငြိမ်သွားပြီး။ ရှုးမှုးတာတွေလည်း ပြေသွားပြီ။ တစ်ဖက်သား ပြောသမျှကို မယုံဘဲ သံသယနဲ့ လည်း ကြည့်တတ်လာပြီ။ ဒီလို ကြည့်တတ်တဲ့အတွက် မကြာခဏဆိုသလိုပဲ ပြင်းထန်စူးရှတဲ့ လှောင်ပြောင်သရော်မှုတောင် ပေါ်လာတတ်ပါသေးတယ်။ အထူးသဖြင့် အဘွားဘဝကို နှောကြဲခဲ့တဲ့ မိန်းမများဟာ ယောက်ျားတွေအကြောင်းကို ယောက်ျားတွေထက်တောင် ပိုသိနေတတ်ပါသေးတယ်။ မိန်းမဟာ ယောက်ျားကို မျှား သူ ါရှေ့မှာ တွေ့ရတဲ့ ပုံမျိုးနဲ့ မဟုတ်ဘဲ သီးခြားဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ အခြေအနေရဲ့ သားကောင်တစ်ယောက်ဆိုတာကို မြင်လာခဲ့တယ်။ ဒါတင်မကဘူး။ အဘွားအိုဟာ မိန်းမတွေအကြောင်းကိုလည်း ကောင်းကောင်းသိသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဆိုတာ တခြား မိန်းမတစ်ယောက်ကိုသာ ရှုံးချက်မရှိ ထုတ်ဖော်ပြောဆိုတတ်လို့ပါပဲ။

## မိန်းမဟူသည် ထိုကဲ့သို့ကား

ဂရိတွေရဲ့ ခေတ်ကနေပြီး ဒီနေ့ခေတ်အထိ မိန်းမတွေအပေါ်မှာ တင်ထားတဲ့ စွဲဆိုချက်တွေ၊ ထင်မြင်ချက်တွေထဲမှာ တော်တော်များများ တူတာတွေ ရှိပါတယ်။ ဘာကြောင့် တူနေကြသလဲ ဆိုတာလည်း နားလည်နိုင်ပါတယ်။ ဂရိတွေရဲ့ ခေတ်ကနေပြီး ဒီနေ့ခေတ်အထိ မိန်းမတွေရဲ့ အခြေအနေဟာ အပေါ်ယံမှာ ပြောင်းလဲတယ်လို့ ဆိုနိုင်ပေမယ့် အဓိကကျတဲ့ အခြေအနေတွေကတော့ ဘာမှ ပြောင်းလဲခြင်း မရှိလှပါဘူး။ အတူတူပါပဲ။ ဒါ့ကြောင့် သူတို့အပေါ်မှာ တင်ထားတဲ့ စွဲချက်တွေ၊ ထင်မြင်ချက်တွေဟာလည်း အများအားဖြင့် အတူတူဖြစ်နေတာပေါ့။ အဲဒီ အခြေအနေများဟာ မိန်းမရဲ့ 'စရိုက်' လို့ ခေါ်တဲ့အရာကို ပန်တီးရာမှာ အဓိက အဆုံးအဖြတ်ကျတဲ့ အရာတွေ ဖြစ်ပါတယ်။

မိန်းမဆိုတာ အတ္တမှာ ပျော်မွေ့တတ်တယ်။ ကဏ္ဍကော စလုပ်တတ်တယ်။ ဉာဏ်ကောင်းပြီး သေးဖွဲ့တတ်တယ်။ အချက်အလက်တို့ တိကျမှုတို့နဲ့ ပတ်သက်လာရင် အားနည်းတတ်တယ်။ ပန်းပြားပင်လို ယိမ်းယိုင်တတ်တယ်။ ဟန်ဆောင်ပန်းဆောင်တွေ များတယ်။ ဇာတ်သဘင် ဆန်တယ်။ ကိုယ့်ကိုးကြည့်တယ် စသည်ဖြင့် အမျိုးမျိုးပြောကြတယ်။ အဲဒီအထဲမှာ မှန်သလောက်မှန်တာတွေလည်း ပါပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဆိုခဲ့တဲ့သဘောတွေ ရှိနေတာဟာ မိန်းမဟော်မုန်းဓာတ်တွေကြောင့် မဟုတ်ပါဘူး။ မိန်းမဦးနှောက် ဖွဲ့စည်းတည်ဆောက်ပုံကြောင့်လည်း မဟုတ်ပါဘူး။ ဒီလိုဖြစ်လာရတာဟာ အခြေအနေတွေက ပုံသွင်းပေးလိုက်လို့ပါ။ ဒါ့ကြောင့် ဒီနေရာမှာ မိန်းမတို့ရဲ့ အခြေအနေနဲ့ ပတ်သက်လို့ နည်းနည်းဆွေးနွေးချင်ပါတယ်။ မှတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို ထပ်ပြောတာမျိုးလည်း ပါပါလိမ့်မယ်။ ဒါမှသာလျှင် မိန်းမရဲ့ အကြောင်းကို သူ့ရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ သမိုင်းရေး အခြေအနေများနဲ့ ဆက်စပ်ပြီး ကြည့်နိုင်ပါလိမ့်မယ်။

တစ်ခါတလေမှာ 'မလောက' ဟာ ဖို စကြဝဠာကြီးနဲ့ တော်တော်လေး ဆန့်ကျင်ပါတယ်။ ဒါပေမယ့် မိန်းမရဲ့ အဖွဲ့အစည်း၊ မိန်းမရဲ့ ကမ္ဘာဟာ ဘယ်တုန်းကမှ သီးခြားလွတ်လပ် အမှီခိုကင်းတဲ့ ကမ္ဘာမဟုတ်ဘူး ဆိုတာကိုတော့ ထပ်ပြောချင်ပါတယ်။ သူတို့ဟာ အဝန်းအဝိုင်းကြီး တစ်ခုထဲက အစုကလေး တစ်စုသာဖြစ်ပြီး ယောကျ်ားတွေရဲ့ အုပ်စိုးမှုကိုခံရသူ၊ လက်အောက်ခံနေရာကို ရရှိထားသူများသာ ဖြစ်ပါတယ်။ သူတို့ဟာ အမျိုးသမီးကလပ်တွေ၊ အသင်းတွေ၊ အဖွဲ့တွေဖွဲ့ပြီး တန်ပြန် စကြဝဠာတစ်ခုကို ထူထောင်ရပါတယ်။ ဒါပေမယ့် သူတို့ရဲ့ တန်ပြန် စကြဝဠာဟာ ဖိုသတ္တဝါတို့ရဲ့ စကြဝဠာကြီးရဲ့ ဘောင်ထဲမှာ ထူထောင်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေအထားဟာ တော်တော်ကပြောင်းကပြန် နိုင်ပါတယ်။ သူတို့ဟာ တစ်ချိန်တည်းမှာ ဖိုလောကထဲမှာ ပါနေပြီး အဲဒီလောကကို ယှဉ်ပြိုင်အန်တုနေတဲ့ လောကတစ်ခု (မလောက)မှာလည်း ပါနေတယ်။ ပြီးတော့ တခြား လောကတစ်ခုက ဝိုင်းရံထားတဲ့ ကမ္ဘာမှာပဲနေနေ ငြိမ်းချမ်းစွာ နေရတယ်လို့ပဲ မရှိပါဘူး။ သူတို့ရဲ့ သဘောလွယ်ကို ငြင်းဆန်မှုနဲ့ယှဉ်တွဲကြည့်ရမယ်။ ဒီနေရာမှာသူတို့ရဲ့ သဘောထားဟာ မိန်းမငယ်ကလေးတစ်ယောက်ရဲ့ သဘောထားမျိုးနဲ့ ခပ်ဆင်ဆင်တူပါတယ်။ ဒါပေမယ့် မိန်းမငယ်ကလေးတွေလိုသဘောထားမျိုးကိုတော့ ကြာကြာမထားနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အသက်အရွယ်ရောက်တဲ့ မိန်းမများအဖို့ ဘဝကိုနေရာကယ်ဆိုတာဟာ စိတ်ကူးအိမ်မက်တွေ၊ သင်္ကေတတွေနဲ့ နေနေရတာမဟုတ်ဘဲ တကယ်အမှန် နေနေရလို့ ဖြစ်ပါတယ်။

ကမ္ဘာလောကကြီးဟာ တစ်ခုလုံးအနေနဲ့ ခြုံကြည့်ရင် ဖိုသတ္တဝါတို့ရဲ့ ကမ္ဘာလောကကြီးဖြစ်တယ်ဆိုတာ မိန်းမကိုယ်တိုင်ကလည်း အသိအမှတ်ပြုပါတယ်။ တကယ်တော့ ကမ္ဘာကြီးကို ပုံသွင်းခဲ့တာ၊ ကမ္ဘာကြီးကို အုပ်စိုးခဲ့တာ။ ဒီနေ့အထိ ကမ္ဘာကြီးကို လွှမ်းမိုးနေတာဟာ ယောကျ်ားတွေပဲ မဟုတ်လား။ သူမအဖို့တော့ ကမ္ဘာကြီးနဲ့ ပတ်သက်လို့ ဘာတာဝန်မှ မရှိဘူးလို့ ထင်တယ်လေ။ သူမဟာ အားနွဲ့တယ်၊ မှီခိုနေရတယ်ဆိုတာကို လက်ခံထားကြပြီးသား။ သူမဟာ အကြမ်းပတမ်း သင်ခန်းစာတွေကို မသင်ခဲ့ရဘူး၊ သူ့အစုရဲ့ အခြားသော အဖွဲ့ဝင်များရှေ့မှာ လေ့လာစရာ ပစ္စည်းတစ်ခုအဖြစ် ရပ်မပြခဲ့ရဘူး။ သူ့အသား၊ သူ့အိုးအိမ်ထဲမှာတင် ပိတ်လှောင်ပြီး ပန်းတိုင်တွေကို ချမှတ်၊ တန်





ဖိုးတွေကို ဆုံးဖြတ်ကြတဲ့ လူ့မျက်နှာရှိတဲ့ ဘုရားသခင်တွေရှေ့မှာ အားနွဲ့သူ စောင့်ဆိုင်းသူ၊ လှုပ်ရှားခြင်းကင်းသူလို့ပဲ သူ့ကိုယ်သူ မြင်ခဲ့တယ်။ ဒါကြောင့်မို့ 'မိန်းမဟာ ထာဝရ ကလေးဖြစ်တယ်' ဆိုတဲ့ စကားပုံဟာ မှန်သင့်သလောက်မှန်တယ်လို့ ဆိုနိုင်တယ်။ အလုပ်သမားတွေ၊ လူမည်းကျေးကျွန်တွေ၊ ကိုလိုနီတိုင်းပြည်က တိုင်းရင်းသားတွေကိုလည်း ကလေးကြီးတွေလို့ ခေါ်ခဲ့ကြတယ်။ ဆိုလိုတဲ့ သဘောက တခြားလူတွေက သတ်မှတ်ပေးထားတဲ့ ဥပဒေစည်းကမ်းတွေ၊ သတ်မှတ်ချက်တွေကို အစစ်အဆေးမရှိ၊ အမေးအမြန်းမရှိ လိုက်နာရမယ်ဆိုတဲ့ သဘောပါ။ မိန်းမရဲ့ ဘဝကံအကြောင်းဟာ လေးစားစွာလိုက်နာခံလိုက်နာမှုပါ။ မိန်းမဟာ သူ့ဘေးပတ်ဝန်းကျင်မှာရှိတဲ့ အစစ်အမှန်ကို ကောင်းကောင်း နားမလည်ပါဘူး။ ဒီအရာတွေဟာ သူ့မျက်စိထဲမှာ မှုန်ဝါးနေပါတယ်။

မိန်းမဟာ ရုပ်ဒြပ်ကို လွှမ်းမိုးအုပ်စိုးဖို့အတွက် လိုအပ်တဲ့နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှု မရှိဘူးဆိုတာ မှန်ပါတယ်။ သူမအဖို့ ဖမ်းယူဆုပ်ကိုင်ရမယ့်အရာဟာ ရုပ်ဒြပ်မဟုတ်ဘူး။ ဘဝဖြစ်တယ်။ ဘဝကို ဖမ်းယူဆုပ်ကိုင်တတ်ဖို့၊ ပိုင်နိုင်ဖို့အတွက် ကိရိယာတန်ဆာပလာတွေ မလိုဘူး။ ဒဿနဆရာ ဒဂ္ဂါးပြောသလို ကမ္ဘာလောကကြီးဟာ မိန်းမရဲ့ စိတ်ဆန္ဒနဲ့ ပန်းတိုင်တို့အကြားမှာ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပေးတဲ့ ပစ္စည်းကိရိယာတွေနဲ့ စုပုံထားတဲ့ အစုအဝေးကြီး မဟုတ်ဘူး။ လောကကြီးဟာ မိန်းမအဖို့ ခုခံတွန်းလှန်တဲ့အရာဖြစ်တယ်။ လျှို့ဝှက်ဆန်းကျယ်တဲ့အရာ ဖြစ်တယ်။ မိန်းမဟာ အဲဒီလျှို့ဝှက်ဆန်းကျယ်တဲ့ ဥပဒေသတွေကို နာခံရတယ်။ ဥပမာအားဖြင့် မိန်းမရဲ့ ဝမ်းကြာတိုက်ထဲ (ယောကျ်ားရဲ့ ဝမ်းကြာတိုက်မဟုတ်) မှာ လူသားတစ်ယောက် သန္ဓေတည်လာရတယ်ဆိုတဲ့ လျှို့ဝှက်ဆန်းကြယ်မှု ဟာ ဘယ်သချင်္ချာပါရဂူတွေမှ ညီမျှခြင်းချပြီး တွက်လို့ရတဲ့ ပုစ္ဆာမျိုးမဟုတ်ဘူး။ ဘယ်စက်ယန္တရားမှလည်း တားဆီးလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ ဒီနက်နဲပြီး နားမလည်နိုင်တဲ့ နိယာမတရားကို သူ့ကိုယ်တွင်းမှာ တွေ့နေရတယ်။ လဝန်းရဲ့ နရီစည်းချက်ကိုလိုက်ပြီး သူမရဲ့ခန္ဓာကိုယ်ဟာ အပြောင်းအလဲ ဖြစ်နေရတယ်။ မီးဖိုချောင်ဟာ သူမကို စိတ်ရှည်မှုနဲ့ လိုက်လျောမှုရှိအောင် နေ့စဉ်နှင့်အမျှ သင်ကြားပေးနေတယ်။ မီးဖိုချောင်မှာ အဂ္ဂိရတ်ပညာကို တွေ့နေရတယ်။ မီးဖိုချောင်ထဲမှာ မီးရှိတယ်၊ ရေရှိတယ်။ သကြား အရည်ပျော်အောင် စောင့်ရတယ်။ ဂျုံမှုန့်တွေ နှပ်သွားအောင် စောင့်ရတယ်။ ပန်းကန်တွေ အိုးခွက်တွေ ခြောက်အောင်စောင့်ရတယ်။ စင်ပေါ်က သစ်သီးတွေ မှည့်အောင် စောင့်ရတယ်။ အိမ်မှုကိစ္စတွေဟာ သူမအဖို့ အတတ်ပညာဆိုင်ရာ လုပ်ငန်းတွေ ဖြစ်လာတယ်။ ဒါပေမယ့် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာ ဆိုင်ရာလုပ်ငန်းများဟာ အလွန်အခြေခံကျပြီး အလွန်ငြီးငွေ့စရာ ကောင်းပါတယ်။ ဒီအတတ်ပညာတွေ ဟာ မိန်းမတစ်ယောက်ကို စက်ယန္တရား ဆိုင်ရာကြောင်းကျိုး သက်ရောက်မှု နိယာမသဘောကို သင်ကြားပေးနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့လည်း ဒီနယ်ပယ်မှာပင်လျှင် အရာဝတ္ထုတွေကလည်း တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲတတ်ပါတယ်။ ရေနဲ့ လျှော်ဖွပ်တာကို ခံနိုင်တဲ့ ပစ္စည်းရှိတယ်။ မခံနိုင်တဲ့ ပစ္စည်းရှိတယ်။ ချွတ်လို့ရတဲ့ အစွန်းအထင်းတွေ ရှိတယ်၊ ချွတ်လို့မရတဲ့ အစွန်းအထင်းတွေ ရှိတယ်။ အလိုအလျောက် ကျိုးပဲ့ သွားတဲ့ ပစ္စည်းတွေ ရှိတယ်။ သစ်ပင်တွေပေါက်သလို ဘယ်ကမှန်းမသိ ပေါ်လာတဲ့ ဖုန်တွေရှိတယ်။

မိန်းမစိတ်ဓာတ်ဟာ မြေယာရဲ့ တန်ခိုးကို ကိုးကွယ်ဆည်းကပ်တဲ့ မြေယာယဉ်ကျေးမှု စိတ်ဓာတ်ကို ဆက်ခံပြန့်ပွားတဲ့ စိတ်ဓာတ်ဖြစ်တယ်။ သူမဟာ ပဥ္စလက်ကို ယုံတယ်။ သူမရဲ့ အပြုခံစိတ်ဓာတ်ကြောင့် သူမအမြင်မှာ တောင့်တမှုဟာ စိတ်ဆန္ဒနဲ့ အကောင်အထည်ဖော်ရမယ့်ကိစ္စလို့ မမြင်တော့ဘဲ ပျော်မွေ့ရမယ် ဆွဲဆောင်မှုတစ်ခု၊ ဖွဲ့မက်စရာတစ်ခုလို့ ထင်လာတယ်။ သူမရဲ့ ဘေးမှာ လှိုင်းလုံးတွေ၊ ရောင်ခြည်ဖြာထွက်မှုတွေ၊ ထူးဆန်းတဲ့ အရည်တွေ ဝိုင်းရံနေတယ်လို့ သူထင်ပါတယ်။ သူမဟာ တယ်လီပသီ၊ အကြားအမြင်၊ ဗေဒင်ဓာတ်ရောင်ခြည် ကုသမှု၊ အိမ်မွေ့ပညာ၊ သီယိုဆိုဖီ၊ စားပွဲနတ်၊ အိပ်မက်၊ ပျောက်စေဆရာ စသည်တို့ကို ယုံပါတယ်။

သူ့ဘာသာတရား ယုံကြည်မှုထဲမှာ ရှေးဟောင်း အစွဲအလန်းတွေ၊ ဥပါဒါန်တွေနဲ့ ပြည့်နေတယ်။ ဆေးဖယောင်းတိုင်ကို ယုံကြည်တယ်။ ပုဖြီး ပြောတာကို အဟုတ်ထင်တယ်။ သူတော်စင်တွေဟာ ရှေးကသဘာဝနတ် ဒေဝတာတွေ ဝင်စားတာလို့ ထင်တယ်။ ဘယ်နတ်ကဖြင့် ခရီးသွားရာမှာ စောင့်ရှောက်တယ်၊ ဘယ်နတ်ကဖြင့် မီးဖွားရာမှာ စောင့်ရှောက်တယ်။ ဘယ်နတ်ကဖြင့် ပစ္စည်းပျောက်ရှာပေးတယ် စသဖြင့်ယုံကြည်တယ်။ သူမဟာ လူထူးကို မအံ့ဩပါဘူး။ သူမရဲ့ သဘောထားဟာ ဆုတောင်းခြင်းနဲ့ ဝင်စားခြင်း ဖြစ်တယ်။ တစ်ခုခုကို အောင်မြင်ချင်ရင် စီးပွားရေးမှာအောင် မြင်ချင်ရင်အိမ်ထောင်ရေးမှာ သာယာချင်ရင်၊ ပညာရေးမှာ အဆင်ပြေစေချင်ရင် အစဉ်အလာ ရှိခဲ့တဲ့ ရိုးရာပသမှုတွေကို လုပ်ပါတယ်။ မိန်းမဟာ အဲဒီလို ပုံစံကျဖယားထဲမှာ ဘာကြောင့်ကျင်လည်နေရသလဲ။ ဘာကြောင့် ဒါတွေကို ဆက်လက်ဖက်တွယ် နေရသလဲ။ ဒီအချက်ကို နားလည်ဖို့ သိပ်အခက်ပါဘူး။ အချိန်ဟာ သူ့အဖို့ သစ်ဆန်းတဲ့ သဘာဝ ဓာတ်တစ်ခု မဟုတ်ပါဘူး။ မိန်းမအဖို့ အချိန်ဟာတီထွင်





ဖန်တီးတဲ့ သဘောဆောင်တဲ့ စီးဆင်းမှု တစ်ခုမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မိန်းမဟာ ထပ်ပြန်တလဲလဲဖြစ်မှု၊ တစ်ဝဲလယ်လယ်ဖြစ်မှုထဲမှာ မျောပါနေရလို့ပါ။ အနာဂတ်ဆိုတာ အတိတ်ကို ပွားထားတဲ့အရာ၊ အနာဂတ်ဆိုတာ အတိတ်ကဖြစ်သလိုဟာတွေ ဖြစ်လာမယ့်အရာလို့ ထင်နေတဲ့အတွက် ကြောင့်ဖြစ်ပါတယ်။ သူ့အဖို့ ကိုယ်ဝန်ဆောင်ရတဲ့ အလှည့်တိုင်း၊ ရာသီပန်းပွင့်တဲ့အလှည့်တိုင်းဟာ အရင်တုန်းက ဖြစ်ခဲ့တဲ့အတိုင်း ထပ်ဖြစ်တာမျိုး ဖြစ်နေတယ်။ ဒီတော့ အချိန်ရဲ့စီးဆင်းမှုသဘောကို သူသိပ်ဂရုစိုက်မိတော့ဘဲ အားလုံး အတူတူလို ဖြစ်နေတယ်။

အရင်တုန်းက ကိုယ်ဝန်ဆောင်ရတာနဲ့ ခုကိုယ်ဝန်ဆောင် ရတာ၊ အရင်လက ဓမ္မတာလာတာနဲ့ ခုလ ဓမ္မတာလာတာ ဒါတွေဟာ တစ်ခုနဲ့တစ်ခု အတူတူဖြစ်နေတော့ အချိန်ရဲ့ သဘောကို သိပ်နားမလည်ဘဲ ဖြစ်နေတယ်။ ဒီမှာ အချိန်နဲ့ ပတ်သက်လို့ သူသဘောပေါက်တာဆိုလို့ အချိန်ဟာ တဖြည်းဖြည်း ပျက်စီးယိုယွင်းမှုကို ဖြစ်စေပါကလား ဆိုတာလောက်ပဲ ရှိတော့တယ်။ အိမ်ထောင်ကျစက ဝယ်ထားတဲ့ ပရိဘောဂတွေဟာ အိုဟောင်းသွားပြီ။ အဝတ်အစားတွေကလည်း နွမ်းသွားပြီ။ သူ့မျက်နှာကလည်း ရင့်ရော်သွားပြီ။ နှစ်ကာလတွေနဲ့အတူ ပြန်လည်ထုတ် လုပ်နိုင်စွမ်းအားတွေကလည်း တဖြည်းဖြည်း လျော့ပါးပျက်စီးသွားခဲ့ပြီ။ ဒါကြောင့်မို့ မိန်းမဟာ အချိန်ဆိုတဲ့ အကြင်နာကင်းမဲ့တဲ့ အဖျက်စွမ်းအားကြီး ကိုလည်း သိပ်မယုံချင်တော့ဘူး။

လက်တွေ့ကျတဲ့ လုပ်ဆောင်မှုဆိုတာ ဘာလဲ။ ကမ္ဘာကြီးရဲ့ မျက်နှာပြင်ကို ပြောင်းလဲစေတဲ့အရာဟာ ဘာလဲ။ ဒါတွေကို သူဘာမှ နားမလည်ပါဘူး။ သူမဟာ ကြီးမားပြီး ဝိုးတိုးဝါးတား ဖြစ်နေတဲ့ တိမ်တိုက်ကြယ်စုကြီးထဲမှာ ရောက်နေသလို ကမ္ဘာလောကကြီး အလယ်မှာ နစ်မြုပ်နေပါတယ်။ ဖိုသတ္တဝါရဲ့ ယုတ္တိဗေဒ အသုံးပြုပုံကိုလည်း သူနားမလည်ပါဘူး။ မရှောင်မလွှဲသာလို့အပ်ရင်တော့ သူမဟာလည်း ဖိုသတ္တဝါလိုပဲ ယုတ္တိဗေဒကို ကောင်းကောင်း ကျင့်သုံးနိုင်တယ်လို့ စတင်ဒယ်က ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် မိန်းမဟာ ယုတ္တိဗေဒကိုသုံးဖို့ အခွင့်အရေး ရခဲလှပါတယ်။ ကောင်းမွန်တဲ့ အသုတ်ခံတစ်ခွက်လုပ်ဖို့အတွက် ယုတ္တိဗေဒဟာ ဘာမှ အသုံးမဝင်ပါဘူး။ ငိုနေတဲ့ ကလေး တစ်ယောက် အငိုတိတ်သွားအောင်လည်း ယုတ္တိဗေဒက ဘာမှမတတ်နိုင်ပါဘူး။ သူ ရင်ဆိုင်နေရတဲ့ ပတ်ဝန်းကျင်၊ သူလုပ်နေရတဲ့ အလုပ်တွေဟာ ဖိုသတ္တဝါတို့ရဲ့ ကျိုးကြောင်းဆင်ခြင်ဉာဏ်မျိုးနဲ့ လုပ်စရာမလိုတဲ့ အလုပ်တွေ ချည်းပါပဲ။ ဒီတော့ ယောကျ်ားတွေရဲ့ အမြင်မှာ မိန်းမရဲ့ အတွေးဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ရေရာခြင်းမရှိတဲ့ စိတ်ကူးအိပ်မက်တွေလို ဖြစ်နေတော့တာပေါ့။ သူမမှာ အချက်အလက် အမှန်တရားတွေကို နားလည်နိုင်တဲ့ စွမ်းအားမရှိဘူး။ စကားလုံးတွေနဲ့ အထင်တွေကလွဲရင်လည်း ဘာကိုမှ ဆုပ်ဆုပ်ကိုင်ကိုင် မရှိဘူး။ ဒါ့ကြောင့်မို့ ပြဿနာတွေ ပေါင်းစုံပြီး သပွတ်အူ ဖြစ်နေရင်လည်း သူ့အဖို့ကတော့ စိတ်ထဲမှာ ကြီးကြီးကျယ်ကျယ် မထိခိုက်လှပါဘူး။ မိန်းမဟာ သူလက်လှမ်းမမီတဲ့ ပတ်ဝန်းကျင်က ပြဿနာတွေ၊ နက်နဲမှုတွေကို ဘယ်တော့မှ စဉ်းစားပြီး တွေးပူလေ့ မရှိပါဘူး။ အယူအဆတွေ ဘယ်လောက်ပဲ ရှုပ်ထွေးသည်ဖြစ်စေ ထင်မြင်ချက်တွေ၊ ပါတီတွေ၊ နေရာတွေ၊ လူတွေ၊ အဖြစ်အပျက်တွေ ဘယ်လောက်ပဲ ဒွေးရောယှက်တင် ဖြစ်နေသည်ဖြစ်စေ မိန်းမဟာ ကျေနပ်ရောင့်ရဲနေပါတယ်။ သူ့ ဦးခေါင်းဟာ ထူးဆန်းတဲ့ ပစ္စည်းတွေနဲ့ ရောပြွမ်းပြည့်နက်နေပါတယ်။

ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အရာဝတ္ထုတွေကို ကြည်ကြည်လင်လင်မြင်ဖို့ကိစ္စဟာ သူ့အလုပ်မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမဟာ ဘဝတစ်လျှောက်လုံးမှာ ဖိုသတ္တဝါရဲ့ ဩဇာအာဏာကို လက်ခံဖို့ သွန်သင်ခံခဲ့ရလို့ပါ။ ဒါ့ကြောင့်မို့ မိန်းမဟာ ဝေဖန်တာတို့၊ စူးစမ်းတာတို့၊ ကိုယ်ပိုင်ဆုံးဖြတ်တာတို့ကို မလုပ်တော့ဘဲ ဒီအလုပ်တွေကို ကိုယ့်ထက်မြက် တယ်ဆိုတဲ့ ဖိုသတ္တဝါကို လွှဲအပ်လိုက်တော့တယ်။ သူ့အမြင်မှာ ဖိုလောကဟာ မရောက်နိုင်၊ မကျော်လွှားနိုင်တဲ့နေရာ၊ အကြွင်းမဲ့ ဖြစ်နေတဲ့နေရာကို ယူဆထားပါတယ်။ 'ယောကျ်ားတို့သည် ဘုရား သခင်များကို ဖန်တီးကြပြီး မိန်းမများမှာ သူတို့ကို ကိုးကွယ်ကြကုန်၏' လို့ ဖရောဇာက ရေးခဲ့ဖူးပါတယ်။

## မိန်းမနဲ့ ယောကျ်ား

ယောကျ်ားဟာ အမျိုးမျိုးသော စနစ်များ၊ ကျင့်ဝတ်သစ်များ၊ ဥပဒေသစ်များကို တည်ဆောက်ဖွဲ့စည်းနိုင်တယ်လို့ သူ့ဘာသာ သူယုံတယ်။ ရှိနေတဲ့အရာကို ကျော်လွှားနိုင်တယ်လို့ ယူဆတယ်။ သမိုင်းဟာ သူကလုပ်တဲ့အရာကို သဘောထားတယ်။ ခေတ်နောက်အကျဆုံး၊ အယူအသီးဆုံးဆိုတဲ့ ယောကျ်ားသည်ပင်လျှင် သူဟာ ပြောင်းလဲလာတဲ့ ဆင့်ကဲဖြစ်စဉ်နဲ့အညီ လိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်တယ်။ သူ့အတွေးအခေါ်ကိုလည်း ပြောင်းလဲလာတဲ့ အခြေအနေနဲ့အညီ ညှိနိုင်းတတ်တယ်လို့ ထင်တယ်။ ဒါပေမယ့် မိန်းမကတော့ သမိုင်းမှာ ပါဝင်ခြင်း မရှိတဲ့အတွက် သမိုင်းရဲ့လိုအပ်ချက်တွေကိုလည်း နားမလည်ဘူး။ အနာဂတ်ကိုလည်း မယုံသင်္ကာရှိစွာ သံသယကြီးပြီး အချိန်ရဲ့ စီးဆင်းမှုကို ရပ်တန့်ပစ်ချင်တယ်။ အဖေထူထောင် ပေးခဲ့တဲ့ အိမ်ကို ထူထောင်ပေးခဲ့တဲ့၊ လင်သား ထူထောင်ပေးခဲ့တဲ့ ရုပ်ထုမြေကြီး ပေါ် လဲပြိုသွားတာနဲ့ ကောင်းကင်ကို ဘယ်လို တန်ဆာဆင်ရမှန်း မသိတော့ဘူး။ နောက်ထပ် ရုပ်ထုတစ်ခုကို ဘယ်လို တည်ဆောက်ရမှန်း မသိတော့ဘူး။ ဒီမှာတင် သူမဟာ ရှေးဟောင်း နတ်ရုပ်တုတွေကို အပြေးအလွှားသွားပြီး ကိုးကွယ်တော့တယ်။

အမေရိကန် လွတ်လပ်ရေးစစ်ပွဲအတွင်းက မိန်းမတွေဟာ ယောကျ်ားတွေထက် ကျေးကျွန်စနစ်ကြီးကို ဆက်လက်ထိန်း သိမ်းချင်တယ်။ ဘိုးဝါးခေါ် ပွဲဖြစ်တုန်းက အင်္ဂလန်မှာ၊ ပါရီဘုံအဖွဲ့ ပေါ်တုန်းက ပါရီမှာ မိန်းမတွေဟာ စနစ်ဟောင်းကို အပြင်းထန်ဆုံး ကာကွယ်သူတွေ ဖြစ်လာခဲ့တယ်။ အထက်



www.burmeseclassic.com

www.burmeseclassic.com



ကြွဆုံးသူတွေ ဖြစ်ခဲ့တယ်။ သူတို့တစ်တွေ ငြိမ်သက်နေခဲ့ရတာတွေ မလှုပ်မယှက် နေခဲ့ရတာတွေကို ပြင်းထန်တဲ့စိတ်နဲ့ အစားထိုးအလျော်ပေးချင် ကြဟန်တူတယ်လို့ ယူဆရပါတယ်။ သူတို့ထောက်ခံယုံကြည်တဲ့ ဘက်က အောင်ပွဲရလာတာနဲ့ သူတို့တစ်တွေဟာ ခွေးဝံပုလွေအုပ်များလို လဲကျသွားတဲ့ ကျဆုံးသူဆီကို အတင်းဝိုင်းအုံ လာကြ တာပဲ။ ရှုံးသွားတဲ့အခါမျိုးမှာလည်း သူတို့ဟာ စေ့စပ်ဖြန်ဖြေရေးကို အကြောက်အကန် ငြင်းဆန်တတ်ကြပါတယ်။ သူတို့ရဲ့ အတွေးအခေါ်တွေ ဟာလည်း စိတ်ထဲပေါ်လာတဲ့ ခံစားချက်တွေ ဖြစ်နေတဲ့အတွက် ခေတ်မမီ တော့တဲ့ အရေးတော်တွေကို ထောက်ခံတတ်ကြပါတယ်။ ၁၉၁၄ ခုနှစ်လောက် ရောက်သည့်တိုင် သူတို့ဟာ ဘုရင်ဝါဒထောက်ခံသူတွေ ဖြစ်နေတတ်ပြီး ၁၉၅၃ ခုနှစ်မှာ ဇာဘုရင်ကို ထောက်ခံသူတွေ ဖြစ်ချင်ဖြစ်နေတတ်ပါတယ်။ တစ်ခါတလေမှာ မိန်းမတွေ ဒီလိုစိတ်အား တက်ကြွနေတာကို ယောကျ်ားက ပြုံးပြီး အားပေးကောင်း အားပေးလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ထိန်းထိန်းချုပ်ချုပ်နဲ့ မယုတ်မလွန် ပြောတဲ့ အယူအဆတွေကို မိန်းမတွေက အပြင်းအထန်၊ အကြောက်အကန် ပြောဆိုနေတာကို မြင်ရတော့ သဘောကျလို့ပါ။ ဒါပေမယ့် တစ်ချိန်တည်းမှာ သူ့ရဲ့ အယူအဆကို ဒီလောက် အဓိပ္ပာယ် ကင်းမဲ့စွာ၊ မိုက်မဲစွာ နားလည်ရမလားဆိုပြီး စိတ်ပျက်တာလည်း ရှိပါတယ်။

မိန်းမဟာ ဒီလို ပြင်းထန်တဲ့ သဘောထားမျိုးကို မြင့်မားတဲ့ ယဉ်ကျေးမှုများနဲ့ မြင့်မားတဲ့ လူမှုအတန်းအစားတွေထဲမှာသာ ထားလေ့ရှိပါ တယ်။ ယေဘုယျအားဖြင့်တော့ မိန်းမဟာ ဥပဒေကို ရိုသေလိုက်နာတတ်ပါ တယ်၊ ဥပဒေဖြစ်လို့ လိုက်နာတာပါ။ သူ့ရဲ့ ယုံကြည်ချက်က အကန်းသဖွယ် ဖြစ်နေလေတော့ ဥပဒေဆိုရင် လိုက်နာဖို့ အဆင်သင့် ဖြစ်နေတော့တာပါပဲ။ မိန်းမရဲ့ အမြင်မှာ ခွန်အားဗလဟာ အမှန်တရားလို့ ထင်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေမှာ ရှိတယ်လို့ အသိအမှတ်ပြုထားတဲ့ အမှန်တရားဟာ တန်ခိုးအာဏာက ပေါ်ထွက်လာတယ်လို့ ယူဆလို့ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ လူ့အဖွဲ့အစည်းတစ်ခု ပြိုလဲသွားတာနဲ့တစ်ပြိုင်နက် အောင်နိုင်သူရဲ့ ခြေရင်းမှာ ပထမဆုံး ဝပ်စင်းသူတွေဟာ မိန်းမတွေဖြစ်နေတာပါ။ ခြုံပြောရရင် မိန်းမတွေဟာ အရှိကို အရှိအတိုင်း လက်ခံသူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ ထူးခြားတဲ့ အရည်အချင်းတစ်ခုကတော့ ဣန္ဒြေဆောင်နိုင်ခြင်းပါပဲ။ ပွန်ပေမြို့ပျက်ကြီးကို တူးကြည့်လိုက်တဲ့အခါမှာ ယောကျ်ားတွေရဲ့ မီးလောင်ကျွမ်းထားတဲ့ ရုပ်ကြွင်းများဟာ ဘေးအန္တရာယ်ကို တွန်းလှန်နေတဲ့ဟန်၊ အန္တရာယ်က ထွက်ပြေးဖို့





ကြိုးစားနေတဲ့ ဟန်တွေတွေ့ရပြီး မိန်းမတွေရဲ့ ရုပ်ကြွင်းများကတော့ မြေကြီးကို ...ကျ်နွာအပ်ပြီး ဝပ်တွားနေတဲ့ဟန်ကို တွေ့ရပါသတဲ့။ သူတို့ဟာ မီးတောင်တွေ ...န်တိုင်းတွေ၊ ရဲတွေ၊ ယောကျ်ားတွေ၊ အုပ်စိုးသူတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ...မ်းအားမဲ့တယ်လို့ ထင်တတ်ကြပါတယ်။ 'ကျွန်မတို့ မိန်းမသားဆိုတာ အနှာ...ခံရဖို့ မွေးလာရတာ၊ ဒါဟာ ကျွန်မတို့ဘဝပဲ၊ ဒီဘဝကို ဘယ်လိုလုပ် ပြောင်း...စ်လို့ရမှာမဟုတ်ဘူး' လို့ မိန်းမတွေက ပြောလေ့ရှိပါတယ်။

ဒီလို ခံနိုင်ရည်ရှိမှု၊ ဣန္ဒြေစောင့်စည်းမှုကြောင့် မိန်းမတွေမှာ ချစ်စရာကောင်းတဲ့ အရည်အချင်းဖြစ်တဲ့ စိတ်ရှည်သည်းခံခြင်းဆိုတဲ့ အရည်အချင်းပေါ်...ွက်လာတယ်လို့ ထင်ပါတယ်။ သူတို့ဟာ ကိုယ်ခန္ဓာနာကျင်တဲ့ ဝေဒနာကို ယောကျ်ားတွေထက် ပိုပြီးခံနိုင်ပါတယ်။ အခြေအနေက တောင်းဆိုလာရင် သူတို့တစ်တွေက စတိုးအစ်လို့ခေါ်တဲ့ ဥပေက္ခာဝါဒီတွေရဲ့ သတ္တိမျိုးလည်း ...ိပါတယ်။ ယောကျ်ားကို ရှုးရှုးဒိုင်းဒိုင်း၊ ကြမ်းကြမ်းတမ်းတမ်း မလုပ်တတ်တော့ မိန်းမတော်တော်များများဟာ ပျော့ညံ့တဲ့ ခုခံမှုကို တည်တည်ငြိမ်ငြိမ် လုပ်တတ်ကြပါတယ်။ သူတို့ဟာ လင်ယောကျ်ားများထက် အကျပ်အတည်း...ဆင်းရဲနွမ်းပါးမှု၊ ကံကြမ္မာဆိုး စသည်တို့ကို ဒူပေနာပေ ခံနိုင်ကြပါတယ်။ သူတို့တစ်တွေ စီးပွားရေးတို့ ဘာတို့လုပ်ရင်လည်း ဇွဲနပဲကြီးတဲ့အတွက် အံ့ဩ...စရာ အောင်မြင်မှုတွေကို ရတတ်ကြပါတယ်။ 'မိန်းမတစ်ယောက်ရဲ့ တန်ခိုး...ွမ်းပကားကို ဘယ်တော့မှ လျှော့မတွက်ပါနဲ့' လို့ ပြောစမှတ်ပြုကြပါတယ်။ ...ရက်ရော သဘောထားကြီးတဲ့ မိန်းမတစ်ယောက်မှာ ဣန္ဒြေစောင့်စည်းမှုဟာ ...ိတ်ရှည်သည်းခံမှု အသွင်နဲ့ ပေါ်တတ်ပါတယ်။ သူမဟာ ကျရောက်လာသမျှ...ကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ပါတယ်။ ဒီလို အန္တရာယ်ကျရောက်လာတဲ့...အတွက် ဘယ်သူ့ကိုမှလည်း အပြစ်မတင်ပါဘူး။ လောကဓံဆိုတာ ဒီလိုပဲလို့...ဖြေသိမ့်နိုင်ပါတယ်။ မာနကြီးတဲ့ မိန်းမတစ်ယောက်ဟာ ဣန္ဒြေ စောင့်စည်း...င်ပါတယ်။ မိန်းမဟာ ဖျက်ဆီးဖို့၊ အသစ်ဆောက်လုပ်ဖို့ထက် ထိန်းသိမ်းဖို့၊ ညှိနှိုင်းဖို့၊ လိုက်လျောညီထွေဖြစ်အောင်လုပ်ဖို့ နေရာတကျ စီစဉ်ဖို့ အားသန်...ပါတယ်။ သူတို့ဟာ တော်လှန်ရေးထက် စေ့စပ်ရေးနဲ့ ညှိနှိုင်းမှုကို သဘောကျ...ကြပါတယ်။

၁၉ ရာစုနှစ်မှာတုန်းက မိန်းမတွေဟာ အလုပ်သမားတွေကို လွတ်...သပ်အောင်လုပ်ရာမှာ တော်တော် အတားအဆီး၊ အနှောင့်အယှက် ဖြစ်ခဲ့...တယ်။ သူတို့ဟာ သပိတ်မှောက်မှာကို အလုပ်လက်မဲ့ဖြစ်မှာ၊ ဆင်းရဲမှာကို ကြောက်ရွံ့တင်မကဘူး၊ မှားမှာကို ကြောက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရဲ့ ကံကြမ္မာဟာ ပျက်စီးလွယ်တဲ့ အရာတွေနဲ့ ဆက်စပ်နေတတ်ပါတယ်။ ဒီအရာတွေကို ဆုံးရှုံးလိုက်တာနဲ့ သူမမှာ အားလုံး ဆုံးရှုံးသွားတော့တာပါပဲ။ မိန်းမဟာ လွတ်မြောက်မှုကိုလည်း သိပ်အယုံအကြည် မရှိလှပါဘူး။ ဒီလို အယုံအကြည် မရှိတာကတော့ လွတ်လပ်မှုကို စမ်းသပ်မကြည့်ရသေးလို့ ဖြစ်ပါတယ်။ မိန်းမဟာ သူလိုက်ရမယ့် အန္တရာယ်များတဲ့လမ်းကို ကြိုတင်သိမြင်ထားတာ မဟုတ်ဘူး။ ဒါကြောင့်မို့ အဲဒီ အန္တရာယ်များတဲ့ လမ်းတွေမှာ ရဲရဲရင့်ရင့်၊ ထက်ထက်သန်သန် မလျှောက်တာဟာ ဘာမှတော့ အံ့သြစရာ မရှိပါဘူး။ တကယ့်လိုသာ သူမအတွက် အနာဂတ်ဟာ ပွင့်လင်းလာလို့ရှိရင် သူမဟာ အတိတ်ကို ဖက်တွယ်နေမှာ မဟုတ်ပါဘူး။ မိန်းမတွေဟာ လက်တွေ့ကျတဲ့ အလုပ်ကိုလုပ်ဖို့ တာဝန်ပေးအပ်ခြင်းခံရရင် ရည်မှန်းထားတဲ့ ပန်းတိုင်ဟာ သူမရဲ့ အကျိုးစီးပွား ပါဝင်နေတယ်လို့ ယုံကြည်လာရင် မိန်းမဟာလည်း ယောကျ်ားလိုပဲ ရဲရဲရင့်ရင့်၊ သတ္တိရှိရှိနဲ့ လုပ်ဆောင်လေ့ရှိပါတယ်။

မိန်းမတွေဟာ မတော်ဘူး၊ ပျင်းရိတယ်၊ ဦးနှောက်မရှိဘူး၊ ပေါ့ပေါ့လွှင်လွှင်နေတတ်တယ်လို့ ပြောလေ့ရှိကြတယ်။ ဒီလို အပြောခံရတာဟာတခြားကြောင့် မဟုတ်ပါဘူး။ သူတို့ရဲ့ မိုးကုပ်စက်ဝိုင်းဟာ လှောင်ပိတ်နေလို့ ဖြစ်ပါတယ်။ မိန်းမဟာ အလိုကြီးတယ်၊ အတ္တကြီးတယ်လို့လည်း ပြောကြပါ တယ်။ မကြီးဘဲ နေနိုင်ရိုးလား။ သူတို့ကို အဲဒီ အတ္တဥစ္စာထဲမှာ လှောင်ပိတ်ထား ခဲ့တာကိုး။ အနောက်ဆောင်မှာနေရတဲ့ ငွေပယ်ကျွန်မောင်းမ ကိုယ်လုပ်ဟာ နှင်းဆီပန်းခြောက်နဲ့ နံ့သာထုံတဲ့ ရေချိုးကန်ကို မတောင့်တပါဘူး။ သူ့မှာ အချိန်ကုန်ဖို့ပဲ အရေးကြီးတာပါ။ မိန်းမတစ်ယောက်ဟာ ပျင်းရိပြီး ငြီးငွေ့စရာကောင်းတဲ့ အမျိုးသမီးဂေဟာ (ပြည့်တန်ဆာအိမ်တစ်ခု ဖြစ်ချင်ဖြစ်မယ်၊ ကယ်ဆယ်ရေး စခန်းတစ်ခု ဖြစ်ချင်ဖြစ်မယ်ပေါ့။) တစ်ခုမှာ ကြာရှည်ကြာမြောနေလာရရင် သက်သက်သာသာ၊ စည်းစိမ်ရှိရှိ နေရာတစ်ခုမှာ ပြေးဝင်ခိုလှုံမှာအမှန်ပဲ။ တကယ်လို့ သူမဟာ ဖိုမဆက်ဆံရေး ကိစ္စကို လိုက်စားတယ်လို့ဆိုရင်တောင် ဒီလိုဖြစ်ရတာဟာ သူ့ကို ချုပ်ချယ်ထားလို့ ဒီလို ဖြစ်ရတာပါ။ သူဟာ ဖိုမဆက်ဆံရေး ကိစ္စမှာလည်း အလိုမပြည့်၊ ယောကျ်ားကလည်း အနိုင်ကျင့်၊ မျက်နှာသာလည်း မရတော့ဘူးဆိုရင် မူးယစ်စေတဲ့ ဝိုင်၊ အရသာရှိတဲ့ အစာကတ္တီပါ၊ ရေရဲ့အချော့အမြှူ၊ နေရောင်ခြည်ရဲ့ အယုအယ၊ မိတ်ဆွေသူငယ်ချင်းမ ရဲ့ အထွေးအပိုက်၊ အငယ်အနှောင်းရဲ့ အပွတ်အသပ်တို့မှာသာ သာယာသွားတတ်ပါတယ်။ တကယ်လို့ မိန်းမဟာ လော်လီဖောက်ပြား တယ်လို့ ဆိုရင်တောင် ဒီဖြစ်ရတာဟာ အဟိတ်တိရစ္ဆာန်သဘာဝ ပေါ်လာအောင် အခြေအနေ





တွေက ဖန်တီးပေးလိုက်လို့ ဖြစ်ပါတယ်။ တကယ်ကတော့ အသွေးအသားတောင့်တမှုဟာ ယောကျ်ားထက် မိန်းမက ဘာမှပိုတာမဟုတ်ပါဘူး။

မိန်းမဟာ ပေါ့ပေါ့လွှင်လွှင် နေတတ်တယ်ဆိုတာမှာလည်း ဓာဓာက ပြောခဲ့သလို သူ့ကို ပိတ်လှောင်ထားလို့သာ ဖြစ်ပါတယ်။ ကြီးကျယ်တဲ့ အကြောင်းအရာတွေကို စဉ်းစားခွင့်မရတဲ့ အခါမှာ သေးငယ်တဲ့ ကိစ္စကလေးတွေကို အရေးတကြီးထားနေပါတယ်။ ပြီးတော့ သူ့မှာ နေကုန် နေခမ်း အချိန်အချိန်ကုန်ရတဲ့အခါမှာ သူငြီးငွေ့ပါတယ်။ ဒီမှာတင် သူမဟာ သူမရဲ့ အလှ သူမရဲ့ အဝတ်အစားတွေကြောင့် စွဲမက်စရာကောင်းနေခြင်း ဖြစ်တယ်။အခွင့်အလမ်း တွေ ရနေခြင်းဖြစ်တယ်လို့ ထင်လာပါတယ်။ သူမဟာ မကြာခဏ ဆိုသလိုပျင်းရိနေတဲ့ အလုပ်အားနေတဲ့ပုံ ပေါ်နေပါတယ်။ သူလုပ်ရတဲ့ အလုပ်ဟာလည်း အချိန်ဖြုန်းရတဲ့ အလုပ်မျိုးတွေ ဖြစ်နေပါတယ်။ ဒါပေမယ့် မိန်းမတစ်ယောက်ကို စီးပွားရေးလုပ်ငန်းတစ်ခုကို အလုပ်နိုင်းကြည့်စမ်းပါ။ သူမဟာ ယောကျ်ားတစ်ယောက်ကို ဖျတ်လတ်သွက်လက်ပြီး စေ့စပ်သေချာတာကို တွေ့ရ ပါလိမ့်မယ်။ ယောကျ်ားတစ်ယောက်လိုပဲ အဆင်းရဲခံ၊ ခြိုးခြံနိုင်တာကိုတွေ့ရပါလိမ့်မယ်။ ပြောကြသေးတယ်။ မိန်းမဟာ ကျိုးနွံလွန်းတယ်။ အောက်ကျနောက်ကျနိုင်လွန်းတယ်တဲ့။ မိန်းမဟာ သခင်ရဲ့ခြေရင်းမှာ ဝပ်စင်းဖို့ အဆင်သင့်တဲ့။ သူ့ကို ရိုက်တဲ့လက်ကို နမ်းတတ်တယ်တဲ့။ ဟုတ်ပါတယ်။မိန်းမဟာ တကယ့် မာန်မာနရယ်လို့ မရှိပါဘူး။ 'အချစ်နာကျသူများလို့' ဆိုတဲ့ မဂ္ဂဇင်းစာမျက်နှာတွေမှာ အညာခံရတဲ့ ဇနီးတွေ၊ အစွန့်ခံရတဲ့ ချစ်သူတွေကို ပေးထားတဲ့ အကြံဉာဏ်တွေကို မကြာခဏ ဖတ်ရတယ်။ အဲဒီ အကြံပေးချက်တွေမှာ သိပ်အောက်ကျတဲ့ တောင်းပန်တိုးလျှိုးမှုကိုလုပ်ဖို့ တိုက်တွန်းတာတွေကို တွေ့ရတတ်ပါတယ်။ မိန်းမဟာ ဘယ်လောက်ပဲ မာနကြီးသည်ဆိုစေ နောက်ဆုံးမှာတော့ ယောကျ်ားကပစ်ပေးတဲ့ အစအန၊ အပိုင်းအစိတ်ကလေးတွေကို ကောက်ပါတယ်။ မကောက်လို့ကောဘာတတ်နိုင်မှာလဲ။ သူ့အဖို့ယောကျ်ားဟာ သူ့ဘဝအသက်ရှင်ရေး၊ တည်မြဲရေး၊ သူ့ရှင်သန်ရေးအတွက် တစ်ခုတည်းသောအထောက်အကူ ဖြစ်နေချိန်မှာ ဒီအတိုင်းပဲ လုပ်ရတော့မှာပေါ့။ ကျေးကျွန်တစ်ယောက်မှာ ဘယ့်နှယ်လုပ်ပြီး လူ့ဂုဏ်သိက္ခာ ရှိနိုင်ပါတော့မလဲ။ နှိမ့်ချသမှု၊ နှိပ်ကွပ်သမှုကို ခံရမှာပေါ့။ ကျေးကျွန်မ တစ်ယောက်အဖို့ အဲဒီဘဝကလွတ်ရင်ကို တော်လှပြီ။

ပြောကြပြန်သေးတယ်။ မိန်းမဟာ အညတာရတဲ့။ ဘာမှ နားမလည်ဘူးတဲ့။ အောက်တန်းကျကျပဲ နားလည်တယ်တဲ့။ အရာရာကို အသုံးကျမှ



www.burmeseclassic.com

www.burmeseclassic.com



မကျမှုနဲ့ပဲ တိုင်းထွာတတ်တယ်တဲ့။ ဘြော်ဘယ့်နှယ့်လုပ် အထက်တန်းကျနိုင်ပါမလဲ။ ဘယ့်နှယ်လုပ် ခမ်းနားနိုင်ပါ့မလဲ။ သူ့ဘဝက အချက်အပြုတ်နဲ့ အလျှော်အဖွပ်မှာပဲ တစ်လျှောက်လုံး အချိန်ကုန်ခဲ့ရတယ် မဟုတ်လား။ ဘယ်မှာ ကြီးကျယ်ခမ်းနားအောင် လုပ်ချိန်ရှိလို့လဲ။ ဘယ်မှ ထက်မြက်တောက်ပအောင် လုပ်ချိန်ရှိလို့လဲ။ သူ့အဖို့ လူ့ဘဝကြီးမှာ ထပ်ပြန်တလဲလဲ ဖြစ်ဖို့သာ အဓိက လုပ်နေရတယ် မဟုတ်လား။ ချက်ပြုတ်၊ လျှော်ဖွပ်၊ ကိုယ်ဝန်ဆောင်၊ သားဖွား၊ ကလေးထိန်း။ ကဲ ဘယ်မှာများ ဒီတစ်ရစ်ပတ်ပတ် သံသရာထဲက ထွက်အောင် လုပ်ချိန်ရှိလို့လဲ။

သူ့အဖို့ နောက်ထပ်ဘာမှ တီထွင်စရာမရှိ။ တစ်နေ့ပြီးတစ်နေ့ ဒါနဲ့ချည်း သံသရာလည်နေတာ မဟုတ်လား။ သူ့မှာ ထွက်ပေါက်မရှိ။ ပန်းတိုင်မရှိ။ ဘာမှမလုပ်ဘဲ ဒီလိုနဲ့ပဲ နေသွားကျလာတဲ့အခါမှာ သူဟာလည်း ရှိတာနဲ့ပဲ ရောင့်ရဲနေ ရတော့တာပေါ့။ ဒီလိုနဲ့ မိန်းမဟာ အရာဝတ္ထုတွေအပေါ်မှာ မှီခိုနေရတယ်။ ယောကျ်ားကလည်း သူ့အပေါ်မှာ မှီခိုနေရအောင် လုပ်ထားတယ်။ ဒီနည်းအားဖြင့် မိန်းမဟာ မှီခိုရတဲ့ ဘဝကိုလိုက်ပြီး စေ့စေ့ကုတ်ကုတ် နေရတာ မှီခိုရတဲ့ဘဝကို လိုက်ပြီးကော လောဘကြီးတာတွေ ဖြစ်လာတယ်။ သူ့မရဲ့ ဘဝဟာ ပန်းတိုင်ကို မရောက်တော့ဘဲနဲ့ နည်းလမ်းတွေနဲ့သာ အချိန်ကုန်နေ တယ်။ အစားအသောက်၊ အဝတ်အထည်၊ အိုးအိမ်စတဲ့ ကိစ္စတွေနဲ့ပဲ အချိန်ကုန် နေတော့တယ်။

မိန်းမဟာ ဒီလိုနဲ့ သူ့အတ္တရဲ့ဥဩ့ထဲမှာ၊ အိမ်ခေါင်းထဲမှာ၊ မိသားစု အသိုက်အဝန်းထဲမှာ ပိတ်လှောင်ခံထားရတော့ သူမှာ နာစစ်ဆပ်ဝါဒ၊ အတ္တစိတ်၊ မာန၊ ဇိဇာကြောင်မှု၊ အူတိုမှု စတာတွေ နောက်ဆက်တွဲ ပေါ်လာတတ်တယ်။ ဒီအခါမှာ သူ့ပိတ်လှောင်ခံထားရတာကိုတော့ ထည့်မတွက်ကြဘဲ ပိတ်လှောင်ခံရလို့ ပေါ်လာတဲ့ ရလဒ်တွေ (စောစောကပြောခဲ့တဲ့အမြင် ကျဉ်းမှု၊ အတ္တစိတ်၊ နာစစ်ဆပ်ဝါဒ၊ မာန၊ အူတိုမှု) ရှိရမလားလို့ အပြစ်တင်ကြတယ်။ သူမဟာ အခြားသူများနဲ့ ဆက်သွယ်ဖို့ အခွင့်အရေးတွေအားလုံး အရုပ်သိမ်းခံ ထားရတယ်။ သူ့ မိသားစု အသိုက်အဝန်းထဲမှာတင် နေရတော့ အပြင်လောကရဲ့ အဆက်အသွယ်တွေနဲ့ ကင်းဝေးပြီး ပေါင်းသင်းဆက်ဆံမှု သွေးစည်းမှု တို့ကို နားမလည်ဘဲ ဖြစ်နေတယ်။ သူမဟာ သူတွေနေကျဖြစ်တဲ့ နယ်ပယ်မှာပဲ ကုတ်ကပ်နေပြီး အဲဒီနယ်ပယ်မှာပဲ အုပ်စိုးလွှမ်းမိုးတော့တယ်။ အဲဒီနယ်ပယ်က အန္တရာယ်များတဲ့ အချုပ်အချာ အာဏာကိုပဲ သူကျင့်သုံးတော့တယ်။

## မိန်းမနဲ့ ဗိသုကာမှု

တံခါးတွေကို ဘယ်လောက်ပဲ သော့ခတ်သော့ခတ်။ ပြတင်းပေါက်တွေကို ဘယ်လောက်ပဲ လုံအောင်ပိတ်ပိတ်၊ မိန်းမဟာ သူ့အိုးအိမ်မှာ လုံခြုံမှု အပြည့်အဝရတယ်လို့ မထင်ဘူး။ သူ့ ဘေးပတ်ပတ်လည်မှာ သူအဝေးကနေ လေးစားရတဲ့ ဖိုစကြဝဠာကြီး ဝိုင်းရံနေတယ်။ အဲဒီ ဖိုစကြဝဠာကြီးထဲကို စွန့်စားပြီးလည်း မသွားရဲဘူး။ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု၊ ခိုင်မာတဲ့ ယုတ္တိဗေဒ၊ ရေရာတဲ့ပညာဗဟုသုတ တို့ကလည်း မရှိလေတော့ သူမဟာ ကလေးငယ်လို၊ အရိုင်းအစိုင်းလို အန္တရာယ်များတဲ့ လျှို့ဝှက်နက်နဲမှုတွေနဲ့ ပတ်လည်ဝိုင်းနေတယ်။ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာရယ်လို့ မခွဲကတတ်တော့ဘူး။ဘာကိုပဲ ဖြစ်ဖြစ် သုံးဖို့ အဆင်သင့် ဖြစ်နေတယ်။ သူများပြောသမျှကို နားထောင်တယ်။ သူကလည်း ကောလာဟလတွေကို ပြောတယ်။ အထိတ်တလန့် ဖြစ်တယ်။ အားလုံးအေးဆေး ငြိမ်သက်နေချိန်မှာတောင် သူ့မှာ သောကဖြစ်နေတယ်။ ညမှာ နိုးတစ်ဝက် ပျော်တစ်ဝက်နဲ့ အိပ်ရာထဲမှာ လဲလျောင်းနေရန်မှာ သူ့ရဲ့နားနေမှုကို ခြောက်အိပ်မက်တွေက ဝင်ရောက် နှောင့်ယှက်ကြတယ်။ ဒီနည်းအားဖြင့် မိန်းမဟာ စိတ်ထားပျော့ညံ့လာခဲ့တယ်။ ဘာမှ မလုပ်နိုင်တော့ သောကရောက်လာတယ်။ စိတ်ညစ်လာတယ်။ သူ့ယောကျ်ားနဲ့ သားကတော့ ကိစ္စတစ်ခုကို ရင်ဆိုင်ရမှာ။ လုပ်ငန်းတစ်ခုကို လုပ်ရာမှာ စွန့်ပြီးလုပ်တယ်။ သူတို့ စိမ်ကိန်း၊ သူတို့ စည်းကမ်းတွေအတိုင်း လိုက်နာတယ်။ မထင်မရှား မှုန်ဝါးဝါးဖြစ်တဲ့ အထဲကပဲ သေချာတဲ့လမ်းကို ရှာတယ်။

ဒါပေမယ့် မိန်းမကတော့ ရှုပ်ထွေးဝေဝါးမှုနဲ့ အမှောင်ထဲမှာ စမ်းတ



www.burmeseclassic.com

www.burmeseclassic.com



ဝါးဝါး ဖြစ်နေတယ်။ ဘာမှ မလုပ်တော့ ဒီလို နေနေကျ ဖြစ်နေပြီ။ သူ့စိတ်ကူးထဲမှာတော့ ဖြစ်နိုင်တဲ့ အရာမှန်သမျှဟာ အတူတူ အရေးကြီးတဲ့ အစစ်အမှန်တွေလို့ ထင်နေတယ်။ ရထားဟာလည်း လမ်းချော်နိုင်တာပဲ။ စစ်ဆင်ရေးဟာလည်း တစ်ခုခုမှားနိုင်တာပဲ။ စီးပွားရေးလုပ်ငန်းဟာလည်း အရှုံးပေါ်နိုင်တာပဲ။ သူမရဲ့ မည်းမှောင်တဲ့ စားမြုံ့ပြန်မှုထဲမှာ (ပြန်လည်တွေးခေါ်မှုထဲမှာ) သူမကြိုးစားလေ့ကျင့်နေတဲ့ အရာကတော့ သူမရဲ့ အစွမ်းအားမဲ့မှု တစ္ဆေကြီးပါပဲ။

သူမရဲ့ စိုးရိမ်သောကဟာ အရှိအရှိအတိုင်း ဖြစ်နေတဲ့ ကမ္ဘာလောကကြီးအပေါ်မှာရှိတဲ့ သူမရဲ့ မယုံသင်္ကာမှုကို ဖော်ပြတာ ဖြစ်တယ်။ ကမ္ဘာလောကကြီးဟာ ကြောက်စရာကောင်းတယ်လို့ ထင်ရင်၊ ပြိုလဲတော့မယ်လို့ထင်ရင် ဒါဟာ တခြားကြောင့် မဟုတ်ပါဘူး။ သူမကိုယ်တိုင် ကမ္ဘာကြီးထဲမှာ ပျော်ရွှင်မှုမရလို့သာ ဖြစ်ပါတယ်။ တစ်ချိန်လုံးလိုလိုပဲ သူမဟာ ဣန္ဒြေသိက္ခာ မရှိနိုင်ဘဲ ဖြစ်နေတယ်။ သူမဟာ သူမရဲ့အလိုနဲ့ ဆန့်ကျင်ပြီး လုပ်ရတဲ့အခါတိုင်း စိတ်ဆင်းရဲရတယ်ဆိုတာ သူကောင်းကောင်းသိတယ်။ သူမဟာ အရာကိစ္စပေါ်လာရင် လူရာသွင်း တိုင်ပင်ခြင်းခံရသူ မဟုတ်မှန်း သိတယ်။ သူမဟာ ပုန်ကန်ဗီဆန်ခြင်း မပြုရဲဘူး။ သူမဟာ စိတ်မပါဘဲ အလျှော့ပေးရတယ်။ သူမရဲ့ သဘောထားဟာ အမြဲလိုလို တစ်ဖက်သားကို အပြစ်မြင်နေတယ်။ မိန်းမတွေ စိတ်ချယုံကြည်စွာ ဖွင့်ဟပြောဆိုတာကို ကြားရသူများ (ဆရာဝန်များ၊ ဗရင်ဂျီဘုန်းတော်ကြီးများ၊ လူမှုရေး၊ အလုပ်သမားများ) ဟာ မိန်းမတွေပြောတဲ့ စကားသံဟာ ညည်းညူတိုင်တန်းသံ ဖြစ်တယ်ဆိုတာ သတိထားမိကြတယ်။ သူငယ်ချင်း မိတ်ဆွေကြားမှာဆိုရင်လည်း မိန်းမဟာ သူ့ရဲ့ ဒုက္ခတွေကို ဖွင့်အန်တော့တာပဲ။ မိန်းမအားလုံးဟာ သူ့တို့ ကံကြမ္မာ၊ သူတို့ လောကနဲ့ ယေဘုယျအားဖြင့် ယောကျ်ားတွေအကြောင်းကို ပြိုင်တူ ရင်ဖွင့်ကြပါတယ်။

လွတ်လပ်တဲ့ လူတစ်ယောက်ဟာ ကိုယ့်မအောင်မြင်မှုအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တယ်။ သူ့ဘာသာသူ တာဝန်ယူတယ်။ ဒါပေမယ့် မိန်းမမှာတော့ ဖြစ်သမျှဟာ သူ့ကြောင့် မဟုတ်ဘဲ အခြားလူများကြောင့် ဖြစ်ရတဲ့အတွက် မိန်းမသောကရောက်သမျှဟာ အခြားသူများရဲ့တာဝန်ဖြစ်ပါတယ်။ သူမရဲ့ ရှုံးသွပ်တဲ့ စိတ်ပျက်အားငယ်မှုဟာ ကုရာနတ္ထိပါ။ ညည်းတွားနေတဲ့ မိန်းမတစ်ယောက်အတွက် အဖြေရှာပေးလို့လည်း အချိအနီး ပါပဲ။ သူမဟာ စွမ်းအားမဲ့ ဒေါသအမျက်နဲ့ပဲ နေသွားပါတယ်။ တကယ်လို့ အပြောင်းအလဲလုပ်ဖို့ပြောရင် သူမဟာ လက်နှစ်ဖက်ကိုမြှောက်ပြီး ဒါကတော့ နောက်ဆုံး ကောက်ရိုးတစ်မျှင်ပဲလို့ ပြောတတ်ပါတယ်။ သူ့ဒုက္ခတွေဟာ သူပြတဲ့ အကြောင်းပြ





ချက်တွေထက် လေးနက်ကြီးကျယ်ပါတယ်။ သူ့ဒုက္ခတွေဟာ လောကကြီးကြောင့်၊ ပတ်ဝန်းကျင်ကြောင့်လို့ သူယူဆတယ်။ လောကကြီးဟာ သူမရှိဘဲ၊ သူမပါပဲ ဖြစ်နေပြီး သူ့ကို ဆန့်ကျင် ဝိုင်းပယ်နေတယ်လို့ သူ ထင်တယ်။ သူမဟာ ကလေးဘဝနဲ့ အပျိုဘော်ဝင်စကတည်းက လောကကြီးကို ဆန့်ကျင်ကန့်ကွက်ခဲ့တာ မဟုတ်လား။ သူမဟာ ကတိတွေရခဲ့တယ်။ သူ့ ကံကြမ္မာကို ယောကျ်ားရဲ့ လက်ထဲမှာ ဝကွက်အပ်ခဲ့ရင် အဆတစ်ရာပြန်ပြီး အကျိုးခံစားရတယ်လို့ ကတိစကားရှိခဲ့တယ်။ ခုတော့ သူမ အလိမ်ခံလိုက်ရပြီဆိုတာ သိလိုက်ပြီ။ သူမဟာ ဗိုစကြဝဠာကြီး တစ်ခုလုံးကို စွဲချက်တင်လိုက်ပြီ။ အမျက်ဒေါသဟာ မှီခိုအားထားမှုရဲ့ ပြောင်းပြန်တစ်ဖက် ဖြစ်ပါတယ်။ လူတစ်ယောက်ဟာ အစစအရာရာကို ပေးလိုက်ရင် ဘယ်တော့မှ အကုန်အစင် ပြန်ရရိုး ထုံးစံမရှိပါဘူး။

ဒါပေမယ့် မိန်းမဟာ ဗိုစကြဝဠာကြီးကို လေးစားသမှုရှိဖို့လည်း ဝတ္တရားရှိပါတယ်။ သူမဟာ ခေါင်းပေါ်မှာ အမိုးတစ်ခုမရှိရင် လုံခြုံတယ်လို့ မထင်ပါဘူး။ ဒါ့ကြောင့်မို့ သူမဟာ မင်နီမီယန်သဘောထားကို ထားလာပါတယ်။ (မင်နီမီယန်ဆိုတာ ခရစ် ၂၀၀ ကျော်လောက်က ပါသျှားပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ ဒဿနဆရာကြီးတစ်ဦးပါ။ အဆိုးနဲ့အကောင်းဟာ တစ်သီးတခြားစီရှိတဲ့ အရာတွေဖြစ်တယ်။ အဆိုးထဲက အကောင်းမပေါ်နိုင်ဘူး။ အကောင်းထဲက အဆိုးမထွက်နိုင်ဘူးလို့ ယူဆတဲ့ အယူဖြစ်ပါတယ်။)

မိန်းမဟာ မျက်ရည်လွယ်တတ်ပါတယ်။ ဒီလိုမျက်ရည်လွယ်ရတဲ့ အကြောင်းကတော့ သူမရဲ့ဘဝဟာ မျိုသိပ်ထားရတဲ့၊ အကောင်အထည်မပေါ်တဲ့ စွမ်းအားမဲ့တဲ့ ဗီဆန်မှုအပေါ်မှာ အခြေခံတည်ဆောက်ထားလို့ ဖြစ်ပါတယ်။ မှန်ပါတယ်။ ဇီဝကမ္မဗေဒသဘောနဲ့ ပြောရင် မိန်းမဟာ ယောကျ်ားလောက် အာရုံကြော ထိန်းချုပ်မှုမကောင်းဘူး။ ပြီးတော့ သူ သင်ကြားခဲ့ရတာကလည်း ငိုစရာရှိရင် ငိုပစ်လိုက်ဖို့ သင်ကြားလာခဲ့ရတာလို့ ပြောနိုင်ပါတယ်။ မိန်းမငိုတာဟာ အစဉ်အလာ သင်ကြားခဲ့ရတာကြောင့်လည်း ဖြစ်တယ်။ ထုံးစံဓလေ့ကြောင့်လည်း ဖြစ်ပါတယ်။ ဒါကို သက်သေပြရရင် ရှေးတုန်းက လူကြီးတွေဖြစ်ကြတဲ့ ဘင်ဂျာမင် ကွန်းစတင့်တို့၊ ဒေဒီးရော့ဆိုတဲ့ လူကြီးတွေဟာ စိတ်ထိခိုက်ရင် မျက်ရည်ပေါက်ကြီးငယ် ကျအောင်ရှိုက်ကြီးတငင် ငိုကြတယ်ဆိုလို့ အဆိုရှိပါတယ်။ နောက်ကျတော့မှ ယောကျ်ားဆိုတာ မျက်ရည်မကျ ရဘူးဆိုတဲ့ ဖက်ရှင်ပေါ်လာပြီး မငိုကြတော့တာတဲ့။ ဒါပေမယ့် ဒါတွေကို အသာထား တကယ့်အဖြစ်ကတော့ မိန်းမဟာ လောကကြီးနဲ့ ပတ်သက်လာရင် စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ခန်းတဲ့သဘောကို ထားဖို့အမြဲ အဆင်သင့် ဖြစ်နေတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမဟာ လောကကြီးကို ဘယ်တော့မှ ပွင့်ပွင့်လင်းလင်း လက်မခံခဲ့လို့ပါ။ ယောကျ်ားကတော့ လောကကြီးကို လက်ခံတယ် သူ့မှာ ဘယ်လိုပဲ ကြမ္မာဆိုးတွေတွေ့သည့်တိုင် သူ့ သဘောထားကို ပြောင်းမှာ မဟုတ်ဘူး။ ရင်ဆိုင်မှာပါ။ အရှုံးပေးမှာ မဟုတ်ပါဘူး။ မိန်းမတစ်ယောက်ကို စကြဝဠာကြီးဟာ ရန်လိုတတ်တဲ့အကြောင်း၊ သူ့ ကံကြမ္မာဟာ တရားမျှတခြင်း မရှိတဲ့အကြောင်းကို သွားပြောရင် အလွယ်တကူ လက်ခံလိုက်မှာပဲ ဒီလို လက်ခံပြီးရင် သူမဟာ သူမရဲ့ အသေချာဆုံးသော ရိပ်မြုံကို ပြေးဝင်ခိုလှုံမှာပါပဲ။ အဲဒီ ရိပ်မြုံကတော့ သူမ ကိုယ်တိုင်ပေါ့။ သူ့ မျက်နှာပေါ်က ပူဆွေးတဲ့ မျက်ရည်စီးကြောင်းရာတွေ၊ နီရဲနေတဲ့ မျက်လုံးတွေဟာ ပူဆွေးသောကရောက်ရတဲ့ သူမ ဝိညာဉ်ကို သက်သေထူနေတဲ့ အရာတွေ ဖြစ်ပါတယ်။ မျက်ရည်တွေဟာ သူ့ ပါးပြင်ပေါ်မှာတော့ အေးမြနေပါတယ်။ သူ့လျှာပေါ်မှာ အငန်ဓာတ် ပျောက်နေပါတယ်။ သူမအဖို့ ခါးသီးသော်လည်း နူးညံ့တဲ့ ယုယနှစ်သိမ့်မှု ဖြစ်နေပါတယ်။ သူမရဲ့ မျက်နှာဟာ ကြင်နာသနားတတ်တဲ့ မျက်ရည်စီးဆင်းမှုအောက်မှာ လောင်ကျွမ်းနေပါတယ်။ မျက်ရည်တွေဟာ တစ်ချိန်တည်းမှာ မကျေနပ်ချက်ဖြစ်ပြီး တစ်ချိန်တည်းမှာ အေးမြတဲ့ ချော့မြှူယုယမှုလည်း ဖြစ်နေပါတယ်။ မျက်ရည်တွေဟာ မိန်းမရဲ့ အဆုံးစွန်သော ဆင်ခြေဖြစ်ပါတယ်။ မိန်းမရဲ့ မျက်ရည်တွေဟာ လေပြင်းလို ရုတ်ခြည်းပေါ်လာတတ်ပြီး အထိတ်တလန့်တွေနဲ့ ဖြေညှတ်လိုက်တဲ့အခါမှာ တိုင်ဖွန်းမုန်းတိုင်တွေ ဖြစ်လာပါတယ်။ မျက်ရည်တွေဟာ ဧပြီမိုးဖွဲ့ ကလေးတွေဖြစ်ပြီး မိန်းမတစ်ယောက်ကို အေးမြတဲ့ ရေပန်းရေမွှားတစ်ခုဖြစ်အောင်လည်း လုပ်ပေးပါတယ်။ မုန်တိုင်းထန်တဲ့ ကောင်းကင် ဖြစ်အောင်လည်း လုပ်ပေးပါတယ်။ မျက်ရည်တွေကြောင့် သူမရဲ့ မျက်လုံးတွေဟာ ပိတ်ဖုံးသွားပြီး မြူတွေဆိုင်းသွားပါတယ်။ နောက်တော့ မမြင်ရတော့ဘဲ မိုးသီးမိုးပေါက်တွေ ဖြစ်လာပါတယ်။ အမြင်ကွယ်ပျောက်သွားပြီး သဘာဝ အရာဝတ္ထုတွေရဲ့ ငြိမ်သက်မှုကို ပြန်ရောက်သွားပါတယ်။ ယောကျ်ားက သူမကတော့ ရုတ်တရက် အရှုံးမပေးသေးဘဲ တစ်ဝဲလည်လည်ဖြစ်။ နောက်တော့ သူမဟာ ကျောက်တုံးတစ်တုံးလို နစ်သွားတယ်။ နစ်သွားတယ်။ စုန်းစုန်းမြုပ်သွားတယ်။ သူမဟာ သူမကို တွေးတောနေတဲ့ ယောကျ်ားကို ရှောင်ပါတယ်။ ရေတံခွန် တစ်ခုရှေ့မှာ ရောက်သလို စွမ်းအားမဲ့သွားတယ်။ ဒီလို ဖြစ်နေပုံမျိုးဟာ မတရားဘူးလို့ ယောကျ်ားက ထင်တယ်။ ဒါပေမယ့် သူမကတော့ စကတည်းကိုက ဒီတိုက်ပွဲဟာ မတရားဘူးလို့ ထင်ခဲ့တာပါ။





သူ့လက်ထဲမှာ မျက်ရည်မှအပ တခြားထိရောက်တဲ့ လက်နက်ရယ်လို့မှ မရှိခဲ့ပဲကိုး။ ဒီမှာတင် သူမဟာ ပဋ္ဌလက်ကို သုံးရတော့တာပါပဲ။ သူ့ရှိုက်သံကြောင့် ဖိုသတ္တဝါကို စိတ်ထိခိုက်စေတယ်ဆိုရင် ဒီလို စိတ်ထိခိုက်စေတဲ့အတွက်ပဲ ရှိုက်ငိုတဲ့နည်းကို သုံးရတော့တာပါပဲ။

သူမရဲ့ ဖီဆန်မှုကို မျက်ရည်နဲ့ ပြရုံနဲ့ မလုံလောက်တဲ့အခါမှာ သူမဟာ အကြမ်းနည်းကို သုံးလာပါတယ်။ တချို့ အသိုင်းအဝိုင်းမှာ လင်ယောကျ်ားဟာ မိန်းမကို ရိုက်နှက်ပါတယ်။ တချို့ အသိုင်းအဝိုင်းကျတော့ လည်း မိန်းမဟာ အားနည်းသူ၊ ကိုယ်က အားကြီးသူလို့ ယူဆတဲ့အတွက် ယောကျ်ားဟာ အကြမ်းနည်းကို မသုံးပါဘူး။ ဒါပေမယ့် မိန်းမကတော့ ကလေးတစ်ယောက်လိုပဲ သင်္ကေတပြုတဲ့ ပေါက်ကွဲမှုတွေကို လုပ်ပြပါတယ်။ သူမဟာ ယောကျ်ားအပေါ်ကို ခုန်အုပ်ပြီး ထုနိုင်ရိုက်နိုင်ပါတယ်။ ကုတ်နိုင်ခြစ်နိုင်တယ်။ ဒါပေမယ့် ဒါတွေဟာ အပေါ်ယံအပြုအမူတွေသာ ဖြစ်ပါတယ်။ တကယ်ကတော့ သူမဟာ ယောကျ်ားရဲ့ စိုးမိုးခြယ်လှယ်မှုကို မခံနိုင်ကြောင်းကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ဒီလို ကိုယ်ထိလက်ရောက် ပေါက်ကွဲလွယ်တဲ့အကြောင်းရင်းတွေထဲမှာ စိတ္တဗေဒဆိုင်ရာ အကြောင်းအပြင် အခြားအကြောင်းတွေလည်း ရှိပါသေးတယ်။ တွန့်ကန်တုန်ခါမှုဆိုတာ အပြင်ကိုထုတ်လွှတ် လိုက်ရင်သက်ရောက်ရာ ပစ်မှတ်မရှိကဲ့အတွက် အတွင်းဘက်ကို လှည့်လာတဲ့ ခွန်အားအတွင်းဝင်ခြင်းတစ်မျိုး ဖြစ်ပါတယ်။ တွန့်ကန်တုန်ခါမှုဆိုတာ အခြေအနေက စုစည်းပေးလိုက်တဲ့ အပျက်အင်အားစုတွေကို ရည်ရွယ်ချက်မဲ့စွာ တွန်းထုတ်ဖြေလွှတ်လိုက်တာပါ။ အမေဟာ ကလေးငယ်ငယ်ကလေးတွေနဲ့ ပတ်သက်လို့ အာရုံကြောဆိုင်ရာ အကြပ်အတည်း ပြဿနာမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကလေးငယ်တွေကို သူ့အပြစ်ပေးနိုင်တယ်။ ရိုက်နိုင်တယ်။ ဆုပုနိုင်တယ်။ အဲ သူ့သားကြီးတွေနဲ့ ပတ်သက်လာရင် ယောကျ်ားနဲ့ ပတ်သက်လာရင်တော့ သူ့အာဏာစက်အောက်မှာ မရှိတော့တဲ့အတွက် မိန်းမဟာ ဒေါသအိုးတွေ ပေါက်ကွဲရတော့တာပါပဲ။ တော်လ်စတွိုင်ဇနီးရဲ့ ငိုလားရယ်လား လုပ်ပုံတွေဟာ ဒီအချက်ကို ထင်ရှားစေပါတယ်။ သူမဟာ ယောကျ်ားကို နားလည်းဖို့ မကြိုးစားတဲ့အတွက် မှားတယ်လို့ ပြောနိုင်သည့်တိုင် သူ့နေ့စဉ်မှတ်တမ်းကို ကြည့်လိုက်တော့လည်း သူမဟာ ရက်ရောသဘောထားကြီးခြင်းမရှိသူ၊ အကင်းမပါးသူ၊ အလိုက်မသိသူ၊ မရိုးသားသူလို ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါပေမယ့် သူမ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သူမဟာ သူမရဲ့အခြေအနေကို ဘယ်လိုနည်းမှ ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။ သူ့မတစ်သက်တာမှာ သူမဟာ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



မွေးမယ်၊ အထီးကျန်နေမယ်၊ ယောကျ်ားထားတဲ့ အတိုင်းပဲ နေမယ်။ ဒါပေမယ့် တော်လ်စတွိုင်းရဲ့ အမိန့်တွေက ပြင်းထန်းလာတဲ့အခါမှာ လင်မယားကြားက ပဋိပက္ခဟာလည်း ပြင်းထန်လာတယ်။ ဒါနဲ့ အတူ သူမကလည်း တတ်နိုင်သမျှ ကဏ္ဍကောစလုပ်တယ်။ ငြင်းဆန်တာကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ပြတယ်။ တစ်ခါတလေမှာ ကိုယ့်ကိုယ်ကို သတ်သေမယ့် ပုံလုပ်ပြတယ်။ တစ်ခါတလေမှာ ထွက်ပြေးမယ့်ပုံမျိုး လုပ်ပြတယ်။ တစ်ခါတလေမှာ နေမကောင်းချင်ယောင် ဆောင်ပြတယ်။ အမျိုးမျိုးပေါ့လေ။ စိတ်ထဲမှာမကျေနပ်တာတွေ၊ ဖီဆန်တာတွေကို ထိထိရောက်ရောက် ဖော်ထုတ်ပြနိုင်တဲ့ တခြားနည်းလမ်းမရှိတော့ ဒီနည်းလမ်းတွေကို သုံးလာခြင်း ဖြစ်ပါတယ်။

ခုခံတွန်းလှန်မှု လုပ်ပြလို့လည်း မအောင်မြင်တဲ့အခါမှာ မိန်းမအဖို့ ထွက်ရပ်လမ်းဟာ တစ်ခုပဲ ကျန်ပါတော့တယ်။ အဲဒါကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းပါပဲ။ ဒါပေမယ့် ဒီနည်းဟာလည်း မိန်းမထက် ယောကျ်ားက ပိုပြီး အသုံးများတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် သတ်သေဖို့ ကြိုးစားတဲ့ အဖြစ်ကတော့ မိန်းမက ပိုများပါတယ်။ အောင်မြင်ခြင်းတော့ မရှိဘူးပေါ့။ ဒါကလည်း မိန်းမဟာ တကယ်မလုပ်ဘဲ ဟန်ဆောင်ပန်ဆောင်ပဲ လုပ်တတ်လို့ များလာတော့ မပြောတတ်ပါဘူး။ မိန်းမဟာ သူ့ကိုယ်သူ ဖျက်ဆီးချေမှုန်း ဟန်ဆောင်လေ့ရှိပါ။ ပြီးတော့ ဒီလို သေကြောင်းကြံရာမှာလည်း မိန်းမဟာ သေနတ်လက်နက်တို့ အေးစက်တဲ့ သံမဏိလက်နက် စသည်တို့ကို မသုံးဘဲ ရှိတ်စပီးယားရဲ့ ပြဇာတ်ထဲက ဩဖီလီယလို့ ရေထဲဆင်းသေတာများပါတယ်။

ဆန့်ကျင်ကန့်ကွက်တဲ့ သဘောလို့ ပြောနိုင်တဲ့ မိန်းမအမှုအရာတွေ အများအပြားရှိပါတယ်။ စေးနဲတဲ့ ယောကျ်ားကို ကန့်ကွက်ဆန့်ကျင်ပြတဲ့အနေနဲ့ သုံးဖြုန်းပြတဲ့ မိန်းမရှိတယ်။ တချို့ မိန်းမတွေ အများကြီးရှိတယ်။ မိန်းမတွေဟာ ကိုယ့်ယောကျ်ားကို လိမ်လည်ပြောတာဟာ ပျော်လို့၊ ကြောက်လို့ လိမ်လည်ပြောတာ မဟုတ်ဘူး။ ဆန့်ကျင်ခုခံတဲ့သဘောနဲ့ ပြောနေတာ။ ယောကျ်ားက သိပ်စစ်စီ၊ သိပ်ချွေတာလွန်းနေတော့ မိန်းမဟာ ဒီလောက်တောင် ဖြစ်ရသလားဆိုပြီး အရွဲ့တိုက် သုံးဖြုန်းပစ်လိုက်တာတွေရှိတယ်။ တချို့ မိန်းမ ဆန့်ကျင်ရေး ဝါဒီတွေက ပြောကြတယ်။ မိန်းမဟာ အချိန်တိကျမှန်ကန်တဲ့ အကျင့်စရိုက်မရှိဘူးတဲ့။ အမြဲလိုလို နောက်ကျတတ်တယ်တဲ့။ အမှန်ကတော့ သူ့မှာ အချိန်နောက်ကျတာဟာ တမင်ကို နောက်ကျအောင်လုပ်တာကို ... သတ္တဝါရဲ့ စိတ်ထဲမှာ မရိုးမရွဖြစ်နေအောင် သူ့ကိုယ်သူ ပိုပြီး တန်ဖိုးရှိအော... လုပ်နေတာပါ။ ဒါပေမယ့် တစ်နည်းပြောရရင် ဖိုသတ္တဝါကို မိနစ်အနည်း...





စောင့်ခိုင်းထားခြင်းဖြင့် မိန်းမဟာ သူမရဲ့ ဘဝတည်းဟူသော ရှည်ကြာတဲ့ စောင့်ဆိုင်းမှုကြီးကို ကန့်ကွက်ဆန့်ကျင်နေခြင်း ဖြစ်ပါတယ်။

ချုပ်ပြောရရင်တော့ မိန်းမရဲ့ ဘဝတစ်ခုလုံးဟာ စောင့်ဆိုင်းရခြင်းပါပဲ။ သူမဟာ အတ္တဥခွံအမှောင်ရိပ်ထဲမှာ ပုန်းအောင်းနေရတယ် မဟုတ်လား။ သူမရဲ့ တည်ရှိမှုဟာ အခြားသူရဲ့ လက်ထဲမှာပဲ ရှိနေရတာ မဟုတ်လား။ သူမဟာ တစ်ဖက်သားရဲ့ စိတ်ဝင်စားမှုကိုရအောင် စောင့်ဆိုင်းနေရမယ်။ ဖိုသတ္တဝါရဲ့ အတည်ပြုမှု၊ သဘောကျမှုကို စောင့်ဆိုင်းရတယ်။ အချစ်ကိုစောင့်ဆိုင်းရတယ်။ ဖိုသတ္တဝါဆီကလာတဲ့ အထောက်အကူကို စောင့်ဆိုင်းရတယ်။ ကျေးဇူးတုံ့ပြန်မှုကို စောင့်ဆိုင်းရတယ်။ ယောကျ်ား၊ ဒါမှမဟုတ် ချစ်သူရဲ့ ချီးမြှောက်ပြောဆိုမှုကို စောင့်ဆိုင်းရတယ်။ သူမလက်ထဲမှာ ချက်လက်မှတ်စာအုပ် ရှိသည်ဖြစ်စေ၊ တစ်ပတ်စာ ဒါမှမဟုတ် တစ်လ အိမ်သုံးစရိတ်ဖြစ်စေ ရှိနေသည့်တိုင် ယောကျ်ားက သူ့တို့ လမ်းထိပ်က ဈေးဆိုင်ကို ကြွေးပေးဖို့၊ ဈေးသုံးဖို့ နောက်ထပ်တိုးပေးလား မပေးဘူးလားဆိုတာကို စောင့်နေရတယ်။ သူမဟာ ယောကျ်ားအပေါ်မှာ စီးပွားရေးအရ မှီခိုနေရတော့ လှလှပပ ပြင်ဆင်ပြီးလိမ်းပြီး ယောကျ်ားကို စောင့်နေရတယ်။ ယောကျ်ားဟာ သူမအဖို့ ဘဝကြီးတစ်ခုလုံး ဖြစ်နေပေမယ့် သူကတော့ ယောကျ်ားရဲ့ဘဝမှာ အစိတ်အပိုင်းကလေး တစ်ခုသာဖြစ်နေရတယ်။ ယောကျ်ားအဖို့ အပြင်မှာ အပေါင်းအဖော်တွေ အများကြီးရှိတယ်။ မိန်းမကတော့ သူ့အိမ်မှာ မရှိတာကို တစ်နေ့လုံးစောင့်ဆိုင်းသည်းခံနေရတယ်။ ချစ်သူရည်းစားဆိုရင်လည်း ဘယ်အချိန်မှာ ... မလဲဆိုတာကို ယောကျ်ားကပဲ ဆုံးဖြတ်သွားတယ်။

သူအများဆုံးလုပ်နိုင်တာက ချစ်သူက ချိန်းထားတဲ့နေရာကို နောက်ချန်ရောက်သွားရုံလောက်ပဲ တတ်နိုင်တယ်။ ကိုယ့်လင်သားဆိုရင်လည်း သူ သတ်မှတ်ပေးထားတဲ့နေရာကို နောက်ကျရောက်သွားရုံလောက်ပဲ တတ်နိုင်တယ်။ ဒီနည်းအားဖြင့် သူမဟာ သူမရဲ့ အရေးပါမှုကို သက်သေထူပြတယ်။ သူမမှာလည်း လွတ်လပ်မှု၊ အမိုခိုကင်းမှု ရှိတယ်ဆိုတာကို မဏ္ဍပ်တိုင် တက်ပြတယ်။ အဲဒီအခါမှာတော့ သူမက အသာစီးရသွားပြီး တစ်ဖက်သားက သူ့ဆီကို လိုက်လျော အရှုံးပေးရတော့တာပါပဲ။ ဒါပေမယ့် ဒီအမှုအရာကလေးဟာ ဖြစ်ပါတယ်။

မိန်းမဟာ ယောကျ်ားရဲ့ ဘက်ပေါင်းစုံ အသာစီးမှုကို အသိအမှတ်ပြု... သူ့ကို ကိုးကွယ်ဆည်းကပ်ပါတယ်။ ဒါပေမယ့် တတ်နိုင်သမျှတော့ ...ယောကျ်ားရဲ့ အုပ်စိုးမှုကို ပြိုင်ဆိုင်တွန်းလှန်တဲ့ မိန်းမချည်းပါပဲ။ ဒါကြောင့်မို့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတာ မာယာများတယ်၊ ကွေ့ကောက်တယ်လို့ အပြစ်တင်ကြတာပါ။ မိန်းမမှာ သူကိုယ်ပိုင် လွတ်လပ်တဲ့ နယ်ပယ်ရယ်လို့ မရှိလေတော့ ဖိုသတ္တဝါ ကိုင်စွဲထားတဲ့ အမှန်တရားတွေ၊ တန်းဖိုးတွေကို ယှဉ်ပြိုင်ချေဖျက်နိုင်တဲ့ စွမ်းအားမရှိပါဘူး။ ငြင်းဆန်ရုံပဲ တတ်နိုင်ပါတယ်။ သူ ဆန့်ကျင်ကန့်ကွက်ပုံကတော့ တစ်ဦးချင်းရဲ့စိတ်နေစိတ်ထား၊ ဖိအားဘယ်လောက်ပြင်း မပြင်းဆိုတဲ့ အပေါ်မှာ တည်ပါတယ်။ တကယ်ကတော့ ယောကျ်ားမှာ ဘယ်ပျော့ကွက်တွေ ရှိသလဲဆိုတာကို သိထားတော့ သူကလည်း အဲဒီချက်ကောင်းကိုပဲ ကောက်ကိုင်တတ်ပါတယ်။

မိန်းမဟာ ယောကျ်ားလောကရဲ့အကြောင်းကို ကောင်းကောင်းတော့ မသိပါဘူး။ သူတို့ အတွေ့အကြုံအရ ယုတ္တိဗေဒတို့၊ နည်းနာတို့ကို နားမှမလည်ဘဲကိုး။ အလားတူပါပဲ။ ဖိုသတ္တဝါရဲ့ လက်နက်ကိရိယာ၊ တန်ဆာပလာတို့ဟာလည်း မိန်းမနယ်ပယ်ရဲ့ နယ်နမိတ်နားရောက်ရင် စွမ်းအားမဲ့သွား တော့တာပါပဲ။ လူ့ဘဝမှာ ယောကျ်ားတွေ လုံးဝ ဥပက္ခာပြုထားတဲ့ လူ့လုပ်ငန်း တစ်ခု ရှိပါတယ်။ ဘာဖြစ်လို့ လျစ်လျူရှုထား လိုက်ရသလဲဆိုတော့ သူတို့ အဲဒီလုပ်ငန်းအကြောင်းကို မစဉ်းစားတတ်လို့ပါ။ မိန်းမကတော့ အဲဒီ လုပ်ငန်းကိုသိရုံ၊ စဉ်းစားတတ်ရုံတင် မကဘူး။ အဲဒီလုပ်ငန်း နယ်ပယ်ထဲမှာပဲ နေနေရသူပါ။ ပုံစံတွေကို ရေးရာမှာ တိကျတဲ့ အင်ဂျင်နီယာဟာ အိမ်မှာဘုရင်ငယ်ကလေး တစ်ပါးလို မင်းမူပါတယ်။ စကားကလေးတစ်ခွန်း ပြောလိုက်တာနဲ့၊ ကြည့်စမ်း၊ ရှေ့မှာထမင်းပွဲ ရောက်လာရတယ်။ အကျီကလည်း မီးပူတိုက်ပြီးသား ဖြစ်နေရတယ်။ ကလေးတွေကလည်း ငြိမ်နေကြရတယ်။ မျိုးဆက်ပြန့်ပွားရေးဟာ မောရှေရဲ့ ကြိမ်စကြာဝေ့လိုက်သလို လျင်မြန်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာရတယ်။ ဒီလို ဆန်းတကြယ်ဖြစ်တဲ့ အကြောင်းကိစ္စတွေနဲ့ ပတ်သက်လို့ သူဘာမှ တအံ့တသြ မဖြစ်ဘူး။ အဆန်းတကျယ်ဖြစ်မှုနဲ့ ပဋ္ဌလက်မျက်လှည့်အတတ်ဆိုတာ တခြားစီပဲ။ လောလောလတ်လတ် မွေးလာတဲ့ ကလေးငယ်ဟာ အဖေဖို့အတွက် အဆန်းတကျယ်တစ်ခုပါပဲ။ ဒါပေမယ့် ဝမ်းဗိုက်ထဲမှာ လွယ်လာရတဲ့ အမေ့အတွက်တော့ ပဋ္ဌလက်တစ်ခုလို ဖြစ်နေတယ်။ ယောကျ်ားရဲ့ အတွေ့အကြုံဟာ နားလည်လို့ရတယ်။ ဒါ့အပြင် သူ့အတွေ့အကြုံတွေထဲမှာ ကွက်လပ်တွေ မရှိဘူး။ ဒီလို ဗိုးတဝါးနိုင်နေတဲ့ အတွက်ကြောင့်ပဲ မိန်းမဟာ အလေးချိန် စီးနေတယ်။ ယောကျ်ားနဲ့ ဆက်ဆံတဲ့အခါ သူ့အမြင်မှာ ယောကျ်ားဟာ ပေါ့နေတယ်လို့ ထင်ရတယ်၊ အလေးချိန် မစီးဘူးလို့ ထင်ရတယ်။ ယောကျ်ားဟာ အာဏာရှင်လို၊ စစ်ဗိုလ်ချုပ်လို၊





ခုံသမာဓိလို၊ ဗျူရိုကရက်လို၊ ကိုကျောင့်ထုံးလို၊ ဒြပ်မဲ့တဲ့ သဘောတရားလို ထင်ရတယ်။ ပေါ့လွန်းနေတယ်။ အိမ်ရှင်မက ပခုံးတွန့်ပြီး 'သူတို့ယောကျ်ားတွေ ဘာမှသိတာ မဟုတ်ပါဘူးရှင်' လို့ ပြောတဲ့အပြောမျိုးဟာ ဒီသဘောနဲ့ ပြောတာမျိုးဖြစ်ပါတယ်။ ရှိခိုးကောင်ရဲ့ ပုံပြင်ထဲကလို မိန်းမဟာ နေရာတကာ စပ်စပ်စပ်စပ်ပါပြီး ပေါ့ပေါ့နေတတ်တဲ့ ပျားထီးနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်။

မိန်းမဟာ ယောကျ်ားရဲ့ ယုတ္တိဗေဒသဘောကို ငြင်းဆန်တာ ခြွင်းချက်ဖြစ်ထားတာကို နားလည်နိုင်ပါတယ်။ ယောကျ်ားရဲ့ ယုတ္တိဗေဒဟာ မိန်းမအဖို့ အသုံးမတည့်ရုံမျှသာမက တွေးခေါ်မြော်မြင်မှုဟာ ယောကျ်ားရဲ့ လက်ထဲကို ရောက်သွားတာနဲ့ အဓမ္မအင်းအားသုံးမှုရဲ့ နည်းလမ်းတစ်ခုရဲ့ ဖြစ်နေတယ်။ ယောကျ်ားတွေရဲ့ ငြင်းဆန်လို့မရတဲ့ စေခိုင်းချက်တွေဟာ မိန်းမကို ဓဝေဓဝါဖြစ်အောင်လုပ်ဖို့ ရည်ရွယ်တာ ဖြစ်တယ်။ သဘောကတော့ မိန်းမကို အကျပ်အတည်း၊ အခြေအနေကိုရောက်အောင် ပို့ဖို့ ဖြစ်တယ်။ သူပြောတာကို သဘောတူသလား၊ မတူဘူးလား၊ လက်ခံမလား၊ မခံဘူးလား။ ဒီလို အခြေအနေကိုရောက်အောင် ချောင်ပိတ်တဲ့အခါကျတော့ မိန်းမဟာ ထုံးတမ်းစဉ်လာအရ သဘောတူရတော့တာပေါ့။ ငြင်းပယ်ရင် ထုံးစံစနစ်ကြီးတစ်ခုလုံးကို ငြင်းဆန်ရာရောက်နေတော့တာပေါ့။ ဒါပေမယ့် အလွယ်တကူလည်း လက်မခံချင်ဘူး။ ဒီတော့ ဘာလုပ်သလဲ။ ပုန်ကန်ဖီဆန်မှုနဲ့ ကျေးကျွန်ဖြစ်မှု ကြားမှာ သူမဟာ ဖိုသတ္တဝါရဲ့ အမိန့်အာဏာကို ဝန်လေးလေးနဲ့ပဲ လက်ခံရတော့တယ်။ အကြိမ်တိုင်းမှာလဲ မိန်းမဟာ သူ့ရဲ့ဝန်လေးတဲ့ လက်ခံမှုကြောင့် ပေါ်ပေါက်လာတဲ့ ရလဒ်တွေကို လက်ခံရတယ်။

ဂရိတွေရဲ့ ပုံပြင်တွေထဲမှာ ခြသေ့်ခေါင်း၊ ဆိတ်ကိုယ်နဲ့ မြွေအမြီးရှိတဲ့ ခီမားရားလို့ခေါ်တဲ့ သတ္တဝါတစ်မျိုး ရှိတယ်။ အမျိုးစုံရောနှောနေတဲ့ အထူးအဆန်း သတ္တဝါပေါ့။ ဒီလိုနဲ့ မိန်းမဟာ ခီးမားရား ဖြစ်လာခဲ့ရတယ်။ ကျေးကျွန်တစ်ပိုင်း လွတ်လပ်သူတစ်ပိုင်း အဖော်ပေါ့။ ယောကျ်ားဟာ မိန်းမကို သူ့အလိုကို လိုက်အောင်လုပ်ရာမှာ သဘောပေါက်လို့ လိုက်နာတဲ့ပုံမျိုးဖြစ်အောင် လုပ်ချင်တယ်။ ဒါပေမယ့် ကိုယ့်ဖဲကို ကိုယ်ချိုးဆိုတဲ့ စကားကို ယောကျ်ားဟာ အစကတည်းက သူ့အဆိုကို သူတင်ပြီး သူ့အဆိုကို သူထောက်ခံ၊ သူ့မေးခွန်းကို သူ့ဘာသာသူ အဖြေထုတ်ပြီး မိန်းမကို လက်မခံနိုင်းတာ ဖြစ်ပါတယ်။ မိန်းမက ပြန်လည် မေးခွန်းမထုတ်တော့ရင် ယောကျ်ားဟာ မိန်းမကို တုံဏှိဘာဝေလုပ်နေအောင် လုပ်လိုက်တော့တယ်။ ဒါပေမယ့် မိန်းမက တကယ် ယုံယုံကြည်ကြည် လက်ခံသဘောပေါက်အောင်တော့ လုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ပါဘူး။ မိန်းမဟာ ယောကျ်ားက တစ်ဖက်သတ် အနိုင်ကျင့်တယ် ဆိုတာ သိပြီးဖြစ်လေတော့ လက်သာခံရတယ်။ ဘယ်မှာတော့ ဘဝင်ကျပါမလဲ။ ဒီမှာတင် ယောကျ်ားဟာ စိတ်တိုပြီး မိန်းမဆိုတာ သိပ်ခေါင်းမာတာပဲ၊ စဥ်စားဉာဏ်နည်းတာပဲ ဆိုတာတွေ ဖြစ်ကုန်ရော။ ဒါပေမယ့် မိန်းမတော့ သူဘယ်လိုပဲ ပြောပြော ကစားပွဲကို ငြင်းဆန်တာပါပဲ။

တစ်ခါတလေမှာတော့ မိန်းမဟာ ယောကျ်ားရဲ့ အပြောနဲ့အလုပ် မညီပုံကို ကြည့်ပြီး အံ့အားသင့်ရတာတွေ ရှိတယ်။ ဇနီးဟာ လင်ယောကျ်ားရဲ့ အလုပ်နဲ့ အပြောတခြားစီ ဖြစ်နေတာကိုကြည့်ပြီး တအံ့တသြ ဖြစ်ရတယ်။ လူပုံလယ်မှာတော့ ယောကျ်ားဟာ ပြောလိုက်တာ အကောင်းချည်းပဲ။ ရွှန်းရွှန်းကို ဝေနေတာပဲ။ ဆိုပါတော့ အပြင်မှာတော့ လူကြားကောင်းအောင် တိုင်းပြည်မှာ မွေးနှုန်းတိုးတက်အောင် လုပ်ရမယ်။ ကလေးသူငယ်တွေ အသေအပျောက်နှုန်းကို နည်းအောင်လုပ်ရမယ် စသဖြင့် ပြောတတ်ကြတယ်။ ဒါပေမယ့် သူ့ရဲ့ ဝင်ငွေနဲ့လိုက်အောင် ကလေးနည်းနည်းမွေးဖို့အတွက် ဘယ်လိုနည်းတွေကို သုံးရတယ်၊ ဘယ်လိုဆေးတွေကို စားရတယ်ဆိုတဲ့ ကိစ္စမျိုးကျတော့ သူက မိန်းမကိုတောင် နည်းပေးလမ်းပြ လုပ်နေလိုက်သေးတယ်။ ဇနီးမယားဆိုတာ သနားရှိရတယ်။ သန့်စင်ရတယ် စသဖြင့် ပြောပေမယ့် သူများမယားကျတော့ သွားပြီး ပြစ်မှားချင် ပြစ်မှားတတ်တယ်။ အပြင်မှာတော့ ကိုယ်ဝန်ဖျက်ချတဲ့ ကိစ္စဟာ ပြစ်မှုမကင်းတဲ့ အလုပ်ဖြစ်တယ်လို့တွင်တွင် တရားဟောမယ့် နှစ်စဥ်လိုလို ပြင်သစ်ပြည်မှာဆိုရင် မိန်းမ တစ်သန်းလောက်ဟာ ယောကျ်ားတွေ တိုက်တွန်းလို့ ကိုယ်ဝန်ဖျက်ခဲ့ရတာတွေ ရှိတယ်။

ယောကျ်ားဟာ ဒီလိုပဲ။ နှစ်ခွ သဘောထားတွေ ဆောင်တတ်တယ်။ တခြားကို မကြည့်နဲ့။ ပြည့်တန်ဆာတွေနဲ့ ဆက်ဆံရာမှာထားတဲ့ သူတို့ သဘောထားကိုပဲ ကြည့်ပါ။ အပြင်မှာကြည့်ရင်တော့ တကယ့် လူကြီးလူကောင်းကြီး၊ ဘုရားဒကာကြီးပါပဲ။ ဒါပေမယ့် လူမသိအောင်တိတ်တိတ်ပုန်းကမြင်းကြတယ်။ ကိုယ့်ကိုယ်ကိုယ် ရောင်းစားရတဲ့ မိန်းမကလေးကို အကျင့်အပျက်သလေး ဘာလေးနဲ့ အပြစ်ဆိုတယ်။ အဲဒီ ခန္ဓာကိုယ်ကို အသုံးပြုတဲ့ ယောကျ်ားတွေကိုတော့ ဘာမှမပြောဘူး။ ယောကျ်ားတွေရဲ့ ကြောင်သူတော်ဆန်ပုံလေးအကြောင်းနဲ့ ပတ်သက်လို့ ကြားဖူးတဲ့ ပုံပြင်လေးတစ်ခုကို ပြောရဦးမယ်။

နှစ်ဆယ်ရာစုနှစ် အစလောက်တုန်းက ပါရီမှာပါ။ ရဲတွေကတော့ ပြည့်တန်ဆာအိမ် တစ်အိမ်ကို တက်ရှာကြတော့ မိန်းကလေးနှစ်ယောက်ကို





တွေ့သတဲ့။ ဒါနဲ့ သူတို့ကို စစ်ဆေးကြည့်တော့ ကလေးမကလေး နှင်ယောက်က သူတို့ဆီကိုလာတတ်တဲ့ လာနေကျ ဖောက်သည်တွေကို ပြောပြတယ်။ သူတို့ဆီကို လာသူတွေဟာ တကယ့်လူကြီးလူကောင်း ပုဂ္ဂိုလ်တွေတဲ့။ မိန်းကလေးတစ်ယောက်က နာမည်ကို ထုတ်ပြောမယ့်လုပ်တော့ တရားသူကြီးက ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ရဲ့ နာမည်ကို မဖျက်ပါနဲ့' လို့ တားတယ်။ နေရာတော်တော်များများမှာ ပြစ်မှုကျူးလွန်တာခြင်း အတူတူမှား တာချင်းအတူတူ ဖြစ်ပေမယ့် ယောကျ်ားကတော့ သူရဲ့ ဂုဏ်သိက္ခာ ထိခိုက်ရတာ၊ နာမည်ပျက်ရတာ။ မိန်းမဟာ အဲဒီလို ရှုပ်ထွေးကွေ့ကောက်တဲ့ သဘောကို နားမလည်းဘူး။ ဒါပေမယ့် ယောကျ်ားဟာ သူပြောသလိုမလုပ်ဘဲ ပြောင်းပြန်လုပ်ပြီး မိန်းမကိုလည်း အဲဒီလိုပဲ လိုက်အကျူး လွန်ခိုင်းတယ်ဆိုတာကိုတော့ သူသိတယ်။

မိန်းမဟာ ဘာနဲ့တူနေသလဲဆိုတော့ ရန်သူနယ်မြေကို သွားပြီး ထောက်လှမ်းရတဲ့ သူလျှိုနဲ့ တူနေတယ်။ ဖမ်းမိရင် အသတ်ခံရတယ်။ ဖမ်းမမိရင်တော့ ဆုလာဘ်တွေရတယ်။ အလားတူပဲ။ ယောကျ်ားနဲ့ အတူလိုက်ပြီး ပြစ်မှုကျူးလွန်ရပြီး ဖမ်းမိရင် ယောကျ်ားရဲ့ အကျင့်ပျက်မှုမှန်သမျှ သူ့အပေါ်ကိုပဲ ပုံချပြီး သူပဲ နာမည်ပျက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမနဲ့ လွတ်မြောက်ရေး

BURMESE CLASSIC .com

သဘာဝကြီးဟာ မိန်းမကို မျက်နှာနှစ်ခုပေးတယ်။ မျက်နှာတစ်ခုက မီးဖိုချောင်ထဲက ဘဝဖြစ်ပြီး နောက်ဘဝစ်ခုကတော့ လျှို့ဝှက်ဆန်းကြယ်တဲ့ ပါးဆင်းမှုဖြစ်ပါတယ်။ အိမ်ရှင်မနဲ့မိခင် ဖြစ်လာတဲ့အခါမှာ မိန်းမဟာ ကွင်း ပြင်တွေ၊ တောအုပ်တွေထဲကို လှည့်ပတ်သွားလာမှုကို စွန့်လွှတ်လိုက်ရပြီး မီးဖို နောက်ဖေးက ခြံကလေးထဲမှာ စိုက်ပျိုးရတာနဲ့ အချိန်ကုန်သွားတယ်။ ပန်းပင် တွေကို ပျိုးထောင်ပြီး ပွင့်လာရင် ပန်းအိုးထဲမှာ အလှစိုက်ရတယ်။ ဒါပေမယ့် လရောင်နဲ့ ဆည်းဆာကိုမြင်ရင်တော့ စိတ်ကူးယဉ်တတ်တုန်းပဲ။ ကောင်းကင် ကပန်းတွေ၊ သစ်ပင်တွေထဲမှာ အစားအစာတွေနဲ့ အဆင်အယင်တွေကိုပဲ အရင် မြင်နေတယ်။ ဒါပေမယ့် အဲဒီ ပစ္စည်းတွေထဲမှာ အစေးရည်ဟာ လှည့်ပတ် သွားလာနေတယ်။ အဲဒီအစေးဟာ မြင့်မြတ်ခြင်းနဲ့ ပဋ္ဌလက်ဆန်ခြင်းပါပဲ။ ဘဝဟာ အတ္တာဥဒ္ဓ မဟုတ်ပါဘူး။ အထပ်ထပ် တစ်ရစ်ပတ်ပတ်ဖြစ်ပျက်နေတာ မဟုတ်ပါဘူး။ ဘဝမှာလည်း တောက်ပ ရူးကျိန်းတဲ့ အလင်းရောင် ရှိပါတယ်။ ပန်းပွင့်တွေဝေနေတဲ့ မြက်တောထဲမှာ အလှတရားကို ရှာလို့ရပါတယ်။ သား အိမ်ရဲ့ မျိုးစေ့ပွားနိုင်မှုကြောင့် မိန်းမဟာ သဘာဝလောကကြီးနဲ့ လိုက်လျော ညီထွေ ဖြစ်သွားတယ်။ သဘာဝရဲ့ လေညင်းနဲ့တူတဲ့ မိန်းမရဲ့စိတ်ဓာတ်ကြောင့် မျိုးစေ့ဟာ လွင့်ပါးသွားရပါတယ်။ သူ့ဘဝကို သူမကျေနပ်တာနဲ့အမျှ သူ့ဆန္ဒ တွေ မပြည့်တာနဲ့အမျှ သူမရဲ့ ဝိညာဉ်ဟာ ပျောက်ဆုံးသွားပြီး သူမရဲ့ စိတ်ဟာ အကန့်အသတ်မရှိတဲ့ မိုးကုတ်စက်ဝိုင်းဆီကို ပျံ့လွင့်နေတတ်ပါတယ်။ သူမ ဟာ ယောကျ်ားရဲ့ ကျေးကျွန်၊ သားသမီးရဲ့ ကျေးကျွန်၊ အိမ်ရဲ့ ကျေးကျွန်





ဖြစ်ခဲ့ရာက တောင်စောင်းပေါ်မှာ တစ်ယောက်တည်း ရောက်နေပြီး ကိုယ့်အရှင် ကိုယ့်သခင် ပြန်ဖြစ်သွားရတော့ သူပိုပြီး ပျော်သွားပါတယ်။ သူမဟာ မိခင် လည်း မဟုတ်တော့ဘူး။ ဇနီးမယားလည်း မဟုတ်တော့ဘူး။ အိမ်ရှင်မလည်း မဟုတ်တော့ဘူး။ လူတစ်ယောက် ဖြစ်သွားပြီ။ သူမဟာ တိတ်ဆိတ်ငြိမ်သက် တဲ့ ကမ္ဘာကြီးကို ငေးကြည့်တယ်။ သူမဟာ သိစိတ်ရှိတဲ့ လူတစ်ယောက် ဖြစ်ပါ ကလား၊ ဘယ်သူမှ ဖျက်လို့မရတဲ့ လွတ်လပ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါကလားဆို တာ သဘောပေါက်သွားတယ်။ ရေနဒီရဲ့ လျှို့ဝှက်ဆန်းကြယ်မှုနဲ့ တောင်ထွတ် တွေရဲ့ လှိုင်းတွေထဲမှာ ဖိုသဘ္ဘာဝါရဲ့ အထွတ်အထိပ်ကြီးစိုးမှု၊ အားသာမှုဟာ လည်း မှေးမှိန်ပျောက်ကွယ်သွားတယ်။ ပန်းရိုင်းတောတွေကြားထဲမှာ လျှောက် သွားရင်း တသွင်သွင် စီးနေတဲ့ စမ်းရေထဲမှာ လက်ကိုနှစ်ထားရင်း သူမဟာ အခြားသူများအတွက် အသက်ရှင်နေရတာ မဟုတ်တော့ဘဲ ကိုယ့်အတွက် အသက်ရှင်နေရတာ ဖြစ်သွားတယ်။ တစ်လျှောက်လုံး လင်ကျွန်၊ သားသမီး ကျွန်ခံခဲ့ရင်းနဲ့ ကိုယ့်လွတ်လပ် အမိုနိုကင်းမှုကို ထိန်းသိမ်းခဲ့တဲ့ မိန်းမတစ် ယောက်ဟာ သဘာဝပတ်ဝန်းကျင်ထဲမှာ ရောက်သွားရင် သူ့လွတ်လပ်မှုကို ခြတ်နိုးမှာပဲ။ အချို့သောသူများအဖို့ သဘာဝ ပတ်ဝန်းကျင်မှာ လျှောက်သွား ရတာဟာ အပျင်းဖြေနည်း တစ်မျိုးဖြစ်ကောင်းဖြစ်နေပေမယ့် မိန်းမအတွက် တော့ တကယ့် လွတ်လပ်တဲ့ ဘဝတစ်ခုပါပဲ။

မိန်းမဟာ ဒီနည်းအားဖြင့် ဘဝနှစ်ခုမှာနေ နေရတယ်။ တစ်ခုက မီးသားစုဆိုတဲ့ လက်တွေကမ္ဘာကြီး၊ နောက်တစ်ခုကတော့ လှပတဲ့ သဘာဝ ပတ်ဝန်းကျင်ဆိုတာမှာ ကဗျာဆန်တဲ့ လောကကြီး ဖြစ်ပါတယ်။ ဒီအချက်ဟာ မိန်းမက ဖက်တွယ်ထားတဲ့ တက္ကဗေဒ။ မိန်းမရဲ့ သဘာဝထဲမှာရှိတဲ့ အဆင်ခြင် ဉာဏ်တို့ကို ဖော်ပြနေပါတယ်။ ဒီနည်းအားဖြင့် မိန်းမဟာ လက်တွေဘဝနဲ့ စိတ်ကူးဘဝကို ပေါင်းစပ်ထားဖို့ ကြိုးစားပါတယ်။ ပုံစံယုတ္တိဗေဒဖြစ်တဲ့ ဒေး ကားရဲ့ ဒဿနကို ငြင်းပယ်ပြီး စတိုးအစ်ခေါ်တဲ့ ဥပေက္ခာဝါဒီများနဲ့ ၁၆ ရာစုနှစ် က ပေါ်ထွန်းခဲ့တဲ့ နီသိုပလေတိုးနစ် ဝါဒီများလို့ သဘာဝ ဝါဒကို ပိုပြီး သဘော ကျဘာတတ်ပါတယ်။

မိန်းမတွေရဲ့ လွတ်မြောက်ရေးကို ပြောရာမှာ မိန်းမအားလုံးရဲ့ လွတ် မြောက်ရေးကို ဆိုလိုတာဖြစ်ပါတယ်။ ပထမအချက်အားဖြင့် မိန်းမရဲ့ စီးပွား ရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုကို ပထမလုပ်ဖို့လိုတယ်။ ကမ္ဘာမှာ တစ်ဦးချင်း လွတ်မြောက်မှုအတွက် အားထုတ်နေကြတဲ့ အမျိုးသမီးတွေ ရှိပါတယ်။ အမှန် ကတော့ တစ်ဦးချင်း လွတ်မြောက်မှုကို ရှာကြံတာဟာလည်း အတ္တာဥဒ္ဓထဲကို



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ဝင်သွားတာ ဖြစ်တဲ့အတွက် လွတ်မြောက်မှု မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ပြန်အကျဉ်းချတာနဲ့ အတူတူပါပဲ။ ဒါကြောင့်မို့ အကျဉ်းကျနေတဲ့ မိန်းမဟာ သူအကျဉ်းထောင်ကို ကောင်းကင်ဘုံအဖြစ်၊ သူ့ရဲ့ ကျေးကျွန်ဖြစ်မှုကို အချုပ်အချာ လွတ်လပ်မှုအဖြစ် ပြောင်းရန် အားထုတ်သင့်တယ်။ နာဆပ်ဝါဒကို ဖက်တွယ်ထားတဲ့ မိန်းမ၊ အချစ်ဝင်နေတဲ့ မိန်းမ ဂမ္ဘီရတရားထဲမှာ နစ်မြုပ်နေတဲ့ မိန်းမဟာ လွတ်မြောက်မှုအတွက် ဘယ်လိုများ အားထုတ်ပါသလဲ။

ဒီအချက်ကို ရှေ့မှာ ဖော်ပြပါ့မယ်။

BURMESE CLASSIC .com

## ယောက်ျားလျာ

ဆံပင်တိုတို ညှပ်ထားရမယ်။ ဦးထုပ်ဆောင်းထားရမယ်။ လည်စည်းစည်းထားရမယ်။ သေသေချာချာကြည့်တော့ ယောက်ျားလေး မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်။ ဒါပေမယ့် သူ့ပုံသဏ္ဌာန်က ယောက်ျားကလေးပုံ၊ ဒါဟာ အများမြင်နေကျ ယောက်ျားလျာကလေးတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ပါ။ သူ့ရဲ့ ယောက်ျားဆန်တဲ့ အမူအရာတွေဟာ သူ့ကိုယ်တွင်းက ဟော်မုန်းဓာတ်တွေ ဖောက်လွဲဖောက်ပြန် ဖြစ်နေတယ်ဆိုတာကို ပြနေပါတယ်။ ဒီလို ယောက်ျားလျာ ဖြစ်တဲ့အတွက် သူ့မှာ မိန်းမစိတ် မရှိတော့ဘူးလို့ ထင်ရင်တော့ မှားပါလိမ့်မယ်။ မိန်းမပီပီ ဝတ်စားဆင်ယင်သူတွေထဲမှာ အထူးသဖြင့် ရှေးခေတ်ဘုရင်တွေ လက်ထက် မိန်းမဆောင်က မိန်းမတွေ၊ ပြည့်တန်ဆာမတွေ မိန်းမဆန်သူတွေကြားမှာလည်း ယောက်ျားစိတ်ပေါက်ပြီး လိင်တူသွားလာဆက်ဆံသူတွေ ရှိပါတယ်။ အလားတူပဲ။ ယောက်ျားဆန်နေတဲ့ ယောက်ျားလျာတွေဟာလည်း လိင်ကွဲဆက်ဆံကြတာတွေ ရှိပါတယ်။ အမျိုးသမီး "ဟိုမို"တွေဟာ အများအားဖြင့် ကိုယ်ခန္ဓာဖွဲ့စည်းပုံမှာ အခြားသော အမျိုးသမီးများနဲ့ ဘာမှခြားနားခြင်း မရှိပါဘူး။ အတူတူပါပဲ။ ဒီအချက်ကို ဖိုမဆက်ဆံရေး ဗေဒပါရဂူတွေ၊ စိတ်ကုပညာရှင်တွေကလည်း အတည်ပြုထားပါတယ်။ ဒါကြောင့် မိန်းမစိတ်ထဲမှာ ပေါ်လာတဲ့ "ယောက်ျားလျာ" ဆန္ဒဟာ ကိုယ်ခန္ဓာဖွဲ့စည်းမှုနဲ့ ဘာမှမဆိုင်ပါဘူး။ ဟိုမုန်းတွေဘာတွေ ကွဲပြားလို့ဆိုတာ မဟုတ်ပါဘူး။

ဒါပေမယ့် အဏာဇီဝဗေဒဆိုင်ရာ လက္ခဏာချက်များဟာ ထူးခြားတဲ့ အခြေအနေတွေကိုတော့ ဖန်တီးပေးတတ်ပါတယ်။ ကျားနဲ့မဆိုတဲ့ လိင်နှစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ အလွန်ကြီးကျယ်တဲ့ ဇီဝဗေဒ ဆိုင်ရာခြားနားချက်ရယ်လို့ သိပ်မရှိလှပါဘူး။ အိုင်ဒင်းတီကယ်ဆိုးမားလို့ခေါ်တဲ့ လိင်တူသန္ဓေသားမှာ အချို့သောဟော်မုန်းများကြောင့် ယောကျ်ားလေးဖြစ်မလား။ မိန်းကလေးဖြစ်မလား ဆိုတာကို ဆုံးဖြတ်နိုင်ပေမယ့် အဲဒီသန္ဓေသားရဲ့ ဖွံ့ဖြိုးတိုးတက်ဆဲ ကာလအတွင်းမှာ အနည်းနဲ့အများဆိုသလို လိင်အင်္ဂါတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်။ အဲဒီအခါမျိုးမှာ မွေးလာတဲ့ ကလေးဟာ ယောကျ်ားလေးနဲ့ မိန်းကလေးကြားမှာ ဖြစ်နေတတ်တယ်၊ အချို့သော ယောကျ်ားလေးများဟာ မိန်းမဆန်နေတတ်တယ်။ မိန်းမဆန်ရတဲ့ အကြောင်းကတော့ သူတို့ရဲ့ ကျားအင်္ဂါများ ဖွံ့ဖြိုးမှုဟာ နှေးကွေးနေလို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တချို့ မိန်းကလေးတွေဆိုရင် အထူးသဖြင့် အားကစားဝါသနာပါတဲ့ မိန်းကလေးတွေဆိုရင် ယောကျ်ားလေးပုံသဏ္ဌာန် ပြောင်းသွားကြတာကို တွေ့ဖူးကြလိမ့်မယ်ထင်ပါတယ်။ ဂျာမန်စိတ်ပညာပါရဂူ(အမျိုးသမီး) ဟယ်လင်းဒွိုက်ရှ်က အဲဒီလို ယောကျ်ား စိတ်ဝင်သွားတဲ့ မိန်းကလေးဟာ လင်ရှိမိန်းမတွေကို ပိုးပန်းတယ်။ သူတို့ကို ဖျားယောင်းသွေးဆောင်ပြီး အတူနေတယ်။ နောက်တော့ အဲဒီမိန်းကလေးဟာ နပုန်းပဏ္ဍုပ်ဖြစ်နေတာကို တွေ့ရသတဲ့( နပုန်းပဏ္ဍုပ်ဆိုတာ ကျားအင်္ဂါကော မအင်္ဂါပါရှိတဲ့သူကို ခေါ်တာ)။ နောက်မှာ အဲဒီတစ်ခုလပ် မိန်းမနဲ့ရပြီး ကလေးတွေမွေးပါတယ်။ နောက်ဆုံးကျတော့ ခွဲစိတ်ကုသမှုကို ခံယူပြီး ယောကျ်ားလုံးလုံးဖြစ်သွားပါတယ်။

ဒီလိုဆိုလိုတဲ့အတွက် ယောကျ်ားတိုင်းဟာ ဇီဝဗေဒသဘောအားဖြင့် ယောကျ်ားယောင်ဆောင်နေတဲ့သူ မဟုတ်ဘူးဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ အင်္ဂါနှစ်မျိုးစလုံးပါတဲ့ နပုန်းပဏ္ဍုပ်ဟာ မိန်းမအာသာ ဆန္ဒချည်းပဲလည်း ရှိနိုင်ပါတယ်။ စစ်အတွင်းတုန်းက နာဇီတို့က နယ်နှင်လိုက်လို့ ဗီယင်နာကရောက်လာတဲ့ နပုန်းပဏ္ဍုပ်တစ်ယောက်ကို ကိုယ်တိုင်တွေ့ဖူးပါတယ်။ သူတောင့်တတာကတော့ လိင်စုံဆက်ဆံမှုရော၊ လိင်တူဆက်ဆံမှုရော တောင့်တတာပဲ။ ဒါပေမယ့် သူကိုယ်တိုင် တကယ်ဖြစ်နေတာက ယောကျ်ားကို တောင့်တတဲ့ ဆန္ဒဖြစ်နေပါတယ်။

ယောကျ်ားဆန်တဲ့ မိန်းမတွေကို ဗိုင်ရီလို့ကျက်လို့ခေါ်ပါတယ်။ ဗိုင်ရီလို့ကျက် အမျိုးသမီးများဟာ ကျားဟော်မုန်းများနေတဲ့အတွက် ယောကျ်ားဆန်တဲ့ ဒုတိယလက္ခဏာချက်တွေ ပေါ်လာတတ်ပါတယ်။ ဥပမာ နှုတ်ခမ်းမွေးပေါက်တာတို့၊ ပသိုင်းမွေးပေါက်တာတို့လို ဟာမျိုးပါ။ ကလေးဆန်တဲ့ မိန်းမတွေမှာတော့ မဟိုမုန်းဟာ အားနည်းနေပြီးတဲ့အတွက် ဖွံ့ဖြိုးမှုဟာ နှေးကွေးသွား





တယ်။ ပြည့်စုံတဲ့ ဖွံ့ဖြိုးမှုကို မရတော့ဘဲဖြစ်သွားတယ်။ ဒီလို ထူးထူးခြားခြားဖြစ်သွားတာတွေကြောင့် ယောကျ်ားလျာ အသွင်သဏ္ဌာန်များ ပေါ်ပေါက်လာတာပါပဲ။ အားကောင်းမောင်းသန်၊ တက်တက်ကြွကြွ ဒေါင်းတီးမောင်းတီးမိန်းမတစ်ယောက်ဟာ တက်တက်ကြွကြွ၊ ဖျတ်ဖျတ်လတ်လတ် လုပ်တတ်ပြီးပျော့တီးပျော့ညံ့လုပ်တာမျိုးကို မကြိုက်ပါဘူး။ သူ့စိတ်ကတစ်မျိုး၊ သူ့အခြေအနေကတစ်မျိုး။ သူက ကျားကျားလျားလျား အလုပ်တွေကို လုပ်ချင်တယ်။ ဒါပေမယ့် မိန်းမဆိုတော့ ကန့်သတ်ချက်တွေ ရှိနေတယ်။ ဒီမှာတင် သူ့အားနည်းချက်ကို လျော်ကြေးပေးတဲ့အနေနဲ့ ဒေါင်းတီမောင်းတီ ပုံသဏ္ဌာန်ဆောင်လာတော့တာပါပဲ။ ဒီအထဲမှာ ဗိုမစိတ်ဟာ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေတယ်ဆိုရင် ကျားရဲ့အယုအယ၊ အပွေ့အဖက်တွေကို သူ စိတ်မဝင်စားတော့ပါဘူး။

ဒီလိုနဲ့ ယောကျ်ားလျာ ဖြစ်လာတော့တာပါပဲ။ ဒါပေမယ့် ခန္ဓာဆေဒနဲ့ဟော်မုန်းတွေဟာ မိန်းမတစ်ယောက်ကို ယောကျ်ားလျာဖြစ်စေတဲ့ တိုက်ရိုက်အကြောင်းတွေ မဟုတ်ပါဘူး။ သွယ်ဝိုက်အကြောင်းတွေသာ ဖြစ်ပါတယ်။ အဲဒီအကြောင်းတွေဟာ ယောကျ်ားလျာဖြစ်စေတဲ့ အရာတွေကို ဖန်တီးပေးရုံမျှသာ ဖြစ်ပါတယ်။ ဟယ်လင်းဒွိုက်ရှ်က ပထမကမ္ဘာစစ် အတွင်းတုန်းက ပိုလန်စစ်သားတစ်ယောက်ရဲ့ ရောဂါရာဇဝင်ကိုလည်း ရေးပြထားပါတယ်။ အဲဒီစစ်သား ဒဏ်ရာရလာတော့ သူ့ဆေးရုံကို ရောက်လာပါတယ်။ ကြည့်လိုက်တော့ ကျားရဲ့ ဒုတိယ လက္ခဏာချက်တွေ (နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးရှိတာတို့) ထင်ထင်ရှားရှား ရှိနေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေတာကို တွေ့ရပါတယ်။ အစတုန်းကတော့ သူဟာ စစ်ဆေးရုံသူနာပြု လုပ်ပါတယ်။ နောက်ကျတော့ သူ့ရဲ့ဣတ္ထိလိင်ဘဝကို အောင်မြင်စွာ ဖုံးကွယ်နိုင်ခဲ့ပြီး တပ်ထဲမှာ စစ်သားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ နောက်တော့ တပ်သားတစ်ယောက်နဲ့ ကြိုက်သွားပါတယ်။ ဒါပေမယ့် လွန်လွန်ကျူးကျူးတော့ မဖြစ်ကြပါဘူး။ စစ်သားတွေကတော့ သူ့ကို ယောကျ်ားလျာလို့ပဲ ထင်ကြပါတယ်။ ယောကျ်ားချင်း လိင်တူဆက်ဆံသူပေါ့လေ။ ဒါပေမယ့် အမှန်ကတော့ သူကိုယ်သူ ဘယ်လောက်ပဲ ယောကျ်ားဟန်ဆောင်ဆောင် ဘယ်လောက်ပဲ ယောကျ်ားလို့ထင်နေနေ မိန်းမရဲ့စိတ်ဟာ အထင်အရှား ပြန်ပေါ်လာနေတာပါ။ လိင်တူဆက်ဆံတဲ့ ယောကျ်ားတစ်ယောက်မှာ အလွန်ယောကျ်ားပီသတဲ့ ကိုယ်လုံးကိုယ်ပေါက် ရှိနိုင်တဲ့အတွက် ဗိုင်ရီလို့ကျက်အမျိုးသမီး မိန်းမတွေမှာလည်း လိင်တူဆက်ဆံသူတွေ ဖြစ်တယ်လို့တော့ ပြောလို့မရပါဘူး။ စိတ်ပညာရှင်ခာရုန္နန်က မိန်းမတွေရဲ့ လိင်စိတ်နိုးကြားမှုဟာ အထွေထွေ စိတ်အခြေအနေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးမှုကို ခံရကြောင်း။ တစ်ဦးချင်းရဲ့ ဘဝပေါ်သဘောထားနဲ့ ဆိုင်ကြောင်း လိင်စိတ်ဟာ တစ်ဦးချင်းဆိုင်ရာ ကိစ္စဖြစ်ကြောင်း။ ယောကျ်ားများမှာ လိင်စိတ် နိုးကြားမှုဟာ အပြည့်အဝ တိုးတက်မှုကိုရပေမယ့် မိန်းမများမှာတော့ နိုးကြား စိတ်ဟာ အပြည့်အစုံမဟုတ်ဘဲ ခရီးတစ်ဝက်မှာ သာရှိကြောင်း၊ ယောကျ်ား လိုလိင်စိတ် နိုးကြားမှု အပြည့်အဝရသူဟာ ယောကျ်ားလျာများသာ ဖြစ် ကြောင်း၊ ဒါကြောင့် သူဟာ အထက်စီးရတဲ့ မိန်းမ အမျိုးအစားဖြစ်နေကြောင်း နဲ့ မာရနွန်ကရေးခဲ့ဖူးပါတယ်။

စိတ်ကုပညာရှင်တွေကတော့ မိန်းမကနေ ယောကျ်ားလျာစိတ်ပေါက် သွားတာဟာ ကိုယ်အင်္ဂါစိတ်ပိုင်းနဲ့ ဆိုင်တဲ့ပြဿနာ မဟုတ်ဘဲ စိတ်နဲ့ ဆိုင်တဲ့ ပြဿနာဖြစ်တယ်လို့ ယူဆကြပါတယ်။ ဒါပေမယ့် အဲဒီလိုစိတ်နဲ့ဆိုင်တဲ့ ကိစ္စမှာလည်း အဆုံးအဖြတ်ကျတဲ့ အချက်ဟာ အပြင်ပပတ်ဝန်းကျင် ဖြစ်ပါ တယ်။

သာမန်ကိုယ်ခန္ဓာ ဖွဲ့စည်းပုံမျိုးရှိတဲ့ မိန်းမတစ်ယောက်မှာတောင် အပေါ်ယံ ဣတ္ထိယသဘောနဲ့ ကြေနပ်တဲ့ မိန်းမမျိုး (ကလစ်တိုးရစ်တိုက်ပ်)နဲ့ လက်တွေ့သဘောနဲ့ ကျေနပ်တဲ့မိန်းမမျိုး (ဗဂျိုင်နယ်တိုက်ပ်) ဆိုပြီး နှစ်မျိုး နှစ်စားရှိပါတယ်။ အပေါ်ယံ ဣတ္ထိယသဘောနဲ့ရောင့်ရဲ ကျေနပ်တတ်တဲ့ မိန်းမ မျိုးက မိန်းမချင်းချင်းကို ချစ်တဲ့အချစ်မျိုးပါ။ ကလေးဘဝတုန်းက ပေါ်လာတဲ့ လိင်စိတ်နိုးကြားမှုဟာ ကလစ်တိုးရစ်အမျိုးအစား ဖြစ်ပါတယ်။ အဲဒီကလစ်တိုး ရစ်အမျိုးအစားဟာ ကြီးလာသည်အထိ ဒီအတိုင်းပဲ ဆက်ရှိမလား။ ဒါမှမဟုတ် ဗဂျိုင်နယ် အမျိုးအစားအဖြစ် ပြောင်းလဲသွားသလားဆိုတဲ့ အချက်ဟာ ခန္ဓာ ဗေဒဆိုင်ရာ ပြဿနာတစ်ခုမျှသာ မကတော့ဘဲ စိတ်ပညာဆိုင်ရာ ပြဿနာ လည်းဖြစ်လာတယ်လို့ စိတ္တဗေဒပညာရှင်များက ယူဆကြပါတယ်။ ဖရွိုက်က တော့ မိန်းမရဲ့လိင်စိတ်နိုးကြားမှု ရင့်ကျက်ပြည့်စုံခြင်း ရှိမရှိကို တိုင်းထွာရမှာ အဲဒီမိန်းကလေးဟာ ကလစ်တိုးရစ် တိုက်ပ်ကနေပြီး ဗဂျိုင်နယ်တိုက်ကို ပြောင်းသလား မပြောင်းဘူးလားဆိုတဲ့ အချက်နဲ့ တိုင်းထွာပါတယ်။ (လိင်စိတ် နိုးကြားမှုကို ဖြေဖျောက်လားဆိုတာကို ကြည့်ပြီး လိင်စိတ်နိုးကြားမှု ရင့်ကျက် ခြင်း ရှိမရှိကို ဆုံးဖြတ်ပါတယ်။) ဒါကို ပိုပြီး ထင်ရှားတဲ့နည်းနဲ့ ဥပမာဆောင် ပြရရင် အဲဒီမိန်းကလေးရဲ့အချစ်ဟာ မိခင်အပေါ်ကနေပြီး ဖခင်အပေါ်ကို ပြောင်းသွားသလား မသွားဘူးလားဆိုတဲ့ အချက်နဲ့ မိန်းကလေးရဲ့ လိင်စိတ်နိုး ကြားမှု ရင့်ကျက်ခြင်းရှိမရှိကို ဆုံးဖြတ်ရသင့်တယ်လို့ ဖရွိုက်က ဆိုပါတယ်။ ဒီတိုးတက်ဖွံ့ဖြိုးဖြစ်စဉ်ကို နှောင့်နှေးစေတဲ့ အကြောင်းတွေကတော့ အများကြီး





ပါပဲ။ မိန်းမတွေမှာ လိင်တူဆက်ဆံ စိတ်ပေါ်လာတာဟာ အဲဒီလိင်စိတ်နိုးကြား မှုဖြစ်စဉ် ရင့်ကျက်ဖွံ့ဖြိုးခြင်း မရှိလို့ဖြစ်တယ်လို့ စိတ်ပညာရှင် အက်ဒလာက ယူဆပါတယ်။ ဒါကြောင့်မို့ ယောကျ်ားလျာဟာ အထက်စီးရထားတဲ့ မိန်းမမဟုတ်သလို ဖွံ့ဖြိုးမှု နောက်ကျ ကျန်ရစ်တဲ့ မိန်းမလို့ကော မပြောနိုင်ပါ ဘူး။ ယောကျ်ားလျာရဲ့ ထူးခြားချက်ကတော့ ဖိုဓာတ်ကို ငြင်းဆန်ခြင်းနဲ့ မရဲ့ အသားအရေ အထိအတွေ့ကို သဘောကျခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အရွယ် ရောက်လာရင် ဘယ်မိန်းမပဲ ဖြစ်ဖြစ် ဖိုရဲ့ကျူးကျော်ချင်း နှင်းမှုနဲ့လွှမ်းမိုးမှုကို တော့ ကြောက်ကြတာချည်းပါပဲ။ ဖိုခန္ဓာကိုယ်ကို ရွံကြောက်ကြတာချည်းပါပဲ။ ယောကျ်ားလျာမှာလည်း ဒီသဘောကတော့ ရှိနေတာပါပဲ။ ဒါပေမယ့် တစ် ဖက်မှာတော့ သူဟာဖိုလိုပဲ မရဲ့ ခန္ဓာကိုယ်ဟာ သူတောင့်တတဲ့ ပစ္စည်း ဖြစ်နေ ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဖိုယောကျ်ားလျာနဲ့မယောကျ်ားလျာ

ယောကျ်ားလျာနှစ်မျိုးရှိတယ်။ တစ်မျိုးက "ဖို" ယောကျ်ားလျာဖြစ်ပြီး အစစ အရာရာဖိုကို အတုခိုးချင်တယ်။ နောက်တစ်မျိုးကတော့ "မ" ယောကျ်ားလျာဖြစ်ပြီး ဖိုကိုကြောက်တတ်တယ်။ သဘောကတော့ အချို့သော ယောကျ်ားလျာများဟာ ပျော့ညံ့မှုကို ငြင်းပယ်ပြီး အချို့သော ယောကျ်ားလျာများကတော့ ပျော့ညံ့မှုကို သဘောကျတယ်ဆိုတဲ့ သဘောပါ။ ပျော့ညံ့မှုဆိုတာ ကိုယ်က အယုယခံချင်တာ။ ကိုယ်က ဦးဆောင်ဦးရွက်အခန်းက မပါဝင်ချင်တာကို ဆိုလိုတာပါ။ ဒီတော့ ယောကျ်ားဆန်တဲ့ ယောကျ်ားလျာများဟာ ပျော့ညံ့မှုကို သဘောမကျဘူး။ ကိုယ်က ဦးဆောင်ဦးရွက် အခန်းကပါချင်တယ်။ ကိုယ်က စပြီး ချစ်ရေးဆိုမယ် စသဖြင့်ပေါ့။ မိန်းမဆန်တဲ့ ယောကျ်ားလျာကျတော့ ကိုယ်က တခြားမိန်းကလေးတစ်ယောက်ရဲ့ အပွေ့အဖက်ကို ခံချင်တယ်။ မိန်းကလေးကစမှ ကိုယ်ကပါချင်တယ်။ ကိုယ်က ဦးဆောင်ဦးရွက်အခန်းက မဟုတ်ဘဲ နောက်လိုက်အခန်းက ပါချင်တယ်ဆိုတဲ့ သဘောပါ။

ဆရာဝန်တွေဆီမှာ ထုတ်ဖော်ပြောတဲ့ ယောကျ်ားလျာတွေရဲ့ အဆိုအရ သူတို့ဟာ ငယ်ငယ်ကလေးကတည်းက သူတို့ကို မိန်းမသားအဖြစ် သတ်မှတ်လိုက်လို့ မကျေနပ်ကြဘူးလို့ဆိုပါတယ်။ သူတို့ တစ်တွေဟာ ငယ်ငယ်တုန်းက မိန်းကလေးတွေကစားတဲ့ ကစားနည်းတွေကို အထင်သေးတယ်။ ယောကျ်ားလေးတွေ ကစားနည်းမျိုးကို ကစားချင်တယ်။ မိန်းကလေးဖြစ်ရတာကို မကျေနပ်ဖြစ်ပြီး အားနွဲ့သူဖြစ်မှာကို ကြောက်တယ်။ မိန်းကလေးကျောင်းမှာ မနေချင်ဘူး။





ဒီဖီဆန်မှုမျိုး စိတ်ထဲမှာ ဒီလို မကျေနပ်ဖြစ်တာမျိုးဟာ ယောကျ်ားလျာဖြစ်မယ့် အလားအလာကို ပြနေတာဖြစ်ပါတယ်။ စိတ်ပညာရှင် အဲလင်နဲ့ စတက်ကယ်တို့ တင်ပြတဲ့ ဥပမာတစ်ခုကို ပြောချင်ပါတယ်။ ကိုးလက်အောင် ဒရီဆိုတဲ့ ကလေးမကလေးဟာ အသက်ဆယ်နှစ်နှစ်ရောက်တော့ သူသားတစ်ယောက် မဖြစ်နိုင်တော့ဘူးဆိုတာ သိသွားတယ်။ အဲဒီမှာ သူ့အကြီးအကျယ် စိတ်ထိခိုက်သွားတယ်လို့ ဆိုပါတယ်။ သူ့ရဲ့လိင်က သတ်မှတ်ပေးလိုက်တဲ့တွက် သူ့မှာ နောက်ကျကျန်ရစ်ခဲ့တာ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့တာ စသည်တို့ကို တွေ့ရတဲ့အခါမှာ ဒီလိုစိတ်ထိခိုက်သွားတာဟာ သဘာဝကျပါတယ်။ တကယ့်ပြဿနာက သူဘာဖြစ်လို့ ဒီအဖြစ်ကို (မိန်းမ အဖြစ်) မလိုလားသလဲဆိုတဲ့ ပြဿနာ မဟုတ်ပါဘူး။ သူဘာဖြစ်လို့ တခြားအခြေအနေတစ်ခု (ယောကျ်ားစိတ်ဝင်မှု) ကို လက်ခံသလဲဆိုတဲ့ ပြဿနာပါ။ မိန်းကလေးဟာ သူ့ရဲ့ ယောကျ်ားစိတ်၊ ဒါမှမဟုတ် ယောကျ်ားလျာစိတ်ကို ကြောက်ကြောက်နဲ့ လက်ခံပါတယ်။ ဒါပေမယ့် သူဒီလိုဖြစ်တဲ့အတွက် သူ့ကို ထိုက်သင့်တဲ့လျော်ကြေး (စာနာမှု၊ အရေးပေးမှု) မပေးခဲ့ရင်တော့ ဒီလို ကြောက်ဓိတ်ကလေးဟာ တစ်ခါတည်း ပျောက်သွားပြီး လူ့အဖွဲ့အစည်းကို ဆန့်ကျင်ဖီဆန်တဲ့ သဘောကို ပြလာတော့တာပါပဲ။ အထူးသဖြင့် သူဟာ ဆွဲဆောင်မှုရှိတဲ့ ခွံမက်ဖွယ်ကောင်းတဲ့ မိန်းကလေး တစ်ယောက်မဟုတ်ဘူးလို့ ထင်လာတဲ့အချိန်မှာ ဒီဆန့်ကျင်ဖီဆန်တဲ့စိတ်၊ လောကကြီးကို အရွဲ့တိုက်တဲ့စိတ်ဟာ ပေါ်လာတော့တာပါပဲ။ ဘုရားသခင်က (သဘာဝက) ပေးလိုက်တဲ့ ခန္ဓာဗေဒဆိုင်ရာ အရည်အချင်းတွေ (လှသလား၊ အရုပ်ဆိုးသလား၊ ကိုယ်ဟန်ပြေပြစ်သလား၊ ပုံပျက်ပန်းပျက်လားဆိုတဲ့ကိစ္စ) ဟာ ဒီနေရာမှာ အရေးကြီးလာပါတယ်၊ အရုပ်ဆိုးတဲ့ ဒါမှမဟုတ် ပုံပန်းပျက်တဲ့ ဒါမှမဟုတ် သူ့ကိုယ်သူ အဲဒီလိုထင်နေတဲ့ မိန်းမတစ်ယောက်ဟာ သူ့မှာ မိန်းမအရည်အချင်းတွေ ကင်းမဲ့နေတယ်လို့ ထင်နေတဲ့အတွက် မိန်းမရဲ့ ဘဝကို ဆောင်ရွက်ဖို့ ငြင်းပယ်လာတော့တာပါပဲ။ ဒါပေမယ့် ယောကျ်ားစိတ်ပေါက်လာတာဟာ ဒီလို လုပတင့်တယ်တဲ့ ရုပ်ရည်ရူပကာယမရှိလို့ ဖြစ်လာတာရယ်လို့ ပြောရင်တော့ မှားပါလိမ့်မယ်။ ဒီလိုကြောင့်တော့ မဟုတ်ပါဘူး။ မိန်းကလးမှာ ဖိုသတ္တဝါ တို့ရဲ့ ရရှိထားတဲ့ အခွင့်အရေးတွေကို ခံစားနိုင်ဖို့ အခွင့်အရေးနည်းသွားလို့ ယောကျ်ားလျာဖြစ်ရတာတွေလည်း ပါပါတယ်။ ဥပမာအားဖြင့် သိပ်အကွပ်အညှပ်ကြီးတဲ့ မိသားစုများက မိန်းကလေးတွေ ဒါမှမဟုတ် ထုံးတမ်းစဉ်လာတွေအောက်မှာ ကြီးပြင်းလာခဲ့ရတဲ့ မိန်းကလေးတွေဟာ ယောကျ်ားကလေးတွေ ပေါ့ပေါ့ပါးပါး နေ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



ချောင်ချိချိ ဝတ်ရတာမျိုးကို အားကျတတ်ကြပါတယ်။ သူတို့ကိုယ်သူတို့ မှန်ထဲကို ပြန်ကြည့်လိုက်တော့ သိပ်လည်းဆွဲဆောင်မှု မရှိ၊ အနာဂတ်မှာလည်း သိပ်အလှတိုးစရာရယ်လို့ မမြင်တော့ သူတို့အဝတ်အစား၊ အဆင်အယင်၊ အလှအပတွေကို သိပ်တန်ဖိုးမထားတော့ဘဲ ဖြစ်လာကြတယ်။ တကယ်မှန်ကန်ပြီး သစ္စာရှိတဲ့ မှန်ထဲကို ကြည့်လိုက်တော့ သူ့မျက်နှာဟာ သာမန်ရွက်ကြမ်းရေကျိုလောက်ပဲ ရှိနေတယ်၊ အလားအလာ သိပ်မရှိတော့ဘူး ဆိုရင် ဖာနားတွေ၊ ဘီတင်ဖောက်တာတွေ၊ အတွန့်တွေဟာ ဘာမှအဓိပ္ပါယ် မရှိတော့ဘဲ ရယ်စရာလို့ ထင်လာတယ်၊ ဒီမှာတင် ယောကျ်ားဆန္ဒဟာ သူ့ရဲ့ ယောကျ်ားကလေးဆန်တဲ့ အမူအရာတွေကို ဆက်လက်ထိန်းသိမ်းထားလိုက်တော့တာပါပဲ။

ကောင်းပြီး၊ သူ့မှာ မျက်နှာကလည်း လှတယ်၊ ကိုယ်ဟန်ကလည်း တင့်တယ်ပြေပြစ်တယ်ပဲထား၊ ရှေ့ရေးမျှော်မှန်းချက်ကြီးတဲ့ မိန်းမတစ်ယောက် (ရှေ့နေကြီး၊ ဆရာဝန်ကြီး၊ လုပ်ငန်းရှင်ကြီး၊ နိုင်ငံရေးသမားကြီး၊ အင်ဂျင်နီယာမကြီး ဖြစ်ချင်တယ်) ဆိုပါတော့၊ ဒါမှမဟုတ်ရင်လည်း လွတ်လွတ်လပ်လပ် နေချင်တဲ့ မိန်းမတစ်ယောက် ဖြစ်ချင်တယ်ဆိုပါတော့၊ ဒီအခါမျိုးမှာ သူဟာ အခြားသော လူသား(ယောကျ်ားတစ်ယောက်) အတွက် သူ့ကိုယ်သူ စွန့်လွှတ်ခြင်းမပြုချင်ဘူး။ ဒါပေမယ့် စိတ်ကတော့ ယောကျ်ားစိတ်လို ဖြစ်နေတယ်၊ ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားဟာ ယောကျ်ားချင်း လိင်တူဆက်ဆံတဲ့ ပျော့တီးပျော့ဖတ်နဲ့ သတ္တဝါကို အထင်သေးသလို ယောကျ်ားလျှာဟာလည်း အရှုံးပေးလွယ်တဲ့ မိန်းမကို အထင်သေးပါတယ်။ ဒါကြောင့်မို့ သူမဟာ အဲဒီလို အရှုံးပေးတတ်တဲ့ မိန်းမမျိုး မဟုတ်ဘူးဆိုတာကို ပြသတဲ့အနေနဲ့ ယောကျ်ားဆန်ဆန် စိတ်ထားမျိုးကိုလည်း လာတာတွေလည်း ရှိပါတယ်။ ဒီမှာတင် သူမဟာ ယောကျ်ားတွေဝတ်တဲ့ အဝတ်အစားမျိုးကို ဝတ်လာတယ် ယောကျ်ားတွေ ပြုမူပြောဆိုသလို ပြောဆိုလာတယ်။ ယောကျ်ားတွေ ပြုမူပြောဆိုသလို ပြောဆိုလာတယ်။ ယောကျ်ားတွေရဲ့ ဘာသာစကားကို သုံးလာတယ်။ မိန်းကလေးတွေထဲက အချစ်တော် တစ်ယောက်ကို ရှာလာပြီး သူက ယောကျ်ားဂိုက်ဖမ်းလာတယ်။ အမှန်ကတော့ ဒါဟာ "အိုက်တင်" လုပ်တဲ့ သဘောပဲ ရှိပါတယ်။ ဒါကြောင့် ဒီလိုနေတာမျိုးကို "ဖိုဆန်တဲ့ ဆန့်ကျင်မှု" လို့ ခေါ်ကြပါတယ်။ ဒါပေမယ့် ဒါဟာ ဒုတိယ ပြဿနာသာ ဖြစ်ပါတယ်။ အဓိကကျတဲ့ အချက်ကတော့ သူမဟာ ဖဿအတွေ့ရဲ့ သားကောင်ဖြစ်သွားရတာကို ရက်တဲ့စိတ်၊ မကျေနပ်တဲ့စိတ်သာ ဖြစ်ပါတယ် အားကစားအမျိုးသမီးများစွာတို့ဟာ လိင်တူဆက်ဆံသူများ ဖြစ်လေ့ရှိပါတယ်။ သူတို့ ကိုယ်ခန္ဓာက ကြွက်သားတွေနဲ့





တောင့်တင်းနေတဲ့ ကိုယ်ခန္ဓာ။ လှုပ်ရှားမှုကို အမြဲထိတွေ့နေတဲ့ ကိုယ်ခန္ဓာ၊ တစ်ဟုန်ထိုး လှုပ်ရှားနေတဲ့ ကိုယ်ခန္ဓာဖြစ်တယ်။ ဒီတော့ အဲဒီ ကိုယ်ခန္ဓာကို ဖဿအတွေ့တွေရှိတဲ့ ကိုယ်ခန္ဓာရယ်လို့ သိပ်သဘောမထားကြဘူး။ သူတို့ကိုယ်ခန္ဓာဟာ အနမ်းတွေကို လှုံ့ဆော်ပေးတဲ့ ကိုယ်ခန္ဓာမဟုတ်ဘူး။ ကမ္ဘာလောကကြီးနဲ့ ဆက်ဆံရာမှာ နည်းလမ်းတစ်ခုသာ ဖြစ်တဲ့ ကိုယ်ခန္ဓာသာ ဖြစ်တယ်။ ဒီနေရာမှာတော့ ခန္ဓာကိုယ်က မိမိအတွက်လား (မိမိရဲ့ မိန်းမဘဝပစ္စည်းလား) ဒါမှမဟုတ် ခန္ဓာကိုယ်ဟာ အများအတွက်လား (လူ့အဖွဲ့အစည်းအတွက် အရေးကြီးတဲ့ လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ဖို့လား) ဆိုတဲ့ ကိစ္စနှစ်ခုဟာ တံတားကူးလို့ မရအောင် ဝေးလံလှတဲ့ ကမ်းပါးကြီးတွေ ဖြစ်ပါတယ်။ အုပ်ချုပ်ရေး အမျိုးသမီးတွေ ဆရာမတွေ၊ ပညာပိုင်းနဲ့ အသက်မွေးတဲ့ အမျိုးသမီးတွေမှာ ဒီလို ခုခံဆန့်ကျင်တဲ့စိတ် ရှိတတ်ပါတယ်။ သူတို့အဖို့ကတော့ စိတ်ခံစားရေးအရရော ကိုယ်ခန္ဓာအရရော ယောကျ်ားရဲ့ ဩဇာအောက်ကို ကျိုးနွံရတာကို သိပ်မကျေနပ်ကြပါဘူး။

ယောကျ်ားနဲ့မိန်းမ တန်းတူညီမျှခွင့်ကို ရလာရင်တော့ အထက်မှာ ဆိုခဲ့တဲ့ ပြဿနာဟာ နေရာတော်တော်များများမှာ ဖြေရှင်းပြီးသား ဖြစ်သွားလိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ခက်တာက မိန်းမနဲ့ယောကျ်ား တန်းတူညီမျှ အခွင့်အရေးရှိပါကယ်လို့ ပြောနေကြတဲ့ကြားထဲကပဲ ယောကျ်ားဟာ ကြီးစိုးလွှမ်းမိုးချင်စိတ် ရှိမြဲရှိနေပြီး ဒီစိတ်ခံစားကိုပဲ မိန်းမကလည်း မနှစ်သက်နိုင်ဖြစ်နေတော့နဲ့ပါပဲ။ အဲ တစ်ခုတော့ရှိရဲ့။ ယောကျ်ားက ဘယ်လောက်ပဲ သူ့ကိုယ်သူ အားကြီးပါတယ်လို့ ပြောနေနေ စိတ်ခံစားပြင်းထန်ပြီး ဩဇာလွှမ်းမိုးချင်တဲ့ မိန်းမမျိုးကတော့ ဖိုသတ္တဝါကို ထိပ်တိုက်ရင်ဆိုင်ဖို့ ဝန်လေးမှာ မဟုတ်ဘူး။ သန်စွမ်းတဲ့ မိန်းမများဟာ လိင်တူဆက်ဆံလေ့ ရှိကြတယ်။ တစ်ဖက်မှာ သူဟာ လူသားဖြစ်တယ်ဆိုတာကိုလည်း ပြချင်တယ်။ တစ်ချိန်တည်းမှာ သူ့ရဲ့ မိန်းမစိတ်ကိုလည်း မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေတယ်။ ဒီတော့ သူဘာလုပ်သလဲ သူဟာ ယောကျ်ားတွေနဲ့ ပေါင်းသင်းဆက်ဆံတယ်။

သူက သန်စွမ်းသူဆိုတော့ ယောကျ်ားရဲ့ အကြမ်းဖက်မှုကို သူမကြောက်ဘူး။ ဖိုခန္ဓာကိုယ်ဆီက ပျော်ရွှင်မှုကို ရှာရာမှာ ရက်တတ်ကြောက်တတ်တဲ့ အပျိုစင်ကလေးတစ်ယောက်လောက်တောင် သူ့မှာ ကြောက်စိတ်တွေဘာတွေ မရှိတော့ဘူး။ ကြမ်းတမ်းပြီး တိရစ္ဆာန်ဆန်တဲ့ သဘာဝဟာ ဖို-မ ဆက်ဆံရေးကို မကြောက်ဘူး။ ဒါပေမယ့် အသိ ဉာဏ်ပညာဆိုင်ရာ စိတ်ခံစားမှုသာ ပျောက်သွားပြီး အဟိတ်တိရစ္ဆာန်စိတ်ခံစားသာ ကျန်ရစ်ခဲ့ကြတယ် ဥပမာအားဖြင့်

www.burmeseclassic.com



စာရေးဆရာမ ဂျော့ဆင်းဟာ သူ့ခေတ်နဲ့သူ အသိဉာဏ်ဆိုင်ရာမှာတော့ အများက အသိအမှတ်ပြုရတဲ့သူပဲ။ ဒါပေမယ့် သူဟာလူငယ်ကလေးတွေနဲ့ မိန်းမလျာတွေကို သဘောကျတတ်တယ်။ ဒါပေမယ့် မဒမ်ဒီစတေးကတော့ အသက်ကြီးလာတဲ့အခါမှသာ ငယ်ရွယ်နုနယ်ပြီး လှပချောမောတဲ့ လူငယ်ကလေးတွေကို သဘောကျလေ့ ရှိပါတယ်။ သူဟာ စိတ်ဓာတ်ကြံ့ခိုင်ပြီး ယောကျ်ားတွေအပေါ်မှာ လွှမ်းမိုးနိုင်သူ ဖြစ်လေတော့ သူ့ဩဇာ လွှမ်းမိုးခံရတဲ့ ယောကျ်ားလေးတွေရဲ့ ရင်ခွင်မှာ ပျော်ပိုက်တာမျိုးကို မလိုလားဘဲ ရက်နေပါတယ်။ သူကပဲ ဦးဆောင်ပါတယ်။ အလွန်ဓားထက်တဲ့ ရုရှားပြည်က ကက်သရင်းဘုရင်မကြီးပင်လျှင် ဒီလို အစားမျိုးထဲမှာ ပါဝင်နေပါတယ်။

အမျိုးသမီး ပန်းချီဆရာများနဲ့ စာရေးဆရာများထဲမှာလည်း ယောကျ်ားလျာတွေ အများကြီး ရှိတတ်ပါတယ်။ သူတို့တတွေ ယောကျ်ားလျာဖြစ်ရတဲ့ အကြောင်းကတော့ စောစောကပြောသလို စွမ်းအားတွေ သိပ်ထက်သန်လို့ ဦးဆောင်ဦးရွက်ပြုလိုလို့ရယ်ကြောင့် မဟုတ်ပါဘူး။ သူတို့ရဲ့ လုပ်ငန်းက လေးနက်ပြီး ဦးနှောက်အားစိုက်ရတဲ့ လုပ်ငန်းဖြစ်လေတော့ သူတို့မှာ မိန်းမရဲ့ အခန်းကဏ္ဍကို ဆောင်ရွက်ဖို့ ကောင်းကောင်းအချိန်မရဘဲ ဖြစ်နေကြတဲ့ အတွက်ကြောင့်ပါ။ အလုပ်မှာ ဦးနှောက်အားစိုက်ရတော့ ပင်ပန်းတယ်။ တင်းကြပ်တယ်။ ဒီတော့ စိတ်အပန်းဖြေချင်တယ်။ ကြည်နူးချင်တယ်။ ဒီမှာတင် သူတို့တစ်တွေဟာ ဖိုမဆက်ဆံရေးမှာ ပျော်ရွှင်မှုကို ရှာကြတော့တာပါပဲ။

ဒါပေမယ့် လိင်တူဆက်ဆံမှုဟာ အနိုင်ယူလွှမ်းမိုးချင်တဲ့ မိန်းမတစ်ယောက်အတွက် ကျေနပ်လောက်တဲ့ အဖြေတော့ မဟုတ်ပါဘူး။ လိင်စိတ်ကုန်ခမ်းနေတဲ့ မိန်းမတစ်ယောက်ဟာ တစ်ချိန်တည်းမှာ သွေးသားတောင့်တတဲ့ ဆန္ဒပေါ်လာတတ်သလို ယောကျ်ားလျာတစ်ယောက်မှာလည်း သာမန်မိန်းမတစ်ယောက် ဖြစ်ချင်တဲ့ ဆန္ဒတွေ ပေါ်တတ်တာပါပဲ။ ဒီလို အခြေအနေမျိုးဟာ စိတ်နှစ်ခွဖြစ်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလို စိတ်နှစ်ခွ ဖြစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ရောဂါရာဇဝင်ကို စိတ်ပညာရှင် စတက်ကယ်က ရေးခဲ့ဖူးပါတယ်။ သူ့ လူနာဟာ အသက်ဆယ့်ခြောက်နှစ်မှာ ယောကျ်ားလျာ ပြဿနာပေါ်လာပါတယ်။ သူနဲ့အတူ သူ့အလိုကိုလိုက်တဲ့ မိန်းကလေးတွေကို အထင်သေးတယ်။ နောက်တော့ သူဟာ လေးနက်တဲ့ စာပေဘာသာရပ်တွေကိုသင်ပြီး အရက်သောက်တတ်လာတယ်။ နောက်မှာ အိမ်ထောင်ကျတယ်။ အိမ်ထောင်ရေးမှာ သူက ဦးဆောင်ဦးရွက် အခန်းက ပါဝင်ပေမယ့် သူ့မှာ ဆန္ဒပြည့်ဝခြင်း မရှိဘူး။ နောက်တော့ သူမဟာ သူ့ယောကျ်ားကို ကွာလိုက်တယ်။ ယောကျ်ားနဲ့





ကွာပြီး မိန်းမတွေနဲ့ပြန်ဆက်ဆံတယ်။ အဲဒီ ကာလများမှာ သူမဟာ ယောကျ်ား စိတ်ဝင်နေတယ်။ မိန်းကလေးတွေနဲ့ နေရတာကို ပျော်တယ်။ နည်းနည်းကြာလာတော့ သူဟာ မိန်းမစိတ်ဝင်လာပြီး ရည်းစားတွေထားတယ်။ မိန်းမအနေနဲ့ပဲဖြစ်ဖြစ် ယောကျ်ားလျာအနေနဲ့ပဲ ဖြစ်ဖြစ် သူ့မှာ သွေးသားဆန္ဒ ပြည့်ဝမှု မရဘူး။ ဒါကြောင့် စိတ်ကုဆရာဆီကို ရောက်လာတာဖြစ်ပါတယ်။

မြသန်းတင့်

BURMESE CLASSIC .com

www.burmeseclassic.com